ပန်းရွှေပြည်စာအုပ်တိုက်



Myanmarcupid Community Forum

# xivi;

# wpuRe;pHtjyevr;

A. J. CRONIN

BEYOND THIS PLACE

**ပုံနှိပ်မှတ်တမ်း**

ဒုတိယအကြိမ်

စက်တင်ဘာလ၊ ၁၉၉၇ ခုနှစ်၊ ၁၀၀၀ အုပ်

မျက်နှာဖုံးဒီဇိုင်း . . . **PiKe PiKe**

မျက်နှာဖုံးဖလင် . . . **CSS**

အတွင်းဖလင် . . . ပန်းရွှေပြည်

ထုတ်ဝေသူ . . . ဦးသောင်း

ရွှေပင့်ကူစာပေ ၅၂၅ (ခ)၊ ၈ ရပ်ကွက်၊

ဒဂုံမြောက်ပိုင်း။

ပုံနှိပ်သူ . . . ဦးကျော်စိန် (၀၂၉၀၉)

ကျောက်စိမ်းပုံနှိပ်တိုက်

၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် ၂၀၁/၉၅ (၃)

အဖုံးခွင့်ပြုချက် ၆၅၈/၉၆ (၁၁)

**PDF မှတ်တမ်း**

ပထမအကြိမ်

*MMCP PDF Creator Group* မှ တင်ဆက်သည်။

ဩဂုတ်လ၊ ၂၀၀၉။

## ဘာသာပြန်သူ၏ စကား

ဤစာအုပ်ကို မြသန်းတင့်ထံမှ ရခဲ့သည်။ သူက ကျွန်တော့်အား ဤစာအုပ်ကို ဘာသာပြန်စေချင်သည်။ သူ့မှာ ဘာသာပြန်စာအုပ်ကောင်းများ ထုတ်ဝေရေးအတွက် ထုတ်ဝေသူတစ်ဦးနှင့် အစီအစဉ်များ လုပ်နေသည်ဟု ဆိုသည်။ ကျွန်တော့်အား သူက ဘာသာပြန်ကောင်းတစ်ယောက်ဟု ယူဆထားဟန် တူပါသည်။ "ဘာသာပြန် လက်ရာကောင်းကောင်း သန့်သန့်လေးတွေချည့် ထုတ်ဖို့ဗျ" ဟု ပြောပါသည်။

"ကျွန်တော် ဘာသာမပြန်ချင်ဘူးဗျာ။ သိပ်ပင်ပန်းပြီး၊ ပင်ပန်းသလောက် စိတ်ကျေနပ်မှု မရတဲ့ အလုပ်မျိုးပဲ" ဟု ကျွန်တော်က ပြောမိသည်။ သူက "ဖတ်လို့ကောင်းတဲ့ စာအုပ်တစ်အုပ်တွေ့ရင် ကိုယ့်စာဖတ်ပရိသတ်ကို ဝေငှတဲ့သဘောနဲ့ ပေးကောင်းပါတယ်ဗျ။ မြန်မာပြည်မှာ မြန်မာလို ပြန်ပေးရင် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ကြရတာပေါ့"ဟု သူ့သဘောထားကို ပြောပြပါသည်။ သူ့စာဖတ်ပရိသတ်အပေါ် သူထားသည့်စေတနာကို ကျွန်တော် လေးစားသဖြင့် "ဖတ်ကြည့်ဦးမည်"ဟု ဆိုပြီး ကျွန်တော် ယူလာခဲ့သည်။

ယူလာပြီး တော်တော်နှင့် မဖတ်ဖြစ်ခဲ့။ ဤအတောအတွင်း မြသန်းတင့်အိမ်ကိုတော့ မကြာခဏရောက်ခဲ့သည်။ သူလည်း ကျွန်တော့်အိမ်သို့ ရောက်ရောက်လာတတ်သည်။ တွေ့တိုင်း စကားစပ်မိလျှင် သူက "ခင်ဗျား ကရိုနင် ဖတ်ပြီးပြီလား"ဟု မေးလေ့ရှိသည်။ သုံး လေး ငါးခါမေးတော့ ကျွန်တော် "မဖတ်ရသေးဘူးဗျ"ဟု ပြောရမှာ အားနာသလိုဖြစ်လာပြီး စာအုပ်ကို ကောက်ဖတ်လိုက်ရသည်။ ဖတ်မိတော့လည်း စာအုပ်ကဆွဲသွားသဖြင့် တစ်ရက်နှစ်ရက်အတွင်းမှာပင် ပြီးမှန်းမသိ ပြီးသွားသည်။ ပြီးလျှင်ပြီးချင်းဆိုသလိုပင် ကျွန်တော် မြသန်းတင့်၏အိမ်သို့ သွားလိုက်သည်။

"ကျွန်တော် ဒီစာအုပ်ကို ဘာသာပြန်မယ်"

"ကြိုက်သွားပြီလား"

"သိပ်ကို ကြိုက်သွားပြီဗျာ"

၁၅. ၁၁. ၇၅ ထင်လင်း

# အပိုင်း ၁

## အခန်း – ၁

ဗုဒ္ဓဟူးနေ့ညနေဆိုလျှင် ပေါလ်၏အမေသည် သူအလုပ်လုပ်ရာ မြို့တော်ခန်းမမှ ဓာတ်ရထားစီး၍ မာရီယန်ဝတ်ကျောင်း "သီတင်းလယ်ဝတ်တက်"သို့ လာမြဲဖြစ်သည်။ ထိုအချိန်၌ ပေါလ်ကလည်း တက္ကသိုလ်မှ ငါးနာရီ ဒဿနိကသင်တန်းအပြီး လမ်းလျှောက်လာကာ သူ့အမေဝတ်ကျောင်းမှအထွက်ကို စောင့်လေ့ရှိ၏။ သို့ရာတွင် သည်ဗုဒ္ဓဟူးနေ့ညနေမှာတော့ သူ့အား ပါမောက္ခစလေဒီက ခေါ်တွေ့နေ၍ နောက်ကျသွားသည်။ ပေါလ်သည် သူ၏နာရီကို ကြည့်လိုက်ပြီး အိမ်သို့ တန်းပြန်ရန်ဆုံးဖြတ်လိုက်၏။

သူသည် တိတ်ဆိတ်ငြိမ်သက်သော လမ်းသွယ်လေးတစ်ခုထဲသို့ ချိုးဝင်ခဲ့ပြီး သူ့အမေနှင့် သူတို့နေသည့် အိမ်အမှတ်၂၉ အောက်ထပ်သို့ ရောက်သော် သူ့မှာ စိတ်ထဲတွင် အလိုလို ပျော်မြူးသွားသည်။ သူသည် သူ၏ဘဝ သာယာဖြောင့်ဖြူးပုံကို တွေးမိကာ ဝမ်းသာလျက်ရှိ၏။ သူ့မှာ ဦးထုပ်လည်းမပါ၊ သူ၏အဝတ်အစားများမှာ ဟောင်းနွမ်းကြသော်လည်း သူသည် ရိုးသားသောသူငယ်ကလေးဖြစ်၏။ သူသည် အိတ်ထဲအခန်းသော့ကို ထုတ်ယူကာ တံခါးကိုဖွင့်လိုက်သည်။ အိမ်ထဲတွင်မွေးထားသော ကနေရီငှက်ကလေးက မီးဖိုဘက်မှာ သာယာညင်းပျောင်း တေးဆိုလျက်ရှိ၏။ သူက ငှက်ကလေးအားလေချွန်သံပေးလိုက်ပြီး အပေါ်အင်္ကျီကို ချွတ်ကာ ချိတ်၌ ချိတ်ထားလိုက်၏။ ထိုနောက် မီးဖိုဘက်သို့သွားကာ မီးဖိုခွင်ပေါ်သို့ ရေနွေးအိုးတင်လိုက်ပြီး ညစာအတွက်ချက်ပြုတ်ရန် ပြင်ဆင်လေ၏။ မိနစ်အနည်းငယ်ကြာသော် မီးဖိုစင်ပေါ်ရှိ ဒန်ရောင်နှိုးစက်နာရီကလေးက ခုနှစ်နာရီတီးသည်။ မရှေးမနှောင်းပင် အပြင်ဘက် ဆင်ဝင်ဆီမှ သူ့အမေ၏ ခြေသံကို ကြားလိုက်ရသည်။ သူက လှမ်း၍အသံပြုလိုက်၏။ သူ့အမေမှာ အသားအရေ ပါးလျားကျစ်လစ်သူဖြစ်ပြီး ဣန္ဒြေရသော အနက်ရောင်ဆင်ထားသည်။ သူ့မှာ သွားလေရာပါရသည့် ဈေးအိတ်၏အလေးချိန်ဖြင့် တစ်ဖက်သို့ အနည်းငယ်ကိုင်းနေ၏။

ပေါလ်က "ကျွန်တော် ဒီနေ့နောက်ကျနေလို့ အမေ့ဆီမလာနိုင်တာ အမေ။ ဒါပေမယ့် ပါမောက္ခက ကျွန်တော့်ကို ဒီနေပဲ အလုပ်ပေးလိုက်ပြီ။ သေချာပြီဆိုပါတော့" ဟု ပြုံးရွှင်စွာပြောသည်။

သူ့အမေ မစ္စက်ဘားဂျက်က သူ့သားအား အကဲခတ်သလို ကြည့်နေလိုက်သည်။ သူ၏ ဟောင်းနွမ်းသော ခေါင်းဆောင်းအောက် လွတ်နေသည့်နေရာမှ ဆံပင်ဖြူကြိုကြားကိုလည်းကောင်း၊ ပါးရေနားရေ လျော့စပြုနေပြီဖြစ်သော မျက်နှာကိုလည်းကောင်း၊ သိဝေနေပြီဖြစ်သော မျက်လုံးများကိုလည်းကောင်း ကြည့်ရှု၍ သူ့မှာ ဖြစ်သမျှအကြောင်း အကောင်းချည့်ဟု တရားနှင့် ဖြေခဲ့ရသည့်အသွင်၊ သူ့ဘဝပင်ပန်းခဲ့သည့်အသွင်ပို မြင်နိုင်သည်။ သူ့သားက အပြုံးနှင့်ဆီး၍ စိုက်ကြည့်နေလိုက်သည့်အခါတွင်မူ သူ၏ ပန်းလျသောအသွင်အပြင်တို့သည် တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားကြလေသည်။ သူ့သား၏မျက်နှာမှာ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကြောင့် ကြည်လင်သည်။ အန္တရာယ်များလောက်အောင် ချောလွန်းသူ မဟုတ်သည့်အတွက်လည်း သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကို ကျေးဇူးတင်ရပြန်သည်။ ပွင့်လင်းသည်။ ဖြောင့်စင်းသည်။ အသားအရေ အနည်းငယ်ပါးလျသည်။ စာကျက်ရလွန်း၍ ဖြစ်ပါလိမ့်မည်။ မေးရိုးကြီးများ ထင်ရှားလွန်းနေသော်လည်း အသားအရေသန့်စင်၍ မျက်လုံးများမှာလည်း ကြည်လင်သည်။ ဆံပင်ပါးပါးညှပ်ထား၍ နဖူးကျယ်ကြီးမှာလည်း ပေါ်လွင်လှသည်။ ကိုယ်ခန္ဓာတောင့်တင်းခိုင်မာလျက် ဘောလုံးကန်စဉ်က ခြေတစ်ဖက်ကို ခိုက်မိထား၍ ခြေတစ်ဖက် မသိမသာ ခွင်နေသည်မှအပ အားလုံးအဆင်ပြေသည်။

"အေးအေး၊ အားလုံးပြီးသွားတာဟာ တော်သေးတာပေါ့ကွယ်။ သား မလာတာဟာ အကြောင်းရှိလိုပဲလို့ အမေသိပါရဲ့။ အယ်လာတို့၊ မစ္စတာဖလဲမင်းတို့ကတောင် သားကို မေးကြသေးတယ်"

သူ့ချည်လက်အိတ်ကို လုံးလိုက်ပြီး စားပွဲပေါ်မှကျော်၍ ကြည့်နေကျအတိုင်း တစ်ချက်ကြည့်လိုက်ကာ သူ့ဈေးအိတ်ထဲက ဆီစိမ်စက္ကူဖြင့် ထုပ်ထားသော ရေခဲစိမ်ဝက်ပေါင်ခြောက်တစ်ထုပ်နှင့် သူ့သားကြိုက်တတ်သော မုန့်တစ်ထုပ်ကို ထုတ်ယူလိုက်၏။ ထို့နောက် စားပွဲတွင်ထိုင်ကာ ဘုရားဆုတောင်းပြီး ညစာစားကြလေ၏။ သူ့အမေသည် ဟန်လုပ်၍ထားသော်လည်း အလွန်သဘောကျလျက်ရှိသည်ကို ပေါ်လ်တွေ့ရ၏။

"ကံကောင်းတယ်ဆိုရမယ် အမေရဲ့။ တစ်ပတ်ကို သုံးဂီနီနဲ့ ကျွန်တော် ရက်အားကိုးပတ်စလုံးအတွက် လခရမယ်"

"သား စာမေးပွဲနဲ့ ဘာနဲ့ ပင်ပန်းနေတာ အပြောင်းအလဲရတာပေါ့ကွယ်"

"ဟုတ်တယ်။ နွေရာသီမှာ စာသင်ရတာကတော့ အပျင်းပြေလောက်ပဲရှိပါတယ်" ဟု သူက ခေါင်းညိတ်ရင်းပြောသည်။

"ဘုရားသခင်စောင်မတော်မူတာပဲ သားရဲ့"

ပေါလ်က အပြုံးကိုချိုထားလိုက်ပြီး "ဒီနေ့ည ကျွန်တော့်မွေးစာရင်းလက်မှတ်ကို ပါမောက္ခစလေဒီဆီ ပို့ရမယ်အမေ" ဟု ဆိုလိုက်၏

ခဏမျှ ငြိမ်သက်တိတ်ဆိတ်သွားပြီး အမေက ခေါင်းကိုငုံ့ရင်း ဇွန်းကလေးကိုယူ၍ သူ့လက်ဖက်ရည်ပန်းကန်ထဲက ပေါလောမျောနေသော လက်ဖက်ခြောက်ဖတ်ကလေးကို ဆယ်ယပစ်နေ၏။ သူ့အသံမှာ သဲ့သဲ့ကလေး။

"မွေးစာရင်းက ဘာလုပ်ဖို့တဲ့လဲ"

**ထင်လင်း**

သူသည် စားပွဲ၌ထိုင်ကာ ဖောင်တိန်အဖုံးကို ဖွင့်ပြီး စားပွဲပေါ်တွင် တခေါင်ကွေးတင်လျက် ပုံစံကို ကျင်လည်စွာ ဖြည့်လေ၏။ ပြီးလျှင် သေချာအောင် တစ်ခေါက်ပြန်ဖတ်ပြီး ခေါင်းညိတ်ကာ ဧည့်ခန်းဘက်သို့ ပြန်ထွက်လာခဲ့လေ၏။

"နက်ဖြန်ရအောင် ရှာပေးနော်အမေ။ မွေးစာရင်း လက်မှတ်လေ။ ကျွန်တော် မနက် ကိုးနာရီ စာသိမ်းချိန် မီအောင် ထည့်ချင်တယ်"

သူ့အမေက ခေါင်းမော်ကြည့်လိုက်သည်။ သူထွက်သွားစဉ်ကအတိုင်းပင် မလှုပ်မယှက် ထိုင်လျက်သာ ရှိသဖြင့် စားပွဲကိုပင် မသိမ်းရသေး။ သူ၏ မျက်နှာမှ နီမြန်းလျက် အသံမှာလည်း ခါတိုင်းနှင့် မတူချေ။

"ဘယ်ဆီ ထားမိမှန်းတောင် မသိပါဘူးသားရယ်။ ဒါမျိုးက အခုလိုချင်မှ အခု ထရှာလို့ ရတာမျိုးမှ မဟုတ်ဘဲပဲ"

"သြော် အမေရယ်" ပေါလ်က သူ့အမေ၏ စာရွက်စာတမ်းများ၊ မိသားစု လက်ဝတ်လက်စား တောက်တိုမယ်ရများ၊ ကျမ်းစာအုပ်နှင့် မျက်မှန်အပြင် အခြားတိုလီမိုလီတို့ထားရာ အံဆွဲဘီရိုဆီသို့ လှမ်းကြည့်လိုက်ပြီး "အမေ့ဘီရိုအပေါ်အံဆွဲထဲမှာ ရှိမှာပါ" ဟု ဆိုလိုက်၏။

ပေါလ်၏အမေက သူ့ကိုပြန်စိုက်ကြည့်ရင်း သူ၏ခနော်ခနဲ့ သွားအတုများပေါ်သည်အထိ ပါးစပ်ကို မပွင့်တပွင့်ဟလိုက်မိ၏။ သူ့မျက်နှာမှာ သွေးရောင်မရှိတော့။ သူ၏ပါးပြင်များမှာ ခါတိုင်းထက်ပင် ဖြူရော်လျက်ရှိ၏။ ထို့နောက် ပေါလ်အား ကျောပေးကာ အံဆွဲဘီရိုမှ အပေါ်ဆုံးအံဆွဲကို သော့ဖြင့်ဖွင့်လိုက်ကာ ငါးမိနစ်မျှ စံနစ်တကျ ရှာလေသည်။ ပြီးလျှင် အံဆွဲကို ပြန်ပိတ်ပြီး ပြန်လှည့်လာ၏။

"မတွေ့ဘူး" ဟု သူကဆိုလိုက်တော့ သူ့မျက်နှာမှာ အသေလိုဖြစ်နေ၏။ "မတွေ့ပါဘူး၊ ဒီအထဲမှာတော့ မရှိဘူး" ဟု ဆိုလိုက်သည်။

ပေါလ်သည် စိတ်အနှောက်အယှက် ဖြစ်လျက် သူ့နှုတ်ခမ်းကို သူ ကိုက်ထားသည်။ သူသည် စည်းချင့်ကမ်းနှင့် ကြီးပြင်းခဲ့ရပြီး အမေ့ကိုချစ်တတ်သော တာဝန်သိသားကောင်းတစ်ယောက် ဖြစ်ခဲ့သော်လည်း ယခုကိစ္စတွင်မူ သူ့အမေ၏ သဘောထားကို နားမလည်နိုင်အောင် ရှိလေ၏။ သူသည် စိတ်ကို ထိန်းချုပ်လျက်

"တကယ်ပါ အမေ။ ဒါ အရေးကြီးတဲ့ စာရွက်ပါ။ ကျွန်တော် လိုလို့ တောင်းတာပါ" ဟု ပြောလိုက်သည်။

"မင်း လိုလာမယ်ဆိုတာ အမေက ဘယ်နှယ့်လုပ်ပြီး သိနိုင်ပါ့မလဲ" ဟု ဆိုလိုက်သည်။ သူ့အသံမှာ ရုတ်တရက်ဖြစ်လာသော မခံချင်စိတ်ဖြင့် တုန်နေပြီး "ဒီလိုဟာတွေဟာ ပျောက်တတ်တာပဲ။ အမေ့မှာ ဘယ်လောက်ဒုက္ခတွေများခဲ့ရတယ်ဆိုတာ မင်းသိပါတယ်။ မင့်ကို ပညာသင်ပေးဖို့ဆိုတာ ထည့်မစဉ်းစားနဲ့ဦး။ စားဖို့ပူရ၊ ဝတ်ဖို့ ပူရ၊ နေဖို့ ပူရနဲ့ ဒီမုဆိုးမကြီးရဲ့ ဒုက္ခတွေက တစ်သိန်းလောက်နဲ့။ ဘယ်မိန်းမမှ အမေလောက် ဝန်လေးလေး မထမ်းခဲ့ရဘူး။ အမေ့ဘဝက စာရွက်ကလေး တစ်ရွက်နှစ်ရွက်ကို ဂရုစိုက်သိမ်းဆည်း နေနိုင်လောက်အောင် မအားပါဘူး။ အမေ့ဘဝ တစ်ဝက်လောက်မှာက စာရွက်တစ်ရွက်ကို သိမ်းထားစရာနေရာတောင် ရှိခဲ့တာမဟုတ်ဘူး" ဟု ဒေါသဖြင့်ပြောနေလေ၏။

သူ့အမေ ဤသို့ တစ်ခါမှ မဖြစ်စဖူး ဒေါသများ အန်ထွက်နေသောအခါ ပေါလ်မှာ အံ့အားကြီးသင့်လျက် သူ့အမေ ဘယ်လိုဖြစ်နေပါလိမ့်ဟု နားမလည်နိုင်ဘဲ ရှိနေလေ၏။ သို့ရာတွင် သူ့အမေ မျက်နှာထားတင်းမာလာလျှင် ဘာမှ ဆက်ပြောနေလို့ မရတော့ဘူးဆိုသည်ကို သူ ကောင်းစွာသိသည်။

"လန်ဒန်ကို စာရေးပြီး မိတ္တူတောင်းရင် ရနိုင်ပါတယ်လေ။ တော်သေးတာပေါ့။ ကျွန်တော် ဒီညပဲ ရေးလိုက်မယ်"

သူ့အမေက လက်ပြ၍ ကန့်ကွက်လိုက်၏။ သူ့အသံမှာ တည်ငြိမ်နေပြီဖြစ်သည်။

"သားရယ် စာရေးတာ မင့်အလုပ် မဟုတ်ပါဘူး" ဟု ဆိုကာ သူ့သားက မယုံသင်္ကာ မျက်နှာထားဖြင့် ကြည့်နေသည်ကို အကဲခတ်လိုက်ပြီး "အလကားနေရင်း ရေးကြီးခွင်ကျယ် လုပ်မနေနဲ့။ အမေလဲ တစ်နေလုံး ပင်ပန်းတယ်။ နက်ဖြန်ကျမှ မြို့တော်ခန်းမက စာရေးစက္ကူနဲ့ အမေရေးပြီး တောင်းလိုက်မယ်" ဟု ပြောလိုက်၏။

"အမေ မေ့မနေနဲ့ဦးနော်"

"အမယ် မင်းက"

"ကျွန်တော် တောင်းပန်ပါတယ် အမေ"

"အေး၊ ကောင်းပြီ" ဟု ဆိုကာ ပြုံးလိုက်ရသော်လည်း သူ့အပြုံးမှာ မရွှံ့မရဲ ဖြစ်နေပြီး နွမ်းနယ်လျက်ရှိသော သူ့မျက်နှာ ပွင့်လင်းလာသည်။

"ကဲကဲ၊ မီးထွန်း။ အမေ စားပွဲသိမ်းမယ်။ ပြီးတော့ အိပ်ကြစို့"

*

## အခန်း – ၂

နောက်နှစ်ရက်အဖို့ကား ပေါလ်မှာ အချိန်ပြည့် အလုပ်များလျက်ရှိလေသည်။ ဘုရင်မတက္ကသိုလ် သင်တန်းများ ရက်ရှည်ပိတ်လိုက်သဖြင့် လူစုကွဲစ သင်တန်းအပြီးကာလဖြစ်သဖြင့် လုပ်ဆောင်ဖွယ်ကလည်း များလှပေသည်။ အများ၏ တောင်းဆိုချက်ဖြင့် ကျောင်းသားများ နှစ်လည်သီချင်းဆိုပွဲတွင် ပေါလ်က စန္ဒယားတီးပေးရဦးမည်။ ပိဋကတ်တိုက်မှ စာအုပ်တစ်အုပ်ကလည်း အထားမှားပြီး အရှာရခက်နေပြန်သည်။ နောက်ဆုံး ဓာတုဗေဒ လက်တွေ့သင်တန်းကလည်း ရှိနေပြန်သည်။ စာမေးပွဲအောင်စာရင်းကို စောင့်ရသည့်အတွက်ကလည်း စိတ်မောရ၏။ အောင်စာရင်း ထွက်လာသောအခါတွင် သူ့မှာစိတ်ကျေနပ်ဖွယ် အောင်မြင်သည့် စာရင်းထဲ၌ ပါခဲ့သည်။ အားလုံးခြုံ၍ဆိုသော် သူသည် စာပေလိုက်စားမှုတွင်လည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေးတွင် လည်းကောင်း၊ အားကစားအရာတွင်လည်းကောင်း ထင်ရှားထူးချွန်၍ သူ၏အတန်းသားများက လေးစားခြင်းခံရသူအဖြစ် အောင်မြင်ခဲ့သည်။ သို့ရာတွင် သူ၏နာမည်ကောင်းကို မှေးမှိန်စေအောင် မလိုတမာ ပြောဆိုဝေဖန်ကြသူများလည်း ရှိသည်။ အထူးသဖြင့် ဆေးကျောင်းသားများထဲမှ လူပေလူတေများဟု အပြစ်တင်ခံရသည့် လူတစ်စုက ပေါလ်သည် တက္ကသိုလ်တွင်နေစဉ် လူငယ်ပီပီ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးမနေတတ်။ မရောနှောတတ်။ ဟန်ကြီးပန်ကြီးနိုင်လွန်းသည်ဟု ကဲ့ရဲ့ကြလေသည်။

သူအလုပ်များနေချိန်တွင် ပေါလ်၏အတွေးများသည် သူ့အမေနှင့် မပြေမလည်ဖြစ်ခဲ့သည့် ကိစ္စဆီသို့ တစ်ကြိမ်နှစ်ကြိမ် ရောက်သွားသေးသည်။ သူ့အမေကို အကဲခတ်မိသလောက်တော့ အမေသည် တစ်ခုခုအတွက် စိတ်ပင်ပန်းနေသလားဟု သူ့စိတ်ထဲတွင် ထင်မိ၏။ အမေသည် စိတ်တိုနေပြီး ဖြူဖပ်ဖြူလျော်နှင့် ထူးထူးဆန်းဆန်း တွေးငေးနေသည်ကို တွေ့ရတတ်သည်။ ပင်ကိုယ်ကပင် လွှမ်းမိုးတတ်သည့်စိတ်ဓာတ်ရှိခဲ့ရာတွင် တင်းမာခိုင်မြဲသောယုံကြည်ချက်ဖြင့် ထပ်ဆင့်ထားပြန်သဖြင့် သူ့အမေမှာ မာနကြီးသူဖြစ်ခဲ့၏။ သူတို့ ဘဲလဖတ်မြို့တွင်နေစဉ်က တံခါးခေါက်သံ ကျယ်ကျယ်မြည်လျှင်ပင် မျက်နှာထားတင်းမာလာတတ်သည်ကို

သူသတိရနေ၏။ ယခုမူ ဤသို့မဟုတ်။ သူ့အမေမှာ စိုးရိမ်စရာတစ်ခုခု ရှိနေဟန်တူသည်။ ကြာသပတေးနေ့နှင့် သောကြာနေ့များတွင် အမေသည် ညစာစားပြီး သူ၏မိတ်ဆွေကြီး မာရီယန်ဝတ်ကျောင်း သင်းအုပ်ဆရာ အီမန်နုယယ်ဖလဲမင်းတို့အိမ်သို့ တစ်နာရီခန့်သွားလည်ပြီး အပြန်တွင် ငြိမ်သက်လာခဲ့သော်လည်း သူ့မှာ ညိုးရော်ကာ မျက်လုံးများနီရဲပြီး ပြန်လာသည်။

ကြာသပတေးနေ့က ပေါလ်သည် သူ့အမေအား လန်ဒန်က စာရပြီလားဟု တည့်တည့်ပင်မေးလိုက်၏။ သူ့အမေက "မရဘူး" ဟုသာ ပြန်ဖြေသည်။

ထို့နောက်တွင် ဤမေးခွန်းကိုမေးရန် ပါးစပ်ဖျားသို့ ရောက်ပြီးမှ ငယ်ငယ်ကတည်းက သူ့အမေ၏ အဆုံးအမဥ္ဈတည်ခဲ့ရသူဖြစ်၍ မေးရမှာ မရဲ့မရဲဖြစ်ကာ နှုတ်ဆွံ့ခဲ့ရပြန်သည်။ "ဘာမှဖြစ်တာတော့ မဟုတ်နိုင်ပါဘူး၊ ဖြစ်စရာလည်း ဘာမှ မရှိပါဘူး" ဟု သူတွေးသည်။ သို့ရာတွင် သူ့မှာ ဇဝေဇဝါဖြစ်ကာ သူ့အမေ ဘာကြောင့် ဤသို့ဖြစ်နေရပါလိမ့်ဆိုသည်ကို အဖြေရှာရင်း၊ သူ့ဘဝသက်တမ်းတစ်လျှောက် သူမှတ်မိသလောက် ပြန်ပြောင်းတွေးတော၍ နေမိလေ၏။

သူ့မွေးဇာတိဖြစ်သော အင်္ဂလန်မြောက်ပိုင်း၊ တိုင်ကာဆယ်မြို့ကလေးတွင် သူ ငါးနှစ်သားအရွယ်အထိ နေခဲ့ကြသည်ကို သူမှတ်မိသည်။ ထိုစဉ်က သင်္ဘောကျင်းဆီမှ မှိုတေသည့် တူထုသံများ၊ အလုပ်သမားများကို ခေါ်သည့်ဥဩသံများဖြင့် ဝိုးတဝါးသာ မှတ်မိတော့သော နောက်ခံကားတွင် မှုန်မှုန်ကလေးမျှသာဖြစ်သော်လည်း ကောင်းစွာကြည်လင်သည့် သူ့အဖေ၏ရုပ်သွင်ကို မြင်နေရသည်။ သူ့အဖေသည် အလွန်ပျော်ရွှင်တတ်၍ သူမတူအောင် ခင်မင်တတ်သူတစ်ယောက်ဖြစ်၏။ တနင်္ဂနွေနေ့များတွင် သူ့ကို လက်တစ်ဖက်ဆွဲပြီး ဂျက်စမွန်ချောက်သို့သွားကာ ရေအိုင်ထဲ၌ စက္ကူဂျပ်လှေကလေးများ လွှတ်၍ ကစားကြသည်ကို သူမှတ်မိသည်။ မောပန်းပြီဆိုလျှင် သူ့ကို အရိပ်တစ်ခုမှ ခုံတန်းလျားပေါ်တွင် ထိုင်စေပြီး သူ့အဖေက ပတ်ဝန်းကျင်ရှိလူများ၊ ခွေးများ၊ မြင်းများ၊ သစ်ပင်များကို ကြည့်ကာ သူ့ပင်ကိုဗီဇ ဝါသနာအတိုင်း ပုံတူရေးခြစ်နေတတ်သည်။ သည်ပုံတူများမှာ သူ၏ ငယ်လှသေးသော ဦးနှောက်ထဲတွင် စွဲမက်စရာ၊ သဘောခွေ့စရာကလေးများ ဖြစ်ခဲ့သည်။ တနင်္ဂနွေနေ့လွန်ပြန်သော် သီတင်းလယ်နေ့များတွင် သူ့အဖေက နယ်လှည့် ကိုယ်စားလှယ်အဖြစ် သူ အလုပ်လုပ်သည့် အမျိုးသား မုန့်ချိုလုပ်ငန်းမှ အစိမ်းရောင်စထရော်ဗယ်ရီ၊ အဝါရောင်ငှက်ပျောသီး၊ ပန်းစွဲမက်မုံသီး စသည့် ရောင်စုံသကြားလုံးကလေးများကို ညနေသူအပြန်တွင် ယူယူလာတတ်သည်။

သူ ငါးနှစ်ပြည့်ပြီးတော့ သူတို့သည် အလယ်ပိုင်းမှ မြို့ကြီးတစ်မြို့ဖြစ်သည့် ဝေါတလေသို့ ရွှေ့ခဲ့ကြသည်။ ဤမြို့ကြီးမှာ ပိုမိုမှုန်မှိုင်းပြီး သူသတိရသမျှတော့ ပျော်စရာမရှိခဲ့။ မီးခိုးနှင့် မိုးနှင့် သွားရလာရပုံ၊ သံရည်ကျိုရုံများမှ ဝင်းဝင်းတောက်အရောင်များ၊ သုံမှုန်နေကြသော သူ၏မိဘနှစ်ပါး၊ နောက် သူ့အဖေသည် အလုပ်ကိစ္စဖြင့် တောင်အမေရိကားသို့ ထွက်ခွာသွားသည်ကိုသာ မှတ်မိတော့၏။ သူ့အဖို့ အလွန်သဘောကောင်းသည့် အဖော်တစ်ယောက် ရုတ်တရက်ပျောက်သွား၍ ရင်နင့်အောင်ဝမ်းနည်းခဲ့ရသည်။ သူအပြန်ကို တစောင့်စောင့် မျှော်ခဲ့ရသည်။ ထိုနောက် သူ့ ခလေးစိတ်ဖြင့် လွမ်းရဆွေးရတမ်းတရသည့်တို့မှာ ရှေ့ပြေးနိမိတ်ဖြစ်သည့်အလား သူ့အဖေသည် ဗျူးနူးစ်အေးရီးမြို့အနီး၌ မီးရထားမှောက်ရာတွင် သေဆုံးသွားပြီးဆိုသည့် သတင်းရောက်လာလေရာ သူ့မှာ အိမ်မက်မျှပင် မမက်ဖူးသည့် သောကများ ဖိစီးခြင်းခံခဲ့ရလေသည်။

ထို့နောက်တွင် သူသည် ခြောက်နှစ်မျှ မပြည့်မီ သံသရာခရီးသည်ကလေးအဖြစ် ဘဲလဖတ်သို့ ရွှေ့ခဲ့ကြရလေသည်။ ဘဲလဖတ်၌ အီမန်နုရယ်ဖလဲမင်း၏ ထောက်ခံချက်ဖြင့် သူ့အမေသည် မြို့တော်ကျန်းမာရေးဌာန၊ ငွေစာရင်းဌာနစိတ်တွင် အလုပ်ရသည်။ လခမှာ သိပ်မများသော်လည်း စားဝတ်နေရေးစိတ်ချရသည်။ မုဆိုးမတစ်ယောက်အနေဖြင့် ဣန္ဒြေရရ အိမ်ခန်းကလေးနှင့်နေရရုံ၊ ခြိုးခြိုးခြံခြံ ချွေချွေတာတာနေပြီး သားကလေးအား ဆရာအတတ်သင်တက္ကသိုလ်တွင် ပညာသင်ပေးရုံမျှတော့ ရပါ၏။

ယခုဆိုလျှင် သူ့အမေ ဆယ့်ငါးနှစ်မျှ မနေမနား ကြိုးစားအားထုတ်မှုဖြင့် ပေါလ်မှာ တက္ကသိုလ်မှ ဘွဲ့ရရန် လက်တစ်ကမ်းအတွင်း ရောက်လာခဲ့ပြီ ဖြစ်၏။

ပြန်စဉ်းစားလိုက်လျှင် သူ့အမေ၏ အားထုတ်မှုပြင်းထန်ခဲ့သောကြောင့်ပင် ဘဲလဖတ်၌ သူတို့ နေထိုင်မှုသည် အကျဉ်းမြောင်းဆုံး အနေအထိုင်မျိုးဖြစ်ခဲ့ရသည်ဟု ပေါလ်က ထင်မိသည်။ အမေသည် အလုပ်နှင့်ဝတ်ကျောင်းတို့သို့ သွားသည်မှအပ အပြင်သို့ထွက်ခဲလှသည်။ သူ့မှာ သင်းအုပ်ဆရာဖလဲမင်းနှင့် သူ့သမီး အယ်လာတို့မှတပါး ရင်းရင်းနှီးနှီးအပေါင်းအသင်း မရှိသလောက်ဖြစ်၏။ သူ့၏ အိမ်နီးချင်းများကိုပင် သူ ကောင်းစွာမသိခဲ့။ အမေက သူ့အပေါင်းအသင်းများကို မကြည်ဖြူသည်ကို သိသောပေါလ်မှာ ပင်ကိုယ်က ဖော်ရွေတတ်ပါလျက် တက္ကသိုလ်တွင် အပေါင်းအသင်းများများမထားခဲ့ရ။ ဤချုပ်ချယ်မှုမျိုးကို မနှစ်မြို့ခဲ့သော်လည်း သူ့မှာ အမေကျေးဇူးကြီးမားပုံကို သိတတ်သည့်အပြင် အထပ်ထပ်အခါခါ ဆုံးမပဲ့ပြင်ထားသော သားဖြစ်၍ မြိုသိပ်ရတော့၏။

လွန်ခဲ့သည့် အချိန်များက သူ့အမေက သူ့အား ဤမျှ ကာကွယ်စောင့်ရှောက်နေခြင်းမှာ သူ့ကို မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် အလွန်အမင်းချစ်သောကြောင့်ဟု သူ ယူဆထားခဲ့သည်။ သို့သော် ယခုအပြုအမူကိုကြည့်ပြီး အခြားအကြောင်းများ ရှိလေသလားဟု တွေးစရာဖြစ်လာသည်။ နောက်အဖြစ်အပျက်တစ်ခုကို သူ ဖျတ်ကနဲ သတိရလိုက်၏။ လွန်ခဲ့သည့်တနှစ်က သူ့အား အိုင်ယာလန်နှင့် အင်္ဂလန်အသင်းတို့ ကစားသော အပြည်ပြည်ဆိုင်ရာဘောလုံးပွဲတွင် ပါဝင်ကစားရန် ဖိတ်ခေါ်ခြင်းခံရစဉ်က ဖြစ်သည်။ အမေတယောက်အဖို့ ထို့ထက် ဝမ်းမြောက်ဂုဏ်ယူစရာကောင်းသည့်အရာ ဘာမျှ မရှိနိုင်။ သို့သော် အမေသည် ဤဖိတ်ခေါ်ချက်အား လက်ခံခွင့်ပြုရန် ယတိပြတ်ငြင်းဆိုခဲ့သည်။ ဘာကြောင့်ပေနည်း။ ထိုစဉ်ကတော့ သူ မတွေးတတ်ခဲ့။ ယခုမူ သူ ဝိုးတဝါးတွေးမိပြီ။ အမေသည် အပြင်လောကနှင့် အဆက်အသွယ် အားလုံးဖြတ်ကာ သူ့လောကလေးနှင့်သူ တိတ်ဆိတ်ငြိမ်သက် လျှို့ဝှက်စွာ၊ ဘုရားတရား၌သာ စွဲမြဲစွာ အားထားလျက်နေလာခဲ့သည်။ ဤအချက်ကို ထောက်ရှု၍ အမေ့ဘဝမှာ ဖုံးကွယ်လျှို့ဝှက်စရာ တစ်ခုခုရှိသူ၏ ဘဝမျိုးပါတကားဟု သူအထိတ်တလန့် တွေးလိုက်မိသည်။

နေ့တဝက် အလုပ်ဆင်းရသော စနေနေ့တွင် အမေသည် နှစ်နာရီထိုးမှ အိမ်သို့ရောက်လာသည်။ ထိုအချိန်တွင် ပေါလ်ကလည်း သူ့အမေထံမှ ဤကိစ္စကို ယတိပြတ်သိရအောင် မေးတော့မည်ဟု စိတ်ကို ပိုင်းဖြတ်ထားပြီး ဖြစ်၏။ မိုးသည် အုံ့နေရာမှ ရွာချခဲ့သဖြင့် အမေသည် ထီးကို အိမ်အဝင်စင်္ကြံ၌ ထားခဲ့ပြီး စာအုပ်တစ်အုပ်ကို ဟိုလှန်သည်လှန် လှန်ရင်း ပေါလ်ထိုင်နေသည့် ဧည့်ခန်းထဲသို့ ဝင်ခဲ့၏။ သူ့အမေဝင်လာတော့ ပေါလ်မှာ တကယ်ပင်လန့်သွားသည်။ အမေမှာ ဖြူဖတ်ဖြူရော်ဖြစ်နေသည်။ သို့သော် သူ့မှာ စိတ်တည်ငြိမ်နေပုံတော့ရပါသည်။

"သား၊ နေ့လည်စာ စားပြီးပြီလား"

"ယူနီယန်ဝင်ပြီး ပေါင်မုန့်အသားညှပ်စားခဲ့တယ်။ အမေကော"

"အယ်လာက ကိုကိုးတစ်ခွက် ဖျော်တိုက်လိုက်တယ်"

ပေါလ်က သူ့အမေအား ဆတ်ကနဲ တစ်ချက်လှမ်းကြည့်လိုက်သည်။

"အမေ အဲဒီကို ရောက်ခဲ့ပြန်ပြီပေါ့"

အမေသည် နွမ်းလျစွာ ထိုင်ချလိုက်၏။

"ဟုတ်တယ်၊ သားရယ်။ အမေ ရောက်ရပြန်ပြီပေါ့။ အမေမှာ ဘုရားပဲ ကိုးကွယ်ရာရှိတော့တာကိုး"

ခဏမျှ တိတ်ဆိတ်နေ၏။ ထို့နောက် ပေါလ်သည် ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်ပြီး ကုလားထိုင်လက်တင်ကို တင်းကြပ်စွာဆုပ်လျက်

"အမေ၊ ကျွန်တော်တို့ ဒီလိုချည့် လုပ်နေလို့တော့ မဖြစ်ဘူး။ တစ်ခုခုတော့ ဖြစ်နေတယ်။ ကျွန်တော့်ကို ပြောစမ်းပါ အမေ။ ဒီကနေ့မနက်ကော ကျွန်တော့် မွေးစာရင်းလက်မှတ် ရခဲ့ရဲ့လား" ဟု မေးလိုက်သည်။

"မရဘူး သားရယ်။ မရပါဘူး။ အမေ စာတောင် မရေးဖြစ်ပါဘူး"

ပေါလ်၏ မျက်နှာ နီမြန်းသွားသည်။

"ဘာဖြစ်လို့ မရေးတာလဲ အမေ"

"ဘာဖြစ်လို့လဲဆိုတော့ ဒီလက်မှတ်က အမေ့ဆီမှာ တချိန်လုံးရှိနေခဲ့လို့ပဲသားရယ်။ သားကို အမေ လိမ်ခဲ့တယ်။ အခု အဲဒီလက်မှတ် အမေ့အိတ်ထဲမှာရှိတယ်"

ပေါလ်၏ ဒေါသမီးမှာ ရုတ်တရက်ငြိမ်းကာ ထိတ်လန့်အံ့သြစွာပင် သူ့အမေအားစိုက်ကြည့်နေမိသည်။ သူ့အမေသည် သူ့ပေါင်ပေါ်မှ လက်ပွေ့အိတ်ထဲတွင်စမ်းကာ အပြာနုရောင် စက္ကူခေါက်ကလေးတစ်ခုကို ထုတ်ယူလိုက်၏။

"တလျှောက်လုံးပဲ အမေ ဒီဟာကို သားမသိအောင် ဖုံးခဲ့ဝှက်ခဲ့ရတယ် သားရယ်။ အစတော့ အမေ့မှာ ရင်နာရလွန်းလို့ ကြာရှည်ဝှက်လို့ ရမယ်လို့တောင် မထင်ခဲ့ပါဘူး။ မလွယ်ပါဘူး။ လေ့ကားက ခြေသံကြားလဲ အမေ့မှာ ထိတ်ရ၊ လမ်းကစကားပြောသံကြားလဲ အမေ့မှာ လန့်ရ၊ ရင်တုန်ရနဲ့။ နောက်တော့ နှစ်တွေကလဲ ကြာလာ၊ သားကလဲ ကြီးပြင်းလာဆိုတော့ ဘုရားသခင်အစောင်အမနဲ့ အမေအောင်ပြီလို့တောင် အောက်မေ့မိပါသေးတယ်။ ဒါပေမယ့် ဒါက ဘုရားသခင်အလိုတော်မဟုတ်ဘဲကိုး သားရဲ့။ အမေ စိုးရိမ်ခဲ့ရတာက အကြီးအကျယ်ကိစ္စတွေ။ အခု ပေါ်ရတာက ဘာမဟုတ်တဲ့ နွေရာသီ သင်တန်းမှာ သွားပြီး ကျောင်းဆရာလုပ်ဖို့ အသေးအဖွဲကိစ္စ။ ဒါပေမယ့် ဒါဟာ အနေးနဲ့အမြန်၊ တနေ့မပေါ် တနေ့ပေါ်ရမယ့် ကိစ္စပါပဲ။ ဆရာတော်ကလည်း ဒီလိုပဲ ပြောပါတယ်။ အမေက သား ဒါကို မသိရအောင် ရှောင်လွှဲပစ်လိုက်ဖို့ သူ့ကို အကူအညီ သွားတောင်းတယ်။ သူက မရှောင်လွှဲပါနဲ့တော့တဲ့။ သားလဲ လူလားမြောက်ပြီမို့ အမှန်အတိုင်းသိဖို့ လိုလာပါပြီတဲ့"

ပေါလ်သည် ရင် တဒိတ်ဒိတ်ခုန်သံကို ကြားရလျက်၊ ရင်ထဲကလည်း မချမ်းမသာဖြစ်လျက် အမေ စကားဆက်ပြောမည်ကို မလှုပ်မရှက် စောင့်ဆိုင်းနေမိလေ၏။ သို့သော် သူ့အမေမှာ ဆက်ပြောနိုင်သည့် အင်အား ရှိဟန်မတူတော့။ သားအား စိတ်ပျက်အားငယ်စွာ တစ်ချက်လှမ်းကြည့်လိုက်သည်။

"အမေ ဆက်မပြောပါရစေနဲ့တော့ သားရယ်။ မစ္စတာဖလဲမင်းက သားကို အားလုံးပြောပြပေးပါမယ်လို့ ကတိပေးလိုက်တယ်။ သူ့ဆီကိုသာ သွားလိုက်ပါ။ သူလဲ အခု သားကို စောင့်နေပါတယ်"

အမေ့မှာ ပြောရင်းကပင် ပိုမိုစိတ်လှုပ်ရှားလာသလိုဖြစ်ကာ စိတ်ငြိမ်ငြိမ်ထားပြီး ပြောပါတော့မည်ဟု စိတ်ပိုင်းဖြတ်ထားခါမှပင် အပြီးသတ်တွင် ငိုညည်းသံပါသွားသေးသည်။ ပေါလ်အား စာရွက်ခေါက်ကလေး လှမ်းပေးလိုက်တော့လည်း သူ့လက်များမှာ တုန်နေသည်။ ပေါလ်သည် မင်သက်မိသလိုငေးရင်း စာရွက်ကို လှမ်းယူကာ ဖတ်ကြည့်လိုက်တော့ ချက်ချင်းဆိုသလိုပင် ထိုစာရွက်ပါ နာမည်မှာ သူ့နာမည်မဟုတ်။ "ပေါလ်၊ ဘားဂျက်" ဖြစ်ရမည့်အစား "ပေါလ်၊ မက်ထရီ" ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

"ဒါ မှားနေပြီ" ဟု သူက ရုတ်တရက်ဆိုလိုက်ပြီး စာရွက်ကို ကြည့်နေရာမှ သူ့အမေအား လှမ်းကြည့်လိုက်သည်။ "မက်ထရီ" ဆိုသော အမည်သည် ကာလကြာမြင့်စွာ စွန့်ပစ်ထားသော အခန်းကြီးတစ်ခုတွင်းဝယ် စောင်းကြိုးတစ်ချောင်းကို တီးခတ်လိုက်သလို တုန်ခါမြည်ဟည်းလျက် သူ့အား

တစ်စုံတစ်ခုကို ခပ်ရေးရေးလေး မှတ်မိသလို ဖြစ်လာစေသည်။ "ဒါက ဘယ်လိုတဲ့လဲ အမေ" ဟု သူက မေးလိုက်၏။

"တို့များ ဒီကို ပြောင်းလာခဲ့ကြတော့ အမေဟာ လက်မထပ်ခင်က 'ဘားဂျက်' ဆိုတဲ့အမည်ကိုပဲ ပြန်ယူလိုက်တယ်။ အမှန်က အမေဟာ မစ္စက်မက်ထရီ။ သားရဲ့အဖေဟာ ရီးစ်မက်ထရီ။ သားက ပေါလ်မက်ထရီပဲပေါ့။ ဒါပေမယ့်အမေက ဒီနာမည်ကို မေ့ပစ်လိုက်ချင်တယ်" ဟု ပြောရင်း အမေ့နှုတ်ခမ်းများ တွန့်သွားကာ "သားကိုလဲ ဒီနာမည်ကို မမြင်စေချင် မကြားစေချင်တော့ဘူး" ဟု ဆက်ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ အမေရယ်"

ခဏမျှ တိတ်ဆိတ်သွားသည်။ ထို့နောက် အမေသည် မျက်လွှာကို ချလိုက်သည်။ ပြီးမှ ပေါလ်၏ မေးခွန်းကို မပွင့်တပွင့် ဖြေလေသည်။

"သားကို အကြီးအကျယ်ရှက်နေရတဲ့ အဖြစ်မျိုး မရောက်အောင်လို့"

သူ အမေကို ဆက်ပြောခိုင်းရသည်မှာ ညှင်းဆဲသလို ဖြစ်နေသည်ကို သူသိပါသည်။ သို့သော် သူကိုယ်တိုင်ကလည်း စိတ်သောကဖြစ်လျက်ရှိလေရာ အမေကိုပင် မညှာတာနိုင်တော့သကဲ့သို့ ရှိလေသည်။

သူလည်း မျက်နှာဖြူရော်လျက် "ဆက်ပြောပါအမေ၊ ကျွန်တော့်ကို ပြောပြဖို့က အမေ့တာဝန်ပဲ" ဟု အရေးဆိုလိုက်သည်။

သူ့အမေသည် သူ၏ပခုံးကျဉ်းကလေးမှာ နိမ့်ချည် မြင့်ချည်ဖြစ်အောင် ရှိုက်၍ရှိုက်၍ ငိုလေသည်။ သူ့အမေ ငိုနေသည်ကို တခါမှ မမြင်ခဲ့ဘူးချေ။ တစ်ခဏမျှကြာသော် အမေသည် အားတင်းလိုက်သလို ပင့်သက်ကို တစ်ချက်ရှိုက်လိုက်ပြီး သားကိုမကြည့်ဘဲ ဆက်ပြောသည်။

"သားရဲ့အဖေဟာ တောင်အမေရိကားကို သွားပြီး ရထားမှောက်လို့ သေတာ မဟုတ်ဘူး။ သွားမယ်လို့ ကြိုးစားနေတုန်းမှာ ပုလိပ်က သူ့ကိုဖမ်းသွားတာ"

ပေါလ်သည် သူ့အဖေ ဤသို့ဖြစ်လိမ့်မည်ဟု တစ်ခါကမျှ မထင်ခဲ့ဘူးချေ။ သူ့အမေစကားများကို ကြားလိုက်ရတော့ သူ့မှာ ရင်ထဲ၌ဖိုသွားကာ လည်ချောင်းတွင် အလုံးကြီးလာဆို့သည်ကို တွေ့လိုက်ရလေ၏။

"ဘာအမှုနဲ့တဲ့လဲ" ဟု သူက အထစ်ထစ်ငေါ့ငေါ့ မေးလိုက်၏။

"လူသတ်မှု"

အခန်းငယ်လေးအတွင်းဝယ် ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်ငြိမ်သက်၍ သွားလေသည်။ "လူသတ်မှု"။ ဤ တုန်လှုပ်ဖွယ်စကားများသည် သူ၏ဦးနှောက်အလွှာလွှာအထပ်ထပ်ကြားထဲသို့ ပဲ့တင်ထပ်၍ ဝင်သွားကြသည်။ သူသည် ကုလားထိုင်ပေါ်တွင် ပျော့ခွေသွားပြီး၊ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ စီးကျလာသည်။ ထို့နောက် တုန်တုန်ယင်ယင် မပီမသပင် "ဒါနဲ့ ကြိုးဒဏ်ခံသွားရရောလား" ဟု မေးလိုက်၏။

သူ့အမေက ခေါင်းကိုယမ်းပြကာ၊ သူ့မျက်လုံးများမှာ မုန်းတီးသည့် အရိပ်အရောင်များ သမ်းလာသည်။

"ကြိုးဒဏ်ခံသွားရရင်လဲ တို့အဖို့တော်သေးရဲ့။ ကြိုးမိန့်တော့ကျတယ်။ ဒါပေမယ့် သူ့နောက်ဆုံးအချိန်မှာ သေဒဏ်ကလွတ်ပြီး တစ်သက်တစ်ကျွန်းအပြစ်ဒဏ်ကို ပြောင်းလဲပေးလိုက်တယ်။ အခုတော့ စတုန်းဟိသ်အကျဉ်းထောင်မှာ လွတ်ရက်မရှိ အကျဉ်းခံနေရတဲ့ အကျဉ်းသမား"

အမေတွင် ဆက်လက်တင်းခံနိုင်သည့် အင်အားမရှိတော့သလို ဦးခေါင်းသည် ဘေးသို့ယိုင်ကာ ကုလားထိုင်ပေါ်၌ပင် ရှေ့သို့ စိုက်ကျသွားလေတော့သည်။

*

## အခန်း – ၃

သင်းအုပ်ဆရာ ဖလဲမင်း၏အိမ်သည် လူစည်ကားသော မြို့လယ်မြောက်ပိုင်း မီးရထားဘူတာရုံအနီးရှိ မီးခိုးရင့်ရောင်ဆေးသုတ်ထားသည့် ပုံအိုအို အခန်းကျဉ်းကလေး တစ်ခုဖြစ်၏။ ယင်းနှင့်တွဲလျက်ရှိ ဝတ်ကျောင်းမှာလည်း ထို့အတူပင်။ ပေါလ်မှာ ပင်ပန်းနွမ်းနယ်လျက် ခပ်မှောင်မှောင်ချောင်တစ်ချောင်၌ခိုနေဖို့သာ သင့်သော်လည်း အရေးတကြီးသိချင်စိတ်က နှိပ်စက်လျက်ရှိသောကြောင့် သူ့မှာ မနေသာ။ မီးချောင်းများထိန်လင်းလျက် မိုးရေများစိုရွှဲနေသည့် လမ်းများပေါ်က စနေနေ့ည အပျော်လမ်းထွက်ကြသူများ အကြားတွင်ဖြတ်၍လျှောက်ကာ သင်းအုပ်ဆရာ၏ အိမ်ဆီသို့ လာခဲ့ရလေသည်။ သူ့အမေသည် မူးမေ့လဲကျသွားခဲ့ရာမှ သတိပြန်လည်လာကာ အိပ်ရာထဲသို့ဝင်၍ အိပ်နေပြီဖြစ်သည်။ ပေါလ်မှာကား ဤအကြောင်း နောက်ထပ် တစ်စုံတစ်ရာ မသိရမချင်း၊ အပြည့်အစုံမသိရမချင်း မအိပ်နိုင်သေး။

သူက တံခါးခေါက်လိုက်တော့ အိမ်ထဲအဝင် စင်္ကြံလမ်းမှ မီးလင်းလာကာ အယ်လာဖလဲမင်းက တံခါးကို လာဖွင့်ပေးသည်။

“ပေါလ်ပါလား၊ ဝင်ခဲ့လေ”

အယ်လာက သူ့အား ဧည့်ခန်းသို့ ခေါ်သွားသည်။ ဧည့်ခန်းမှာ မျက်နှာကျက်နိမ့်နိမ့်အခန်းဖြစ်ပြီး ခန်းဆီးအနီများ၊ မြင်းမွေးကော်ဇောအုပ် အိမ်ထောင်ပရိဘောဂများဖြင့် တန်ဆာဆင်သည်။ မီးသွေး မီးလင်းဖိုရှိသည်။

“အဖေ အသင်းအုပ်စုသားတစ်ယောက်နဲ့ စကားပြောနေတယ်။ ခဏနေရင်လာလိမ့်မယ်” ဟု ပြောရင်း အားယူ၍ ပြုံးပြကာ “အပြင်ဘက်မှာ သိပ်စိုထိုင်းနေတယ်။ ကိုကိုးတစ်ခွက် ဖျော်ပေးမယ်နော်” ဟု ပြောသည်။

ကိုးဆယ့်ခြောက်ပါးသော အဖျားအနာ ဝေဒနာများအတွက် အယ်လာ၏ တစ်ခုတည်းသော ဆေးကြီးကား ကိုကိုးတစ်ခွက်ပေတည်း။ သင်းအုပ်ဆရာ၏သမီး ဗီသပါပေ၏။ ပေါလ်မှာ ဤအပြစ်ကင်းသည် ယမကာလေးတစ်ခွက်ကို မသောက်ချင်လှသော်လည်း သူ့မှာ ငြင်းဆန်ရန်ပင် အင်အားမရှိတော့။ သူ့စိတ်က ထင်နေတာလားတော့မသိ။ အယ်လာမှာ အမှုမဲ့အမှတ်မဲ့နေသလို ဟန်လုပ်ရင်းကပင် သူ့နှုတ်ခမ်းများကို မသိမသာစေ့ထားပုံကိုထောက်၍ ပေါလ်တွင် စိတ်သောက ဖြစ်လျက်ရှိသည်ကို သိထားနှင့်ဟန်တူပေသည်။ သူက ညှိုးရော်နွမ်းလျစွာ ထိုင်နေစဉ်မှာပင် အယ်လာသည် မီးဖိုဘက်သို့သွားကာ လင်ဗန်းတစ်ချပ်နှင့် ကိုကိုးဖျော်စရာများကို ယူလာသည်။ ပန်းကန်ထဲတွင် ကိုကိုးနှင့် သကြား ထည့်ရောမွှေကာ ရေနွေးလောင်းထည့်လိုက်သည်။

အယ်လာက ပေါလ်ထက် နှစ်နှစ်မျှ ကြီးသည်။ သို့သော် အယ်လာမှာ အသားဖြူဖြူနှင့် ခါးသေးရင်ချီပဒုမ္မကာ ကိုယ်လုံးကိုယ်ပေါက်ရှိသူဖြစ်ရာ သူ့မှာ ကျောင်းသူလေးတစ်ယောက်နှင့်သာ တူနေသည်။ အယ်လာ၏ အလှဆုံးကား သူ၏ ညို့ဓာတ်ပါသော စိမ်းပြာရောင် မျက်လုံးဝိုင်းကြီးများဖြစ်၍ သူ့မျက်လုံးများမှာ တောက်ပလျက် အသက်ဝင်ရုံမက အကြောင်းအရာအားလျော်စွာ မျက်ရည်များဖြင့် ပြည့်၍လည်းနေတတ်သည်။ ဒေါသဖြင့် အရောင်ထွက်၍လည်း နေတတ်သည်။ အယ်လာသည် သူ၏အသွင်အပြင်ကို အမြဲဂရုစိုက်နေတတ်သူဖြစ်၍ ထိုညက သူသည် ဘာဂျာခေါက်တွန့်နှင့် ခပ်မှောင်မှောင်စကတ်ကို ဝတ်ထားသည်။ နိုင်လွန်ခြေအိတ်ရှည်အနက် စွပ်ထားသည်။ ခေါက်ရိုးမပျက်သေးသည့် အကျီလည်ဟိုက် လက်တိုအဖြူရောင် ခပ်ပွပွကလေး ဝတ်ထားသည်။

ပေါလ်က အယ်လာလှမ်းပေးသော ကိုကိုးပန်းကန်ကို လက်ခံကာ ငြိမ်သက်စွာသောက်နေလေသည်။ အယ်လာလည်း အနီးအနားတွင် ဆွယ်တာထိုင်ထိုးနေရာမှ စကားပြောချင်သလို တစ်ချက်နှစ်ချက် မျက်နှာလွှဲပင့်၍ ကြည့်သည်။ သူသည် ပင်ကိုယ်က နှုတ်လျာသွက်သူဖြစ်ပြီး စကားတတ်သူဖြစ်ရာတွင် သူ့အဖေမုဆိုးဖိုကြီးအတွက် အိမ်ထောင်ထိန်းသိမ်းနေရသူဖြစ်သဖြင့် လူရာဝင်သည်။ သို့ရာတွင် သူက တစ်ချက်တစ်ချက် စ၍ ပြောသည့် စကားတစ်ခွန်းစနှစ်ခွန်းစကိုပင် ပေါလ်က အတိုင်အဖောက်မရသဖြင့် သူလည်း မျက်မှောင်ကုတ်ကာ ငြိမ်သက်စွာပင် ထိုင်နေရတော့သည်။

ထိုခဏတွင် စင်္ကြံဆီမှ စကားပြောသံများကြားရပြီး အိမ်ရှေ့တံခါးဖွင့်သံကြားလိုက်ရ၏။ အယ်လာလည်း ထိုင်ရာမှ ထလိုက်သည်။

“အဖေ့ကို ပြောလိုက်ဦးမယ်” ဟု ဆိုကာ အပြင်သို့ ထွက်သွားပြီးနောက် တခဏကြာသော် သင်းအုပ်ဆရာ အီမန်နုယယ်ဖလဲမင်း ဝင်လာသည်။ သူသည် အသက်ငါးဆယ်ခန့်ဖြစ်ပြီး ကြီးမားသော ပခုံးအိုးနှင့် တုတ်ခိုင်သော လက်ချောင်းများ ရှိသူဖြစ်၏။ ဘောင်းဘီခပ်မှောင်မှောင်ကိုဝတ်၍ သားရေဖိနပ် အထူကြီးကို စီးထားသည်။ အပေါ်ကဝတ်ထားသည့် အယ်လ်ပတ်ကားအကျီနက်မှာ ချုပ်ရိုးများဆီတွင် ဖြူရောင်သန်းနေပြီဖြစ်၏။ ချွန်နေအောင် ညှပ်ထားသည့် မုတ်ဆိတ်မှာလည်း ကြိုးကြားဖြူလျက် သူ၏ ပြာလဲ့လဲ့မျက်လုံးဝိုင်းကြီးများကြောင့် သူ့မှာ ကလေးငယ်တစ်ယောက်နှင့်သာ တူ၍နေပေသည်။

ဝင်လာလာချင်းပင် သူသည် ပေါလ်ထံသို့ လာကာ ပေါလ်၏လက်ကို အထူးခင်မင်စွာဆုပ်၍ နှုတ်ဆက်လိုက်ပြီးမှ အဓိပ္ပာယ်ပါပါကြည့်ကာ လက်မောင်းကို အသာအယာဆွဲလျက် “လူကလေး၊ မင်းရောက်လာသကိုး။ ဝမ်းသာတယ်ကွယ်။ ကဲ ကဲ လာ။ တို့ စကားပြောကြရအောင်” ဟုပြောရင်း သူ၏ စာကြည့်ခန်းထဲသို့ ခေါ်သွားလေသည်။

စာကြည့်ခန်းမှာ အိမ်၏ အတွင်းဘက်ကျကျတွင်ရှိပြီး ကော်ဇောလည်းခင်းမထား၊ နံရံကပ် ပျဉ်များမှာလည်း စွန်းကွက်လျက်ရှိကြ၏။ ပရိဘောဂအနေနှင့်ကား အဖုံးလှန်၍ စားပွဲလုပ်ရသော ဘီရိုတစ်ခု၊ ယိုင်နေသော သစ်သားကုလားထိုင် သုံးလေးလုံးအပြင် အရောင်တင်ထားသည့် သစ်သားစာအုပ်ဘီရိုတစ်ခုတို့သာရှိ၏။ ကတ္တီပါပန်းပွားလုံးများဖြင့် အနားသတ်ထားသော မီးဖိုစင်ခပ်ပါးပါးမှာ လက်ဆောင်ရသည့် ရွှေရောင်တမန်တော်ရုပ်များ ထမ်းထားဟန်လုပ်ထားသော အရုပ်ခပ်ဆိုးဆိုး ကျောက်စိမ်းနာရီတင်ထား၍ ညွတ်နေပြီ။ ပေါလ်အား နေရာထိုင်ခင်းပေးပြီးနောက် သင်းအုပ်ဆရာသည် သူ၏ စာရေးစားပွဲဘီရိုတွင် ခပ်ဖြည်းဖြည်းဝင်ထိုင်လိုက်၏။ သူသည် တစ်ခဏမျှ ဆိုင်းနေလိုက်ပြီးမှ ခင်မင်မှု ကြင်နာမှုအပြည့်ပါသည့်လေသံဖြင့် စကားစပြောလေ၏။

“လူကလေးရယ်၊ မင့်မှာတော့ ဒီကိစ္စအတွက် အတော်ကို စိတ်ထိခိုက်ရမှာပဲ။ ဒါပေမယ့် တစ်ခု ကျေးဇူးကြီးစွာနဲ့ သတိရဖို့က ဒါဟာ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်ရတာဆိုတဲ့အချက်ပဲ။ ဘုရားသခင်ရဲ့အစောင့်အမနဲ့ မင်းလဲ ဒီစိတ်သောကတွေကို လွန်မြောက်နိုင်ပါလိမ့်မယ်”

ပေါလ်သည် တံတွေးကို မျိုချလိုက်၏။

"ကျွန်တော် ဒီအကြောင်း တခုခု မသိရမချင်း ဒီစိတ်သောကကို လွန်မြောက်နိုင်မယ် မထင်ပါဘူး ခင်ဗျား။ ကျွန်တော်သိရမှ ဖြစ်မယ်"

"လူကလေးရယ်၊ ဒါဟာ အင်မတန် စိတ်မချမ်းသာစရာကောင်းတဲ့ မဖွယ်မရာအကြောင်းပါ" ဟု ဘုန်းကြီးက လေးနက်စွာ ဆိုလိုက်ပြီး "ဒီကိစ္စ အတိတ်မှာပဲ မေ့ပျောက်ထားလိုက်တာ မကောင်းပေဘူးလား သားရယ်" ဟုလည်း မေးလိုက်သည်။

"မထားနိုင်ဘူး၊ ကျွန်တော်သိချင်တယ်။ ကျွန်တော်သိရမှ ဖြစ်မယ်။ မဟုတ်ရင် ကျွန်တော် ဒါကို အမျိုးမျိုးစိတ်ကူးကြည့်ပြီး စိတ်ဆင်းရဲနေရရုံပဲရှိမယ်" ဟု ပြောရင်း သူ့အသံ တိမ်သွားသည်။

တစ်ခန်းလုံး တိတ်ဆိတ်သွားသည်။ သင်းအုပ်ဆရာ ဖလဲမင်းလည်း သူ၏ ဘီရိုစားပွဲပေါ်တွင် တထောင်ထောက်ကာ မျက်နှာကို သူ၏ လက်ကြီးများဖြင့် ကာထားပြီး ဘုရားသခင်ကို အာရုံပြုနေဟန်တူ၏။ သူကား 'ဘုရားသခင်၏ စပျစ်ခြံ'ဝယ် လူ သတ္တဝါတို့အား ကယ်ဆယ်ရေးအတွက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ကာလကြာမြင့်စွာ အပတ်တကုတ် အားထုတ်ခဲ့သူ ဖြစ်ပေသည်။ သို့ရာတွင် သူ့မှာ အရာများစွာ၌ ချို့ငဲ့လျက် သူ၏စေတနာနှင့် အားထုတ်မှုတို့သည် မကြာခဏ အဟောသိကံဖြစ်ရသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရတတ်၏။ သူသည် အဖော်သဟဲ နည်းပါးသူပီပီ တစ်ကိုယ်တည်း တွေးတောရင်း တရားရှာကာ ကိုယ့်ဖာသာကိုယ် အပြစ်တင်၍နေတတ်သူလည်း ဖြစ်သည်။ သူ့သမီးသည် ပြည့်ဝသူမဟုတ်။ သေးသိမ်သည်၊ မောက်မာတတ်သည် ဆိုသည်တို့ကို သိလျက်နှင့် ချစ်လွန်း၍ မပြုပြင်မဆုံးမဘဲ နေခဲ့သည်။ သမီးကို ဤမျှချစ်သည်ကိုပင် အပြစ်ဟု သူမြင်သည်။ သူက ဘုရားသခင်၏ သာဝကစစ်စစ် သူတော်စင်ဖြစ်ချင်သည်။ သူကိုယ်တိုင် ဘုရားသခင်၏ နှုတ်ထွက်တော်ကိုကြားရလျှင် လန်းဆန်းကြည်ရွှင်လာသလို သူ၏ သင်းအုပ်ဝင်တို့အားလည်း သူကဲ့သို့ပင် လန်းရွှင်အောင် တရားဓမ္မဟောပြချင်သည်။ ကိုယ် စိတ် ဝေဒနာတို့ကို လက်ဖြင့်သုံးသပ်၍ ချမ်းသာအောင် စွမ်းဆောင်ချင်သည်။ သူက ကောင်းကင်သို့ ပျံတက်ချင်သည်။ သို့ရာတွင် သူ့မှာနှုတ်လျှာကလေးလှသည်။ သူ့ခြေများက မြေမှာကျွံလျက် မြေထဲကမထွက်နိုင်သကဲ့သို့ ရှိကြပါတကား။ ယခု သူ စကား စ,ပြောတော့ သူ့အသံမှာတုန်နေသည်။ သူ၏ စာသံပေသံ လေးနက်သောစကားများမှာလည်း နာရီစက်သံဖြင့် စည်းချက်မှန်အောင် ပြောနေရသည့်အလား ရှိလေ၏။

"လွန်ခဲ့တဲ့ နှစ်ဆယ့်နှစ်နှစ် ကာလက တိုင်ကာဆယ်ဆိုတဲ့မြို့ကလေးမှာ ရီးစ်မက်ထရီနဲ့ ဟန်နာဘားဂျက်တို့ကို ကျုပ် လက်ထပ်ပေးခဲ့ရတယ်။ ဟန်နာကိုတော့ သိတာကြာပါပြီ။ ကျုပ်ရဲ့ သင်းအုပ်စုထဲမှာ အခင်ဆုံးထဲကပါပဲ။ 'ရီးစ်' ဆိုတဲ့ သူငယ်ကို ကျုပ်မသိခဲ့ပေမယ့် သူဟာ ယဉ်ကျေးသိမ်မွေ့ပြီး ခင်မင်စရာကောင်းတဲ့ ဝေလပြည်သားလေးဖြစ်တဲ့အတွက် ကျုပ်သူကို ခင်မင်ခဲ့ ယုံကြည်စိတ်ချခဲ့တယ်။ သူ့မှာ မုန့်ချိုချဉ် လက်ကားလုပ်ငန်းကြီးတစ်ခုရဲ့ မြောက်ပိုင်းနယ်က ကိုယ်စားလှယ်ဆိုတဲ့ အင်မတန်ကောင်းတဲ့ အလုပ်အကိုင် အခြေအနေရှိတယ်။ သူတို့ အိမ်ထောင်ရေးဟာ သာယာပျော်ရွှင်လိမ့်မယ်လို့ ကျုပ်ယုံကြည်ခဲ့တယ်။ အထူးသဖြင့် သားလေးတစ်ယောက်ရတဲ့အခါမှာပေါ့။ လူကလေးကို ပေါလ်မက်ထရီလို့ ကင်ပွန်းတပ်ပေးခဲ့တာလဲ ကျုပ်ပါပဲ"

သူ၏စကားလုံးများကို အထူးသတိထား၍ ရွေးချယ်ပြောဆိုနေရသလို ခေတ္တရပ်နားလိုက်၏။

"သူတို့အိမ်ထောင်ရေးမှာ အခါအားလျော်စွာ အဆင်မပြေနိုင်တာလေးတွေတော့ ရှိတာပေါ့လေ။ မင့်အမေက ဘာသာတရား သိပ်ကိုင်းရှိုင်းတဲ့ ခရစ်ယန်စစ်စစ်ဖြစ်ပေမဲ့ မင့်အဖေကတော့ သက်သက်ညှာညှာပြောရရင် နည်းနည်းပိုပြီး လွတ်လွတ်လပ်လပ် အယူအဆတွေရှိတဲ့ လူဆိုတော့ ပဋိပက္ခကလေးတွေ ဖြစ်ရတော့တာပေါ့။ ဥပမာ မင့်အမေက အိမ်မှာ အရက်တို့ ဆေးလိပ်တို့ သောက်တာကို တင်းတင်းကြပ်ကြပ် ပိတ်ပင်ထားတယ်။ ဒါကို မင့်အဖေက ဘယ်တော့မှ နားမလည်နိုင်ဘူး။ ပြီးတော့ မင်းအဖေရဲ့

အလုပ်က တစ်လကို အနည်းဆုံးတစ်ပတ် အိမ်ကထွက်နေရတော့ သူ့မှာ အိမ်မြဲတဲ့အကျင့် မရနိုင်ဘူးပေါ့ကွယ်။ ပြီးတော့ သူကလဲ လူကခပ်ချောချော၊ မျက်နှာက ချိုချိုဆိုတော့ အပေါင်းအသင်းကလဲစုံ၊ စုံဆိုသဘောကျစရာ လူတွေ၊ ကစားဝိုင်း၊ အရက်ဆိုင်နှင့် တခြားမတော်တလျော်နေရာတွေမှာ အတူသွား အတူလာ လူတွေပါ စုံလာတယ်ဆိုပါတော့။ ဒါလဲပဲ ကျုပ်မှာ သူ့အပေါ်မှာ မကြိုက်မနှစ်သက်စရာဆိုလို့ ဘာမှ ကြီးကြီးကျယ်ကျယ် မရှိခဲ့ပါဘူး။ အဲဒီ မဖွယ်မရာ အမှုကြီးဖြစ်ရတဲ့ ၁၉၂၁ ခုနှစ်အထိပဲ ဆိုပါတော့ကွယ်”

သင်းအုပ်ဆရာက သက်ပြင်းချလိုက်ပြီး သူ၏ တုတ်ခိုင်သော လက်ချောင်းများကို နဖူးမှဖယ်လိုက်ပြီး လက်ထိပ်ချင်း ထိလျက်တွန်းကာ၊ လွန်ခဲ့သည့်နှစ်များဆီသို့ စိတ်မချမ်းမြေ့စွာ ပြန်မျှော်ကြည့်နေဘိသကဲ့သို့ သူ၏မျက်လုံးများကို မှေးလျက် အဝေးသို့ ငေးနေလေတော့သည်။

“နှစ်ဆယ့်တစ်ခု ဇန်နဝါရီလထဲက မင့်အဖေအလုပ်လုပ်တဲ့ ကုမ္ပဏီက လူအပြောင်းအလွဲတွေလုပ်တော့ မင့်မိဘများနဲ့အတူ မင်းလည်း အလယ်ပိုင်းကို လိုက်သွားခဲ့ရတယ်။ အဲသလိုပဲ ကျုပ်ကလဲ အဲသလိုမဖြစ်ခင် နှစ်လသုံးလလောက်ကပဲ ဘဲလဖတ်က ဒီသင်းအုပ်စုထဲကို ပြောင်းခဲ့ရတယ်။ ဒါပေမဲ့ မင်းအမေနဲ့ကတော့ စာအဆက်အသွယ် အမြဲရှိနေခဲ့တယ်။ အမှန်ပြောရရင် မင်းတို့ရဲ့ဘဝဟာ အဲဒီ ဝေါ့တလေ ရောက်တဲ့အချိန်ကစပြီး မတည်မငြိမ်ဖြစ်လာခဲ့တယ်။ မင့်အဖေကလဲ နယ်ပြောင်းရတဲ့အတွက် သူ့မှာ အခွင့်အလမ်းနည်းပါးသွားတော့ မကျေနပ်။ ဝေါ့တလေကလဲ ပတ်ဝန်းကျင်ရေမြေတောတောင်သာယာပေမယ့် မြို့အနေနဲ့ မှုန်မှိုင်းပြီး နှစ်သက်ဖွယ်လုံးဝ မရှိနိုင်ဘူးဆိုတော့ မင့်အမေက မကြိုက်။ အိမ်ကလည်း ရှာလို့မရနိုင်ဆိုတော့ ငှားစားတဲ့ အခန်းတွေမှာပဲ တစ်ခုပြီးတစ်ခု ပြောင်းနေရသတဲ့။ ဒါနဲ့ပဲ စက်တင်ဘာလရောက်တော့၊ အင်း အတိအကျဆိုရရင် အဲဒီလ ၉ ရက်နေ့မှာ မင့်အဖေက သူစိတ်ကုန်ပြီလို့ ကြေညာလိုက်သတဲ့။ သူ ဒီအလုပ်ကထွက်ပြီး တောင်အမေရိက အာဂျင်တီးနားကို သွားနေမယ်။ အဲ့ဒီမှာ မင်းတို့အားလုံးအတွက် အခွင့်အလမ်းပိုကောင်းမယ်လို့ဆိုပြီး အဲဒီ စက်တင်ဘာလ ၁၅ ရက်နေ့မှာ မင့်အမေနဲ့ မင့်ကို လစ်ဗာပူး သွားနှင့်ပြီး ဂရိတ်စင်ထရယ်ဟိုတယ်ကစောင့်ဖို့ လွှတ်လိုက်တယ်။ ဆယ့်လေးရက်နေ့ည မိုးချုပ်ချုပ်မှာ သူက မင်းတို့ဆီလာဆုံဖို့ ရထားနဲ့ ဝေါတလေက ထွက်ခဲ့တယ်။ မနက် ၂ နာရီ သူ လစ်ဗာပူဗဟိုဘူတာကြီးရောက်တော့ ဘူတာစကြံမှာ ပုလိပ်တွေ စောင့်နေကြပြီ။ အဲဒီမှာ အတော်ကလေး ရုန်းရင်းဆန်ခတ်ခုခံပြီးတော့ သူ့ကို ပုလိပ်တွေကဖမ်းပြီး ကေန္ဒနီလမ်း အချုပ်ထောင်ထဲကို ထည့်လိုက်ကြတယ်။ ဘုရားသခင်စောင့်မတော်မူပါ။ အဲဒီတုန်းက စိတ်ထိခိုက်ကြရပုံကို ကျုပ် အခုထိ မှတ်မိနေပါသေးတယ်။ အမှုက လူသတ်မှု”

ထို့နောက် မတင်မကျနှင့်ပင် အကြာကြီး တိတ်ဆိတ်နေသည်။ စိတ်ညှို့ခံရသူပမာ ကုလားထိုင်ပေါ်တွင် ခါးခေါက်၍ ထိုင်နေ၏။ ပေါလ်မှာ သင်းအုပ်ဆရာစကားဆက်ပြောသည်အထိ အသက်ပင် မရှူမိသလောက်ဖြစ်၏။

“စက်တင်ဘာလ ရှစ်ရက်နေ့ညက အင်မတန် ထိတ်လန့်ရွံရှာဘွယ်ကောင်းတဲ့ ရာဇဝတ်ပြစ်မှုကြီးတစ်ခု ဖြစ်ပွားခဲ့တယ်။ ဝေါ့တလေမြို့စွန်က အယ်လဒန်ရပ်ကွက်၊ အုရှောကုန်း အမှတ် ၂၅ မှာနေပြီး လဲနတ်ပန်းခြံ အနီးက ပန်းဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်တဲ့ အသက်နှစ်ဆယ့်ခြောက်နှစ်ရှိတဲ့ မိုနာစပါးလိန်းဆိုတဲ့ မိန်းမချောကလေးတစ်ယောက်ဟာ သူနေတဲ့အခန်းလေးထဲမှာ ရက်ရက်စက်စက် အသတ်ခံရတယ်။ သတ်တဲ့အချိန်ကလဲ အင်မတန်တိကျတယ်။ အဲဒီည ရှစ်နာရီနဲ့ ရှစ်နာရီဆယ်မိနစ်အတွင်းမှာတဲ့၊ မိုနာဟာ ခုနစ်နာရီခွဲမှာ ပြန်လာပြီး ညစာအနည်းငယ် စားထားဟန်လက္ခဏာရှိတယ်။ စားပြီးတော့ ညဝတ်အင်္ကျီ ခပ်ပါးပါးကလေးလဲဝတ်၊ သေတော့လဲ အဲဒီအဝတ်နဲ့ပဲ။ ညရှစ်နာရီလောက်မှာ အဲဒီအခန်းရဲ့အောက်ထပ်က ပရပ်စတီ ဇနီးမောင်နှံဟာ အပေါ်ထပ်ဆီက ထူးထူးခြားခြား ရုန်းရင်းဆန်ခတ်ဖြစ်တဲ့အသံတွေ ကြားရတယ်လို့ ဆိုတယ်။ သူ့မိန်းမက တိုက်တွန်းတာနဲ့ပဲ ပရပ်စတီဟာ အပေါ်ထပ်ကို တက်သွားပြီး စုံစမ်းတယ်။ သူကတံခါးကို ကျယ်ကျယ်လောင်လောင် ခေါက်ပေမဲ့ ဘယ်သူမှ တံခါးလာမဖွင့်ဘူး။ ဘာသံမှလည်း မကြားရဘူး။ သူလဲ ဘာလုပ်ရမှန်းမသိဘဲ လှေကားခုံထိပ်မှာ ရပ်ပြီး စဉ်းစားနေတုန်း ပင်မင်းဆိုင်က ကားနဲ့ အဝတ်တွေလိုက်ပို့တဲ့ အက်ဒဝပ်ကောလင်းဆိုတဲ့ ကောင်ကလေး အဝတ်ထုပ်ပို့ဖို့ တက်လာသတဲ့။ သူ့အနားကို ကောလင်းရောက်တဲ့

အချိန်မှာပဲ တံခါးပွင့်လာပြီး မိုနာအခန်းထဲက လူတစ်ယောက်ဟာ သူတို့အနားကပဲ ပွတ်ထွက်ပြီး လှေကားက ဆင်းပြေးသွားသတဲ့။ သူတို့လဲ ဧည့်ခန်းထဲ အပြေးအလွှား ဝင်ကြည့်ကြတော့ မိုနာဟာ လည်ပင်းပြတ်လုမတတ်ဖြစ်ပြီး သွေးအိုင်ထဲမှာ လဲနေတာကို တွေ့ကြရသတဲ့။

ချက်ချင်းဆိုသလိုပဲ မစ္စတာပရပ်စတီဟာ အဲဒီအရပ်က အနီးဆုံးဆရာဝန်ဆီကို ပြေးခေါ်တယ်။ ဆရာဝန်ကလဲ လိုက်လာရှာပါတယ်။ ဒါပေမဲ့ အလကားပါပဲ။ မိုနာဟာ သေနေရှာပြီ တဲ့။ ဒါနဲ့ ပုလိပ်တို့၊ မှုခင်းဆရာဝန်တို့နဲ့အတူ ဆွမ်းဆိုတဲ့ စုံထောင်အင်စပက်တော်တစ်ယောက်ကို ခေါ်ကြသတဲ့။ ပထမတော့ လူသတ်သမားဟာ ဘာသဲလွန်စမှ မချန်ခဲ့သလိုပဲ။ ဒါပေမဲ့ နာရီပိုင်းအတွင်းမှာပဲ သဲလွန်စ သုံးခုကိုတွေ့ကြရသတဲ့။ လွန်ခဲ့တဲ့ အပတ်လောက်ကမှ ရှက်ဖီးကပို့လိုက်တဲ့ 'ဝေးတသက်သက် အောက့်မေ့လျက်၊ ကိုယ်ပြန်လာရင် ဒဂူရီမှာ ညစာစားကြရအောင်၊ လာမယ် မဟုတ်လား" လို့ စာရေးပြီး အောက်က ဘွန်ဘွန် လို့ လက်မှတ်ထိုးထားတဲ့ အရုပ်ကားပို့စကတ်တစ်ခုကို အင်စပက်တော်ဆွမ်းက ဘီရိုထဲမှာ တွေ့ရသတဲ့။

ပြီးတော့လဲ တပိုင်းတစ မီးကျွမ်းပျက်စီးနေပေမဲ့ စက်တင်ဘာလ ရှစ်ရက်နေ့စွဲတံဆိပ်နဲ့ 'ဒီနေ့ည တွေ့မယ်' ဆိုတဲ့ လက်မှတ်မပါ စာတိုကလေးတရွက်လဲ တွေ့သတဲ့။ နောက်တခုကတော့ မိုနာ့ အလောင်းနားက ကော်ဇောပေါ်မှာ လည်ပင်းက သတ္တုကွင်းတပ်ထားတဲ့ အင်မတန်နူးညံ့တဲ့ သားရေနုနုကလေးနဲ့ လုပ်ထားတဲ့ ပိုက်ဆံအိတ်တစ်ခု၊ အထဲမှာ ငွေဒင်္ဂါးနဲ့ ငွေစက္ကူဆယ်ပေါင်လောက်နဲ့ တွေ့ရသတဲ့။ ပရပ်စတီနဲ့ ကောလင်းတို့ ပြောပြကြတဲ့ ပုံသဏ္ဌာန်အတိုင်း သတ်သူတရားခံကို ဖမ်းမိအောင် သတင်းပေးနိုင်သူကို ဆုငွေအမြောက်အမြား ပေးမယ်ဆိုတဲ့ ကြော်ငြာတွေ ထုတ်လိုက်သတဲ့။

နောက်တနေ့မှာတော့ အဲဒီအရပ်က ပင်မင်းဆိုင်က အမျိုးသမီးကြီးတစ်ယောက်က သူ့ဆိုင်က မီးပူတိုက်တဲ့ လူဝီဇာဘတ်ဆိုတဲ့ အသက်ဆယ့်ခုနစ်နှစ်အရွယ် ကောင်မလေးတယောက် ပုလိပ်ဌာနကို ခေါ်လာသတဲ့။ အဲဒီ လူဝီဇာဟာ ကားနဲ့ အဝတ်လိုက်ပို့တဲ့ အက်ဒဝပ်ကောလင်းရဲ့ ဝမ်းကွဲနှမတော်တယ်။ သူက အချင်းဖြစ်တဲ့ညက ကောလင်းနဲ့အတူ အုရှောကုန်းဘက်ကို လိုက်သွားသတဲ့။ သူက လှေကားမတက်ချင်တာနဲ့ လမ်းထိပ်ကရပ်စောင့်နေတုန်း အိမ်အမှတ် ၅၂ က ထွက်ပြေးလာတဲ့ လူတစ်ယောက်ဟာ သူ့ကိုဝင်တိုးသွားလို့ သူ့မှာ လဲလုမတတ်ဖြစ်သွားသတဲ့။ သူ့အစစ်ခံချက်မှာ အဲ့ဒီလူရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြတယ်။ ပုလိပ်က အခုဆို လူသတ်သမားကို မြင်လိုက်တဲ့လူ သုံးယောက် ရသွားပြီပေါ့"

သင်းအုပ်ဆရာဖလဲမင်းသည် စကားကို ဖြတ်ထားလိုက်ပြီး ပေါလ်အား စိတ်မချမ်းမြေ့စွာ စိုက်ကြည့်နေလိုက်သည်။

"တချို့ဟာတွေက ပြောဖို့ မကောင်းတဲ့ဟာတွေပဲကွယ်။ ဒါပေမဲ့ ဒီစိတ်မချမ်းသာစရာ အရေးအခင်းမှာ သက်ဆိုင်နေတော့လည်း ပြောရတော့မှာပေါ့။ အဲဒီ မိုနာစပါးလိန်းဆိုတဲ့ မိန်းမဟာ အကျင့်စာရိတ္တမကောင်းတဲ့ မိန်းမတယောက်ဖြစ်တယ်။ သူက ယောကျ်ားတကာနဲ့ စည်းမဲ့ကမ်းမဲ့ ဆက်ဆံပြီး တယောက်သောသူဟာတော့ သူဆီကို မှန်မှန်လာနေတဲ့ အပေါင်းအသင်းဖြစ်သတဲ့။ အဲဒီလူဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ဘယ်သူမှ မသိကြပေမယ့် အဲဒီပန်းဆိုင်က မိုနာနဲ့အတူ အလုပ်လုပ်ဖက် မိန်းကလေးတွေအဆိုအရတော့ မသေခင်ကာလအတောအတွင်း မိုနာဟာ သောကဖြစ်ပြီး စိတ်ငယ်နေတဲ့ အသွင်အပြင် ပေါ်နေပြီး တယ်လီဖုန်းကနေပြီး တယောက်ယောက်ကို ဒေါသနဲ့ အပြစ်ဖို့ပြောနေတဲ့စကားတွေကို ကြားကြရသတဲ့။ 'ဒါ ရှင့်တာဝန်ပဲ။ ရှင် ကျွန်မကို ပစ်သွားရင် ကျွန်မ အားလုံး ဖော်လိုက်မှာပဲ' ဆိုတဲ့ စကားမျိုးတွေ ကြားရသတဲ့။ နောက်ဆုံး သေသူအလောင်းကို ခွဲစိတ်ကြည့်ကြတဲ့အခါမှာတော့ သေသူဟာ ကိုယ်ဝန်ရှိနေတယ်ဆိုတဲ့ စိတ်မချမ်းမြေ့စရာကို တွေ့ကြရသတဲ့။ သတ်တဲ့အကြောင်းကတော့ ထင်ရှားပြီ။ ဒီမိန်းမကို သတ်တဲ့သူဟာ ဒီကလေးရဲ့ အဖေပဲ ဖြစ်မယ်ပေါ့။ ငြီးငွေ့သွားလို့လဲ ဖြစ်ချင်ဖြစ်မယ်။ 'ဖော်လိုက်မယ်' လို့ ခြိမ်းချောက်တဲ့အခါကျတော့ တွေ့ဖို့ချိန်းချက်ပြီး သတ်ပစ်လိုက်တာပဲ ဖြစ်မယ်။

အဲသလို သက်သေအထောက်အထားတွေ ရတယ်ဆိုရင်ပဲ ပုလိပ်အဖွဲ့ဟာ သူတို့ အလိုရှိတဲ့လူကို ရအောင် သူတို့ တတ်စွမ်းသမျှ နည်းမျိုးစုံနဲ့ အားထုတ်ကြတော့တာပေါ့။ ဘွန်ဘွန်လို့ လက်မှတ်ထိုးထားတဲ့ အရုပ်ကားပို့စကတ်ရဲ့ ပုံတွေကို သတင်းစာတွေထဲမှာ ထင်ထင်ရှားရှား ကြော်ငြာပြီး အဲဒီပို့စကတ်ပို့သူကို သိကြလျှင် ဝေါ့တလေ ပုလိပ်အဖွဲ့ကို ချက်ချင်းအကြောင်းကြားဖို့ နှိုးဆော်တယ်။ မီးရထားဘူတာရုံတို့၊ သဘော်ဆိပ်တို့မှာလည်း စုံထောက်တွေချပြီး သီတင်းတပတ်နီးနီး အတော် ပိုက်စိတ်တိုက်ပြီး ရှာကြတယ်။ နောက် စက်တင်ဘာလ ဆယ့်သုံးရက်ညမိုးချုပ်ချုပ်မှာ ဟယ်ရီရော်ကာ ဆိုတဲ့ ဘွတ်ကီဒိုင်က စာရေးလေးတစ်ယောက်ဟာ ပုလိပ်မင်းကြီးနဲ့ တွေ့ချင်ပါတယ်ဆိုပြီး အတော်တုန်လှုပ်ချောက်ချားနေရာက သူအစစ်ခံချင်ပါတယ်လို့ ဆိုသတဲ့။ သူက သေသူ အမျိုးသမီးနဲ့ သူနဲ့ ရင်းနှီးခင်မင်တဲ့အကြောင်း၊ အချင်းမဖြစ်ခင် တညက သူနဲ့ သေသူ အတူရှိနေခဲ့ကြောင်း ထွက်ဆိုသတဲ့။ ပြီးတော့ သူက အဲဒီပို့စကတ်ပို့တဲ့ လူကို သူသိတဲ့အကြောင်း ဆက်ပြောသတဲ့။ အဲဒီလူဟာ သူနဲ့ ဘိလိယက် မကြာခဏကစားဖူးသတဲ့။ ပုံဆွဲလဲ အင်မတန်တော်သတဲ့။ လွန်ခဲ့တဲ့ အတော်ကြာဆီက အဲဒီလူကို သူက မိုနာစပါးလိန်းနဲ့ ဆက်ပေးခဲ့ရသတဲ့။ ပြီးတော့ သတင်းစာတွေထဲမှာ ပို့စကတ်ပုံတွေပါလာတော့ အဲဒီ သူ့မိတ်ဆွေက စိတ်ပူပန်နေတဲ့ ပုံနဲ့ သူဆီကိုလာပြီး 'စက်တင်ဘာလရှစ်ရက် ညက ငါ ဘယ်မှာလဲလို့ လူတစ်ယောက်ယောက်ကမေးရင် ရှုဝှဟိုတယ်မှာ မင်းနဲ့အတူ ဘိလိယက်ထိုးနေတယ်လို့ ပြောပါကွာ" လို့ လာပြောသတဲ့။

"ဒါဆိုရင် လုံလောက်ပြီပေါ့၊ ရာဇဝတ်ဝန်ဟာ အင်စပက်တော့ ဆွမ်းနဲ့အတူ ရော်ကာပေးတဲ့ လိပ်စာအတိုင်း မဆိုင်းမတွ သွားကြတော့ သူတို့ အလိုရှိနေတဲ့လူဟာ လွန်ခဲ့တဲ့ တနာရီကမှ လစ်ဗာပူကို သွားတဲ့ အမြန်ညရထားနဲ့ လဲနတ်လမ်းဘူတာက ထွက်ခွာသွားပြီဆိုတာသာ သိကြရသတဲ့။ ဒီတော့ လစ်ဗာပူမှာ အဖမ်းခံရဖို့ကတော့ ပြေးလို့ မလွတ်တော့ဘူးပေါ့။ အဲဒီလူဟာ မင့်အဖေပါပဲ သားရယ်"

တစ်ခန်းလုံး တိတ်ဆိတ်သွားပြန်သည်။ သင်းအုပ်ဆရာလည်း သူ့စားပွဲပေါ်ရှိ ဖန်တကောင်းမှ ရေဖြင့် သူ၏ နှုတ်ခမ်းများကို ဆွတ်လိုက်၏။ ပြီးမှ မျက်မှောင်ကြုတ်လျက် ဆက်ပြောလေသည်။

"အခိက မျက်မြင်သက်သေဖြစ်တဲ့ အဲလဘတ်ပရပ်စတီဟာ အဲဒီအချိန်မှာ သူကလဲ ဆေးလိပ်ရောင်းတဲ့သူ ဆိုတော့ ပန်းနာသည်ကိုး။ သူက ပန်းနာထပြီး အိပ်ရာထဲလဲနေတော့ ကျန်တဲ့ မျက်မြင်သက်သေနှစ်ယောက်ကိုပဲ ချက်ချင်း လစ်ဗာပူးကို ရာဇဝတ်ဝန်နဲ့ အင်စပက်တော်ဆွမ်းတို့ကခေါ်သွား၊ ဟိုမှာ လူတစ်ဒါဇင်လောက် တန်းစီပြီးပြတော့ သူတို့က မဆိုင်းမတွဘဲ အခင်းဖြစ်တဲ့ညက သူတို့ မြင်လိုက်တဲ့ လူပဲဆိုပြီး မင့်အဖေကို ဆွဲထုတ်ပြကြသတဲ့။ သူတို့မှတ်မိပုံကလဲ အတော့်ကို သေချာကြတာပဲ။ အက်ဒဝပ်ကောလင်းကဆိုရင် 'အမယ်လေး ဘုရားကယ်တော်မူပါ၊ အဲဒီလူပါပဲ' လို့ဆိုသတဲ့။ သူ့နှမကောင်မလေးကလဲ သူမှာ အင်မတန်ဝန်လေးတဲ့ ကိစ္စကြီးဆောင်ရွက်နေရတော့ စိတ်တွေ သိပ်ချောက်ချားနေရာက 'သူ့လည်ပင်းကို ကြိုးကွင်းစွပ်ရမယ်ဆိုတာကိုတော့ သိပါတယ်၊ ဒါပေမဲ့ ဒီလူ ဟုတ်ပါတယ်' လို့ ငိုယိုရင်းပြောသတဲ့။

"သတ်တဲ့လူကို လူအများကလဲ သိပ်စိတ်ဆိုးနေကြတော့ အကျဉ်းသမားရဲ့ လုံခြုံမှုအတွက် သူ့ကို တောင်ဘက်သွားတဲ့ ရထားပေါ်က ဘားဘရစ်ဘူတာမှာချပြီး အလုံပိတ်တဲ့ အချုပ်ကားနဲ့ ဝေါ့တလေအကျဉ်းထောင်ကို ပို့လိုက်ကြရသတဲ့ ပေါလ်ရယ်။ အခု ကျုပ်ပြောပြနေတာတွေဟာ မင့်အဖို့ ရင်နင့်စရာတွေပဲဆိုတာ ဘုရားသိပါတယ်။ အမှုကို ဝေါ့တလေတရားခုံရုံး အမတ်ကြီးအိုမန်ရဲ့ ရုံးတော်မှာ ဒီဇင်ဘာ ဆယ့်ငါးရက်နေ့မှာ စပြီးစစ်တယ်။ အဲဒီနေ့ရက်တွေတုန်းက တို့တတွေ ဘယ်လောက် စိတ်ပင်ပန်း ဆင်းရဲခဲ့ကြသလဲဆိုတာ မပြောတတ်ဘူး။ အစိုးရရှေ့နေက သက်သေတွေကို တစ်ယောက်ပြီးတစ်ယောက်ခေါ်ပြီး ပြစ်မှုထင်ရှားကြောင်း ထွက်ဆိုခိုင်းတယ်။ မင့်အဖေရဲ့ သံသေတ္တာထဲရှာကြတော့ ပြစ်မှုကျူးလွန်ရာမှာ သုံးတဲ့လက်နက်ဖြစ်တယ်လို့ ကျွမ်းကျင်သူ ဆေးအမှုထမ်းများက သက်သေခံတဲ့ သင်ဓုန်းဓားတစ်လက်ကိုလဲ တွေ့ကြရသတဲ့။ မီးကျွမ်းပြီး တစ်ပိုင်းပျက်နေတယ်ဆိုတဲ့ သေသူအမျိုးသမီးရဲ့ အခန်းထဲက တွေ့တဲ့စာဟာလည်း လက်ဝဲဖက်လက်နဲ့ရေးတဲ့ မင့်အဖေရဲ့ လက်ရေးပဲလို့ လက်ရေးပါရဂူတွေက အစစ်ခံကြတယ်။ သူ့ကို ပန်းဆိုင်ထဲမှာ

ပန်းဝယ်ရင်း မိုနာစပါးလိန်းနဲ့ ပြုံးကာရယ်ကာ စကားပြောနေတာကို မြင်ကြတဲ့လူတွေများတယ်။ ဒီလိုနဲ့ပဲ အမှုစစ်သွားလိုက်တာ သူ အာဂျင်တီးနားကို ထွက်ပြေးဖို့ အားထုတ်တာတို့၊ သူ့ကိုဖမ်းစဉ်က ပုလိပ်ကိုခုခံတာတို့ဟာ သူ့အပေါ် အပြစ် ကြီးလေးစေတော့တာပဲပေါ့။ အဆိုးဆုံးကတော့ ရော်ကာနဲ့ ပင်းပြီး အချင်းဖြစ်တဲ့ညက သူ တခြားမှာ ရှိပါတယ်ဆိုတဲ့ အချက်ကို လိမ်လည်ပြဖို့ ကြိုးစားမှုပဲ။ သူကို စစ်တဲ့အခါကျတော့လဲ သူဟာ သူအတွက်ကိုပဲ အပြစ်ကြီးလေးအောင် လုပ်သလို ဖြစ်ရတယ်။ ရှေ့စကားနောက်စကားလဲ မညီညွတ်၊ စိတ်တိုပြီး တရားသူကြီးကိုတောင် အော်ဟစ်လုပ်တဲ့အပြင် အချင်းဖြစ်တဲ့ညက သူ ဘယ်မှာ ရှိနေတယ်၊ ဘာလုပ်နေတယ်ဆိုတာတောင် အမြီးအမောက်တည့်အောင် မပြောတတ်ဘူး။ အဲဒီညက သူ ရုပ်ရှင်ကြည့်နေပါတယ်လို့လဲ ပြောရဲ့၊ ဒါပေမဲ့ အစိုးရရှေ့နေက စစ်မေးလိုက်တဲ့အခါ သူပြောတာတွေက လူရယ်စရာဖြစ်နေတာပေါ့။ အဲသလို အမှောင်ထုထဲမှာ သူ့ဘက်က အလင်းရောင်ဆိုလို့ အဲလဘတ်ပရပ်စတီဆိုတဲ့ သက်သေတစ်ယောက်ပဲ ရှိတယ်။ ပရပ်စတီကတော့ မင့်အဖေဟာ အဲဒီအိမ်ခန်းထဲက ထွက်ပြေးသွားတဲ့လူနဲ့ တူသလိုလိုရှိပေမဲ့ အဲဒီလူဟာ သူပါပဲဆိုတာတော့ သူက ကျမ်းကျိန်ပြီး မထွက်ဆိုနိုင်ဘူးလို့ ပြောတယ်။ ဒါပေမဲ့ ပရပ်စတီဟာ မျက်စိသိပ်မကောင်းတာရယ်၊ ဆစ်ပိုင်းပြီးမေးတဲ့အခါမှာ သူ့ကို ကောလင်းတို့၊ လူဝီဇာဘတ်တို့နဲ့အတူ လစ်ဗာပူကို ခေါ်မသွားတဲ့အတွက် မကျေနပ်တာရယ်ကြောင့် ဒီလို ထွက်ဆိုတယ်လို့ ယူဆကြတယ်။

"တရားသူကြီးရဲ့ကောက်ချက်ကတော့ တရားခံပေါ်မှာ အပြစ်ပုံကျတော့တာပေါ့။ ဒီဇင်ဘာလ နှစ်ဆယ့်သုံးရက်နေ့ မွန်းလွဲ သုံးနာရီမှာ ဂျူရီတွေ စဉ်းစားခန်းဝင်တယ်။ သူတို့ဝင်သွားပြီး မိနစ်လေးဆယ်ကြာတော့ "တရားခံမှာ အပြစ်ရှိတယ်" ဆိုတဲ့ အဆုံးအဖြတ်ပေးကြတယ်။ အဲဒီအချိန်မှာ တရားစီရင်တဲ့ ရုံးခန်းထဲမှာ ကျုပ်ရှိနေတယ်။ မင့်အမေကတော့ သိပ်နေမကောင်းဖြစ်နေတော့ မလိုက်နိုင်ဘူး။ အဲဒီနေ့က အမတ်ကြီးအိုမန်က ဦးထုပ်အနက်ကြီးကို စွပ်ပြီး မင့်အဖေကို သေဒဏ်စီရင်ချက်ချလိုက်ပုံကို ကျုပ်ဖြင့် သေသည်အထိ မေ့မယ်မထင်ဘူး။ မင့်အဖေဟာ သူ့ကိုလာပြီး ဆွဲခေါ်သွားတဲ့ အစောင့်အကြပ်တွေရဲ့လက်ထဲမှာ ရုန်းရင်းကန်ရင်းနဲ့ "ဘုရားသခင်ဆိုတာ မရှိဘူး၊ ခင်ဗျားတို့ရဲ့ ကရုဏာဆိုတာတွေ၊ ဘုရားသခင့် ကရုဏာဆိုတာတွေဟာ အလကား။ ကျုပ်ဘာမှ မလိုချင်ဘူး" လို့ အော်ဟစ်ဆဲဆိုသွားတယ်။

"ပေါလ်ရေ၊ ဘုရားသခင်ကို မထီမဲ့မြင် ပြောဆိုသွားတာကတော့ နည်းနည်းနောနော မဟုတ်ဘူးကွယ်။ ဒါပေမဲ့ သူ ဆဲသမျှကို ဘုရားသခင်ကတော့ မဟာကရုဏာတော်အပြည့်နဲ့ တုန့်ပြန်ပြလိုက်သလိုပဲ။ ဘယ်သူမှ မမျှော်လင့်ရဲတဲ့အချိန်မှာမှ ပြည်ထဲရေးဌာန အတွင်းဝန်ကြီးဟာ အဲဒီအချိန်မှာ သတ္တဝါတွေကို သနားစာနာစိတ်တွေ ဝင်နေလို့လားတော့ မပြောတတ်ဘူး။ မင့်အဖေကို တစ်သက်တစ်ကျွန်း အပြစ်ဒဏ်နဲ့ လဲပေးပြီး စတုန်းဟိသ်အကျဉ်းထောင်ကို ပို့ပေးလိုက်တယ်"

သင်းအုပ်ဆရာ၏ စကားပြောသံတိတ်သွားလျှင် အခန်းတွင်း၌လည်း တိတ်ဆိတ်ငြိမ်သက်၍ သွားလေတော့သည်။ တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းမဆုံမိကြရန် မျက်နှာလွှဲထားကြသည်။ ပေါလ်မှာ သူ၏ ကုလားထိုင်ထဲတွင် ခါးခေါက်၍ ဝင်လျက် သူ့လက်ထဲရှိ စိုထိုင်းနေသော လက်ကိုင်ပုဝါဖြင့် သူ့နဖူးကို သုတ်လိုက်သည်။

"အသက်ရှင်လျက်တော့ ရှိသေးတယ်ပေါ့"

"ရှိတယ်"

"သူ ဟိုကို ရောက်သွားကထဲက သူ့ကို ဘယ်သူမှ မတွေ့ကြတော့ဘူးပေါ့"

သင်းအုပ်ဆရာက သက်ပြင်းကြီး ချလိုက်၏။

"ပထမတော့ ထောင်ထဲက ဘုန်းကြီးကတဆင့် ကျုပ် သူနဲ့ တွေ့ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ကျုပ်က အဲသလိုစီစဉ်တာကို သူက ရိုင်းရိုင်းစိုင်းစိုင်းလို့ ဆိုရလောက်အောင်ပဲ ခါးခါးသီးသီးငြင်းဆန်လေတော့ ကျုပ်လဲ

ဆက်မလိုက်ရတော့ဘူး ပေါလ်ရယ်။ မင့်အမေကတော့ မင့်အဖေဟာ သူ့အပေါ်မှာ အတော်ရက်ရက်စက်စက် ပြုမူသွားတယ်ရယ်လို့ ယူဆတယ်။ ပြီးတော့ မင့်အတွက်လည်း စဉ်းစားရသေးတယ်။ မင့်အကျိုးအတွက်ပဲ သူ့ရဲ့ ငယ်ရွယ်သေးတဲ့ ဘဝစာအုပ်ကြီးထဲက ဒီထိတ်လန့်စရာ စာမျက်နှာတွေကို ဖျောက်ဖျက်ပြစ်လိုက်တာ ကောင်းတယ်လို့ ဆုံးဖြတ်လိုက်ရရှာတယ်။ သူ အောင်မြင်တာ မအောင်မြင်တာကတော့ အရေးမကြီးလှပါဘူးလေ။ မင်းဟာ ဒီဟာတွေကို သိလာရတဲ့အခါ ကြံ့ကြံ့ခံနိုင်လောက်အောင် စိတ်ခိုင်မယ်လို့ ယူဆတဲ့အတွက် မင်းကို မဟုတ်တဲ့စကားတွေနဲ့ လှည့်စားမထားတော့ဘဲ အားလုံးပြောပြလိုက်ရတာပဲ။ ဒါ အခုပြီးပြီ၊ မင့်စိတ်ထဲမှာ အားလုံးရှင်းပစ်လိုက် စေချင်တယ်။ မင်းဟာ ကိုယ့်ဘဝ ကိုယ့်ကြမ္မာ ကိုယ့်ဖာသာ ဖန်တီးရမယ့်လူ ဖြစ်လာပြီ။ မင့်မှာ နေရမယ့် ရက်တွေ အများကြီးရှိသေးတယ်။ မင်းရှေ့ကို ဆက်သွားရမယ်။ အခု မင့်ကို ကျုပ်ပြောခဲ့တဲ့အကြောင်းတွေဟာ ဘယ်တော့ကမှ မဖြစ်ခဲ့ဘူးလို့ ယူဆပြီး ရှေ့ရေးကို ယုံယုံကြည်ကြည် တွေးရုံတင်မက နောက်နောက်ကအကြောင်းတွေကိုပါ မေ့ထားပြီး ဆက်သွားရမယ်၊ ဆက်သွားရမယ်”

*

## အခန်း – ၄

ဖလဲမင်း၏ စာကြည့်ခန်း၌ တွေ့ဆုံကြပြီးသည့်နောက် တစ်ပတ်ကြာခဲ့၏။ တနင်္ဂနွေနေ့ ညနေ မာရီယန်ကျမ်းစာ သင်တန်းပြီးချိန်ဖြစ်၏။ ကလေးများလည်း ထွက်ခွာသွားကုန်ကြပြီ။ အယ်လာသည် အပြာရောင်ဝတ်စုံ အကောင်းဆုံးကို ဝတ်ဆင်ကာ အပြာရောင်ဖဲပြားကွပ်ထားသော မြက်ဦးထုပ်အသစ်ကို ဆောင်းလျက် ခန်းမကြီးအထွက်မှ ရပ်၍ ပေါလ်အားစောင့်ဆိုင်းနေလေသည်။ ပေါလ်သည် သူ့စားပွဲခုံမှ ခပ်တောင့်တောင့်ထခဲ့ကာ ခုံလွတ်များကို ဖြတ်၍ အယ်လာထံလာခဲ့သည်။ ဤအလုပ်ကို သူ့အမေအား နှစ်သိမ့်ရုံ ဝင်လုပ်ခဲ့သည် ဆိုရသော်လည်း အတွေ့အကြုံကိုတော့ သူလည်း သဘောကျပါသည်။ မာရီယန်လမ်းထဲမှ ဉာဏ်ထက်မြက်သည့် ခလေးများကို ကြည့်၍ သူပြုံးရသည်။ သို့ရာတွင် ယနေ့အဖို့တော့ သူ၏ဦးနှောက်ကလည်း မကြည်မလင်၊ ညစဉ်ညဆက် အအိပ်ပျက်ခဲ့သည်ကလည်း များပြီဖြစ်၍ ယနေ့သင်တန်းမည်သို့ ပြီးသွားသည်ကိုပင် သူမသိခဲ့။

အယ်လာက သူ့အား အကင်းပါးစွာ နှုတ်ဆက်သည်။

“ဒီကနေ့တော့ စန္ဒယားမတီးချင်ပေဘူးလို့ ထင်တယ်။ ဒါပေမဲ့ နေသာတာနဲ့ အတော်ပါပဲ။ လမ်းလျှောက်ထွက်ချင်ရင် ထွက်ကြတာပေါ့”

ခါတိုင်း ယခုကဲ့သို့ တနင်္ဂနွေနေ့ ညနေဘက် လမ်းလျှောက်မထွက်ကြခင် ပေါလ်သည် ချိုရွှင်သောအမူအရာဖြင့် စန္ဒယားခုံတွင်ထိုင်ကာ အယ်လာအား တီးပြရမြဲဖြစ်၏။ ပေါလ်က စန္ဒယားတီးရာတွင် သာမန်ထက်တော်သည်။ သူ့အကြိုက် မဟုတ်စေကာမူ အယ်လာ ဘာကြိုက်တတ်သည်ကို သိသည်။ အယ်လာ၏ အကြိုက်ကလည်း သိပ်တော့ ကျယ်ကျယ်ပြန့်ပြန့်ကြီး မဟုတ်လှ။ ယနေ့အဖို့ကတော့ ဤဖျော်ဖြေမှုမျိုးကို သူ မတတ်နိုင်တော့။ တကယ်ပြောရလျှင် သူမှာ လမ်းလျှောက်ပင် တယ်မထွက်ချင်တော့။ သို့သော် အယ်လာက သူ့အား အာရုံပြောင်းစေချင်၍ ပြောနေခြင်းဖြစ်သည်ဟု အောက်မေ့ကာ ဘာမှ မကန့်ကွက်လိုက်တော့။

အယ်လာက ပေါလ်၏ လက်မောင်းကို မသိမသာ ပိုင်စိုးပိုင်နင်းကလေး ဖိ၍ ကိုင်ခဲ့၏။ ပေါလ်ကလည်း အော်မိုးပန်းခြံဆီမှန်း၍ လမ်းအတိုင်းခေါ်လာခဲ့သည်။ သူတို့အနည်းငယ် စော၍ နေသေးသော်လည်း ပန်းခြံထဲတွင် လေညင်းခံလမ်းလျှောက်ကြသူများ အနှံ့အပြား ရောက်နေကြပြီဖြစ်၏။ အမျိုးသမီးများက သူတို့၏ ဝတ်ကောင်းစားလှများကို ပြစားလျက်၊ အမျိုးသားများကလည်း လူကြီးလူကောင်းများ ဟိတ်ဟန်ဖြင့် ဥပုသ်သည်သဏ္ဍာန် ဣန္ဒြေယူကာ မိမိတို့ကိုမိမိတို့ ကျေနပ်နှစ်သိမ့်၍ နေကြ၏။ တွေ့မြင်နေကျ ဤမြင်ကွင်းသည် ပေါလ်အား သည်တစ်ခါတော့ စိတ်အနှောက်အယှက်ပင် ဖြစ်စေလျက်ရှိသည်။ ပန်းခြံအဝင်တံခါးများကို သူတို့ဖြတ်သွားစဉ် ပေါလ်က ညှစ်ထုတ်ရသောလေသံဖြင့် "ဒီနေရာမျိုးကို တယ်မလာချင်ဘူး" ဟု ခပ်တိုးတိုး ပြောလိုက်သည်။

ဤစကားကြောင့် အယ်လာ စိတ်မကောင်း ဖြစ်သွားဟန်တူသည်။ သို့သော် သူ ဘာမှတော့ မပြော။ သူ့မှာ လေးလေးနက်နက် ချစ်နိုင်မုန်းနိုင်သော သဘာဝသတ္တိမရှိသော်လည်း ရှိသမျှသော သူ့အချစ် သူ့မေတ္တာကိုတော့ ပေါလ်၏အပေါ်တွင်သာ စုထားခဲ့သည်မှာ ကြာလေပြီ။ သို့သော် သူ့မှာ လူပြောသူပြောကို ဂရုစိုက်ရလွန်း၍ ဤမျှကိုပင် ရဲရဲပြခွင့်မရ။ ပေါလ်ကိုယ်တိုင်ကလည်း အယ်လာအား ရင်းနှီးသည့်အဖော်အဖြစ် လက်ခံထားသည့်တိုင်၊ သူ့အမေက တစ်ခါတစ်ရံ စကားကျီစယ်သလို စကားရိပ်ဖြင့် အားပေးအားမြှောက် လုပ်တတ်သည့်တိုင် အယ်လာနှင့်ဆက်ဆံရာတွင် အမှုမဲ့အမှတ်မဲ့ပင် နေလာခဲ့သည်။ လွတ်လပ်ဖော်ရွေစွာ နေတတ်သည့် သူ့စရိုက်နှင့် နေရာတကာတွင် ဘာသာတရားကိုင်းရှိုင်းမှုက ပေါ်လွင်လျက် အနေကြံ့လှသော အယ်လာတို့၏ စရိုက်အသွင် မတူကြသည်ကိုလည်း သူ သတိပြုခဲ့မိဟန် မတူချေ။ မည်သို့ဆိုစေ၊ အယ်လာကတော့ ဤကိစ္စကို သေချာပြီး သဘောထားလေသည်။ ရှေ့ရေးတွေးတော စီမံသမျှတို့သည် ဤသဘောထားပေါ်တွင် မူတည်သည်။ ပေါလ်က လူတော်၊ သူက အိမ်ရှင်မကောင်း။ နှစ်ယောက်ပေါင်းသော် သူရော ပေါလ်ပါ လူရာဝင်လျက် အခြေအနေ တိုးတက်မြင့်မားလာရမည်ဟု မျှော်မှန်းထားသည်။ ယခုပင်လျှင် ပေါလ်သည် ပညာတတ်လူတန်းစားတို့၏ အလယ်တွင် တင့်တယ်လျက် နောက်ဆုံးတွင် အထက်လွှာမှ ထင်ရှားသော အသိုင်းအဝိုင်း၌ သူတို့ကျင်လည် ကျက်စားနိုင်ကြသည်အထိ သူ၏ သြဇာရိပ်က လွှမ်းမိုးစ ပြုနေပြီကို သူမြင်ရလေသည်။

ဤအကြောင်းများကြောင့် မကြာမီက ပေါ်ပေါက်ခဲ့သည့် ကိစ္စသည် သူ၏ ဂုဏ်မာနကို များစွာထိခိုက်စေလေသည်။ ပေါလ်မည်မျှပင် ထိခိုက်ရသည်ကိုလည်း သူသိပါသည်။ သို့ရာတွင် ဤကိစ္စကို မေ့မေ့ပျောက်ပျောက် ထားနိုင်ပါလျက် ပေါလ်က ဘာကြောင့် မထားနိုင်ရမည်နည်း။ ဤကိစ္စသည် သိပ်ထိခိုက်နိုင်သည့် ကိစ္စမဟုတ်။ မေ့ပျောက်နေပြီးကိစ္စ၊ အနည်းငယ်မျှ သတိထားနေလျှင် ဘယ်သူမှ တစွန်းတစပင် သိကြမည့်ကိစ္စမဟုတ်ဟု အယ်လာက သဘောထားသည်။ ယခု ပေါလ်က မမေ့နိုင်မပျောက်နိုင် ဖြစ်နေသည်ကို တွေ့ရသောအခါ သူ၏ ကရုဏာတွင် ဒေါသပါ နောက်လိုက်သကဲ့သို့ ဖြစ်ရလေ၏။ သူ့မှာ ထိန်းသိမ်းထားနိုင်သော်လည်း ဒေါသတော့ရှိသည်။ ပေါက်ကွဲတတ်သော ဒေါသမျိုးကား မဟုတ်။ အတွင်းကျိတ် အုံ့ပုံးဒေါသ၊ ယခုအခိုက်အတန့်၌ပင် ပေါလ်က ဆက်ပြောလိုက်သည့်စကားများကို ကြားရတော့ သူ့မှာ သူ့ဒေါသကို အတော် ကြိုးစားပမ်းစား ထိန်းထားရလေသည်။

ပေါလ်က သူ့အား အတွင်းကျိတ် နှိပ်စက်လျက်ရှိသော အတွေးများကို ရှက်ရှက်နှင့် ဖော်ထုတ်ပြလိုက်သလို "ကိုယ်ဟာ တချိန်လုံး အလိမ်အညာတွေနဲ့ နေလာခဲ့သလိုဖြစ်နေတယ်" ဟု သူကဆိုသည်။ "ကိုယ့်ကိုကိုယ် ဘားဂျက်ဆိုတဲ့ နာမည်နဲ့လည်း ဆက်မနေနိုင်တော့ဘူး။ ကိုယ့်နာမည်ဟာ မက်ထရီ၊ ပေါလ်မက်ထရီ။ ဒီနာမည်ကို မသုံးရင် ကိုယ်ဟာ လူလိမ်လူညာ။ သုံးပြန်ရင်လဲ သွားလေရာမှာ လူတကာက လက်ညှိုးထိုးပြီး အဲဒါ မက်ထရီရဲ့သား၊ သူ့အဖေက ဘယ်သို့ဘယ်ညာနဲ့ တီးတိုးပြောကြ ကဲ့ရဲ့ကြမှာပဲလို့ ကိုယ့်စိတ်က မသန့်"

အယ်လာက "ပေါလ်ရယ်၊ တော်ပါတော့။ ကိုယ့်စိတ်ကို ဒါလောက် မညှဉ်းဆဲပါနဲ့တော့။ ဒါဘယ်သူမှ သိဖို့လိုတာ မဟုတ်ပါဘူး" ဟု ဖြတ်၍ ပြောလိုက်သည်။

ပေါလ်က သူ့ရှေ့က ကျောက်စရစ်ခင်းလမ်းကို စူးစိုက်ကြည့်ကာ ဆက်လျှောက်ခဲ့ရင်း "လူတွေမသိကြပေမယ့် ကိုယ်သိတယ်။ ဟုတ်တယ်။ ကိုယ့်ကို ဘယ်သွားထားမလဲ။ ကိုယ်က ဘာလုပ်ရမှာလဲ" ဟု ပြောသည်။

"အားလုံး မေ့ပစ်လိုက်ပေါ့"

"မေ့ပစ်လိုက်ရမယ်၊ ဟုတ်လား" ဟု ပေါလ်က မဖြစ်နိုင်သည်ကို ကြားရသလို ပြန်မေးသည်။

အယ်လာကလည်း စိတ်မရှည်တော့သလို "ဒါပေါ့။ ဒါ အလွယ်ကလေးပဲ။ ဒီဟာကို မတွေးနဲ့တော့ပေါ့။ ဒီ မက်ထရီဆိုတဲ့လူအကြောင်းကို တစ်ခါထဲ ခေါင်းထဲက ဖျောက်ပစ်လိုက်ရုံပေါ့" ဟု ပြောလိုက်၏။

"ကိုယ့်အဖေကို အဖေမတော်ဘူးလို့ လုပ်ရမှာလား"

"အဖေပေမဲ့ ဂုဏ်ယူလောက်စရာ အဖေလား"

"သူ ဘာပဲလုပ်ခဲ့လုပ်ခဲ့၊ သူ့အပြစ်ကို သူခံရပြီပဲ။ သူ့အသက်တစ်ဝက်လောက်ဟာကို သူ့ခမြာ ထောင်ထဲ ထည့်အပိတ်ခံနေရရှာပြီပဲ။ လူတွေက သောက်အလကား"

"အယ်လာက မောင့်တစ်ယောက်အတွက်ပဲ စဉ်းစားပါတယ်။ အယ်လာရှေ့မှာ အဲသလို ရိုင်းတဲ့စကားတွေ လာပြောမနေပါနဲ့"

"ကိုယ် ဘာမှ မပြောရပါလား အယ်လာ"

"ပြောပါတယ်" အယ်လာလည်း ဟန်ဆောင်မထားနိုင်တော့သလို မျက်နှာများ နီမြန်းလျက် "ဒီစကားမျိုး အမျိုးကောင်းသမီးတွေရှေ့မှာ ပြောရင် ဘယ်သူမှ သည်းမခံနိုင်ဘူး။ မောင်ဟာ ခွင့်မလွှတ်နိုင်တဲ့ အပြုအမူမျိုးကို ပြုတာပဲ" ဟု ဆိုလိုက်သည်။

"အယ်လာက ဘယ်လို ပြုမူစေချင်လို့လဲ"

"ယဉ်ယဉ်ကျေးကျေးပေါ့။ ဒီကိစ္စ မောင်နဲ့ သက်ဆိုင်သလို အယ်လာနဲ့လဲ သက်ဆိုင်တာပဲဆိုတာ မောင် နည်းနည်းမှ နားလည်ပုံမပေါ်ဘူး"

"ဩော် အယ်လာရယ်။ အခုလို အချိန်အခါမျိုးမှာ ကလေးလို လာလုပ်မနေစမ်းပါနဲ့"

အယ်လာသည် ပေါလ်အပေါ်တွင် ဩဇာလွှမ်းမိုးလိုသည့် ဆန္ဒပြင်းပြနေရာက ယခုကဲ့သို့ အပြောခံရသောအခါ နာကျည်းစိတ်များကို ထိန်းသိမ်း၍မရတော့ပဲ ရုတ်တရက် ရပ်လိုက်၏။ သူ့မျက်နှာမှာလည်း ညိုပုပ်လျက်၊ သူ၏ မျက်လုံးများမှာလည်း ဒေါသမျက်ရည်များဖြင့် ပြည့်လာကြသည်။

"မောင် အဲသလောက် စိတ်တိုနေရင်တော့ အယ်လာ မောင်နဲ့ဆက်လျှောက်နေစရာ အကြောင်း ဘာမှ မရှိဘူးထင်တယ်"

ခဏမျှ တိတ်ဆိတ်နေ၏။ ပေါလ်လည်း အယ်လာအား မထုံတတ်တေး ကြည့်နေလိုက်သည်။ သူ့ခေါင်းထဲတွင် အခြားတွေးစရာတွေ များလျက်ရှိလေသည်။

“အယ်လာ သဘောပါပဲ”

သူ့စကားနှင့်သူ ပြန်၍ သဘောပါပဲဟု အပြောခံရတော့ အယ်လာမှာ သာ၍ ဒေါသဖြစ်လာကာ မျက်ရည်များ ကျမလာစေရန် နှုတ်ခမ်းကို ကိုက်၍ ထိန်းသိမ်းလိုက်ရ၏။ ပေါလ်ကလည်း သူ့ကိုတားရန် အားမထုတ်သဖြင့် သူကယဲ့ယဲ့ကလေး ပြုံးပြလိုက်သည်။ သူ့အပြုံးကား အပြစ်တင်စရာ၊ စိတ်ဆိုးစရာတို့ကို မေတ္တာဖြင့် သည်းခံလိုက်ရသည့် အပြုံးမျိုး။ ရှေးခရစ်ယန် မိန်းမပျိုကလေးများ ရင်သားကို သံပူညှပ်ဖြင့်ဆွဲ၍ ညှဉ်းဆဲသည်ကိုခံရတော့ ပြုံးသည့် အာဇာနည်သူတော်စင်တို့၏ အပြုံးမျိုး။

“ကောင်းပြီလေ။ အခု အယ်လာ ဒီကလှည့်ပြီး အိမ်ကို ပြန်တော့မယ်။ အခုအတွက်တော့ ဒါ နှုတ်ဆက်တာပဲပေါ့။ နောက်တစ်ခါ ပြန်တွေ့ကြတဲ့အခါ မောင် ဒီထက် စိတ်ကောင်းဝင်နေလိမ့်မယ်လို့ မျှော်လင့်ပါတယ်”

အယ်လာသည် ချာခနဲလှည့်ကာ ခေါင်းကို လေထဲတွင်မော့လျက် အရှက်တကွဲဖြစ်အောင် အပြုခံရသူ၏ပုံဖြင့် ထွက်သွားလေ၏။ ပေါလ်လည်း တစ်ခဏမျှ အယ်လာထွက်သွားရာသို့ ငေးကြည့်ကာ ဘာမှမဖြစ်လောက်သည့် ကိစ္စနှင့် အထင်လွဲအမြင်လွဲဖြစ်ရသည်ကို စိတ်မကောင်း ဖြစ်နေမိ၏။ သို့ဆိုစေကာမူ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သည့်အတွက်ကား များစွာ စိတ်သက်သာရာ ရလျက်ရှိ၏။ အယ်လာ သူ့မြင်ကွင်းမှ ပျောက်သွားတော့မှ သူလည်း အခြားတစ်ဖက်သို့ တစ်လှမ်းချင်း လျှောက်၍ ထွက်သွားလေ၏။

သူ့အဖို့ အိမ်သို့ပြန်ရန် ဝန်လေးလျက်ရှိသည်။ အိမ်ရောက်လျှင် စိုးရိမ်တကြီး အသနားခံနေသည့်အသွင်ဖြင့် သူ့အမေအား တွေ့ရမည်ကို သူစိတ်မခိုင်။ စကားတိုးတိုးပြောရခြင်း၊ ဖိနပ်ချွတ်ထားရခြင်း၊ ညနေခင်း အေးအေးလူလူ စိတ်ချလက်ချ ချမ်းသာစွာနေရခြင်းစသည့် အိမ်၏ စည်းစိမ်တို့ကို သူ တိမ်းရှောင်ချင်နေသည်။

သူ့အမေ၏အပေါ်တွင် သူ သဘောထားတစ်မျိုးပြောင်းလဲလိုက်ပုံမှာ ဆန်းလှချေ၏တကား။ သို့ရာတွင် အကြောင်းယုတ္တိမရှိဘဲ သူ၏မသိစိတ်က သူ့အဖေပေါ်တွင် ထားမိသော သဘောထားက ပိုဆန်းလေသည်။ တကယ်ဆိုသော် သူ့အဖေသည် သူ့အား စိတ်မချမ်းမသာဖြစ်စေသည့် ရာဇဝတ်ကောင်။ သို့စင်လျက် ပေါလ်သည် သူ့အဖေကို မမုန်းနိုင်။ မမုန်းနိုင်ရုံမက သူ အိပ်၍မပျော်ခဲ့သောညများတွင် သူ့အဖေအကြောင်းများကို စဉ်းစားရင်း ထူးထူးခြားခြား သနားကရုဏာသက်၍ နေခဲ့မိလေသည်။ ထောင်ထဲတွင် ဆယ့်ငါးနှစ်၊ ဘယ်လိုလူမျိုးအတွက်ဖြစ်ဖြစ် ဤအပြစ်ဒဏ်သည် လုံလောက်သင့်ပြီ မဟုတ်လား။ ဝိုးတဝါးပင် ဖြစ်စေဦးတော့။ သူ့စိတ်ထဲတွင်စွဲနေသော သူ၏ကလေးဘဝက အကြောင်းများသည် သူ၏ရင်ထဲတွင် ပြည့်လျှံ၍ တက်လာပြန်သည်။ တကယ်သိမ်မွေ့လှသော ယုယမှုများကို သူ့အဖေထံမှ အမြဲရခဲ့ပြီး သူ့အပေါ်တွင် သူ့အဖေက တစ်ခါတလေမျှ တင်းမာရက်စက်ဖူးသည်ဟု မမှတ်မိခဲ့။ ဤအကြောင်းများကို တွေးမိတော့ သူ၏ မျက်လုံးများတွင် မျက်ရည်များ အိုင်၍လာလေသည်။

သူသည် လမ်းလျှောက်ရင်းပင် မြို့တော်ကြီး၏ ဆင်းရဲသားရပ်ကွက်ဖြစ်သော ဒိုနီဂယ်သင်္ဘောဆိပ်ဘက်သို့ ရောက်ခဲ့လေသည်။ သူကိုယ်တိုင်လည်း မသိဘဲ ထူးဆန်းသော သူ၏အတွင်းစိတ်က နှိုးဆော်သဖြင့် ဤနေရာသို့ ရောက်လာခဲ့ခြင်းဖြစ်၏။ ကျောက်တုံးကလေးများခင်းသည့် သင်္ဘောဆိပ်ကမ်းတွင် ရှုပ်ပွနေသော ကုန်ထုပ်များ၊ အိတ်များနှင့် အလုပ်သမား လှည်းတွန်းသမားများ၏ အကြားမှဖြတ်၍ သံလမ်းများကို ကျော်ကာ ခေါင်းငိုက်စိုက်ဖြင့် သူလျှောက်လာခဲ့သည်။

ပင်လယ်ဆီမှ တအိအိချင်း ဝင်လာနေသော ညနေခင်းမြူမှုန်များသည် ဆိပ်ကမ်းဘက်ရေနက်ဆီမှ တက်လာသော ဆားငွေ့တို့နှင့်ရောကာ သင်္ဘောရွက်တိုက်များ၊ ဝန်ချီစက်များကို မှုန်ဝါးဝါးဖြစ်စေလျက်ရှိ၏။ အပြင်ဘက် ရေကာတာရိုးဆီမှ မြူအန္တရာယ်အချက်ပေးဥသြသံသည် ကြေကွဲဖွယ်ရာ မြည်စပြုလျက်ရှိ၏။

နောက်ဆုံးတွင် ကုန်ရုံများအကြားရှိ ကုန်ထုပ်ပုံများက ရှေ့ကဆီးနေသဖြင့် သူလည်း ကုန်ထုပ်သေတ္တာတစ်ခုပေါ်တွင် ဝင်၍ထိုင်လိုက်သည်။ သူ၏မျက်နှာချင်းဆိုင်တွင်ကား ကုန်သင်္ဘော ခပ်အိုအိုကလေးတစ်စင်းသည် ဒီရေကိုစောင့်၍ ထွက်ရန်ပြင်ဆင်လျက်ရှိ၏။ ထိုသင်္ဘောကလေးမှာ အိုင်ယာလန်ရေလက်ကြားကိုဖြတ်၍ အိုင်ယာလန်နှင့် အင်္ဂလန် ကူးသန်းနေသော အဗိုကာမြစ်ဝှမ်းအမည်ရှိသော ကုန်တင်သင်္ဘောကလေးဖြစ်သည်ကို သူမှတ်မိသည်။ တစ်ခါတစ်ခါ ဤကုန်သင်္ဘောကလေးသည် ကုန်းပတ်စီးခရီးသည်များ တင်ဆောင်သွားလေ့ရှိ၏။ ကုန်းဘောင်ထိပ်တွင်ကား ပစ္စည်းပစ္စယ ဝန်စည်စလယ်များနှင့် ယောကျ်ားမိန်းမတစ်စုသည် အင်္ဂလန်ပြည် လင်ကွန်ရှားယား လယ်ကွင်းများသို့ အာလူးကောက်သွားကြရန် လိုက်ပို့သူများအား နှုတ်ဆက်လျက်ရှိကြ၏။

ပေါလ်သည် ထိုနေရာတွင် ထိုင်ရင်းက သူ့ပတ်လည်တွင် မြူအန္တရာယ်အချက်ပေး ဥသြသံကိုလည်း ကြားရလျက် သင်္ဘောကလေးကို စူးစိုက်၍ ကြည့်နေမိ၏။ သူ၏ ရက်အားများလည်း စခဲ့ပြီ။ နွေရာသီ သင်တန်းအတွက် အစီအစဉ်ကလည်း ပျက်သွားပြီဖြစ်ရာ သူ့မှာ အားလပ်ချိန်တွေ အများကြီးရှိနေသည်။ ရုတ်တရက်ဆိုသလိုပင် သူ့စိတ်ထဲတွင် ကံကြမ္မာက ဖန်တီးလာသလို ထူးထူးခြားခြား လှုပ်ရှားလာခဲ့သည်။ လှုပ်ရှားလာသည့်အတိုင်းပင် သူသည် အိတ်ထဲမှ သူ့မှတ်စုစာအုပ်ကို ဆွဲထုတ်ယူလိုက်ပြီး စာနှစ်ကြောင်း ရေးလိုက်၏။

**ရက်အနည်းငယ် ခရီးထွက်သွားသည်။**
**စိတ်ပူမနေနှင့်။**
**ပေါလ်၊**

စာရွက်ကို ဆွဲထုတ်ပြီး ခေါက်ကာ ကျောဘက်တွင် သူ့အမေ၏ လိပ်စာရေးလိုက်၏။ ရပ်ကြည့်နေသူများထဲမှ သူငယ်တစ်ယောက်ကို လက်ပြ၍ ခေါ်ကာ စာရွက်ခေါက်ကလေးနှင့်အတူ စာသွားပို့ဖြစ်စေရန် ဒင်္ဂါးတစ်ပြားပါ ပေးလိုက်၏။ ထိုနောက် သူ ထိုင်ရာမှထကာ သင်္ဘောကုမ္ပဏီ၏ လက်မှတ်ရုံဆီသို့ လျှောက်သွားပြီး ဟိုးလီဟက်ဒ်သို့ လက်မှတ်တစ်စောင်ကို သျှိလင်အနည်းငယ်ဖြင့် ဝယ်လိုက်သည်။ သူ ကုန်းဘောင်ပေါ်ကို ရောက်တော့ သင်္ဘောမှာ ကျောက်နုတ်၍ပင် နေပြီဖြစ်၏။ ထို့နောက် တစ်ခဏကြာသော် လေးလံသော ကြိုးကြီးတစ်စင်းသည် ရေထဲသို့ ကျသွားသည်။ ထို့နောက် စက်သံ တဂျုတ်ဂျုတ်မြည်ကာ ရေးကျလှသော ကုန်တင်သင်္ဘောကလေးသည် ပင်လယ်ဘက်သို့ တအိအိတလှုပ်လှုပ် ထွက်ခွာခဲ့လေတော့၏။

*

## အခန်း – ၅

ဟိုးလီးဟက်ဒ်ဆိပ်ကမ်းသို့ အဗိုကာသင်္ဘော ဆိုက်ကပ်မိတော့ နောက်တစ်ရက်နံနက် ခြောက်နာရီဖြစ်ပြီး၊ မိုးသည်းထန်စွာ ရွာလျက်ရှိလေ၏။ တောင့်နေအောင် ချမ်းအေးလျက်ရှိသော ပေါလ်သည် ကမ်းသို့တက်ကာ သံလမ်းများကို ဖြတ်၍ မီးရထားဘူတာဘက်သို့ လာခဲ့၏။ တောင်ဘက်သို့ထွက်မည့်

ရထားထွက်ရန်အချက်ပေးတော့ ပေါလ်လည်း ဘူတာရုံစားသောက်ခန်းတွင် လက်ဖက်ရည်တစ်ခွက်ကို အပြေးအလွှား သောက်လျက်ရှိ၏။ သူသည် အိပ်ချင်မူးတူးဖြစ်နေသော စားပွဲထိုးအား ပိုက်ဆံပေးခဲ့ပြီး တတိယတန်းတွဲတစ်တွဲ၏ ချောင်ကျကျတစ်နေရာသို့ အပြေးအလွှားတက်ခဲ့၏။ ထို့နောက် စက်ခေါင်းဆီမှ ဥသြမှုတ်သံကြားရကာ ရထားလည်း တရွေ့ရွေ့ထွက်စပြုလေတော့သည်။

ခရီးကား ရှည်လျားလှ၏။ ရှုရှုးစဗာရီနှင့် ဂလောက်စတာတို့ကို ဖြတ်၍လာရသည်။ လမ်းဆုံဘူတာ နှစ်ခုတွင် ရထားပြောင်း၍စီးရသဖြင့် အပေါ်ဝတ်အင်္ကျီမပါသော ပေါလ်မှာ ရွှဲရွှဲစိုလေတော့၏။ ဤသို့ သူ၏ ခန္ဓာကိုယ်က ကသိကအောင့် ဖြစ်ရလျက်ရှိသည်တွင် သူ၏စိတ်ဓာတ်က ပို၍ တင်းမာ၍လာခဲ့သည်။ သူ၏စိတ်ထဲတွင် မှုန်မှိုင်း၍ နေသလိုပင် ရထားသည် မြို့စွန်ပြည်နား စားကျက်ကွင်း ရှခင်းများမှလွန်ကာ တောခေါင်ခေါင်နေရာများသို့ ရောက်လာသည်။ ခြံစည်းရိုးခတ် လေးထောင့်လယ်ကွင်းများအစား ကျောက်ကုန်းချုံပုတ်တောများကို တွေ့မြင်လာရသည်။ ထူးထူးခြားခြား မားမားမတ်မတ် အစုလိုက် အပိုင်းလိုက် ထောင်လျက်ရှိသည့် ရှေးရှေးက ကျောက်တုံးကျောက်တိုင်မြင့်ကြီးများကိုလည်း သူမြင်ခဲ့၏။ အနောက်ဘက် ထင်းရှူးတော၏အထက်ဆီ၌ တိမ်ထဲသို့ထိုးဝင်ကာ ရေတံခွန်အဖြာဖြာစီးကျလျက်ရှိသော တောင်ပြာတန်းကြီးများကို မြင်ရသည်။ တဂျုတ်ဂျုတ်ခုတ်မောင်းလျက်ရှိသော ရထားဆီသို့ ပင်လယ်ဘက်ဆီမှ လေပြင်းတစ်ချက် ဝှေ့လိုက်သည်။ ထို့နောက် ရထားလမ်းအကွေ့တွင် ကမ်းပါးမြင့်ကြီးများအား ရေလှိုင်းများ ရိုက်ခတ်နေသည်ကို တွေ့မြင်ရလေသည်။

ရထားသည် ညနေလေးနာရီထိုးခါနီးတွင်မှ လွင်တီးခေါင်ကုန်းမှ ဘူတာငယ်လေးတစ်ခုသို့ ဆိုက်လေသည်။ ဤဘူတာကား ပေါလ်၏ ခရီးဆုံးပေတည်း။ ဘူတာကလေး၏ တစ်ခုတည်းသောစင်္ကြံပေါ်၌ကား လူမရှိသလောက်ပင်ဖြစ်၏။ ဘူတာအဝင်အထွက်အပေါက်တွင်ကား လက်မှတ်သိမ်းသည့် အမှုထမ်းတစ်ယောက်သာ ရှိ၏။ သူ၏ လက်မှတ်ကို ထိုအမှုထမ်းအားပေး၍ ဘူတာထဲမှ ထွက်ခဲ့တော့ သူ၏နားထင်တို့သည် သွေးတိုးလျက် တဒိန်းဒိန်းမြည်လျက်ရှိ၏။ လက်မှတ်သိမ်းနေသူအား အကျဉ်းထောင်သို့ သွားသောလမ်းကို မေးရန် စိတ်ကူးထားသော်လည်း သူ့နှုတ်က ပြောမထွက်နိုင်သဖြင့် ဆေးဖြူသုတ်ထားသောတံခါးငယ်မှ တိတ်ဆိတ်စွာပင် အပြင်သို့ ထွက်ခဲ့၏။ သို့သော် သူမေးနေရန်မလိုတော့ပါ။ အပြင်ဘက်သို့ရောက်သည်ဆိုလျှင်ပင် မြေနီကွင်းလပ်၏တစ်ဖက်၌ မိုးရေစိုစွတ်သော ချုံပုတ်ကုန်း။ ထိုချုံပုတ်ကုန်း၏နောက်တွင် ကြံ့ခိုင်မြင့်မားလှသော နံရံတံတိုင်းမှောင်မှိုင်းမှိုင်းကြီးများ ကာရံထားသည့် စတုန်းဟိယ်အကျဉ်းထောင်ကြီးကို လှမ်း၍ မြင်နေရပြီ ဖြစ်လေသည်။ ပေါလ်သည် ချုံပုတ်ကုန်းကို ကွင်း၍သွားသော လမ်းကျဉ်းကလေးအတိုင်း လျှောက်၍လိုက်ခဲ့လေ၏။

ကြောက်မက်ဖွယ်တံတိုင်းကြီး၏ အနီးသို့ရောက်လေလေ၊ သူ့မှာ သွေးတိုးမြန်လေလေ ဖြစ်လာသည်။ သူ၏နှုတ်ခမ်းများမှာ ခြောက်သွေ့လျက်၊ ရင်မှာလည်း တင်းကြပ်လျက် မူးတီးမူးဝေ ဟာတီးဟာတာ ဖြစ်နေ၏။ တစ်နေလုံး ပေါင်မုန့်အသားညှပ်တစ်ခုနှင့် လက်ဖက်ရည်တစ်ခွက်မှတပါး ဘာမျှ မစားခဲ့ရ။ ကုန်းတက်ကလေးသို့ ရောက်သောအခါ သစ်ပင်ပုကလေးတစ်ပင်ကို မှီ၍ အမောဖြေရသေး၏။ သူရောက်နေရာ ကုန်းမောက်ကလေးက လှမ်းမျှော်ကြည့်လျှင် အနောက်ဖက် မိုးကုတ်စက်ဝိုင်းအထိရှိသော ကောင်းကင်တစ်ကွက်ကို နောက်ခံထားလျက် ထောင်၏အနေအထားအသေးစိတ်တို့ကို မြင်နေရလေသည်။

အဆောက်အဦးကြီးကား ပြူတင်းတံခါးမျှမရှိအောင် ပိန်းပိတ်နံရံများဖြင့် သံချွန်တပ် မောင်းချသံတံခါးကြီးတစ်ခုသာ ရှိ၏။ ထောင့်လေးထောင့်တွင် စွန်များဝဲနေသည့်ပမာ အစောင့်မျှော်စင်များရှိလေရာ မတ်စောက်သော ကျောက်ဆောင်ကြီးတစ်ခုနှင့်လည်းကောင်း၊ အလယ်ခေတ် ခံတပ်ကြီးတစ်ခုနှင့်လည်းကောင်း တူနေပေတော့သည်။ အပြင်ဘက်တွင်ကား ထောင်ဝါဒါများ၏ အိမ်တန်းလျား နှစ်တန်းအပြင် အလုပ်ရုံများ၊ တဲကြီးများရှိ၏။ ပတ်ပတ်လည်တွင်ကား လွင်တီးခေါင်ကန္တာရ၏ ငြီးငွေ့ဖွယ် ရှုခင်းပေတည်း။ အပေါ်ကထိပ်အုပ်တွင် သံချွန်များတပ်လျက် လူမတက်နိုင်လောက်အောင် မတ်စောက်သော နံရံတံတိုင်းကြီးများ ကာရံထားသည်။ အတွင်းဘက်တွင်ကား ဧရာမအနာကြီးများ ပေါက်နေသည့်အလား ကျောက်တူးရာ

တွင်းနီနီကြီးသုံးခုကို မြင်တွေ့နေရ၏။ ဤကျောက်တွင်းတစ်ခု၌ကား အကျဉ်းသမားအုပ်စုအချို့သည် ခပ်မွဲမွဲခြောက်ခြောက် ပုရွက်ဆိတ်ကလေးများပမာ အလုပ်လုပ်လျက် ရှိကြ၏။ သူတို့အား အပြာရောင်ဝတ်စုံဆင်ထားသည့် ဝါဒါလေးယောက်က သေနတ်ထမ်းကာ ဖြည်းဖြည်းချင်း လမ်းလျှောက်ကာ ခြိမ်းချောက် စောင့်ကြပ်လျက်ရှိ၏။ ပေါလ်သည် တစ်ယောက်သောအကျဉ်းသမားအား အာရုံစိုက်၍ ကြည့်နေမိ၏။ သိုးထိန်းတစ်ယောက်သည် သူ၏ခွေးနှင့်အတူ ကုန်းစောင်းကို တက်လာသည်။ သိုးထိန်းကို ကြည့်ရသည်မှာ ဤပတ်ဝန်းကျင်၏ သဘာဝကြောင့်လားတော့မသိ။ လျှို့ဝှက်ဟန်၊ သိုသိပ်ဟန် ရှိ၏။ သူသည် ပေါလ်၏အနီး၌ သူ၏ တုတ်ကောက်ကို ထောက်၍ နားလိုက်သည်။ သူ၏မျက်လုံးများတွင် မသင်္ကာသောအသွင်များ ပေါ်လျက်ရှိ၏။

အတန်ကြာမှ သူက "ကြည့်စရာ မကောင်းလှပါဘူးဗျာ" ဟု စကားစ၍ ပြောသည်။

ပေါလ်ကလည်း စိတ်မပါ့တပါ "အေးဗျာ" ဟု ဆိုလိုက်၏။ သိုးထိန်းက ခေါင်းညိတ်၍ ပြုလိုက်သည်။

"ဒီနေရာမှာတော့ တကယ့်ကို ကပ်သင့်တဲ့နေရာပဲဗျ။ ကျုပ် သိတာပေါ့။ ကျုပ် ဒီမှာနေလာတာ အနှစ်လေးဆယ်တောင် ရှိပြီပဲ" ဟု ဆိုသည်။ "အရင်လထဲတုန်းက ထောင် ထတယ်။ အကျဉ်းသမား ငါးယောက်နဲ့ ဝါဒါနှစ်ယောက်သေတယ်။ ဘယ်တော့ကြည့်လိုက် ကြည့်လိုက် ဒီလိုတော့ ဒီလိုပဲ။ ငြိမ်သက်ပြီး အပြင်က ဘာမှ သိရတာမဟုတ်ဘူး။ အင်း၊ ကျုပ်တို့ အခု ဒီမှာ စကားပြောနေရင်းတောင် ဟောဟို မျှော်စင်ပေါ်ကအစောင့်က မှန်ပြောင်းတလက်နဲ့ ကျုပ်တို့ရဲ့ လှုပ်ရှားမှုအကုန် လိုက်ကြည့်နေပြီဗျ"

ပေါလ်တစ်ချက် တုန်သွားသည်ကို ထိန်းလိုက်ရင်း သူ့ခေါင်းထဲတွင် ထိပ်ဆုံးကရှိနေသော မေးခွန်းတစ်ခုကို အရဲစွန့်၍ မေးလိုက်၏။

"ဧည့်သည်တွေ ခွင့်ပြုတာ ဘယ်နေ့လဲဗျ"

သိုးထိန်းက ပေါလ်အား လှောင်ပြောင်သလိုရယ်ရင်း "စတုန်းဟိတ်မှာ ဧည့်သည်တွေ့ခွင့်ပြုတဲ့နေ့ရယ်လို့ ဘယ်မှာရှိမှာလဲဗျ" ဟု ပြန်ပြောလိုက်သည်။

ပေါလ်သည် ရုတ်တရက် ရင်ထဲတွင် နင့်ခနဲဖြစ်သွားသည်ကို ချက်ချင်း ဣန္ဒြေဆည်လိုက်ကာ "ဟာ ဘယ်နှယ့်၊ တစ်ရက်ရက်မှာတော့ အကျဉ်းသားတွေရဲ့ ဆွေမျိုးသားချင်းတွေကို တွေ့ခွင့်ပေးရမှာပေါ့။ မပေးဘူးလား" ဟု တအံ့တသြမေးလိုက်မိ၏။

သိုးထိန်းက "ဘယ်ကလာ ဧည့်သည်ရှိရမှာလဲဗျာ။ မရှိပါဘူး" ဟု တိုတိုတောင်းတောင်း ပြောလိုက်ပြီး၊ တစ်ခါမှ ပျော်ပျော်ရွှင်ရွှင်နေပြဖူးဟန်မတူသော သူ့မျက်နှာကို မဲ့ရွဲ့ကာ "ဒီထောင်ထဲကို ကျုပ်တို့ ဝင်လို့မရသလို သူတို့လည်း အပြင်ကို ထွက်လို့ မရဘူးဗျ။ ကဲ၊ သွားလိုက်ဦးမယ် ဆရာလေး" ဟု နှုတ်ဆက်လိုက်သည်။

ထို့နောက် သူ့ခွေးကို လေချွန်၍ခေါ်လိုက်ပြီး နောက်ဆုံးတစ်ချက် ပေါလ်အား ခေါင်းညိတ်၍ပြကာ ထွက်ခွာသွားလေ၏။

ပေါလ်သည် မတုန်မလှုပ်ကျောက်ရုပ်သဖွယ် ငြိမ်သက်တိတ်ဆိတ်စွာ တစ်ယောက်တည်းကျန်ရစ်လေသည်။ သူ၏ ကြီးမားသောမျှော်လင့်ချက်တို့သည် မြေသို့ကျကာ အစိတ်စိတ်အမွှာမွှာ ပြိုကွဲခဲ့လေပြီ။ ဧည့်သည်မရှိ။ ဘယ်တော့မှ မတွေ့ရ။ သူ့အဖေကို သူ မတွေ့နိုင်တော့။ စကားလေးတစ်ခွန်းတလေမှ မပြောရတော့။ သူ တစ်လမ်းလုံး စိတ်ကူးလာခဲ့သလို လုပ်ဖို့ကတော့ မဖြစ်နိုင်တော့။ သူ တကယ့်အကျဉ်းထောင်ကြီးကို ရင်ဆိုင်မိတော့ သူ့မှာ မျှော်လင့်ချက်ကြီးမားစွာဖြင့် အရှူးလိုထကာ ဤနေရာသို့ လာခဲ့ရသည့် ခရီးသည် အချည်းနှီးပါတကားဟု သူ သိမြင်ရလေပြီ။

သူက ဤနေရာမှာပင် တရစ်ဝဲဝဲ ရှိစဉ် အမှောင်ထုသည် တရိပ်ရိပ်ကျလျက်ရှိသည်။ ထောင်ဆီမှ ငြိမ်သက်ခြင်းကို ဖြိုခွင်းလျက် သေသူတို့အတွက် ရေစက်ချအမျှဝေနေသည့်အလား ဖြည်းဖြည်းနှင့်လေးလေး ခေါင်းလောင်းတီးသံ ပေါ်ထွက်လာသည်။ ထိုအချိန်တွင်း အကျဉ်းသားတို့သည် မိမိတို့၏ အလုပ်များကို ရပ်လိုက်ကြပြီး အစောင့်များက ကွပ်ကဲလျက် တန်းစီကာ ထောင်ကြီးဆီသို့ တအိအိတလှုပ်လှုပ် ပြန်လာခဲ့ကြသည်ကို မြင်လိုက်ရ၏။ ထောင်ကြီးမှ သံချွန်တပ်မောင်းချတံခါးကြီးကို သူတို့ဝင်ရန်အတွက် အထက်မှ ဆွဲတင်ပေးလိုက်ပြီး သူတို့ ဝင်ပြီးသောအခါ ပြန်ချထားလိုက်၏။ ထိုအချိန်တွင် ကောင်းကင်ပြင်တစ်ခုလုံး၌ ကြည်လင်သော အလင်းရောင်ဆို၍ ဘာမျှ မရှိတော့။

ပေါလ် ရင်ကျိုးရလေပြီ။ သူသည် သောကဖြစ်ရခြင်း၊ ရင်နာရခြင်း၊ ယူကျုံးမရ ဖြစ်ရခြင်းတို့ကြောင့် အသံထွက်အောင်ပင် ငိုကြွေးမိတော့သည်။ သူ၏ မျက်လုံးများမှ မျက်ရည်များသည် သူ၏ ပါးပြင်သို့ လိမ့်ဆင်းလာကြသည်။ ထို့နောက် သူသည် ဤအမင်္ဂလာ ချုံပုတ်ကုန်းမှ မီးရထားဘူတာဘက်သို့လှည့်ကာ မမြင်မကန်းလျှောက်၍ ပြန်ခဲ့လေ၏။

*

## အခန်း – ၆

ဝေါ့တလေမြို့အစွန်ရှိ အယ်ယားလမ်းနှင့် အယ်လဒန်လမ်းထောင့်တွင် ‘အဲလဘတ်ပရပ်စတီ မြန်မာပြည်ဆေးလိပ်များ တင်သွင်းသူ’ ဟူ၍ အရောင်မှိန်လျက်ရှိပြီဖြစ်သော ဆိုင်းဘုတ်တင်ထားသည့် ဆေးဆိုင်တစ်ဆိုင်ရှိသည်။ ဤဆိုင်မှာ ရှေးဆန်လှသော်လည်း နာမည်ကြီးသည့်အသွင်၊ ခိုင်ခံသည့်အသွင်ဖြင့် မှန်ပြတင်းကျယ်နှစ်ခုရှိသည်။ တစ်ခုတွင် ဆေးလိပ်များ၊ နှာမှုန့်များ ပင်လယ်ရေမြှုပ်ဆေးတံများနှင့် အကောင်းစားဆေးတံသောက်ဆေးများကို ဏ္ဍ္ဍန်ပြရရ ပြသထားပြီး၊ အခြားတစ်ခုမှာ အလယ်က ရွှေရောင်ကွပ်ထားသည့် အပေါက်ဝိုင်းကလေးတစ်ခုရှိသည်။ မှန်အမှုန့်ဖြင့် ပိုင်ရှင်ဖြစ်သူက သူ၏နာမည်ကျော် ရော်ဘင်ဟုဒ် လက်လိပ်စီးကရက်များ ထိုင်လိပ်သည့်ခုံကို ကွယ်ထားသည်။

ဂျွန်လအတွင်းတစ်နေ့ မွန်းတည့်ခါနီးတွင် မစ္စတာပရပ်စတီသည် အပေါ်အင်္ကျီများကို ချွတ်လျက် ရှပ်အင်္ကျီဖြင့် ရှေ့ကအဝတ်စည်းကာ သူ၏ဆေးလိပ်ခုံတွင်ထိုင်ပြီး စပယ်ရှယ်ဆေးလိပ်များကို ကျွမ်းကျင်လျင်မြန်စွာ လိပ်လျက်ရှိ၏။ သူကား အသက်ခြောက်ဆယ်ကျော်၊ ပိန်ပိန်ပါးပါး၊ ခပ်သေးသေး၊ နှာခေါင်းပွပွ၊ အသားနီနီ လူတစ်ယောက်ဖြစ်၏။ သူ့မှာ ဆံပင်ဖြူကလေးတစ်ဆုပ်မှလွဲ၍ ခေါင်းတစ်ခေါင်းလုံး ပြောင်လျက်ရှိရာ ခေါင်းပြောင်ထိပ်တည့်တည့်တွင် ဆီးသီးလုံးခန့်မှည့်ရှင်ကြီး တစ်လုံးရှိ၏။ သူ၏ ကျိုးတို့ကျဲတဲ ကျင်စွယ်များနှင့်လက်ချောင်းများမှာ ဆေးချေးစွဲ၍ ဝါနေ၏။ သူသည် ငွေကိုင်းမျက်မှန်တပ်ထား၏။

ဆေးလိပ် လိပ်သည့်ခုံတွင်ထိုင်ရင်း မှန်ပြတင်းအပေါက်ဝိုင်းကလေးမှနေ၍ ပစ္စတာပရပ်စတီသည် အပြင်ဘက်ဆိုင်ရှေ့၌ ခေါက်တုန့်ခေါက်ပြန်လျှောက်လိုက်၊ ဆိုင်ထဲဝင်လာမည်လုပ်ပြီးမှ ပြန်လှည့်ထွက်သွားလိုက် ဖြစ်နေသော ဦးထုပ်မပါသည့် လူငယ်တစ်ယောက်အား မသင်္ကာသလို မျက်ခြည်မပြတ်အကဲခတ်၍ နေခဲ့သည်မှာ မိနစ်အတော်ကြာခဲ့ပြီ ဖြစ်၏။ နောက်ဆုံး၌ ထိုလူငယ်သည် မျက်နှာ ဖြူဖတ်ဖြူရော်ဖြစ်နေသော်လည်း ခိုင်မာသော

ဆုံးဖြတ်ချက်ရှိဟန်ဖြင့် လမ်းကိုအပြေးဖြတ်ကာ ဆိုင်ထဲသို့ အတင်းဝင်လာခဲ့၏။ လူငှားမထားသော မစ္စတာပရပ်စတီလည်း ထိုင်ရာမှ ဖြည်းညင်းစွာ ထလိုက်၏။

"ဆိုဗျ" ဟု သူက မေးလိုက်၏။

"ကျွန်တော် မစ္စတာအဲလဘတ်ပရပ်စတီကို တွေ့ချင်လို့ပါခင်ဗျ။ ဟို ဟို၊ သူ အခု အသက်ရှင်လျက် ရှိနေသေးရင်ပေါ့ခင်ဗျာ"

ဆေးလိပ်ဆိုင်ပိုင်ရှင်သည် ဧည့်သည်အား ခပ်ချဉ်ချဉ် ပြုံးပြလိုက်၏။

"ကျုပ်သိရသလောက်တော့ သူဟာ အသက်ရှင်လျက် ရှိပါသဗျ။ အဲလဘတ်ပရပ်စတီဆိုတာ ကျုပ်ပါပဲ"

လူငယ်သည် ရေခဲပင်လယ်ထဲသို့ ငုပ်တော့မည့် ရေငုပ်သမားကဲ့သို့ ပင့်သက်ကို အားရအောင် ရှိုက်လိုက်သည်။

"ကျွန်တော်က ပေါလ် မက်ထရီပါ" ဟု ပြောလိုက်ပြီးသောအခါ သူ့စိတ်ထဲတွင် ပေါ့ပါးသွားသည်။ ဤနာမည်ကို ပီပီသသ ပြောလိုက်ပြီးသောအခါ သူ့မှာ အကြီးအကျယ် စိတ်သက်သာရာ ရသွားသလို နှုတ်လျှာလည်း သွက်လာသည်။ "ဟုတ်ပါတယ် ခင်ဗျာ၊ မက်ထရီပါ" ဟု ဆိုကာ သူက စာလုံးပေါင်းပြသည်။ "နာမည်ကတော့ ခပ်ဆန်းဆန်းပဲ။ ဒီနာမည်နဲ့ ပတ်သက်ပြီးတော့ ဘာများ မှတ်မိလဲလို့"

စီးကရက်ဆိုင်ရှင်၏ မျက်နှာအမူအရာမှာ မပြောင်းလဲချေ။ သို့သော် သူ စိတ်အနှောက်အယှက်တော့ ဖြစ်သွားဟန်တူသည်။

"ဒီနာမည်နဲ့ ပတ်သက်လို့ ကျုပ်က ဘာမှတ်မိရမှာလဲ။ မက်ထရီလူသတ်မှု ဆိုတာတော့ မှတ်မိတာပေါ့။ မင်းသိချင်တာ အဲဒါလား။ ကျုပ်တသက်မှာ စိတ်မချမ်းသာစရာ အကောင်းဆုံးအချိန်ကို ကျုပ် ဘယ်မေ့လိမ့်မလဲ။ ဒါပေမဲ့ ဒါနဲ့ မင်းနဲ့ ဘာဆိုင်လို့လဲ"

"ကျွန်တော် ရီးစ် မက်ထရီရဲ့ သားပါ"

မျက်နှာကျက်နိမ့်နိမ့် ဆိုင်ခန်းလေးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ အဖိုးကြီးလည်း ပေါလ်အား ခြေဆုံးခေါင်းဆုံးကြည့်လျက် သူ့ရှေ့က ကောင်တာပေါ်တွင် တင်ထားသည့် နှာမှုန့်ဗူးကို ယူဖွင့်ကာ နှာမှုန့်တစ်တို့ကို သူ၏ နှာခေါင်းဝသို့ ပွတ်၍ရှူလိုက်၏။

"မင်း ကျုပ်ဆီကို ဘာဖြစ်လို့ လာတာလဲ"

"ကျွန်တော် မ မပြောတတ်ဘူး။ ကျွန်တော် ဒီကို လာရတာက ဒီလိုပါ"

ပေါလ်သည် သူ စတုန်းဟိသ်သို့ ထွက်လာခဲ့ရသည့် အကြောင်းများကို အထစ်ထစ်အငေါ့ငေါ့ဖြင့် ကြိုးစား၍ ရှင်းလင်းပြောသည်။ ပြီးမှ ကျွန်တော်ဒီကို မနက်ကရောက်ပါတယ်။ ဘဲလဘတ်ကိုကူးတဲ့ သန်းခေါင်သဘော်အမီ ဒီက ညကိုးနာရီရထားနဲ့ ပြန်ရပါမယ်။ ကျွန်တော် တစ်ခုခုများ သိသွားရမလားလို့။ ဒီလိုပါခင်ဗျာ။ ကျွန်တော်လည်း မပြောတတ်ပါဘူး။ ဒီလိုပါ။ သက်ညှာနိုင်တဲ့အကြောင်းအချက်ကလေးတို့ ဘာတို့ပေါ့ခင်ဗျာ။ အဲသလိုဆိုရင် ကျွန်တော် အိမ်ပြန်သွားတောင် စိတ်သက်သာရာရမလားလို့ ဦးဆီကို လာခဲ့ရတာပါ။ ဘာဖြစ်လို့လဲဆိုတော့ အမှုတစ်ခုလုံးက သက်သေတွေထဲမှာ သူ့ဘက်က ကောင်းကောင်းထွက်တာက ဦးတစ်ယောက်ပဲဆိုလို့"

ပရပ်စတီက စိတ်တိုသွားဟန်ဖြင့် "သူ့ဘက်က ကောင်းကောင်းထွက်ဆိုတယ်ဆိုတာက ဘာကို ဆိုလိုတာလဲ။ မင်းက ဘာကို သိချင်တာလဲ" ဟု ကန့်ကွက်သလို ဆိုလိုက်သည်။

'ဒီလိုဆို ဦး ကျွန်တော်ကို ဘာမှ ပြောမပြနိုင်ဘူး ဆိုပါတော့"

"ဟ၊ ငါက ဘာပြောနိုင်ရမှာလဲ ငါ့လူရ"

"ကျွန် ကျွန်တော် မသိဘူး" ဟု ပေါလ်က သက်ပြင်းချရင်း ပြောလိုက်၏။ ခဏမျှ နားနေပြီးသော် သူသည် ပခုံးကို မတ်လိုက်ပြီး တံခါးဆီသို့ လှည့်လိုက်၏။ သူ၏အသံမှာ တည်ငြိမ်နေ၏။ "ကောင်းပါပြီခင်ဗျာ။ ကျွန်တော် သွားပါဦးမယ်။ ဦးကို လာပြီးဒုက္ခပေးရတာ အားနာပါတယ်။ အခုလို လက်ခံစကားပြောတာကို ကျေးဇူးတင်ပါတယ်"

သူ လှည့်ထွက်သွား၍ တံခါးမရောက်မီ လမ်းခုလတ်တွင် "ဟေ့ နေဦး" ဟု တိုဆတ်ဆတ် အမိန့်ပေးသံကြောင့် သူ ရပ်နေလိုက်၏။

ပေါလ်လည်း ပရပ်စတီထံသို့ တစ်လှမ်းချင်း ပြန်လျှောက်ခဲ့၏။ ပရပ်စတီလည်း ပေါလ်၏ ရယ်ရွှင်ပျူသောမျက်နှာဆီမှ ရွှံ့စက်များပေနေသောဘောင်းဘီဖျားအထိ အပြန်ပြန်အလှန်လှန် ကြည့်ပြန်သည်။ ထို့နောက် နှာဖူးထဲမှ နှာတို့၍ရှုပြန်၏။

"မင်းကလဲ တယ်အလျင်လိုနေသကိုးကွ။ အကြာကြီးနေမှ ဖြုန်းဆိုရောက်လာပြီး အခုပဲ ပြန်တော့မယ် ဆိုတော့ မင်းဟာ မီးခြစ်လာဝယ်တယ်များ အောက်မေ့နေသလား။ ငါ့လခွီးတဲ့မှ။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က အကြောင်းကို ငါက ဆယ့်ငါးမိနစ်နဲ့ ပြောနိုင်ပါ့မလားကွ"

ပေါလ်က ပြန်မပြောနိုင်မီ ဆိုင်တံခါးမှ ခေါင်းလောင်းသံကြားရပြီး ဈေးဝယ်တစ်ယောက် ဝင်လာသည်။ ဆေးတံသောက်ဆေး တစ်အောင်စဝယ်ပြီး ထိုလူထွက်သွားတော့မည်အပြုတွင် ပရပ်စတီ၏နောက်ဖောက်သည် လူခပ်တောင့်တောင့်တစ်ယောက် ဝင်လာပြန်၏။ ထိုလူသည် ဆေးပြင်းလိပ်တစ်လိပ်ကို ရွေးချယ်၍မီးညှိသောက်ကာ ချက်ချင်းမပြန်သေးဘဲ ပရပ်စတီနှင့် အာလာပသလ္လာပ ပြောနေပြန်လေသည်။ ပရပ်စတီလည်း ပေါလ်ထံသို့လာကာ ခပ်တိုးတိုးလေသံဖြင့် "နေ့လည်စာ စားချိန်မှာတော့ ငါ့ဆိုင်က အလုပ်များတယ်ကွ။ အေးအေးဆေးဆေး စကားပြောရမှာ မဟုတ်ဘူး။ ငါ့မှာ ပြောစရာ သိပ်ရှိတာတော့ မဟုတ်ပါဘူး။ ဘာမှ မရှိပါဘူး။ ဒါပေမဲ့ ငါ့ဆိုင်ကို ခုနစ်နာရီတိတိမှာ ပိတ်တယ်။ မင့်ရထားက ကိုးနာရီမှာ ထွက်မယ်ဆိုတော့ မင်းငါ့အိမ်ကို ခုနစ်နာရီခွဲလောက် လာပါလား။ မင်းမသွားခင် ငါ ကော်ဖီတိုက်လိုက်ပါ့မယ်" ဟု ပြောလိုက်၏။

"ကျေးဇူးပါပဲ ခင်ဗျာ" ဟု ပြောပြီး ပေါလ်၏ မျက်နှာပေါ်တွင် တစ်စုံတစ်ခုတွေးတောနေသလို အမူအရာပေါ်လာပြီး "ဦးရဲ့အိမ်ဆိုတော့" ဟု မေးသလို ဆိုလိုက်၏။

ပရပ်စတီက ခေါင်းညိတ်ကာ ခပ်ဆန်းဆန်းကလေး ပြုံးလျက် မျက်စိကို မှေးထားကာ "အဲဒီ အိမ်မှာပါပဲ။ ၅၂ အရှောကုန်း။ အိမ်ကလဲ အဲဒီမှာပဲ။ ငါကလည်း အဲဒီမှာပဲ" ဟု ပြန်ပြောသည်။

ထို့နောက်ပရပ်စတီလည်း ဈေးဝယ်သူထံ ပြန်သွားသဖြင့် ပေါလ်လည်း ဆိုင်ထဲမှ ထွက်ခဲ့လေ၏။ ပေါလ်သည် လွန်ခဲ့သည့်ညက ဘူတာရုံက သစ်သားခုံပေါ်တွင် အိပ်ခဲ့ပြီး ဘာမှလည်း မစားခဲ့ရသေးသဖြင့် အားနည်းပင်ပန်းကာ ယခု ပရပ်စတီ၏ဆိုင်မှ ထွက်ခဲ့တော့ လမ်းလျှောက်ရင်းပင် မနက်က သူ မြို့လယ်မှ ထွက်လာခဲ့စဉ် လမ်း၌ ဝိုင်အမ်စီအေတည်းခိုဆောင်တစ်ခု မြင်ခဲ့သည်ကို သတိရလိုက်၏။ သို့နှင့် သူသည် ဓာတ်ရထားအဝါတစ်စီးပေါ်သို့တက်၍ လိုက်ခဲ့ရာမှ ငါးမိနစ်ကြာသော် ထိုတည်းခိုဆောင်သို့ ရောက်လေ၏။ ဤနေရာသို့ရောက်မှ ရေနွေးခပ်၍ချိုးကာ သူ၏ အဝတ်အစားကလေးများကို သပ်ရပ်အောင် ဖီးလျက်

သူ့ကိုယ်သူလည်း သန့်ရှင်းအောင် ပြုပြင်ရတော့၏။ ထို့နောက်တွင် ဟင်းချိုတစ်ခွက်၊ အသားကြော်ပူပူတစ်တုံးနှင့် ဆန်ပြုတ်တစ်ပန်းကန်ကို ကောင်းစွာစားလေ၏။

အချိန်ကလည်း နှစ်နာရီသာ ရှိသေးသည်။ ပေါလ် အားအင်ပြည့်ဖြိုးကာ စားသောက်ခန်းမှ ထွက်လာခဲ့ပြီး ပရပ်စတီနှင့် ချိန်ထားသည့် အချိန်မတိုင်မီ ဘာလုပ်ရလျှင်ကောင်းမည်နည်းဟု စဉ်းစားရင်း ရုတ်တရက် စိတ်ကူးတစ်ခုရသည်။ တည်းခိုဆောင်စာရေးအား တစ်စုံတစ်ခုကို စုံစမ်းလိုက်ပြီးနောက် လူသွားလူလာ ရှုပ်လှသော လဲနာ့ဒ်လမ်း၏ လူသွားလမ်းပေါ်မှ ဆယ်မိနစ်ခန့်လျှောက်လာကာ ကင်တန်အဆောက်အဦးဘက်သို့ ဖြတ်ကူး၍ မြို့တော်လူထုစာကြည့်တိုက် ဆင်ဝင်အောက်မှ ဖြတ်၍ အထဲသို့ ဝင်ခဲ့လေသည်။

အတွင်းသို့ရောက်လျှင် ပေါင်းကူးခုံးမိုးအမြင့်ကြီးများ၏ အောက်၌ သတင်းစာဌာနစိတ်ကို ရှာ၍ လာခဲ့၏။

"ဝေ့တလေမှာ နာမည်အကောင်းဆုံး သတင်းစာရဲ့ နာမည်ကို ပြောနိုင်ပါသလားခင်ဗျာ"

"နာမည်ကောင်းတဲ့ သတင်းစာရယ်လို့ ရှိလို့လား" ဟု မေးလိုက်ပြီးမှ လျင်မြန်စွာပင် သူစိမ်းများ မသိသည်ကို ညွှန်ကြားပေးရန် ဝတ္တရားရှိသူ၏ လေသံသို့ ပြောင်းကာ "အင်း၊ ကူရီယာကတော့ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ စိတ်ချရပါတယ်" ဟု ပြောလိုက်၏။

"ကျေးဇူးပဲ။ ၁၉၂၁ ခုနှစ်က သတင်းစာဖိုင်တွဲကို ကျွန်တော် ကြည့်နိုင်မလား"

"တစ်နှစ်လုံးအတွက်လား"

"အာ၊ မဟုတ်ပါဘူး" ဟု ဆိုကာ ပေါလ်မှာ ဟိတ်ဟန်ထုတ်ထားရာက မျက်နှာနီမြန်းသွား၏။ ပြီးမှ "၁၉၂၁ ခုနှစ် နောက်ပိုင်းလေးလ ဆိုရင် လုံလောက်ပါပြီ" ဟု ပြောလိုက်ရ၏။

"ပုံစံကလေး ဖြည့်ပေးပါ"

"ဟုတ်ကဲ့"

ပေါလ်လည်း ပုံစံကိုယူကာ စားပွဲပေါ်တွင် သံကြိုးဖြင့်ဆွဲထားသော ခဲတံဖြင့် ဖြည့်သွင်း၍ ပေးလိုက်သည်။

"ခင်ဗျား ဝေ့တလေက မဟုတ်ဘူးနော်"

"မဟုတ်ဘူး"

စာရေးကလေး စာရွက်ကို လက်ဖြင့်တောက်ရင်း ဆုတ်ဆိုင်းဆိုင်း ဖြစ်နေ၏။

"ဥပဒေအရဆိုရင် ခင်ဗျား ဒီစာကြည့်ခန်းတွေကို သုံးပိုင်ခွင့် မရှိဘူး ခင်ဗျ"

ပေါလ်မျက်နှာညှိုးသွားသည်။ သို့သော် စာရေးကလေး လေသံပျော့သွားကာ အကြံတစ်ခုပေးသည်။

"မြို့ထဲမှာ ဆွေမျိုးတို့ ဘာတို့တော့ ရှိတယ်မဟုတ်လား"

"မရှိဘူး"

"လိပ်စာတစ်ခုခုတော့ ပေးနိုင်မယ် မဟုတ်လား"

ပေါလ်က ခပ်ဆိုင်းဆိုင်းဖြစ်သွားပြီးမှ "ကျွန်တော် အခု လဲနာ့ဒ်လမ်းထဲမှာရှိတဲ့ ဝိုင်အမ်စီအေက လာခဲ့တာပဲ" ဟုပြောလိုက်သည်။

"ဒါဆို ရပါတယ်" ဟု စာရေးကလေးက ယဉ်ကျေးစွာဆိုကာ "ကျွန်တော် ချပေးမယ်" ဟု ပြောပြီး သူ့စားပွဲပေါ်က ခေါင်းလောင်းကလေးကို နှိပ်လိုက်၏။ ထိုနောက် မိနစ်အနည်းငယ် ကြာသောအခါ လုလင်တစ်ယောက်သည် သားရေဖုံးချုပ်ထားသည့် သတင်းစာတွဲကြီးတစ်ခုကို ထုတ်ယူလာကာ ဘေးချင်းကပ်စားပွဲတစ်ခုပေါ်သို့ တင်လိုက်သည်။

ပေါလ်သည် စိတ်လှုပ်ရှားစွာပင် ခြောက်သွေ့ပြီး ဝါကြန့်ကြန့်ဖြစ်နေပြီဖြစ်သော သတင်းစာရွက်များကို တစ်ရွက်ချင်းလှန်ခဲ့ရာမှ 'အယ်လဒန်မှ သူရဲဘောကြောင်လှသည့် ရိုင်းပျရက်စက်မှုကြီး။ အမျိုးသမီးကလေး တစ်ယောက်အား ရက်စက်စွာ သတ်သွားခြင်း" ဆိုသည့် သတင်းစာကို ပထမဆုံး တွေ့လိုက်ရတော့ သူ့စိတ်တို့သည် ညစ်နွမ်းညှိုးပုပ်၍ သွားပြန်လေတော့သည်။

သူ၏စိတ်ကိုသူ အံကြိတ်၍ထိန်းကာ သတင်းစာကို ဖတ်လိုက်၏။ သူက ခေါင်းကိုငုံ့ကာ သတင်းစာများကို အတွင်ဖတ်လျက်ရှိစဉ် စာကြည့်တိုက်ခုံးမိုးကြီးထဲမှ နာရီ၏လက်တံတို့သည်လည်း တရွေ့ရွေ့သွားလျက်ရှိကြ၏။ ပေါလ်သည် အမှုအကြောင်း အစမှအဆုံးတိုင် ဖတ်လေသည်။

လိုရင်းသဘောမှာတော့ သူ ကြားဖူးပြီးသည့်အတိုင်းဖြစ်သော်လည်း သတင်းစာကတော့ ပို၍သရုပ်ပေါ်အောင် ရေးထားသည်။ ဖမ်းဆီးသည့်အခန်းသို့ ရောက်သောအခါ ပေါလ်၏နဖူးပေါ်တွင် ချွေးပေါက်များ သီးနေတော့သည်။ ထို့နောက် ဖတ်ရင်းဖတ်ရင်းပင် အမှုစစ်ဆေးစီရင်ပုံအသေးစိတ် ဖော်ပြထားသည့် သတင်းပိုင်းသို့ ရောက်လတ်သော် ပေါလ်မှာ အသံထွက်၍ပင် ညည်းတွားလိုက်မိတော့၏။ အစိုးရရှေ့နေကြီး မက်သယူးစပရောက်၏ စကားများသည် သူ့အား ကျာပွတ်ဖြင့် ဘယ်ပြန်ညာပြန်ရိုက်သကဲ့သို့ ရှိတော့၏။

သတင်းစာကလည်း တိတိကျကျ ဖော်ပြထားသည်။ 'အလွန်တရာမှ ဆိုးညစ်ယုတ်မာပြီး ကမ်းကုန်အောင်ဆိုးသွမ်းတဲ့ လူဆိုးလူမိုက်တစ်ယောက်က ဖော်ပြစရာတောင်မရှိအောင် ရိုင်းပျတဲ့အခြေအနေမျိုးမှာ ကျူးလွန်ခဲ့တဲ့ ဒီရက်စက် ကြမ်းကြုတ်မှုကြီးဟာ ရာဇဝတ်ပြစ်မှုသမိုင်းမှာ တစ်ခါမှမကြုံဘူးအောင် ဆိုးဝါးလှတဲ့အမှုမျိုးဖြစ်ပါတယ်။ ဒီပြစ်မှုမျိုးကို ကျူးလွန်တဲ့ လူဆိုး လူယုတ်မာဟာ လူသတ္တဝါတယောက်အနေနဲ့ တန်းကုန်အောင် ယုတ်နိမ့်တဲ့အဆင့်အထိ လျှောကျခဲ့သူ ဖြစ်ပါတယ်။ ဂျူရီလူကြီးမင်းများ ခင်ဗျား၊ ကြိုးဒဏ်ဟာ သူ့အဖို့ သက်ညှာလွန်းတဲ့ အပြစ်ဒဏ် ဖြစ်ပါလိမ့်မယ်"

ထို့နောက် အထူးအချပ်ပို၏ နောက်ဆုံးစာမျက်နှာတွင် ဓာတ်ပုံများကို တွေ့ရ၏။ သေသူအမျိုးသမီးမှာ ဟန်လုပ်ထားသော အပြုံးဖြင့် လှပသော အမျိုးသမီးငယ်တစ်ယောက်ဖြစ်ပြီး ဖဲပြားကပ် အင်္ကျီလက်တိုဝတ်လျက်၊ ဆံပင်ကို နောက်စေ့တွင် ပုံခံ၍ ခပ်ပွပွထုံးဖွဲ့ပြုပြင်ထား၏။ ထို့နောက်တွင် သက်သေတို့၏ပုံ၊ မုတ်ဆိတ်ပါးမုန်းမသေမသပ်နှင့် ဆံပင်ပါးပါးကို အလယ်ကခွဲထားပြီး ဖျော့တော့သော မျက်နှာနှင့် အမြင်ကတ်စရာ သတင်းပေးရော်ကာ၏ပုံ၊ ပြစ်မှုဖြစ်ရာတွင် အရေးပါလှသည့် 'ဝေးတသက်သက်' ဟူသော အဓိပ္ပာယ်ကင်းမဲ့လှသည့် စာတန်းနှင့်ပိုစကတ်၏ပုံ၊ ပြစ်မှုကျူးလွန်ရာတွင်သုံးသည့် ဂျာမဏီပြည် ဖရပ်စ်ကုမ္ပဏီမှ ထုတ်လုပ်သည့် သင်ခုန်းဓား၏ပုံ၊ သတင်းစာကတော့ ဘာမှမချန်။ ရာဇဝတ်ကောင် ထွက်ပြေးရန်ကြံသည့် အီစတန်စတားသင်္ဘောကြီး ရေထဲတွင် ယက်ပန်းများခွဲလျက်ရှိသည့်ပုံ၊ ထို့နောက် စာမျက်နှာအလယ်တွင် ဘေးတစ်ဘက်တစ်ချက်၌ ပုလိပ်အရာရှိများနှင့် တရားခံခြံထဲမှ စီရင်ချက်ကို နာခံနေသည့် သေဒဏ်ကျအကျဉ်းသမား၏ပုံ။ ပေါလ်လည်း ဓာတ်ပုံကို စိတ်မချမ်းမသာစွာ ငေးစိုက်ကြည့်နေမိ၏။ သူ့အဖေ၏မျက်နှာမှာ ထူးထူးခြားခြား ချိုင့်လျက်။ နောက်က မုဆိုးအလိုက်ခံရသည့် သားကောင် နောက်ဆုံးတွင် ချောင်ပိတ်မိပြီး သေရတော့မည်ကို ကြောက်လန့်နေသည့် အသွင်မျိုး။

ပေါလ်သည် သတင်းစာဖိုင်တွဲကြီးကို လျင်မြန်စွာ ပိတ်ပစ်လိုက်သည်။ သူ စွဲစွဲမြဲမြဲ ပေကပ်ဖက်တွယ်ထားခဲ့သည့် နောက်ဆုံးမျှော်လင့်ချက်သည် ကုန်ဆုံး၍ သွားချေပြီ။ "အပြစ်ရှိတယ်။ အပြစ်ရှိတယ်။ ဘာမှ သံသယဖြစ်စရာ အရိပ်အရောင် မရှိဘူး" ဟု သူ့တစ်ကိုယ်တည်း ရေရွတ်မိလေ၏။

သူ နာရီကို မော်ကြည့်လိုက်တော့ ရှစ်နာရီထိုးခါနီးပြီကို တွေ့ရသဖြင့် မသိမသာ အံ့အားသင့်သွား၏။ သူထိုင်ရာမှထပြီး ဖိုင်တွဲကြီးကို မ,ကာ ထုတ်ပေးသူ၏ စားပွဲသို့ ပြန်ပို့လိုက်၏။ သူ့အား ဤဖိုင်တွဲကြီးကို ထုတ်ပေးသူသည် ထိုနေရာ၌ပင် တာဝန်နှင့် ရှိနေသေး၏။

ထိုလူက "ခင်ဗျား ဒါထပ်ကြည့်ချင်သေးလား။ ကြည့်ချင်သေးရင် ဖယ်ထားပေးမယ်လေ" ဟု မေးသည်။

သူ၏ မသိတစ်ချက်သိတစ်ချက် အာရုံထဲတွင် ဤလူငယ်ကလေးသည် သူ့အား ခင်မင်မှုဖြင့် စိတ်ဝင်စားစွာ ကြည့်နေသည်ကို သတိပြုမိသည်။ သူသည် အသက်တစ်ဆယ့်ကိုးနှစ်ခန့်ရှိပြီး လူခပ်သေးသေး သွယ်သွယ်နှင့် ပွင့်လင်းသော နှုတ်ခမ်းကျယ်ကျယ်၊ အသိဉာဏ်ရှိသည့် မျက်လုံးပြာများရှိပြီး နှာခေါင်းပြားပြားနှင့်ဖြစ်ရာ သူ၏မျက်နှာမှာ နှစ်လိုဖွယ်ရာ ခပ်ရွှင်ရွှင်ခပ်သွက်သွက် မျက်နှာမျိုးဖြစ်၏။ ပေါလ်က သူစိတ်လှုပ်ရှားသည်များကို ဤလူငယ် သိမြင်သွားလေသလားဟု ရှက်ရှက်နှင့် တွေးနေ၏။

"မကြည့်တော့ပါဘူးဗျာ"

သူသည် နောက်ထပ်ဘာများပြောဦးမည်နည်း ဟု စောင့်သလို ခဏမျှ ရပ်နေသေးသည်။ လူငယ်က သူ့အားကြည့်လျက်ပင်ရှိသော်လည်း ဘာမျှတော့မပြော။ ပေါလ်လည်း စာကြည့်တိုက်ထဲမှ လှည့်ထွက်ခဲ့ကာ အသံပလံများ ဆူညံလှသည့် လမ်းထဲသို့ လျှောက်ခဲ့လေပြီ။

*

## အခန်း – ၇

ယခု သူ အားလုံးသိရပြီဖြစ်၍ သူ၏ခေါင်းထဲ၌ ရေးဦးစွာဖြစ်လာသော စိတ်ကူးကား ယခုမကြာမီ အချိန်ကလေးအတွင်းက သူခံစားလိုက်ရသည့် စိတ်ဝေဒနာများကို အဓိပ္ပာယ်မရှိ ထပ်မံ မခံစားလိုတော့သည့်အတွက် ပရပ်စတီနှင့် ချိန်းဆိုထားချက်ကို ဖျက်ပစ်လိုက်ရန်ဖြစ်၏။ သို့တိုင်အောင် သူ ဤကိစ္စကိုသိရသည့် အချိန်မှစ၍ သူ၏ လှုပ်ရှားမှုများကို စိုးမိုးချယ်လှယ်လာခဲ့သော ထူးဆန်းသည့် ကံယုံစိတ်ဖြင့် သူ၏ခြေလှမ်းများကို အယ်လဒန်ဘက်သို့ လှည့်ခဲ့လေသည်။

သူသည် ခပ်ဖြည်းဖြည်း လျှောက်လာခဲ့၍၊ သူ အရှေ့ကုန်း ကျောက်တုံးလေ့ကားထစ်များကို ဖြတ်၍ကူးခဲ့သောအချိန်တွင် ညနေဆည်းဆာအလင်းရောင်သည် မှိန်စပြုပြီဖြစ်၏။ အရှေ့ကုန်းကား တစ်ဖက်တစ်ချက်တွင် တစ်ခါက လူကုံထံ မှုူးမတ်များနေခဲ့သည့် လက္ခဏာများဖြစ်သော အိမ်ရှေ့ဆင်ဝင်နှင့် အင်္ဂတေနံကပ် အိမ်မြင့်များရှိသည့် လမ်းကျဉ်းကလေးဖြစ်၏။ ရှေးက ခမ်းနားသေသပ်စွာ နေလာခဲ့ကြသော ဤအိမ်ကြီးများကို လူနေတိုက်ခန်းများအဖြစ် ပြောင်းလဲပစ်လိုက်ခြင်းအားဖြင့် ဂုဏ်ပျက်၍ မသွားသော်လည်း ပတ်ဝန်းကျင်၌ကား ခန့်ညားမှု မရှိတော့ပဲ မွဲခြောက်မှုန်မှိုင်းသွားခဲ့လေသည်။ ဖြစ်ခဲ့သည့် အိမ်ဆီသို့ ချဉ်းကပ်မိလျှင်

ပေါလ်မှာ ကြက်သီးများထမိ၏။ သို့ရာတွင် သူသည် အံကြိတ်၍ စိတ်ကိုတင်းရင်း အတွင်းသို့ ဝင်ကာ စိုထိုင်းထိုင်း အင်္ဂတေနံ့ထွက်နေသော အုတ်လှေကားအတိုင်း တက်၍၊ ဒုတိယလှေကားခုံ၌ရပ်ပြီး လူခေါ်ခေါင်းလောင်းကို တီးလိုက်သည်။

ခဏမျှနေပြီး မစ္စတာပရပ်စတီက သူ့အားတံခါးဖွင့်ပေးကာ မှောင်နေသည့် အဝင်စင်္ကြံလမ်းအတိုင်း မသပ်ရပ်လှသော အိမ်ရှေ့ခန်းထဲသို့ ခေါ်လာခဲ့၏။ ထိုအခန်းထဲရှိ ဓာတ်ငွေ့မီးဖိုအဝိုင်းကလေးတစ်ခုပေါ်၌ ပွက်လျက်ရှိသော ကော်ဖီအနံ့သည် မွှေးကြိုင်သင်းပျံ့လျက်ရှိလေသည်။

ဆေးလိပ်သမား အဖိုးကြီးသည် အိမ်ထဲ၌စီးသည့် ရှေ့ထိုးဖိနပ်ကို စီးထားသည်။ ဟောင်းနွမ်းလှပြီဖြစ်သော ကတ္တီပါဂျာကင်ကြီးတစ်ထည်ကို ဝတ်ထားသည်။ ဤသို့သော လူထူးလူဆန်းဟန်ပန်နှင့် လိုက်လျောအောင် အတန်ငယ် စုတ်ပြတ်နေဟန်ရှိသော သံပုရာခွံ ဦးထုပ်ပျော့ကလေးကိုလည်း ဆောင်းထားလိုက်သေး၏။ သို့ရာတွင် သူ့အမူအရာမှာ ဖော်ရွေပါသည်။ အိမ်ထဲ၌ လှုပ်လှုပ်ရှားရှားသွားလာကာ ကော်ဖီတစ်ပန်းကန်ငှဲ့၊ သကြားညိုများ ထည့်ပြီး သူ၏ဧည့်သည် ပေါလ်အား တိုက်လေသည်။

ပေါလ်လည်း မဲပျစ်ပျစ်ကော်ဖီနှစ်များများနှင့် ချိုခါးခါးအရသာကို အသာအယာစုတ်ယူရင်း ပူပူနွေးနွေးကလေးဝင်သွားကာ လန်းဆန်းလာခဲ့၏။ ထိုအတောအတွင်း ဆေးလိပ်သမားကြီးသည် ဆေးပြင်းလိပ်ရှည်ကြီးတစ်လိပ်မှ တုတ်တံကို ဆွဲနှုတ်ကာ နှစ်နှစ်သက်သက်နမ်းကြည့်လိုက်ပြီး သူ့နားရွက်တွင် လိုမ့်ပြီးနောက် မီးညှိလိုက်လေသည်။

သူက ဆေးလိပ်တစ်ဖွာကို ရှိုက်လိုက်ပြီး ကျေကျေနပ်နပ် သက်ပြင်းချကာ "ဒီမှာ ငါတစ်ယောက်ထဲပဲ နေတယ်။ ငါ့မိန်းမက လွန်ခဲ့တဲ့ခြောက်နှစ်က ဆုံးတယ်။ မင်း ကော်ဖီကြိုက်လိုက်မယ်လို့ ထင်ပါတယ်။ ဒါ နိုင်ငံခြားက မှာယူထားတာလေ" ဟု ပြောလိုက်သည်။

ပေါလ်က မပွင့်တပွင့် ပြန်ဖြေလိုက်၏။ နေရာက ထူးဆန်းနေသဖြင့် ပေါလ်လည်း အခန်းထဲသို့ လှည့်ပတ်ကာ မျက်စိကစားလိုက်သည်။ အခန်းထဲ၌ ဟောင်းနွမ်းလှပြီဖြစ်သော အမွေးရှည်ကော်ဇောအနီရောင်များ ခင်းထားသည်။ ထိုနောက် ဆန်းကြယ်လှပသော ကြေးပန်းဆိုင်း မီးပဒေသာကြီးတစ်ခုကို မျက်စိတန်းမိကာ မျက်နှာကြက်ဆီသို့ မော်ကြည့်လိုက်မိ၏။

ထိုအခါ ပရပ်စတီက သူ့အမူအရာကို တစ်မျိုးအဓိပ္ပာယ်ကောက်၍ "ဟုတ်တယ်။ အပေါ်ထပ်က ဝုန်းဝုန်းဒိုင်းဒိုင်းကြားရတော့ ငါက ဟောသည်ကုလားထိုင်ပေါ်မှာပဲ။ ကြောက်စရာကောင်းလောက်အောင် တဒုန်းဒုန်းဖြစ်လာတော့ ငါလဲ ပြေးတက်ပြီး ကြည့်မိတာပေါ့။ လား လား အဲဒီတုန်းက ကလေးမ သေနေတာကို မြင်လိုက်ရတာ ငါ့တသက် မေ့နိုင်စရာ မရှိပါဘူးကွာ။ ဒီမိန်းကလေးဟာ မလုံမလဲအဝတ်နဲ့ လှလှပပကလေး။ ဒါပေမဲ့ လည်ပင်းကတော့ တဝက်အထိ ပြတ်လို့" ဟု ဆိုကာ ရုတ်တရက် ဖြတ်ထားလိုက်ပြီး "ဒါလောက်လဲ ကြောက်လန့်မနေပါနဲ့လေ။ အခု ဘယ်သူမှ မရှိတော့ပါဘူး။ အခန်းလွတ်ပါ။ ငါ့ဆီမှာ သော့ရှိတယ်။ အိမ်ရှင်က ငါ့ကို အပ်ထားတယ်။ အခန်းကို မင်းကြည့်ချင်ရင်ပေါ့လေ" ဟု ပြောလိုက်၏။

ပေါလ်က ခေါင်းကို ယမ်းကာ "ဟင့်အင်းဗျာ၊ မကြည့်ချင်ဘူး" ဟု ငြင်းလိုက်သည်။ ပြီးမှ သူ့နဖူးကို လက်ဖြင့်အုပ်ကာ "ကျွန်တော် တညနေလုံး ဒီအမှုအကြောင်းကို ကူရီယာသတင်းစာဟောင်းထဲမှာ ဖတ်နေတာ။ စိတ်မချမ်းသာစရာတွေ များနေလို့ပါ" ဟု တောင်းပန်လိုက်၏။

"အေးပေါ့လေ" ဟု ဆိုကာ ပရပ်စတီက စဉ်းစားနေလိုက်ပြီးမှ "ကူရီယာထဲမှာ သတင်းအစုံပါတာပဲ။ ငါ့အကြောင်းတောင် အတော်ကလေး တရားမျှတအောင် ရေးရှာကြပါတယ်။ ငါလဲ အတော်လေးကို အရှက်ကွဲခဲ့ရတာပဲ။ ငါက အဲဒီ အိမ်ခန်းထဲက ထွက်လာတဲ့လူဟာ မက်ထရီပါလို့ ကျမ်းကျိန်ပြီး အစစ်မခံနိုင်ဘူး

လို့ဆိုတာနဲ့ပဲ တကတဲ” ဟု ဆိုကာ ပရပ်စတီသည် ဆေးလိပ်ကို အပေါ်သို့ထောင်လာအောင် ကိုက်လိုက်ပြီး “အစိုးရရှေ့နေ စပရောက်က ငါ့ကို အရူးလုံးလုံးဖြစ်အောင် လုပ်ပစ်လိုက်တယ်ကွာ” ဟု ဆက်ပြောသည်။

“အဲဒီလူကို ကျွန် ကျွန်တော့်အဖေရယ်လို့ ဦးက မမှတ်မိဘူးပေါ့”

“အိမ်ခန်းအဝင် စင်္ကြံလမ်းကလဲ မှောင်နေတယ်ကွာ။ ငါ့မှာ မျက်မှန်ကလဲ မပါခဲ့ဘူးကွာ။ အိုကွာ၊ ငါမှားတာ ဖြစ်နိုင်ပါတယ်။ ပင်မင်းဆိုင်က အက်ဒဝပ်နဲ့ အခြားသက်သေတွေကတော့ သိပ်သေချာကြတာပဲ။ ဒါပေမဲ့” ဟု ဆိုကာ မခံချင်စိတ်ကလေးများ ပြသလို သူ့ကိုယ်သူ ပြုပြင်လိုက်ပြီး “ငါကလဲ ခေါင်းမာမာပဲကွ။ ဒီ စပရောက်ဆိုတဲ့ သသားမသသားက အမျိုးမျိုးလှည့်ပတ်ပြီး ခံပြင်းစရာပြောလဲ ငါက သေမှ မသေချာတာကို ဘယ်မှာ ကျမ်းကျိန်ပြီးတော့ အစစ်ခံနိုင်ပါ့မလဲ” ဟု ပြောရင်းက “မင်းကော၊ သက်သေခံဖူးလား” ဟု မေးလိုက်၏။

“မခံဖူးဘူး”

“ဟာကွာ၊ မင်းနှယ်၊ သက်သေခြံကလေးထဲရောက်တာနဲ့ တစ်ခါတည်း မင့်ကို မလှုပ်နိုင်အောင် ချည်တုပ်နှောင်ထားလိုက်ကြတော့တာပဲ။ အချိန်တစ်ဝက်လောက်ဟာကတော့ မင်းဟာမင်း ဘာပြောလို့ ပြောမှန်းသိရတာတော့ မဟုတ်ဘူး။ ကျန်တဲ့ အချိန်တစ်ဝက်လောက်မှာ မင်းပြောချင်တာတွေကို ပြောရမယ်ဆိုတော့လဲ ပြောခွင့်မပေးဘူး။ အဲဒီမှာ ငါ ပြောခွင့် လုံးဝမရခဲ့တာတစ်ခု ထူးဆန်းတာရှိတယ်ကွ။ ဒါကို ငါ့မိန်းမနဲ့လဲ ပြောဖူးတယ်။ ဒေါက်တာကျုခ်နဲ့လဲ ပြောဖူးတယ်။ ဒေါက်တာကျုခ်ဆိုတာ ကလေးမအလောင်းကိုကြည့်ဖို့ ငါပြေးခေါ်ခဲ့တဲ့ ဆရာဝန်လေ။ အဲဒီဆရာဝန်က အမှုစစ်ဆေးတဲ့အခါမှ သက်သေအဖြစ် ပါမလာဘူးလေ။ သူတို့ဖာသာ ဆေးဘက်ဆိုင်ရာ ပါရဂူတို့ဘာတို့ ခေါ်တယ်။ သို့ပေမယ့် အဲ့ဒီဆရာဝန်ကလဲ ဒါကို စိတ်ဝင်စားနေတာ။ တို့ ဒီအကြောင်းကို နောက်တော့ ခဏခဏ ပြောမိကြတာပေါ့”

ဆေးလိပ်သမားကြီးလည်း ဆေးလိပ်တစ်ဖွာ ရှိုက်၍သွင်းလိုက်ပြီး သူ၏ကော်ဖီကို စဉ်းစားရင်း မွှေနေလေ၏။

“ဧည့်ခန်းထဲ ငါဝင်သွားလို့ လူသတ်ထားတာလဲတွေ့ရော၊ ငါလဲ ပြူတင်းပေါက်ဆီကို ကပျာကယာ ပြေးပြီး ဖွင့်ကြည့်လိုက်တယ်။ ထွက်ပြေးသွားတဲ့လူကိုများ နောက်ထပ်မြင်လိုက်ရဦးမလား အောက်မေ့လို့ပါပဲ။ ဟာ၊ တကယ်ပဲကွာ၊ မြင်လိုက်ရတယ်ဟေ့။ လမ်းထဲမှာ ပြူတင်းပေါက်ကလာတဲ့ မီးရောင်နဲ့လေ။ အဲဒီလူဟာ ဝင်းထရံတစ်ခုမှာ ထောင်ထားတဲ့ ဘိုင်စကယ်တစ်စီး ကောက်ယူပြီး ခုန်တက်၊ ဒလကြမ်းနင်းထွက်ပြေးသွားတာကို မြင်လိုက်ရတယ်။ အဲဒီ ဘိုင်စကယ်ရဲ့ အရောင်ဟာ အစိမ်းရောင်ကွ။ အဲဒါကိုတော့ ငါ သေသေချာချာ ကျမ်းကျိန်ပြောနိုင်တယ်။ ဘိုင်စကယ်အစိမ်းက ဆန်းတယ်နော်”

ပရပ်စတီသည် ဝတ္ထုဆန်ဆန် ပြောပြနေရသည်ကို နှစ်သက်ဟန်တူ၏။ သူသည် ပြောရင်းမှ ဟန်ပါပါ ရပ်ထားလိုက်သည်။ ပြီးမှ ဆက်လက်၍ “အထူးသဖြင့် မက်ထရိုမှာ တစ်သက်တစ်ကိုယ် ဘိုင်စကယ်အစိမ်းမပြောနဲ့ ရိုးရိုးဘိုင်စကယ်တစီးတောင် ပိုင်ဖူးတာမဟုတ်ဘူးဆိုတာကို ထည့်စဉ်းစားရင်ဆန်းတယ်” ပရပ်စတီက ပေါလ်အား လက်ကာ၍ တားထားလိုက်ပြီး “အေးလေ၊ အမှုစစ်ဆေးတဲ့အခါမှာတော့ မြန်မြန်ပြေးလို့ရအောင် သူ ခိုးယူလာတာဖြစ်မယ်လို့ ယူဆလိုက်ကြတာပေါ့။ ဒါပေမဲ့ အဲသလိုဆိုရင်လဲ ဒီဘိုင်စကယ်အစိမ်းကို ဘယ်သူပိုင်သလဲ။ ပြီးတော့ကော။ ဘယ်ပျောက်သွားသလဲ။ တူးမြောင်းထဲမှာ အထက်အောက် မိုင်ပေါင်းများစွာ ပိုက်ဆွဲပြီး ရှာကြတယ်။ ဒါပေမဲ့ မတွေ့ကြပါဘူး” ဟု ဆက်ပြောလိုက်သည်။

ထို့နောက် အတန်ကြာ ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်။

“နောက်တစ်ခု ဆန်းတာက အလောင်းနားမှာ တွေ့ရတဲ့ သားရေပိုက်ဆံအိတ်ပဲကွ” ဟု ပရပ်စတီက ဟန်ပါပါ ဆက်၍ ပြောပြန်သည်။

"အဲဒါဟာ သေသူအမျိုးသမီးရဲ့ဟာလဲ မဟုတ်ဘူး။ မက်ထရီရဲ့ဟာလဲ မဟုတ်ဘူး။ ဒါဖြင့် အဲဒါ ဘယ်သူ့ဟာလဲ။ အဲဒါဟာ တကယ့်ပြဿနာ။ ငါ့ထက် အများကြီးစဉ်းစားဉာဏ်ကောင်းတဲ့ လူအဖို့လဲ တကယ့်ပြဿနာကွ။ ဒီအမှုကို အစအဆုံးထိကိုင်ရတဲ့ အကောင်လေ။ ဆွမ်း – တဲ့"

ပေါလ်က ထိုအမည်ကို ပဲ့တင်ထပ်၍ လိုက်ဆိုလိုက်မိသည်။ ပရပ်စတီက ရုတ်တရက် မျက်နှာတည်တည်ထားကာ ခေါင်းညိတ်ပြလိုက်၏။

"စုံထောက် အင်စပက်တော် ဂျိမ်းစ်ဆွမ်းတဲ့" ဟု ဆိုကာ ဆေးလိပ်သမားကြီးလည်း တစ်စုံတစ်ယောက်များ နားထောင်နေမည်လားဟု စိုးရိမ်သလို ပတ်ပတ်လည်လှည့်၍ တစ်ချက်ကြည့်ပြီး သူ့ကုလားထိုင်ကို ပေါလ်ဘက်သို့ ပိုမိုနီးကပ်အောင်ရွှေ့ကာ "ငါ ဘုရားလောင်း မဟုတ်ဘူးကွ။ ဘယ်သူ့အတွက်မှ ဇက်ပြုတ်မခံနိုင်ဘူး။ ဒါပေမဲ့ မင်းကတော့ တခြားလူမဟုတ်လို့ ဆွမ်းရဲ့အကြောင်း သိသင့်တယ်လို့ ထင်ပါတယ်လေ" ဟု ဆိုလိုက်သည်။

ပေါလ်သည် မတုန်မလှုပ် ကျောက်ရုပ်လို နားထောင်နေရာမှ တစ်ဖက်လူက အမှုအရာပြောင်းလာသဖြင့် သူလည်း ကိုယ်ကို မတ်၍ထိုင်လိုက်၏။ ပရပ်စတီက ခပ်အုပ်အုပ်လေသံဖြင့် ဆက်ပြောသည်။

"ဆွမ်းဟာ လူကောင်းပါကွာ။ တော်လဲ တော်ပါတယ်။ ဒါပေမဲ့ တော်ရုံကောင်းရုံနဲ့က မပြီးဘူးပေါ့ကွာ။ ဥပမာ သူဟာ စုံထောက်ရင်း လှည့်လည်သွားတဲ့အခါ လူငယ်လေးတစ်ယောက်ယောက် မဟုတ်တာလုပ်နေတာတွေ့ရင် သူက ဖမ်းမချုပ်ဘူးကွ။ သူငယ်ကို ဦးကြီးဦးလေးလို ပြောဆိုဆုံးမပြီး လွှတ်လိုက်တာပဲကွ။ ငါပြောတာ နားလည်ရဲ့မဟုတ်လား။ လူကောင်းအစစ်ကွ။ တခုဆိုးတာက သူ့မှာပျော့ကွက်ကလေးတခု ရှိတယ်ကွ။ အတော်ဆိုးတဲ့ ပျော့ကွက်ပေါ့ကွာ။ အရက်သောက်တာ" ပရပ်စတီသည် မီးရဲနေသော သူ၏ ဆေးလိပ်ကိုကြည့်လိုက်ပြီး ခေါင်းယမ်းကာ "တကယ်ပါကွာ။ ဆန်းပါတယ်။ အတော့်ကို ဆန်းပါတယ်" ဟု ဆိုလိုက်သည်။

ပေါလ်လည်း နဖူးကြောများ ရှုံ့သွားကာ စိတ်အာရုံစိုက်၍ နားထောင်လျက် ရှိလေသည်။

"သူက တပတ်ကို နှစ်ခါ ငါ့ဆိုင်လာလာပြီး ဆေးတံသောက်ဆေး အောင်စဝက် အောင်စဝက် ဝယ်တတ်တော့ သူ့ကို ငါကောင်းကောင်းသိနေတာပေါ့။ ဒီအမှုအတွင်းကလဲ သူနဲ့ငါ မကြာမကြာတွေ့ပါတယ်။ အားလုံးပြီးကြလို့ မေ့မေ့ပျောက်ပျောက် သွားမြဲလာမြဲဖြစ်ကြတော့ သူ ပြောင်းလဲသွားတာကို ငါသတိပြုမိတယ်။ တခုက ဘာလဲဆိုတော့ သူဟာ အရက်ကို အရင်ကထက် ပိုသောက်လာတယ်။ သူဟာ အရင်ကလဲ စကားသိပ်များများပြောတဲ့သူ မဟုတ်ဘူး။ အခုတော့ သူ့ဆီက စကားတစ်ခွန်းရဖို့ဆိုရင် အင်မတန်ခဲယဉ်းသွားတယ်။ သူ့ကြည့်ရတာ သိပ်ရွှင်ရွှင်လန်းလန်းလဲ မရှိဘူး။ သောကတစ်ခုခု ရှိနေသလိုပဲ။ ငါလဲ သူ့ကို မကြာမကြာ ဒီအကြောင်းနဲ့ပတ်သက်ပြီး အစ်တာပဲကွ။ ရည်စားပူမိနေသလား ဘာလားနဲ့ပေါ့ကွာ။ ဒါပေမဲ့ သူက ဒါကို အမြဲ လှီးလွှဲပစ်တာချည့်ပဲ။ ဒါနဲ့ တစ်နေ့တော့ နောက်ဆယ်လ ဆယ့်နှစ်လကြာတဲ့ တစ်နေ့မှာ ထူးထူးခြားခြား မျက်နှာတင်းတင်းနဲ့ သူဝင်လာတယ်။ နည်းနည်းလည်း မူးလာဟန်တူပါတယ်။ ဟော့ အဲလဘတ်– တဲ့။ ငါ အကြီးအကျယ် ချတော့မယ်ကွတဲ့။ ငါ ဝေါလတာဂျစ်လက်နဲ့ သွားတိုင်ပင်မယ်တဲ့"

ပရပ်စတီသည် ခေတ္တမျှရပ်နား၍ သူ၏ ကော်ဖီကို တစ်ကျိုက်မျှ စုတ်လိုက်၏။

"ဝေါလတာဂျစ်လက်ဆိုတာက ပထမတန်းနာမည်ကောင်းတဲ့ ရှေ့နေကြီး။ ပုလိပ်ရုံးတွေမှာ အလိုက်ရဆုံးပေါ့။ ဒါနဲ့ ငါကလည်း ဘာကိစ္စ သွားတိုင်ပင်မှာလဲ လို့မေးတယ်။ ဒါပေမဲ့ သူက ခေါင်းသာယမ်းပြီး ငါ အခု ဘာမှမပြောနိုင်သေးဘူး။ ဒါပေမဲ့ မကြာခင် ဒီအကြောင်း အကုန်ကြားရပါလိမ့်မယ်လို့ ခပ်ဆန်းဆန်း ပြောသွားတယ်"

ဆေးလိပ်သမားကြီးသည် ကော်ဖီပန်းကန်ပြားကို မြှောက်၍ တစ်ကျိုက် စုတ်လိုက်ပြန်သည်။ ပေါလ်မှာ မရိုးမရွဖြစ်နေ၏။

ထို့နောက် ပရပ်စတီက ခပ်လေးလေး ဆက်ပြောသည်။ "အင်း ဟုတ်ပါရဲ့။ မကြာခင်ပဲ ကြားရတော့တာပါပဲ။ နောက်တစ်နေ့မှာ ဆွမ်းဟာ အလွန်အကျွံမူးပြီး လဲနာ့ဒ်လမ်းဆုံကို ယဉ်အချက်ပြတာဝန်နဲ့ ရောက်လာတယ်။ ယာဉ်အသွားအလာတွေ ရှုပ်ထွေးပြီး သူကလည်း မှားယွင်းပြီး အချက်ပြတာနဲ့ ယာဉ်တိုက်မှုဖြစ်၊ မိန်းမတစ်ယောက် ယာဉ်တက်ကြိတ်ပြီး သေလုမတတ်ဖြစ်။ ဟာ လူတွေကလဲ ဒေါသနဲ့ အော်ကြ ဟစ်ကြ၊ သတင်းစာတွေက ရေးကြနဲ့ အကြီးအကျယ်ပေါ့။ ဆွမ်းခမြာလဲ ရုံးတင်အစစ်ခံရပြီး အလုပ်ကပြုတ်။ ပြုတ်ထိုက်ပါတယ်။ ပြီးတော့ အလုပ်ကြမ်းနဲ့ ထောင်ခြောက်လ ကျသွားရှာတယ်"

"ထောင်ကျသွားတယ်" ဟု ပေါလ်လည်း လိုက်ဆိုမိသည်။

"ပြီးတော့ကော သူဘာဖြစ်သွားလဲ"

"သူကတော့ သွားပြီပေါ့ကွယ်" ဟု ပရပ်စတီက ဖြေသည်။ "ဆွမ်းထောင်ကလွတ်လာတော့ အလုပ်တွေ တစ်ခုပြီးတစ်ခု ရှာဖွေလုပ်ပါသေးတယ်။ အလွတ်စုံထောက်အလုပ်တို့၊ ဟိုတယ်ပေါ်တာတို့၊ ရုပ်ရှင်ရုံ အပေါက်စောင့်တို့။ ဒါပေမဲ့ သူက ဘယ်အလုပ်မှာမှ စွဲစွဲမြဲမြဲ မလုပ်ဘူး။ တကယ်ပြောရရင် သူက အရက်သောက်တာနဲ့ ဟိုဟာဒီဟာလုပ်တာနဲ့ ဘာနဲ့ဆိုတော့ တခါတည်းကို ပြောင်းလဲသွားတာပဲ။ အဖတ်ဆယ်လို့ မရတော့ဘူး။ အခုတော့ ဘယ်လိုနေရှာလဲ မသိတော့ဘူး။ သူ့အကြောင်း မကြားရတာ နှစ်နှစ်လောက်တောင် ရှိသွားပြီ"

ပေါလ်က တအံ့တသြပင် "ဒါနဲ့ နေပါဦး။ ဘာကြောင့် ဒါတွေလျှောက်ဖြစ်ကုန်တာလဲ။ သူ ဝေါ်တာဂျစ်လက်ကိုကော သွားတွေ့ဖြစ်သတဲ့လား" ဟု မေးလိုက်သည်။

"သြော်၊ ဒါတော့ မသိဘူးကွ" ဟု ပရပ်စတီက စဉ်းစဉ်းစားစား ဖြေသည်။

ထို့နောက်သူသည် ကော်ဖီပန်းကန်ကို အပြီးသတ်လိုက်ပြီး အသံကို ရှေးကထက်ပင်နိမ့်ကာ စကားဆက်ပြောသည်။

"သူထောင်က ထွက်ပြီးတဲ့နောက် ဆွမ်းကို သိပ်မတွေ့တော့ဘူး။ ဒါပေမယ့် တညတော့ သူ ဆိုင်ထဲကို ဝင်လာတယ်။ နေ့စဉ်ရက်ဆက် အရက်ချည့်ဖိသောက်နေခဲ့တာ အတော်ကလေးတောင်လွန်နေပြီ။ ဆိုင်ထဲမှာ ယိမ်းထိုးယိုင်လိုက်နဲ့ ရပ်နေလိုက်တာလေ။ စကားတခွန်းမှ မဟဘူး။ နောက်တော့ သူက 'ဟေ့ မင်းသိလားကွ' တဲ့။ ငါကလဲ 'မသိဘူးကွ' လို့ သူ့အလိုက်သင့်ပဲ ပြောလိုက်တယ်။ ဒီတော့ သူက 'မသိရင်ပြောမယ်။ ကျောင်းစကား ကျောင်းမှာပဲ ပျောက်စေတဲ့ကွ' ဆိုပြီး ရယ်လိုက်တာကို အတောမသတ်ဘူး။ ရယ်ရင်းနဲ့ပဲ ငါ့ဆိုင်ထဲက ဒယိမ်းဒယိုင်နဲ့ ထွက်သွားတာကွ။ သူ့ရယ်သံကြားရတာ ငါဖြင့် စိတ်ကို မချမ်းသာဘူး"

ပေါလ်က "ဒီ့ပြင် ဘာတွေ ပြောသွားသေးလဲ" ဟု မေးလိုက်၏။

"အဲဒီတုန်းကလဲ ဘာမှမပြောဘူး။ နောက်လဲ ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘူး။ ဒါပေမဲ့ ငါထင်တယ်လေ။ မဟုတ်မှလွဲရော။ ဘုရားသခင် စောင်မတော်မူပါ။ သူ ဒီလိုဖြစ်သွားရတာဟာ မက်ထရီအမှုကြောင့်ပဲ ဆိုတာ ငါ့စိတ်ထဲမှာစွဲနေတယ်"

အကြာကြီး တိတ်ဆိတ်ငြိမ်သက်လျက်ရှိစဉ် ပေါလ်သည် ရင်ထဲ၌ ပြည့်ခဲတင်းကြပ်လျက် သူ့ကုလားထိုင်၌ပင် တောင့်တောင့်ကြီးထိုင်လျက်ရှိ၏။ ထို့နောက် ထိုနေရာ၌ ထိုင်ရင်းကပင် ခေါင်းကို တဖြည်းဖြည်းမော့ကာ အထက်က မျက်နှာကြက်ကို စိုက်ကြည့်နေလိုက်လေသည်။ သူ့အဖို့ ဘာမှ သဲသဲကွဲကွဲမရှိ။

အမှောင်ရိပ်သည် သူ့အပေါ်သို့ ပိုမိုသိပ်သည်းစွာ ကျရောက်လျက်ရှိ၏။ သို့တိုင်အောင် ရှုပ်ထွေးလျက်ရှိသော ဤအမှောင်တိုက်အတွင်းမှာပင် ထူးဆန်းသော သူ၏အတွင်းစိတ်က ရှေ့သို့ဆက်လိုက်ရန် သူ့အားနှိုးဆော်လျက် ရှိပြန်လေတော့သည်။

ပရပ်စတီလည်း သူ၏ဆေးလိပ်တိုကို မီးထဲသို့ ပစ်ထည့်လိုက်ပြီးနောက် နာရီကို ငေးစိုက်ကြည့်လိုက်ရင်း "မိုးတောင်ချုပ်ပါပကောလား။ မင့်ကို နှင်တာတော့မဟုတ်ဘူး။ ဒါပေမဲ့ မင်းမေ့နေရင် ရထားနောက်ကျမှာစိုးလို့" ဟု ဆိုလိုက်သည်။

ပေါလ်လည်း သွားတော့မည်ဟု ထိုင်ရာမှ ထလိုက်သည်။ ထိုနောက် တည်ငြိမ်သောအသံဖြင့် "ကျွန်တော် ဒီနေ့ညရထားနဲ့ မပြန်နိုင်သေးဘူးဗျာ။ ဆွမ်းနဲ့ဂျစ်လက်တို့ ဘာတွေ တိုင်ပင်ကြသလဲဆိုတာ သိအောင်စုံစမ်းဦးမယ်" ဟု ပြန်ပြောလိုက်လေ၏။

*

## အခန်း – ၈

နောက်တစ်ရက်နံနက်သည် ကြည်လင်လတ်ဆတ်လှပေသည်။ လွန်ခဲ့သည့်နေ့မွန်းလွဲပိုင်းက မစ္စတာပရပ်စတီ၏ ဆေးလိပ်ဆိုင်မှ အပြန်တွင် အခန်းတစ်ခန်းယူထားခဲ့သော ဝိုင်အမ်စီအေမှာပင် ပေါလ်သည် နံနက်စောစော နိုးလာခဲ့သည်။ နံနက်စာ စားပြီးသောအခါ သူ့အမေ စိတ်သက်သာရာရစေရန် စာတိုကလေးတစ်စောင် ရေး၍ ထည့်လိုက်၏။ ထို့နောက် အလုပ်ကိစ္စရှိသည့်ဟန်ဖြင့် မြို့လယ်သို့ ထွက်ခဲ့၏။ ယခုအခါတွင် သူနေရာမြို့အစွန်မှ ဘယ်ကိုမှ သိပ်မထွက်တော့သော ဆေးလိပ်သမားကြီးပရပ်စတီက ဆွမ်းနှင့် ဂျစ်လက်တို့ ယခု ဘယ်မှာနေနေကြသည်ကို မသိတော့သော်လည်း သူ၏စာရွက်စာတမ်းများထဲ၌ ရှာဖွေ၍ ဘုရားလမ်းရှိ ရှေ့နေဂျစ်လက်၏ ရုံးခန်းလိပ်စာကိုလည်းကောင်း သူမှတ်မိသလောက် လွန်ခဲ့သည့် နှစ်နှစ်လောက်က ဆွမ်းနေခဲ့ဖူးသည့် ပြောင်းဈေးအနီးက လိပ်စာကိုလည်းကောင်း ပေးလိုက်နိုင်လေသည်။

ပေါလ်သည် ကိုးနာရီခွဲတွင် ဘုရားလမ်း အမှတ် ၁၅ သို့ရောက်ပြီး အစိမ်းရောင်ခါးစည်း ရှေ့ဖုံးဝတ်ထားသော လူတစ်ယောက် ရုံးခန်းတံခါးကို ကံအားလျော်စွာ ဖွင့်ထားစ။ အပြင်ဘက်က တံခါးပေါ်ရှိ ကြေးဆိုင်းဘုတ်ကလေးကို ပွတ်တိုက်လျက်ရှိသည်ကို တွေ့ရလေသည်။

"ဒါ မစ္စတာဝေါလတာဂျစ်လက်ရဲ့ ရုံးခန်းလားခင်ဗျား"

တံခါးစောင့်လည်း သူ့အလုပ်ကို ခေတ္တရပ်ထားလိုက်သည်။ သူသည် ခပ်ကြမ်းကြမ်းရုပ်အသွင်၊ ခြေခွင်ခွင်နှင့် မျက်လုံးနီနီလူတစ်ယောက်ဖြစ်၏။ သူက ယဉ်ကျေးစွာပင် ဖြေလေသည်။

"အရင်က ဟုတ်တယ်"

"အခု ပြောင်းသွားပြီလား"

"မှန်ပါတယ်"

ခဏမျှ ဆိုင်းနေပြီး ပေါလ်က . . .

"တံခါးစောင့်သည် ပေါလ်အား ဘေးစောင်းကြည့်၍ အကဲခတ်လိုက်၏။

"မသိဘူးလို့တော့ မဆိုနိုင်ပါဘူးဗျာ"

"အခု သူ့ကို ဘယ်မှာများတွေ့နိုင်မလဲ"

**ပေါ်လတာဂျစ်လက်**

**အား**

**လွမ်းဆွတ် တ,သ, သတိရလျက်**

**(မည်သူ့လုပ်ရပ်မဆို ပေါ်လွင် ထင်ရှားရမည်)**

ပေါလ်သည် ဘာလုပ်ရမှန်းမသိဘဲ အောက်ဆုံးမှ စာကြောင်းကို သုံးခေါက်တိတိ ပြန်ဖတ်နေမိရင်း ယခု ဂျစ်လက်သေပြီဆိုလျှင် ဂိုမ်းစ်ဆွမ်းကိုတွေ့ဖို့ ယခင်ကထက် ပို၍ အားထုတ်ရတော့မည်ကို သတိပြုလိုက်မိသည်။ သူသည် ချာခနဲလှည့်၍ ခပ်သုတ်သုတ်လျှောက်ကာ ထွက်သွားလေတော့၏။

များမကြာမီ သူသည် ပြောင်းဈေး၏နောက်၌ အတန်းလိုက်ရှိသည့် မြေတိုက်ခန်းအိမ်တစ်အိမ်၏ တံခါးကို ခေါက်လိုက်သည်။ သူရပ်နေသည့်နေရာ၏ အောက်နားသို့ အပြာကွက် အပေါ်အင်္ကျီဝတ်ထားသည့် လူလတ်ပိုင်းအရွယ် အမျိုးသမီးကြီးတစ်ယောက် ထွက်လာ၏။

ပေါလ်က "ကျွန်တော် မစ္စတာဆွမ်းကို တွေ့ချင်လိုပါ။ မစ္စတာဂိုမ်းဆွမ်း" ဟုဆိုကာ သူ့အသံကို တတ်နိုင်သမျှ ငြိမ်အောင် အားထုတ်၍ "အရင် သူဒီမှာ နေတယ်လို့ သိရပါတယ်" ဟု ဆက်ပြောလိုက်၏။

အမျိုးသမီးကြီးက "ဟုတ်ပါတယ်" ဟုဆိုကာ "ဒီမှာ သူ အခန်းတခန်းငှားပြီး လ အတော်ကြာ နေသွားတာပဲ။ ဒါပေမဲ့ ဒီက သူထွက်သွားတာ နှစ်နှစ်လောက် ရှိသွားပြီ" ဟု ဆက်ပြောသည်။

"သူ ဘယ်ကို သွားတာလဲခင်ဗျာ"

အမျိုးသမီးကြီးက စဉ်းစားသလို လုပ်နေလိုက်ပြီးမှ "သူ့ခမြာ ကောင်းရှာပါတယ်။ အခန်းခကိုလဲ သူတတ်နိုင်တဲ့အခါ ပေးရှာပါတယ်။ အခု သူ့ကို တွေ့ချင်တဲ့ကိစ္စက မဟုတ်တာတခုခု ဖြစ်လို့တော့ မဟုတ်ပါဘူး ထင်ပါရဲ့နော်" ဟု မေးလိုက်၏။

ပေါလ်က လျင်မြန်စွာပင် "ဟာ၊ မဟုတ်ပါဘူး၊ မဟုတ်ပါဘူး။ တခြားကိစ္စပါ" ဟု ပြောလိုက်ရ၏။

"ဒီလိုဆို ကုန်ဈေးလမ်းထဲက တည်းခိုခန်းကို လိုက်သွား၊ နံပါတ်တော့ ကျွန်မ မသိဘူး။ ဟတ်ဆိုတဲ့လူတစ်ယောက် ဖွင့်ထားတဲ့တည်းခိုခန်း"

ကုန်ဈေးလမ်းကား ထိုနေရာမှ မိုင်ဝက်မျှ မဝေးသည့် မြို့လယ်လူစည်သည့်နေရာကိုဖြတ်လျက် ဘေးတစ်ဖက်တစ်ချက်တွင် အပေါစားဆိုင်ကလေးများ၊ လမ်းဘေးဈေးသည်တို့၏ လှည်းများဖြင့် ပွတ်သိပ်ပြည့်ညပ်ကာ ဖြတ်သွားဖြတ်လာ ဓာတ်ရထားတို့၏အသံဖြင့် ဆူညံပြီး ယာဉ်အသွားအလာကြပ်လှသော သူဆင်းရဲတို့၏ လမ်းရှည်တစ်လမ်းဖြစ်လေသည်။ စာတိုက်ခွဲတစ်ခုရှိ လမ်းညွှန်စာအုပ်၌ ရှာကြည့်လိုက်သောအခါ ဟတ်တည်းခိုခန်းကို တွေ့ရသည်။

ထိုအဆောက်အဦးကား ပတ်ပတ်လည်တွင် ကြပ်ခိုးစွဲ၍ ညိုညစ်နေသော တိုက်အိုမြင့်ကြီးများ ပိတ်ရံလျက် ညစ်ပေလှသော ရင်ပြင်၌ ဆောက်လုပ်ထားသည့် အုတ်တိုက်ဖြစ်ပြီး ကျဉ်းမြောင်းလှသော လမ်းကလေးမှ ဝင်သွားရသည်။ လူခေါ်ခေါင်းလောင်းမှာ ခလုပ်ပါပြုတ်ထွက်လျက် အပေါက်ရာသာ ကျန်တော့၏။ ပဲ့ရွဲ့စုတ်ပြတ်နေပြီဖြစ်သော တံခါးရွက်ကို လက်ဖြင့် အထပ်ထပ်ခေါက်လိုက်သည်နှင့် မရှေးမနှောင်း၌ပင်

မျက်နှာညစ်ညစ်ပတ်ပတ်နှင့် လည်ပင်းက အနာဗရပွကို ဖလန်ထည်စ အနီတစ်ခုဖြင့် ပတ်ထားသည့် ဆယ့်နှစ်နှစ်အရွယ် သူငယ်တစ်ယောက် ထွက်လာသည်။

ပေါလ်က ဘာမှမပြောရမီ သူက 'အိမ်မှာ ဘယ်သူမှ မရှိကြဘူး' ဟု အက်ကွဲသောအသံဖြင့် ပြောလိုက်သည်။ သူက သူနေမကောင်း၍ ကျောင်းမတက်ရပဲ အိမ်မှာပင်နေရသည်ဟု ရှင်းပြနေ၏။ ဤအိမ်၌ နေကြသူအားလုံး အလုပ်သွားကြသည်။ အားလုံးလိုလိုပင် သံရည်ကျိုစက်မှာ အလုပ်လုပ်ကြသည် ဟုပြောသည်။ သူသည် ဆွမ်းဆိုသော အမည်ဖြင့် မည်သူ့ကိုမျှ မသိ။ ဤနေရာကို စောင့်ရှောက်နေသော သူ့အမေသည် လေးနာရီတွင် ပြန်လာမည်ဟုသာပြောတတ်၏။

သူငယ်ကလေးအား သူပြန်လာခဲ့မည်ဟုပြောပြီး ပေါလ်လည်း စကြ်ံလမ်းကျဉ်းကလေးမှ ပြန်ထွက်ကာ ကုန်ဈေးလမ်း၏ ဗရုတ်သုတ်ခတွေကြားထဲသို့ ပြန်ရောက်လာသည်။ သူ အလကားတော့ အချိန်ဖြုန်းမပစ်နိုင်။ သူ၏ အကြောအချဉ်တို့ လှုပ်ရှားဖို့ အဆင်သင့်ဖြစ်နေကြသည်။ လွန်ခဲ့သည့်ညမှစ၍ သူ့တွင် တဖြည်းဖြည်း ကြီးထွား၍လာခဲ့သော ဆန္ဒကလေးတစ်ခုက မြို့တော်စာကြည့်တိုက်ဆီသို့ တွန်း၍ပို့လျက်ရှိပြန်လေသည်။

အချိန်ကား မွန်းတိမ်းပြီဖြစ်၍ ယခင်လူငယ်ကလေးပင် တာဝန်ကျနေသည်။ ပေါလ်က ဆင်နားရွက်တံခါးကို တွန်း၍ဝင်လာတော့ သူသည် သူ၏စားပွဲ၌ ပျင်းပျင်းရိရိထိုင်လျက် ငိုက်နေလေသည်။ သို့ရာတွင် သူ ခေါင်းထောင်ကြည့်လိုက်၍ ပေါလ်ကိုမြင်လိုက်သောအခါ သူ့ကိုယ်သူ မတ်မတ်ထိုင်လိုက်ပြီး စာဖတ်ခန်းထဲသို့ ပေါလ် ဖြတ်၍ ဝင်လာသည်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေလေ၏။ သူသည် ပေါလ်က လှမ်းပေးလိုက်သော စာရွက်ကလေးကို တိတ်ဆိတ်စွာပင် လှမ်းယူလိုက်သည်။

ပေါလ်က ရှင်းပြရန်လိုသည်ထင်၍ "အဲဒါ ကျွန်တော့် လိပ်စာပါပဲ။ ကျွန်တော် ဒီမှာ ရက်အတော်ကြာနေမယ်" ဟု ပြောလိုက်၏။

လူငယ်က ခေါင်းညိတ်ပြပြီး ခေါင်းလောင်းကလေးကို နှိပ်၍ လူခေါ်လိုက်၏။ ထိုလူလာပြီး အလိုရှိသော ဖိုင်တွဲယူရန်ထွက်သွားတော့မှ လူငယ်လည်း သူ့စားပွဲအောက်က အံဆွဲတစ်ခုကို ဖွင့်လိုက်၏။

"ခင်ဗျား အရင်တစ်ခေါက်လာတုန်းက ဖိုင်တွဲထဲမှာ မှတ်စုတွေ ကျန်နေခဲ့တယ်။ ရော့"

ပေါလ်သည် စာရွက်ကို စိုက်ကြည့်နေမိ၏။ သူသည် သတင်းစာကိုဖတ်ရင်း အမှုအကြောင်းအကျဉ်းချုပ်ကို ရေးမှတ်ပြီးမှ ဆက်မရေးဘဲထားခဲ့သည့် မှတ်စုများဖြစ်သည်။ ဤလူငယ်သည် သူနှင့်မဆိုင်သလို နေသော်လည်း သတင်းစာဖိုင်တွဲကို တကူးတကလှန်ကြည့်မှတော့ ဤမှတ်စုများကို ဖတ်မိမည်မှာ မလွဲ။ သူ ဘယ်သူဘယ်ဝါဖြစ်သည်ကိုလည်း သိချင်သိသွားပေလိမ့်မည်။

ပေါလ်က "ကျွန်တော် အဲဒီစာရွက်တွေကို မလိုတော့ပါဘူးဗျာ။ သိမ်းထားတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်၏။

လူငယ်က သူ့အား စိတ်ဝင်စားမှုဖြင့် တောက်ပလျက်ရှိသည့် သူ၏ စွန်မျက်စိဖြင့် ထူးထူးဆန်းဆန်း စိုက်ကြည့်နေသည်။

"ဒါတွေ ဆုတ်ပစ်တာကောင်းတယ်"

သူ စက္ကူကို ဆုတ်ဖြဲလျက်ရှိသည်ကို ပေါလ်က စိုက်ကြည့်နေသည်။ ထိုအခိုက်တွင် စာကြည့်တိုက်လုလင်သည် ကတ်ထူဖုံးချုပ်ထားသည့် ၁၉၉၂ ခုနှစ်က ကူရီယာသတင်းစာ အုပ်တွဲကြီးနှစ်တွဲကို ထမ်းလျက် ပြန်ရောက်လာသည်။ ပေါလ်လည်း သူ့နောက်ကလိုက်သွားကာ အနီးအနားရှိ စားပွဲတွင်ထိုင်၍ ပထမအုပ်တွဲကို ဖွင့်လိုက်သည်။

ပေါလ်လည်း စာတစ်မျက်နှာပြီးတစ်မျက်နှာ ကော်လံတိုင်းကိုလက်ညှိုးဖြင့်ထောက်ကာ ကြိုးစားပမ်းစား စစ်ဆေးရှာဖွေလေသည်။ အလွန်ပင်ပန်းသောအလုပ်ဖြစ်၍ သူ၏မျက်လုံးများပင် အောင့်လာသည်။ သို့သော် သူဇွဲကောင်းကောင်းဖြင့် ဆက်လက်ရှာဖွေရာ ပထမတစ်အုပ်ကုန်၍ နောက်တစ်အုပ်သို့ပင် ကူးခဲ့၏။ အားလုံးပြီးသွားသောအခါ သူသည် ကုလားထိုင်နောက်မှီသို့ မှီချလိုက်ပြီး သူ့နဖူးကို လက်ဖြင့် သပ်လိုက်၏။ ခုံးမိုးကြီးအောက်က နာရီကြီးက လေးနာရီကျော်ပြီကို ပြလျက်ရှိ၏။ သွားရန်ရှိသေးသည်ကို သူ သတိရကာ ဖိုင်တွဲများကို ပြန်အပ်ရန် ထိုင်ရာမှ ထလိုက်၏။

လူငယ်က "ခင်ဗျားရှာတဲ့ဟာ တွေ့ရဲ့လား" ဟု မေးရိုးမေးစဉ် လေသံဖြင့် တူအောင် လုပ်၍ မေးလိုက်သည်။ သို့သော် သူ၏မေးခွန်းတွင် တကယ်သိချင်စိတ်များစွာ ပါသည်ကို ပေါလ်စိတ်ထဲက သိလိုက်၏။

"မတွေ့ဘူးခင်ဗျ"

ခဏမျှ တိတ်ဆိတ်သွား၏။ လူငယ်က ဘာမျှ ဆက်ပြောတော့မည် မဟုတ်သည်ကို သူသိသည်။ သူ လှည့်ပြီးထွက်သွားဖို့သာ ရှိတော့သည်။ သို့သော် စာကြည့်တိုက်မှူးကလေးသည် စကားမပြောဘဲ နေခြင်းဖြင့်လည်းကောင်း၊ သူ့အား စေတနာကောင်းဖြင့် ကူညီရန်ဆန္ဒရှိသည်ကို သူ၏မျက်လုံးများက ပါးနပ်လိမ္မာစွာ အရိပ်အကဲပြနေသည်ဟု ထင်မိ၍လည်းကောင်း သူ့အားပြောပြချင်သည့်စိတ်များ ရုတ်တရက်ဖြစ်ပေါ်လာ၏။

"ကျွန်တော် ၁၉၉၂ခုနှစ်က အမှုဖြစ်ပြီး အပြစ်ကျသွားတဲ့ ပုလိပ်အင်စပက်တော် ဆွမ်းဆိုတဲ့လူရဲ့ အမှုနဲ့ပတ်သက်တဲ့သတင်းကို လိုက်ရှာနေတာပါ"

လူငယ်သည် အံ့သြသွားဟန်ရှိသော်လည်း ဖုံးကွယ်ထားလိုက်သည်။

"ခဲယဉ်းမယ် မထင်ပါဘူးလေ။ တခြားဖိုင်တွဲထဲမှာ ကျွန်တော်တွေ့ရင် ခင်ဗျားအတွက် ဖယ်ထားပေးလိုက်မယ်" ဟု ဆိုကာ ခဏမျှ ရပ်နေပြီးမှ "ဒီလူကြီးအကြောင်း ခင်ဗျားစိတ်ဝင်စားလို့လား" ဟု ဆက်မေးသည်။

"ကျွန်တော် သူ့ကို လိုက်ရှာနေတာ"

"ဘယ်မှာရှာရမယ်ဆိုတာကော သိရဲ့လား" သူမေးပုံမှာ သွက်လက်လှသည်။

"သူ ဒီမြို့ထဲမှာပဲ ရှိနေမယ် ထင်တယ်ဗျ။ သိရသလောက်တော့ သူဟာ ဝတ်ပြတ်နေတယ်"

ခဏမျှ တိတ်ဆိတ်သွားပြန်သည်။ ပေါလ်သည် တခဏမျှ ရပ်နေပြီး လူငယ်၏စကားနည်းသွားပုံကို အံ့သြကာ ခပ်ကြောင်ကြောင်ပင် ကျေးဇူးတင်စကားတစ်ခွန်းနှစ်ခွန်းပြော၍ ဦးထုပ်ကိုဆောင်းကာ စာကြည့်တိုက်ထဲမှ ထွက်ခဲ့လေ၏။

ပေါလ်လည်း ကုန်ဈေးတန်းလမ်းဆီသို့ ဦးတည်ကာ တစိုက်စိုက် လျှောက်၍လာခဲ့ရာ ငါးနာရီတွင် ဟတ်တည်းခိုခန်းသို့ရောက်ပြီး အုပ်ချုပ်သူအဒေါ်ကြီးလည်း ပြန်ရောက်နေပြီကို တွေ့ရ၏။ သူကား သိုးမွှေးစကတ်ဝတ်လျက် အကွက်ဆင်တဘက်တစ်ထည်ကို ပခုံးပေါ်တွင် တင်ထားကာ ခေါင်းပေါ်တွင် ယေကျားဆောင်း အဝတ်ဦးထုပ်တစ်ခုကို ဆံညှပ်အနက်ကြီးနှစ်ခုဖြင့်တွယ်၍ ဆောင်းထားသူ ဝဝတုတ်တုတ် အမျိုးသမီးကြီးဖြစ်၏။

"ဟုတ်ကဲ့။ ဆွမ်းကို ကျွန်မ ကောင်းကောင်းမှတ်မိပါတယ်။ ကံကလဲ ခေရာတယ်။ လူကလဲ မမာတော့ စက်ရုံမှာ အလုပ်ကလဲ မမြဲ။ အရက်ကလဲအလွန်အကျွံသောက်တာ။ သူထွက်သွားတာ ကျွန်မတော့ ဝမ်းမနည်းဘူး"

"သူ ဘယ်တုန်းက ထွက်သွားတာလဲ"

"အာ လွန်ခဲ့တဲ့ ခြောက်လလောက်က"

"ဘယ်ကိုသွားတယ်ဆိုတာတော့ ခင်ဗျားလဲ မသိဘူးလား"

"အင်း၊ မင်းမေးမှပဲ။ နေပါဦးကွယ်၊ ဘရွမ်မလီဘက်ကို ထင်ပါရဲ့။ တိုက်သစ်တွေ ဆောက်နေတဲ့နေရာ"

"အဲဒီ အနားတင်ပဲ မဟုတ်လား"

"နီးပါ့တော့။ သုံးမိုင်လောက်ထွက်ရတယ်"

"သူ့လိပ်စာ ပေးမထားခဲ့ဘူးလား"

"ဆွမ်းဆိုတဲ့လူက လိပ်စာတွေ ဘာတွေ ပေးထားတတ်တာ မဟုတ်ပါဘူး။ သူ့ကိုတော့ ဘာမေးလို့မှ စကားတစ်ခွန်းမရဘူး။ ဒါပေမဲ့ နေပါဦး စဉ်းစားပါဦးမယ်။ သူ့အတွက် စာတစောင် လာစရာရှိတယ်။ လာရင်ပို့ပေးဖို့ဆိုပြီး မှာထားတာတော့ ရှိတယ်။ စာကလဲ မလာပါဘူး။ ကျွန်မ အဲဒါကို ရေးမှတ်ထားမိသလား မထားမိသလား မသိတော့ဘူး" ဟု ဆိုကာ နောက်နားက ရပ်၍နားထောင်နေသော သူငယ်ကလေးဆီသို့ လှည့်ကာ "ဂျိုစီ၊ အခန်းထဲက စာအုပ်ယူခဲ့စမ်း" ဟု ပြောလိုက်၏။

ခဏကြာသော် သူငယ်ကလေးသည် စုတ်ပြတ်၍ ထောင့်များလိပ်နေသော လယ်ဂျာစာအုပ်ကြီးတစ်အုပ် ယူလာသည်။ မိန်းမကြီးကလည်း သူ့လက်ညှိုးကို တံတွေးဆွတ်၍ တရွက်ပြီးတရွက်လှန်လေ၏။

"ဟော ဟောဒီမှာ။ ဒါဘာလဲ၊ ငါ မပြောလား"

ပေါလ်လည်း မျှော်လင့်ချက်ကြီးစွာဖြင့် အနီးသို့ကပ်၍ သူထောက်ပြထားသည့်နေရာသို့ ကြည့်လိုက်သည်။ ညစ်ပတ်ပေရေနေသော စာမျက်နှာပေါ်တွင် ခဲတံဖြင့် ရေးခြစ်ထားသော ဆွမ်း၏ လိပ်စာကို တွေ့လိုက်ရ၏။

**ဘရွမ်မလီ**
**ရဲတိုက်လမ်း**
**အမှတ် ၁၅**
**ရောဘတ်မုတဆင့်၊ ဂျိမ်းစ်ဆွမ်း**

ပေါလ်သည် လိပ်စာကို သူ၏မှတ်စုစာအုပ်ကလေးထဲသို့ လျင်မြန်စာကူးထည့်လိုက်ပြီး မိန်းမကြီးအား ကျေးဇူးတင်စကားပြောကာ ကပျာကယာ ထွက်လာခဲ့၏။ ယခုအခါတွင် မီးလုံးမှိန်မှိန်ကလေးတစ်လုံးတည်းသာ ထွန်းထားသည့် စကြံလမ်းအတိုင်းသုတ်ခြေတင်ခဲ့တော့၏။ ယနေ့ အပင်ပန်းခံရကျိုးနပ်ပြီဟု အောက်မေ့လာခဲ့၏။ ယခု ဂျိမ်းစ်ဆွမ်းကို သူခြေရာခံမိပြီ။ ဆွမ်း၏ ပုံပန်းသဏ္ဌာန်ကိုပင် အရိပ်အမြွက်သိရပြီ။ ဆွမ်းသည် ဆင်းရဲတေ်ပြတ်ပြီး တဖြည်းဖြည်း အခြေအနေလျှောကျကာ လက်လုပ်လက်စားအဖြစ် အသက်ကို မသေရုံမွေးရင်း ရင်တွင်းက မချမ်းသာသမျှကို အရက်ဖြင့် မျှောချနေရသူဖြစ်သည်။ ယနေ့အဖို့တော့ သူ ဘရွမ်မလီသို့ သွားဖို့မိုးချုပ်နေပြီ။ နက်ဖြန်သွားမည်။ ဟုတ်ပြီ။ နက်ဖြန် ဆွမ်းကို သူတွေ့မည်။

*

## အခန်း – ၉

နှစ်ဆယ့်လေးနာရီတိတိ ကြာပြီးသည့် နောက်တစ်ရက်ညနေတွင် ပေါလ်သည် ဝိုင်အမ်စီအေသို့ ပြန်ခဲ့ရပြန်သည်။ ညနေစောစောကတည်းက မိုးက သည်းသည်းမည်းမည်းရွာလျက်ရှိသည်။ ပေါလ်သည် ဖိနပ်များကို စိုလို့စိုမှန်းမသိ၊ အကျီများ ရွှဲလို့ရွှဲမှန်းမသိ၊ မိုးရေထဲတွင် လမ်းလျှောက်၍ လာခဲ့သည်။ သူ၏ ကြီးမားသော မျှော်လင့်ချက်တို့သည် ယခု မရှိတော့။ အထင်နှင့် အမြင် ပါစင်အောင်လွဲခဲ့သည်။ သူ ဘရွမ်မလီသို့ ရောက်ခဲ့ပြီ။ ဟတ် တည်းခိုခန်းက မိန်းမကြီးပေးလိုက်သည့် လိပ်စာအတိုင်းသွားကာ ဆွမ်းကိုငှားသည့် အလုပ်ရှင်ကန်ထရိုက်တာနှင့် စကားပြောခဲ့ပြီ။ ထိုဒေသကို ဟိုဘက်ထိပ် သည်ဘက်ထိပ် ပိုက်စိပ်တိုက်၍လည်း ရှာခဲ့ပြီ။ ဘာမှ အကြောင်းမထူးခဲ့။ ဆွမ်း မရှိတော့။ သူသည် ဘာသဲလွန်စမှ မကျန်ရစ်ဘဲ ပျောက်ကွယ်သွားခဲ့ပြီဖြစ်၏။

စိတ်ပျက်အားငယ်စွာ ဟိုတယ်သို့ ပြန်ရောက်ခဲ့ပြီ လှေကားအတိုင်း သူ့အခန်းသို့ တက်ခဲ့၏။ သူ့အခန်းငယ်လေးအတွင်း၌ ပိုက်ဆံထည့်၍ ဖွင့်ရသော ဓာတ်ငွေ့မီးဖိုကို ဖွင့်လိုက်သည်။ ထို့နောက် သူ ကိုယ်ကို ဆန့်လိုက်တော့ မီးဖိုစင်ပေါ်၌ ကြေးနန်းစာတစ်စောင်တွေ့၍ ဖွင့်ပြီးဖတ်လိုက်၏။

**အမေ သိပ်စိတ်ပူနေသည်။**
**နွေရာသီ ကျောင်းဆရာအလုပ်စောင့်နေသည်။**
**အားလုံး၏ မေတ္တာဖြင့်။**

**အမေ**

ဓာတ်ငွေ့မီးဖိုကလေးရှေ့တွင် သူ၏ အဝတ်အစားများက အငွေ့တထောင်းထောင်းထလျက်ရှိစဉ် သူသည် ရှေ့သို့ကုန်းလျက် ထိုင်ကာ ကြေးနန်းစာကို ပြန်ဖတ်သည်။ ဟုတ်ပါသည်။ သူပြန်လာအောင် အမေက တောင်းတောင်းပန်ပန် ပြန်ခေါ်ရသည်မှာ သဘာဝကျပါသည်။ သူကလည်း ယခုစိတ်အခြေအနေအတိုင်းဆိုလျှင် ဒါပဲလုပ်ဖို့ ရှိတော့လေသလားဟု တွေးသည်။ အိမ်က ထွက်လာတာ ကြာသွားတော့လည်း အမေ့အပေါ် သူ တင်းမာခဲ့သည့် စိတ်ကလေးများ ပျော့ပျောင်းစ ပြုလာသည်။ အမေက ပါမောက္ခစလေဒီကို သွားပြောတာဖြစ်မည်။ သင်းအုပ်ဆရာဖလဲမင်းကို သွားအပြောခိုင်းတာက ပိုပြီးဖြစ်နိုင်သည်။ သူ့အတွက် ပေါ်ထရေးကို သွားဖို့အလုပ်ကရှိသေးသည်။ အားလုံး၏မေတ္တာဖြင့် ဆိုသည့် စကားကို သူက အနည်းငယ်မနှစ်မြို့စွာ ပြုံးလိုက်မိသည်။ အားလုံးဆိုတာထဲတွင် ခွင့်လွှတ်တတ်သော အယ်လာပါသည်မှာ ထင်ရှားသည်။

သူ့အဝတ်အစားများ ခြောက်သွေ့သွားသောအခါ သူသည် ဓာတ်ငွေ့ကို ပိတ်လိုက်ပြီး ညစာစားရန် အောက်သို့ ဆင်းခဲ့၏။ လှေကားခန်းအတွင်းသို့အရောက် စားသောက်ခန်းသို့ ဝင်မည်အလုပ်တွင် တံခါးစောင့်လုလင်ကလေးတစ်ယောက်သည် သူ့ထံသို့ လာနေသည်ကို တွေ့ရ၏။

"လူငယ်တစ်ယောက် ခင်ဗျားကိုတွေ့ဖို့ လာတယ်။ ဧည့်ခန်းထဲမှာ စောင့်နေတယ်"

ပေါလ်လည်း အံ့အားသင့်လျက် လုလင်ကလေးနောက်မှ လိုက်လာခဲ့ရာ ဧည့်သည်များကို တွေ့ဆုံသည့်နေရာနှင့် ပုတီးစေ့ခန်းဆီးတစ်ခု ကာထားပြီး ကြိမ်ကုလားထိုင် တောင့်တောင့်ကြီးများနှင့် အိုးစိုက်တောင်ထန်းပင်တစ်ပင်တို့ဖြင့် တန်ဆာဆင်ထားလျက် မှိုင်းစော်နံနေသော ဧည့်ခန်းကလေးထဲသို့ ရောက်ခဲ့၏။ တချင်ချင်မည်နေသည့် ပုတီးစေ့ခန်းဆီးကိုဖြတ်၍ ကြိမ်ကုလားထိုင်တစ်ခုပေါ်၌ထိုင်ကာ သူ့အားစောင့်နေသည့် စာကြည့်တိုက်မှ လူငယ်ကို မြင်လိုက်ရလေရာ ပေါလ်မှာ အံ့အားသင့်သွားလေ၏။

ပေါလ်လည်း ခပ်ဆုတ်ဆိုင်းဆိုင်းပင် ရှေ့သို့ တိုးသွားပြီး နှုတ်ဆက်လိုက်သည်။ လူငယ်က "ကျွန်တော် လာလိမ့်မယ်လို့ မထင်ဘူး မဟုတ်လား" ဟု မေးလိုက်သည်။

ပေါလ်က "ဟုတ်ပါတယ်။ မထင်မိဘူး" ဟု တဲ့တိုးကြီး ပြောချလိုက်သည်ကို လူငယ်က သွက်လက်ရွှင်မြူးစွာ ပြုံးပြလိုက်သည်။ တာဝန်ချိန်မှအပဖြစ်၍ သူ့မှာ ခင်မင်စရာကောင်းအောင် ပွင့်လင်းရိုးသားလျက် အမျက်ဖြေတတ်သည့် အပြုံးချိုချိုနှင့် ပို၍ပင်ရွှင်သော မျက်နှာထားရှိနေ၏။ စိတ်ညစ်နေသောပေါလ်မှာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

"ကျွန်တော် ခင်ဗျားကို ပြောစရာရှိလို့ဗျ" ဟု ဆိုကာ လူသူကင်းသည့် အခန်းကို လျင်မြန်စွာ လှည့်ပတ်ကြည့်လိုက်ပြီး "ဒီမှာ ဘယ်သူမှ နားစွန်နားဖျားမကြားအောင် ကျွန်တော်တို့ စကားပြောလို့ရမယ် ထင်ပါတယ်" ဟု ဆက်ပြောသည်။

ပေါလ်က သူ့ကိုသာ စူးစိုက်ကြည့်နေ၍ လူငယ်က အသံကလေးများထွက်အောင် ရယ်လိုက်သည်။

"ခင်ဗျား ကျွန်တော့်ကို ကောင်းကောင်းနားမလည်သေးဘူးဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော် လူကောင်းပါ။ ကျွန်တော့်နာမည် ဗူလျာပါ။ မာ့ခ်ဗူလျာ တဲ့"

သူက လက်ကမ်းပေး၍ ပေါလ်က ဖမ်း၍ ဆုပ်လိုက်ပြီး ထိုင်ကြသည်။ အခြေအနေအရ သူသည် ထူးထူးဆန်းဆန်းတစ်ခုခုကို မျှော်လင့်မိပြန်သည်။ မာ့ခ်သည် သူ့အား အကဲခတ်သလို မချိုမချဉ် ကြည့်နေပြီးမှ စကားဆက်သည်။

"စာကြည့်တိုက်ကို ခင်ဗျား ပထမလာတဲ့နေ့က ကျွန်တော် ခင်ဗျားကို ကြည့်နေမိတယ်။ ခင်ဗျားကလဲ ဒုက္ခရောက်နေတဲ့လူဆိုတာ ပေါ်လွင်နေတော့ မတတ်နိုင်ဘူးဗျာ။ ကြည့်မိတော့တာပေါ့။ ခင်ဗျားအတွက်လဲ စိတ်မကောင်းပါဘူး။ ခင်ဗျာ့ကိုလဲ မြင်မြင်ချင်းခင်ပါတယ်။ ရေစက်ပဲလို့ ဆိုရမယ်ထင်ပါတယ်။ ခင်ဗျားပြန်သွားတော့ ကျွန်တော်လည်း အဲဒီဖိုင်တွဲကို ကြည့်မိတယ်" သူက သူ့စကား သူ သဘောကျသလို လေသံဖြင့် အဖြစ်မှန်ကို ပြောပြသည်။ "ခင်ဗျား ဘယ်သူလဲဆိုတာရော၊ ခင်ဗျားအကြောင်းစုံရော ကျွန်တော် သိတယ်"

ဒါကို ပေါလ်က တွေးမိပြီးဖြစ်သည်။ သူက စကားတစ်ခွန်းမှ မပြောဘဲ အာရုံစိုက်၍ နားထောင်နေတော့ လူငယ်က ဆက်ပြောသည်။

"မနေ့ကတော့ ခင်ဗျား နောက်ထပ် အကိုးအကားတွေ လိုက်ရှာနေတာ တွေ့ရပြန်တယ်။ ခင်ဗျား တွေ့မသွားဘူး။ ဒါပေမဲ့ ခင်ဗျားထွက်သွားမှ ကျွန်တော်ရှာတော့ တွေ့တယ်။ စောင်ရေသိပ်မရှိတဲ့ ကလယ်ရီယွန်ဆိုတဲ့ လစ်ဘရယ်သတင်းစာကလေးတစောင်ထဲမှာပဲ ဆွမ်းရဲ့အမှုအကြောင်း သတင်းမှတ်ချက် ရေးထားတာကို တွေ့ရတယ်။ ခပ်ဆန်းဆန်းပဲ။ ဆွမ်း ကျခဲ့ရတဲ့ အပြစ်ဒဏ်ဟာ ပြင်းထန်လွန်းတယ်လို့ ကန့်ကွက်ထားတယ်ဗျ"

ပေါလ်၏ မျက်နှာမှာ ဖြူရော်လျက် အတွင်းစိတ်ကို အကဲမခတ်သာအောင်ရှိ၏။ သို့တိုင် သူက အရောင်အဆင်း မရှိတော့သော သူ၏ မျက်လုံးများဖြင့် စူးစိုက်၍ ကြည့်နေသည်။ နောက်ဆုံး သူက "ခင်ဗျား ဘာကြောင့် ကျုပ်ကို ဒါတွေ ပြောနေတာလဲ" ဟု မေးလိုက်သည်။

မာခ့်က ဆတ်ခနဲ ပခုံးချီလိုက်ပြီး နှုတ်ခမ်းများ ဟသွားအောင် ခပ်ရွှင်ရွှင်ကလေး ပြုံးလိုက်သည်။

"ခင်ဗျားက ဆွမ်းကို တွေ့ချင်နေလို့ ပြောတာပေါ့"

ပေါလ်က ခေါင်းကို ဖြည်းညင်းစွာ ရမ်းလိုက်ပြီး "အလကားပါပဲဗျ" ဟု ဆိုလိုက်သည်။

"ဘာဖြစ်လို့လဲဗျာ"

"ဆယ့်ငါးနှစ်တောင် ကြာမှပဲဗျာ"

"ဒီလိုချည့် ဘယ်ဟုတ်မလဲလေ" မာ့ခ်၏ မျက်လုံးများ အရောင်တောက်လာကာ သူ၏လေသံမှာ အနည်းငယ် ပိုမို၍ အားတက်သရောဖြစ်လာသည်။ သူ့စကား အရာရောက်ရဲ့ ခေတ္တမျှ နားလိုက်ပြီးမှ "တကယ်က ကျွန်တော် သူ့ကို တွေ့ပြီဗျ" ဟု ဆိုလိုက်၏။

ပေါလ်မှာ အာခေါင်များ ခြောက်၍သွားသည်။ သူသည် သူ့အား ဖျတ်လတ်စွာခေါင်းညိတ်၍ ပြနေသူ ထူးဆန်းသော ဤလူငယ်ကို မယုံနိုင်သလို ငေးစိုက်ကြည့်နေမိလေ၏။

"သိပ်တော့ မခက်လှပါဘူး။ ခင်ဗျား ကျွန်တော့်ကို ပြောသွားတော့ ကျွန်တော်လည်း အမြန်ဆုံးနည်းနဲ့ ထောက်ပံ့ရေးစာရင်းတွေ။ ဆင်းရဲသား အလုပ်ရုံမှတ်ပုံတင်တွေ၊ ပြီးတော့ မြို့တော်ရဲ့ ဆေးရုံတွေ လိုက်ရှာတယ်။ ဆွမ်းဟာ အခု ဘဲလ်ဗီးဒီယာဆေးရုံကို ရောက်နေတယ်"

*

## အခန်း – ၁၀

ဆွမ်း တက်ရောက်ကုသခံနေသော အဆောင်ကား ခုံးပြူတင်းပေါက်တန်းများ၊ ဆေးဖြူသုတ်နံရံများနှင့် မျက်နှာကျက်စောင်းစောင်း အဆောင်ဖြစ်၏။ ဤနေရာကား ဘာမှ အဆင်းတန်ဆာမရှိ၊ ရွှင်လန်းစရာလည်း မရှိသော ပစ္စည်းမဲ့တို့၏ အဆောင်ပေတည်း။ အိပ်ရာကို လေးဘက်မှ ပိတ်၍ကာလျက် သစ်သားတုံးကြီးများပေါ်တွင် ခင်းထားသည်။ ကြမ်းပေါ်တွင်ကား လေရှူပိုက်ရှည်ကြီး တပ်ထားသည့် အောက်စီဂျင်ခတ်ငွေ့ဘူးကြီးတစ်ခု ရှိသည်။ ကာဘော်လိပ်ဆီနံ့ကို ထိုးဖောက်လျက် နာမကျန်းသူတို့၏ ပျက်ဆဲခန္ဓာတို့မှ ထွက်လာသည့် အနံ့တစ်ခုက လှိုင်လျက်ရှိသည်။

ဆွမ်းသည် ခေါင်းအုံးနှစ်လုံးပေါ်တွင်မှီလျက် ပက်လက်စင်းစင်းကြီးအိပ်ကာ မျက်နှာကျက်ဆီသို့ မျက်နှာမူလျက်ရှိ၏။ သူ့ အဆက်အပေါက်ကို ကြည့်ခြင်းအားဖြင့် သူသည် လူထွားကြီးတစ်ယောက် ဖြစ်သည်ကို သိနိုင်၏။ သို့ရာတွင် ယခု သူ့မှာ လူရုပ်မပီတော့။ မျက်တွင်းများ ဟောက်လျက် ပါးပြင်များ ခွက်၍နေလေရာ

သူ့အသားညိုညိုနှင့် အိပ်ရာဖုံးဖြူဖြူနောက်ခံတွင် သူ၏နှာခေါင်းကြီးမှာ အဝါရောင်သမ်းလျက် ပေါ်လွင်ထင်ရှားနေပေ၏။ အိပ်ရာခင်းပေါ်တွင် မလှုပ်မယှက်ကျနေသော သူ၏လက်ချောင်းထိပ်များမှာ တုတ်ခိုင်လှသည်။ မရှူတစ်ချက်ရှူတစ်ချက် သူ၏ ထွက်သက် ဝင်သက်မှာ ယဲ့ယဲ့ကလေးမျှသာ ရှိတော့ဟန်တူ၏။

ညနေ ဧည့်သည်လာချိန်ဖြစ်၍ သူ၏အိပ်ရာဘေးတွင် ပေါလ်နှင့် မာ့ခ်ဗူလျာတို့ ရှိကြ၏။ သူတို့သည် ဆယ်မိနစ်ခန့်က ရောက်လာကြပြီး မာ့ခ်က အရိပ်အကဲကိုကြည့်ကာ လိမ္မာပါးနပ်စွာပင် လူနာအား ပေါလ်မည်သူမည်ဝါဖြစ်ကြောင်း ပြောထား၏။ ပေါလ်ကလည်း သူလာခဲ့သည့် ကိစ္စကို မျှော်လင့်ချက်ကြီးစွာဖြင့် တင်ပြထားပြီးဖြစ်၏။ ယခုမူ သူသည် တကယ့်အရေးကြီးသည့် အချိန်ဖြစ်သည့်အတိုင်း ဆွမ်းစကားပြောမည်ကို ရင်တမမ စောင့်ဆိုင်းလျက်ရှိ၏။

ဆွမ်းသည် နှုတ်မသွက်နိုင်ချေ။ သူ့မှာလည်း တွေးစရာတွေရှိပေသည်။ မကြာမီပင် သူ၏ မျက်လုံးများသည် ပေါလ်ဘက်သို့ လှည့်ကြည့်ကာ “မင့်အဖေနဲ့ တူသားပဲ” ဟု ခပ်သဲ့သဲ့လေသံဖြင့် ပြောလိုက်၏။

ထို့နောက် သူသည် ခုံးပြူတင်းဆီသို့ ပြန်လှည့်ကာ အကြာကြီး ငေးနေလိုက်ပြီးမှ စကားဆက်ပြောသည်။

“မင့်ကို အခုမှ တွေ့ရတာတော့ ခပ်ဆန်းဆန်းပဲ။ ငါ့မှာ ကြုံခဲ့ရတဲ့အတွေ့အကြုံနဲ့ ဒီကိစ္စကို ငါ ဘယ်သူ့ကိုမှ မပြောတော့ဘူးလို့ အောက်မေ့ထားတာ။ ငါပြောမိတာလည်း ရူးလို့ပဲ။ ဒါပေမဲ့ မင်းက မက်ထရီရဲ့ သားကိုး။ ဘယ်လိုမဆိုလေ၊ ငါ့ဘဝကလဲ ဆုံးပြီးသားဆိုတော့ ငါ ပြောလိုက်ပါတော့မယ်”

ခဏမျှ နားနေသည်။ ဆွမ်းသည် အတိတ်က ဖြစ်ရပ်များဆီသို့ နက်ရှိုင်းစွာ မျှော်ကြည့်နေဟန် တူပေသည်။

“အယ်လဒန်လူသတ်မှု ငါ့ကို တာဝန်ပေးတော့ ငါလဲ စိတ်ကသိပ်တက်ကြွနေတုန်းပေါ့ကွယ်။ အခုလို ဘယ်ဟုတ်လိမ့်မလဲ။ တကယ့် သဲလွန်စ အခိုင်အမာရလိုက်တော့ မနေ့တနေ့ကလိုပဲ မှတ်မိပါသေးတယ်။ ဘွက်ကီဒိုင်က ရွှေကြိုလုပ်စားတဲ့ ရော်ကာဆိုတဲ့အကောင် ဌာနချုပ်ကို ရောက်လာ၊ ဟုတ်တယ်၊ ဂျပိုးရော်ကာ။ အိုးခြေအိမ်ခြေ မရှိ။ အလကားအကောင်။ ကြောက်လိုက်တာလဲ တုန်လို့ စကားတောင် ဖြောင့်အောင် မပြောနိုင်ဘူး။ ဒါပေမဲ့ သူ ပြောတာပဲ။ သူပြောတာက သူဟာ သေသူနဲ့ သေတဲ့ကောင်မလေးနဲ့ အဆက်ဖြစ်တာ ဆယ့်နှစ်လလောက်ရှိပြီတဲ့။ သူနဲ့ မကြာခဏဆိုသလို သွားသွားအိပ်သတဲ့။ စက်တင်ဘာလ ခုနှစ်ရက်ညကလဲ သေသူနဲ့ အတူအိပ်ခဲ့သတဲ့။ ဒါပေမဲ့ သူဟာ စက်တင်ဘာလ ရှစ်ရက်နဲ့ ကိုးရက်နေ့များမှာ ဒွန်ကာစတာ မြင်းပွဲကိုရောက်နေတဲ့အတွက် ဒီလူသတ်မှုနဲ့ ဘယ်လိုမှ မပတ်သက်တဲ့အကြောင်း သက်သေတစ်ဒါဇင်လောက် ပြနိုင်သတဲ့။ သူက ဒီအမှုမှာ သူမပါဘူးဆိုတာ လာပြီးရှင်းတာတဲ့။

သူ့ဟာက သိပ်တော့ အထောက်အပံ့ မရလှပါဘူး။ သေသူ စပါးလိန်းဟာ ချစ်သူခင်သူ အတော်များတယ်ဆိုတာတော့ တို့လဲ အသိသားပါပဲ။ ဒါပေမဲ့ ဘယ်လိုမဆို ရော်ကာကို ဖမ်းချုပ်ဖို့ လိုတယ်လို့တော့ ထင်ကြတယ်လေ။ သူ့ကို ဖမ်းချုပ်မယ်ဆိုတာလဲ ကြားရော၊ ဒီကောင်ဟာ တခါတည်း ကြောက်လန့်ပြီး အကုန်လျှောက်ပြောတော့တာပဲ။ စပါးလိန်းအပေါ် မေတ္တာထားနေတဲ့ သူ့သူငယ်ချင်း မက်ထရီအကြောင်းလဲ ပြောတယ်။ သက်သေခံပစ္စည်းဖြစ်တဲ့ ပိုစကတ်ကို တို့က ဖော်ပြကြော်ငြာလိုက်တဲ့အခါမှာ မက်ထရီ သိပ်စိတ်သောကဖြစ်သွားတဲ့အကြောင်းလဲ ပြောတယ်။ ပြီးတော့ မက်ထရီက ဒီအမှုဖြစ်နေချိန်မှာ သူလဲ တခြားရောက်နေတယ်လို့ လိမ်လည် သက်သေပြဖို့ အားထုတ်တဲ့အကြောင်းကိုလဲ ဖော်တယ်။ တို့မှာလဲ သုံးပတ်လောက် လမ်းစပျောက်နေပြီးမှ ဒီသဲလွန်စထပ်ရတော့ လိုက်စရာလမ်းသစ်တစ်ခု ပွင့်ပြန်တာပေါ့လေ။ တို့လိုက်နေတဲ့လူက ဖြူန်းဆို လစ်ဗာပူသင်္ဘောဆိပ်ကို ထွက်ခွာသွားပြီဆိုတော့ တို့လဲ အစစအရာရာ ပိုပြီး ဂရုစိုက်ပြီး လိုက်ကြတာပေါ့။ လစ်ဗာပူကိုလဲ ချက်ချင်း တယ်လီဖုန်းဆက်လိုက်တော့ မက်ထရီကို အဲဒီမှာ ဖမ်းမိတာပေါ့”

ဆွမ်းသည် ခေတ္တရပ်နားကာ သူ၏ နှုတ်ခမ်းများကို လျှာဖြင့် လျက်လိုက်၏။

"သူ့အဖို့ ဆိုးသွားတာက မက်ထရီဟာ စိတ်ဆတ်တယ်။ သူ့ကို ဖမ်းတော့ သူက ခုခံတယ်။ အရာရှိတစ်ယောက်ကို ရိုက်လိုက်တာဟာ သူ့ရဲ့ ကံကြမ္မာကိုဖန်တီးလိုက်တဲ့ မဟာအမှားကြီးပဲ။ ဒါ့အပြင် ခုနက ငါပြောသလိုပဲ တောင်အမေရိကတိုက်ကို ထွက်သွားမယ့်ဆဲဆဲမှာ ဖမ်းမိတာဆိုတော့ အခြေအနေက ဘာမှမကောင်းတော့ဘူး။ ပြီးတော့ သူ့ကို စစ်လိုက်တာနဲ့ ပိုလိုသာ ဆိုးတော့တာပဲ။ ပုလိပ်က စစ်ဆေးတဲ့အခါမှာ ထုံးစံအတိုင်း စက်တင်ဘာရှစ်ရက်နေ့ည ရှစ်နာရီနဲ့ ကိုးနာရီအကြား ဘယ်မှာရှိနေလဲလို့မေးတော့ သူက သူ့သူငယ်ချင်းက ဖော်ကောင်လုပ်ထားတာကို မသိလေတော့ 'ရော်ကာဆိုတဲ့ လူတစ်ယောက်နဲ့ ဘိလိယက်ထိုးနေပါတယ်' လို့ အစစ်ခံတယ်။ အဲဒီတင် အကုန်သွားတော့တာပဲ"

ဆွမ်းသည် သူ၏ခေါင်းကို ခေါင်းအုံးပေါ်သို့ ပြန်မှီချလိုက်ပြီး သူ၏ အရောင်အဆင်းမရှိတော့သော မျက်လုံးများတွင် ထူးဆန်းသည့် အသွင်များပေါ်လာသည်။

"မင့်ကို ငါ့အထက်က ဆရာ ရာဇဝတ်ဝန်အကြောင်း ပြောရဦးမယ်။ အခု သူက ဝေါ့တလေ ပုလိပ်မင်းကြီး အဒမ်ဒေး လေ။ သူက ကမ်းဘားလန်းက လယ်သမားသား၊ အောက်ခြေကနေ တက်လာရတာဆိုတော့ စည်းကမ်းဆို သိပ်တင်းကြပ်၊ သူ့လူတွေအပေါ် သူ သိပ်သစ္စာရှိ၊ တကယ့် ပထမတန်းအရာရှိကောင်း တစ်ယောက်ဖြစ်ပြီး သူ့တစ်သက်မှာ ဘယ်တော့မှ လာဘ်မယူတဲ့လူမျိုး။ သူက သူ့အလုပ်ကို သူ သိပ်ချစ်တယ်။ ရာဇဝတ်ကောင်ဆိုရင် တမိုင်လောက်ကနေ ကြည့်တောင် သိတယ်လို့ အမြဲကြွားတဲ့လူကွယ့်။ သူက အစ စပြီး မက်ထရီကို ရာဇဝတ်ကောင်လို့ တွေ့ထားတဲ့လူ"

သူ့စကားနှင့်သူ စိတ်တက်ကြွလာပြီး သူ့ကိုယ်သူ အားယူကာ တတောင်ထောက်၍ ခေါင်းထောင်လိုက်သည်။

"ငါ့အဖို့တော့ မလွယ်ဘူး ဖြစ်သွားတာပေါ့။ သက်သေအထောက်အထားက သိပ်ခိုင်လုံနေပေမယ့် ငါက မက်ထရီဟာ တောင်အမေရိကတိုက်ကို သွားဖို့ သင်္ဘောလက်မှတ်ယူတာ သူ့နာမည်နဲ့ပဲယူတယ်။ ထို့အတူပဲ လစ်ဗာပူမှာ သူနဲ့ သူ့မိသားစုအတွက် ဟိုတယ်ခန်းငှားတာလဲ ပွင့်ပွင့်လင်းလင်းပဲ။ သူ့နာမည်ကို ဖုက်ခြင်းပြုခြင်း မရှိဘူး။ လျှို့ဖုက်ထွက်ပြေးရတဲ့ လူတို့၊ ခြေရာဖျောက်ချင်တဲ့လူတို့ဆိုရင် ဒီလို ဘယ်သူမှမလုပ်ဘူးဆိုတာ ငါကညွှန်ပြတယ်။ ဒါ့အပြင် သူ့အပေါ် သက်သေအထောက်အထားတွေ ဒီလောက်ခိုင်မာနေတာတောင် ငါ သူ့ကို သဘောကျတာ တစ်ခုရှိတယ်။ သူ စပါးလိန်းနဲ့ သိတယ်ဆိုတာကို ငြင်းဖို့ မကြိုးစားဘူး။ ဒီ ပို့စကတ်ကို သူဆွဲပြီး စပါးလိန်းဆီ ပို့တယ်ဆိုတာကိုလဲ ဝန်ခံတယ်။ သူက ဒါကို နည်းနည်းပါးပါး အပျော်သဘောလောက်ပဲ ယူဆတာကိုး။ 'ဝေးတသက်သက်' ဆိုတဲ့ ရူးရူးနှမ်းနှမ်းစာနဲ့ ရိသဲ့သဲ့ ပို့စကတ်ကလဲ ဒီသဘောကို ဖော်ပြထားတာပဲ။ ပြီးတော့ စပါးလိန်း သေရတဲ့ ဒဏ်ရာတွေဟာ အင်မတန်ပြင်းထန်တယ်။ အင်အားကြီးမားတဲ့ လူများကသာ ဒီလို လုပ်နိုင်တယ်။ မက်ထရီဟာ ပိန်ပိန်ပါးပါးပဲ။ ပြီးတော့ ရီးစ် ဟာ ခပ်ပေါ့ပေါ့တွေးတတ်တဲ့လူ။ အဲဒီအချိန်က သူ တခြားရောက်နေတာ သက်သေထူဖို့ ရော်ကာနဲ့တိုင်ပင်တယ်ဆိုတာလည်း ဖြစ်နိုင်ပါတယ်။ ပို့စကတ်က သတင်းစာထဲပါလာတော့ သူလဲ လန့်ဖျပ်ပြီး အရေးဆိုရင် သူ့ကို ကူမယ့် လူတော့ ရှာထားမှလို့ သဘောရဟန်တူတယ်။ ဒါဟာ သူ့ရဲ့မိုက်မဲမှုပဲ။ ဒါပေမဲ့ အမှုသွားအမှုလာကိုကြည့်ရင် ဒါဟာ ယုတ္တိရှိပါတယ်။"

"ငါက ဒါတွေ အားလုံးကို အကြီးအကဲဆီတင်ပြတော့ သူက လက်မခံတော့ဘူး။ သူကတော့ တကယ့်ကို ရိုးရိုးသားသားပဲ။ မက်ထရီဟာ တရားခံအစစ်ပဲလို့ ယုံကြည်နေတာကိုး"

ဆွမ်းသည် ခေါင်းအုံးပေါ်သို့ ပြန်လှဲချလိုက်ပြီး အတော်ကြာအောင် နားနေပြီးမှ ပိုမိုတည်ငြိမ်စွာ ဆက်ပြောပြန်သည်။

"အစိုးရဝန်ထမ်းအရာရှိများရဲ့ ဦးနှောက်ဟာ ပုံစံနဲ့ အလုပ်လုပ်တယ်။ ငါ့ထက် ဘယ်သူ ပိုပြီးသိဦးမှာလဲ။ ပုလိပ်မင်းကြီးဒေး ချပေးတဲ့ လုပ်ငန်းအစီအစဉ်ဟာလဲ အဲဒီစနစ်အတိုင်းပဲ။ ဒါဟာ လုပ်ရိုးလုပ်စဉ်အမှန်ပါပဲလေ။ သေသူ ရရှိတဲ့ဒဏ်ရာမျိုးကို ဖြစ်စေနိုင်တဲ့ လက်နက်မျိုးကို မက်ထရီရဲ့ ပစ္စည်းတွေထဲမှာ တွေ့အောင်ရှာစေချင်တယ်။ မက်ထရီရဲ့ အဝတ်အစားတွေပေါ်မှာ သွေးစသွေးန တွေ့အောင် ရှာစေချင်တယ်။ အခင်းဖြစ်တဲ့နေရာမှာ မြင်လိုက်ကြတယ်ဆိုတဲ့လူဟာ မက်ထရီပါလို့ အခိုင်အမာပြောနိုင်တဲ့လူတွေ လိုချင်တယ်။

"ချက်ချင်းဆိုသလိုပါပဲ။ မက်ထရီရဲ့ သံသေတ္တာ တခုထဲမှာ ပုလိပ်မင်းကြီးအလိုရှိတဲ့လက်နက် သွားတွေ့တာပါပဲ။ အဲဒါက ဂျာမဏီလုပ် ရှေးခပ်ကျကျ သင်ခုန်းဓားကြီးတစ်လက်၊ မသုံးတာကြာလို့ သံချေးတောင် နည်းနည်းတက်နေပြီ။ မက်ထရီကလဲ ဒီပစ္စည်း သူ့ဆီမှာ ရှိနေတာ ကြာပါပြီလို့ မကွယ်မထောင့် ဝန်ခံတယ်။ သူ့အဖေဆီက အမွေခံထားလိုက်တဲ့ ပစ္စည်းပါတဲ့။ ဒါကြီးကို သူ လွှင့်ပစ်ဖို့ စိတ်ကူးဖြစ်မိပေမဲ့ သူ့အဖေပစ္စည်းကလေးမို့ဆိုပြီး မပစ်ရက်တာနဲ့ ထားထားတာတဲ့။ မက်ထရီဟာ ဒီဓားကို တကယ်က လူသတ်ရာမှာ သုံးခဲ့ရိုးမှန်ရင် ဒါကို တို့ရှာဖွေတဲ့အချိန်အထိ တရိတသေ သိမ်းထားမတဲ့လား။ ဘယ်သိမ်းထားမလဲ။ လူသတ်သမားတရာမှာ တရာစလုံးရဲ့ ပထမဆုံးလုပ်ရပ်ဟာ သတ်ရာမှာသုံးတဲ့ လက်နက်ကို ဖျောက်ဖျက်တဲ့အလုပ်ပဲ ဖြစ်တယ်။ ဒါနဲ့တောင် ဒေးက ငါ့ကို အဲဒီ သင်ခုန်းဓားကြီးပြပြီး 'ကဲ ငါ မပြောဘူးလား သူ့ကို မိပြီကွ' လို့ ကျေနပ်အားရ ကြွားလိုက် ဝါလိုက်သေးတယ်။

"အဲဒီ ဓားရယ်၊ မက်ထရီရဲ့ အဝတ်အစားထုပ်ကြီးရယ်ကို ဓာတုဗေဒ ကျွမ်းကျင်သူများ စစ်ဆေးဖို့ ပို့လိုက်ကြတယ်။ ဒီအတောအတွင်းမှာတော့ အခင်းဖြစ်တဲ့ညက လူသတ်သမားကို မြင်လိုက်တယ်ဆိုတဲ့ သက်သေတွေကို စစ်တယ်။ မစ္စတာပရပ်စတီရယ်၊ အက်ဒဝပ်ကောလင်းရယ်၊ လူဝီဇာဘတ်ရယ်။ ပရပ်စတီက မျက်စိအဝေးမှုန်တဲ့လူ၊ ကောလင်းက ပျော့ပျော့ကလေး၊ သူက တယ်ပြီး သက်သေခံချင်ရှာတာမဟုတ်ဘူး။ ဒါပေမဲ့ ဘတ်ဆိုတဲ့ကောင်မလေးကတော့ တမျိုးဘဲ။ ဒီကောင်မလေးက စက်တင်ဘာလရဲ့မှောင်မိုက်ပြီး မိုးရွာနေတဲ့ ညတညမှာ ရာဇဝတ်ကောင်ကို တစက္ကန့်လောက် ဖျက်ခနဲ မြင်လိုက်ရတဲ့သက်သေ။ ဒါနဲ့တောင် သူက လူသတ်သမားရဲ့ ပုံပန်းသဏ္ဌာန်ကို အတော်ကလေး အသေးစိတ်ဖော်ပြနိုင်တယ်လို့ဆိုတယ်။ သူက အစစ်ခံချက်တွေ ဒလဟောလျှောက်ပြောနေတော့ သူ့မျက်နှာဝိုင်းကလေးဟာ စိတ်အားထက်သန်နေတာကို ငါ အခုထိ မြင်ယောင်နေပါသေးတယ်။

"သူပြောတာက အဲဒီလူဟာ အသက် သုံးဆယ့်ငါးနှစ်လောက်၊ အရပ်မြင့်မြင့်၊ အသားညိုညို၊ ပိန်ပါးပါး၊ လူဟန်ခပ်နွဲ့နွဲ့၊ နှာတံပေါ်ပေါ်နဲ့ မုတ်ဆိတ်ပါးမုန်းမွေးများ ပြောင်အောင်ရိတ်ထားတဲ့လူတဲ့။ ဦးထုပ်က အကွက်ဆင်တဲ့ ညိုညစ်ညစ် မိုးကာအင်္ကျီနဲ့ ဖလန်နယ်အညိုလည်ရှည်ကို စီးထားသတဲ့။

"ပထမတော့ ဒေးဟာ အစစ်ခံချက်တွေနဲ့ သိပ်သဘောကျနေတာပေါ့။ ဒါပေမဲ့ မက်ထရီကိုဖမ်းမိတော့ တီးကွက်က တမျိုးဖြစ်သွားတယ်။ မက်ထရီဟာ အရပ်မြင့်မြင့်လဲ မဟုတ်၊ ညိုလဲ မညို၊ မုတ်ဆိတ်ပါးမုန်းမွေးလဲ ရိတ်မထား။ အရပ် ခပ်ပြတ်ပြတ်၊ အသားဖြူဖြူနဲ့ နှုတ်ခမ်းမွေးအညိုနဲ့ကိုး။ သူ့အဝတ်အစားကလဲ တမျိုးပဲ၊ ဒါပေမဲ့ ဘတ်က ဒါလောက်တော့ ဖြစ်ပါတယ်။ သူ ပထမစစ်ခံတုန်းက ရှုပ်ထွေးနေလို့ပြောလိုက်တာ မြန်သွားတာပါတဲ့။ ပြီးတော့ ဣန္ဒြေရရပဲ မုတ်ဆိတ်ပါးမုန်းပြောင်ပြောင်နဲ့ ဇရာမလူကြီးအစား အရပ်ခပ်နိမ့်နိမ့် ကျင်စွယ်နဲ့ လူဖြစ်သွားတော့တာပေါ့။ ကောလင်းကတော့ အခင်းဖြစ်ပြီးစက ငါ့ကို ရိုးရိုးရှင်းရှင်းပဲ ဒီလူကို ဘယ်သူဘယ်ဝါလို့ မပြောနိုင်ပါဘူးလို့ ပြောပြီးသား။ အခုမှတခါ ဘတ်နဲ့တလေထဲ ဖြစ်သွားတယ်။ အရောင်ပျော့ပျော့ ဦးထုပ်ကွက်ကလဲ အရောင်ညိုမှိုင်းမှိုင်း ဦးထုပ်ဖြစ်သွားတယ်။ မိုးကာအင်္ကျီကလဲ မီးခိုးရောင်ဖြစ်သွားတယ်။ ပုံသဏ္ဌာန်က မက်ထရီရဲ့ပုံသဏ္ဌာန်မျိုးနဲ့ ကိုက်ညီတဲ့ဟာတွေ ဖြစ်ကုန်ရတော့တာပေါ့လေ"

ဆွမ်း တစ်ထောက်နားရပြန်သည်။ သူ့မှာ ဖြူရော်သော် နှုတ်ခမ်းများကို စေ့ကာ အသက်ရှူဖို့ကိုပင် အားအင်ထုတ်နေရဟန်တူ၏။

"နောက်တစ်ဆင့်ကတော့ ဒီအရေးကြီးတဲ့သက်သေတွေကို တရားခံကို ကြည့်ဖို့ ခေါ်သွားတာပဲ။ ပုလိပ်မင်းကြီးလဲ သူတို့နဲ့အတူပါတယ်။ ငါလဲ အဲဒီအထဲမှာပါတယ်။ အရပ်ဝတ်အရပ်စားနဲ့ ပုလိပ်သားဆယ်တစ်ယောက်ကို အခန်းတခုထဲမှာ မက်ထရီနဲ့ရောပြီး တန်းစီပြတယ်။ ဒါကတော့ လုပ်ရိုးလုပ်စဉ်ပါပဲ။ တချို့ကတော့ ဒါကို တရားတယ်လို့ ထင်ကြတာပေါ့လေ။ ဘယ်လိုဖြစ်ဖြစ်လေ။ သက်သေနှစ်ယောက်စလုံးကတော့ အသေအချာကို ဆွဲပြနိုင်ကြတာပဲ။ မက်ထရီကိုလဲ ဝေ့တလေကို ရွေ့ပြီး မိုနာစပါးလိန်းကို သတ်တဲ့အမှုနဲ့ စွဲချက်အတင်ခံရတယ်။"

လူမမာသည် ချည့်နဲ့စွာ ဘေးတိုက်စောင်းကာ ပေါလ်အား ကြည့်နေလေသည်။

"ဒါနဲ့လဲပဲ ငါကတော့ သူလွတ်မှာပဲလို့ ထင်နေတုန်းပဲ။ သူ့အပေါ်စွဲတဲ့ အမှုက သိပ်ပြီး သက်သေခိုင်လုံလွန်းနေတော့ တနေရာရာမှာတော့ ကွဲကြောင်းအက်ကြောင်း ပေါ်လာမှာပဲလို့ ငါက ထင်နေတယ်လေ။ ဒါပေမဲ့ ငါက အစိုးရရှေ့နေလုပ်တဲ့လူကို ထည့်မတွက်မိဘူးလေ။ မင်းကတော့ ရိုးသားပေမဲ့ ခေါင်းမာတဲ့ပုလိပ်မင်းကြီးဒေးကြောင့် မက်ထရီ ဒီလိုဖြစ်သွားရတယ်လို့ ထင်မှာပဲ၊ ဒါပေမဲ့ ဒီလိုမဟုတ်ဘူး။ တကယ့် ကြိုးကိုင်ပုဂ္ဂိုလ်က အဲဒီ အစိုးရရှေ့နေ၊ အင်မတန် ဉာဏ်များတဲ့ မက်သယူးစပရောက်ဆိုတဲ့လူပေါ့ကွာ။ သူက အခု ဆာမက်သယူးဖြစ်ပြီး ထိပ်နားအထိ တက်သွားပြီလေ။ တက်လဲ တက်ဦးမှာပဲ။ ဒါပေမဲ့ အဲဒီတုန်းက မထင်ရှားသေးပါဘူး။ ကြိုးစားပြီး တက်လမ်းရှာရတုန်းပေါ့။ သူ့စကား ငါကြားလိုက်ကတည်းက သူဟာ မက်ထရီကို ကြိုးမိန့်မကျ,ကျအောင် လိုက်တော့မှာပဲဆိုတာ ငါသိတယ်။

"ဒါနဲ့ အမှု စ,စစ်ကရော ဆိုပါတော့။ တရားလိုဘက်ကလဲ ကျွမ်းကျင်သူတွေအားလုံးခေါ်။ ဒါပေမဲ့ အလောင်းကို ပထမဆုံးကြည့်တဲ့ ဒေါက်တာကျူခ်ကိုတော့ မခေါ်ဘူး။ ပုလိပ်ဆရာဝန် ဒေါ့ဗ်ဆန်ရဲ့အပြင် ဂျက်ကင်ဆိုတဲ့ ပါမောက္ခတစ်ယောက်ကို ခေါ်တယ်။ အဲဒီ ပါမောက္ခက သေသူမှာ သေလောက်အောင်ရရှိတဲ့ ဒဏ်ရာမျိုးကိုဖြစ်အောင် အဲဒီသက်သေခံပစ္စည်းဖြစ်တဲ့ ဂျာမန်သင်ခုန်းဓားမျိုးကို သုံးတာဖြစ်နိုင်တယ်လို့ သက်သေခံတယ်။ သူကလဲ အဲဒီလက်နက်မှာရော၊ တရားခံရဲ့ အင်္ကျီပေါ်မှာရော သွေးစသွေးနများ တွေ့ပါတယ်လို့တော့ ကျမ်းကျိန်ပြီးအစစ်မခံဘူး။ ဒါပေမဲ့ နို့တိုက်မွေးသတ္တဝါတမျိုးမျိုးရဲ့ သွေးအိတ်လိုအရာမျိုး တွေ့ရတယ်လို့တော့ ထွက်ဆိုတယ်။ နောက်သက်သေ တစ်ယောက်ကတော့ သေသူရဲ့ အိမ်ထဲမှာတွေ့ရတဲ့ မီးကျွမ်းပျက်စီးနေတဲ့စာက လက်ရေးဟာလဲ ဘယ်ဘက်လက်နဲ့ဖျက်ရေးထားတဲ့ မက်ထရီရဲ့လက်ရေးပါပဲလို့ အစစ်ခံတယ်။ ကောလင်းတို့ ဘတ်တို့ သက်သေခြံထဲရောက်တော့ သူတို့ဟာ အရင်ကလို မဟုတ်တော့ဘူး။ အထူးသဖြင့် ဘတ်ဟာ အရွယ်ကလေးက ငယ်ငယ်၊ သူ့ပုံပန်းကြည့်ရတာက အပြစ်ကင်းစင်ပုံနဲ့ ဂျူရီလူကြီးတွေကတော့ သိပ်သဘောကျနေကြတာပေါ့။ သူကလဲ နတ်သမီးကလေးလို လှလှပပကလေး။ ကျမ်းကျိန်ပြီးတော့ 'အဲဒီအင်္ကျီပါပဲ။ အဲဒီလူပါပဲ' ဆိုတာတွေ အသေအချာ ထွက်တော့တာပဲ။ လူဆွဲပြတဲ့အကြောင်း အစစ်ခံတော့လဲ 'သူ့ကို အဦးဆုံးညွှန်ပြတာ ကျွန်မပါပဲ' ဆိုပြီး တကယ့်ကို ဂုဏ်ယူဝင့်ကြွားတဲ့လေသံနဲ့ အစစ်ခံတော့တာကိုး"

"ပြီးတော့ အစိုးရရှေ့နေကြီးရဲ့ လျှောက်ချက် လာတော့တာကိုး။ စပရောက်ဟာ စာရွက်တစ်ရွက်မှမကိုင်ဘဲ သုံးနာရီလုံးလုံး မရပ်မနား အားရပါးရ ပြောတော့တာကိုး။ စကားလုံးတွေဟာ သူ့ပါးစပ်ထဲက ဒလဟောထွက်ကျလာပြီး ရုံးတော်တခုလုံးကို သြဇာလွှမ်းမိုးလိုက်သလိုပါပဲ။ ရာဇဝတ်မှုကို ပုံပေါ်အောင်ပြောတဲ့အခါကျတော့လဲ မြတ်စွာဘုရား၊ တကယ့်ကို ပက်ပက်စက်စက်ပါပဲကွာ။ အပြစ်ရှိသူတရားခံဟာ သင်ခုန်းဓားကြီးကို အိတ်ထဲမှာ ဝှက်ကိုင်ထားပြီး ဘာမှ အကာအကွယ်မရှိတဲ့ သူ့ရဲ့ မယားငယ်၊ မမွေးသေးတဲ့ သူ့ရင်သွေးကလေးရဲ့အမေကို ရက်ရက်စက်စက် သတ်ဖြတ်ပုံ၊ ပြီးတော့ နိုင်ငံခြားတိုင်းပြည်တပြည်မှာ ပုန်းရှောင်ဖို့ထွက်ပြေးပုံ၊ ဟာ တကယ်တော်တယ်ကွာ။ ဂျူရီလူကြီးတွေဆိုတာ ပါးစပ်ဟောင်းလောင်းနဲ့ သူပြောတာကို အားလုံး ငေးနားထောင်ကြရတာပဲ။

"အစိုးရရှေ့နေကြီးက ကောင်းသလောက် တရားခံရှေ့နေက အသုံးမကျလိုက်တာကွာ။ တရားခံက ပိုက်ဆံလဲ မတတ်နိုင်၊ ရှေ့နေကြီးကလည်း အသံက သဲ့သဲ့ကလေးနဲ့ ဒရွတ်ဆွဲပြီးပြောနေတဲ့ အဖိုးကြီးပဲ။ အမှုအကြောင်း သူမသိတာတွေလဲ အများကြီး။ အထူးသဖြင့်ကတော့ မက်ထရီအတွက် အခြေအနေကောင်းစေမယ့် အထောက်အထားတွေရှိတာကို သူမသိတာဘဲကွ။

"ဒါနဲ့ပဲ ပြီးရောဆိုပါတော့ကွာ။ အပြစ်ရှိတယ်ပေါ့။ တရားခံဟာ သူ့မှာ အပြစ်မရှိပါဘူးဆိုပြီး ကန့်ကွက်တဲ့စကားတွေဟာ ငါ့ရင်ကို ဓားနဲ့ထိုးလိုက်သလို စူးရှပြီး ကျန်ရစ်တယ်လေ။ သို့ပေမယ့် သူ့ကို ဆွဲခေါ်သွားကြတယ်။ လူတိုင်းအဖို့တော့ ကျေနပ်စရာပေါ့။ ကြော်ငြာထားတဲ့ ဆုငွေ ပေါင်ငါးရာကိုလဲ ကောလင်းနဲ့ ဘတ်တို့ကို ထုတ်ပေးလိုက်တယ်။ သူတို့ ရထိုက်သလား မရထိုက်သလားတော့ ဘုရားမှ သိမှာပဲကွာ"

လူမမာသည် အားအင်ကုန်ခန်းသွားဟန်ဖြင့် နောက်သို့ ပြန်လှဲချလိုက်ကာ ပင်ပန်းနေသောလေသံဖြင့် ဆက်မပြောနိုင်သေးကြောင်း ကျေညာလိုက်၏။

"တစ်ရက်နှစ်ရက်နေမှ တခါလာခဲ့ဦးကွာ၊ ကျန်တာတွေ ကြားရအောင်ပေါ့"

အခန်းကျဉ်းမြောင်းမြောင်းကလေးအတွင်း ကြာမြင့်စွာ တိတ်ဆိတ်လျက် ကြောက်မက်ဖွယ် ဖြစ်သွားသည်။ ဗူလျာလည်း တိတ်ဆိတ်စွာပင် ဖန်ခွက်တစ်ခုထဲသို့ ရေငှဲ့၍ ဆွမ်း၏ နှုတ်ခမ်းများဆီသို့ တေ့ပေးလိုက်၏။ သူသည် မလှုပ်မယှက်ပင် ရေကို မြိုချလိုက်၏။ တစ်ချိန်လုံးပင် ပေါလ်မှာ မေးထောက်ထိုင်ကာ မင်သက်မိသလို ငေးရင်း သူ၏ ရင်ထဲ၌ ဘလောင်ဆူအောင် အတွေးများ ပူလျက်ရှိ၏။ မေးချင်သည့် မေးခွန်းများ သူ့နှုတ်ဖျားသို့ တန်းစီ၍ တက်လာကြသော်လည်း ဆွမ်းမှာ အားအင်ကုန်ခန်းသွားကာ နောက်ထပ် အားပြည့်လာစရာလည်း မရှိတော့။ အားလည်း မထုတ်နိုင်တော့သလို မျက်လုံးများကို မှိတ်ထားလိုက်ပြီဖြစ်၍ ယနေ့အဖို့ တစ်ခန်းရပ်ဖို့သာ ရှိတော့သည်ကို သူသိပါသည်။ မှဲ့ခ်က အခန်းထဲမှ ခြေဖျားထောက်၍ထွက်သွားမှ ပေါလ်လည်း ထိုင်ရာမှခပ်ယိုင်ယိုင်ထကာ လူမမာ၏လက်ကို သူ၏လက်များဖြင့် ဆုပ်ကိုင်ပြီး တံခါးမှ ထွက်၍ လိုက်လာခဲ့လေတော့၏။

*

## အခန်း – ၁၁

အပြစ်မရှိသည့် လူတစ်ယောက်ကို ဆယ့်ငါးနှစ်လုံးလုံး အရှင်လတ်လတ် မြေမြှုပ်ထားသလိုလုပ်တာ ခံရလေသလား။ ဘာမှ မသေချာ။ တွေးလိုက်တိုင်း စိတ်ရှုပ်စရာ။ ဘယ်ညာယိမ်းလျက်ရှိရာမှ ပေါလ်သည် ဤမေးခွန်းကို မမေးရဲမတွေးရဲ။ ဆွမ်းက ယခုအထိတော့ အထောက်အထား အခိုင်အမာ မပေးနိုင်ခဲ့သေး။ သူ့သဘောလောက်သာ ပြောသေးသည်။ တကယ် သိသာမြင်သာသေးသည် မဟုတ်သည့်တိုင်အောင် သူ့အဖေအပေါ်တွင် ဤမျှ လူမဆန်စွာ တရားပျက်ယွင်းထားကြတာ ဖြစ်နိုင်သည်ဆိုကာမျှနှင့်ပင် ပေါလ်မှာ ဒေါသမီး တောက်လောင်ခဲ့ရသည်။ သို့သော်

ဒါကို သူ မတွေးမှဖြစ်မည်။ သူ့စိတ်ကို သူ ထိန်းချုပ်ရန် သန္နိဋ္ဌာန်ချလိုက်ရ၏။ သူ့မှာ တခြားဟာတွေထက် ငြိမ်သက်ဖို့၊ လက်တွေ့ကျကျလုပ်ဖို့နှင့် အစိဋ္ဌာန်ခိုင်မြဲဖို့ လိုသည်ကို ယခု သူသိပြီ။

ပထမအဆင့်အနေဖြင့် သူလုပ်ရန်မှာ အိမ်သို့ စာရေး၍ အဝတ်အစားကလေးများ မှာဖို့ဖြစ်ပြီး နောက်တစ်ဆင့်မှာ သူ့အဖို့ ဝိုင်အမ်စီအေထက် ပို၍ လွတ်လပ်စွာနေထိုင်လှုပ်ရှားနိုင်သည့် အမြဲနေစရာ တစ်နေရာရှာဖို့ ဖြစ်၏။ အတော်ကလေး လိုက်၍ရှာပြီးသောအခါ ပူးလီလမ်းထဲရှိ အိမ်ခန်းငှား အဆောက်အဦးတစ်ခု၏ ပဉ္စမအထပ် အထပ်ခိုးခန်းတစ်ခန်းကို ဈေးပေါပေါနှင့် ရခဲ့၏။ ပူးလီလမ်းကား အသွားအလာ စည်ကားလှသည့် ကုန်ရုံလမ်း၏တောင်ဘက် အညံ့စားတည်းခိုခန်းများသာ များသည့် ရှားဝုတူးမြောင်းတဝိုက်ရှိ အနံ့အသက်မကောင်းသော်လည်း လူကောင်းသူကောင်းများနေသည့် လမ်းဖြစ်၏။ အိမ်ရှင်အမျိုးသမီးကြီး မစ္စက်ကော်ပင်ကား ပိန်ပါးပါးခပ်သေးသေးဖြစ်ပြီး စူးရှသောအသံရှိသည်။ သူက ပေါလ်အား အပေါ်ထပ်ခန်းသို့ လိုက်ပို့ကာ ဆပ်ပြာတစ်ခဲနှင့် မျက်နှာသုတ်ပုဝါ ခပ်ကြမ်းကြမ်းသန့်သန့်တစ်ထည်ပေးသည်။ အခန်းအတွက် ကြိုတင်ငွေ ပေးလိုက်သောအခါ သူ ဘဲလဖတ်ကယူလာခဲ့သော ငွေကလေးအနည်းငယ်မှာ ကုန်လုမတတ်ဖြစ်သွားသည်။ ထို့ကြောင့် သူ ရေမိုးချိုးပြီးသောအခါ အလုပ်ကလေးဘာလေး ရှာဖွေရန် ထွက်ခဲ့လေ၏။

ဝေါ့တလေကား တဝီဝီတလှုပ်လှုပ် အလုပ်များလှသော ပျားအုံကြီးကဲ့သို့သော မြို့ကြီးဖြစ်၏။ သို့ရာတွင် အနီးအနားရှိ ကိုဗင်ထရီနှင့် နော်သမ်တန်တို့ကဲ့သို့ပင် လုပ်ငန်းများမှာ အထူးကျွမ်းကျင်မှုလိုသော ကြွေထည်လုပ်ငန်း၊ ဖွန်းခက်ရင်းလုပ်ငန်းနှင့် သားရေလုပ်ငန်းတို့သာ အများအပြားရှိသည်။ ပေါလ်ကလည်း ဘာတစ်ခုမှ မလုပ်တတ်။ ထိုမှတပါးလည်း သူ့တွင် သမဂ္ဂမှတ်ပုံတင်ကဒ်ပြားလည်း မရှိ။ သူ့ကို ထောက်ခံနိုင်မည့်သူလည်း မရှိ။ ကျောင်းဆရာအဖြစ်ပင်လျှင် လက်မှတ်ရခဲ့သည် မဟုတ်သေး။ ဘာမှ အကြောင်းမထူးဘဲ နှစ်ရက်မျှကြာသော် သူသည် သတင်းစာထဲမှ အလုပ်နေရာလစ်လပ်မှု ကြော်ငြာများကို စိတ်ဝင်စားစွာ လျှောက်၍ရှာလေ၏။

သို့ရာတွင် နောက်တစ်ရက်တွင်ကား သူ့အား တကယ်ပင် ကံကောင်းထောက်မလာသည်ဟု ဆိုရမည်။ သူသည် သူ၏ အထပ်ခိုးခန်းကလေးမှ ထွက်၍ ကုန်ဈေးလမ်း၏ လူစည်ကားသော လမ်းဘေး ပလက်ဖောင်းများအတိုင်း လျှောက်ကာ ကားသမားများနားနေရာ စားသောက်ဆိုင်တဲကြီးသို့ လာခဲ့၏။ ထိုနေရာတွင် ကော်ဖီနှင့် ဝက်အူချောင်းကို ဈေးပေါပေါဖြင့် ဝအောင် စားလို့ရသည်ကို မကြာမီကမှ သူတွေ့ရှိထားသည်။ ထိုနေရာရှိ ဘိုနန်ဇာဈေးအမည်ရှိစတိုးဆိုင်ကြီး၏ မှန်ပြူတင်းတွင် ကြော်ငြာတစ်ခု တွေ့လိုက်ရ၏။

**စန္ဒယားတီးတတ်သူ**

**အလိုရှိသည်**

**အတွင်းသို့ ဝင်၍ မစ္စတာ ဗစ်တာဟဲရစ်ထံ လျှောက်ထားပါ။**

ခဏမျှ ဆုတ်ဆိုင်းဆိုင်းဖြစ်နေပြီး ပေါလ်သည် ဆိုင်ထဲသို့ ဝင်ခဲ့သည်။ ထိုဆိုင်ကြီးကား နေ့စဉ်သုံးပစ္စည်းများရောင်းသည့် ကုန်စုံဆိုင်ကြီးဖြစ်၍ ကုန်မာပစ္စည်းများကအစ အလှကုန် အတွင်းခံအဝတ်နှင့် ကလေးကစားစရာတို့ အစုံ ကောင်တာကြီးကောင်တာငယ်တို့ဖြင့် အဆန်းတကြယ် ပြသထားပြီး ရောင်းချလျက်ရှိသည်။ လန်ဒန်မြို့မှ ဆယ့်ငါးပြားစတိုးဆိုင်မျိုးကို ပုံတူလုပ်ထားသည့်ဆိုင်ဖြစ်သည်။ ဆံပင်ကို ဓာတ်နှင့်ကောက်၍ပြုပြင်ထားသည့် အသက်သုံးဆယ်ခန့် အတော် ရေရေလည်လည်ရှိပုံရသော လူငယ်မန်နေဂျာသည် ပေါလ်အား ခပ်သွက်သွက်တစ်ချက်လှမ်းကြည့်လိုက်ပြီး ရင်ဖုံးအပေါ်အင်္ကျီအစင်းနှင့် ပန်းထိုးထားသောလည်စည်းက ပန်ကာလေတွင် တလူလူလွင့်လျက်။ မတ်တတ်စန္ဒယားကြီးတစ်လုံးကို သီချင်းသင်္ကေတစာအုပ်များနောက်ခံဖြင့် ပြသထားသည့် ဌာနစိတ်သို့ ခေါ်သွားလေ၏။ ထိုနေရာတွင် မန်နေဂျာက တွေ့ရာသီချင်းသင်္ကေတစာရွက်တစ်ခုကို ဆွဲယူကာ စန္ဒယားခုံပေါ်သို့ တင်လိုက်ပြီး "တီးစမ်း" ဟု ဆိုလိုက်၏။

ပေါလ်လည်း စန္ဒယားခုံတွင် ဝင်၍ထိုင်ကာ သူ၏လက်ချောင်းများကို စန္ဒယားခလုတ်တန်းပေါ်သို့ လျှောက်၍ တို့လေတော့သည်။ ဂီတသင်္ကေတကို ဘယ်လောက်ခက်ခက် ကြည့်ကာမြင်ကာမျှဖြင့် ကောက်ကာငင်ကာ တီးနိုင်သည်။ သူ့ရှေ့တွင်ရှိနေသော ခေတ်ပေါ် ကကြိုးတီးကွက်မှာ လွယ်ကူလှလေ၏။ သူက ကျင်လည်စွာပင် တစ်ခေါက်ကြော့၍ အတီးတွင် သူ၏တီးကွက်များကိုပါ ထည့်သွင်း၍ မူကွဲတီးပြလိုက်၏။ ထို့နောက် အခြားစာရွက်များကို ဆွဲယူကာ အလားတူပင် တစ်ကြော့ပြီးတစ်ကြော့ တီးပြန်သည်။ သူ မပြီးခင်မှာပင် အနီးအနား ကောင်တာတို့မှ အရောင်းစျေးသည်မကလေးများသည် ငေးစိုက်နားထောင်လျက်ရှိကြပြီး မစ္စတာဟဲရစ်သည်လည်း ကျေကျေနပ်နပ်ပင် သူ၏ ဥဿဖယားလက်စွပ်ကြီးနှင့် ကောင်တာပေါ်တွင် စည်းလိုက်လျက်ရှိလေ၏။

"ရပါပြီ" ဟု မန်နေဂျာက ပြောရင်း ခေါင်းညိတ်လိုက်ပြီး "မင့်ကို ငှားလိုက်ပြီ။ တပတ်ကို သုံးပေါင်နဲ့ နေ့လယ်စာ အသားညှပ်ပေါင်မုန့်နဲ့ ကော်ဖီပေးမယ်။ မင်းအလုပ်က အဆက်မပြတ် တီးနေဖို့ပဲ၊ ပျင်းမနေရဘူး။ ပျင်းနေရင် မင်း အလုပ်မရှိတော့ဘူးလို့သာ မှတ်။ အသံကျယ် ခြေနင်းခလုပ်ကို သုံး။ လူတွေ ဝယ်ချင်လာအောင် တီးနေပေတော့" ဟု ဆိုလေသည်။

ထို့နောက် သူက ပေါလ်အား အထက်စီးက ပြုံးပြလိုက်ပြီး အခြားကောင်တာမှ လူများအား အချိန်ဖြုန်းရမလားဟု မျက်မှောင်ကုတ်၍ ကြည့်ကာ သူ့နေရာသို့ သူ ပြန်သွားလေ၏။

ပေါလ်လည်း တစ်နေ့လုံး စန္ဒယားတီးရလေတော့သည်။ သူ့အလုပ်မှာ အရတော်လှပြီ ဟူ၍တော့ မဆိုသာ။ အစတွင် ဖျတ်ဖျတ်လတ်လတ်ရှိသော်လည်း အချိန်တရွေ့ရွေ့ကုန်လာသည်နှင့် စန္ဒယားခုံအမာပေါ်တွင် အမှီမရှိ ဘာမရှိထိုင်ရသဖြင့် ညောင်းလာသည်။ လှောင်ပိတ်နေသည့် စတိုးဆိုင်ခန်းအတွင်း လူစည်လာပြီး သူ့ပတ်လည်တွင်ဝိုင်းကာ သူ့ဂုတ်ပေါ်က ငုံ့ကြည့်သူကြည့်၊ တတောင်ဆစ် ဝင်တိုက်သူတိုက်နှင့် စန္ဒယားခလုတ်ပေါ် တတ်ထိုင်ကြတော့မတတ် ဖြစ်လာတော့ သူ့မှာ မွန်းကြပ်လာသည်။ သူ၏စိတ်ထဲကလည်း သူ့အဖေအကြောင်း စဉ်းစားရင်း၊ စိတ်ကူးများ မပီမသထုတ်ရင်း အဖြေက မထွက်နိုင်သဖြင့် ယောက်ယက်ခတ်လျက်ရှိလေသည်။

နေ့လည် နာရီပြန်တစ်ချက်တီးတွင် ဟဲရစ်သည် နေ့လည်စာ စားရန်ထွက်သွားသည်။ ထို့နောက် မိနစ်အနည်းငယ်ကြာသော် စားသောက်ဆိုင်ဘက်၌ တာဝန်ကျသော မိန်းကလေးသည် ကော်ဖီနှင့် အသားညှပ်ပေါင်မုန့်တစ်ပန်းကန်ကို ပေါလ်ထံသို့ ယူလာသည်။ ပေါလ်လည်း အလုပ်နားရသည်ကို ဝမ်းသာလျက် ထိုင်ရာမှထကာ အညောင်းဆန့်ရင်းပြုံးလျက် မိန်းကလေး၏အမည်ကို မေးလိုက်သည်။ မိန်းကလေးက သူ့နာမည် လီနာအင်ဒါဆန် ဟု ငုံးတိတိဖြေသည်။ သို့ရာတွင် ပေါလ်က သူ့အား စကားတစ်ခွန်းစနှစ်ခွန်းစ ပြောမည် စိတ်ကူးသော်လည်း သူက ဆိုင်၏ တခြားတစ်နေရာသို့ လျှင်မြန်စွာ ထွက်ခွာသွားနှင့်ပြီးဖြစ်၏။ မိန်းကလေး၏ စိမ်းနေသောအမူအရာမှာ ရိုင်းရာမကျသော်လည်း သူ့မှာ တစ်စုံတစ်ရာကို ထိန်းချုပ်ထားရသည်ဟု သူ့စိတ်ထဲတွင် ထင်မိသောကြောင့် သူ့မှာ စိတ်သောကတွေဖြစ်နေရသည့် ကြားကပင် ဘာများပါလိမ့်ဟု သိချင်မိ၏။ အတော်ကလေးကြာတော့ သူ၏ စားသောက်ခန်းဆီသို့ပြန်အလာ ပေါလ်၏အနားမှ ဖြတ်သွားတော့ ပေါလ်၏မျက်လုံးများသည် စန္ဒယားဆက်မတီးမီ သူ့ဘက်သို့ လှည့်ကြည့်မိလေသည်။

မိန်းကလေးမှာ အသက်နှစ်ဆယ်ထက် ကျော်ပုံမရသေး။ ခြေတံလက်တံရှည်ရှည်၊ အရပ်မြင့်မြင့်၊ ဆံပင်ရွှေရောင်နှင့် နော်ဝေ ဆွီဒင် ဒိန်းမတ် အဆက်ဟု ပေါလ်ထင်သည်။ သူ၏မျက်နှာမှာ ပြေပြစ်လှပသော်လည်း သူ့ပါးပေါ်တွင် ဖြူဖြူအမာရွတ်အစင်းကလေးက ဖျက်လျက်ရှိ၏။ မျက်မှောင်ကြုတ်လျက် မှုံတေတေဖြစ်မနေလျှင် ချစ်ခင်နှစ်သက်ဖွယ်ရာ ဖြစ်ပေလိမ့်မည်။ ငြိမ်သက်နေသောအခါတွင် သူ၏မျက်နှာမှာ ညှိုးငယ်လျက် တစ်စုံတစ်ခုသော အတွေးဖြင့် ငြိမ်သက်စွာငေးလျက်ရှိသည့် အသွင်ကို ဆောင်နေလေသည်။ ထိုနေ့ညနေပိုင်းက ပေါလ်မှာ လုပ်စရာ တွေးစရာတွေက များနေသည့်ကြားကပင် မိန်းကလေးရှိရာဘက်သို့ မကြာခဏ လှမ်း၍ကြည့်မိ၏။ မိန်းကလေးသည် သူ၏ ဝတ်စုံကို လှလှပပ လိုက်ဖက်အောင် ဆင်တတ်သည်ကို သူသတိပြုမိ၏။ သူသည် ဆိုင်ထဲရှိ အခြားသော မိန်းကလေးများနှင့် သင့်သင့်မြတ်မြတ်ဖြစ်ဟန်ရှိသော်လည်း

သိပ်ရောရောနှောနှော မရှိလှ။ သူ့ဆိုင်ဘက် လာစားသူများအားလည်း အချို့မှလွဲ၍ ခပ်မှန်မှန်သာ ဆက်ဆံသည်ကို တွေ့ရ၏။ ပေါလ်က မျက်လုံးဖြင့် လှမ်း၍ မေးမြန်းသလို မိတ်ဖွဲ့သလို ကြည့်လိုက်သော်လည်း မိန်းကလေးက တစ်စုံတစ်ရာ မတုံ့ပြန်ဘဲ မျက်လွှာကိုချ၍ တစ်ဖက်သို့သာ လှည့်သွားတတ်လေသည်။

ညနေပိုင်း အချိန်တို့သည် ကုန်ခဲလှ၏။ ပေါလ်သည် သူ၏ လက်ချောင်းများက စန္ဒယား ခလုပ်များပေါ်တွင် အထပ်ထပ် တီးရလွန်း၍ အလွတ်ရနေသော ခလုတ်များကို လျှောက်နှိပ်လျက်ရှိစဉ် မျက်စိကို မှိတ်ထားလိုက်၏။ နောက်ဆုံး ခြောက်နာရီထိုးသောအခါ သူ့အလုပ်ချိန် ပြီးဆုံးပြီဖြစ်သဖြင့် စိတ်လက်ပေါ့ပါးသွားသည်။ စတိုးဆိုင်မှ အလျင်အမြန်ထွက်ကာ ဆေးရုံဆီသို့ ပြေးခဲ့၏။ အခက်အခဲ အနည်းငယ်တွေ့ရပြီး သူသည် ဆွမ်းထံသို့ နောက်တစ်ခေါက် ရောက်ခဲ့၏။ လူမမာ၏ အခြေအနေမှာ ပိုမို ဆိုးရွားလျက်ရှိပြီး စိတ်လက် မရွှင်မပြဖြစ်နေသဖြင့် စကားမပြောချင်။ ယခင်တစ်ခေါက် တွေ့စဉ်က အတော်ကလေး မဆင်မခြင်ပြောခဲ့မိသည်ကို နောင်တရသကဲ့သို့ရှိ၏။ သို့ရာတွင် ပေါလ်က သူ့အား အတင်းမပြောခိုင်းဘဲ သူ့အိပ်ရာဘေးတွင် စိတ်ရှည်လက်ရှည် ထိုင်စောင့်နေတော့ သူစိတ်လျှော့လာသည်။ ထိုအခါတွင် သူသည် ခေါင်းကိုငဲ့၍ ပေါလ်အား သနားကရုဏာပါသော အကြည့်ဖြင့် ကြည့်နေလေသည်။

“မင်း ပြန်လာသကိုး” ဟု သူက မေးသည်။

“ဟုတ်ကဲ့” ဟု ပေါလ်က တိုးတိုးဖြေသည်။

“မင့်ကိုတော့ ငါ သတိပေးရဦးမယ်။ မင်း ဒီအမှုကို ဆက်လိုက်ရင် မင့်ဘဝကို တစ်မျိုးတစ်ဖုံဖြစ်သွားအောင် ပြောင်းလဲသွားနိုင်တယ်။ ငါ့ဘဝတော့ ပြောင်းခဲ့ရတာပဲ။ မင်း ဒီဟာကို စပြီး ကိုင်မိပြီဆိုရင်လဲ နောက်ဆုတ်လို့ကတော့ မရတော့ဘူးကွ”

“ကျွန်တော် နောက်မဆုတ်ပါဘူး”

“ဒါဖြင့် မင်း ဘယ်လိုစပြီးလုပ်မယ် စိတ်ကူးထားသလဲ”

“ကျွန်တော် ခင်ဗျားပြောတာတွေကို လက်နှိပ်စက်နဲ့ ရိုက်ပြီး ခင်ဗျားက လက်မှတ်ထိုးပေးလိုက်ရင် ကျွန်တော်က ဆိုင်ရာ အာဏာပိုင်တွေဆီ သွားပြီး”

ဆွမ်းမှာ မရယ်နိုင်။ သို့သော် သူ၏ ဖြူရော်သောနှုတ်ခမ်းများမှ လှောင်ပြောင်လိုသည့် ရယ်သံတမျိုး ထွက်လာလေ၏။

“ဘာ အာဏာပိုင်ကိုလဲကွ။ ပုလိပ် အာဏာပိုင်လား။ သူတို့က သတင်းအစုံရပြီးသားကွ။ သူတို့က သူတို့ဟာနဲ့သူတို့ ကျေနပ်ပြီးသား။ အစိုးရရှေ့နေကြီး ဆာမက်သယူးစပရောက်ဆီ သွားမလား။ ဒီပုဂ္ဂိုလ်ကြီးအကြောင်း ငါ သိရသလောက် ပြောရရင် မင်း သူနဲ့တော့ သွားပြီး မပတ်သက်လေနဲ့” ဟု ပြောရင်း ချောင်းတဟွတ်ဟွတ် ဆိုးနေသဖြင့် ရပ်ထားလိုက်ရ၏။ ပြီးမှ “မလုပ်နဲ့။ လွှတ်တော်က အတွင်းဝန်ချုပ်ကြီးတစ်ယောက်ပဲ ဒီအမှုကို ဖော်နိုင်တယ်။ အဲဒီကိုတော့ မင်း အခုရထားတဲ့ အထောက်အထားလောက်နဲ့တော့ အနားတောင် မသီနိုင်ပေဘူး။ သူတို့ကတော့ ဒါကို နာမည်ပျက်နဲ့ ပုလိပ်ထွက်တစ်ယောက်က သေခါနီးမှာ သွေးရူးသွေးတမ်း လျှောက်အော်သွားတာတွေဟာ ဘာမှ အရာမရောက်ဘူးလို့ ဆိုမှာပဲကွ။ မင့်ကို ပြောင်လှောင်ပြီး လွှတ်လိုက်ကြမှာပဲ” ဟု ဆက်ပြောသည်။

“ဒါပေမဲ့ ခင်ဗျားကတော့ ကျွန်တော့်အဖေမှာ အပြစ်မရှိဘူးလို့ ယုံတယ်မဟုတ်လား”

ဆွမ်းက လွတ်လပ်ပွင့်လင်းစွာပင် “သူ့မှာ အပြစ်မရှိဘူးဆိုတာ ငါ သိတယ်” ဟု ဆိုလိုက်ပြီး “တရားသူကြီးတွေရဲ့ ကောက်ချက်ထဲမှာ စပါးလိန်းသတ်မှုကို အင်မတန် ရက်စက်ယုတ်မာပြီး လူမဆန်တဲ့ပြစ်မှုမျိုး

ဖြစ်တဲ့အတွက် တရားဥပဒေအရ အကြီးလေးဆုံးပြစ်ဒဏ်ပေးတာတောင် လုံလောက်မှာ မဟုတ်ဘူးလို့ ဆိုထားရက်နဲ့ သူတို့ မက်ထရီကို အသက်ချမ်းသာပေးထားလိုက်ကြတယ်။ ကဲ၊ မင်းပဲ စဉ်းစားကြည့်ပေါ့။ ဒါ ဘာဖြစ်လို့လဲ။ အဆုံးမှာတော့ သူတို့ အပြစ်ပေးလိုက်တဲ့လူဟာ တကယ် အပြစ် ရှိမရှိ သူတို့ကိုယ်တိုင် သိပ်ပြီး မသေချာလို့ သူတို့ရဲ့မဟာကရုဏာတော်နဲ့ ချက်ချင်း ကြိုးကွင်းမစွပ်သေးဘဲ တဖြည်းဖြည်းချင်းမှ သေအောင် စတုန်းဟိုသ်မှာ တောင်တစ်သက်တစ်ကျွန်း ချပေးလိုက်တယ်ပေါ့"

ပေါလ်လည်း အံ့ဩလျက် ငြိမ်သက်စွာထိုင်နေစဉ် လူမမာလည်း ခဏနားကာ အသက်ရှူမှန်လာအောင် ကြိုးစားရလျက်ရှိလေသည်။

"မရပါဘူးကွာ" ဟု ဆွမ်းက ရုတ်တရက် အက်ကွဲသောအသံဖြင့် လေသံလုံးဝပြောင်းကာ ဆိုလိုက်သည်။ "သူတို့ ဒီအမှုကို ပြန်ဖွင့်အောင်လုပ်ဖို့က တနည်းပဲရှိတယ်။ လူသတ်သမားအစစ်ကို ဖော်ထုတ်နိုင်ရမယ်"

ဤစကားမျိုးကို မျှော်လင့်မထားခဲ့သဖြင့် ပေါလ်မှာ ကျောထဲတွင် စိမ့်သွားလေသည်။ ယခုထိကား သူသည် သူ့အဖေတွင် အပြစ်မရှိဆိုသည်ကိုသာ စဉ်းစားလာခဲ့သည်။ တကယ့် လူသတ်သမားအကြောင်းကိုကား သူ မစဉ်းစားခဲ့မိသလောက် ဖြစ်နေသည်။ သူသွားမည့်လမ်းပေါ်တွင် ယခုမှ အရိပ်မည်းကြီးတစ်ခု ဖြတ်၍ကျလာသကဲ့သို့ ရှိနေ၏

အကြာကြီး ငြိမ်သက်နေရာမှ သူက အရဲစွန့်၍ "ရော်ကာဆိုတဲ့ လူကော ဘယ်နှယ့်လဲ" ဟု မေးလိုက်၏။

ဆွမ်းက ခေါင်းကို စိတ်မရှည်သလို ရမ်းလိုက်၏။

"သူနဲ့ မဆိုင်ပါဘူး၊ ဒီအကောင် လူသတ်ရဲတဲ့ သတ္တိမရှိပါဘူး။ သူက သူ့ကိုသူ လွတ်အောင်သာ ရှန်းတတ်တဲ့အကောင်ပဲ။ အရေပြားကလေးတောင် အပွန်းအပဲ့ခံဝံ့တဲ့ကောင် မဟုတ်ဘူး။ အင်း၊ အရေပြားဆိုမှ သတိရတယ်" ဟု ဆိုကာ လူမမာ၏ နှုတ်ခမ်းများရွဲ့သွားကာ " သေသူအနီးမှာ တွေ့ရတယ်ဆိုတဲ့ ပိုက်ဆံအိတ်ဟာလေ။ ယုံချင်ယုံ မယုံချင်နေ၊ အဲဒီ ပိုင်ရှင်ရှာမတွေ့တဲ့ ပိုက်ဆံအိတ်ဟာ ကမ္ဘာပေါ်မှာ အနူးညံ့ဆုံးသားရေနဲ့လုပ်ထားတာကွ။ လူ့သားရေ" ဟု ဆိုလိုက်၏။

တခဏမျှ လုံးဝငြိမ်သက်သွားသည်။

ထို့နောက် ဆွမ်းက ပြောလက်စလေသံအတိုင်း ခါးသီးစွာပင် ဆက်လက်၍ "အဲဒီတော့ မင်းဖမ်းမိဖို့က အဲဒီလို ပစ္စည်းမျိုးကို လက်ဝယ်ထားပြီး အသုံးပြုလောက်အောင် စိတ်မမှန်တဲ့လူမျိုးကို အရင်က မျက်စိရှန်းပြီး ကျန်ခဲ့တဲ့အထောက်အထားတွေနဲ့ ဆက်စပ်ပြီးယူရင် မင့် လူသတ်သမား မိရောပေါ့ကွယ်" ဟု ပြောပြီး မနှစ်မြို့သည့် အမူအရာဖြင့် မျက်နှာတလှုပ်လှုပ် တုန်လာကာ "ဆယ့်ငါးနှစ်လောက် ကြာသွားမှတော့ ဟိုတုန်းကထက် လွယ်ပါလိမ့်မယ်" ဟု ဆိုလိုက်၏။

ပေါလ်လည်း "အမယ်လေး ဘုရား၊ ဘုရား၊ ကျွန်တော် ခင်ဗျား ဆီက အကူအညီကို လိုပါတယ်။ ကျွန်တော့်ကို တတ်နိုင်သမျှ ကူညီပါဦးဗျာ" ဟု ဆိုလိုက်မိ၏။

ဆွမ်း၏ မျက်နှာအမူအရာ ပြောင်းသွားသည်။ သူသည် ပေါလ်အား မျှော်လင့်ချက်ကုန်ဆုံးတော့မတတ် ဖြစ်နေသည့် အကြည့်ဖြင့် ကြည့်လိုက်၏။

"အေးလေ၊ မင်းဆက်လိုက်ရမှာဖြင့် လူဆွဲပြရာမှာ လူသတ်သမားအစစ်ကို မပြနိုင်ဘဲ၊ မဟုတ်တဲ့ မင်းအဖေကို ဆွဲပြသွားတဲ့ ဒီအမှုက အဓိကသက်သေနှစ်ယောက်ဖြစ်တဲ့ အက်ဒဝပ်ကောလင်းနဲ့ လူဝီဇာဘတ်တို့အကြောင်း ထပ်ပြောရသေးတာပေါ့"

"ဘတ်နဲ့ကောလင်းတို့ ဌာနချုပ်ကိုလာပြီး ဆုငွေထုတ်ကြတော့ ငါကလဲ အဲဒီမှာ တာဝန်ကျနေတယ်။ ငါပြောခဲ့တဲ့အတိုင်းပဲ၊ ဒီနှစ်ကောင်ကို ငါနည်းနည်းမှ မသင်္ကာဘူး။ စိတ်ကောင်းကလေးရှိတဲ့ လူပျော့ကလေးကောလင်းကို ဒါလောက်မဟုတ်ဘူး။ ဒီ ဆယ့်ခုနစ်နှစ်သမီး၊ လူဝီဇာဘတ်ကတော့ တကယ့်ကို စောင့်ကြည့်ထိုက်တဲ့ မိန်းကလေးမျိုး။ သူတို့ကို ဘေးက အခန်းကလေးတစ်ခုထဲထည့်ပြီး အစောင့်ခိုင်းထားတယ်။ သူတို့ စောင့်နေကြတုန်းမှာ ငါက ကပ်ရက်အခန်းက ငါ့စားပွဲမှာ အလုပ်လုပ်နေတယ်။ တို့ဆီမှာ စီစဉ်ထားတဲ့ ကရိယာတွေနဲ့ သူတို့ပြောကြတာတွေကို ဘာမဆိုကြားနိုင်တယ်။ ငါ ရေးမှတ်လဲထားတယ်။ အစတော့ သိပ်မပြောကြဘူး။ နောက်တော့ ကောလင်းက ကြောက်လန့်နေတဲ့ လေသံနဲ့ "ငါတို့ ငွေရမှာတဲ့လား" လို့မေးလိုက်တယ်။ လူဝီဇာက "ရမှာပေါ့ဟဲ့၊ မပူပါနဲ့" လို့ ပြန်ပြောတယ်။ ပြီးတော့ တကယ့်လေအေးကလေးနဲ့ သူက "ဒါတင်ဘယ်ကဦးမလဲဟဲ့" လို့ ထပ်ပြောတယ်။ အက်ဒဝပ်က "ဘာကို ဆိုလိုတာလဲ" လို့မေးတော့ လူဝီဇာက ရယ်ရယ်မောမောပဲ "ငါ့မှာ နင့်ကို အံ့ဩသွားအောင် လုပ်ဖို့ ဝှက်ဖဲတစ်ချပ်တောင် ရှိပါသေးတယ်" လို့ ပြန်ပြောတယ်။ ဒီစကားကြောင့် ကောလင်းလဲ စိတ်အနှောင့်အယှက် ဖြစ်သွားရဟန်တူတယ်။ အတော်ကြာအောင် စကားမပြောဘဲ နေပြီးမှ အရင်ကလဲ ဒီစကားကို အထပ်ထပ်ပြောဖူးသလို အလွတ်ရနေတဲ့လေသံနဲ့ "မက်ထရီတော့ ဟုတ်ပါတယ်နော် လူဝီဇာ" လို့ မေးသံကြားရတယ်။ ဒီတော့ လူဝီဇာက "တိတ်တိတ်နေစမ်း။ အခုမှ နောက်ဆုတ်လို့ ဘယ်ရတော့မလဲ။ တို့ သူ့ကို နစ်နာအောင်လုပ်တာ မဟုတ်ဘူး၊ တို့ မပြောလဲ သက်သေအထောက်အထားတွေနဲ့ပဲ။ သူကတော့ ခံရမှာပဲ။ ပြီးတော့ ကြိုးဒဏ်လဲ မခံရပါဘူး။ ပုလိပ်ကို ဆန့်ကျင်လို့ ကောင်းကျိုးမပေးဘူးဆိုတာ နားမလည်ဘူးလား အရူးရဲ့။ ပြီးတော့ အခြေအနေက နင်ထင်တာထက် ကောင်းလာမှာပါဟယ်။ မနေ့တနေ့ကပဲ ငါ အနံ့ရထားပါတယ်" တဲ့။ ပြီးတော့ သူက အိပ်မက်မက်နေတဲ့ လေသံနဲ့ "ကြည့်နေ အက်ဒဝပ်ရဲ့၊ ငါ သူဌေးမကြီးလို နေပြလိုက်မယ်။ မိဖုရားကြီးလိုပေါ့၊ ခိုင်းစရာ စေစရာ လူတွေဘာတွေနဲ့၊ တလောကလုံးကို အရွဲ့တိုက်ပြီး နေပြလိုက်မကွယ့်။ ဘယ် ရုပ်အကျီတထည်မှ မီးပူမတိုက်တော့ဘူး" တဲ့။

ဆွမ်းသည် အသက်ရှူရန် ခေတ္တနားလိုက်ပြီး ပေါလ်၏မျက်နှာကို တည့်တည့်ကြည့်ကာ စကားဆက်ပြောလေသည်။

"သူတို့ ပြောကြတာတွေကတော့ ဒါပဲ။ ဒါပေမဲ့ ငါ သံသယဖြစ်တဲ့ အတိုင်းဟုတ်တယ်ဆိုတာ ခိုင်လုံသွားအောင် သိလိုက်ရတာပါပဲ။ ဘတ်ဟာ သူ့ပါးစပ်ကပဲ ဖွင့်ပြီးဖော်သွားတာပဲ။ သူက လူသတ်သမားကို မြင်ခဲ့တယ်။ ပုံပန်းသဏ္ဍာန်ကို ဖော်ပြတယ်။ အဲဒီ ပုံပန်းသဏ္ဍာန်က မက်ထရီနဲ့မကိုက်တော့ သူ ပြင်ပြောတယ်။ ဌာနချုပ်မှာ ပုလိပ်က စစ်တာတို့ မေးတာတို့ စုံစမ်းတာတို့လဲ အတော်လုပ်လိုက်ဟန်တူတယ်။ ဘတ်ကလဲ သူ့ထွက်ချက်ကို တညီတညွတ်ထဲဖြစ်အောင်လုပ်တယ်။ အားလုံးအထောက်အထားတွေက အပြစ်ရှိတဲ့ လူဟာ မက်ထရီပဲလို့ ညွှန်ပြနေကြပြီကိုး။ ပြီးတော့ အာဏာပိုင်တွေနဲ့လဲ မျက်နှာရချင်သေးတယ်၊ ထင်ပေါ်ချင်တယ်။ ဓာတ်ပုံရိုက်ရင် ရှေ့ကပါချင်တယ်။ ပြီးတော့ ဆုငွေ လိုချင်တာပေါ့လေ။ ကောလင်းကို ဆွဲထည့်လိုက်တာလဲ သူ့သြဇာနဲ့ပဲ။ သူ့ဟာသူလဲပဲ သူမြင်ခဲ့တာဟာ မက်ထရီပဲလို့ ဇွတ်အောက်မေ့လိုက်တာလဲ ဖြစ်နိုင်တယ်။ သူ့လို မိန်းကလေးမျိုးအဖို့ ဖြစ်နိုင်ပါတယ်။ ပြီးတော့ အားလုံးပြီးတဲ့အခါ သတင်းစာခေါင်းစည်းတွေ၊ ကြော်ငြာတွေ၊ အမှုကြီးတစ်ခုလုံးနဲ့ ပတ်သက်တဲ့ ဓာတ်ပုံပြထားတာတွေ ကြည့်ပြီးတဲ့အခါ အမှုစစ်ရာမှာ မပါဘဲ ကျန်ခဲ့တဲ့ဟာတွေ အားလုံးကို သူတွေးမိပါလိမ့်မယ်။ ပြီးတော့ သူ့ဟာသူ သူမြင်ခဲ့တဲ့လူဟာ အယ်လဒန်မှာ သွားရင်းလာရင်း တွေ့ဖူးမြင်ဖူးတဲ့လူထဲက တစ်ယောက်ပဲဆိုတာ တရေးရေးတော့ ပေါ်လာပါလိမ့်မယ်။ အဲသလို တွေးတောရင်းက ရုတ်တရက် ဆိုသလိုပဲ ဒါ ဘယ်သူဖြစ်နိုင်တယ်ဆိုတာ သတိရလိုက်တော့၊ ကံအားလျော်စွာ ဆိုပါတော့၊ ဒါဟာ တကယ့် အခွင့်အရေးပေါ့။

"ငါ့မင်းကြီးဆီ ငါ သွားပြောသင့်ပေမဲ့ ငါ မသွားတော့ဘူး။ အမှုရဲ့ စောစောပိုင်းတုန်းက ငါက သူ့ကို အတော်ကလေး စိတ်အခန့်မသင့်အောင် လုပ်ထားတော့ အခု ငါပြောတာကိုလဲ သူနားထောင်ချင်မယ် မဟုတ်ဘူး။ ဒါ့အပြင် အရင်တစ်ပတ်က သူက ငါ့ကို အလုပ်တာဝန်ပေါ့လျော့မှုနဲ့ သတိပေးထားတော့ တို့ချင်းက သိပ်မတည့်ကြဘူးလို ဖြစ်နေတယ်။ ဒါနဲ့ ခဏတော့ ငါသိထားတာတွေ ပြန်စဉ်းစားပြီး နောက်ဆုံးမှာတော့

ဝေါ်လ်တာဂျစ်လက်ဆိုတဲ့ ရှေ့နေတစ်ယောက်ဆီသွားပြီး အကြံဉာဏ်တောင်းမိတယ်။ ဂျစ်လက်ကတော့ ငါ သဘောအကျဆုံး အယုံကြည်ဆုံးလူပဲ။ သူကလဲ ငါ့ကို ခင်တယ် ထင်ပါတယ်။ သူက ငါ့ကို ဘာအကြံပေးတယ်ထင်လဲ။ 'ဒီကိစ္စနဲ့ ကင်းကင်းရှင်းရှင်းနေ'တဲ့ကွ။ သူက ပုလိပ်အဖွဲ့ထဲမှာ ငါ့နာမည် မကောင်းဘူးဆိုတာ သိတယ်။ သူက ငါ အရက်သောက်တာလဲ သိလို့ ငါ အခုတွေ့တဲ့အထောက်အထားကို သိပ်ယုံကြည်ပုံမရတာလဲ ဖြစ်နိုင်တယ်။ သူက 'ဟေ့ ဂျင်မီ တဆိတ်ကွာ၊ ပဒ္ဒအုံကိုတော့ တုတ်နဲ့ မဆွလိုက်ပါနဲ့' တဲ့ကွ။ ဒီတော့ ငါ ဘာလုပ်သလဲ။ ငါ့စိတ်ထဲမှာကလဲ ရှုပ်ထွေးပြီး ဒါကို ဖျောက်ဖျက်လို့လဲ မရနိုင်တာနဲ့ အရက်ကို မူးအောင်သောက်ပြီး အလုပ်ဆင်း၊ မူးရူးပြီး၊ အင်း ကျန်တာတော့ မင်းသိရောပေါ့။ ငါ ထောင်ထဲက ထွက်လာတော့ ဘာမှကို ဂရုမစိုက်တော့ဘူးကွာ"

ဆွမ်း၏အသံသည် တဖြည်းဖြည်း တိမ်၍တိမ်၍သွားသည်။ ထို့နောက် အဆက်မပြတ် ချောင်းဆိုးကာ တစ်ခါတည်း ငြိမ်သွားသည်။ ထို့နောက် သူ့မှာ နောက်ထပ် ဘာမှ ပြောစရာ မရှိတော့သလို လက်ခါပြလိုက်၏။

မတုန်မလှုပ် ကျောက်ရုပ်လို တောင့်တောင့်ကြီး နားထောင်နေရာမှ ပေါလ်က တိတ်ဆိတ်ခြင်းကို ဖြိုခွင်း၍ မေးလိုက်သည်။

"အခု သူတို့ ဒီမှာ ရှိကြသေးသလား၊ ဘတ်တို့ ကောလင်းတို့လေ"

"ကောလင်းကိုတော့ မင်း မိတော့မှာ မဟုတ်ဘူး။ သူက လွန်ခဲ့တဲ့ နှစ်အတော်ကြာကပဲ အိမ်ထောင်ပြုပြီး နယူးဇီလန်ကို အပြီးပြောင်းသွားပြီ။ ဒါပေမဲ့ ဘတ်ကတော့ ဒီမှာပဲ ရှိသေးတယ်။ ဟုတ်တယ်၊ ဘတ်၊ လူဝီဇာဘတ်ကလေး၊ မြတ်စွာဘုရား၊ တကယ့်ကောင်မလေးပါပဲ။ ဒီ အရှုပ်တော်ပုံကြီးတစ်ခုလုံးမှာ သူက အခရာပေါ့" ဟု ဆိုကာ ဆွမ်းလည်း ခေတ္တနားနေပြီး "သူ့ဆီက တစ်ခုခု ရဖို့ဆိုတာကတော့ အတော်ကလေး ကျဲသားလားကွယ်" ဟု ဆက်ပြောလိုက်သည်။ "သူ့ကို ဘယ်မှာ တွေ့နိုင်မလဲ" ဟု ပေါလ်က မေးလိုက်၏။ "သူက အထက်တန်းစားမိသားစု အိမ်တအိမ်မှာ အလုပ်လုပ်နေတယ်။ အဲဒါကိုကလဲ သူဟာ လူကောင်းသူကောင်းတွေကို ယုံကြည်အောင်လိုမ့်တတ်တယ်ဆိုတာ ပြတာပဲ"

ဆွမ်းသည် သူ၏ ခေါင်းအုံးအောက်မှ အသေးစိတ်ကလေးများ ရေးမှတ်ထားသည့် စာရွက်ငယ်တစ်ခု ထုတ်ယူလိုက်ပြီး တစ်စုံတစ်ရာမပြောဘဲ ပေါလ်အား လှမ်းပေးလိုက်၏။ ပြီးမှ

"ကဲ ရော့။ အဲဒါ" ဟု ခပ်သဲ့သဲ့မျှ ပြောရင်း "မင်းအဖို့ သိပ်အကျိုးရှိမယ်တော့ မထင်ပါဘူး။ ကဲ၊ သည်းခံတော့ကွာ။ ငါ မင်းအတွက် အတော်ပြောလိုက်ရတာပဲ။ ဒီထက် ပိုမပြောတော့ဘူး။ ငါလဲ နည်းနည်းမှ နေမကောင်းဘူးကွ။ အိပ်ချင်တယ်" ဟု ပြော၍ ဘေးစောင်းစန့်စန့် အိပ်ကာ စောင်ကို မေးအထိ ဆွဲခြုံလိုက်၏။ ဤကား သူနှင့်တွေ့ဆုံသည့် ကိစ္စ ဤတွင် ပြီးပြီဆိုသည့် အထိမ်းအမှတ်ပေတည်း။

ပေါလ်လည်း ထိုင်ရာမှ ထလိုက်၏။ သူက စကားပြောတော့ သူ့အသံမှာ တုန်နေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော် မကြာခင် တစ်ခေါက် လာဦးမယ်" ဟု ရိုးသားစွာ ပြောလိုက်၏။

ပေါလ်လည်း ညှိုးချုံးပါးလျလျက် မလှုပ်မယှက် အိပ်နေပြီဖြစ်သော ဆွမ်းအား တစ်ချက်မျှ ကြည့်လိုက်ပြီး ချာခနဲလှည့်ကာ အဆောင်ထဲမှ ထွက်ခဲ့လေ၏။ လှေကားများမှဆင်းခဲ့တော့ သူ၏ရင်သည် မျှော်လင့်ချက်အသစ်ဖြင့် တဒိတ်ဒိတ်ခုန်လျက်ရှိလေသည်။ ဆွမ်းသည် သူ့အား သူမျှော်လင့်ထားသည်ထက် ကျော်လွန်ကာ ကူညီလိုက်ပေသည်။ သို့တိုင်အောင် သူ့စိတ်ထဲတွင် ဤလူမမာကြီးသည် သူ မပြောချင်တာတစ်ခုခု ဖော်ထုတ်ရမှာ ကြောက်သလို ဖြစ်နေကာ တစ်ခုခုကို ထိန်ချန်ထားသေးသည်ဟု မထင်ဘဲ မနေနိုင်အောင် ရှိ၏။ နောက်တစ်ခေါက် သူ ဆေးရုံကိုလာသည့်အခါတွင် ဒါကို သိစေရမည်ဟု စိတ်ထဲက အောက်မေ့ထားခဲ့လေသည်။

*

## အခန်း – ၁၂

နောက်တစ်ရက်ညနေ အလုပ်ဆင်းချိန်တွင် ပေါလ်သည် မာ့ခ်နှင့်ချိန်းချက်ပြီး ဘိုနန်ဇာစတိုး၏ အပြင်ဘက်တွင် တွေ့လေ၏။ မာ့ခ်က စောစောကပင် တယ်လီဖုန်းဆက်ထားသည်။ သူသည် ပေါလ်အား တွေ့ရသည်ကိုပင် သဘောကျလျက်ရှိဟန်တူသည်။ သူတို့တွေ့ကြ၍ လက်ဆွဲနှုတ်ဆက်ကြပြီး မာ့ခ်က ပေါ့ပါးရွှင်လန်းစွာပင်

"ကျွန်တော်တို့ ဒီနေ့ည စ,ကြမယ်" ဟု ပြောလိုက်သည်။

ပေါလ်က "ဟုတ်ပြီ၊ ပထမ တခုခု စားကြဦးစို့လား" ဟု ပြောသည်။

"ကျွန်တော် မစားတော့ဘူး။ ညနေ ငါးနာရီက ကျွန်တော် နည်းနည်းစားထားတယ်။ ဒါပေမဲ့ ခင်ဗျားကော"

"ကျွန်တော်က ကိစ္စမရှိပါဘူး"

သူတို့နှစ်ယောက် လူသွားလူလာများလှသော လမ်းဘေးပလက်ဖောင်းအတိုင်း လျှောက်လာခဲ့ကြတော့ မာ့ခ်က စိတ်လှုပ်ရှားစွာပင် "ကျွန်တော်ဖြင့် ခင်ဗျားဆီ တယ်လီဖုန်းဆက်ပြီးကတည်းက စိတ်စောနေခဲ့တာ။ ပြောစမ်းပါဦးဗျာ့ လူဝီဇာဘတ်ရဲ့အကြောင်း" ဟု ဆိုလိုက်သည်။

ပေါလ်မှာ တိတ်ဆိတ်နေသည်။ မာ့ခ်ဗူလျာ၏ အကဲခတ်ရခက်သော စိတ်ကြောင့်တစ်ကြောင်း၊ ဤကိစ္စကို အပျော်စွန့်စားခန်းရှာသလို ခပ်ပေါ့ပေါ့နိုင်လှသည့် သူ့သဘောထားကြောင့်တကြောင်း သူနှင့်ပေါင်းမိတာ သင့်မှသင့်ပါလေစဟု သံသယပင်ဖြစ်ရ၏။ သို့ရာတွင် မာ့ခ်က သူ့အား လိုလိုချင်ချင် ကူညီထားသည့် ကျေးဇူးကလေးက ရှိနေပေသည်။ ထို့ကြောင့် တစ်ခဏ စဉ်းစားနေပြီး သူ စကားပြန်ပြောလိုက်သည်။

"ဘတ်က အိမ်ဖော် လုပ်နေသတဲ့။ သိပ်မဟန်လို့နဲ့တူတယ်။ ဒီနေ့ ညနေ သူအားတာပဲ။ သူ့ ပုံပန်းဘယ်လို၊ သူ့ကို ဘယ်မှာတွေ့နိုင်မယ်ဆိုတာတွေ အတော်အသင့် သိထားတယ်"

မာ့ခ်က "ကောင်းပါပေ့ဗျား။ ခင်ဗျားထွက်လာတော့ ဆွဲမိ ဘယ်လိုနေသလဲ" ဟု မေးသည်။

ပေါလ်က ခေါင်းရမ်းပြကာ သူ့အား တစေ့တစောင်းကြည့်လိုက်၏။ မာ့ခ်မှာ စောစောကလို သိသိသာသာ စိတ်လှုပ်ရှားမှုများ မရှိတော့။

"ပိုဆိုးလာသလား" ဟု သူက မပွင့်တပွင့်မေး၏။

"ကျွန်တော် ဆေးရုံ နေ့လည်စာစားချိန်မှာ သွားတွေ့တယ်။ သူက ရောဂါသည်းလို့ ဧည့်သည် လက်မခံနိုင်ဘူး"

ထို့နောက် သူတို့ တိတ်ဆိတ်စွာပင် ပန်းခြံထဲသို့ ဖြတ်၍ လမ်းလျှောက်လာကြ၏။ ထိုနောက် ဆောင်းရာသီအတွက် ကာရံထားသဖြင့် ညနေ မှောင်ရီရီတွင် အမြင်တမျိုးဆန်းနေသော ဘင်ခရာရုံအနီးမှ ဖြတ်ကာ အလှအပလုပ်ထားသည့် ရေအိုင်ကလေးနှုတ်ခမ်းကို ပတ်လျက် မြို့တော်စည်ပင်သာယာရေး အနုပညာပြတိုက်နှင့် သဘာဝသမိုင်းပြတိုက်တို့၏ အထက်မှ မြောက်ဘက်ကုန်းစောင်းများဆီသို့ ရောက်ခဲ့ကြ၏။ ထိုမှတဖန် သူတို့သည် သစ်ပင်အုပ်သောလမ်းကလေးများ ပတ်ရံထားသည့် အိမ်လှလှကြီးများ၊ လေ့ကားထစ် ကျယ်ကြီးများရှိရာ ပေါ်လောက်ကုန်းပေါ်သို့ ရောက်ခဲ့ကြသည်။ ဤသို့ လှပခန့်နားသော လူကုံထံတို့၏နေရာနှင့် ဆက်လျက်တွင်ကား ကျောက်တုံးကလေးများခင်းသည့် လမ်းကျဉ်းများ၊ လူနေအိမ် လုပ်ထားသည့် မြင်းဇောင်းများ၊ ဆိုင်ငယ်ကလေးများနှင့် ရှိုင်းယတ်အုတ်ခဲအမည်ရှိ အရက်ဆိုင်ငယ်ကလေးတစ်ခုအပါအဝင် ပွတ်သိပ်နေသော လူနေရပ်ကွက်တစ်ခုပေတည်း။

ပေါလ်က ဆိုင်းဘုတ်ကလေးကို မြင်ရသည်ဆိုလျှင်ပင် "အဲဒီဆိုင်ပဲ။ ကျွန်တော် ခင်ဗျားကို သတိထပ်မပေးတော့ဘူးနော်။ ဘာပြောရမှန်းမသိရင် ဘာမှ မပြောဘဲနေလိုက်" ဟု ပြောလိုက်သည်။

သူတို့သည် လမ်းကျဉ်းကလေးကိုဖြတ်၍ မီးလင်းနေသော မှန်ကူကွက်ပြူတင်းများဆီသို့ကူးကာ အရက်ဆိုင်ကလေး၏ ဆင်နားရွက်တံခါးကို တွန်းပြီး ဝင်ခဲ့ကြလေ၏။

အရက်ဆိုင်ကား ဟောင်းနွမ်းနေသော်လည်း အထက်တန်းစားလက္ခဏာများ ပေါ်လွင်လျက် အမွေးတုံးနေပြီဖြစ်သော ကော်ဇောအုပ်သည့် ပရိဘောဂများဖြင့် တန်ဆာဆင်ထားသည်။ မီးအုပ်ဆောင်းများမှာလည်း အနားများဖွာလျက်ရှိကြ၏။ နံရံများတွင်ပေါ်ကား ပြိုင်မြင်းကျော်များ၏ ပုံတူကားများကို ချိတ်ဆွဲပြသထားသည်။ အရက်ကောင်တာတစ်ဝိုက်၏ နောက်တွင်ရှိသော ရွှေဘောင်တပ် မှန်ကြီးတစ်ချပ်မှာ ကွဲအက်နေပြီဖြစ်၏။ ညမှောင်စဖြစ်၍ လူများ တဖွဲဖွဲရောက်လာစဖြစ်၏။ အများအားဖြင့်ကား ကုန်သည်ဈေးသည်များ ဖြစ်ကြပြီး နောက်ကျနေသော လက်မှုပညာသည် တချို့လည်းပါသည်။ ပေါလ်တို့လည်း ပြောင်နေအောင် ပွတ်ထားသော ဝက်သစ်ချစားပွဲကြီးတစ်ခုဆီသို့ သွားကြကာ ဗျစ်ခါးနှစ်ဖန်ခွက်မှာပြီး အခန်းတွင်းသို့ သတိကြီးစွာဖြင့် လှည့်ပတ်ကြည့်လိုက်၏။

ပေါ်က မာ့ခ်ဘက်သို့လှည့်၍ "မရောက်သေးဘူးဗျာ။ သိရသလောက်တော့ ကျုပ်တို့ ဒီည ကံမကောင်းဘူးနဲ့ တူတယ်" ဟု ဆိုလိုက်၏။

သူက ဤသို့ပြောလိုက်သည်နှင့် ဆင်နားရွက် တံခါးကလေးပွင့်လာပြီး အမျိုးသမီးတစ်ယောက် ဝင်လာကာ ဤဆိုင်သို့ လာနေကျဟန်ပန်မျိုးဖြင့် ထောင့်ကျကျ သုံးဘက်ပိတ်အကန့်တစ်ခုဆီသို့ လျှောက်သွားသည်။ ပေါလ်မှာ လည်ပင်းကြောများတင်းလာအောင် ထူးထူးဆန်းဆန်း ကြည့်ရင်းက ဤအမျိုးသမီးသည် လူဝီဇာဘတ်ဖြစ်သည်ဟု သိလိုက်၏။ အမျိုးသမီးသည် အပေါ်စား အကွက်ဆင်ဝတ်စုံကိုဆင်လျက် လက်အိတ်အဝါနှင့် ခပ်ဆန်းဆန်း လက်ပွေ့အိတ် ကိုင်လာသည်။ သူ့ကိုကြည့်ရသည်မှာ သာမန်မိန်းမတစ်ယောက်ဖြစ်ပြီး၊ အိမ်ဖော်တစ်ယောက် ညနေခင်းအားလပ်ချိန်တွင် ထွက်လာမှန်း သိပ်သိသာနေသောကြောင့် ပေါလ်မှာ ရင်ခုန်လျက်ကပင် ဘာလုပ်ရမှန်းမသိအောင် ခဏမျှ ထိုင်ငေးနေမိလေ၏။

အမျိုးသမီးသည် စားပွဲတွင် အကျထိုင်၍ ဂျင် ခွက်အသေးတစ်ခုမှာကာ လက်ပွေ့အိတ်ထဲက ပစ္စည်းများနှင့် စာရင်းရှုပ်နေပြီးမှ အရက်ဆိုင်ခန်းအတွင်းလှည့်ပတ်၍ မျက်စိကစားလိုက်လေ၏။ ပေါလ်က အကြည့်ချင်းဆုံမိသောအခါ မသိမသာပြုံးပြလိုက်သည်။ အမျိုးသမီးသည် အနောက်အပြောင် ခံရသည့်အလား တစ်ဖက်သို့ လှည့်သွားပြီး နှစ်မိနစ်ခန့်ကြာသော် စိတ်ဆိုးသည့်ဟန်ဖြင့် သူတို့ဘက်သို့ လှည့်ကြည့်ပြန်သည်။ ဤတစ်ကြိမ်တွင် ပေါလ်သည် ထိုင်ရာမှထကာ သူထိုင်နေသည့် ကန့်ကလေးသို့ သွားလိုက်သည်။ ဤအပြုအမူမျိုးသည် သူ၏စရိုက်နှင့် မည်သို့မျှ မအပ်စပ်လှသော်လည်း သူ့မှာ ရင့်ကျက်တည်ငြိမ်လျက်ရှိသဖြင့် ဣန္ဒြေရလှပေသည်။ ထို့နောက် အေးအေးလူလူပင် နှစ်လိုဖွယ်အပြုံးဖြင့် နှုတ်ဆက်လိုက်၏။

အမျိုးသမီးက ခဏမျှငြိမ်နေပြီး "ကျွန်မကို နှုတ်ဆက်နေတာလား" ဟု မေးလိုက်၏။

"ဟုတ်ပါတယ်။ ခင်ဗျားတစ်ယောက်ထဲဆိုရင် ကျွန်တော်တို့ အဖော်ရှိအောင် လာလို့ရမလားလို့ပါ"

"ကျွန်မတစ်ယောက်ထဲ မဟုတ်ပါဘူး။ ကျွန်မ မိတ်ဆွေတစ်ယောက်ကို စောင့်နေတာပါ"

"သြော်"

"သူ ဒီည လာနိုင်ချင်မှတော့ လာနိုင်မှာပေါ့လေ။ မိုးချုပ်အောင် အလုပ်လုပ်နေရတာရှင့်။ သူက တကယ့်အရေးပါတဲ့လူ မဟုတ်လား"

"သူ လာနိုင်မယ် မဟုတ်ပါဘူး၊ ထားလိုက်ကြပါစို့လေ။ သူ့အဖို့ အဆုံးအရှုံးဟာ ကျွန်တော်တို့အဖို့ အမြတ်ပေါ့။ တစ်ခုခုသောက်ပါ"

"ဟင့်အင်း၊ မသောက်ပါဘူး။ ကျွန်မ သောက်လေ့တော့ မရှိပါဘူး။ ဒါပေမဲ့ ရှင်က သောက်စေချင်ရင်တော့"

ပေါလ်သည် ပခုံးပေါ်မှ ကျော်၍ မာ့ခ်အား လက်ပြ၍ ခေါ်လိုက်သည်။ မာ့ခ်လည်း သူ့ဖန်ခွက်ရော ပေါလ်၏ဖန်ခွက်ပါယူ၍ အခန်းကန့်လေးဆီသို့ ရွှေ့လာခဲ့သည်။

"ကျွန်တော့် သူငယ်ချင်းနဲ့ မိတ်ဆက်ပေးပါရစေ"

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်။ ကျွန်မ ကတ်ပြား မေ့လာခဲ့လို့ ကျွန်မနာမည်က မစ္စဘတ် ပါတဲ့ရှင့်"

သူတို့အားလုံးထိုင်မိကြတော့ အမျိုးသမီးသည် နောက်သို့ အနည်းငယ်ဆုတ်၍ အထက်တန်းစား အမျိုးသမီးကြီးတို့၏ ဟန်ပန်ဖြင့် သူ့အဝတ်ကို သပ်ရပ်အောင် ပြုပြင်လိုက်ပြီး အရက်ခွက်ကို ဟန်ပါပါကိုင်လျက် မော့ချလိုက်လေသည်။

"ကဲ၊ ဒီတစ်ခါ ကျွန်တော့် အလှည့်။ ကဲ၊ ဘာသောက်မလဲ" ဟု မာ့ခ်က မေးတော့ လူဝီဇာဘတ်က "ကျွန်မကတော့ သောက်လက်စအတိုင်းပဲရှင့်၊ ဂျင် ပေးပါ" ဟု ဆိုလိုက်၏။

"မေမေ့ အသည်းစွဲကလေးလား" ဟု ဆိုကာ မာ့ခ်က ချိုရွှင်စွာ ပြုံးပြလိုက်သည်။

လူဝီဇာဘတ်က ပြန် ပြုံးမပြချေ။ သူ၏ မျက်လုံးပြာအစုံသည် နက်နက်နဲနဲကြီးမဟုတ်သော်လည်း သူတို့နှစ်ယောက်အား အကဲခတ်သလို ကြည့်လျက်ရှိ၏။ သူ၏မျက်နှာမှာ ဖြူရော်ရော်ဖြစ်ပြီး အသားအရေကြမ်းတမ်းသည်။ ပေါင်ဒါထူထူဖို့ထားသော နှာခေါင်းပေါ်တွင် မွေးညှင်းပေါက်ကြီးများမှာ ထင်ရှားလွန်းနေပေသည်။ သူ၏ ကလေးပါးစုံ့လို ပါးဖောင်းဖောင်းနှစ်ဖက်မှာ ပါးစပ်အစွန်ဆီတွင် ချိုင့်လျက်ရှိသောကြောင့် သူ၏နှုတ်ခမ်းပါးပါး စိစိကလေးများ၏ ထူးခြားသော ဟန်ဆောင်အပြုံးကလေးမှာ

အပြုံးရိပ်ကင်းမဲ့လှသော သူ၏မျက်နှာနှင့် မလိုက်လျောအောင် ဖြစ်နေ၏။ သူ၏နဖူးမှာလည်း ကျဉ်းလွန်းလှပေသည်။

အမျိုးသမီးအတွက် သောက်စရာ ရောက်လာသောအခါ ပေါလ်က သူ၏ဘီယာခွက်ကို မြှောက်ကာ "ကဲ၊ ကံကောင်းပါစေ" ဟု ဆိုကာ ဆုတောင်းလိုက်၏။

မာ့ခ်က "အခုလို ညနေမျိုးမှာသောက်ရတာ ဘာနဲ့မှ မတူအောင် ကောင်းတယ်ဗျား။ မိတ်ဆွေတွေချည့်ဆိုရင်ပေါ့လေ။ စိတ်ရွှင်လန်းစရာပေါ့။ ငြီးငွေ့စရာနေ့စဉ်အလုပ်တွေကို မေ့ထားလို့ရတာပေါ့" ဟု ပြောလိုက်သည်။

အမျိုးသမီးက သူ့ကိုယ်သူ သပ်ရပ်အောင်ပြုပြင်၍ ထိုင်လိုက်ပြီး မိန်းမတို့ဣန္ဒြေ ရှေ့ပေးလို့မရဟန်မျိုးဖြင့် "ကျွန်မက ကိုးနာရီ ပြန်ရမှာနော်။ ဒီနေ့ညတော့ ကျွန်မ တခြား ဘယ်ကိုမှ လမ်းထွက်လျှောက်နေနိုင်မှာ မဟုတ်ဘူး။ ဒီနေညတော့ မဖြစ်ဘူး" ဟု သတိပေးသလို ဆိုလိုက်သည်။

ပေါလ်က ခပ်ပေါ့ပေါ့ပင် "အေးပေါ့လေ၊ နောက်တခါတော့ ကျွန်တော်တို့ ဒီတခါထက် ကံကောင်းမှာပေါ့။ အဲဒီအခါကျတော့ လူချင်းကလဲ ပိုမိုရင်းနှီးလာကြမှာပေါ့" ဟု ပြောလိုက်သည်။

အမျိုးသမီးက ဤစကားကို အသေအချာစဉ်းစားကာ ပေါလ်နှင့် မာ့ခ်တို့အား တစ်လှည့်စီ စိုက်ကြည့်နေလေ၏။

"ရှင်တို့ ကြည့်ရတာ တကယ့်လူကြီးလူကောင်းတွေလို့ ဆိုရမှာပါပဲ၊ တချို့ကတော့ အတင်းရော အဓမ္မရောပဲ" ဟု ပြောပြီး ပေါလ်ဘက်သို့ အမှုမဲ့ အမှတ်မဲ့မဟုတ်ဘဲ လှည့်ကြည့်ကာ "ရှင်နဲ့အတူ တစ်နေရာရာမှာများ တွေ့ဘူးသလားလို့" ဟု မေးသည်။

ပေါလ်က "မတွေ့ဖူးဘူးခင်ဗျ" ဟု ဖြေလိုက်၏။

မာ့ခ်က သဘောကောင်းစွာရယ်လိုက်ပြီး "မတွေ့ဘူးတော့ သူ့အဖို့ ပျော်စရာက ပိုများလာမှာပေါ့လေ" ဟု ထောက်ပေးလိုက်သည်။

ပေါလ်လည်း အလွန်ဖျတ်လတ်သောသတိဖြင့် ဘတ်၏အကြွားအဝါကလေးများကို မြှောက်ပင့်ပေးလိုက်၊ သူ့ဟန်ထုတ်မှုကလေးများကို လေးစားဟန်ပြုလိုက်၊ သူသည် ပေါ်လောက်တောင်ကုန်းပေါ်ရှိ ဧရာမအိမ်ကြီးတစ်အိမ်၏ အိမ်မှုထိန်းသိမ်းရသည့် အမျိုးသမီးကြီးဖြစ်လေဟန် ရှင်းလင်းပြနေသည်ကို ယုံယုံကြည်ကြည် ချီးမွမ်းပြလိုက်နှင့် စကားအဆက်မပြတ်အောင် လေပင့်ပေးရလျက်ရှိလေသည်။ အတော်ကလေးသောက်မိသောအခါ ဘတ်မှာ နဂိုက ထားလာခဲ့သည့် သတိများ လွတ်စပြုလာကာ သူ၏အထက်တန်းစားဟန်ပန်က ပိုကဲလာတော့၏။ ထို့နောက် ချက်ချင်းဆိုသလိုပင် အမျိုးသမီးသည် သူ့ကိုယ်သူ သနားလာကာ သူ၏မျက်လုံးကြောင်ကြောင်ကလေးထဲတွင် မျက်ရည်များ ပြည့်လာပြန်သည်။

"ရှင်တို့လို လူကြီးလူကောင်းနှစ်ယောက်နဲ့ တွေ့ရတာ ကောင်းပါတယ်ရှင်။ ကျွန်မတွေ့ဖူးတဲ့ တချို့လူတွေလို မဟုတ်ဘူး။ ကျွန်မ မပြောတော့ပါဘူးလေ။ ကျွန်မကလဲ တကယ့်အမျိုးကောင်းသမီးဆိုတော့ ကျွန်မအခုပြောတာတွေဟာလဲ မပြောသင့်ဘူးပေါ့။ ကျွန်မကလဲ တကယ် တင်းကြပ်တဲ့ စည်းကမ်းနဲ့ ကြီးပြင်းခဲ့ရတာရှင့်။ သိရဲ့လား။ ပညာသင်တော့လည်း ပြင်သစ် မယ်သီလရှင်ကျောင်းတကျောင်းမှာပေါ့။ အိုလေ၊ အဲဒီ မယ်သီလရှင်ကျောင်းမှာက တိတ်ဆိတ်ပြီး ငြိမ်သက်နေတာပဲပေါ့။ သီလရှင်တွေဟာလဲ သိပ်ချစ်ဖို့ကောင်းတာ။ သူတို့ကလဲ ကျွန်မကို သိပ်ချစ်ပြီး၊ လက်သပ်မွေးထားကြတာပေါ့။ လူဝီဇာ ဘယ်သို့၊ လူဝီဇာ ဘယ်ညာနဲ့ ပြောမဆုံးကြဘူးပေါ့။ တစ်ချိန်လုံးပါပဲရှင်။ သီလရှင်ဆရာတော်မကြီးကဆိုရင် ကျွန်မကို ဂရုစိုက်မဆုံးပါဘူး။

မနက်ဆို အိပ်ရာထဲ မနက်စာပို့ပေးတာကအစ ညဝတ်အင်္ကျီဇာနားတတ်ပေးတာအထိ အကုန်လုပ်ပေးတာ။ ကျွန်မကလည်း ပြင်သစ်သွေးစပ်တဲ့လူဆိုတော့ တခြားလူတွေနဲ့တော့ မတူဘူးပေါ့။ ကျွန်မသာ အခွင့်အရေးအကုန်ရမယ်ဆိုရင် ဘယ်လိုဖြစ်နေမလဲဆိုတာ သူတို့အားလုံးသိကြတာပေါ့။ သူတို့က ကျွန်မ ဘယ်လို ကံဆိုးမိုးမှောင်ကျခဲ့ရတယ်ဆိုတာလဲ သိကြလို့နေမှာပေါ့လေ" ဟု ပြောရင်းက ပေါလ်နှင့်မာ့ခ်တို့၏ မျက်နှာများကို ကြည့်လိုက်ပြီး "အံ့သြသွားကြသလား" ဟု မေးလိုက်၏။

ပေါလ်က ခေါင်းကို လေးလေးပင်ပင် ရမ်းလိုက်ရ၏။ သူ့စိတ်ထဲတွင်ကား 'မြတ်စွာဘုရား၊ တကယ့် ဝမ်းတွင်းပါ အလိမ်အညာသည်ပါလား" ဟု အောက်မေ့နေမိလေ၏။

အမျိုးသမီးက ပေါလ်၏လက်မောင်းကို ဖမ်းဆုပ်လိုက်ပြီး "ရှင်တို့လေ ကျွန်မဘဝ တွေ့ကြုံခဲ့ရတာတွေကို သိစေချင်တယ်။ ကျွန်မ အဖေက တပ်ထဲက။ တပ်ထဲဆို၊ ကယ်တင်ရေးတပ်မဟုတ်ဘူး။ တကယ့် တပ်မတော်ထဲကပေါ့။ ဗိုလ်မှူးကြီးရှင့်။ အမေ့ကိုလဲ ရိုက်နှက်။ လူဆိုးပေါ့ရှင်။ အထူးသဖြင့် မူးပြီး ပြန်လာတဲ့အခါပေါ့။ စနေနေ့ည မိုးချုပ်ချုပ်တို့ ဘာတို့ပေါ့။ ကျွန်မ အိမ်က ထွက်ပြေးချင်နေတာ။ ကျွန်မက ဇာတ်စင်ပေါ် တက်ချင်နေတာ။ အောက်က လူတွေက ကိုယ့်ကို မော့်ကြည့်ပြီး လက်ခုပ်သြဘာပေးလို့ပေါ့လေ။ အိုရှင် ကျွန်မ အခါအခွင့်သာရခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲရှင်" ဟု ပြောနေပြန်သည်။

"မရခဲ့တော့ဘူးလား" ဟု မာ့ခ်က စိတ်ဝင်စားစွာ ဝင်ထောက်ပေးလိုက်သည်။

အမျိုးသမီးက ခေါင်းယမ်းပြလိုက်ပြီး မျက်လုံးများမှာ အရောင်တောက်လာကြပြန်၏။

"တစ်ခုခုဖြစ်လို့ပေါ့ရှင်။ ကျွန်မလဲ မှန်ပါတယ်နော်။ ကျွန်မ အမှန်ပြောတာပါ။ အမှန်ကလွဲလို့ လာမှ မပြောပါဘူး။ မခြွင်းမချန် မှန်တာကို ပြောတာပါ။ ဘုရားသခင် စောင်မတော်မူပါ။ အဲဒါအတွက် ဘာရလဲ သိလား။ ငွေကလေး အနည်းအကျဉ်းပါပဲ။ ဒါလဲ လေးငါးခြောက်လဆို ကုန်တာပဲရှင့်"

"ပြောပါလားကွယ်၊ ဒါဖြင့်"

လူဝီဇာက ပေါလ်အား ကြာမှုပါပါဖြင့် ကြည့်လိုက်၏။

"တယ် သိချင်ပါလား၊ ကိုသိချင်ရဲ့။ ဒါပေမဲ့ ရှင့်ကို ကျွန်မကလဲ ခင်ပါတယ်လေ။ ရှင့်ရှေ့မို့ ပြောတာမဟုတ်ပါဘူး။ ရှင်ဟာ တကယ့်လူကြီးလူကောင်းမို့ ပြီးတော့ ကြာလဲကြာလှပါပြီ။ ဘယ်သူမှ ဘာမှ မဖြစ်နိုင်ပါဘူး။ ဒီလိုလေ ဖြစ်ပုံက၊ မှန်တာပြောချမ်းသာပါရစေ။ ကျွန်မမှာ တကယ်အရေးကြီးတဲ့ အချက်တစ်ခုကို လက်ထဲမှာ ကိုင်ထားတယ် ဆိုပါတော့ရှင့်။ ဥပမာ ဒါနဲ့ရှင် ဘိုင်စကယ်အစိမ်းဆိုတာမျိုး ကြားဖူးသလား"

"ဘိုင်စကယ်အစိမ်း"

"ဟုတ်တယ် မောင်ရဲ့၊ အစိမ်းရောင်လွင်လွင်ကလေး" ဟု ဆိုကာ တခစ်ခစ်ရယ်လျက် "မြက်ခင်းလို စိမ်းစိမ်းပေါ့" ဟု ပြောလိုက်၏။

"မကြားဖူး ပါဘူး"

"တရားရုံးမှာတုန်းကလည်း အဲ့သလိုပဲ ပြောကြတယ်။ လူကြီးတစ်ယောက်က လူသတ်သမားဟာ အစိမ်းရောင်ဘိုင်စကယ်ကို စီးပြီးထွက်ပြေးသွားတယ်လို့ ကျမ်းကျိန်အစစ်ခံတော့ ရယ်ကြသေးတယ်။ ကျွန်မက သူတို့တွေ ရယ်နေရာက ငိုအောင်တောင်လုပ်နိုင်ပါရဲ့။ ကျွန်မက ယင်ယင်တုန်းက လမ်းပေါ်မှာအမြဲထွက်နေတာ။ ကျွန်မ ဒီဘိုင်စကယ်အစိမ်းတွေအကြောင်း သိတာပေါ့"

လူဝီဇာက ဆတ်ဆိုင်းဆိုင်းဖြစ်နေစဉ် ပေါလ်က မယုံကြည့်သည့် ဟန်ဖြင့် ရယ်လိုက်ပြီး "ကြံကြံဖန်ဖန်တွေ လျှောက်ပြောနေတာပဲ ထင်တယ်" ဟု ဆိုလိုက်၏။ လူဝီဇာ မျက်နှာနီသွားပြီး "အံမယ်၊ ရှင်က ကျွန်မကို လိမ်တယ် ညာတယ် မပြောပါနဲ့။ အဲဒီအချိန်က အယ်လဒန်မှာ သူတို့ကိုယ်သူတို့ နံကောင်လို့ခေါ်တဲ့ အသင်းသားတွေနဲ့ ဖွဲ့ထားတဲ့ ဘိုင်စကယ်ကလပ်တစ်ခုရှိတယ်ရှင့်။ ပြီးတော့ နံကောင်ဆိုတဲ့ နာမည်နဲ့လိုက်အောင် အသင်းသားတိုင်းရဲ့ ဘိုင်စကယ်ကို အစိမ်းရောင်လွင်လွင် သုတ်ထားကြသတဲ့ရှင့်" ဟု ပြောလိုက်သည်။

ပေါလ်က နာကျည်းဟန်ဖြင့် "ဒီလိုချည့်ပါပဲဗျာ။ တစ်ယောက်ယောက်ကို တစ်ခုခု ဆောင်ရွက်ပေးလိုက်ရပေမယ့် ကျေးဇူးတင်တော့ ခံရတတ်တာ မဟုတ်ပါဘူး" ဟု ထောက်ခံလိုက်၏။

"ကျွန်မ ကျေးဇူးတင်ခံချင်တာ မဟုတ်ပါဘူးရှင်။ ကျွန်မကို အသိအမှတ်ပြု နေရာမှန်ပေးရင် တော်ပါပြီ။ ကျွန်မတစ်သက်လုံး ဒီအိမ်ဖော်။ အဲလေ အိမ်ထောင်ထိန်းဘဝနဲ့ အရိုးထုတ်ဖို့ မျှော်မှန်းတာ မဟုတ်ဘူးရှင့်" ဟု အမျိုးသမီးက ပွင့်အန်ထွက်လာသည်။

ပေါလ်က ဤနေရာတွင် တိတ်ဆိတ်စွာနေရမည်ကို သိသော်လည်း မာ့ခ်က ဣန္ဒြေမဆောင်နိုင်အောင် စိတ်ဝင်စားလာသဖြင့် ရှေ့သို့ကုန်းကာ "ကျွန်တော်တို့ကို အားလုံးပြောပြပါလားဗျာ" ဟု ထောက်ပေးလိုက်သည်။

ဤတွင် အားလုံး တိတ်ဆိတ်သွားသည်။ ပေါလ်လည်း နှုတ်ခမ်းကို ကိုက်ကာ မျက်နှာကို ငုံ့ထားလိုက်ရသည်။ ဘတ်လည်း ဗူလျာအား လှမ်းကြည့်ကာ ဖန်ခွက်ထဲကအရက်ကို အပြီးသတ်၍ ထိုင်ရာမှ ထလိုက်သည်။

"အချိန် ကြည့်မိကြလား၊ ကျွန်မသွားရတော့မယ်"

ပေါလ်သည် သူ၏ဒေါသကို ဖုံးကွယ်လျက် အမျိုးသမီးအား ဖေးမကူညီပေးလိုက်သည်။ ထို့နောက် ပိုက်ဆံရှင်းပေးပြီး ဆင်နားရွက်တံခါးမှ ထွက်ကာ စောင့်ရှောက်ရင်းလိုက်လာခဲ့သည်။

"ဒီည တယ်သာယာတာပဲ" ဟု ဆိုကာ ကြယ်များကို မော့်ကြည့်လိုက်ပြီး "ကျွန်တော်တို့ အိမ်ကို လိုက်ပို့ပေးမယ်လေ" ဟု ဆိုလိုက်၏။

အမျိုးသမီးက ခေတ္တဆိုင်းနေင့်နေပြီး အတန်ကြာမှ ခွင့်မပြုချင်ပြုချင်နှင့် ပြုလိုက်၏။

"ကောင်းပြီလေ။ ဒါပေမဲ့ ဝင်းတံခါးအထိပဲနော်၊ ဒါပဲ"

သူတို့သည် ကျောက်တုံးခင်းလမ်းများမှ ခွာ၍ ခြောက်သွေ့ပြီးလူရှင်းနေသော မြို့စွန်လမ်းများအတိုင်း လျှောက်ခဲ့ကြသည်။ လူဝီဇာသည် ပေါလ်နှင့် မာ့ခ်ဗူလျာတို့အကြားမှ ခွာမြင့်ဖိနပ်နှင့် လမ်းတည့်အောင်လျှောက်ရင်း လမ်းပြ၍လာခဲ့၏။ ပေါလ်လည်း လူဝီဇာအား ရှေးကထက်ပို၍ ဂရုစိုက်ကာ အကြိုက်ကိုလိုက်၍ ပြောလာ၏။ မကြာမီပင် သူတို့သည် ထိပ်တိတ်ထားသော သစ်ပင်တန်းနှစ်တန်းနှင့် ယင်းတို့အလွန်မှ ဝင်းကြီး ခြံကြီး၏အလယ်မှ အုတ်ကြွပ်နီမိုးအိမ်များဆီသို့သွားသော သစ်ပင်အုပ်လမ်းကျယ်ကြီးများအတိုင်း လျှောက်ခဲ့ကြသည်။ အစွန်းမှ အိမ်ကြီးရှေ့တွင် လူဝီဇာဘတ်က ရပ်လိုက်သည်။

"အဲဒီ အိမ်ပဲရှင့်"

ပေါလ်က လှလိုက်တဲ့အိမ်ကြီးဗျာ" ဟု ချီးမွမ်းလိုက်သည်။ လူဝီဇာဘတ်က သွေးကြီးသွားသလို "ဟုတ်ကဲ့၊ ကျွန်မ အော့စ်ဝေါ့မိသားစုနဲ့ နေတယ်လေ။ တကယ် သိမ်မွေ့တဲ့ လူတွေပါရှင်"

ပေါလ်က "ဖြစ်ရမှာပေါ့လေ။ ကဲ၊ ကျွန်တော်တို့ ခင်ဗျားကို နောက် ဗုဒ္ဓဟူးနေ့မှာ တွေ့ရမလား" ဟု နှုးလိုက်၏။

လူဝီဇာက ဆုတ်ဆိုင်းဆိုင်းဖြစ်နေသေးသော်လည်း ခဏမျှသာ။

"ကောင်းပြီလေ။ ဒီနေရာ၊ ဒီအချိန်ပဲပေါ့"

"သိပ်ကောင်းတာပေါ့"

ပေါလ်က သူ၏ဦးထုပ်ကိုချွတ်ကာ လက်ကမ်းပေးလိုက်သည်။ ထိုအခိုက်မှာပင် အိမ်ကြီး၏ရှေ့တံခါး ပွင့်လာပြီး လူခပ်ကြီးကြီးတစ်ယောက်သည် ဦးထုပ်မပါ၊ လက်ထဲ၌လည်း စာအချို့ကိုကိုင်ကာ ဆေးပြင်းလိပ်တစ်လိပ်ကိုသောက်လျက် ထွက်လာသည်။ သူသည် ဝင်းတံခါးဆီသို့ လျှောက်လာပြီး ဖွင့်၍ထွက်ခဲ့၏။ လမ်းထိပ်ရှိစာတိုက်ပုံးတွင် စာသွားထည့်ရန်ဖြစ်ဟန်တူ၏။ မှောင်ထဲတွင်ဖြစ်၍ သူ၏မျက်နှာကို သဲသဲကွဲကွဲမမြင်ရ။ သို့သော် သူသည် စိတ်ကောင်းရှိပုံရသော အတွေးသမားအသွင်အပြင်ရှိပြီး သူ၏ ဆံပင်များမှာ ငွေရောင်ဖြူလွနေသည်ကို တွေ့လိုက်ရသည်။ သူက ပေါလ်တို့အနီးမှ ဖြတ်သွားရင်း လူဝီဇာအား မြင်သွားကာ ချိုသာသောအသံဖြင့် နှုတ်ဆက်သည်။

လူဝီဇာက ပြန်၍နှုတ်ဆက်လိုက်သည့် အသံမှာ စောစောကလေနှင့် လုံးဝမတူပဲ အလွန်ကျိုးနွံသည့်လေသံ ဖြစ်နေလေရာ ရယ်စရာကောင်းသလိုပင် ဖြစ်သွား၏။

ထိုလူကြီးဖြတ်သွား၍ လေထဲ၌ သူ၏ ဆေးပြင်းလိပ်ရနံ့သာ ကြိုင်လှိုင်၍ကျန်ရစ်သောအခါ လူဝီဇာလည်း မျက်စိမျက်နှာပျက်လျက် သူ့အဖော်နှစ်ယောက်အား နှုတ်ဆက်လိုက်သည်။ ထို့နောက် အဝင်လမ်းအတိုင်း လျှောက်သွားကာ လက်ဝဲဘက်မှ အိမ်ဘေးကိုပတ်၍ ဝင်သွားလေတော့ရာ ပန်းရုံများအကြား၌ ပျောက်ကွယ်သွားလေသည်။ မာ့ခ်နှင့်ပေါလ်တို့ လှည့်ထွက်သွားကြသောအခါ အိမ်ကြီး၏နောက်ဖေးတံခါး ဒိုင်းခနဲပိတ်သံ ကြားလိုက်ကြရ၏။

သစ်ပင်အုပ်သည့်လမ်းကလေးအတိုင်း သူတို့ လျှောက်၍ပြန်ခဲ့ကြတော့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြဘဲ ငါးမိနစ်မျှ တိတ်ဆိတ်နေပြီးမှ မာ့ခ်ဗူလျာက တောင်းပန်သည့်လေသံဖြင့် "စိတ်မကောင်းဘူးဗျာ၊ သူက ပြောတော့မယ် လုပ်နေမှ၊ ကျွန်တော် ဝင်ထောက်လိုက်လို့ တစ်ခါတည်း ပိတ်သွားတာ" ဟု ဆိုလိုက်၏။

ပေါလ်က တစ်ခုခု စူးစူးရှရှမပြောလိုက်မိရန် သူ၏နှုတ်ခမ်းများကို စေ့နေအောင် ပိတ်ထားလိုက်ရလေ၏။

*

## အခန်း – ၁၃

ပေါလ် သူ၏ အထပ်ခိုးကလေးသို့ ပြန်ရောက်တော့ ည ဆယ်နာရီ ထိုးလုပြီဖြစ်၏။ သူ အိပ်မပျော်နိုင်။ သူ၏ ဘီးတပ်ကုတင်ပုလေးနှင့် ခနော်ခနဲ့ မျက်နှစ်သစ်ကန်ကလေးအကြား ရသမျှနေရာကလေး၌ ခေါက်တုန့်ခေါက်ပြန်

လျှောက်ရင်း သူနှင့် အခန်းနီးချင်းတို့ထံမှ ညည်းညူကြားရတတ်သောအသံများကို မကြားတစ်ချက်ကြားတစ်ချက်ရှိ၏။ သူ့အောက်ထပ်က ဖာရစီဆေးကျောင်းသားသည် သူ၏ရေဒီယိုကို ကလိလျက်၊ တစ်ဖက်ခန်းမှ စာရင်းကိုင်စာရေးကလေး ဂျိမ်းကရော့ကက်က ဖိနပ်ဆေးတိုက်ရင်း ပျင်းပျင်းရိရိလေချွန်လျက်၊ ပင်စင်စားဘီးလစ်စာရေး မစ္စတာဂါဗင်သည် သူ၏မျက်နှာသစ်ခွက်ကို ရေဖြည့်ရန် လှေကားကို တကျွိကျွိမြည်အောင် ဆင်းသွားလျက်၊ ပေါလ်မှာ ညနေက သူကြုံခဲ့ရသည့် စိတ်လှုပ်ရှားစရာများနှင့် နပန်းလုံးလျက်ရှိလေ၏။

နောက်ဆုံးတွင် သူ အဝတ်လဲကာ အိပ်ရာထဲသို့ဝင်၍ လှဲလိုက်၏။ သူ့မှာတွေးတောစရာတွေက ခေါင်းထဲတွင် ပလုံစီထနေပြီး လုပ်စရာအလုပ်များအတွက် စိတ်တက်ကြွလျက်ရှိလေရာ တစ်ညလုံး ကောင်းစွာအိပ်မပျော်နိုင်ဘဲ ရှိလေသည်။ နံနက် အရုဏ်တက်၏ လင်းရောင်ခြည်မျှင်ကလေးများသည် အိမ်ခေါင်မိုးများပေါ်သို့ သမ်း၍ အိပ်ခန်းပြူတင်းမှုန်ညစ်ညစ်များမှ စိမ့်ဝင်လာသောအခါ သူ့မှာ ဝမ်းသာသွားလေသည်။

ထိုနေ့က တစ်နေ့လုံး ဘိုနန်ဇာစတိုးတွင် သူ့အတွေးနှင့်သူ စိတ်ပင်ပန်း၍နေခဲ့သည်။ လီနာအင်ဒါဆန်က စားသောက်ဆိုင်ဘက်မှ သူ့အတွက် နေ့လည်စာ ယူလာတော့ သူက ခါတိုင်းလို အားရပါးရမစားသည်ကို လီနာက သတိပြုမိပြီး သူနှင့် ဘာမှမဆိုင်သလို တည်ငြိမ်စွာ "ဝက်ပေါင်ခြောက် မကြိုက်ဘူးလား" ဟု မေးသည်။

ပေါလ်က သူ့အတွေးနှင့်သူ ငေးနေရာမှ သတိရကာမော့်ကြည့်လိုက်ပြီး အားယူ၍ပြုံးပြလိုက်သည်။

"ကြိုက်တယ်။ ဒီနေ့သာ သိပ်ဆာမနေလို့" ဟု ပြန်ပြောပြီး "မင်း ငါ့အပေါ်မှာ ကောင်းလွန်းပါတယ်။ ဟဲရစ်က နေ့လည်စာ ရမယ်လို့သာ ပြောတာ။ တကယ်တော့ မင်းက ကောင်းကောင်းမွန်မွန်လုပ်ပေးမှ ဖြစ်တာ" ဟု ဆိုလိုက်၏။

"ဒါက နေ့လည်စာ အစစ်မှ မဟုတ်တာဘဲရှင်။ အသားညှပ်ပေါင်မုန့်လောက်နဲ့ ဘယ်သူ ဝပါ့မလဲရှင်။ ညနေစာတော့ စားသေးတာပဲ မဟုတ်လား"

ပေါလ်မငြင်း။ သူ့မှာ တွေးတောစရာတွေ တပြုံကြီးရှိရာက လီနာက ယခုလို လာရပ်ပြီး သူ့အား စကားပြောနေသည်ကို သဘောကျမိလေသည်။ သူပြောနေပုံမှာ ပေါ့ပေါ့ဆဆ မဟုတ်။ စိတ်ထဲက မပါသော်လည်း ခပ်တင်းတင်း ခပ်မာမာ ပြောနေရသလို ပုံမျိုးဖြစ်၏။ ပေါလ်က စကားမပြောဘဲ သူ့အား စိုက်စိုက်ကြည့်နေတတ်သဖြင့် ကြာတော့ ရင်းနှီးမှုရသွားသလိုရှိသဖြင့် သူကစ၍ စကားပြောလိုက်ခြင်း ဖြစ်ပေမည်။ တစ်ယောက်နှင့်တစ်ယောက် အဖော်ကင်းမဲ့သည့် အဖြစ်ကို ရိပ်မိကြပြီး ဘဝတူချင်း ရင်းနှီးမှုဖြင့် စကားပြောခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။

"ရှင် တည်းခိုခန်းမှာ တစ်ယောက်ထဲဓာ(းရမ)။ေဃြိဃဲ့ာရက်ဆနေည–႕"ကြိုက်တယ်။င်း –၄၂.၅၆ဂ်ေင်းနီးမှုရသွားသလိုရှိသက

"ရပါတယ်။ ကျွန်မ အလုပ်ကြိုးစားတာပဲ။ ညစာထမင်းစားပွဲကြီးတွေ ဘာတွေရှိရင် ကျွန်မ ထွက်အလုပ်လုပ်တာပဲ။ အခ ကောင်းကောင်း ရတယ်ရှင့်"

ပေါလ်က "မင်း တခြားလူတွေလို ကပွဲတို့ ရုပ်ရှင်တို့ ဘာတို့ မသွားဘူးလား" ဟု စပ်စုလိုက်သည်။

လီနာက ဆတ်ကနဲ ပခုံးချီလိုက်ပြီး "ဟင့်အင်း၊ အဲဒါတော့ ကျွန်မ မသွားဘူး" ဟု ပြောလိုက်သည်။

လီနာသည် ရှေ့တည့်တည့်သို့ အမှတ်မထင် ငေးလျက်ရပ်နေပြီး ပေါလ်သောက်ပြီးသွားသည့် ကော်ဖီပန်းကန်ကိုယူကာ မပြုံးချင်ပြုံးချင် လျော့ရဲရဲ ပြုံးပြလျက် စားသောက်ဆိုင်ဘက်သို့ ပြန်သွားလေ၏။

လီနာ ပေါလ်နှင့် ရပ်စကားပြောနေသည်ကို ဆိုင်ထဲရှိ မျက်စိစူးရှသော အခြားမိန်းကလေးများက သတိထား၍ ကြည့်နေကြသည်။ အလုပ်ပါးချိန်လည်း ဖြစ်သဖြင့် လီနာ စားသောက်ဆိုင်ဘက်သို့ ပြန်လာသောအခါ နန်စီဝီလဆင်ဆိုသော မိန်းကလေးတစ်ယောက်က သူ့အနီးက အဖော်မိန်းကလေးအား တတောင်နှင့် တွက်လိုက်သည်။ သူ၏ဝတ်စုံကို ခါးပတ် အနီပြောင်၊ ဇာကွတ်ခြေအိတ် ကြယ်သီးတပ် ရှူးဖိနပ်တို့ဖြင့် လှလှပပဝတ်ဆင်တတ်သော ကုန်စျေးလမ်းသူ ခပ်လည်လည်ထဲက ဖြစ်၏။

သူက ခေါင်းကို မသိမသာ ငဲ့လိုက်ပြီး "တွေ့လားအေ့၊ မစ္စအင်ဒါဆန်တို့တော့ ဒီနေ့ ဂီတသင်တန်းအရှည်ကြီး တက်နေပါပေါ့လား" ဟု ဆိုလိုက်သည်။

ဒုတိယ မိန်းကလေးက "တယ့်နယ် တူနယ် တယ်" ဟု အသံနေအသံထားဖြင့် ဆိုလိုက်၏။

အခြားတစ်ယောက်ကလည်း "လီနာရေ၊ ညည့်စန္ဒယားကြီး ကြိုးညှိခိုင်းနေတာလားဟေ့" ဟု ပြုံးဖြဲဖြဲနှင့် နောက်သည်။

ထို့နောက်သူတို့ တခစ်ခစ်နှင့်ရယ်ကြပြီး နန်စီဝီလဆင်က သူထက်ကဲ ပြက်လုံးထုတ်ရန် အားထုတ်သည့်အနေဖြင့် "လီနာရေ သတိထားဟဲ့၊ တခါသေဘူးရင် ပျဉ်ဖိုးတော့ နားလည်မှ" ဟု ချိုသာစွာ ဆိုလိုက်သည်။

အားလုံး ကြောင်အမ်းအမ်းဖြစ်ကာ တိတ်ဆိတ်သွားသည်။ မိန်းကလေးများ ကိုယ့်အလုပ်ခွင် ကိုယ် ပြန်ဝင်သွားကြပြီး အတော်များများက နန်စီအား မျက်စောင်းထိုးလိုက်ကြသည်။ သူတို့ ပြောနေကြသည်ကို ကြားဟန်လက္ခဏာမပြသော လီနာကမူ သူ၏စာရင်းများကိုယူကာ ပေါင်းနေလေသည်။ ခါတိုင်းဆိုလျှင် သူ့အဖော်များက ဘယ်လိုပင် စစ သဘောကောင်းစွာ ပြန်လည်ချေပတတ်သော်လည်း ယခု တစ်ကြိမ်တွင်မူ သူသည် ဘာမျှ ပြန်မပြောချေ။

သူတို့ ဘာတွေ ပြောနေကြပါလိမ့် ဟု ပေါလ်၏ စိတ်ထဲတွင် သိချင်မိသော်လည်း မကြာမီပင် မေ့ပျောက်သွားသည်။ သူ့မှာ လူဝီဇာဘတ်နှင့် နောက်တစ်ကြိမ်တွေ့ရန်မှတပါး ဘာကိုမှ တကယ်စိတ်ဝင်စား၍ မရနိုင်အောင်ပင် စိတ်ထဲက မငြိမ်မသက်ဖြစ်တိုင်း တစ်ပတ်ဆိုသည့်အချိန် ကုန်လွန်အောင် လက်ချိုး ရေတွက်ရလျက်ရှိပေသည်။

နောက်ဆုံးတွင် ဗုဒ္ဓဟူးနေ့သို့ ရောက်လာပြီး တိုက်ပွဲဝင်ရန်အတွက် မောင်းတင်ထားသော ပေါလ်၏စိတ်တို့သည် မကြာမီတွေ့ရတော့မည့် လှုပ်ရှားမှုအတွက် ပိုမိုတင်းမာ၍လာလေသည်။ အလုပ်ချိန်တစ်နေ့တာကို ဖြစ်သလို ကုန်လွန်စေခဲ့ပြီး မာ့ခ်ဗူလျာနှင့် ခနစ်နာရီတွင် ဘိုနန်ဇာရှေ့၌တွေ့ဆုံရန် ချိန်းထားခဲ့သည့်အတိုင်း အလုပ်ပိတ်ချိန်တွင် အစောဆုံးထွက်သူများနှင့် ရောနှော၍ ထွက်ခဲ့၏။ မာ့ခ်ဗူလျာ ရောက်မလာသေးသည်နှင့် မျက်နှာချင်းဆိုင်ပလက်ဖောင်းပေါ်မှ ဓာတ်မီးတိုင်တစ်တိုင်အောက်သို့ သွား၍ရပ်ကာ လမ်း၏အထက်အောက် ထိပ်ဘက်တို့သို့ တမျှော်မျှော်စောင့်လေ၏။ အခြားအလုပ်သမားများလည်း

တစ်ယောက်ချင်း၊ တချို့အတွဲနှင့်လက်မောင်းချင်းချိတ်ကာ စကားတပြောပြောနှင့်၊ တချို့ တရုတ်ကပ်တစ်ဝက်ပိတ်ဆိုင်တံခါးမှ ထွက်လာကြသည်။ လူတန်းကြီး၏ နောက်ဆုံးလောက်ဆီတွင် လီနာသည် အသစ်ရောင်လုံးဝမရှိတော့သော ဦးထုပ်ပျော့အညိုကလေးကို သူ၏တောက်ပသော ဆံပင်များပေါ်သို့ အုပ်လျက် ခပ်ငိုက်ငိုက်ဆောင်းကာ မိုးကာအင်္ကျီဝတ်၍ တစ်ယောက်တည်း ထွက်လာလေသည်။ သူ၏အဝတ်အစားများမှာ ရိုးရိုးပင်ဖြစ်သော်လည်း သူ၏လက်များကို မိုးကာအင်္ကျီထဲသို့နှိုက်လျက် ထွက်လာသောအခါ ရင်အုံဖြိုးဖြိုးနှင့် အဆစ်အချိုးကျနလှသော သူ၏ကိုယ်ကာယအလှမှာ ကျက်သရေရှိ၍ ကြည့်စရာကောင်းလှပေသည်။ ပေါလ်က ငေးစိုက်ကြည့်နေစဉ်မှာပင် လီနာသည် ရုတ်တရက်တစ်စုံတစ်ယောက်အား လက်ပြလိုက်သည်ကို မြင်လိုက်ရပြီး လူအုပ်ထဲမှ အထုပ်အပိုးများသယ်လာသည့် ပုပုတုတ်တုတ် အမျိုးသမီးကြီးတစ်ယောက် ပေါ်လာသည်။ ထိုမိန်းမကြီးက လီနာအား ချစ်ခင်စွာနှုတ်ဆက်လိုက်ပြီး သူတို့အတူတကွ ကုန်ဈေးလမ်းဆုံဆီသို့ လျှောက်ထွက်သွားကြလေတော့၏။

ခေတ္တမျှသာ မြင်လိုက်ရသော ဤမြင်ကွင်းသည် ပေါလ်၏ဘဝင်ကို ချမ်းမြေ့စေလေသည်။ သို့သော် သူ၏နာရီကို ကြည့်လိုက်သောအခါ ခုနစ်နာရီနှင့် မိနစ်နှစ်ဆယ်ရှိပြီကို တွေ့ရ၏။ မာ့ခ်ဗူလျာ ဘာဖြစ်လို့ နောက်ကျနေပါလိမ့်။ လမ်းအထက်အောက် တစ်လှည့်စီကြည့်ကာ မာ့ခ်ဗူလျာအလာကို ဆက်လက်စောင့်ရင်းက စိတ်မရှည်သလိုဖြစ်လာသည်။ ခုနစ်နာရီခွဲ၍လည်း မာ့ခ်ဗူလျာက ပေါ်မလာသဖြင့် စိတ်မရှည်စရာတွင် ပူပန်စရာဆင့်လာပြီး နာရီကို တစ်မိနစ် တစ်ခါလောက်ကြည့်မိ၏။ နောက်ဆုံး၌ သူ မစောင့်နိုင်တော့ဘဲ မျက်မှောင်ကြုတ်လျက် စာကြည့်တိုက်ဘက်ဆီသို့ ခပ်သုတ်သုတ်လျှောက်၍ ထွက်ခဲ့လေတော့၏။ ဆယ်မိနစ်ခန့်အတွင်း သူရောက်သွားပြီး မာ့ခ်အား အလုပ်စားပွဲ၌ပင် တွေ့ရလေသည်။

ပေါလ်က အရေးတကြီးပင် "ဟေး ဘာဖြစ်နေတာလဲ။ ခင်ဗျား မလိုက်ဘူးလား" ဟု မေးလိုက်၏။

မာ့ခ်ဗူလျာသည် ပေါလ်ကိုမြင်လိုက်လျှင် သိသိသာသာတွန့်ဆုတ်သွားသည်။ သူသည် ဆုတ်ဆိုင်းဆိုင်းဖြစ်နေပြီး အထိတ်တလန့်နောက်သို့ လှည့်ကြည့်လိုက်ကာ ခပ်တိုးတိုးလေသံဖြင့် ပြန်ပြောသည်။

"ကျွန်တော် အလုပ်ရှိနေတယ်ဗျ။ မလိုက်နိုင်တော့ဘူး"

ပေါလ်က မာ့ခ်အား အံ့အားသင့်လျက် ငေးစိုက်ကြည့်နေလိုက်၏။ သူ၏လေသံ၊ သူ၏အမူအရာနှင့် သူ၏မျက်နှာထားတို့သည် လုံးဝပြောင်းလဲသွားခဲ့ပြီဖြစ်၏။ သူ၏ ပင်ကိုယ်ပေါ့ပါးရွှင်လန်းစွာနေတတ်သော ဟန်ပန်အမူအရာများ မရှိတော့။ သူ့ကို ကြည့်ရသည်မှာ တစ်စုံတစ်ခုကို စိုးရွံ့ထိတ်လန့်နေသလို မျက်လုံးများကလည်း စာကြည့်တိုက်ခန်းအတွင်း ကျိုးကန်းတောင်းမှောက် ကြည့်ရလျက်ပင်ရှိ၏။

ပေါလ်က မကျေမချမ်းပင် "ပြောရောပေါ့ဗျာ" ဟု အပြစ်တင်သလို ဆိုလိုက်၏။

မာ့ခ်ဗူလျာက "တိုးတိုးလုပ်ပါဗျ" ဟု ရှေရှုတ်လိုက်ပြီးပေါလ်အနီးသို့ ကပ်လာကာ အရေးတကြီးခပ်တိုးတိုးလေသံဖြင့် "ခင်ဗျားကို စကားဖျက်ရတာ စိတ်မကောင်းဘူးဗျ။ ဒါပေမယ့် အမှန်က ကျွန်တော် မစဉ်းမစားနဲ့ အပျော်သဘောဝင်ပြီးလုပ်ခဲ့မိတာ။ ဒါပေမဲ့ ကိစ္စက ထင်သလောက် ပျော်စရာမကောင်းလှဘူး" ဟု ဆိုသည်။

"ဘာဖြစ်သွားတာလဲဗျ"

မာ့ခ်က လေသံကို ပို၍နှိမ့်ကာ "ကျွန်တော် ပြောလို့မဖြစ်ဘူးဗျ။ ဒါပေမဲ့ ဒီမှာ ကျွန်တော့်စကားကို နားထောင်ပါ။ ခင်ဗျားလဲ ဒါကို ရပ်ပစ်လိုက်ရင်ကောင်းမယ်။ ကျွန်တော် ဒီထက်ပိုပြီး မပြောနိုင်ဘူး။ ကျွန်တော် အတည်ပြောတာပါ။ တစ်သက်နဲ့တစ်ကိုယ် ကျွန်တော် ဒီလောက်တည်တည် တခါမှ မပြောဖူးပါဘူး။ တကယ်ပါ" ဟု ပြောပြန်သည် ။

အသက်ရှုသံပင် မကြားရအောင် တိတ်ဆိတ်သွား၏။

ပေါလ်က "ကျွန်တော် ခင်ဗျားကို လာတော့တွေ့ပါဦးမယ်လေ" ဟု ဖြည်းညင်းစွာ ပြောလိုက်၏။

မာ့ခ်က မျက်နှာလွှဲ၍ ခေါင်းရမ်းပြလိုက်ပြီး "ကျွန်တော့် အလုပ်ကို မြို့ပြင်ဘက်ပြောင်းလိုက်ပြီ။ ရက်တဝုဒ်ဆိုတဲ့နေရာက စာကြည့်တိုက်ကို သွားရမယ်။ ဒီတပတ်ကုန်ရင် သွားရမယ်" ဟု လေသံခပ်တင်းတင်းဖြင့် ပြောလိုက်၏။

အတော်ကြီးကြာအောင် တိတ်ဆိတ်ငြိမ်သက်၍ သွားပြန်သည်။ ပေါလ်လည်း အခြေအနေကို ရိပ်စားမိကာ ပင့်သက်တစ်ချက် ဖြည်းဖြည်းရှိုက်၍ထုတ်လိုက်၏။ တကယ်ဆိုသော် သူသည် မာ့ခ်၏ ပူးပေါင်းကူညီမှုကို သိပ်အားထားခဲ့ရသည်တော့ မဟုတ်။ သို့ရာတွင် ယခု သူ့မှာ ဒါလေးပင် မရှိတော့။ 'ရှင်' နည်းရာ 'အဂ္ဂ' လူထွက် ဆိုသလို သူ့မှာ တစ်ယောက်တည်းသာ ရှိတော့မည်။ ယခု မာ့ခ်ဗူလျာ တပ်ဦးပြောင်းသွားသည်ကို ကြည့်ပြီး သူလည်း မလွဲမသွေရင်ဆိုင်ရမည့် မမြင်နိုင်သော အမှောင်ထုအန္တရာယ်ကို ပထမဆုံးအကြိမ် အနံ့ရကာ သူ၏စိတ်ဓာတ်များပါ ရုတ်တရက်ပြိုဆင်းသွားသည်ကို သတိပြုလိုက်မိလေ၏။

မေးခွန်းပေါင်းများစွာ သူ့နှုတ်ဖျားအထိ တက်လာကြ၏။ သို့သော် မာ့ခ်ဗူလျာမှ သူနှင့် စကားပြောနေရသည်ကိုပင် ကြောက်လုပြီဖြစ်၍ သွားစေချင်နေပြီ။ ထို့ကြောင့် သူလည်း လက်ကမ်းပေးလိုက်ကာ "ခင်ဗျာ့ကို ဗရုတ်သုက္ခထဲ ဆွဲသွင်းမိတာ စိတ်မကောင်းပါဘူးဗျာ။ ခင်ဗျားလုပ်ပေးခဲ့တာတွေအတွက် ကျေးဇူးတင်ပါတယ်။ ကဲ၊ သွားမယ်။ ကျွန်တော်တို့ တွေ့ကြဦးမယ်လို့ မျှော်လင့်ပါတယ်" ဟု နှုတ်ဆက်လိုက်တော့၏။

ထို့နောက် သူလည်း ချာခနဲလှည့်ကာ စာကြည့်တိုက်ထဲမှ ထွက်၍ အနီးဆုံး လမ်းဘေးတယ်လီဖုန်းရုံသို့ လာခဲ့၏။ အချိန်မီပါလိမ့်ဦးမည်။ ကြေးကြိုးနှင့် ဆွဲထားသည့် အနားခွေလိပ်နေသော တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲတွင် အရေးတကြီး လက်ညှိုးထောက်၍ လိုက်ရှာတော့ သူလိုသောနံပါတ်ကို တွေ့ပြီး ပိုက်ဆံနှစ်ပြားကို အပေါက်ထဲသို့ထည့်လိုက်၏။ တယ်လီဖုန်းသည် မပြီးနိုင်အဆုံး မြည်နေပြီးမှ တစ်ဖက်မှ ထူးသံကြားရ၏။

"ရှိုင်ယယ်အုတ်ခ်ကလားခင်ဗျား"

"ရှိုင်ယယ်အုတ်ခ်က ဂျက် စကားပြောနေပါတယ် ခင်ဗျာ"

ယခင်တစ်ပတ်က သူတို့ စားပွဲကိုစောင့်သော စားပွဲထိုး၏အသံကို သူမှတ်မိသည်။

"မစ္စလူဝီဇာဘတ်ရဲ့ မိတ်ဆွေတစ်ယောက် စကားပြောနေပါတယ်။ သူ့ကို ဒီနေ့ညနေခုနစ်နာရီမှာ တွေ့ဖို့ ချိန်းထားတယ်။ သူ့ကို ပြောပေးပါခင်ဗျာ။ ကျွန်တော် ကိစ္စတစ်ခုနဲ့ နောက်ကျနေလို့–လို့။ အခုပဲ လာနေပြီ။ စောင့်ပါလို့"

စားပွဲထိုးက "မစ္စဘတ် ဒီမှာ မရှိပါဘူးခင်ဗျ။ ဝမ်းနည်းပါတယ်" ဟု ပြန်ပြောသည်။

"ဒီနေ့ညနေ သူ မလာဘူးလား"

"ခါတိုင်းလိုဘဲ လာပြီး နာရီဝက်လောက်နေပါတယ်။ ရှစ်နာရီလောက်က ပြန်ထွက်သွားပါတယ် ခင်ဗျ"

ပေါလ်လည်း တယ်လီဖုန်းခွက်ကို ချိတ်တွင် ပြန်ချိတ်ထားလိုက်ပြီး ခဏမျှ စဉ်းစားကာ တယ်လီဖုန်းရုံကလေးထဲမှ ထွက်ခဲ့လေ၏။ သုံးမိနစ်ခန့်ကြာလျှင် သူသည် ပန်းခြံသို့ ရောက်ကာ

ခာတ်ရထားတစ်စီးကို တက်စီး၍ ပေါ်လောက်ကုန်းဆီသို့ တန်းလာခဲ့၏။ ထိုကုန်းပေါ်မှ အစွန်ဆုံးအိမ်ကြီးရှေ့သို့ ရောက်သောအခါ သူ၏ နာရီက ရှစ်နာရီခွဲကို ပြလျက်ရှိ၏။

အိမ်ရှေ့မျက်နှာစာမှာ မှောင်လျက်ရှိ၏။ သို့သော် အပေါ်ထပ် ဘေးပြူတင်းတစ်ခုတွက် မီးရောင်မြင်ရ၏။ ပေါလ်လည်း ဝင်းတံခါးကို ဖွင့်ကာ အဝင်လမ်းအတိုင်းလျှောက်ခဲ့၏။ ထို့နောက် သူ့စိတ်ကို သူတင်းကာ ဘေးဘက်သို့ ပတ်၍ လျှောက်သွားပြီး နောက်ဖေးတံခါးတစ်ခုကို ခေါက်လိုက်၏။ ချက်ချင်း ဆိုသလိုပင် အိမ်ထဲမှ ခွေးဟောင်သံကြားရပြီး အိမ်ထောင်ထိန်းသိမ်းသူ၏အဝတ်နက်ကို ဝတ်ထားသည့် အသက်ငါးဆယ်ခန့် ပိန်ပိန်ပါးပါးဣန္ဒြေရရ အမျိုးသမီးကြီးတစ်ယောက်က တံခါးကို လာ၍ဖွင့်သည်။

"ကျွန်တော် မစ္စလူဝီဇာဘတ်ကို တွေ့နိုင်မလားလို့ပါ ခင်ဗျာ၊ တဆိတ်"

အမျိုးသမီးကြီးက ပေါလ်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"ခေါင်းကိုက်လို့ဆိုပြီး တက်အိပ်နေတယ်"

ပေါလ်က "ခဏလောက် ဆင်းလာပါလို့ ပြောပေးပါလားခင်ဗျား။ ကျွန်တော် သူ့မိတ်ဆွေပါ" ဟု ဇွတ်အတင်းပြောလိုက်၏။

အမျိုးသမီးကြီးက ခေါင်းယမ်းပြကာ "ဝမ်းနည်းပါတယ်။ မိတ်ဆွေဟာ အိမ်အထိ လိုက်မလာရပါဘူး။ ဒီအိမ်ကြီးရဲ့ စည်းကမ်းတစ်ခု ဖြစ်ပါတယ်" ဟု ဆိုလိုက်သည်။

ထို့နောက် ဝမ်းနည်းကြောင်း ထပ်မံပြောဆိုကာ တံခါးကို ပိတ်လိုက်သည်။ ပေါလ်လည်း စိတ်ပျက်သွားသည်။ သို့သော် သူ အရှုံးမပေးသေးဘဲ လူဝီဇာကို မဖြစ်,ဖြစ်တဲ့နည်းနှင့်တွေ့မည်ဟု သန္နိဋ္ဌာန်ချလိုက်၏။

ညသည် ကြည်လင်အေးမြလျက်။ ကြယ်များ တလက်လက်တောက်ကာ တစ်လောကလုံး မှုန်ဝါးဝါးလင်းလျက် ရှိသည်။ ကောင်းကင်ကြည်လင်လျက် နှင်းစက်များ ခဲမည့်နိမိတ်အဖြစ် သစ်ရွက်များ ကြွေထားလေရာ ပေါလ်အိမ်ရှေ့ဘက်သို့ လှည့်၍လာခဲ့ရာတွင် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သစ်ရွက်သံ တချွတ်ချွတ် မြည်လျက်ရှိလေ၏။ ဤနေရာတွင် မီးလင်းနေသော ပြူတင်းပေါက်ကျယ်ကြီး တစ်ခုမှာ ညအလှကို ကြည့်ဖို့လားတော့မသိ။ ခန်းဆီးများ ပိတ်မထားသဖြင့် အတွင်းကလူများကို မြင်နေရသည်။ တစ်ယောက်မှာ ယခင်တစ်ပတ်က စာထွက်ထည့်စဉ် သူ မြင်ဖူးလိုက်သည့် အိမ်ရှင်လူကြီးဖြစ်ပြီး နောက်တစ်ယောက်မှာ မွန်မွန်ရည်ရည်နှင့် သဘောကောင်းပုံရသော သူ့ဇနီးဖြစ်ကြောင်း သိသာ၏။ နောက်တစ်စုံတွဲမှာ ဧည့်သည်များဖြစ်ကြဟန်တူပေသည်။ သူတို့အားလုံးသည် ဣန္ဒြေရရတန်ဆာဆင်ထားသော ဧည့်ခန်းအတွင်း၌ ထိုင်လျက်ရှိကြသည်။ အားလုံး ညနေအပြင်ထွက်သည့်အခါဝတ်သည့် ဝတ်ကောင်းစားလှများနှင့်ဖြစ်၏။

ပေါလ်လည်း ပန်းရုံများကိုကွယ်ကာ သူတို့အား စောင့်ကြည့်နေမိသည်။ ကျက်သရေရှိလှ၊ ခန့်ညားလှပေ၏။ သူ၏ရင်တွင်း၌စစ်ခင်းလျက်ရှိသော ရင်နာရသည့် ဒေါသမြူအညစ်အကြေးတို့နှင့်ကား ကွာခြားဝေးလံလှပေသည်။ သူတို့၏ဘေးတွင် ဖဲကစားသည့် စားပွဲတစ်ခုလည်း ချထား၏။ သူတို့ စကားပြောလိုက် ရယ်လိုက်ကြနှင့် အေးအေးလူလူလုပ်နေကြပုံကိုထောက်သော် အတော် မိုးချုပ်မှ ပြီးကြမည့်လက္ခဏာရှိပေရာ၊ ပေါလ်လည်း အတော်ကြာအောင်ပင် စောင့်ရပေတော့မည်ဟု စိတ်နှလုံးဒုံးဒုံးချ၍ ထားလိုက်၏။

သို့သော် အမှောင်ရိပ်ဆီမှ ရုတ်တရက်လေးလံသော ခြေသံများ ကြားလိုက်ရသဖြင့် ထိတ်လန့်ကာ ချာခနဲလှည့်လိုက်တော့ သူသည် ပုလိပ်အရာရှိတစ်ယောက်နှင့် မျက်နှာချင်းဆိုင်လျက်သား တွေ့လိုက်ရလေသည်။

*

## အခန်း – ၁၄

"မင်း ဘာလုပ်မလို့လဲ"

ပုလိပ်အရာရှိက မေးလိုက်သောအခါ ပေါလ်မှာ တစ်ကိုယ်လုံးအေးစက်သွားသည်။ တခဏသော် သူထွက်ပြေးရန် စိတ်ကူးမိသေး၏။ သို့သော် စိတ်ကို သူထိန်းထားလိုက်သည်။

"အိမ်ထဲက လူတစ်ယောက်နဲ့တွေ့ချင်လို့"

"အိမ်ထဲကလူနဲ့တွေ့ချင်တာ ဒီကိုလာရသလားကွ၊ အမှောင်ထဲက ချုံတွေကြားမှာ ပုန်းပြီးလာသလား"

"ကျွန်တော် ပုန်းနေတာ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်ကွ၊ မင်း ပုန်းနေတာပါ။ မင်း ဒီကိုရောက်လာကထဲက ငါကြည့်နေတာ။ အကြံနဲ့ချောင်းနေတာလို့ ခေါ်တယ်ကွ"

ပေါလ်က "ဟာ ဟာ မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော် ရှင်းပြပါ့မယ်။ တဆိတ် နားထောင်ပါဦးခင်ဗျာ" ဟု ငြင်းဆိုသည်။

ပုလိပ်အရာရှိက "ရှင်းပြစရာရှိ ဌာနရောက်မှ ဌာနပိုင်ကြီးဆီမှာ ရှင်းကွ" ဟု ဆိုကာ "မင်း အေးအေးဆေးဆေး လိုက်ခဲ့" ဟု ခေါ်လေ၏။

ပေါလ်လည်း သူ့ရှေ့က တင်းမာခက်ထရော်သောမျက်နှာဖြင့် ယူနီဖောင်းဝတ်ပုဂ္ဂိုလ်အား ငေးစိုက်ကြည့်နေမိ၏။ အဆိုးတကာ့အဆိုးဆုံးအဖြစ်နှင့်မှ ကြုံရလေသည်။။ သို့သော် သူ့အဖို့ အဖမ်းခံလိုက်ရုံမှတပါး ဘာမျှမရှိတော့။ သူသည် ပုလိပ်အရာရှိဘေးသို့ဝင်ကာ သူနှင့်အတူ တိတ်ဆိတ်စွာလျှောက်၍ ထွက်ခဲ့ရလေ၏။

မြို့လယ်မီးများ ထိန်ထိန်ထွန်းထားပြီး လူသွားလူလာစည်ကားလှသည့် လမ်းများအတိုင်း အဝေးကြီး လျှောက်ခဲ့ရ၏။ သူ့အား အနီးအနား ပုလိပ်ဌာနတစ်ခုခုသို့ ခေါ်သွားခြင်းမဟုတ်သည်ကို ပေါလ် ထူးထူးခြားခြား သတိထားမိ၏။ နောက်ဆုံးတွင် လေးထောင့်မီးအိမ်အပြာ ထွန်းညှိထားသည့် ခုံးပေါက်အောက်မှ ဖြတ်ကာ ဝေါ့တလေပုလိပ်ဌာနချုပ်၏ အချုပ်ခန်းထဲသို့ ဝင်ခဲ့ကြ၏။

ဤအခန်းကား မီးထိန်ထိန်လင်းအောင် ထွန်းထားသည့် ဘာအဆောင်အယောင်မှ မရှိသော အခန်းကျဉ်းကလေးဖြစ်ပြီး သံတိုင်စိုက်ပြူတင်းပေါက်တစ်ခုနှင့် တံခါးနှစ်ပေါက်။ တစ်ပေါက်တွင် လေးထောင့်ပေါက်ငယ်ဖြင့်။ နံရံတွင် ခုံတန်းရှည်နှစ်ခု ကပ်ထားသည်။ စားပွဲခုံမြင့်တစ်ခုတွင်ရပ်ကာ ကျူးနစ်အကျႌလည်ပင်းသီးပြုတ်လျက် ကျောင်းသားလေးတစ်ယောက် ကော်ပီစာအုပ်တွင် ကြိုးစားပမ်းစား

စာရေးနေသကဲ့သို့ ရေးလျက်ရှိသူ တောင့်တောင့်တင်းတင်းမျက်နှာနီနီနှင့် လူကြီးကား သူ၏အမှုတွဲဖိုင်ပေါ်တွင် ရေးထားသည့် အမည်အရဆိုလျှင် ပုလိပ်စာဇင်ကြီး ဂျပ် ပေတည်း။ သူကား လူပုံ ထုံထိုင်းထိုင်းနှင့်။ တောပိုင်းက ထမင်းဆိုင်ရှင်လို ခေါင်းပြားပြားကြီးတွင် ဆံပင် ခပ်ပါးပါးကို နောက်သို့ပင့်၍ဖီးကာ ခွဲထားသဖြင့် အုပ်ဆောင်းစိမ်း အုပ်ထားသည့် လျှပ်စစ်မီးရောင်တွင် သူ့ဆံပင်များမှာ ပြောင်နေ၏။

သူသည် ပေါလ်အား ငါးမိနစ်မျှ စောင့်ဆိုင်းစေလျက် သူ့စာကို အပြီးသတ်ကျေနပ်အောင် ရေးပြီးမှ မော်ကြည့်ကာ စာမျက်နှာလှန်လိုက်ပြီးမှ "ကဲ ဆိုစမ်း၊ ဘာဖြစ်လာတာလဲ" ဟု မေးလိုက်၏။ သူသည် ထုံးစံအတိုင်း စက်ရုပ်ကဲ့သို့ အလုပ်တာဝန် ဆောင်ရွက်နေကြအတိုင်း ကျင်စွယ်ကလေးကို သပ်ကာသပ်ကာ ပေါလ်အားလည်း တစေ့တစောင်း လှမ်း၍လှမ်း၍ ကြည့်ကာနှင့် သူ့တပည့်က ပြောပြနေသော အသေးစိတ်အချက်အလက်များကို လိုက်၍ရေးမှတ်နေလေ၏။ နောက်ဆုံးတွင် သူသည် ခုံတန်းလျားဆီသို့ ခဲတံအမြီးပိုင်းနှင့် ညွှန်ပြရင်း "မင်းကြီးက မင့်ကို တွေ့ချင်လိမ့်မယ်လို့ ငါ ထင်တယ်။ ဒီအနားမှာ ထိုင်စောင့်နေဦး" ဟု ပြောလိုက်၏။

ပေါလ်လည်း ထိုင်စောင့်နေလိုက်၏။ ယခုဆိုလျှင် သူ့အား ဖမ်းလာခဲ့သည်မှာ ရှောင်တခင်မဟုတ်ဘဲ သူ ဤနေရာသို့ ရောက်လာရခြင်းသည် ပိုမိုကျယ်ပြန့်သော အစီအစဉ်တစ်ခု၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်ဟူ၍ သဘောပေါက်ရလေတော့၏။ သူသည် ခုံတန်းရှည်ပေါ်တွင် နာရီဝက်ခန့်ထိုင်စောင့်ရသည်။ ထိုအတောအတွင်း သဘော်သားနှစ်ယောက်နှင့် မိန်းမတစ်ယောက်တို့အား ဖမ်းခေါ်လာ၏။ သဘော်သားနှစ်ယောက်စလုံးမှာ မူးနေကြပြီး တစ်မြို့လုံးရှိသမျှ လမ်းဘေးရေမြောင်းများတွင် လူးလာကြဟန်တူ၏။ အမျိုးသမီးကား မျက်နှာမာကျစ်ကျစ်နှင့် ဦးထုပ်ငှက်မွေးများ ကပိုကယိုဖြစ်လျက် နှုတ်ခမ်းနီပါးနီနှင့်။ လမ်းပေါ်မှ မိန်းကလေးဖြစ်ပြီး မြူဆွယ်မှုဖြင့် ဖမ်းလာသည် ဆို၏။ သူတို့သုံးယောက်စလုံးအား လေးထောင့်ပေါက်ကျဉ်းကလေးနှင့် တံခါးမှနေ၍ ခေါ်သွားသည်။ တံခါးဖွင့်လိုက်သောအခါ ပိုးသတ်ဆေးများ ဖျန်းထားသည့်အထဲက သိုးချင့်ချင့် လူ့အညစ်အကြေးနံ့များ ထွက်လာကြ၏။

နောက်ဆုံးတွင် ပေါလ်အား စာဇင်ကြီး ဂျပ်က လက်ပြ၍ ခေါ်လိုက်သည်။ သူလည်း ထိုင်ရာမှထ၍ အခန်းကြားလမ်းကျဉ်းကလေးအတိုင်း လကျ်ာဘက်သို့ ဂျပ်၏နောက်မှ လိုက်သွားသည်။ ထို့နောက် သက္ကလပ်စအုပ်ထားသော တံခါးတစ်ခုကိုဖွင့်၍ ဝင်လိုက်သောအခါ သူတို့သည် သားရေအုပ်ကုလားထိုင်ကြီးများ၊ မဟော်ဂနီစားပွဲကျယ်ကြီး တစ်လုံး၊ ဆုရုပ် ဆုဖလားများထည့်ထားသော မှန်ဘီရိုကြီးတစ်ခုတို့ဖြင့် တန်ဆာဆင်ကာ အတော်အတန်မွေ့လျော်ဘွယ်ရှိသော ရုံးခန်းတစ်ခုအတွင်းသို့ ရောက်လာကြ၏။ နံရံများပေါ်တွင်ကား ဘောင်သွင်း၍ ချိတ်ထားသော ပုလိပ်အဖွဲ့နှစ်ပတ်လည် လူစုဓာတ်ပုံများ၊ ဘောလုံးနှင့် အားကစားအသင်းများ၏ လူစုဓာတ်ပုံများအပြင် ရှေးက ပုလိပ်များသုံးခဲ့သည့် နံပါတ်တုတ်အမျိုးမျိုးကိုလည်း မှန်သေတ္တာတစ်ခု၌ စိတ်ဝင်စားဘွယ်ရာ ပြသထားသည်။ ကြမ်းပြင်ကိုကား အနီရောင်ကော်ဇောအထူကြီး ခင်းထားလေသည်။

အခန်းက မွေ့လျော်ဘွယ်ရှိလှသလောက် ပေါလ်က မမွေ့လျော်နိုင်ချေ။ သူ၏ စိတ်အာရုံကို စားပွဲနောက်၌ထိုင်လျက်ရှိသော လူကြီး၏အပေါ်တွင် တင်ထားမိလေသည်။ ဓာတ်ပုံထဲတွင် သူ မြင်ဖူးထားပြီးဖြစ်၍ သူမှတ်မိနေလေရာ သူသည် ဝေါ့တလေပုလိပ်မင်းကြီး အဒမ်ဒေး၏ ရှေ့သို့ရောက်နေကြောင်း သိရလေ၏။

"ထိုင်၊ လူကလေး။ အဲ့ဒီမှာထိုင်။ အဲဒီကုလားထိုင် ထိုင်လို့ကောင်းပါတယ်ကွဲ့"

မမျှော်လင့်သော ခင်မင်ရင်နှီးမှုနှင့် တည်ငြိမ်သောအသံကို ကြားလိုက်ရတော့ ပေါလ်မှာ လန့်ဖျပ်သွားမတတ် အံ့အားသင့်ရ၏။ သူသည် စားပွဲရှေ့မှ သားရေအုပ် ကုလားထိုင်ကြီးပေါ်၌ အိခနဲ ထိုင်ချလိုက်သည်။ သူ၏မျက်လုံးများကိုကား ဒေးထံမှ ခွာ၍မရနိုင်ချေ။

ပုလိပ်မင်းကြီးကား ငါးဆယ့်ငါးနှစ်ခန့်ရှိပြီး ခန္ဓာစွမ်းပကား အကြီးမားဆုံးအရွယ်သို့ ရောက်ခဲ့ပြီ ဖြစ်ပေလိမ့်မည်။ သူကား ကြီးမားသောခန္ဓာကြီးတွင် တုတ်ခိုင်သောလည်တိုင်နှင့် သာမန်လူတစ်ယောက်၏

ပေါင်လုံးလောက်တုတ်သည့် လက်မောင်းအိုးကြီးများ ရှိသူဖြစ်၏။ သူ့ခန္ဓာက တုတ်ခိုင်သလောက် အဆီပြင်မရှိ။ ပကတိ အရိုးနှင့်အကြောများချည့်ဖြစ်ပြီး နဖူးမှမေးရိုးဆီအထိ ခပ်စောင်းစောင်းကျနေသော မျက်နှာအနေအထားမှာ ကြောက်မက်ဖွယ်ရာ ခန့်ညားထည်ဝါသည့် ကျောက်ဆစ်ရုပ်ကြီးကဲ့သို့ ရှိလေ၏။ သူ၏နဖူးပြင်မှာ ကျယ်ပြန့်၍ ဉာဏ်ရှိသူအသွင်အပြင်ဆောင်လျက် သူ၏မေးစေ့မှာ ကျောက်တုံးကျောက်ခဲပမာ တင်းမာခက်ထန်လှပေသည်။ သူ၏မျက်လုံးများကား ရေခဲတုံးများပမာ ပြာလဲ့တောက်ပ၍ နေပေသည်။

"ကျုပ် မင့်ကိုတွေ့ချင်နေတာ အတော်ကြာပြီ လူကလေး" ဟု ဒေးက တည်ငြိမ်စွာပင် စဉ်းစဉ်းစားစား စကား ဆက်ပြောသည်။ "အခု မင်း၊ ကျုပ်ရှေ့ရောက်လာတာနဲ့ အတော်ပဲ ဖြစ်သွားတယ်"

ပေါလ်လည်း ကုလားထိုင်ပေါ်၌ ကိုယ်ကို မတ်မတ်ပြင်၍ ထိုင်လိုက်သည်။

"ကျွန်တော် ဘာမှ မလုပ်ရပါလားခင်ဗျာ"

"ဟုတ်ပါလိမ့်မယ်လေ။ ဒါကို နောက်မှ ပြောကြတာပေါ့။ ကျုပ် မင့်ကို ပထမဆုံး နားလည်စေချင်တာကတော့ မင့်ဘယ်သူဘယ်ဝါဆိုတာပါ မင့်အကြောင်းအားလုံး ကျုပ်သိထားတယ် ဆိုတာပါပဲ။ ဝေ့တလေဟာ မင့်အဖို့ ဇရာမမြို့ကြီးလို့ ထင်ရပေမဲ့ ကျုပ်အဖို့တော့ ရွာကလေးတရွာလောက် ရှိတာပဲ။ ဒီမြို့ထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို တို့အားလုံးသိတယ်။ ဘာပဲဖြစ်ဖြစ် အားလုံးလိုလို ကျုပ်ကြားရသိရတာပဲ။ ဒါက ကျုပ်အလုပ်ပဲ။ မင်းရောက်လာပြီး မကြာခင် မင့်အကြောင်း ကျုပ်ဆီသတင်းရောက်လာတာပဲ"

သူ

သူ့လက်ထဲက မျဉ်းလုံးကို ပေါလ်ဘက်သို့ ညွှန်ကာ "မင့် ဘယ်ဘက်ကလဲ။ အဲဒါ မင့်ကိုယ်မင်း ပြန်မေးလိုက်စမ်း။ မင့်ကိုယ်မင်း ငြိမ်ဝပ်ပိပြားရေးကို စောင့်ရှောက်တဲ့ အင်အားစုရဲ့ တစ်ဖက်တစ်လမ်းမှာ ထားတယ်ဆိုရင် နောက်ဆုံး မင်း ဒုက္ခတွေ့ရလိမ့်မယ်။ အခုကိုပဲ မင်း ဘာဖြစ်လာခဲ့သလဲ၊ ကြည့်။ ညအချိန်မတော် အိမ်ရှင်တို့ရဲ့ ခွင့်ပြုချက်၊ သဘောတူညီချက်မရဘဲ သိတောင် မသိဘဲနဲ့ အိမ်ကြီးတစ်အိမ်ရဲ့ ဝင်းထဲမှာ မသူတရူ လုပ်နေတာ တွေ့ခဲ့ရပြီ။

ဒါနဲ့ပဲ မင့်ကို ဖမ်းချုပ်ထားနိုင်ပြီ။ အေး၊ ကျုပ်က တရားတွေဘာတွေနဲ့ စွဲချင်တာ မဟုတ်ဘူးနော်။ ဒါပေမဲ့ ကျုပ်တို့ ဒီမှာ 'ကာကွယ်ခြင်းဟာ ကုစားခြင်းထက်ကောင်းတယ်' လို့ဆိုတဲ့ မှန်မြတ်တဲ့မူနဲ့ အလုပ်လုပ်နေတာကွယ့်။ ဒီတော့ ဒီလိုလုပ်ရင် ဘာဖြစ်တတ်တယ်ဆိုတာ မင်းကို သတိပေးနေတာနော်။ မင့်အကျိုးအတွက် မင့်ကို နားလည်အောင် ပြောနေတာ"

ခဏမျှ ရပ်နားလိုက်သည့်အချိန်အတွင်း ပေါလ်မှာ တကိုယ်လုံးတောင့်လျက် တိတ်ဆိတ်စွာပင် ထိုင်နေမိသည်။ အစက သူ စကားပြောရန် ကြံရွယ်ခဲ့သည်။ သူ့ယုံကြည်ချက်ကို စိတ်ရောကိုယ်ပါ ပြောမည်။ ဤအမှုနှင့်ပတ်သက်၍ သူ့ဘက်ကအမြင်ကို ကုန်စင်အောင်ပြောမည်။ အကျိုးသင့် အကြောင်းသင့် တင်ပြမည်၊ အမှားများကို ထောက်ပြမည်၊ ရှင်းပြမည်ဟု စိတ်ကူးဖြစ်ခဲ့၏။ သို့သော် သူ၏ အတွင်းစိတ်က လျှို့ဝှက်နက်နဲသော အမြော်အမြင်ဖြင့် သူ့အား တားလိုက်သည်။

"ကျုပ်အနေနဲ့ မင့်ကို အကြံဉာဏ်ပေးတယ်ဆိုတာတော့ တယ်ပြီး မလျော်ကန်လှဘူးပေါ့ကွယ်" ဒေး၏အသံမှာ စေတနာမှန်မှန်နှင့် အကျိုးသင့် အကြောင်းသင့်ရှိသည်ကို မငြင်းသာ။ "သို့ပေမယ့်၊ ကျုပ်ပြောတာကို နားထောင်ပါ။ မင့်အမေရှိရာ ဘဲလဖတ်ကို ပြန်သွားပါ။ အလုပ်ကောင်းကလေးတစ်ခုကလဲ မင့်ကို စောင့်နေတယ်။ ပြီးတော့ အမျိုးကောင်းသမီး မိန်းမချောကလေးတစ်ယောက်ကလဲ မင့်ကို စောင့်မျှော်နေတယ်လို့ ကျုပ်သိရတယ်။ ဘဝရဲ့ အရုပ်ဆိုးတဲ့အပိုင်းတွေကို လျှောက်ပြီး မွှေနှောက်မနေချင်ပါနဲ့တော့ကွယ်။ ကြားလား။ ကျုပ်မှာလဲ သားတွေ သမီးတွေနဲ့ပါပဲ။ လူစိတ် ရှိပါတယ်။ မင့်ကို အန္တရာယ်မဖြစ်စေချင်ဘူး။ အဲဒါပါပဲ။ မင်း အခု ဒီမြို့ကထွက်သွားပြီး ဘယ်တော့မှ ပြန်မလာပါနဲ့။ အဲဒါ အကောင်းဆုံးပဲကွယ့်"

သူက "သွားတော့" ဟု လက်ပြလိုက်ပုံမှာ တိုတိုတောင်းတောင်း မဟုတ်ဘဲ ခင်မင်ဖော်ရွေစွာ နှုတ်ဆက်လိုက်သကဲ့သို့ ရှိ၏။ ပေါလ်လည်း စကားတစ်ခွန်းမှ မပြောဘဲ ထိုင်ရာမှထ၍ စကြိုးကလေးနှင့် အချုပ်ခန်းတို့ကို အနှောက်အယှက်မရှိဖြတ်ကာ အပြင်ဘက်သို့ ထွက်ခဲ့သောအခါ ညဥ့်လေအေးကလေးကို ရှုလိုက်ရ၏။ သူ လွတ်လပ်ပြီ။ တစ်ကိုယ်လုံး ချွေးများစိုရွှဲလျက် ခပ်သွက်သွက်လျှောက်၍ထွက်ခဲ့၏။ ပုလိပ်မင်းကြီးက ပွင့်ပွင့်လင်းလင်းပြောလိုက်သည့် စကားများဖြစ်သည်ကို သံသယဖြစ်စရာမရှိ။ သို့ရာတွင် သူ၏ အတွေးများအဆီအငေါ်မတည့်နိုင် ရှိသည့်ကြားထဲကပင် သူ၏အတွင်းသဘောတစ်နေရာဆီတွင် ဒေး ပြောလိုက်သမျှကို မနှစ်မြို့နိုင်သည့် စိတ်ကလေးက တသွင်သွင် စီးဆင်းလျက်ရှိသည်ကို တွေ့လိုက်ရ၏။ သူသည် မမှန်တာကို မလုပ်။ လွတ်လပ်သော ဤတိုင်းပြည်တွင် သူ့အား မည်သူတစ်ဦးတစ်ယောက်ကမှ အာဏာဖြင့် စေပိုင်ခွင့်မရှိ။ သူသည် ဒေး၏တောင်းဆိုချက်ကို မလိုက်လျောနိုင်၊ မလိုက်လျောတော့။ မလိုက်လျောနိုင်ရုံသာမက သူ ဘာကြောင့် ဤသို့ တောင်းဆိုလိုက်သနည်းဆိုသည့် အကြောင်းအရင်းကို စဉ်းစားမိလျှင် ပေါလ်၏ ရင်ထဲတွင် မခံချင်စိတ်များ ပိုမိုပြင်းထန်လာကာ လွန်ခဲ့သည့် ရက်အတော်ကြာကပင် သူ တွေးတောနေခဲ့သလို ပိုမိုထိရောက်သော လုပ်ငန်းစဉ်တစ်ခုခုကိုလိုက်ရန် ဆန္ဒသည် ပိုမိုကြီးမားလာခဲ့လေ၏။

ဤကိစ္စ သူ့မှာ အကြံကောင်းဉာဏ်ကောင်းရရန် အလျင်လိုလာသဖြင့် ညဥ့်အချိန်မတော်သည်ကို ဂရုမထားနိုင်ဘဲ 'ငါ အခု ချက်ချင်း ဆွမ်းကို သွားတွေ့မယ်။ သူကတော့ ဖြည်းဖြည်းစဉ်းစားလုပ်လို့ ပြောတာပဲ။ ဒါပေမဲ့ ဒီလိုဖြစ်မယ်ဆိုတာကို သူမသိဘူး။ ဒီ ဝေါ့တလေမှာတင် ငါ အပိတ်အဆို့ခံနေရမယ်ဆိုရင် ဒီထက်ထိရောက်တဲ့ တိုက်ရိုက်ချဉ်းကပ်မှုလိုတယ်။ အထက်ကိုရောက်အောင် တက်နိုင်မှရမယ်လို့ပြောတာလဲ သူပဲ မဟုတ်လား" ဟု ဒရောသောပါး စဉ်းစားလိုက်၏။

လူခြေတိတ်စပြုပြီဖြစ်သော လမ်းများအတိုင်း ခြေလှမ်းကျဲကျဲဖြင့် အမြန်လျှောက်လာခဲ့ပြီး သူသည် ဆေးရုံသို့ရောက်လာခဲ့၏။

အဝတွင် သူ ဝင်ခွင့်တောင်းသောအခါ တံခါးစောင့်အဖိုးကြီးက ပထမ သူ၏မှတ်ပုံတင်စာအုပ်ကြီးထဲတွင် လက်ညှိုးဖြင့်ထောက်၍ ရှာလိုက်ပြီးမှ မျက်မှန်မဖြုတ်ဘဲ မော့်ကြည့်ကာ ခေါင်းကို ဖြည်းညင်းစွာယမ်းလိုက်၏။

“ဆွမ်း ဂျိမ်းဆွမ်း၊ စိတ်မကောင်းပါဘူး လူကလေးရယ်၊ သူ့နာမည်ကို စာရင်းထဲက အပြီးအပိုင် ဖျက်လိုက်ရပြီကွယ့်။ ဒီကနေ ညနေလေးနာရီကပဲ ဆုံးရှာတယ်။ ငြိမ်ငြိမ်သက်သက်ပါပဲ”

ထိုနေ့ည မိုးချုပ်ချုပ်တွင် ပေါလ်သည် အကြာကြီးထိုင်၍စဉ်းစားပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။ သူသည် စာတစ်စောင်ကိုရေး၍ လန်ဒန်မြို့ဝက်မင်စတာသို့ လိပ်တပ်ပြီး ထည့်လိုက်လေသည်။

*

## အခန်း – ၁၅

ဝေါ့တလေလစ်ဘရယ်ပါတီ ပါလီမန်အမတ် ဂျော့ဘာလီသည် သူ၏မဲဆန္ဒနယ်သို့ အထူးသဖြင့် ခါငှက်ပစ်ထွက်ရန်ကောင်းသော နိုဝင်ဘာလတွင် ခဏတဖြုတ်အလည်လာရခြင်းကို နှစ်သက်လေသည်။ ဂျော့ဘာလီသည် ဝေါ့တလေတောပိုင်းမှ တက်လာသူဖြစ်ပြီး လေဒီအာဆူလာအန်ကတ်စတာနှင့် အကြောင်းပါသောကြောင့် အလွန်ဩဇာတိက္ကမ ရှိသော လစ်ဘရယ်ပါတီမှ မိသားစုတစ်စုနှင့် မဟာမိတ်ဖြစ်ကာ လန်ဒန်မြို့တွင် ကြီးပွားနေသူဖြစ်သည်။ သူသည် ခင်မင်သည့်မိတ်ဆွေဟောင်းများကိုလည်း မမေ့။ သူ၏ ဝါသနာအလိုက် ငှက်ပစ်ထွက်ရခြင်းကိုလည်း မမေ့သူဖြစ်သည်။ သူသည် ဝေါ့တလေတွင် လူချစ်လူခင်များသူ ဖြစ်၏။ အသက်ငါးဆယ်ခန့်ရှိပြီး မှတ်ဆိတ် ပါးမုန်းမွေးများ ပြောင်အောင်ရိတ်ထားသည့် ရွှင်လန်းသော မျက်နှာရှိသည်။ သဘောလည်းကောင်းသည်။ အပြောအဟောလည်း ကောင်းသည်။ ဆေးလိပ်ကောင်းကြိုက်တတ်သည်။ အမြဲပျော်ရွှင်စွာနေတတ်ပြီး အားလပ်ချိန်များတွင် အကွက်ဆင် ဝတ်စုံကလေးများဖြင့် ပေါ့ပါးစွာနေတတ်သူဖြစ်သည်။ မိတ်ဆွေတစ်ယောက်အား ကူညီရန်အမြဲအသင့်ရှိသူ၊ အရပ်ထဲတွင် အလှူငွေလာကောက်လျှင် ထည့်ဝင်ရန်အသင့်ရှိသူ၊ ကြီးပွားသော်လည်း စိတ်ကြီးမဝင်သူအဖြစ် သူ့အရပ်က လူများက သူ့အား ကြည်ညိုလေးစားကြပေသည်။

သူ့အား လွှတ်တော်အမတ်အဖြစ် ထူးထူးခြားခြားပြောလောက်စရာ သိပ်မရှိသည်မှာ မှန်ပါသည်။ လွှတ်တော် မှန်မှန်တက်သည်။ သဘောအကွဲအလွဲရှိလျှင် မဲမှန်မှန်ပေးသည်။ လွှတ်တော်နှစ်ရပ် နှစ်ပတ်လည် ဂေါက်သီးပြိုင်ပွဲများ ကျင်းပလျှင် အောက်လွှတ်တော်ဘက်မှ ပါဝင်ကစားသည်။ နိုင်ငံရေးသမားတိုင်းလိုလိုပင်

နာမည်ပျက်ကလေးများ ရှိတတ်သည့်အတိုင်း ဘာလီတွင် ယခုလက်ရှိရာထူးမျိုးနှင့် လျော်ကန်သည့် ဉာဏ်မျိုးလည်းမရှိ၊ အရည်အချင်းလည်းမရှိဟု ဆိုကြသည်။ လူကောင်းဖြစ်ရုံနှင့် နိုင်ငံရေးသမားကောင်း ဖြစ်ကြသည်၊ သူသည် အထက်တန်းကျလှသော အန်ကတ်စတာများ အထူးသဖြင့် သူ၏အထက်တန်းစားဇနီးသည်ကြီးအား ကြောက်ရသည်ဟူ၍လည်းကောင်း၊ သူက လူတိုင်းနှင့် ဖော်ဖော်ရွေရွေလုပ်နေခြင်းမှာ သူ ဂုဏ်မမက်ပါဘူးဟု ပြရန်သက်သက်သာဖြစ်သည် ဟူ၍လည်းကောင်း၊ သူ့ဇနီး လေဒီအန်ကတ်စတာနှင့် အထက်အစိုးရပိုင်း၌ရှိသည့် အန်ကတ်စတာအပေါင်းအသင်းများကသာ မဖေးမလျှင် ဘာလီသည် တိုင်းပြည်စီရင်အုပ်ချုပ်သည့် အရေးအရာတွင် ဤမျှကြာအောင် နေရာရ၍နေလိမ့်မည်မဟုတ် ဟူ၍လည်းကောင်း ပြောဆိုဝေဖန်ကြလေသည်။

ထိုနေ့နံနက်က ဘာလီသည် အလွန်စိတ်ရွှင်လန်းလျက်ရှိပေသည်။ နံနက်စောစော အမြန်ရထားနှင့် ဝေါ့တလေသို့ လာခဲ့ရသည့် ခရီးကလည်း သက်တောင့်သက်သာရှိသည်။ ယခုလည်း ဘုရင်မဟိုတယ်တွင် သူလာလျှင်တည်းရန် အမြဲဖယ်ထားသည့်အခန်း၌ ကြက်ဥ၊ ဝက်ပေါင်ခြောက်၊ အသည်းကင်စုံ၊ ဆိတ်သားကြော် စသည်တို့ဖြင့် နံနက်စာ ကောင်းစွာစားပြီး၊ ပေါင်မုန့်မီးကင်ကို လိမ္မော်ယိုနှင့် စား၍ ကော်ဖီတစ်ခွက်ကို သောက်လျက်ရှိ၏။ သူ၏ ဒူးပေါ်တွင် ကူရီယာသတင်းစာကို တင်လျက် တစေ့တစောင်း ဖတ်၍ကောင်းနေ၏။ ကော့စဝေါ ကြားရွေးကောက်ပွဲတွင် လစ်ဘရယ်ပါတီက ခြေသာနေသည်။ သပိတ်မှောက်မည့်အရိပ်အရောင်များ မရှိ။ ရွှေဈေးတက်ဆဲ။ ညက နှင်းကျထားသဖြင့် မြေကြီးမှာ ကြွပ်ရွနေသည်။ ယခု နေရောင်ခြည်ကလေး စိမ့်ဝင်လျက်ရှိပြီ။ ဆယ်မိနစ်ကြာလျှင် သူ၏ကားသည် တံခါးဝသို့ ရောက်လာမည်။ နောက်တစ်နာရီခန့်ဆိုလျှင် တောင်ပိုင်းက လျှိုမြောင်ချိုင့်ဝှမ်းများ၌ အဖော်သုံးယောက်နှင့်အတူ လျှောက်သွားကာ သူ ငယ်ငယ်ကရှူရှိုက်ခဲ့ရသော မြေသင်းနံ့ကလေးများကို ရှူရှိုက်၍ နေပေတော့မည်။ သူ့အဖော်သုံးယောက်မှာ သူ့လောက် သေနတ်ပစ် မကျင်လည်ကြသော်လည်း လက်ဖြောင့်သူများ ဖြစ်ကြ၏။ သူ့တွင် ငှက်ပစ်ထွက်ရာ၌ အသုံးကျမည်ထင်သည့် လေ့ကျင့်ပြီးစ ငှက်ကောက်ခွေးတစ်ကောင်လည်း ပါခဲ့၏။

အသက်အရွယ်ခပ်ကြီးကြီး၊ ကြင်စွယ်နှင့်စားပွဲထိုးကြီးတစ်ယောက် စည်းကမ်းတကျ ရှိသေလေးစားစွာ ဝင်လာသည်။ ဘာလီက ဤဟိုတယ်၏ အဆောင်အယောင်အသိုင်းအဝိုင်းကို ကြိုက်သည်။ သူမုန်းသည့် ခေတ်ပေါ်အဆန်းများကို ဆန့်ကျင်၍ ရှေးက နည်းစနစ်များကို ထိန်းသိမ်းထားသည့် ဟိုတယ်ဖြစ်၏။

"လူငယ်တစ်ယောက်၊ အမတ်မင်းကို တွေ့ချင်လို့ပါတဲ့"

ဘာလီသည် သတင်းစာဖတ်နေရာမှ မော့်ကြည့်ကာ မျက်မှောင်ကြုတ်လိုက်၏။

"ကျုပ်က ဆယ်မိနစ်ကြာရင် သွားတော့မှာပဲ။ ကျုပ် သူ့ကို ဘယ်တွေ့နိုင်တော့မလဲ"

"သူကတော့ ချိန်းထားလို့,လို့ပြောပါတယ်ခင်ဗျာ။ သူက ကျွန်တော့ကို ဒီစာ ပေးလိုက်ပါတယ်"

စားပွဲထိုးက အလိုက်သိစွာကမ်းပေးလိုက်သော စာကို ဘာလီက လှမ်းယူလိုက်၏။ စာမှာ အောက်လွှတ်တော်တံဆိပ်နှင့် သူရေးပေးလိုက်သည့် စာဖြစ်၏။ သူ မျက်နှာ ပိုမို၍မဲမှောင်သွားအောင် ကြုတ်လိုက်သည်။ တယ်ရှုပ်သကိုး။ လွန်ခဲ့သည့် ရက်အတော်ကြာက တွေ့ပါရစေဟု မရေမရာတောင်းဆိုသည့်စာကို အမှတ်မထင်ပြန်ရေးကာ ရက်ချိန်းပေးခဲ့ပြီး မေ့နေသည်။ သို့သော် သူသည် ဘယ်တော့မှ စကားမဖျက်ဟု ဂုဏ်ယူထားသူတစ်ယောက် ဖြစ်သည်။

"ကောင်းပြီလေ။ ခေါ်ခဲ့"

တစ်ခဏမျှ ကြာသော် စားပွဲထိုးသည် ပေါလ်အား အခန်းထဲသို့ခေါ်လာခဲ့သည်။ ထိုအချိန်တွင် ငါးသျှီလင်တန် ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိနေပြီဖြစ်သောဘာလီက ပေါလ်အား လက်ဆွဲနှုတ်ဆက်ကာ ယဉ်ကျေးဖော်ရွေစွာပင် စားပွဲမှကုလားထိုင်တစ်လုံးကို ညွှန်ပြလိုက်၏။

ဘာလီက ဆေးပြင်းလိပ်ကို မီးခိုးလုံးကြီးများထအောင် ထုတ်ရင်း "အေးကွယ်။ မင့်ဆီက စာရကတည်းက ကျုပ်မင်းကို တွေ့ချင်နေတာ။ ကော်ဖီသောက်မလား" ဟု အားပါးတရပြောလိုက်၏။

"မသောက်ချင်ပါဘူးခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

ပေါလ်မှာ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ သို့သော် သူ့မှာ ပခုံးအိုးကျယ်ကျယ်နှင့် မျက်နှာထားတည်ကြည်သူဖြစ်လေရာ ဘာလီက သိသိသာသာ သဘောကျသွားသည်။ ဤသို့ကလေးများကို အမြဲကူညီချင်သည်။

"ကဲ ဒါဖြင့် လိုရင်းကိုပြော ကိုယ့်လူ" ဟု ဘာလီက သူကျွမ်းကျင်ပြီးဖြစ်သည့်အတိုင်း ခင်မင်ရင်းနှီးသည့် အထက်လေသံဖြင့် ရယ်သွမ်းသွေးရင်း ပြောလိုက်ပြီး "ကျုပ်မှာက အလုပ်တွေက သိပ်များတယ်။ မြို့အပြင်မှာ အစည်းအဝေးတခု တက်စရာလဲ ရှိတယ်။ ဒီည အမြန်ရထားနဲ့ လန်ဒန်ကို ပြန်ရမယ်" ဟု ဆက်ပြောသည်။

"အမတ်မင်းမှာ အချိန်သိပ်မရပေဘူးလို့ ကျွန်တော် တွေးမိပါတယ်ခင်ဗျာ" ဟု ဆိုကာ ပေါလ်လည်း သူ့အင်္ကျီအတွင်းအိတ်ထဲမှ စာတစ်ရွက်ကို ထုတ်ယူလိုက်ပြီး "ဒါကြောင့် ကျွန်တော် အချက်အလက်တွေကို လက်နှိပ်စက်နဲ့ရိုက်ပြီး ယူလာခဲ့ပါတယ်" ဟု ပြောလိုက်၏။

"ကောင်းတယ်၊ ကောင်းတယ်" ဟု ဘာလီက သဘောကောင်းစွာဆိုလိုက်ပြီး တစ်ချိန်တည်းမှာပင် စာမဖတ်လိုကြောင်း အကြောက်အကန်ငြင်းဆန်သည့်အနေဖြင့် လက်ကာ၍ပြလိုက်၏။ သူသာစာဖတ်ချင်လျှင် ဘာကြောင့်လွှတ်တော်မှာ စာရေးနှစ်ယောက်ငှားထားဖို့လိုမည်နည်း။

"ဘာအကြောင်းလဲဆိုတာ တိုတိုတုတ်တုတ်ပြောပြကွာ"

ပေါလ်လည်း နှုတ်ခမ်းများကို လျှာဖြင့် ပွတ်၍စိုစွတ်စေလိုက်ပြီး ပင့်သက်တစ်ချက်ရှိုက်လိုက်၏။

"ကျွန်တော့်အဖေဟာ၊ သူ မကျူးလွန်တဲ့အမှုအတွက် ထောင်ထဲမှာ ဆယ့်ငါးနှစ် ကျခံနေရပါတယ်"

ဘာလီလည်း ပါးစပ်ဟောင်းလောင်းပွင့်သွားကာ မျက်လုံးများပြူးထွက်လျက် မနှစ်သက်စရာကို ရုတ်တရက် တွေ့မြင်ရသည့်အလား ပေါလ်အား စိုက်ကြည့်နေလေ၏။ သို့ရာတွင် ပေါလ်က သူ့အား စကားပြောခွင့်မပေးပဲ သူပြောချင်နေသည့်စကားများကို မှန်မှန်ဆက်ပြောသွားလေ၏။

အစတွင် ဘာလီက သူ့အားပိတ်ပင်ပစ်လိုက်တော့မည်ကဲ့သို့ရှိပြီး သူ၏မျက်နှာကြီးမှာ အိုသည်ထက်အိုလာကာ ပေါလ်အားလည်း မကြာခဏဆိုသလို မနှစ်မြို့သည့်အကြည့်ဖြင့် ကြည့်၏။ သို့သော် သူ မပိတ်ပင်ဘဲ နားထောင်နေလိုက်သည်။ သူ၏ ဆေးပြင်းလိပ် မီးသေသွားလေ၏။

ပေါလ် ပြောပြနေသည်မှာ ခုနစ်မိနစ်တိတိကြာလေ၏။ ပြီးသွားသောအခါ ဘာလီသည် ထောင်ချောက်အမိခံရသူပမာ မသက်မသာ ထိုင်နေ၏။ ထို့နောက် သူ လည်ချောင်းရှင်းလိုက်ပြီး "ဒါကို အမှန်လို့ ကျုပ် မယုံနိုင်ပါဘူး။ ဒါဟာ အလကား ယုံတမ်းစကားပဲ။ ယုံတမ်းစကားမဟုတ်လဲ ဒါဟာ ရှေးရှေးက ကိစ္စပဲ"

"စတုန်းဟိသ် အကျဉ်းထောင်ကြီးမှာ အကျဉ်းခံနေရတဲ့သူအဖို့ကတော့ မဟုတ်ပါဘူးခင်ဗျား။ သူ့အဖို့က ဒါကို နေ့ရှိသရွေ့ နာရီ မိနစ်ရှိသရွေ့ တကယ်ခံနေရတာပါ"

"ဒါကို ကျုပ်လက်မခံနိုင်ဘူး။ ကျုပ်က ကြည်ပြီးသား ရေကို ပြန်နှောက်ချင်တဲ့ လူ မဟုတ်ဘူး။ ဘယ်လိုဖြစ်ဖြစ် ဒါဟာ ကျုပ်ကိစ္စလဲ မဟုတ်ဘူး"

"အမတ်မင်းဟာ ဝေါ့တလေက ပါလီမန်အမတ်ပဲ ခင်ဗျာ"

"ဟုတ်ပါတယ်။ တကတဲမှပဲ။ ဒါပေမဲ့ ကျုပ်က စတုန်းဟိသ်အကျဉ်းထောင်က လွှတ်တော်အမတ်မှ မဟုတ်ဘဲပဲ။ ကျုပ်က လူကောင်းသူကောင်းတွေကိုသာ ကိုယ်စားပြုတာ။ ထောင်သားတွေကို ကိုယ်စားပြုတာ မဟုတ်ဘူးကွယ့်"

သူသည် ထိုင်ရာမှထ၍ အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန်လျှောက်၍ နေလေသည်။ သူ၏ သာယာသောနေ့ကလေးကို ဖျက်လိုဖျက်ဆီး လာ၍ အလုပ်ခံရသည့်အတွက် ဒေါသလည်း ထွက်နေ၏။ ဒီအရူးလေးကို တွေ့ဖို့ အချိန်းအချက်မပေးလိုက်မိလျှင် အကောင်းသားဟု အောက်မေ့နေ၏။ သူသည် ပဒုအုံလို နေရာမျိုးကိုဖြင့် ခေါင်းထိုး၍ မခံချင်။ ယခုကိစ္စမျိုးဆိုလျှင် စဉ်းစားဉာဏ်ရှိသူမှန်က ဝေးဝေးက ရှောင်မည်သာဖြစ်သည်။ သို့တိုင်အောင်လည်း သူသည်စားပွဲ၌ မလှုပ်မယှက်ထိုင်နေသော ပေါလ်အား စိုက်ကြည့်နေရင်းကပင် စိတ်ထဲတွင် သံသယကလေးများ မသိမသာ ဝင်လာလျက်ရှိ၏။ သို့နှင့် သူလည်း စိတ်ဆိုးမာန်ဆိုးဖြင့် နာရီကို ရုတ်တရက်မော့ကြည့်ကာ အချိန်ရွှေ့ရန်စဉ်းစားရလေတော့၏။

"ကဲကဲ၊ ဒါဖြင့်လဲ မင့်စာရွက်ကို ထားခဲ့။ ကျုပ် ဒီနေ့ တချိန်ချိန်မှာ ဖတ်လိုက်ပါ့မယ်။ ဒီညနေ ခုနစ်နာရီမှာ ကျုပ်ကို တခေါက်လာပြီး တွေ့လှည့်ပေါ့"

ပေါလ်လည်း လက်နှိပ်စက်ဖြင့် ရိုက်ထားသည့်စာကို လှမ်းပေးရင်း ချုပ်ထိန်းထားရသောလေသံဖြင့် ကျေးဇူးတင်စကားပြောကာ ထိုင်ရာမှထ၍ အခန်းထဲမှ တိတ်ဆိတ်ငြိမ်သက်စွာ ထွက်ခဲ့လေတော့၏။ အပြင်ဘက်သို့ရောက်လျှင် သူသည် နံနက်ခင်းလေအေးကလေးကို တဝကြီး ရှူရှိုက်လိုက်၏။ ဤလွှတ်တော်အမတ်ကား အစိုးရအာဏာ၏ အချက်အချာနေရာဖြစ်သော ပါလီမန်၌တင်သွင်းအောင်သာ လုပ်နိုင်လျှင် ဤအမှုသည် အားလုံး ပြန်၍ပွင့်လာပေလိမ့်မည်။ သူ ဘိုနန်ဇာသို့ ခပ်သုတ်သုတ်သွားရင် ဘာလီ သူ့အား ယုံကြည်ပါစေဟု ဆုတောင်းလာခဲ့မိလေ၏။

ထိုတစ်နေ့တာသည် ကုန်ခဲလှပေ၏။ ယခုအချိန်ဆိုလျှင် ဘာလီ သူ့ကိစ္စကို စဉ်းစားနေပေတော့မည်ဟု တွေးကာ ပေါလ်မှာ နာရီကို တမော့်မော့်ကြည့်ရင် စိတ်စောနေမိ၏။ မန်နေဂျာဟဲရစ်သည် သူ အလုပ်ခိုသည်ကို တွေ့ရမည်ထင်သည့်အလား သူ့နောက်နားမှ စောင့်ကြည့်ရင်း လာ၍လာ၍ရပ်သည်။ သို့ရာတွင် အချိန်သည် တရွေ့ရွေ့ နီးကပ်လာသည်။ ပိတ်ချိန်မတိုင်မီကလေးတွင် ပေါလ်သည် ရေချိုးခန်းဘက်သို့သွားကား မျက်နှာသစ်ကန်တွင် သူ့ခေါင်းကို ရေအေးအေး၌နှစ်ကာ လန်းဆန်းစေရ၏။ သူသည် ခုနစ်နာရီ ဆယ့်ငါးမိနစ်တွင် ဘုရင်မဟိုတယ်သို့ရောက်ခဲ့ပြီး ခဏမျှစောင့်ကာ အပေါ်သို့တက်ခွင့်ရလေသည်။

ယခုတစ်ခေါက်တွင်မူ အခန်းထဲသို့ သူဝင်သွားသောအခါ ဘာလီ၏အမူအရာမှာ ဖော်ဖော်ရွေရွေမရှိတော့။ ဝေါ့တလေအမတ်မင်းသည် မီးလင်းဖိုကို ကျောပေးရပ်နေသည်။ အထုပ်အပိုးများ အသင့်ပြင်ထားသည်။ ခရီးသွားရာတွင်ဝတ်သည့် လောင်းကုတ်အင်္ကျီကြီးကို စားပွဲပေါ်တွင် ပစ်တင်ထားသည်။ နှုတ်ဆက်သည့်အနေဖြင့် ခေါင်းညိတ်ရုံ ညိတ်၍ပြလိုက်ပြီး ပေါလ်အား အကြာကြီး စိုက်ကြည့်ကာ သူ့စိမ်းပမာ အကဲခတ်၍နေလိုက်ပြီးမှ စကား စ၍ပြောလေသည်။

"မင့်စာရွက်ကို ကျုပ်ဖတ်ကြည့်ပြီးပြီ။ တလုံးမကျန် ဖတ်ပြီးပြီ။ တောပိုင်းကိုသွားရင်း ကားပေါ်မှာ ဖတ်သွားတယ်။ အပြန်မှာ တခေါက်ထပ်ပြီး ဖတ်ခဲ့တယ်။ မင်း တင်ပြထားတာတွေဟာ တော်ပါတယ်။ ဒါပေမဲ့ ကိစ္စတစ်ခုမှာ နှစ်ဦးနှစ်ဖက် အမြင်ဆိုတာ ရှိမြဲပဲ၊ ရှိတာပဲ"

ပေါလ်က လျင်မြန်စွာပင် "နှစ်ဖက်ရှိပေမယ့် တဖက်ပဲ မှန်နိုင်ပါတယ်ခင်ဗျ" ဟု ပြန်ပြောလိုက်၏။

ဘာလီက မျက်မှောက်ကြုတ်ကာ ခေါင်းကို ယမ်းလိုက်၏။

"အဲသလိုဟာမျိုးက တို့ဆီမှာ မဖြစ်ပါဘူးကွာ၊ တခြားနိုင်ငံ အစုတ်ပလုပ်များမှာတော့ ဖြစ်ချင်ဖြစ်မှာပေါ့။ တို့ဆီမှာ မဖြစ်ပါဘူး။ တို့တိုင်းပြည်မှာက ကမ္ဘာပေါ်မှာ အကောင်းဆုံး တရားစီရင်ရေးစနစ် ရှိတယ်မဟုတ်လား။ တခြား နေရာတွေမှာ တို့ဦးဆောင်သလို ဒီနေရာမှာလဲ တို့က ရှေ့တန်းကပဲ။ ဂျူရီနဲ့ ဘာနဲ့ တရားစီရင်တာထက် ဘာပိုပြီးတရားမျှတနိုင်ဦးမှာလဲ။ မြတ်စွာဘုရား။ ဒီစနစ်ကြီးဟာ နှစ်ပေါင်းခုနစ်ရာ ကျော်လာခဲ့ပြီကွ"

"ဒါကြောင့် မကောင်းတာလဲ ဖြစ်နိုင်ပါတယ်ခင်ဗျာ" ဟု ပေါလ်က အသံကို နှိမ့်၍ပြောရင်း "ကျွန်တော်လည်း ဒီအကြောင်းကို အများကြီးစဉ်းစားဖူးပါတယ်ခင်ဗျာ။ ဟုတ်ပါတယ်၊ ကျွန်တော့်အနေနဲ့တော့ ဂျူရီအဖွဲ့ဆိုတာ ဘာမှဉာဏ်မရှိ၊ ဥပဒေလဲမသိ၊ စိတ်ပညာဆိုတာလဲ ယုံ၊ ရှေ့နေ အပြောအဟောကောင်းရင်လဲ ယုံ ဆိုတဲ့လူမျိုးတွေနဲ့ ဖွဲ့ထားတယ်လို့ မတွေးမိဘူးလားခင်ဗျာ" ဟု ဆိုလိုက်သည်။

"မြတ်စွာဘုရား မင်းက ရှေ့နေအမတ်ချုပ်ကြီးကို သွားပုပ်လေလွင့် ပြောတော့မလို့လား" ဟု ဘာလီက ဆိုလိုက်၏။

ပေါလ်လည်း သူနေ့စဉ်ညစဉ် တနံ့နံ့ဖြစ်အောင် မနှစ်မြို့ခဲ့သည့် စိတ်များက ယခုအခါတွင် အမြုပ်တစီစီထမတတ် ရင်တွင်း၌ ပွလာပြီဖြစ်သဖြင့် "တရားခံအဖြစ် ရုံးတော်ရှေ့ကို ရောက်လာတဲ့လူကို ကြိုးစင်တင်ပြီးသတ်နိုင်မှ သူ့အလုပ်ဝတ္တရားကျေပွန်မယ်ဆိုတဲ့ အခစား အစေခံတယောက်ကို ကျွန်တော့်အနေနဲ့ သာမန် ဒေါက်ဖြုတ်သမား အာဏာသားတယောက်ထက် ဘာမှပိုပြီး ရှိသေလေးစားထိုက်တယ်လို့ မထင်ပါဘူးခင်ဗျာ" ဟု ပြောချလိုက်၏။

"တို့မှာ သာမန်ဒေါက်ဖြုတ်သမား အာဏာသားလဲလိုအပ်တယ်ဆိုတာ မင်းမေ့နေတယ်"

"ဘာဖြစ်လို့လဲခင်ဗျာ"

"တယ် ဒီကောင်" ဟု ဘာလီက စိတ်မရှည်သလို အော်လိုက်ပြီး "တို့က လူသတ်သမားတွေကို ကြိုးစင်ပို့ဖို့ပေါ့ဟ" ဟု ပြောလိုက်၏။

"သတ်ဖို့ လိုသလားခင်ဗျာ"

"သတ်ရမှာပေါ့ကွ။ တို့ရဲ့ လူ့အဖွဲ့အစည်းကို ကာကွယ်ရမယ်။ ကြိုးစင်ကိုမှ မကြောက်ရင် လူဆိုးသူဆိုးတွေဟာ ညမှောင်မှောင်မှာ ငွေငါးကျပ်နဲ့လဲ လည်ပင်းကို လှီးနေကြတော့မှာပေါ့"

"သေဒဏ်ပယ်ဖျက်ထားတဲ့ နိုင်ငံတွေက စာရင်းအင်းတွေအရဆိုရင် ဒါအတွက် မှုခင်း တိုးမလာပါဘူးခင်ဗျာ"

'ငါ မယုံပါဘူးကွာ။ ကြိုးဒဏ်သာ အကောင်းဆုံးအကာအကွယ်ပဲ။ သေရတာချင်းတူရင် ဒါက ခေါင်းဖြတ်စက်တို့ လျှပ်စစ်ကုလားထိုင်တို့ထက် ပိုပြီးလူဆံဆံသေရပါသေးတယ်။ ဒါကြီးကို ပယ်ဖျက်ပစ်ရမယ်ဆိုရင် ဒီထက်ရူးတဲ့အလုပ် မရှိတော့ဘူး"

ပေါလ်လည်း စိတ်လိုက်မာန်ပါဖြစ်ကာ သတိမထားနိုင်တော့ဘဲ "အဲဒါက သိပ်မကြာသေးခင်က ဆမ်ဖျူယယ်ရော်မီလီက ငါးသျှီလင်တန်ထက်ကျော်တဲ့ပစ္စည်းခိုးမှုနဲ့ သေဒဏ်စီရင်တဲ့ ဥပဒေကို ဖျက်သိမ်းပေးပါ ဆိုတုန်းက အင်္ဂလန်ပြည်တရားဝန်ကြီးချုပ် အယ်လင်ဘာရာအမတ်ကြီး ပြောခဲ့တဲ့စကားပဲခင်ဗျ" ဟု ပြောလိုက်၏။

ဘာလီမျက်နှာ နီရဲသွားသည်။

"ဟော့ကောင် အရူးလေး။ မင်း ကျုပ်ကို ဒီလို ပြောလို့ရသလား။ ကျုပ်က လစ်ဘရယ်ပါတီကကွ။ ကျုပ်မှာ လူစိတ်ရှိတယ်။ ကျုပ်တို့ရဲ့ စနစ်ကလဲ ဒီလိုပါပဲ။ ကျုပ်တို့က လူတွေကို ကြိုးစင်တင်ချင်တာ မဟုတ်ဘူး။ မြတ်စွာဘုရား။ မင့်အတွေ့အကြုံအရ ဒါကို မင့်သိဖို့ကောင်းတယ်။ လူတစ်ယောက်ဟာ သေဒဏ်ကျခံရပြီးရင်တောင် လွတ်ငြိမ်းချမ်းသာခွင့် အမြဲရနိုင်တာပဲ"

"ကမ္ဘာပေါ်မှာ အကောင်းဆုံးလို့ဆိုတဲ့ အမတ်မင်းတို့ရဲ့ တရားစီရင်ရေးစနစ်က လူတစ်ယောက်ကို လူသတ်မှုနဲ့ အပြစ်ဒဏ်စီရင်လိုက်တယ်။ ကိုယ့်စီရင်ချက် ကိုယ် ပြန်သံသယဖြစ်ပြီး ပြောင်းပစ်တယ်။ အဲဒီလူကို မသေမချင်း အရှင်လတ်လတ်ငရဲခံနေရတဲ့ဘဝကို ပို့လိုက်တယ်။ ဒါဟာ မေတ္တာဂရုဏာတဲ့လား။ လူဆံတဲ့ အလုပ်တဲ့လား။ တရားမျှတမှုတဲ့လား" ဟုပြောရင်း ပေါလ်သည် ထိုင်ရာမှ ထလိုက်၏။ သူ၏မျက်နှာမှာ ဖြူဖပ်ဖြူလျှော်ဖြစ်လျက်၊ သူ၏မျက်လုံးတို့မှာကား နီရဲလျက် ဆက်ပြောသည်။ "အဲဒါ ကျွန်တော့်အဖေ ခံခဲ့ရတဲ့အဖြစ်ပဲ။ ဖြစ်နိုင်လောက်တယ်ဆိုတဲ့ ပတ်ဝန်းကျင်အခြေအနေရဲ့ အထောက်အထားနဲ့ သက်သေခံဖို့ကို မသင့်လျော်တဲ့ သက်သေများရဲ့ ထွက်ဆိုချက်များအပေါ်မှာ လုံးဝမူတည်ပြီး စီရင်တဲ့ အမတ်မင်းတို့ရဲ့ ရာဇဝတ် တရားစီရင်ရေးကြောင့် ကျွန်တော့်အဖေဟာ စတုန်းဟိသ်အကျဉ်းထောင်ထဲကို ရောက်ခဲ့ရတယ်။ ဒီစနစ်မှာ တရားစွဲသူက အချက်အလက်တွေကို သူကြိုက်သလို ချယ်လှယ်ခွင့်ရတယ်။ သူခေါ်ချင်တဲ့လူ လခစား မှန်ပါ့ဘုရား ကျွမ်းကျင်သူဆိုတာတွေကို ခေါ်ခွင့်ရတယ်။ တရားလမ်းကြောင်း မှန်ကန်ဖို့ထက် တရားခံကြိုးမိန့်ရဖို့ကိုသာ အစွမ်းရှိသမျှ အားထုတ်တဲ့ အစိုးရရှေ့နေဆိုတာကို သုံးခွင့်ရတယ်"

ပေါလ်လည်း သူ၏ ယုံကြည်ချက်များက တိုက်တွန်းသည့်အတိုင်း ဘာလီကိုပင် ဂရုမထားတော့ဘဲ ထိန်းချုပ်ထားရသော လေသံဖြင့် ဆက်ပြောသွားသည်။

"ရာဇဝတ်ပြစ်မှုဆိုတာ လူ့အဖွဲ့အစည်းရဲ့ စည်းကမ်းဥပဒေတွေကြောင့် ဖြစ်ပေါ်လာရတဲ့ရလဒ် ဖြစ်တယ်။ ဒီလူ့အဖွဲ့အစည်းရဲ့ စည်းကမ်းဥပဒေတွေကို သတ်မှတ်တဲ့လူတွေဟာ တခါတလေ ပြစ်မှုကျူးလွန်သူများကို စီရင်ရာမှာ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာလောက်တုန်းက ငတ်လွန်းလို့ ပေါင်မုန့်ကလေးတလုံးကို ခိုးမိတဲ့သူငယ်ကို သေဒဏ်စီရင်စေတဲ့မူမျိုးနဲ့ မစီရင်သင့်ပါဘူး။ ကျွန်တော်တို့ တိကျမှန်ကန်တဲ့ တရားစီရင်မှုကို ရရမယ်လို့ဆိုရင် တရားဥပဒေရဲ့ ထိရောက်မှုကို တောင်းဆိုရပါလိမ့်မယ်။ အခု အဲသလို ထိရောက်တဲ့တရားဥပဒေအစား ကျွန်တော်တို့ ဘာရကြသလဲ ကြည့်။ အထူးသဖြင့် သေဒဏ်စီရင်ရတဲ့အမှုမျိုးမှာ ဘာရှိသလဲ။ ကျွန်တော်တို့ရဲ့နည်းစနစ်တွေဟာ ရှေးရှေးက နည်းစနစ်တွေပဲ။ ကြိုးစင်လိုပဲ အဓိပ္ပာယ်ကင်းမဲ့တဲ့ ခေါင်းစွပ်အနက်ကြီးတို့၊ သေခါနီး ဘုရားဆုတောင်းတာတို့နဲ့ နောက်ဆုံးဇာတ်သိမ်းခန်းဖြစ်တဲ့ လက်စားချေပွဲကြီးကို ကပြအသုံးတော်ခံတာပဲ" ပေါလ်လည်း အသက်ပင်မရှူဘဲ ဆက်ပြောနေ၏။

"ဒီထက်ပိုပြီးသစ်တဲ့ ကောင်းတဲ့စနစ်တွေ ရှိဖို့လိုလာပါပြီခင်ဗျ။ ဒါတောင် အမတ်မင်းတို့က ဘာမှမပြောင်းလဲချင်ကြဘူး။ ခင်ဗျားတို့ပြောတဲ့ ရှေးရှေးခေတ်ကောင်းတုန်းကအတိုင်း ထားချင်ကြတယ်။ ဂျူရီနဲ့ တရားစီရင်တဲ့စနစ် အစပြုခဲ့တဲ့ ကံကျွေးချစနစ်ဆီကို ပြန်သွားချင်နေကြဟန်တူပါတယ်။ ဒါထားပါတော့လေ။ လူတစ်ယောက်မှာ အယူအဆတမျိုးရှိနိုင်ပါတယ်။ ဒါပေမဲ့ အမတ်မင်းဟာ လူအများရဲ့ ကိုယ်စားလှယ်ဖြစ်ပါတယ်။ လွှတ်တော်မှာ ကိုယ်စားလှယ်ပါ။ ကျွန်တော် အခုပြောပြတာတွေကို အမတ်မင်းအနေနဲ့ မယုံကြည်တောင် လူသိရှင်ကြားဖြစ်အောင် တင်ပြပေးဖို့က အမတ်မင်းရဲ့ ဝတ္တရားပဲ။ ဒါကို အမတ်မင်း တင်ပြမပေးရင် ကျွန်တော်ဖာသာကျွန်တော် လူစည်ရာနေရာတွေမှာ ထွက်ပြီးအော်ရုံပဲ"

ပေါလ်သည် သူဘာပြောနေသည်ကို ရုတ်တရက်သတိရကာ ရပ်ထားလိုက်၏။ ဒူးများ ညွှတ်၍လာသဖြင့် ထိုင်ချလိုက်ပြီး သူ၏ မျက်လုံးများကို လက်ဖြင့် အုပ်ထားလိုက်၏။ ထို့နောက် အကြာကြီး

ငြိမ်သက်တိတ်ဆိတ်နေ၏။ သူသည် ဘာလီ၏မျက်နှာကို မကြည့်ဝံ့။ သူ့ကိစ္စအောင်မြင်ဖို့ အလားအလာအားလုံးကို သူကိုယ်တိုင် ဖျက်ဆီးပစ်လိုက်သလို ဖြစ်သွားသည်ဟု သူထင်သည်။

သို့သော် တကယ်က သူထင်သလို မဟုတ်ချေ။ ဘာလီလို့ လူမျိုးက သူ့ကို ရှိခိုးဦးတင်ပြော၍ ရချင်မှသာရမည်။ သတ္တိရှိရှိနှင့် လုပ်ပြနိုင်သည်ဆိုလျှင်တော့ ရမြဲဖြစ်ပေသည်။ သူက သတ္တိရှိသူများကို ချီးမွမ်းသည်။ သူ့အဆိုအရ သူ့ကိုပြိုင်၍ပြောနိုင်သူများကို သူက ခင်မင်သွားတတ်သည်။ ယခု ကြုံနေရသော ကသိကအောင့်အမှုတွင် တစ်ခုခုတော့ ရှိရမည်ဟုလည်း ထင်ထားပြီးဖြစ်သည်။ ထို့ထက် သူ၏ဝတ္ထုရားကိုလာပြီး ထိပါးပြောဆိုသည့် အတွက် ပေါလ်သည် သူ၏အရှိက်ကို ထိုးလိုက်သလိုဖြစ်သွားသည်။ သူကလည်း တဖြည်းဖြည်း ပျော်သလိုနေခဲ့ခြင်း၊ သူ၏ အထက်တန်းစားဇနီးကြီးက သူ၏ဘဝကို ချယ်လှယ်ပုံသွင်းထားခြင်း တို့ကြောင့် သူသည် ယခုနှစ်ပိုင်းများအတွင်း ဦးနှောက်ခြောက်ရမည့် အလုပ်တာဝန်မျိုးကို ရှောင်ရှား၍လာခဲ့ကြောင်း သူအသိဆုံးဖြစ်၏။

သူသည် ကော်ဇောပေါ်တွင် ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း စိတ်အနည်းငယ်ငြိမ်သွားမှ စကားပြောလေသည်။

"မင်းတို့လူငယ်ကလေးတွေဟာ မင်းတို့ပဲ ကောင်းတယ်၊ မှန်တယ်လို့ ထင်ကြဟန်တူတယ်။ မင်းတို့မှာ အဲဒါခက်တာပဲ။ တခြားလူတွေဆိုရင် ကောင်းတယ်လို့ကို မထင်တတ်ကြတော့ဘူး။ ကျုပ်ဟာ သူတော်ကောင်းသက်သက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျုပ်ကို မင်း အခုပြောခဲ့တာတွေထက် ကောင်းတာတွေလဲ ရှိပါတယ်။ တခုကတော့ အခွင့်အရေး ညီမျှစေရမယ်ဆိုတဲ့ မူပဲ။ အခုမင်းပြောပြတဲ့ ကိစ္စတခုလုံးကို ကျုပ် နည်းနည်းကလေးမှ မကြိုက်ပါဘူး။ ဒါပေမဲ့ ကျုပ်က ကျုပ်မကြိုက်တာတခုထဲနဲ့ မင့်ကို ခြောက်လှန့်ပြီး မထုတ်ပါဘူး။ ဘုရားသခင်သိပါတယ်။ ကျုပ်လက်ခံမယ်။ ကွင်းပြင်ကိုထုတ်ပေးမယ်။ အောက်လွှတ်တော်အထိရောက်အောင် ပို့ပေးမယ်။ ဟုတ်တယ်၊ ဘုရားသခင်ကိုတိုင်တည်ပြီး မင့်ကို ကျုပ် ကျမ်းကျိန်ပြီး အလေးအနက်ကတိပေးတယ်။ ဒီကိစ္စကို ကျုပ်က နိုင်ငံတော်အတွင်းဝန်ချုပ်ဆီထိအောင် ပို့ပေးလိုက်မယ်"

ပေါလ်သည် ခေါင်းထောင်ကြည့်လိုက်သည်။ ဤစကားမျိုးကို ကြားရလိမ့်မည်ဟု ဘယ်သောအခါကမှ မမျှော်လင့်ခဲ့သဖြင့် အံ့အားသင့်ရာတွင် သူ၏ အောင်မြင်မှုကလည်း မယုံကြည်နိုင်စရာဖြစ်နေပြန်ရာ ပေါလ်၏မျက်လုံးထဲတွင် အခန်းတစ်ခုလုံး ပတ်ချာလည်သွားလေ၏။ သူက ကျေးဇူးတင်ကြောင်း ပြောရန်ဗလုံးဗထွေးအာထုတ်သော်လည်း သူ၏နှုတ်ခမ်းများကို ဖွင့်လို့မရ။ အခန်းကြီးကလည်း ပို၍ပို၍လျင်မြန်စွာ မူးချာပတ်ချာလည်လေတော့၏။

"မြတ်စွာဘုရား" ဘာလီသည် ဘုရားတရင်း သူ၏အိတ်ထောင်ထဲမှ ခရီးဆောင်ပုလင်းကြီးတစ်လုံးကို ထုတ်ယူကာ ပေါလ်၏အပေါ်သို့ငုံ့၍ ပုလင်းထဲမှ အရက်အချို့ကို ပေါလ်၏ သွားကြားသို့ဖြဲပြီး လောင်းထည့်လိုက်၏။ "အဲ၊ ကဲ ကဲ ဟုတ်ပြီ။ အိပ်နေကွယ်၊ အိပ်နေဦးကွယ့်"

ပေါလ် တဖြည်းဖြည်း သတိပြန်လည်လာကာ မျက်နှာပေါ်တွင် သွေးရောင်ကလေး ပြန်ရောက်လာသည်ကို ဘာလီက ဂရုဏာသက်စွာစောင့်ကြည့်ရင်း သူကိုယ်တိုင်လည်း ပုလင်းကြီးထဲမှ အရက်ကို တစ်ငုံပြီးတစ်ငုံ ဖောဖောသီသီ ငုံလျက်ရှိ၏။ ပေါလ်က ယခုကဲ့သို့ ပြင်းပြင်းထန်ထန်ဖြစ်လိုက်တော့ သူ့မှာရှိသမျှ ဒေါသလေးများ လွင့်စင်သွားကာ သူ့နဂိုစိတ်အတိုင်း သက်တော့သက်သာ ပြန်ဖြစ်သွားသည်။ ထို့နောက် ဤမတရားမှုကြီး ရှင်းလင်းသွားချိန်ဆိုလျှင် သူ့မှာ ကလပ်တွင် ပြောစရာ ပုံကောင်းကောင်းရပြီဟုတွေးနေ၏။ 'စောက်ရူးလေး၊ တခါထဲ ကျုပ်ရဲ့ခြေရင်းမှာ ပုံလဲတာပဲဗျာ' ဟု ပြောနေသည့် သူ့အသံကို သူ ကြားယောင်နေ၏။ သို့သော် အချိန်က တရွေ့ရွေ့ ကုန်ခဲ့၏။

"မင်း နေကောင်းသွားပြီလား။ ကျုပ်လဲ ရှစ်နာရီ ရထားအမီ သွားရမယ်"

ပေါလ်သည် လှုပ်လဲထလိုက်ပြီး ဘာလီက ကမ်းပေးလိုက်ကို လက်ကို မကြည့်ဘဲ ဖမ်းဆုပ်လိုက်၏။ ထိုနောက် မိနစ်အနည်းငယ်ကြာသောအခါ ပေါလ်မှာ နားထဲက တဝီဝီမြည်လျက်၊ ရင်ထဲ၌လည်း ပီတိတွေလျှံလျက် လမ်းထဲသို့ ထွက်၍လျှောက်ခဲ့လေတော့သည်။

*

## အခန်း – ၁၆

နောက်တစ်ရက်တွင် ပေါလ်သည် လမ်းထောင့်ရှိ သတင်းစာကိုယ်စားလှယ်ထံ သူ့အတွက် ညနေတိုင်း ဝေ့တလေကူရီယာသတင်းစာတစ်စောင် ပို့ပေးပါဟု မှာခဲ့၏။ ဤသတင်းစာက ပြီးခဲ့သည့်နေ့က လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးတင်ပြပြောဆိုသမျှကို တစ်လုံးမကျန်ရေးသားဖော်ပြသည်။ လွှတ်တော်၌ အရေးကြီးသည့်ကိစ္စများစွာရှိ၍ ဘာလီသည် သူ၏အခါအခွင့်ကို စောင့်ရဦးမည်ဖြစ်ရာ သတင်းစာထဲ ချက်ချင်းတော့ ပါလာဦးမည်မဟုတ်သည်ကို သူသိသော်လည်း ပေါလ်သည် ညနေတိုင်း အလုပ်မှ ပြန်လာလျှင် သတင်းစာကို စိတ်ပါလက်ပါ ဖတ်လေသည်။

မျှော်လင့်ချက်အပြည့်ဖြင့် စိတ်တက်ကြွလျက်ရှိသော ပေါလ်မှာ လက်ရှိအခြေအနေအရ ဖြစ်လာသမျှကိုရင်ဆိုင်လျက် ကြုံလာသမျှကို အမြတ်ထုတ်လျက်ရှိလေ၏။ သူ၏တည်းခိုခန်း၌ ရှေးက ပြုံးပြုံးရုံ၊ ခေါင်းညိတ်ရုံမျှသာသိသော သူနှင့်အခန်းနီးချင်း တစ်ဆောင်လုံးတွင်မှ ဤတစ်ဦးတည်းသာ သူနှင့် သက်တူရွယ်တူရှိသော စာရင်းကိုင်စာရေး ဂျိမ်းကရော့ကက်နှင့်မူ ပိုမိုရင်းနှီးလာခဲ့သည်။ ခရော့ကက်ကား မလှုပ်တလှုပ် ဝဝတုတ်တုတ်လူဖြစ်ပြီး သွားနေကျလာနေကျ အချိန်မှန်မှန်ကြီးနေလေ့ရှိသူ၊ အင်္ကျီကော်လာတောင့်တောင့်နှင့် ဖဲပြားလည်စီးကို နှစ်သက်တတ်သူ ဖြစ်၏။ ပေါလ်က မိတ်ဖွဲ့လာသည်ကို သူက မလှုပ်တလှုပ်နှင့် သတိကြီးစွာထား၍ တုန့်ပြန်ခဲ့သူဖြစ်၏။ သို့ရာတွင် တစ်ခုသော တနင်္ဂနွေနေ့နံနက်၌ သူတို့သည် သူတို့၏အခန်းများမှ အတူတကွဆင်းလာကြရင်း ကရော့ကက်က သူ၏ အိတ်ဆောင်မှတ်စုစာအုပ်ထဲမှ လက်မှတ်ကလေးနှစ်စောင်ကို တရိုတသေထုတ်ယူလိုက်ပြီး "ခင်ဗျား ဒါတွေယူမလား။ ကျွန်တော့် အလုပ်ရှင်ဆီက ရခဲ့တာ။ သူက အသင်းဝင်မို့ရတာ" ဟု ပြော၏။

ပေါလ်က လက်မှတ်များကို ယူ၍ ကြည့်လိုက်သည်။

"ခင်ဗျားအတွက် မလိုတော့ဘူးလား"

"ကျွန်တော့်အမျိုးသမီးကလေးက နေမကောင်းလို့ဗျ။ ကျွန်တော်တို့ မသွားနိုင်တော့ဘူး။ ကြည့်လို့သိပ်ကောင်းတယ်။ တနင်္ဂနွေနေ့မှာ အပြင်လူတွေမဝင်ရသေးဘူး။ အသင်းဝင်တွေနဲ့ သူတို့မိတ်ဆွေတွေချည့်ပဲ" ဟု ကရော့ကက်ကဖြေသည်။

ပေါလ်လည်း ကရော့ကက် စိတ်မကောင်းမည်စိုး၍ သူ့အား ကျေးဇူးတင်စကားပြောကာ လက်မှတ်များကိုယူပြီး ဘိုနန်ဇာသို့ သုတ်ခြေတင်ခဲ့သည်။ ယခုစိတ်အခြေအနေဖြင့် ပေါလ်သည် စန္ဒယားတီးရသည်ကိုပင် ခါတိုင်းလို မပျင်းရိတော့။ မကြာခဏဆိုသလိုပင် သူသည် စကြံကိုဖြတ်၍ လီနာအားငေးကြည့်ရင်း ဣန္ဒြေကြီးလှသောလီနာနှင့် မျက်လုံးချင်းစကားပြောရန် အားထုတ်၏။ လွယ်တော့မလွယ်ကူလှ။ ယခင်တနေ့ အတော်ကလေး လွတ်လွတ်လပ်လပ်စကားပြောခဲ့သည့်နောက်တွင် လီနာသည် ငြိမ်သက်မြဲ ငြိမ်သက်သွားသည်။ သူ၏ မျက်လုံးများကလည်း တစ်ခါတစ်ခါ အမည်မဖော်ပြတတ်သော နာကျည်းမှုတစ်ခုကို ပြောပြနေသကဲ့သို့ရှိ၏။ သူက လီနာအား မိတ်ဆွေဖွဲ့သည်ကို လီနာက ဘာကြောင့်နောက်ဆုတ်သွားပါလိမ့်ဟု တွေးရင်းက ရင်ထဲကနာမိသည်။ တစ်ခုသော စနေနေ့ နေ့လည်စာစားချိန်တွင် ရုတ်တရက်ဖြစ်ပေါ်လာသောစိတ်ကူးဖြင့် သူက ခပ်ပေါ့ပေါ့လေသံဖြင့် "လီနာ မင်းနဲ့ငါ တစ်ခါလောက် အပြင်ထွက်လည်ကြရအောင်လား။ နက်ဖြန်ညနေ ဖြစ်ဖြစ်ပေါ့" ဟု ပြောလိုက်၏။

လီနာက ဘာမှပြန်မပြောတော့ သူကဆက်လက်၍ "ကိုယ်တို့ တည်းခိုဆောင်က လူတစ်ယောက်က ရက္ခဗေဒဥယျာဉ်ပြပွဲအတွက် အထူးလက်မှတ်နှစ်စောင်ပေးထားတယ်။ သိပ်ပျော်စရာကောင်းတာမျိုးတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ကိုယ်တို့အဖို့တော့ အပျင်းတော့ပြေမှာပါ" ဟု ပြောလိုက်၏။ သူ့မျက်နှာ သိသိသာသာပြောင်းသွားပြီး အတော်ကြာအောင် ငြိမ်သက်စွာရပ်နေသည်။ ပေါလ်က ဇဝေဇဝါဖြစ်ကာ စိတ်ညစ်သွားသော်လည်း "ဘာလဲကွယ်။ သစ်ခွပန်းတွေက မင့်ကို ကိုက်မှာစိုးလို့လား" ဟု ရယ်သွမ်းသွေးလိုက်၏။

လီနာက လျော့ရဲရဲလေးပြုံးပြလိုက်သည်။ သို့သော် လောကကြီးတစ်ခုလုံးနှင့် လူများကို ကြောက်နေဟန်ရှိသော သူ၏မျက်နှာပေါ်မှ တင်းမာမှုသည်ကား လျော့၍မသွားခဲ့ချေ။

"ရှင့်ကိုတော့ ကျေးဇူးတင်ပါတယ်ရှင်" ဟု လီနာက မျက်နှာလွှဲ၍ ပြောလိုက်ပြီး "ကျွန်မက သိပ်ထွက်လေ့မရှိ" ဟု ဆိုကာ ရပ်ထားသည်။

သူက အမှတ်မထင် ဖိတ်ခေါ်လိုက်သည်ကိုမှ အားမနာ။ လီနာစိတ်ရှုပ်ထွေးနေပုံမှာလည်း ပေါလ်အဖို့ နားမလည်နိုင်စရာဖြစ်၏။ ဆိုင်ထဲတွင် လူကလည်း စည်စပြုနေပြီဖြစ်၏။

သို့နှင့် ပေါလ်လည်း "ကဲ စဉ်းစားဦးလေ" ဟု ဆိုကာ သူ့ခုံကို စန္ဒယားခုံဘက်သို့ လှည့်လိုက်ပြီး "သွားချင်တယ်ဆိုရင်ပြောပေါ့" ဟု ပြောလိုက်၏။

လီနာလည်း စိတ်တွင် ထူးထူးဆန်းဆန်းလှုပ်ရှားလျက် သူ၏ကောင်တာဘက်ဆီသို့ တဖြည်းဖြည်းလျှောက်၍ ပြန်ဝင်သွားသည်။ ဝေါ့တလေသို့ သူရောက်ခဲ့သည့် ခြောက်လအတွင်း သူသည် ဘယ်ယောက်ျားကိုမှ အရောမဝင်ခဲ့၊ လက်မခံခဲ့။ တစ်ခါတစ်ခါတော့လည်း ငြင်းရသည်မှာ စိတ်မချမ်းသာစရာ ဖြစ်ရသည်လည်းရှိ၏။ သူ ဘိုနန်ဇာသို့ ရောက်ခါစကဆိုလျှင် ဟဲရစ်က သူ့အား တပေပေကပ်၍ ပိုးပန်းခဲ့သည်။ နောက် လီနာက တည်လွန်းသဖြင့် သူလည်း တဖြည်းဖြည်း လက်လျှော့ရတော့၏။ ထိုနောက်လည်း မကြာခဏဆိုသလိုပင် လီနာအား လမ်းသွားရင်း လိုက်၍စကားပြောသူများလည်း ရှိ၏။ သို့ရာတွင် သူက ခဲမှန်ဖူးသည့်စာသူငယ် ရွယ်ရုံနှင့်လန့် ဆိုသကဲ့သို့ မျက်နှာတင်းတင်းထားကာ ခြေလှမ်းကျဲကျဲနှင့် အိမ်အရောက်ပြန်လေ့ရှိလေသည်။ သို့ရာတွင် သူ ယနေ့ယခု ကြုံရသောကိစ္စမှာ တမျိုးဖြစ်သည်။ ပိုမို၍ အန္တရာယ်များစရာလည်း အကြောင်းရှိသည်။ သူ့ကိုယ်သူ တင်းကြပ်သော ချုပ်တီးမှုများဖြင့် ငယ်ရွယ်သူတို့သဘာဝ ချစ်ရေးခင်ရေးစိတ်မကစားသာအောင် လုပ်ထားခဲ့ပြီ မဟုတ်လား။

သို့တိုင်အောင်လည်း မွန်းလွဲပိုင်းအချိန်များ တရွေ့ရွေ့ကုန်လာသည်နှင့်အမျှ လီနာသည် ပေါ်၏ဖိတ်ခေါ်ချက်ကို လက်ခံလိုက်ရုံဖြင့် ကြီးကျယ်သော အန္တရာယ် တစ်စုံတစ်ရာဖြစ်စရာမရှိ– ဟု သူ့ကိုယ်သူ နားချ၍နေမိလေ၏။ မှန်ပါသည်။ ပေါလ်က ဘာရည်ရွယ်ချက်မှ ရှိဟန်မတူပါ။ ရိုးရိုး ပွင့်လင်းခင်မင်သည့် မိတ်ဆွေမျှသာ သဘောထားဟန်တူပါသည်။ သူ လီနာအား ထိုထက်ပို၍ ရင်းနှီးလိုသည့် အကြည့်မျိုးနှင့်ပင် တစ်ခါမှ မကြည့်ဘူးခဲ့။ လက်ဖျားနှင့် မထိဘူးခဲ့။ နောက်ဆုံးတွင် လီနာလည်း လောကကို နာကျည်းသည့်အခိုက်က သူချမှတ်ခဲ့သည့် ဤအဓိဋ္ဌာန်ကို အလွန်အကျွံ တင်းကြပ်စွာ ထိန်းသိမ်းနေဖို့တော့ လိုမယ် မထင်ပါဘူးလေဟု သူ့ကိုယ်သူ တရားချကာ ဆိုင်ထဲ၌ လူရှင်းချိန်တစ်ချိန်၌ အခါအခွင့်ကိုကြည့်၍ အလယ်စကြံကိုဖြတ်ကာ ပေါလ်ထံသို့သွားပြီး နက်ဖြန်နေ့လည်နှစ်နာရီတွင် သူ့အားလာခေါ်မည်ဆိုလျှင် သူလိုက်ချင်ကြောင်း စကားပြန်လိုက်လေ၏။

ဤသို့လျှင် သာသာယာယာဖြစ်နေသော နောက်တစ်ရက်၏ နေ့လည်စာစားပြီးချိန်တွင် ပေါလ်သည် ကုန်ဈေးလမ်းဒေသသို့ လျှောက်လာခဲ့လေ၏။ ဘိုနန်ဇာ စတိုးဆိုင်အနီးတွင်ဖြစ်သော်လည်း ထိုနေရာသည် တိတ်ဆိတ်ငြိမ်သက်၍ လူနေသန့်ပြန့်သည်။ ကြပ်ခိုးစွဲနေသော တိုက်ညိုမြင့်ကြီးများစွာတို့တွင် ပြူတင်းပေါက် ပန်းစိုက်သေတ္တာကလေးများကို ဆေးရောင်စုံသုတ်ထားကြသဖြင့် ရေးကျသော ဤရပ်ကွက်မှာ တစ်မျိုးတစ်ဖုံ ကြည့်ကောင်းနေပေသည်။ အိမ်အမှတ် ၆၁ သို့ရောက်လျှင်ပင် အိမ်ရှေ့တံခါးပွင့်လာပြီး လီနာသည် အနက်ရောင် အပေါ်ဝတ်အကျီနှင့် အဝတ်အစားသစ်သစ်လွင်လွင်ဝတ်ဆင်ကာ ကျောက်ပြားခင်းထားသည့် လမ်းလေးအတိုင်း ဆေးသုတ်ထားသည့် ဝင်းတားနှင့် တံခါးဆီသို့ထွက်လာခဲ့သည်။ သူ့နောက်က တံခါးဝတွင် ယခင်တကြိမ် လီနာ အလုပ်အဆင်း ဘိုနန်ဇာရှေ့တွင်လာတွေ့သော ခပ်ကြီးကြီးအမျိုးသမီးကြီးကို တွေ့ရပြီး သူသည် အစတွင် ဆုတ်ဆိုင်းဆိုင်းဖြစ်နေကာ နောက်တော့ အပြင်ဘက် ပလက်ဖောင်းအထိလိုက်ခဲ့ပြီး ပေါလ်အားမိတ်ဖွဲ့လေသည်။

"ကျွန်မက မစ္စက်ဟန်လေပါ" ဟု ပြောပြောဆိုဆို အဆစ်ရောင်ရောဂါကြောင့် ကောင်းစွာမသန်တော့သော သူ၏လက်ကို ကမ်းပေးရင်း "တူမောင့်အကြောင်းကို လီနာပြောပြထားလို့ ကြားဖူးပါတယ်" ဟု ဆိုလိုက်၏။

အမျိုးသမီးကြီးမှာ အသက်ငါးဆယ်ခန့်ရှိပြီး ဆံပင်ကြိုးကြားဖြူလျက် အရပ်ခပ်ပုပုဖြစ်၏။ အဆစ်ရောဂါကြောင့် ခါးအနည်းငယ်ကုန်းနေရာ ပေါလ်၏မျက်နှာကိုကြည့်သောအခါ သူ့ခေါင်းကိုမော့်ထားရသည်။ သူ့မှာ အကြောများဆိုင်းလျက် တောင့်နေသော်လည်း သူ့မျက်လုံးများက စူးရှပြီး သူ့မျက်နှာက ရွှင်ပျသည်။

သူသည် ပေါလ်၏မျက်နှာကို တောက်ပစူးရှသော မျက်လုံးများဖြင့် အကဲခတ်သလိုကြည့်ရင် "တူမောင်က စန္ဒယားအတီး တယ်တော်ဆိုပဲ" ဟု ပြောလိုက်တော့ ပေါလ်လည်း အားရပါးရရယ်ချလိုက်လေ၏။

"ကျွန်တော် စန္ဒယားကို မတောက်တခေါက်တီးတတ်တာပါ ဒေါ်ဒေါ်ရယ်"

"ဘယ်လိုဖြစ်ဖြစ်လေ။ ဒေါ်ဒေါ်ကတော့ လီနာ့ကို မင်းလာခေါ်တာ ဝမ်းသာပါတယ်။ သူ့ခမြာ အပြင်ကို တယ်ထွက်ရရှာတာ မဟုတ်ပါဘူး။ ကဲကဲ၊ သွားကြ သွားကြ။ ဒေါ်ဒေါ်က မင့်ကို နှုတ်ဆက်ရုံထွက်လာတာပါ" ဟုပြောကာ ကျေနပ်သွားသလို သူ၏မျက်လုံးများကို ပေါလ်ထံမှခွာ၍ လီနာအား ကြင်နာစွာပြုံးပြလိုက်ပြီး "စိတ်အေးလက်အေးသွား၊ ပျော်ပျော်နေခဲ့" ဟု မှာလိုက်၏။

ထိုနောက် အိမ်ဘက်သို့ ပြန်သွားကာ လှေကားလက်ရန်းကို အားပြုလျက် အိမ်ပေါ်သို့ ပြန်တက်သွားလေသည်။

တံခါးပိတ်သွားသောအခါ ပေါလ်နှင့် လီနာတို့ အတူတကွလျှောက်၍ ထွက်ခဲ့ကြ၏။ သူတို့ ဓာတ်ရထားအနီကိုစီးကာ တနင်္ဂနွေနေ့ဖြစ်၍ တိတ်ဆိတ်နေသော ကုန်ဈေးလမ်းအတိုင်းလာခဲ့ကြပြီး လဲနတ်ပန်းခြံကိုဖြတ်လျှင် မြို့အစွန်မှ သာယာခမ်းနားသောဝင်းကြီးများနှင့် အုတ်နီအိမ်ကြီးများပေါသည့် ပန်းဟောဝန်လမ်းသို့ ရောက်ခဲ့ကြသည်။ ရက္ခဗေဒဥယျာဉ်သည် ဤဒေသ၏အစွန်၌ ရှိသည်။

ဓာတ်ရထားလမ်းဆုံလျှင် သူတို့နှစ်ယောက်သား ဆင်းလျှောက်ခဲ့ကြပြီး အဆန်းတကြယ်တန်ဆာဆင်ထားသော တံခါးဝမှ အထဲသို့ ဝင်ကြလေသည်။

ပေါလ်က မျက်စိတဆုံးရှိသော မြက်ခင်းနိမ့်မြင့်များ၊ ခပ်လှမ်းလှမ်းရှိ ရေကန်ကလေးဆီသို့သွားကာ သစ်ပင်လှကလေးများတန်းစီ၍ အုပ်ထားသော လမ်းကလေးနှင့် ထိုလမ်းတလျှောက် အကွာအဝေးညီစွာ ခြား၍လုပ်ထားသည့် ပန်းအလှစိုက် မှန်အိမ်ကလေးများဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး လီနာအား ပြုံးပြကာ “တော်သေးတာပေါ့။ ဒီရာသီက အပြင်ဘက်မှာ ဘာမှ သိပ်ကြည့်စရာရှိတာမဟုတ်ဘူး။ ဒါပေမဲ့ မှန်အိမ်တွေထဲ ဝင်မကြည့်ကြခင် အပြင်မှာ လမ်းခဏလျှောက်ကြသေးတာပေါ့။ ကံအားလျော်စွာပဲ လီနာရေ၊ ဒီကနေ့ မင်းက သိပ်ကြည့်လို့ကောင်းနေတယ်နော်” ဟု ပြောလိုက်၏။

ပေါလ်က အမှတ်မထင် ချီးမွမ်းစကားပြောလိုက်သည်ကို လီနာက ဘာမှ ပြန်မပြောချေ။ သို့သော် မှန်ပါသည်။ လီနာ အိမ်မှ ထွက်လာကတည်းက လီနာတကယ်လှနေသည်ကို ပေါလ်သတိပြုခဲ့မိပါသည်။ ယခု ကန်ဆီသို့သွားသော လမ်းတလျှောက်လုံး လီနာအား လူတွေက စိတ်ဝင်စားစွာ လှည့်ကြည့်သွားကြသည်ကိုလည်း ပေါလ်သတိပြုမိခဲ့ပါသည်။ လီနာကို အလုပ်ခွင်ဝတ်စုံနှင့် နွမ်းရိနေသောအပေါ်အင်္ကျီတို့မှတပါး အခြားအဝတ်အစားများနှင့် တစ်ခါမှ မမြင်ဘူးခဲ့၍ လီနာ မည်မျှကျက်သရေရှိ၍ မည်မျှထူးခြားသည်ကို သတိမပြုမိခဲ့။ ယနေ့ လီနာက တစ်မျိုးတစ်ဖုံလှနေပြီး သူ၏ ဝါဝင်းသောအသား၊ အချိုးအစားကျနသော ကိုယ်ကာယအပြင် ထူထဲသောရွှေရောင်ဆံပင်နှင့် သူ၏ပေါ့ပါးသောသွားလာဟန်တို့မှာလည်း ခါတိုင်းနှင့်မတူအောင် ကြည့်ကောင်းနေပေသည်။ အပြင်ဘက်က အလင်းရောင်ဖြင့် ပေါလ်တစ်ခါမှမကြည့်ခဲ့ဘူးသော လီနာ၏မျက်လုံးများမှာ ညိုမှောင်မှောင်အရောင်တောက်လျက် ရှိကြသည်။ သဘောကျစရာအကောင်းဆုံးမှာ ရှက်ကိုးရှက်ကန်းမဟုတ်ဘဲ တည်ငြိမ်ကျန့်ရှိပြီး ရိုးသားသည့်အသွင်ကိုဆောင်သည့် သူ၏အမူအရာပင်ဖြစ်၏။ ပေါလ်လည်း လီနာအကြောင်း ရုတ်တရက် သိချင်စိတ် ပေါ်လာသည်နှင့်

“လီနာ၊ မင်းအကြောင်း တို့ကို ပြောပြပါဦးကွယ်။ မင့်အိမ်ကလူတွေအကြောင်း၊ မင့်အိမ်ရဲ့အကြောင်း” ဟု မေးလိုက်၏။

လီနာသည် ခဏမျှ ငြိမ်သက်နေပြီးမှ အရွက်ကင်းသော သစ်ပင်များကြားမှ ငွေရောင်လက်နေသော ကန်ရေပြင်ဆီသို့ ငေးစိုက်ကြည့်နေရင်း သူ့ကို အရှေ့ဖက်ကမ်းခြေ စလီစကေးအမည်ရှိ တံငါမြို့ကလေးတစ်မြို့တွင် မွေးဖွားခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက သူ၏ဘိုးဘေးများသည် ဆွီဒင်ပြည်ဘက်မှ ကူးလာကာ ထိုနေရာတွင် အခြေစိုက်ကြဟန်တူကြောင်း၊ သူ ခုနစ်နှစ်သမီးအရွယ်တွင် သူ့အမေ သေဆုံးကြောင်း၊ သူ့အဖေသည် ငါးဖမ်းသင်္ဘောကလေးတစ်စင်း၏ အစုစပ်ပိုင်ရှင်ဖြစ်ပြီး လုပ်ငန်းကိုင်ငန်းမကောင်းသောအခါ အစီးအပွားလည်း ပျက်ပြားခဲ့ကြောင်း၊ ရာသီဥတုအခြေအနေများကလည်း တဖြည်းဖြည်း ပျက်သည်ထက်ပျက်လာကာ ငါးလည်း သိပ်မဖမ်းမိတော့ကြောင်း၊ တစ်ဖက်တစ်လမ်းက လယ်ယာချောင်းမြောင်းကလေးရှိသေး၍ အခြေအနေ သိပ်မဆိုးသော်လည်း ဤ်ပစ္စည်းစုကလည်း ကျောက်ဆောင်ထူထပ်သော မြောက်ဘက်ကမ်းခြေတွင်ဖြစ်၍ မိသားစုစားလောက်အောင် မရပြန်ကြောင်း၊ သူတို့အဖေကြီးဆုံးသွားသောအခါ သူ့အစ်ကိုနှစ်ယောက်က ကနေဒါနိုင်ငံသို့ သင်္ဘောဖြင့်သွားကာ မနီတိုဘာကွင်းတွင် စီးပွားရှာကြပြီး လယ်နှင့်ချောင်းနှင့် အခြေအနေကောင်းသွားကြကြောင်း၊ သူတို့မသွားခင် လီနာကိုယ်တိုင်က အလုပ်အကိုင်တစ်ခုရ၍ သူ့အစ်ကိုများ စိတ်ချလက်ချ ထွက်သွားနိုင်ခဲ့ကြကြောင်း၊ သူ့အသက် ဆယ့်ရှစ်နှစ်အရွယ်တွင် ဝေါ့တလေ၏အရှေ့ဘက် မိုင်နှစ်ဆယ်ခန့်ဝေးသော ဘက်စဘာရီပင်လယ်ကမ်းခြေမြို့ကလေးတစ်မြို့သို့ ရောက်ခဲ့ပြီး ကောင်တီအမ်းအမည်ရှိ ဟိုတယ်တစ်ခုတွင် ဧည့်လက်ခံရုံး၌ အလုပ်လုပ်ခဲ့ကြောင်းတို့ကို ပြတ်တောင်းပြတ်တောင်းဖြင့် တိုတိုတုတ်တုတ် ပြောပြလေသည်။

လီနာပြောပြ၍ဆုံးတော့ တိတ်ဆိတ်ငြိမ်သက်သွားသည်။

"မင်းတို့ မိသားစုမှာ မင်းတစ်ယောက်ပဲ ကျန်ရစ်တော့တာပေါ့"

လီနာက ခေါင်းညိတ်ပြသည်။

ခဏကြာမှ ပေါလ်က "အက်စဘာရီကို မကြိုက်ဘူးလား" ဟု မေးလိုက်၏။

"သိပ်ကြိုက်ပါတယ်"

"ဒါနဲ့တောင် ထွက်လာခဲ့တယ်"

"ဟုတ်တယ်"

ထိုနောက် ငြိမ်သက်သွားသည်။ ပေါလ်၏စိတ်ထဲက လီနာတွင် ပြောစရာတွေ ကျန်နေသေးသည်။ အများကြီးကျန်သေးသည်။ သို့သော် သူ ပြောမပြဘဲထားသည်ဟု ထင်မိသည်။

"အဲဒီက ပြီးတော့ မင်းမစ္စက်ဟန်လေနဲ့ လာနေတာပဲပေါ့"

"ဟုတ်တယ်" ဟု ဖြေပြီးလီနာသည် ထူးခြားသည့် ခံစားမှုရှိသော မျက်ဝန်းနက်ကျယ်ဝန်းသည့် မျက်လုံးကြီးများဖြင့် ပေါလ်အားကြည့်ကာ "မစ္စက်ဟန်လေက ကျွန်မအပေါ်မှာ ပြောမပြတတ်လောက်အောင် ကောင်းပါတယ်ရှင်" ဟု ပြောလိုက်သည်။

"အခန်းတွေ ငှားသလား"

"ငှားတယ်လို့တော့ မဟုတ်ဘူး။ ကျွန်မကို အိမ်အပေါ်ဆုံးအထပ်က နှစ်ခန်းပေးထားတာပဲ။ သူ့ယောကျ်ားက ပင်လယ်ထွက်နေရတာများတယ်လေ။ သူက ရေနံတင်သင်္ဘော အင်ဂျင်နီယာ"

ဟိုတယ်ညှော်လက်ခံရုံး၌ အလားအလာကောင်းလှသည့် အလုပ်ကိုစွန့်လွှတ်၍ ယခုကဲ့သို့ အပေါစားစားသောက်ဆိုင်တစ်ခုတွင် ဝင်လုပ်နေခြင်းမှာဆန်းသည်။ သို့ရာတွင် ဒါက သူ့ကိစ္စဖြစ်သည်။ သူ့အကြည့်က ပွင့်ပွင့်လင်းလင်းရှိသလောက် သူ့အမူအရာက သိုသိပ်နေ၍ ဤအကြောင်းဆက်မပြောတော့ဘဲ ထိုင်ရာမှထကာ ရေနွေးငွေ့ပိုက်ကြီးများအဆင့်ဆင့်ဖြင့် နွေးအောင်အငွေ့ပေးထားသဖြင့် အဆုပ်လိုက်အခဲလိုက်

နွေးရုံမျှသာရှိ၏။ သစ်စေ့ကိတ်မုန့်များမှာလည်း သူတို့၏ခြေရင်းတွင် ခုန်ဆွခုန်ဆွသွားကာ အစာတောင်းနေကြသော စာကလေးများကိုသာ ကျွေးပစ်ဖို့ သင့်၏။ သို့ရာတွင် သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အဖော်အဖက်ဖြစ်ကာစားစရာညှံ့ဖျင်းသည်ကို မေ့ထားနိုင်ကြလေသည်။ လီနာသည် အလိုက်သင့်အလျားသင့် နေတတ်သူဖြစ်၏။ ပေါလ်စိတ်ဝင်စားသမျှ သူစိတ်ဝင်စားဖို့ အသင့်ရှိနေသည်။ သူဝင်ပြောလိုက်သည့် စကားများကလည်း ပေါလ်ပြောနေသမျှကို နားလည်သဘောပေါက်သည်လို့ ထင်ရှားစေသည့် မှတ်ချက်များ ဖြစ်တတ်၏။

ပေါလ်က ရုတ်တရက် " ကိုယ်ဘာဖြစ်လို့ ဘိုနန်ဇာမှာ လာလုပ်နေလဲဆိုတာ မင်းတစ်ခါမှ မမေးဖူးဘူး လီနာ။ ကိုယ်ဟာ ဒီလိုနေရာမျိုးကလူပဲလို့ ထင်လို့ပဲ ဖြစ်မယ်။ ဟုတ်လား" ဟု မေးလိုက်သည်။

လီနာက "ဟင့်အင်း၊ မထင်ဘူး" ဟု မျက်လွှာကိုချ၍ ဖြေလိုက်ပြီး "အကြောင်းတော့ ရှိမှာပဲလို့ တွေးမိတယ်" ဟု ဆက်ပြောလိုက်၏။

"ရှိတယ်"

လီနာက မော့ကြည့်လိုက်သည်။

"ဒုက္ခတစ်ခုခု ဖြစ်မှာပေါ့"

ပေါလ်က ခေါင်းညိတ်ပြသည်။

လီနာက "အဆင်ပြေသွားမှာပါပဲ ထင်ပါတယ်" ဟု ခပ်တိုးတိုး ပြောလိုက်၏။

လီနာ၏ ရိုးသားသောစကားများသည် ပေါလ်၏ဘဝကို ထိခိုက်စေလေသည်။ သူ၏နံဘေးကြည့် ပုံအသွင်သည် ကြည်လင်ငြိမ်သက်လှသည်။ မှောင်ခါနီးအလင်းရောင်တွင် သူ၏မျက်တောင်ရိပ်များသည် ပါးပေါ်သို့ ကျလျက်ရှိ၏။

များမကြာမီ သူတို့သည် ရုက္ခဗေဒဥယျာဉ်မှထွက်ကာ လီနာနေသည့်နေရာသို့ ပြန်ခဲ့ကြသည်။ လီနာသည် ပိုမိုငြိမ်သက်လျက် အတွေးနက်လာခဲ့ဟန်တူ၏။ သူ၏စိတ်ထဲတွင် တစ်စုံတစ်ခုကို အချီအချ တွေးလျက်ရှိဟန်တူ၏။သူသည် ပေါလ်အား စကားပြောမည့်ဟန်ဖြင့် တစ်ကြိမ်နှစ်ကြိမ်မော့ကြည့်သော်လည်း သူ့နှုတ်ကတော့ ဘာစကားမှ ထွက်မလာခဲ့ချေ။

ပေါလ်ကလည်း သူ့အခန်းကလေး သူပြန်သွားရဦးမည်ကို တွေးမိကာ စကားတစ်ခွန်းမှမပြောဘဲ တိတ်ဆိတ်နေ၏။ မစွက်ဟန်လေ၏ အိမ်အပြင်သို့ရောက်သောအခါ ပေါလ်ကရပ်လိုက်ပြီး လက်ကမ်းပေးလိုက်သည်။

လီနာက " သိပ်အံ့သြစရာကောင်းတာပဲနော်။ ကျွန်မတော့ သိပ်ကိုပျော်တာပဲ။ ခေါ်သွားတဲ့အတွက် ရှင့်ကို သိပ်ကျေးဇူးတင်တာပဲ" ဟု ဖြည်းညှင်းစွာ ပြောလိုက်သည်။

ထို့နောက် ခဏမျှ ငြိမ်သက်နေစဉ် လီနာသည် မတင်မကျနှင့်ပင် ပြူတင်းပေါက်များဆီသို့ လှမ်းကြည့်လိုက်သည်။ ပေါလ်က သူ့ကိုများ အိမ်ထဲသို့ ဖိတ်ခေါ်ဦးမည်လားဟု ထင်မိသေးသော်လည်း လီနာက မခေါ်တော့။ အတန်ကြာအောင်ပင် တိတ်ဆိတ်နေပြီး လီနာ၏ မျက်လုံးများက ပေါလ်၏မျက်နှာဆီသို့ တစ်ခုခုပြောချင်သလို လှမ်းကြည့်ရင်း အသက်ရှုမြန်လာသည်။ ပေါလ်နှင့် ဆက်သွယ်လိုသော သူ၏အတွင်းစိတ်ဆန္ဒက ရုတ်တရက် ပြင်းထန်လာခဲ့ဟန်တူပေသည်။

"ပေါလ်" သူ့အား ဤသို့ ခေါ်လိုက်သည်မှာ ဤတစ်ကြိမ် ပထမဆုံးအကြိမ်ဖြစ်၏။

"ပြောလေ လီနာ"

လီနာက ပေါလ်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး တကယ်ပင် ကာယိကဝေဒနာတစ်ခုကို ခံစားလိုက်ရသလို အဝေးသို့လှည့်၍ ငေးနေလိုက်ပြန်သည်။

"အို ကိစ္စမရှိဘူး၊ နေပေစေ"

သူပြောချင်နေသည့်စကားက ဘာပဲဖြစ်ဖြစ် သူပြောလို့ကတော့ ဘယ်လိုမှမထွက်။ မပြောသည့်အပြင် သူပ အရေးတကြီးလေသံဖြင့် မပွင့်တပွင့်ပင် "သွားတော့မယ်" ဟု ဆိုလိုက်၏။

ထို့နောက် ချာခနဲလှည့်ကာ ဝင်းတားများအကြားမှ ကျောက်ပြားများစီခင်ထားသည့် လမ်းကလေးအတိုင်း ခပ်သုတ်သုတ်လျှောက်၍ အိမ်ဆီသို့ သွားလေတော့သည်။

ပေါလ်သည် အိမ်တံခါး ပိတ်သွားပြီး အတော်ကြာသည်အထိ ထိုညနေပြီးဆုံးသွားပုံကို မကျေမနပ်ဖြစ်ကာ စိတ်ထဲကလည်း ဇဝေဇဝါနှင့် မသိမသာစနောင့်စနင်းဖြစ်လျက် တစ်ခဏမျှ ရပ်ကြည့်နေသေး၏။ နောက်ဆုံးတွင် သူလည်း တနင်္ဂနွေနေ့၏ လူသူကင်းမဲ့တိတ်ဆိတ်လျက်ရှိသော လမ်းများအတိုင်း ပြန်လျှောက်ခဲ့လေတော့၏။

သူ၏အခန်းသို့ ပေါလ်ပြန်ရောက်တော့ ညနေ ခြောက်နာရီခန့်ဖြစ်၏။ အပေါ်ထပ် သူ၏အခန်းထဲက စားပွဲပေါ်၌ တနင်္ဂနွေနေ့ထုတ် ကူရီယာသတင်းစာရောက်နေ၏။ ဓာတ်ငွေ့မီးကိုထွန်းကာ မျက်နှာသစ်ပြီးသောအခါ သူသည် ခါတိုင်းလိုပင် စိတ်စောလျက် သတင်းစာကို ဖွင့်၍ဖတ်လိုက်သည်။

အစတွင် ဘာသတင်းမှမတွေ့ဟု ထင်လိုက်မိသော်လည်း နောက်ဆုံးကော်လံအောက်ခြေဆီတွင် သူရှာဖွေနေသည့်အမည်ကို သွားတွေ့လိုက်၏။ ဤသတင်းသည် သူ့အဖို့ သတင်းစာတစ်စောင်လုံး၌ အထူးခြားအထင်ရှားဆုံး ဖြစ်လေ၏။ သူသည် ရင်တဒိတ်ဒိတ်ခုန်ကာ ဖတ်ရင်းဖတ်ရင်းကပင် သူ၏မျက်လုံးများရီဝေလျက် တဖြည်းဖြည်းချင်း သူ၏ရင်ခုန်သံသည် လေးလံ၍ လာလေတော့၏။

သတင်းမှာ အတိုကလေးဖြစ်၏။

ယနေ့ အောက်လွှတ်တော်တွင် ဝေ့တလေမဲဆန္ဒနယ်မှ အမတ်ဂျော့ဘာလီက စတုန်းဟိသ်အကျဉ်းထောင်၌ တစ်သက်တစ်ကျွန်းကျခံနေရသူ ရီးစ်မက်ထရီအမှုနှင့်ပတ်သက်၍ အဆိုတစ်ခု တင်သွင်းသည်။ ဝေ့တလေအမတ်က (၁) ယခု သူတင်ပြသော သက်သေအထောက်အထားများသည် အမှုကို ပြန်လည် စဉ်းစားရန်အတွက် လုံလောက်၊ မလုံလောက်နှင့် (၂) မက်ထရီသည် ထောင်ထဲတွင် ဆယ့်ငါးနှစ်မျှ ကျခံပြီးဖြစ်၍ ယခုအခါ လွတ်ငြိမ်းခွင့် ရသင့်မရသင့်တို့ကို မေးမြန်းသည်။

လွှတ်တော် အတွင်းဝန်ချုပ် ဆာဝေါ်တာဟမ်မီလ်တန်က ဝေ့တလေအမတ်၏ မေးခွန်းနှစ်ရပ်စလုံးကို ဖြေကြားသည့်အနေဖြင့် (၁) အမှုကို ပြန်လည် မစဉ်းစားနိုင်ပါ၊ (၂) လွတ်ငြိမ်းခွင့် မရသင့်ပါ ဟူ၍ ပြောဆိုကြောင်း။ ပထမအချက်အနေဖြင့် အမတ်မင်း၏ တင်သွင်းချက်ကို အသေအချာ လေ့လာစဉ်းစားပြီး လုပ်ရိုးလုပ်စဉ်တရားစီရင်မှု လုပ်ငန်းတွင် ဤလွှတ်တော်မှ တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ကြောင်း၊ ဒုတိယအချက်အနေဖြင့် အကျဉ်းသမား မက်ထရီသည် အမိန့်နာခံရန် မကြာခဏငြင်းဆန်လျက် အရိုက်အနှက်ခံရသူဖြစ်၍ သူ၏ အကျဉ်းထောင်မှတ်တမ်းများ မကောင်းသဖြင့် လွတ်ငြိမ်းချမ်းသာခွင့် အခွင့်အရေးများ ဆုံးရှုံးထားသူဖြစ်ကြောင်း။ ဤကိစ္စကို အပြီးသတ် ပိတ်ထားလိုက်ပြီဟု ယူဆစေလိုကြောင်း။

ပေါလ်သည် သတင်းစာကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။ အခန်းထဲသို့ မစ္စက်ကော်ပင်ဝင်လာကာ သူ့ကိုတစ်ချက်လှမ်းကြည့်ပြီး သူ၏ရှေ့သို့ ယခုမှရောက်လာသော အမြန်ဝေငှဆိုသည် စာတစ်စောင် ချပေးသွားတော့ သူ မော့်၍ပင် မကြည့်လိုက်တော့ချေ။

သူသည် စာအိတ်ကိုဖွင့်ကာ စိတ်ငြိမ်ငြိမ်ထား၍ ဖတ်သည်။ စာမှာ ဂျော့ဘာလီထံမှ ဖြစ်၏။ ကူရီယာတွင်ပါသည့် သတင်းကို အကျယ်ချဲ့၍ အတည်ပြုထားသည့် စာဖြစ်၏။ ဘာလီကတော့ သူ့ကတိ တည်ပါသည်။ သူတတ်နိုင်သမျှ အစွမ်းကုန်လုပ်ပါသည်။ ခြွင်းချက်မရှိ အပယ်ခံရဖို့သာ ဖြစ်သွားသည်။ သူ့စာက နောက်ထပ် ဘာဆက်လုပ်လို့မှ အကျိုးမရှိနိုင်ဟု ဆိုသည်။ သူက အချိုသာဆုံးလေဖြင့် သူ့မိတ်ဆွေကလေးအား ဤစိတ်မချမ်းသာစရာကိစ္စကို သူ့ခေါင်းထဲက တစ်ခါတည်း ဖျောက်ပစ်လိုက်ရန် တိုက်တွန်းအကြံပေးထားသည်။ စာရေးပုံကောင်းပါသည်။ စေတနာကောင်းပါသည်။ ကြင်ကြင်နာနာရှိသည်မှာ ယုံမှားသံသယဖြစ်စရာ မရှိပါ။ သို့ရာတွင် ပေါလ်မှာတော့ ရင်ကျိုးခဲ့ရချေပြီတကား။

*

## အခန်း – ၁၇

တစ်ညလုံး အိပ်မပျော်ဘဲ နောက်တစ်ရက်နံနက်တွင် ပေါလ်သည် ကော်ဖီတစ်ခွက်ကို စိတ်မပါလက်မပါ သောက်ပြီးနောက် ရွှံ့စိုစိုရေစိုစိုလမ်းများအတိုင်းလျှောက်၍ ဘိုနန်ဇာသို့လာခဲ့ကာ စန္ဒယားတွင်ထိုင်၍ အပေါစားသီချင်းများကို အဆက်မပြတ်တီးလေတော့၏။ မိုးရွာသောနေ့များတွင် ဆိုင်ထဲ၌အမြဲထွန်းထားလေ့ရှိသော မီးရောင်များက သူ၏ လေးလံသောမျက်လုံးများကို ကျိန်းစပ်စေသော်လည်း သူ၏စန္ဒယားပေါ်တွင် မြေပန်းအိုးကလေးတစ်လုံး၌ ပန်းအဝါကလေးငါးပွင့် စိုက်၍တင်ထားသည်ကိုတော့ မြင်ရပါသည်။ လီနာ ယူလာပြီး တင်ထားတာပဲဖြစ်မည်။

ပေါလ်မှာ သူ့ရင်ထဲကမချမ်းသာသဖြင့် လီနာက မနေ့ကသူတို့ အတူထွက်ခဲ့ကြသည်ကို အမှတ်တရရှိစေရန် ပြထားသည်ကိုပင် အသိအမှတ်မပြုလိုက်နိုင်။ ဤသို့ပြုရန် လီနာ မည်မျှ ချီတုံချတုံ စဉ်းစားခဲ့ရသည်ကိုလည်း သူ တွေးမကြည့်နိုင်ခဲ့။ သို့သော် သူ့နေ့လည်စာကို လီနာလာပို့တော့ သူ ကျေးဇူးတင်စကား မပီမသပြောလိုက်သည်။

သူ့အမူအရာကိုကြည့်ပြီး လီနာစိတ်ပူသွားဟန်တူ၏။ တစ်ခဏမျှကြာသော် သူ စိတ်ကိုတင်း၍ ပေါလ်ကို တည့်တည့်ကြည့်လိုက်၏။

“မကောင်းတာတစ်ခုခုဖြစ်လို့လား”

“ဟုတ်တယ်၊ ဘာမှ မကောင်းဘူး” ဟု ထိန်းချုပ်ထားရသော လေသံဖြင့် ပြန်ပြောလိုက်၏။

ထိုခဏ၌ လီနာ ဘာမှ ဆက်လက်မမေးနိုင်မီ စားသောက်ဆိုင်ဘက်က ပြန်ခေါ်သွားသဖြင့် ထွက်သွားရလေသည်။ လီနာထွက်သွားတော့မှ ဟဲရစ်သည် သူတို့အား သွားကြားထိုးရင်း တစေ့တစောင်းအကဲခတ်နေသည်ကို ပေါလ်တွေ့ရ၏။ ထိုအချိန်မှာပင် ဟဲရစ်သည် သူ့ထံသို့ လျှောက်လာကာ ရန်လိုသည် မျက်နှာဖြင့် "မင်းနဲ့ ဒီအမျိုးသမီးမိတ်ဆွေ မနေ့က အတူလျှောက်လည်ကြတယ်ဆို" ဟု မေးလိုက်၏။

ပေါလ်က မျက်မှောင်ကြုတ်ကာ "လျှောက်လည်ကြတယ်" ဟု ထပ်မေးလိုက်၏။

"အေး၊ မင်းတို့ အတူထွက်လည်ကြတယ်လို့ ငါ့ကို ကောင်မလေးတွေက ပြောတယ်။ ငါတော့ အံ့သြသွားတာပဲ" ဟု ပြောသည်။ ဟဲရစ်၏မျက်နှာတွင် လှောင်သလို ပြောင်သလို မလိုတမာအပြုံးက ဖုံးလွှမ်းထားသည်။ ထို့နောက် သူက စန္ဒယားပေါ်သို့ ကုန်းကာ "မင့်ကို ငါ ဒီကောင်မလေးအကြောင်း သတိပေးထားဦးမှထင်တယ်။ တို့ သိထားတာတွေ မင်း မသိဘူးလား" ဟု မေးလိုက်၏။

ပေါလ်က မဖြေ။

"သူဟာ ကလေးတစ်ယောက်မွေးဖူးတယ် ဆိုတာ မင်း မသိဘူးလား။ လက်လဲ မထပ်ထားဘူး ဆိုတာကော။ ဟုတ်တယ်။ ကလေးက ဆွံ့အ,နားမကြားကလေး။ နောက်တော့ တက်ပြီးသေသွားတယ်။ မင်း ယုံရဲ့လား။ ဝတ္ထုဆန်ဆန်ပဲကွ။ မင်း နောက်တခါ သူနဲ့ထွက်လည်ရင် မေးကြည့်ပေါ့။ လက်ကလေးဘာလေးဆွဲပြီး ချော့မော့မေးရင် သူက အသေးစိတ်ပြောပြပါလိမ့်မယ်"

ထိုသို့ပြောပြီး တိတ်ဆိတ်နေသည့် အချိန်တွင် ဟဲရစ်၏ လှောင်ပြောင်သံက လွှမ်းမိုးလျက်ရှိ၏။ ထို့နောက် ဟဲရစ်သည် ပေါလ်အား အမိပ္ပာယ်ပါပါ ခေါင်းညိတ်၍ပြခဲ့ပြီး သွားကြားထိုးတံကို ပါးစပ်တွင်ကိုက်လျက် လျှောက်ထွက်သွားလေ၏။

ပေါလ်လည်း ဟဲရစ်၏နောက်ကျောကို ငေးစိုက်ကြည့်ရင်း မတုန်မလှုပ်ကျောက်ရုပ်သဖွယ် ကျန်ရစ်ခဲ့လေ၏။ စိတ်ထဲကမူ ဟဲရစ်အား "အတော် ညစ်စုတ် ယုတ်မာတဲ့ တိရစ္ဆာန်"ဟု ဆဲဆိုနေမိ၏။ "သြော်၊ လီနာ မျက်နှာညှိုးညှိုးနေတာ ဒါကြောင့်ကိုး။ ဖြစ်မှ ဖြစ်ရလေခြင်း ကလေးမရယ်" လီနာ ဤသို့ဖြစ်ရသည်ဆိုသည်ကို သူ မယုံနိုင်အောင်ရှိ၏။ ရင်ထဲ၌လည်း သနားစိတ်များ ပြည့်သွားသည်။ သို့ရာတွင် ထိုသနားစိတ်မှာ ထူးထူးဆန်းဆန်းပင် အေးနေရုံမျှမက သူ၏ အသည်းနှလုံးတွင် ဖြစ်ပေါ်စဖြစ်ပေါ်ဆဲဖြစ်သော အနွေးဓာတ်ကလေးများကိုပါ ငြိမ်းသွားစေခဲ့လေသည်။ ပေါလ် ကြီးပြင်းခဲ့ရသည့် ဘဝမျိုးကပေးလိုက်သော သီလရှိမှု စင်ကြယ်မှုအရေးထားသည့် စိတ်ကလေးများကြောင့် သူ့မှာ ယခု ကြားလိုက်ရသည့် အဖြစ်အပျက်မျိုးကို သည်းမခံ ခွင့်မလွှတ်နိုင်အောင် ဖြစ်နေပေသည်။ လီနာသည် အပျိုကလေးတစ်ယောက်ကဲ့သို့ တည်ငြိမ်သောဣန္ဒြေ ဆောင်နေခြင်းမှာ သူ့ကိုလှည့်စားဖို့သာဖြစ်သည်ဟု ထင်ရုံသာရှိတော့၏။ ဤကိစ္စမျိုးကို ထိန်ဝှက်၍ထားခြင်းမှာ လိမ်ညာမှု၏ အထွတ်အထိပ် ဧကန်ဖြစ်တော့သည်။ သူသည် လီနာနှင့် မျက်နှာချင်းမဆိုင်မိရန် တမင်ရှောင်၍နေလိုက်၏။ အို ဘုရားသခင်၊ ယနေ့အဖို့ရာ စိတ်ညစ်စရာတွေက ကုန်တောင်းမကုန်နိုင်ပါလား။

ထိုနေ့ညနေပိုင်းတွင် နောက်ဆုံးပေါ်ကကြိုးတီးကွက်များကို ထိုင်၍ တီးနေရင်းက ခံပြင်းသည့်စိတ်များ တလိမ့်ပြီးတလိမ့် တရိပ်ရိပ် တက်လာသည်။ ဆွမ်းပြောသွားသည့်စကား မှန်လှပေတော့သည်။ အစိုးရပိုင်းမှ အကူအညီကို ရမည်ဟု မျှော်လင့်ရခြင်းသည် အချည်းနှီးသာ ဖြစ်သည်။ သူသည် ဤကိစ္စကို တစ်ကိုယ်တည်း ကျဲရတော့မည်။ ကိုယ်တိုင်ကျဲရန်လည်း ကောင်းကင်ဘုံကို တိုင်တည်၍ အဓိဋ္ဌာန်ပြုလိုက်၏။ သူ၏စိတ်ထဲက တင်းမာနေသည်နှင့်အမျှ သူသည် အံကို တင်းတင်းကြိတ်ထားလိုက်သည်။ သူ မရှုံးသေး။ ယခုမှ တိုက်ခါစပင်ရှိသေးသည်။ ဘာတွေ ဘယ်လောက် စွန့်စားရ စွန့်စားရ၊ သူသည် ယခုအခါတွင် တစ်ခုတည်းသော မျှော်လင့်ချက်အဖြစ် လူဝီဇာဘတ်ကို နည်းပရိယာယ်အသစ်ဖြင့် ချည်းကပ်ရတော့မည်။ အာဏာပိုင်တို့က

မာန်ဗူလျာအား ခြိမ်းချောက်၍ တားမြစ်ထားလိုက်လျင် ထားစေ။ လူဝီဇာဘတ်ကိုတော့ ဤသို့လုပ်ရန် အကြောင်းမရှိ။ သူ့ကို မည်သူကမျှ သတိပေး၍ ထားဟန်မတူပေ။

ညနေတွင် သူသည် သူ၏အခန်းသို့ တန်းပြန်ပြီး စာရေးစက္ကူကတ်တစ်ခုနှင့် စာအိတ်တစ်လုံးယူကာ စာတစ်စောင် ရေးလိုက်လေ၏။

*ချစ်သော လူဝီဇာ*

*အရင်တစ်ခါက ချိန်းတုန်းက လွဲသွားရတဲ့အတွက် စိတ်သောကများစွာဖြစ်ရပါတယ်။ ဒါပေမဲ့ အဲဒါ ကိုယ့်အပြစ် မဟုတ်ပါဘူး။ အရင်တစ်ခါ တွေ့ကြပြီးကတည်းက ကိုယ့်မှာ မင့်ကိုချည်း အောက်မေ့နေတယ်။ မင်း ကိုယ့်ကို ခွင့်လွှတ်လိမ့်မယ်လို့လဲ မျှော်လင့်နေတယ်။ ဒီတော့ လာမည့် ဗုဒ္ဓဟူးနေ့မှာ ကိုယ်နဲ့ အုတ်ခုံမှာ လာတွေ့မလား။ ကိုယ့်သူငယ်ချင်းတော့ ပါလာမှာ မဟုတ်ဘူး လူဝီဇာ။ ခုနစ်နာရီလောက် အဲဒီဆိုင်ကို လာဖြစ်အောင် လာခဲ့ပါ။ မင်းနဲ့တွေ့ရမယ့် အချိန်ကို စောင့်မျှော်နေတယ်။ ဒီတစ်ခါတော့ မလွဲသာမရှောင်သာ ပျက်ကွက်သွားရတဲ့ အရင်တစ်ခါလို မဖြစ်စေရဘူးလို့ ကိုယ် အာမခံပါတယ်။*

*သင့်*

*ပေါလ်*

ထိုနောက် နှစ်ရင်အကြာတွင် လူဝီဇာ့ထံမှ အောက်ပါပြန်စာကို ရရှိလေသည်။

*လူကြီးမင်းရှင့်*

*ကျွန်မကလည်း ရှင့်ကို တွေ့ချင်ပါ၏။ သို့သော်လည်း သတိထားပါ။ အိမ်ထဲကို ဉယျာဉ်ထဲကနေပြီး နောက်ဖေးပေါက်အထိ မလာပါနှင့်။ ချိန်းထားတဲ့နေရာကသာ စောင့်နေပါ။ ကျွန်မလာခဲ့ပါမယ်။*

*လေးစားစွာဖြင့်။ အခုတော့ ဒါလောက်ပါပဲ။*

*လူဝီဇာဘတ်*

ပေါလ်လည်း အသံထွက်၍ အော်မိမတတ် ကျေနပ်သွားသည်။ လူဝီဇာဘတ်ကမူ မသိကာမဖြစ်သေး။ သူ့မှာ အခွင့်အလမ်းရှိသေးသည်။ ဗုဒ္ဓဟူးနေ့သို့ရောက်အောင် စိတ်ရှည်လက်ရှည်စောင့်ရ၏။ လွန်ခဲ့သည့် လေးဆယ့်ရှစ်နာရီအတွင်းက သူ့မှာ ဘာလီလွှတ်တော်တွင် တင်ခဲ့သည့် အဆိုကြောင့် အာဏာပိုင်တွေနှင့် ရင်ဆိုင်နေရဦးမည်လားဟု ပူပန်၍ နေခဲ့ရသည်။ ယခုမူ ကူရီယာ သတင်းစာ၌ပါလာသည့် သူ့အဖေအကြောင်း သတင်းတိုကလေးကို အာဏာပိုင်များ သတိမပြုမိကြဟု ယုံကြည့်ကာ စိတ်သက်သာရာရသွားသည်။

ဤသို့ ယုံကြည်လိုက်ခြင်းမှာ စင်စစ် သူ၏ အမှားသာဖြစ်ချေသည်။

*

## အခန်း – ၁၈

လုဝီဇာထံမှ ပြန်စာကို ပေါလ်ရသည့် နံနက် ထိုအချိန်လောက်မှာပင် အသက်လေးဆယ့်ငါးနှစ်ခန့် ရုပ်ရှင်မင်းသားလို မျက်နှာပေါ်ပေါ်၊ ခါးခပ် တုတ်တုတ်နှင့် ခန့်ညားသည့်အသွင်ရှိသော လူတစ်ယောက်သည် နံနက်စာစားပြီးသောအခါ သူ၏အိမ်ရှိ နံနက်ဆောင်ပြတင်းပေါက်အနီး၌ ရပ်ကာ မြက်ခင်းကျယ်နှင့် အလုပ်စိုက်ပန်းဥယျာဉ်ဘက်သို့ ငေးစိုက်ကြည့်နေလေသည်။ ကပ်လျက်အခန်းမှ အမျိုးသမီးနှစ်ယောက် စိန့်ဝင်နီဖရက်ကျောင်းမှ မြင်းပြပွဲသို့သွားရန် ပြင်ဆင်ရင်း စကားပြောနေကြသည့်အသံနှင့် တစ်ချက်တစ်ချက်တွင် ရယ်ရယ်မောမောနှင့် ဝင်၍ထောက်ပေးနေသည့် သူ့ဇနီးကကက်သရိန်း၏ ခပ်အေးအေးအသံကို ကြားနေရ၏။ မိသားစု ဤမျှ စည်းလုံးပျော်ရွှင်လျက်ရှိသော်လည်း ဆာမက်သယူး စပရောက်မှာကား စိတ်တိုလျက် ရှိလေ၏။

ကောင်းစွာခင်းကျင်းထားသည့် စားပွဲကိုသိမ်းရန် အစေခံအမျိုးသမီးဝင်လာသောအခါ သူ၏အတွေးများ အမျှင်ပြတ်သွားပြီး လက်အောက်ငယ်သားများအတွက်သာထားသည့် မျက်စောင်းဖြင့် တစ်ချက်လှမ်းကြည့်ကာ အိမ်အထွက်စင်္ကြံဆီသို့လာခဲ့၏။ တံခါးဝတွင်ကား သူ့သမီးများနှင့်ဇနီးတို့မှာ သွားရန်အသင့်ဖြစ်နေကြပြီး လည်ပင်းတွင် အညိုရောင်သားမွေးနကလေးများကွပ်သည့် သားမွေးနအင်္ကျီဝတ်ကာ လက်အိတ်အရှည်ကို ဆွဲဆန့်နေပြီဖြစ်သော သူ့ဇနီးမှာ ထူးထူးခြားခြားချစ်စရာကောင်း၍ နေပေသည်။။ သမီးနှစ်ယောက်မှာလည်း သေသပ်သော မြင်းစီးဘောင်းဘီ၊ ကတ္တီပါ ဂျော်ကီဦးထုပ်တို့ကို ဝတ်ဆင်ကာ မနှစ်က နာတာလူးပွဲအတွက် သူ လက်ဆောင်ပေးထားသော ရွှေကွပ်သည့် မြင်းရိုက်ကျာပွတ်ကလေးများ ကိုင်ထားကြသည်။ အကြီးမမှာ ဆယ့်ခြောက်နှစ်ပြည့်ပြီးဖြစ်၍ သေးသေးသွယ်သွယ် ညိုညိုညက်ညက် သူ့အမေကဲ့သို့ပင် ကျနေ့ရှိသူဖြစ်သည်။ ဖြူဖြူတုတ်တုတ်နှင့် ဖအေချစ်သော သမီးအငယ်မှာ ဆယ့်နှစ်နှစ်ထဲသို့ ဝင်ခါစဖြစ်၏။

သမီးနှစ်ယောက်က ဘေးတစ်ဖက်တစ်ချက်မှ တွယ်ကပ်ကာ သူတို့နှင့် လိုက်ခဲ့ပါဟု ပူဆာပြီး သူ့ဇနီးက ဘေးမှရပ်ကြည့်ရင်း ပြုံးကာ "ဟုတ်သားပဲ မောင်ရယ်။ အလုပ်တွေချည့် ဖိလုပ်နေခဲ့တာ ကြာပြီပဲ။ အပန်းဖြေရင် လိုက်ခဲ့ပါလား" ဟု ဝင်ပြောနေတော့ သူ့မျက်နှာတွင် တင်းမာမှုအတန်ငယ်လျော့သွားသည်။

သူ့ဇနီးကား အသားဖြူဖြူ၊ နနယ်ပါးလျသည့် ကိုယ်ကာယတွင် မျက်နှာသွယ်သွယ်နှင့် ချစ်စဖွယ်ချိုပြုံးသောမျက်နှာရှိသူဖြစ်၏။ အသက်လေးဆယ်တွင် မျက်နှာအသွင်အပြင်ပြေပြေပြစ်လျက် အဆက်အပေါက် မတုတ်ခိုင်သေးသူဖြစ်သဖြင့် ကျောင်းသူကလေးတစ်ယောက်နှင့်ပင် တူနေပေသည်။ သို့ရာတွင် သူ့မှာ ကပ်တွယ်နိုပ်စက်လျက်ရှိသော ရောဂါဝေဒနာတစ်ခုခုနှင့် အမြဲတစေ နပန်းလုံးနေရလာသူပမာ ယှဲ့ယှဲ့ကလေးမျှသာဖြစ်၏။ အသားအရေဖြူဖွေးကြည်လင်၍ ရှည်လျားသွယ်ပျောင်းသော လက်ချောင်းများရှိသူ ဖြစ်လေသည်။

သူ့ဇနီးအား ပွင့်လင်းချစ်ခင်စွာ စိုက်ကြည့်ရင်း စပရောက်သည် အကျင့်ပါနေသည့်အတိုင်း သူ့နှုတ်ခမ်းမွေးများကို လက်ညှိုးဖြင့် သပ်လိုက်သည်။ ထို့နောက် သူက ရယ်သွမ်းသွေးရင်း "မင်းနဲ့ချည်း လျှောက်လည်နေရင် ပိုက်ဆံရအောင် ဘယ်သူက ရှာမလဲကွယ့်" ဟု ခပ်ချိုချိုငြင်းလိုက်သည်။

ဇနီးနှင့် သားသမီးများထွက်ရန် အိမ်ရှေ့တံခါးကို သူက ဖွင့်ပေးလိုက်၏။ အိမ်ရှေ့ကားဝင်လမ်းတွင် မှန်အလုံပိတ်ကားတစ်စီးသည် ကားမောင်းသူနှင့် အဆင်သင့်စောင့်နေ၏။ မကြာမီ သူတို့အားလုံး ကားထဲသို့ ဝင်ထိုင်မိကြပြီး ကားထွက်သွားတော့ ကက်သရင်းက သူ့အား နောက်မှန်ထဲမှ လက်ပြသွားသည်။

စပရောက်လည်း စာအုပ်စင်များထားသည့် အခန်းကိုဖြတ်၍ သူ၏ စာဖတ်ခန်းဆီသို့ ခပ်ဖြည်းဖြည်းလျှောက်လာရင်း အနည်းငယ်မျက်မှောင်ကြုတ်ကာ လက်ရာအကောင်းဆုံး သူ၏ပုံတူကားကို ခဏမျှရပ်၍ အမှတ်မထင် ငေးကြည့်နေမိသေး၏။ ဤအိမ်ကြီးကား ခမ်းနားကြီးကျယ်ပေသည်။ လွန်ခဲ့သည့် ဆယ်နှစ်ကာလအတွင်း သူသည် အကောင်းကြိုက်တတ်သည့် ဗီဇပါသောသူ့ဇနီး၏ ဦးဆောင်ညွှန်ပြမှုဖြင့် အကောင်းဆုံး အညွှန့်ဆုံးဖြစ်အောင် ဆင်ပြင်ခဲ့သည်။ သူသည် သူ၏အလှအပပစ္စည်းများကို မြတ်နိုးခဲ့သည်။ ပန်းအလှထိုးမီးအိုးနှင့် ကုလားထိုင်များ၊ အိုဗူဆိုကော်ဇောကြီးများ၊ ရိဒန်၏ ပန်းပုလက်ရာများ၊ မေယို၏ ကြေးသွန်းရုပ်များနှင့် ကွန်စတေဗယ်၏လက်ရာ ရှုမျှော်ခင်း ဆီဆေးကားနှစ်ကား။ ဤပစ္စည်း ပစ္စယများသည် သူ့ဘဝ၏ အောင်မြင်မှုများကို မလွဲမသွေ ဖော်ပြနေကြပေသည်။

မက်သယူးစပရောက်သည် လူ့အဖွဲ့အစည်းတွင် အနိမ့်ကျဆုံး အစုတ်ပြတ်ဆုံး အဆင့်မှနေ၍ သူပြောလေ့ရှိသည့်စကားအတိုင်း 'သုညထက်နည်းသည့်အခြေ' မှနေ၍ သူ၏ လုံ့လဝီရိယသက်သက်ဖြင့် တက်လာရသူ ဖြစ်လေသည်။ ငယ်စဉ်က မိဘမဲ့ကလေးအဖြစ် သူ၏အဒေါ်က သူ့အား ကြီးပြင်းအောင် ကျွေးမွေးပြုစုခဲ့ရသည်။ သူ၏အဒေါ်မှာ ပိန်ပိန်ခြောက်ခြောက် ခုံဖိနပ် တဂေါက်ဂေါက်နှင့် တဘက်တစ်ထည် ပခုံးတွင်တင်ကာ နော်တင်ဟမ်အနီး ဂက်စဟီးဒေသ ဆင်းရဲလှသော ကျောက်မီးသွေးတွင်းများတွင် မီးသွေးကျုံးကာ ဝမ်းစာရှာရသူဖြစ်၏။ အစမှစ၍ ညစ်ပတ်စုတ်ပြတ်လှသော ပတ်ဝန်းကျင်ဖြင့် မီးသွေးတွင်းအလုပ်သမားတန်းလျားရှိ ညစ်ပတ်လှသော တစ်ခန်းအိမ်ကလေးတွင် အရိုက်အနှက်အကန်အကျောက်ခံ၍ ကြီးပြင်းခဲ့ရလင့်ကစား မက်သယူးစပရောက်တွင် 'အောင်မြင်ကြီးပွားရမည်' ဆိုသည် တစ်ခုတည်းသော ဆန္ဒက သူ့ဘဝကို စိုးမိုးချယ်လှယ်ခဲ့သည်။ သူ၏လက်သုံးဖြစ်သော 'ငါကြီးပွားရမည်၊ ကြီးပွားရမည်၊ ကြီးပွားရမည်' ဆိုသည့် စကားများကို သူ၏နှလုံးသားတွင် ဖျောက်ဖျက်၍ မရနိုင်လောက်အောင် ထွင်း၍ထားလိုက်လေသည်။

ကိုယ်ဒူးကိုယ်ချွန်ကြီးပွားရသူများစွာ၏ ဘဝဖြစ်စဉ်တွင် တွေ့ရတတ်သကဲ့သို့ သူတက်ခါစကဆိုလျှင် ထုံးစံအတိုင်း အလုပ်ကို အသေအလဲကြိုးစားလုပ်ကိုင်ခြင်း၊ အခါကောင်းအခွင့်ကောင်း ရရှိခြင်းတို့ကို တွေ့ရပေမည်။ သူက လူတော်ဖြစ်သည်။ စာကြီးပေကြီးချစ်တတ်သော ဂတ်စဟီးကျောင်းဆရာမကြီးက သူ့အား ညညတွင်ခေါ်ကာ အခမဲ့စာသင်ပေးခဲ့သည်။ သူ ဆယ့်လေးနှစ်သားအရွယ်တွင် ကျောက်မီးသွေးတွင်းသို့ ဆင်း၍ အလုပ်မလုပ်ဘဲ ဝေ့တလေသို့ ထွက်ပြေးကာ ရုံးလုလင်ဝင်လုပ်ခဲ့သည်။ထိုမှတဆင့် ဥပဒေဆိုင်ရာ ပုံနှိပ်နှင့် စာရေးဖြစ်လာသည်။ ဤတွင် သူသည် တရားရုံးများ ဖွဲ့စည်းလုပ်ကိုင်ပုံကို ပထမဆုံးအကြိမ် သိခွင့်မြင်ခွင့် ရလာသည်။ ခမ်းနားလှသည့် တရားရုံးအဆောင်အယောင်တို့ကိုမြင်ပြီး အားကျလှသဖြင့် အချိန်ပိုတွင် စာကိုဖိ၍ကြိုးစားလေရာ များမကြာမီပင် နာမည်ကြီးရှေ့နေတစ်ဦးဖြစ်သူ တွမ်းမတ်ဟေလီထံတွင် အလုပ်သင်အကူစာရေး ဖြစ်လာပြန်လေသည်။

ဥပဒေဆိုင်ရာဘက်ကို စပရောက် ရွေးချယ်လိုက်ခြင်းမှာ ဝါသနာပါလှသောကြောင့်လည်း မဟုတ်။ သူ့ဘဝနှင့် ကိုက်ညီလှသောကြောင့်လည်း မဟုတ်။ တန်ခိုးအာဏာရှိရာ ထိရောက်အောင်တက်နိုင်သည့် အခွင့်အရေးများကို ဥပဒေဆိုင်ရာကသာ ပေးနိုင်သည်ကို သူသိသောကြောင့် ဖြစ်လေသည်။ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော သူ့ဆရာကြီးတွင် သူမရှိလျှင် မဖြစ်အောင် သူက ကြိုးစားပြီးလုပ်ထားသည်။ သို့ရာတွင် သူ့မှာ သူ့ဆရာကြီးဟေလီထံတွင် လက်ထောက်အဖြစ် တစ်သက်လုံးလုပ်သွားရန် ရည်ရွယ်ချက် မရှိပါ။ အလုပ်သင် ငါးနှစ်ပြီးဆုံး၍ ဥပဒေစာမေးပွဲများ အောင်မြင်ပြီးသောအခါ ကောင်းစွာမကျန်းမာတော့သဖြင့် သူ့အပေါ်တွင် အတော်ကလေးအားထားနေရရှာသော သူ့ဆရာအား ဒုက္ခတွေတစ်လှေကြီးနှင့် ပစ်ထားခဲ့ကာ သူ့ဘာသာသူ လုပ်ငန်းဖွင့်လေတော့သည်။ ဘာအရေးလဲ။ မက်သယူး စပရောက်သည် များမကြာမီပင် ဝေ့တလေအုပ်ချုပ်ရေးအကြီးအကဲ၏ လက်ထောက်ဖြစ်လာလေသည်။

သူက ဥပဒေအကျိုးဆောင်၊ အောက်ရုံးများတွင် အမှုအသေးအဖွဲ့ကလေးများ၊ မသင်္ကာဘွယ် သေဆုံးမှုများအတွက် စုံစမ်းစစ်ဆေးရေးများ၊ တရားခုံရုံးများတွင် တရားသူကြီးများကို ကူညီလုပ်ကိုင်ရခြင်း၊ အမိန့်စာချွန်များကို ဆောင်ရွက်ရခြင်း၊ ဂျူရီအဖွဲ့ ဖွဲ့ပေးရခြင်းစသည့် အလုပ်မျိုးနှင့် ရာထူးငယ်ကလေးမျှသာ ဖြစ်သည်တော့ မှန်ပါသည်။ သို့ရာတွင် ဘုရင်မင်းမြတ်၏ အမှုတော်ထမ်း အလုပ်ဖြစ်၍ သူ၏အဓိကရည်မှန်းချက်ရှိရာသို့ တက်ရာတွင် ပထမဆုံးလှေကားထစ်ဖြစ်လေသည်။ သူ၏အလုပ်တာဝန်များကို အင်တိုက်အားတိုက်ဆောင်ရွက်ရင်းက တစ်ဖက်တစ်လမ်းအားဖြင့် သူသည် တရားမဥပဒေ၊ အများပြည်သူဆိုင်ရာဥပဒေနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတို့ကို မိမိဘာသာ လေ့လာလိုက်စားခဲ့၏။ ပြည့်စုံသောအခါ သူ၏ရှေ့နေလိုက်ခွင့်ကလေးများကို ခြစ်ခြုပ်စုကာ သူ၏အမည်ကို ရှေ့နေစာရင်းမှ ပယ်ဖျက်ပေးရန် လျှောက်ထားလိုက်ပြီး ဝတ်လုံတော်ရဖြစ်ရန် စာရင်းသွင်းလိုက်၏။ ထို့နောက် သူ ဝတ်လုံတော်ရ ဖြစ်လာလေသည်။

သူ ဆောင်ရွက်ရသည့် အလုပ်တာဝန်၏ကြီးလေးမြင့်မားမှုကို သူ သိပါသည်။ သူ့မှာ ပိုက်ဆံ သိပ်မရှိ၊ အဆက်အသွယ်လည်း သိပ်မရှိသဖြင့် လပေါင်းများစွာ အမှုမရသည့် ဝတ်လုံတော်ရအဖြစ် တရားရုံးများတွင် လှည့်လည် သွားလာနေခဲ့ရ၏။ ထိုနောက် တရားရုံးချုပ်တွင် မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ဤရာထူးကို သူလက်ခံလိုက်သော်လည်း ခေတ္တနားခိုရုံမျှသာဖြစ်၏။ တန်ခိုးရှိသူတို့အား အသုံးတော်ခံရုံမျှသာဖြစ်၏။ တဖြည်းဖြည်းနှင့် သူသည် ဉာဏ်ရှိသူ၊ အလုပ် အထူးကြိုးစားသူ၊ ရာဇဝတ်ပြစ်မှုဆိုင်ရာ ဥပဒေများတွင် အထူးကျွမ်းကျင်သူဟူ၍ လူသိများလာခဲ့သည်။ ထိုမျှသာမက သူသည် အပြောအဟောကောင်းသူ၊ နာအောင်ဖြစ်စေ၊ အပျော်အပြက်ဖြစ်စေ အခါအခွင့်ကိုလိုက်၍ စကားအချေအပကောင်းသူ၊ ဂျူရီလူကြီးများ၏ စိတ်လှုပ်ရှားမှုကို အခွင့်ကောင်းယူ၍ လှည့်ပတ်သည့်နေရာတွင် ပါရမီရှင်တမျှ ကျွမ်းကျင်သူဟူ၍လည်း နာမည်ကြီးခဲ့သည်။ ၁၉၁၀ ခုနှစ်တွင် ပါလီမန်ရွေးကောက်ပွဲများ ကျင်းပသောအခါ သူသည် ဝေါ့တလေကွန်ဆာဗေးတစ်ပါတီအမတ်လောင်း ဆာဟင်နရီလောင်းဒင်းအတွက် အင်တိုက်အားတိုက် ပါဝင်စည်းရုံးကာ စင်မြင့်ထက်မှတက်၍ နာရီမလပ် ဟောပြောခဲ့သည်။ ဆာလောင်းဒင်း အရွေးခံရသောအခါ စပရောက်လည်း မကြာမတင်ပင် ဆုတော် လပ်တော်ရလေ၏။ သူ့အား ဝေါ့တလေမြို့တော်၏ သမာဓိမြို့ဝန် ခန့်အပ်လိုက်လေသည်။

သူ့နယ် သူ ပြန်ရောက်လာသောအခါ လစာရိက္ခာနည်းသော်လည်း ဥပဒေအရာရှိကြီးအဖြစ် သူ၏ဩဇာအာဏာသက်ရောက်ရာ နယ်ပယ်ကား များစွာကျယ်ဝန်းလာခဲ့လေသည်။ ဤသို့လျှင် စပရောက်သည် ဝေါ့တလေတွင် ငါးနှစ်မျှ အပင်တပန်းအလုပ်လုပ်ခဲ့သည်။ သူ ရုံးထိုင်သည့် သုံးလပတ်ရုံးရက်များတွင် မြို့တော်၏ ကြွေးပေးစရာရှိသူများ၊ ဒုစရိုက်သမားများနှင့် ရာဇဝတ်မှုကျူးလွန်သူများသည် စပရောက်ဟော့ ဟုဆိုလျှင် ဖိန့်ဖိန့်တုန်အောင် ကြောက်ကြလေ၏။ သူ့အဖို့ အသုံးဝင်မည့်လူများဆိုလျှင် သူက ပါးနပ်လိမ်မာစွာ မွေးထားတတ်ပြီး သူ့အလိုနှင့် အဆင်သင့်နေသည့်အခါဆိုလျှင် ကမ္ဘာပေါ်တွင် သူ့ထက်ကောင်းသည့် မိတ်ဆွေ မရှိသလောက်ဖြစ်၏။ သို့ရာတွင် သူက အလုပ်ကိုကြိုးစားရသလောက် ထိရောက်မှုမရှိ၊ တိုးတက်မှု မပြဘဲ ရှိလေသည်။ ထိုကာလအတွင်း သူ အိမ်ထောင်ပြုခဲ့သည်ဖြစ်ရာ သူ့ဇနီးသည်မှ သူ့အား ချော့မော့ဖျောင်းဖျ၍သာ နေရသည်ဟု ဆိုလေသည်။ သူ မကြီးပွားတော့ဘူးလား၊ မကြီးပွားတော့ဘူးလား၊ မကြီးပွားတော့ဘူးလား။

တောပိုင်းကအရာရှိအရာခံအဖြစ် အရိုးထုတ်ရတော့မည်ကဲ့သို့ရှိစဉ် တနေ့သ၌ နတ်သိကြားများက စောင်မလိုက်သည့်အလား သူ့အဖို့ ထူးခြားသော အခွင့်အရေးကြီးတစ်ရပ် ပွင့်လင်း၍ လာခဲ့လေ၏။ ဤကား အခြားမဟုတ်။ လူတိုင်း စိတ်ဝင်စားလျက်ရှိသော လူသတ်မှုကြီးတစ်မှုသည် မြို့နယ်တရားရုံးတော်တွင် စစ်ဆေးစီရင်ရန် ရောက်ရှိလာခြင်းပင် ဖြစ်လေသည်။ အမှုကို စတင်ကြားနာခါနီးအချိန်တွင်မှ ရုံးအမှုလိုက်ဌာနမှ ငှားရမ်းထားသည့် ရှေ့နေကြီးသည် အပြင်းအထန်ဖျားလေသည်။ ထိုဒေသရှိ အခြားသောရှေ့နေများကလည်း မအားလပ်ကြ။ အမှုကို ရက်ရွှေ့ဆိုင်းမည့်အစား အာဏာပိုင်များက ဤအမှုတွင် မက်သယူးစပရောက်အား အစိုးရဘက်မှ လိုက်ပါဆောင်ရွက်စေရန် ဆုံးဖြတ်လိုက်ကြလေသည်။

ဤကား သူ့ဘဝတက်လမ်းတလျှောက်၏ ထူးခြားသော မှတ်တိုင်တစ်တိုင်ပေတည်း။ သူ၏နားထဲတွင် "မင်း၊ ကြီးပွားတော့မယ်၊ ကြီးပွားတော့မယ်၊ ကြီးပွားတော့မယ်။ ဒါ မင့် အခွင့်အရေးပဲ" ဟု အသံတစ်သံက ဝမ်းသာအားရ ပြောနေသံကို သူ ကြားနေရပြီး သူလည်း ခြေစုံပစ်ကာ သူလက်လှမ်းမီရာ လက်နက်ကိရိယာစုံ အသုံးပြုလျက် ရီးစ်မက်ထရီကို ရုံးတင်၍ တရားစွဲရာတွင် မက်သယူးစပရောက်လည်း အစွမ်းရှိသမျှ တအားကျဲလေတော့သည်။

ရှစ်လမကြာမီ သူသည် သမာဓိမြို့ဝန်ရာထူးမှထွက်လိုက်၏။ ဝေ့တလေနှင့်လန်ဒန် အမြန်ရထားပို့ဆောင်ရေးက အထူးကောင်းမွန်လှသဖြင့် သွားရေးလာရေးလွယ်ကူနေသောကြောင့် ဝေ့တလေ အိမ်မှာပင် ဆက်နေပြီး လန်ဒန်မြို့ရှိ ဝတ်လုံများအဖွဲ့တွင် ရုံးဖွင့်သည်။ နောက်နှစ်နှစ်ကြာသောအခါ သူသည် ဘုရင့်အတိုင်ပင်ခံ ဥပဒေအဖွဲ့ဝင်ဖြစ်လာသည်။ နုစဉ်အခါက အလေ့အကျင့်ကောင်းခဲ့သောကြောင့်တစ်ကြောင်း၊ ဆေးပညာဆိုင်ရာ ဥပဒေများတွင်လည်း ကျွမ်းကျင်လိမ်မာသူဖြစ်၍တစ်ကြောင်း အစိုးရဘက်မှ အမှုများလိုက်ပါဆောင်ရွက်ရန် မကြာခဏတာဝန်ပေးအပ်ခြင်းခံရကာ ထိုတာဝန်များကို အထူးကျေပွန်စွာ ဆောင်ရွက်ခဲ့သူဖြစ်၍ ၁၉၃၃ ခုနှစ်တွင် ဘုရင်မင်းမြတ်က သူကောင်းပြုခြင်းခံရလေသည်။ အသက်လေးဆယ့်ငါးနှစ်တွင် အရွယ်ကောင်းတုန်း သန်မာတုန်းဖြစ်၍ သူ၏ကြီးပွားလိုစိတ်က တက်ကောင်းတုန်း။ အောင်မြင်မှုက ပင့်ပေးလိုက်တော့ သူ့မှာ မြင့်သည်ထက် မြင့်သည့်နေရာများအထိ တက်ရန် တာစူလျက် ရှိပြန်လေသည်။ သူ ဝေ့တလေမှာ ဆက်နေဖို့ စိတ်ကူးခဲ့ခြင်းအတွက် ယခုအခါ အကျိုးအမြတ်ထွက်လာခဲ့ပြီဖြစ်၏။ သူသည် လာမည့်ရွေးကောက်ပွဲတွင် သေချာပေါက်တစ်နေရာအဖြစ် ဂျော့ဘာလီ၏နေရာ၌ ဝေ့တလေမဲဆန္ဒနယ်မှ ကွန်ဆာဗေးတစ်ပါတီ အမတ်လောင်းအဖြစ် အရွေးခံရန် တောင်းပန်ခြင်းခံရပြီဖြစ်သည်။ လွှတ်တော်သို့ရောက်လျှင် နိုင်ငံတော်ရှေ့နေချုပ်ရာထူးကိုရရန် သိပ်အလှမ်းမဝေးတော့။ ထိုနောက် အချိန်မီပင် တရားသူကြီးချုပ် မဖြစ်နိုင်ပါသလော။ နောက်ဆုံးတချိန်တွင် နိုင်ငံတော်တစ်ခုလုံးတွင် အထွတ်အထိပ် ဥပဒေအရာရှိဖြစ်သော တရားဝန်ကြီးချုပ်အဖြစ် အထက်လွှတ်တော်တွင် ထိုင်ရဖို့ ရှိလေသည်။

ဤသို့ တဟုန်ထိုး ထင်ရှားကျော်ကြားလာခဲ့ရာတွင် သူ့အဖို့ 'ရက်စက်မှ ကြေကွဲ၊ ရဲမှ မင်းဖြစ်' ဆိုသည့် စကားအတိုင်း ရက်စက်ခဲ့ရသည့် အခါများလည်း ရှိပေသည်။ အောင်မြင်မှုအတွက် လိုအပ်သည့် အရည်အချင်းများနှင့် ပတ်သက်၍ စပရောက်တွင် ဘာမှ တောင်တောင်အီအီ တွေးနေစရာမရှိ။ ဘဝဟူသည် ခံနိုင်ရည်အရှိဆုံးတို့သာ ကျန်ရစ်မည့် အကြိတ်အနယ်တိုက်ပွဲကြီးမျှသာ ဖြစ်ပေသည်။ သူ တန်ခိုးအာဏာရလာသည်နှင့်အမျှ မျက်နှာထားက ပို၍တင်းလာသည်။ လေသံက ပို၍ခက်ထန်လာသည်။ ဘာပဲလုပ်ရလုပ်ရ အထက်လွှာ နိုင်ငံရေးအသိုင်းအဝိုင်းသို့ ဝင်ဆံအောင် သူ့ကိုယ်သူ ဂုဏ်တင်သည့်အနေဖြင့် သူ့အတွက် အသုံးမလိုတော့သည့် လူတစ်ယောက်ကို ဖယ်ထုတ်ခြင်း၊ တစ်ခါက သူခယဝပ်တွားမြှောက်ပင့်၍ စကားပြောခဲ့ရသူများကို မသိသလိုမမြင်သလို ရှောင်သွားခြင်း စသည့် အတတ်ပညာများကို ကောင်းစွာလေ့လာတတ်မြောက်ခဲ့သည်။ သူသည် သူ၏ပြိုင်ဘက်များထက် အမြဲတစေ ခြေတစ်လှမ်းသာ၍နေအောင် လုပ်တတ်သည့် အရည်အချင်းရှိသူအဖြစ် ထင်ရှားနေစေရန် သူ၏အစွမ်းအစကို အမြဲပြကာ တန်ခိုးအာဏာကိုလည်း ကြောက်စရာကောင်းလောက်အောင် သုံးသူ ဖြစ်လေသည်။

သူ့မှာ လူမုန်းများလာသည်။ သူ တဖြည်းဖြည်း နာမည်ကြီးလာသည်ကို သူ မသိမဟုတ်။ သိသည်။ သူသည် ခေတ်အလိုက်အခါအလိုက် အလိုက်သင့်နေတတ်ပြီး အထက်ပင့်အောက်ဖိ လုပ်တတ်သူဖြစ်လေရာ သူ့အဆင့်အတန်း တစ်ခါတက်တိုင်း သူ့အောက်ကလူ၏ မျက်နှာကို ခြေဖြင့် ကန့်လန့်နင်း၍တက်သည်ဟု ပြောကြသည်။ အချို့လူများကို အတော်နစ်နာအောင် လုပ်ခဲ့သည်ဟုလည်း စွပ်စွဲကြသည်။ အထူးသဖြင့် အစိုးရရှေ့နေအဖြစ် သူ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်၍ ရုံးတော်အား တရားလမ်းကြောင်းဖြောင့်မှန်မှုအတွက် လမ်းညွှန်မှုပေးသည့်တွင် သူ၏ ပင်ကိုယ်အရည်အသွေးအစွမ်းအစများကို လိုအပ်သည်ထက် ပို၍ ပြတတ်သည်ဟုလည်း ဆိုကြသည်။ ယခု သူ၏စာဖတ်ခန်းထဲတွင် စိတ်ဂဏှာမငြိမ်နိုင်ဘဲ ရှေ့လျှားသွားလာနေရင်းက သူ၏မျက်နှာမှာ အိုသည်ထက် အို၍လာခဲ့သည်။ နောက်ဆုံးတွင် သူ

စိတ်ပြိုငြင်နေရခြင်း၏ အကြောင်းရင်းကို စဉ်းစားလိုက်၏။ မှန်ပါသည်။ အောက်လွှတ်တော်၌ ကောက်ကာငင်ကာ တင်သွင်းလိုက်သည့် ထိုပြဿနာသည် သူ့အား တနုံ့နုံ့ဒေါသထွက်စေအောင် ဖန်တီးလိုက်သကဲ့သို့ ရှိသည်။ ဂျော့ဘာလီကတော့ အရှုံးပဲ ထားလိုက်ပါတော့။ သူ့အား ပါတီအကြီးအကဲများကလည်း အပြင်းအထန် သတိပေးထားလိုက်ပါပြီ။ ထိုမျှသာမက နိုင်ငံတော် အတွင်းဝန်ချုပ်က မဖွယ်မရာ ဤကိစ္စကို အစကတည်းက တင်းတင်းမာမာ ပိတ်ပင်ထားလိုက်ပါပြီ။ သို့သော် ဤကိစ္စနှင့် ပတ်သက်၍ အခြားတွေးတောစရာတွေကတော့ အတော်ပင် ကသိကအောက် ဖြစ်ရပေသည်။ အချို့သော သီးသန့်အသိုင်းအဝိုင်းတွင် ဤကိစ္စကို အတော်ကလေး ပြောဆိုဝေဖန်လျက်ရှိကြသည်။ သူ့ ချစ်ဇနီးပင်လျှင် တစ်နေရာမှ ကြားလာခဲ့၍ ယမန်နေ့ညနေက သူတို့ နှစ်ယောက်တည်းရှိကြစဉ် သူ့ကို အမှတ်မထင်မေးခဲ့သေးသည် မဟုတ်လား။

ဆဲတတ်ဆိုတတ်သူ မဟုတ်ခဲ့သော်လည်း စပရောက်သည် ခပ်တိုးတိုးကလေး ဆဲရေးနေမိသည်။ သူ့ဘဝတွင် တကယ့်စေတနာမေတ္တာဖြင့် နှစ်နှစ်ကာကာချစ်သည့် အချစ်ရှိသည်ဆိုလျှင် သူ့မိသားစုကိုချစ်သည့် အချစ်၊ အထူးသဖြင့် သူ့ဇနီးကို ချစ်သည့်အချစ်သာရှိ၏။ သူ့ဇနီးမှာ ဝေါ့တလေ ဆရာဝန်တစ်ယောက်၏ သမီးမျှသာဖြစ်၍ သူ့အတွက် ငွေကြေး၊ ရာထူးရာခံ မပါခဲ့။ ကက်သရင်းကို လက်ထပ်လိုက်ခြင်းမှာ တစ်သက်တွင် သည်တစ်ခါဆိုသလို စပရောက်စရိုက်နှင့် မကိုက်ညီသောအလုပ်ကို လုပ်လိုက်ခြင်းပေတည်း။ သို့ရာတွင် သူ့ဇနီးက သိမ်မွေ့သော အိမ်သူချစ်ဖော် ဖြစ်လာခြင်း၊ သဘောဖြူအနောဖြူအပြုံးရှင် ဖြစ်လာခြင်းတို့မှာ သူ့မျှော်လင့်ထားသည်ထက် ပိုလာသော ရလာဒ် ဖြစ်ခဲ့ပေသည်။ သူ့မှာ မိတ်ဆွေဟူ၍ မရှိ။ သူ့ဇနီးသည် သူ့အား အမြဲအထင်ကြီးသည်၊ သူ့ဘက်က အမြဲရပ်တည်သည် ဆိုသည့်အသိဖြင့် သူသည် အခက်အခဲပေါင်းများစွာကို ကျော်လွှားနိုင်ခဲ့သည်။ သူ၏နာမည်ကို ထိခိုက်လာလေမည်လားဟု သံသယဖြစ်လာသည်တွင် ဤကိစ္စကို သူ၏ဇနီးသည်က မည်သို့မြင်လေမည်နည်းဟူသော အတွေးများက သူ့အားနှိပ်စက်လျက်ရှိသောကြောင့် ယခု သူ တစ်ခုခုလုပ်ရန် ဆုံးဖြတ်လိုက်ရခြင်းဖြစ်၏။

ယတိပြတ် ဆုံးဖြတ်ချက် တစ်ခုခုချလိုက်သည့် အမူအရာဖြင့် သူသည် တယ်လီဖုန်းကို ကောက်၍ ကိုင်ကာ ဝေါ့တလေပုလိပ်အဖွဲ့ဌာနချုပ် နံပတ်ဖြစ်သော ဗဟို – ၁၂၃၄ ကို ခေါ်လိုက်လေ၏။

*

**အခန်း – ၁၉**

ထိုနောက် ဆယ်မိနစ်ကြာသော် ဝေါ့တလေပုလိပ်မင်းကြီးဒေးသည် သူ၏ထူထဲသော ငွေချည်တံဆိပ်များနှင့် ယူနီဖောင်းကို ကောက်၍ဝတ်လိုက်ပြီး ပန်းခြံကိုဖြတ်ကာ တောအုပ်ကုန်းဘက်ဆီသို့ လမ်းလျှောက်၍ လာခဲ့လေ၏။

သူသည် အလုပ်ကပေးထားသော မော်တော်ကားကို မသုံးဘဲ လမ်းလျှောက်ရခြင်းကို ပိုမိုနှစ်သက်သူဖြစ်သည်။ အနောက်စွန်းကို သူ ဖြတ်၍လျှောက်လာစဉ် လူတွေက သူ့အားအရိုအသေပေးကြမည်။ သူ့လက်အောက်က အရာရှိများက သူ့အား အလေးပြုကြမည်၊ ဒါကို မြင်သူကပါ လေးလေးစားစား လှမ်းကြည့်လိုက်ကြမည်။ သူလာနေသည်ကိုမြင်လျှင်ပင် ပန်းခြံထဲတွင် တံမြက်စည်းလှည်းသူကအစ ပျာပျာသလဲ ဖြစ်ကုန်ကြသည်။ သူက ဒါမျိုးကို ကြိုက်တတ်သည်။

တောအုပ်ရှိ စပရောက်၏အိမ်သို့ရောက်သော် နီညိုရင့်ရောင်ဝတ်စုံနှင့် အစေခံအမျိုးသမီး ခပ်ကြီးကြီးတစ်ယောက်က သူ့အား အဝင်စင်္ကြံလမ်း၏ လက်ျာဘက်ရှိ သီးသန့်စာကြည့်ခန်းထဲသို့ ခေါ်သွားသည်။ အမျိုးသမီးကြီးက အထက်တန်းစားအစေခံတို့၏ လေသံဖြင့် ယခုပင် ဆာမက်သယူး လာတွေ့ပါလိမ့်မည်ဟု ခပ်တိုးတိုး ပြောသွားသည်။ ဒေးက အမျိုးသမီးကြီးအား ခေါင်းညိတ်ပြလိုက်၏။ သူ့ကို စောင့်နေမည်ဆိုသည်ကို သူ သိသည်။ ဒါကို သူ မကြိုက်။

ဒေးလည်း သားရေအုပ် ကုလားထိုင်ကြီးတစ်လုံးတွင် သက်တောင့်သက်သာ ဝင်၍ထိုင်လိုက်ပြီး သူ၏လက်အိတ်ကို ပေါင်ပေါ်တွင်တင်ပြီး ကော်ဇောအထူကြီးများခင်းကာ သဘာဝထင်းရှူးသား အတွင်းချောနံရံတစ်လျှောက် သားရေဖုံးစာအုပ်ကြီးများဖြင့် ပြည့်နေအောင်စီထားသည့် အခန်းတွင်းဝယ် လှည့်ပတ်၍ ငေးနေမိလေသည်။ ဤအဆောင်အယောင်များကို အားကျမိရင်းက သူသာ ငယ်စဉ်ကပညာသင်ခဲ့ရပါက သူလည်းထိုမျှတော့ ဖြစ်နိုင်သည်၊ ထိုထက်မကပင် ဖြစ်နိုင်ပါသည်ဟု တွေးမိလေ၏။ ယခုအခြေအနေအတိုင်းကတော့ သူ့မာနကို သူ အသာခေါက်ထားပြီး အိတ်ထဲထည့်ထားရဦးမည်။ ကိုယ့်ထမင်းအိုး ကိုယ်ရိုက်ခွဲလို့ မဖြစ်သေး။

“ဩ၊ ဒေး ရောက်နေပြီပဲ” ဟု အသံပေးကာ စပရောက်လည်း အခန်းထဲသို့ ဝင်လာရင်း သူ့မျက်နှာပေါ်တွင် စောစောက ညိုပုပ်နေခဲ့သည့် အရိပ်အရောင်များ မရှိတော့ဘဲ ဖော်ရွေစွာပင် လက်ကမ်းပေးလိုက်ပြီး “တခုခု သောက်မလား” ဟု မေးလိုက်၏။

‘မသောက်ပါဘူး ဆာမက်သယူး”

စပရောက်က ထိုင်လိုက်သည်။

“နေကောင်းတယ်နော်”

“ကောင်းပါတယ် ခင်ဗျ”

“ကောင်းပါလေ့ဗျာ” ဟု ဆိုကာ အစိုးရရှေ့နေကြီးလည်း သူ၏နှုတ်ခမ်းများကို လက်ညှိုးဖြင့်သပ်ရင်း ခဏမျှရပ်လိုက်ပြီးမှ “ဒီမှာ ဒေးရဲ့၊ လွှတ်တော်မှာ တောက်တီးတောက်တက် အဆိုတခုတင်တာ ကြားလိုက်ရဲ့လား။ မက်ထရီရဲ့အမှုအကြောင်းလေ” ဟု မေးလိုက်သည်။

ဒေးသည် ရုတ်တရက် ထိတ်လန့်သွားသော်လည်း ဣန္ဒြေဆောင်ထားလိုက်သည်။

‘ဟုတ်ကဲ့၊ ကျွန်တော် သတိထားမိပါတယ် ဆာမက်သယူး”

“ဒီကိစ္စတစ်ခုလုံး ဘာမှတော့ အဓိပ္ပာယ်မရှိပါဘူး၊ သူတို့ နိုင်ငံရေးသမားအချင်းချင်း သိက္ခာချကြတာ၊ တယောက် တယောက် ရွံ့ပုပ်နဲ့ပက်ကြတာ ပေါ့လေ။ ဒါပေမဲ့” ဟု ပြောရင်း စပရောက်က ခေါင်းကို ဖြည်းညှင်းစွာ ယမ်းကာ “ဒီရွှံ့ပုပ် ကျုပ်တို့ဆီ လာမစဉ်အောင်တော့ သတိထားရလိမ့်မယ်” ဟု ဆိုလိုက်သည်။

ဒေးသည် သူ၏ကြီးမားတုတ်ခိုင်သော လက်ချောင်းကြီးများဖြင့် သူ၏ဦးထုပ်ကို လှည့်ကိုင်ကစားရင်း ဘာပြောရမှန်းမသိအောင်ဖြစ်၍ နေလေ၏။

စပရောက်လည်း တွေ၍စဉ်းစားနေ၏။

"ဟို အရူးကလေး၊ သူ့သား၊ ဘယ်သူတဲ့လေ၊ အဲဒီ မက်ထရီရဲ့သား၊ သူ အခု မြို့ထဲမှာ ရှိနေတုန်းပဲလား"

ဒေးသည် သူ၏မျက်လွှာကိုချကာ သူ၏ခွာထူထူဖိနပ်ကြီးကို စိုက်ကြည့်ရင်း "သူ၊ ဒီမှာပဲ ရှိနေပါသေးတယ်ခင်ဗျ၊ ကျွန်တော်တို့လဲ သူ့ကို စောင့်ကြည့်နေတာပါပဲ" ဟု ဖြေလိုက်သည်။

စပရောက်က "အေး၊ ဒီကောင့်ကြည့်ရတာ ဒုက္ခပေးမယ့်လူမျိုးနဲ့တူတယ်။ ဒီလိုလေ၊ ဒီလူမျိုးဟာ မကျေနပ်ချက်တစ်ခုခု ရှိနေတတ်တဲ့ အရူးမျိုးလေ။ လူကြီးတွေနောက်ကနေ တကောက်ကောက်လိုက်ချောင်း၊ တွေ့ရအောင် တချိန်လုံးကြိုးစား၊ လက်ထဲ လျှောက်လွှာ အတင်းထိုးထည့်။ ဒါမျိုး ကျုပ်တို့ တွေ့ဖူးလှပါပြီဗျာ" ဟု ဆိုသည်။

ထူးထူးခြားခြား တိတ်ဆိတ်သွားသည်။ ထိုနောက် စပရောက်သည် သူ၏ ရှေ့သွားကို လက်သည်းဖြင့်တောက်၍ စဉ်းစားပြီးမှ ဆက်လက်၍ "ပြဿနာက သူ့ကို ဘယ်လိုလုပ်မလဲ ဆိုတာပဲ" ဟုပြောလိုက်သည်။

ပုလိပ်မင်းကြီးဒေးသည် တစ်မိနစ်တိတိခန့် နှုတ်ဆိတ်၍ နေလေသည်။ အစိုးရရှေ့နေကြီး သူ့ကို ဘာကြောင့်ဖုန်းဆက်ခေါ်လိုက်သည်ကို ယခုမှ သူသိရသည်။ သူ့စိတ်ထဲတွင် ထူးထူးဆန်းဆန်း သံသယတစ်မျိုး ဝင်လာကာ အမြင်ကတ်သလိုလို ဖြစ်လာသည်။ ဒေးသည် စပရောက်၏မျက်နှာကို မော့်ကြည့်လိုက်ပြီး "သူ့ကိုဖမ်းပြီး တရားစွဲစေချင်သလား" ဟု မေးလိုက်၏။

"ဟာ၊ မလုပ်ပါနဲ့။ ဒီသူငယ်ဟာ ရေလိုက်လွဲနေတာပဲရှိတယ်။ ရာဇဝတ်ပြစ်မှု ကျူးလွန်တတ်တဲ့ လူမျိုးတော့ မဟုတ်ပါဘူး။ ဂရုဏာထားရမယ် ဒေးရဲ့၊ ကျုပ်တို့ မေတ္တာတရား ဂရုဏာတရား လက်ကိုင်ထားနိုင်ရမယ်" ဟု ဆိုကာ ဒေးအား စေ့စေ့ကြည့်၍ "ဒါပေမဲ့ အဲဒီလို ရေလိုက်လွဲနေတဲ့ မိတ်ဆွေကလေးကို ဒီ ဝေါ့တလေမြို့တော်ကြီးက ထွက်ခွာသွားအောင်တော့ ဖျောင်းဖျလို့ရလိမ့်မယ် ထင်ပါတယ်" ဟု ပြောလိုက်၏။

"သူ့ကို ထွက်သွားဖို့ ကျွန်တော် ပြောထားပြီခင်ဗျ"

"ပါးစပ်ကပြောတာကတော့ ဘာမှ အရာမရောက်ဘူးဆိုတာ ကျုပ်က သိလွန်းလို့ နောကြေနေပါပြီ ကိုယ့်လူရယ်။ ဒါပေမဲ့ ဘာ ဘာ လုပ်ဆိုတာ ကျုပ် မပြောဘူးလေ။ ခင်ဗျားနည်းနဲ့ ခင်ဗျား ဒီသူငယ်ကို စိတ်ကောင်းကောင်းထားတတ်အောင် လုပ်ရင် ဖြစ်နိုင်ပါတယ်"

စပရောက်သည် ထိုင်ရာမှထလိုက်ပြီး မီးလင်းဖိုကို ကျောပေးလျက် ပုလိပ်မင်းကြီးအား အာဏာသံပါပါဖြင့် "ကျုပ်ကို အထင်မလွဲစေချင်ဘူး ဒေး။ ကျုပ်စားပွဲပေါ်မှာ အလုပ်တွေ တပုံတပင် ပုံနေရာကနေပြီး ဒီ မက်ထရီအမှုတွဲတခုလုံးကို တမင်တကာ ပြန်ကြည့်ပြီးပြီ" ဟု ပြောလိုက်သည်။

ဒေးလည်း စိတ်ထဲက 'ငါထင်တဲ့ အတိုင်းပဲ' ဟု အောက်မေ့လိုက်မိ၏။

"ကျုပ်တို့ ကိုယ့်ကိုကိုယ် အပြစ်တင်စရာ ဘာမှ မရှိပါဘူး၊ ဘာဆို ဘာမှ မရှိဘူး၊ ထိပ်ဆုံးထိအောင် ကျုပ်တို့ အခြေခိုင်ပါတယ်။ ဒါပေမဲ့လဲ အခြေအနေအရ အန္တရာယ်နည်းနည်းတော့ ရှိတယ်။ အခုအခါက မြို့တော်ရွေးကောက်ပွဲတို့ လွှတ်တော်ရွေးကောက်ပွဲတို့ မကြာခင် လာတော့မယ်ဆိုတော့ ဘယ်လောက်ပဲ ယုတ္တိရှိရှိ

မရှိရှိ တရားလမ်းကြောင်းဖြောင့်မှန်မှုကို ဖျက်ဆီးတယ်ဆိုတဲ့ စွပ်စွဲမှုအရိပ်အရောင်မျိုးပေါ်လာရင် ဒီကိစ္စနဲ့ ဆိုင်သူအားလုံးအဖို့ အရေးကြီးလာနိုင်တယ်။ ကျုပ် ကွန်ဆာဗေးတစ်ပါတီက အရွေးခံမယ်။ အောင်မြင်မယ်လို့ မျှော်လင့်နိုင်တယ်ဆိုတာ သိမှာပါပဲ။ သို့ပေမဲ့ ကျုပ်က ကျုပ်တစ်ယောက်ထဲအတွက်၊ ခင်ဗျား တစ်ယောက်ထဲအတွက်ကို ကြည့်တာ မဟုတ်ပါဘူး။ ဒီနေရာ ဒီအချိန်မှာ အဲသလို မတော်မလျော် သွားပုပ်လေလွင့် ကိစ္စမျိုးကို မလိုတဲ့လူတွေက လူသိရှင်ကြားလျှောက်လုပ်ပစ်လိုက်ရင် ဒီအစိုးရ၊ ဒီတရားစီရင်ရေးဆိုတာရဲ့ အပေါ်မှာ လူအများရဲ့ ယုံကြည်မှုကို ပျက်ပြားစေလိမ့်မယ် ထင်တယ်။ ဒါကြောင့်လဲပဲ ဒီ မဖွယ်မရာကိစ္စကို နှိမ်နင်းပစ်ဖို့ လိုတာပေါ့"

သူ့စကားဆုံးသောအခါ စပရောက်သည် ပုလိပ်မင်းကြီးကို စေ့စေ့ကြည့်ကာ သူနှင့်တွေ့ဆုံသည့်ကိစ္စ ပြီးပြီဟူသည့် အထိမ်းအမှတ်ဖြင့် လက်ကိုဆန့်တန်း၍ ပေးလိုက်၏။ ဒေးလည်း တောအုပ်ကုန်း၏ ကျောက်ပြားခင်းလူသွားလမ်းကျယ်များပေါ်သို့ တက်၍လျှောက်ခဲ့သည်။ သူ၏ခေါင်းထဲတွင်ကား ဘာဘာညာညာ သိချင်နေတာတွေ မရှိတော့။ သူ၏ အတွေးများသည် ပုံသဏ္ဍာန်ပြောင်းသွားပြီ ဖြစ်၏။ သူ၏ ရိုးဖြောင့်သောဗီဇစိတ်တွင်လည်း ကသိကအောက်ဖြစ်လျက်ရှိသည်။ သူသည် တင်းမာအေးစက်သောမျက်နှာဖြင့် သူ့တစ်ကိုယ်တည်း "ဘာမှ မရှိနိုင်ပါဘူး၊ ဟုတ်တယ်။ ဒီကိစ္စမှာ ငါ့အတွက် ဘာမှ မရှိနိုင်ပါဘူး" ဟု ရေရွတ်လိုက်၏။

သို့ရာတွင် သူ၏နားထဲ၌ သူ၏အသံသည် မြည်ဟည်းလျက်၊ သူ၏ဗီဇကပါလာသော တိုက်ချင်ခိုက်ချင်စိတ်တို့ကလည်း ထကြွလျက် စပရောက်၏ အမိန့်ကို ဘေးချိတ်ထားလိုက်တော့မည်ဟု ဆုံးဖြတ်ကာ မက်ထရီ၏သား လုပ်သမျှကို စောင့်တော့ကြည့်မည်။ သို့သော် တရားဥပဒေကို မဖောက်ဖျက်မကျူးလွန်သမျှ သူ ဘာမျှ မလုပ်တော့ ဟု အောက်မေ့ထားလိုက်လေ၏။

*

## အခန်း – ၂၀

ဗုဒ္ဓဟူးနေ့ညသည် မိုးတဖွဲဖွဲရွာလျက် စိုစွတ်မဲမှောင်လှပေ၏။ သူ့စိတ်က လှုပ်ရှားနေသလောက် သူ၏လှုပ်ရှားမှုများက မယုံကြည်နိုင်လောက်အောင် ငြိမ်သက်နေပေသည်။ ခုနစ်နာရီထိုးပြီ။ မကြာမီ သူ ရှိုင်ယယ် အုတ်ခ်သို့ရောက်သည်။ အရက်ဆိုင် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ပြီးမှ လမ်းကိုဖြတ်ကာ ခန်းဆီးတပ်မထားသော ပြူတင်းမှနေ၍ အထဲသို့ ချောင်းကြည့်လိုက်၏။ အားလုံး ပုံမှန်အတိုင်းတွေ့ရမှ ဆိုင်ထဲသို့ ခပ်သွက်သွက်ဝင်ကာ ခါတိုင်း လူဝီဇာဘတ်ထိုင်နေကျစားပွဲသို့ သွား၍ထိုင်လိုက်၏။

သူသည် ဆိုင်ထဲသို့ တစေ့တစောင်းလှည့်၍ ကြည့်လိုက်သည်။ ဆိုင်ခန်းတစ်ဝက်မျှ ပြည့်နေပြီဖြစ်၏။ အိမ်ဖော်မကလေး နှစ်ယောက်သည် သူတို့၏ အဖော်အမျိုးသားများနှင့် တခိခိရယ်လိုက် စကားပြောလိုက်နှင့် ရှိကြ၏။ လူလတ်ပိုင်းအရွယ် ဖနီးမောင်နှံစုံတွဲသည် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်၍ ဘီယာသောက်နေကြ၏။ တက္ကစီသမားနှစ်ယောက် ဒိုမီနိုကစားနေကြသည်ကို သူတို့၏အဖော်တစ်စုက ဝိုင်းကြည့်နေကြ၏။ ထိပ်ခပ်ပြားပြားနှင့် လူတစ်ယောက်သည် ပန်းရောင်အားကစားစာစောင်၌ အာရုံဝင်စားနေ၏။ ဤနေရာတွင် သူ့အား မည်သူမျှ ဂရုစိုက်၍ကြည့်မနေပေ။ ဤနေရာတွင် ဘာမျှ စိုးရိမ်စရာမရှိဟု သူ စိတ်ချသွား၏။

ထိုနောက် သူ တံခါးဆီသို့ ကြည့်လိုက်စဉ်တွင် လူဝီဇာဘတ် ဝင်လာပြီး သူ့ထံသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။

ပေါလ်လည်း ထိုင်ရာမှထကာ ဆီးကြို၍လက်ကမ်းပေးကာ "မင့်ကို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာကွယ်" ဟု ပြောလိုက်၏။

လူဝီဇာက မရဲတရဲ ပြုံးပြကာ လက်အိတ်စွပ်ထားသည့် လက်ချောင်းများဖြင့် အသာအယာဖိကပ်ကိုင်ကာ အထက်တန်းစား အမျိုးသမီးများစတိုင်ဖြင့် နှုတ်ဆက်လိုက်ပြီး သူ့ကိုယ်သူ သေသပ်အောင်ဟန်တွေပန်တွေထုတ်ကာ စားပွဲတွင်ထိုင်လိုက်၏။ လူဝီဇာသည် ယနေ့ သူ့ကိုယ်သူ ယခင်ကထက် ပို၍ ပြင်ဆင်လာသည်ကို တွေ့ရ၏။ လည်ပင်းတွင် ဖန်ပြာပုတီးစေ့ကုံးဆွဲလျက် ပန်းထိုးလက်ကိုင်ပုဝါကို ရေမွှေးများကြိုင်လှိုင်နေအောင်ဆွတ်၍ လက်ကောက်ကြားတွင် ညှပ်ထားသည်။

"ကျွန်မ လာဖို့တောင် မသင့်ဘူးရှင့်" ဟု လူဝီဇာက အပြစ်တင်သလို ဆိုကာ "ရှင်က အရင်တခါ စကားပျက်ထားတာ တခြားအမျိုးသမီးတစ်ယောက်နဲ့ ထွက်နေတာနေမှာပါ" ဟု ပြောလိုက်၏။

ပေါလ်က "မဟုတ်ရပါဘူးကွယ်။ ကိုယ့်မှာ မင့်ကိုပဲ စိတ်ဝင်စားပါတယ်" ဟု ငြင်းဆိုလိုက်သည်။

"ပြောတာပဲ။ ရှင်တို့ယောကျ်ားတွေဟာ အကုန်လုံး အတူတူချည့်ပဲ" ဟု ဆိုကာ နားရွက်ပေါ်သို့ အုပ်၍ချထားသော ဆန်အိတ်များကို လက်ဖြင့် အသာအယာ ပုတ်ရင်း စားပွဲထိုးအား ရင်းနှီးခင်မင်စွာ ခေါင်းညိတ်ပြလိုက်၏။

"ဂျက်ရေ၊ ခါတိုင်းလိုပဲ။ ပုလင်းယူခဲ့"

ပေါလ်က ကိုယ်ကို စားပွဲပေါ်သို့ကိုင်းလိုက်ပြီး "တခြားလူတွေနဲ့ မတူတာက ကိုယ်က တကယ်ကြံတာပါ" ဟုဆိုကာ ကြိုးစား၍ ပြုံးရင်း "ဒီည မင်း သိပ်လှနေပါလား လူဝီဇာ" ဟု ပြောလိုက်၏။

"သွားစမ်းပါ" စိတ်ဆိုးပြေပြီး ဘဝင်မြင့်သွားဟန်ဖြင့် ခပ်နောက်နောက်ပြောကာ ဖန်ခွက်ထဲက ဂျင်ကိုစုပ်နေလိုက်၏။ ထိုနောက် ပေါလ်အား မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး "ရှင် ဘာ ချိန်နေတယ်ဆိုတာ ကျွန်မ မသိဘူး မထင်နဲ့။ ကျွန်မက အမျိုးကောင်းသမီးရှင့်" ဟု ဆိုလိုက်သည်။

"ဒါကြောင့် မင့်ကို စွဲမက်မိတာပေါ့ကွယ်"

"ပြောလိုက်မယ်နော်။ ကျွန်မက အမျိုးကောင်းသမီး ဖြစ်ပေမယ့် ဟန်ဆောင်တာတွေ ဘာတွေ မတတ်ဘူး။ ယောကျ်ားတစ်ယောက်ကို ခင်ရင် ကျွန်မ သူနဲ့လိုက်မှာပဲ။ ကျွန်မကို ကောင်းကောင်းမွန်မွန် ဆက်ဆံရင်ပေါ့လေ။ ရှင့်မှာ ဝင်ငွေမှန်တဲ့ အလုပ်တခုခုတော့ ရှိမှာပေါ့နော်"

"သြော် အသေအချာရှိတာပေါ့ကွယ်။ ကဲ အခု ကိုယ်မင့်ကို စွဲသွားပြီဆိုတာ သိပြီမဟုတ်လား" ဟု ပြောကာ စားပွဲအောက်မှ လူဝီဇာ၏ ခြေထောက်များကို သူ့ဒူးကြားတွင် ဖမ်း၍ညှပ်လိုက်၏။

လူဝီဇာသည် မမျှော်လင့်ဘဲ တခစ်ခစ်ရယ်ကာ "ဒါပဲပေါ့။ ရှင့်စိတ်ကူးကလေးနဲ့ရှင် တည့်သွားတာပေါ့။ ကျွန်မတို့ သွားလို့ရတဲ့ နေရာတစ်ခုရှိပါတယ်။ နောက်တော့ ဖြစ်ဖြစ်ပေါ့။ ဟိုတယ်ကလေးလို အဆင့်အတန်းခပ်မြင့်မြင့်ပဲ။ အခန်းကျယ်ကျယ် ရနိုင်တယ်။ တညလုံးတော့ မဟုတ်ဘူးနော်။ ကျွန်မက ဆယ့်တစ်နာရီဆိုရင် အိမ်ပြန်ရောက်ရမှာ" ဟု လျှောက်ပြောသွားသည်။

"ဒါပေါ့ ဒါပေါ့" ဟု ပေါလ်က အလိုက်သင့် ဆိုလိုက်ပြီး "ဒါနဲ့ စကားမစပ် မင်း ဒီကိုလာရတာ အခက်အခဲတော့ မရှိပါဘူးနော်" ဟု မေးလိုက်၏။

လူဝီဇာက ကိုယ်ကို မတ်လိုက်သည်။

"ဘာကြောင့် ဒါကို မေးတာလဲ"

"အနို့ မင်းစာထဲမှာ သတိထားဖို့ ဘာဖို့ မင်းပဲ ပြောထားတယ် မဟုတ်လား"

"ဟုတ်တယ်။ ကျွန်မ ရေးပေးလိုက်တယ်" ဟု ဆိုကာ နောက်မှီတွင် မှီချလိုက်ပြီး နောက်တစ်ခွက်သောက်ပြန်၏။ "ဒါက ဒီလိုပါ။ အဲဒီ အိမ်ထောင်ထိန်း၊ အဲ အဲ မစ္စတာအော့စဝေါက တချို့ဟာတွေဆိုရင် သိပ်စစ်ဆေးတာရှင့်။ သူက စည်းကမ်းလဲ သိပ်ကြီးတယ်။ ရှင်လဲ ကြားဖူးတယ် မဟုတ်လား။ ဝေါ့တလေမှာ တကယ့် ဇရာမအလှူရှင်ကြီးပေါ့ရှင်။ နှစ်စဉ်နှစ်စဉ် ဆေးရုံတွေကို ရာလိုက် ထောင်လိုက်ချီပြီး လှူတယ်။ ဆောင်းခါမှာဆိုရင် နိဗ္ဗာန်ဈေး ကော်ဖီဆိုင်ကလေးတွေ အလကားသောက်ရတဲ့ နေရာတွေလေ။ အဲဒါတွေ ဖွင့်ပေးထားတယ်။ အဲဒါတွေကို ငွေဘုရင့်ဆိုင်လို့ခေါ်ကြတယ်။ သူက စည်းကမ်းကြီးပေမယ့် လူကောင်းကြီးပါရှင်။ ကျွန်မကို ဆိုရင် တကယ် လေးလေးစားစား ဆက်ဆံပါတယ်။ မဟုတ်ရင် ကျွန်မကလဲ ဘယ်နေလိမ့်မလဲ"

"ဒါဖြင့် မင်း အဲဒီမှာ နေတာ ကြာပြီပေါ့"

လူဝီဇာက သဘောကောင်းစွာ ခေါင်းညိတ်ပြသည်။

"ကျွန်မ သူတို့ဆီရောက်တော့ ဆယ့်ရှစ်နှစ်ထက် မကြီးသေးဘူး။ ရှင်မယုံဘူး ဟုတ်လား" ဟု မေးလိုက်ပြီး သူ၏ ဒူးတုတ်တုတ်ကလေး နှစ်လုံးကို ထပ်လိုက်ကာ သူ့အဝတ်ကို ဆွဲ၍သပ်လိုက်သည်။

"ယုံပါတယ်" ဟု ပြောလိုက်၏။ သူ့စိတ်ထဲတွင်မူ လူဝီဇာ သူ့အသက်ကို သူ လိမ်ပြောနေသလား ဟု တွေးနေမိ၏။ "မင့် ကြည့်ရတာ ငယ်နေပုံရလို့ပါ" ဟု ဖာထေးလိုက်၏။

"ဒါလောက် ချောရက်လှရက်နဲ့ ဘာဖြစ်လို့ အိမ်ထောင်မကျခဲ့လဲ အံ့သြနေတာ"

"ဆရာတို့ ဆရာကတော်တို့ကတော့ ကျွန်မကို အိမ်ထောင်ပြုစေချင်ကြတယ်။ ဒါ တကယ်ရှင့်။ သူတို့အိမ်က ခိုင်းတဲ့ ဖရန့်တို့လိုလူမျိုး၊ နွားနို့လှည့်ပို့တဲ့ ဂျိုးဒေဗီးလိုလူမျိုးနဲ့များ အတည်တကျဖြစ်သွားရင် ဘယ်လောက်ကောင်းမလဲလို့ ပြောနေကြတာလေ။ သူတို့က တည်တည်တန့်တန့်တွေပါဘဲလေ။ ဒါပေမယ့် သူတို့နှစ်ယောက်လုံးက ငါးဆယ်ကျော်ချည်းပဲရှင့်။ ကျွန်မနဲ့သူတို့ ဘယ်လိုနေမလဲ၊ ရှင်ပဲ စဉ်းစားကြည့်ပါဦး။ အင်း၊ တနေ့နေ့တော့ တနေ့နေ့ပေါ့လေ၊ ဘယ်သိနိုင်မလဲ။ ဒါပေမယ့် အခုအချိန်မှာတော့ ကျွန်မက လွတ်လွတ်လပ်လပ်ပဲရှင့်။ ကျွန်မလဲ အပျော်အပါးကြိုက်တတ်တယ်။ ကျွန်မကို ရှင် အပြစ်ဆိုမလား"

"မဆိုပါဘူးဗျာ၊ မဆိုပါဘူး" ဟု ပေါလ်က သူ့လက်ကိုဖမ်း၍ညှစ်ရင်း အလိုက်သင့်ပြောလိုက်၏။ သူ တွေးထင်ထားသည့်အတိုင်း အကွက်အဆင်က ပေါ်လာသည်။ ဂရုဏာရှင်အော့စဝေါမိသားစုက ကံမကောင်းအကြောင်းမလှရှာသည့် ဤကလေကချေမလေးအား ချော့မော့ကာ သူ့အားတည်တည်တန့်တန့်ဖြစ်စေရန် တတ်နိုင်သမျှ ထိန်းထားခဲ့ကြသည်။ စိတ်ချရသော လူကောင်းသူကောင်းများနှင့် နေရာချထားပေးဖို့အထိ

စဉ်းစားခဲ့ကြသည်။ ဤသို့ ဖြစ်သည့်တိုင်အောင်လည်း လူဝီဇာတွင် ရင်ထဲ၌စွဲနေသော မကျေနပ်ချက်၊ ဘဝကို နာကျည်းချက်တစ်ခုက ရှိနေသည်။ ဤတွင် ပေါလ်လည်း ဤအချက်ကို သူ့အကျိုးအတွက် မည်သို့ အသုံးချနိုင်သည်ကိုသိမြင်ကာ သူ့စိတ်ထဲ၌ လှုပ်ရှား၍လာသမျှကို ထိန်းလျက် "မင်းလို တော်တဲ့မိန်းကလေးတစ်ယောက်ဟာ ဘာကြောင့် ဒီထက်ကောင်းတဲ့ အလုပ်တစ်ခုခု မရနိုင်လဲဆိုကာ ကိုယ့်စိတ်ထဲမှာ ဆန်းသလိုဖြစ်နေတယ်" ဟု ခပ်တိုးတိုးဆိုလိုက်၏။

လူဝီဇာက သုန်သုန်မှုန်မှုန်ခေါင်းညိတ်ပြရင်း "ရှင်ပြောတာ ဟုတ်ပါတယ်။ ကျွန်မက အခုလို အိမ်ဖော်၊ အဲအဲ အိမ်ထောင်ထိန်းအလုပ်မျိုးကို ဝင်လုပ်ဖို့ကို မဟုတ်ဘူးရှင့်။ သူတို့က အတင်းပြောလွန်းလို့ လုပ်ရတာ၊ သိလား" ဟု ဆိုကာ ရုတ်တရက်မရွှင်မပျဖြစ်ကာ သူ့ကိုယ်သူ သနားလာသလို သူ၏မျက်လုံးများတွင် မျက်ရည်များအိုင်လာသည်။ "တကယ်တော့ရှင်။ ကျွန်မအပေါ် ညစ်ပတ်ကြတာပါ။ ကျွန်မလုပ်ခဲ့ရတာတွေဟာ အလကားဖြစ်တာပေါ့"

ပေါလ်က မယုံနိုင်သလို ဟန်လုပ်ကာ "မင်းလို သဘောကောင်းတဲ့ မိန်းကလေးတဟ်ယောက်အပေါ်မှာ ဘယ်သူမှ ရက်စက်နိုင်မယ် မထင်ပါဘူး" ဟု ပြောလိုက်၏။

"ဒါက ရှင်ထင်တာကိုး။ ပြီးတော့ ကျွန်မ အဲသလို ဖြစ်ရတာဟာ ကျွန်မက မှန်တာကိုလုပ်လို့ရှင့်။ မြင့်မြတ်တယ်ဆိုတာမျိုး လုပ်ခဲ့လို့"

ပေါလ်လည်း သူ့စိတ်ကိုသူ ချုပ်တည်းကာ "လူတွေဟာ ကောင်းတာလုပ်တဲ့အတွက်လဲ ခံရတတ်တာပါပဲလေ" ဟု စာနာသည့်လေသံဖြင့် ပြောရင်းအမှတ်မထင်လိုပင် လူဝီဇာ၏ခွက်ထဲသို့ အရက်ထပ်ဖြည့်ပေးလိုက်၏။

"ရှင် ပြောသလိုပေါ့ရှင်။ အို၊ အစကတော့ ဟုတ်လို့ပါပဲ။ ကျွန်မ အကြောင်း သတင်းစာတွေထဲ ထည့်လို့။ ဓာတ်ပုံတွေ ဘာတွေနဲ့ အစုံပေါ့။ မျက်နှာဖုံးကလေး၊ ကျွန်မဟာ တကယ့် ဘုရင်မကြီးကျနေတာပဲရှင့်"

လူဝီဇာသည် သူ့စကား မည်မျှ ထိရောက်သည်ကို တစေ့တစောင်း ကြည့်လိုက်တော့ ပေါလ်က မယုံကြည့်သည့်ဟန်ဖြင့် ရယ်လိုက်သည်။ လူဝီဇာက ချက်ချင်းပင် တုန့်ပြန်လေသည်။

"ကျွန်မ လိမ်ပြောနေတယ်လို့ ရှင်ထင်တယ်ပေါ့လေ။ အဲဒါ ရှင် ကျွန်မအကြောင်း တကယ်မသိလို့ပါ။ သိရင် ကျွန်မဟာ တခါတုန်းက" ဟု ဆိုကာ လူဝီဇာက ရုတ်တရက် ရပ်ထားလိုက်သည်။

ပေါလ်က ပြုံးလျက် ခေါင်းယမ်းကာ "မင်းရယ်စရာတွေပြောနေတယ်ဆိုတာ ကိုယ်သိပါတယ်" ဟု ဆိုလိုက်၏။ လူဝီဇာ၏ မျက်နှာ နီမြန်းသွားသည်။ ထိုနောက် သူ့ပခုံးပေါ်မှကျော်၍ နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီး စားပွဲပေါ်တွင် တတောင်ထောက်လျက် သူ့ခေါင်းကို ရှေ့သို့ တိုးလိုက်သည်။

"လူတစ်ယောက် ကြိုးစင်တက်ရခါနီးအထိ ဖြစ်ခဲ့ရတဲ့ ကိစ္စဟာ ရယ်စရာလားရှင်"

ပေါလ်က အံ့အားသင့်ဟန်ဖြင့် "ဟာ၊ ဘယ်ဟုတ်မလဲ၊ မင်း ဒါမျိုး လုပ်ခဲ့ဘူးလို့လား" ဟု ဆိုလိုက်၏။

လူဝီဇာက ခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်ပြီး ဂျင် နောက်တခွက် မော့လိုက်ပြန်၏။

"ကျွန်မ လုပ်ခဲ့တာ အဲဒါပေါ့ရှင်"

"လူသတ်မှုအတွက်လား" ဟု ပေါလ်က အံ့ဩသလို မေးလိုက်၏။

လူဝီဇာက ပေါလ် ငှဲ့ပေးနေသော အရက်ကို သူ့ခွက်ဖြင့် ထိုးခံရင်း ခပ်ကြွားကြွားကလေး ခေါင်းညိတ်ပြပြန်သည်။

"ကျွန်မ မပါရင် တရားခံကို သူတို့ ဘယ်မိလိမ့်မလဲရှင်။ အဲဒီအမှုမှာ ကျွန်မဟာ တကယ့်လူတွင်ကျယ်ပေါ့"

ပေါလ်က အံ့သြနေသည့် လေသံဖြင့် "ဟာ အံ့ရောပဲကွာ။ ကိုယ်ဖြင့် ဒါတွေ နည်းနည်းမှ မတွေးခဲ့မိဘူးလေ" ဟု ဆိုသည်။

"အခုတော့ တွေးမိပြီပေါ့။ ကိုယ်နဲ့တွဲနေတဲ့အမျိုးသမီး ဘယ်လိုလဲဆိုတာ သိပြီပေါ့" ဟု သိသိသာသာ ဘဝင်မြင့်သွားဟန်ဖြင့် ဆိုကာ "ကျွန်မ ပြောချင်ရင် ရှင့်ကို ဒီထက် အံ့သြသွားအောင်တောင် ပြောနိုင်သေး" ဟု ဆက်ပြော၏။

"ပြောပါလားကွယ် ဒါဖြင့်"

လူဝီဇာက ပေါလ်အား ကြာမူပါပါဖြင့် ကြည့်လိုက်၏။

"တယ်သိချင်ပါလား၊ ကိုသိချင် ရဲ့။ ဒါပေမဲ့ ရှင့်ကို ကျွန်မကလဲ ခင်ပါတယ်လေ။ ရှင့်ရှေ့မို့ပြောတာမဟုတ်ဘူး။ ရှင်ဟာ တကယ့်လူကြီးလူကောင်းမို့၊ ပြီးတော့ ကြာလဲကြာလှပါပြီ။ ဘယ်သူ့မှ ဘာမှ မဖြစ်နိုင်ပါဘူး။ ဒီလိုလေ ဖြစ်ပုံက၊ မှန်ရာပြော ချမ်းသာပါရစေ။ ကျွန်မမှာ တကယ့်အရေးကြီးတဲ့ အချက်တစ်ခုကို လက်ထဲမှာ ကိုင်ထားတယ်ဆိုပါတော့ရှင်။ ဥပမာ ဒါနဲ့ ရှင် ဘိုင်စကယ်အစိမ်းဆိုတာမျိုး ကြားဖူးသလား"

"ဘိုင်စကယ် အစိမ်း"

"ဟုတ်တယ် မောင်ရဲ့၊ အစိမ်းရောင် လွင်လွင်ကလေး" ဟု ဆိုကာ တခစ်ခစ်ရယ်လျက် "မြက်ခင်းလို စိမ်းစိမ်းပေါ့" ဟု ပြောလိုက်၏။

"မကြားဖူး ပါဘူး"

"တရားရုံးမှာတုန်းကလည်း အဲ့သလို ပြောကြတယ်။ လူကြီးတစ်ယောက်က လူသတ်သမားဟာ အစိမ်းရောင်ဘိုင်စကယ်ကို စီးပြီး ထွက်ပြေးသွားတယ် လို့ ကျမ်းကျိမ် အစစ်ခံတော့ ရယ်ကြသေးတယ်။ ကျွန်မက သူတို့တတွေ ရယ်နေရာကနေ ငိုအောင်တောင် လုပ်နိုင်ပါရဲ့။ ကျွန်မ ငယ်ငယ်တုန်း လမ်းပေါ်မှာ အမြဲထွက်နေတာ။ ကျွန်မ ဒီဘိုင်စကယ်အစိမ်းတွေ အကြောင်း သိတာပေါ့"

လူဝီဇာက ဆုတ်ဆိုင်းဆိုင်းဖြစ်နေစဉ် ပေါလ်က မယုံကြည်သည့်ဟန်ဖြင့် ရယ်လိုက်ပြီး "ကြုံကြုံဖန်ဖန်တွေ လျှောက်ပြောနေတာပဲ ထင်တယ်" ဟု ဆိုလိုက်၏။

လူဝီဇာက မျက်နှာနီသွားပြီး "အံမယ်၊ ရှင်က ကျွန်မကို လိမ်တယ် ညာတယ် မပြောပါနဲ့။ အဲဒီအချိန်က အယ်လဒန်မှာ သူတို့ကိုယ်သူတို့ နံကောင်လို့ခေါ်တဲ့ အသင်းသားတွေနဲ့ဖွဲ့ထားတဲ့ ဘိုင်စကယ်ကလပ်တခု ရှိတယ်ရှင့်။ ပြီးတော့ နံကောင်ဆိုတဲ့နံမည်နဲ့လိုက်အောင် အသင်းသားတိုင်းရဲ့ ဘိုင်စကယ်ကို အစိမ်းရောင်လွင်လွင် သုတ်ထားကြသတဲ့ရှင့်။" ဟု ပြောလိုက်သည်။

ပေါလ်က အမှတ်တမဲ့ဟန်ပန်ဖြင့် "နံကောင်တဲ့လား" ဟု မေးကာ "ဒါဖြင့် အဲဒီ ဘိုင်စကယ်အစိမ်းရောင်ရှိတဲ့လူဟာ အဲဒီ ဘိုင်စကယ်ကလပ်အသင်းဝင်ပဲပေါ့" ဟု ဆိုလိုက်သည်။

"အစစ်ပေါ့။ ပြီးတော့ နောက်တစ်ခုရှိသေးတယ်" ဟု ဆိုကာ မျက်တောင်ခတ်လိုက်ပြီး "ထူးထူးဆန်းဆန်း ကြိုက်တတ်တာမျိုးတွေလေ။ ပိုက်ဆံအိတ်အဆန်းတို့ ဘာတို့ပေါ့။ လူ့အရေပြားနဲ့လုပ်တဲ့ ပိုက်ဆံအိတ်တို့ ဘာတို့။ ရှင် သိပ်အံ့သြသွားသလား" ဟု မေးလိုက်သည်။

"အံ့သြတာပေါ့"

"အဲသလို ပိုက်ဆံအိတ်မျိုးကို ဘယ်သူကိုင်မလဲရှင်၊ ပြောစမ်းပါဦး"

"အရူးဖြစ်မှာပေါ့"

"ဘယ် ကြံကြံဖန်ဖန်။ ဆေးကျောင်းသားတို့ ဘာတို့ကောရှင်။ လူသေတွေ ဘာတွေ ခွဲစိတ်တဲ့ ဆေးကျောင်းသား"

ပေါလ်လည်း "မြတ်စွာဘုရား" ဟု လွှတ်ခနဲ ဆိုလိုက်မိ၏။ သူ တစ်ခါမှ ဤသို့ကောက်ချက် ချမကြည့်မိသော်လည်း ယုတ္တိရှိလှသည်ကို သူ ချက်ချင်းသိလိုက်၏။ ဘုရင်မတက္ကသိုလ်၌ ခပ်ရဲရဲ ဆေးကျောင်းသားအချို့သည် ခွဲစိတ်ခန်းမှ လူသေ၏အရေပြားများကို လှီးခွာ၍ယူလာကာ ဆေးစိမ်ပြီး အမှတ်တရ သိမ်းထားတတ်ကြသည်ကို ပြေး၍ သတိရမိ၏။

ထိုနောက် ငြိမ်သက်သွားသည်။ ပေါလ်လည်း စကားမပြောနိုင်။ လူဝီဇာလည်း သူပြောလိုက်သည့် စကားထိရောက်သွားသည်ကို သဘောကျနှစ်သက်ကာ တခစ်ခစ်နှင့် အကြာကြီး ရယ်နေလိုက်ပြီးမှ သူ၏ ဂျင်ဖန်ခွက်ကို ကောက်၍စုပ်ပြန်လေသည်။ သူ့မှာ ထိုင်ရင်းကပင် ယိမ်းယိုင်၍နေလေပြီ။

"ကျွန်မ ရှင့်ကို ကြောက်လန့်သွားအောင်လုပ်ချင်ရင်တောင် လုပ်နိုင်ပါသေးတယ်။ ဥပမာ၊ သူတို့ ဖမ်းမိတဲ့လူက အိမ်ထောင်သည်ပဲရှင့်။ သူ မကြာခဏ ဝင်ဝင်လာတတ်တဲ့ ပန်းဆိုင်က အသတ်ခံရတဲ့ မိန်းမအပါအဝင် ကောင်မလေးအားလုံး ဒါကို သိကြသားပဲ။ အဲဒီကောင်မလေးအကြောင်း ကျွန်မ သိသလောက်ဆိုရင် သူဟာ ဘယ်တော့မှ သားမယားရှိတဲ့လူနဲ့ မဖြစ်ဘူးဆိုတာ ပြောနိုင်ပါတယ်ရှင်။ သူက သိပ်လှတာဥစ္စာ။ မယားရှိတဲ့လူနဲ့ ဘယ်မှာ အတွဲညီမှာလဲ။ ပြီးတော့ တကယ် သူနဲ့ရှုပ်တဲ့လူ၊ သူ့ကို ဒုက္ခရောက်အောင် လုပ်တဲ့လူက တကိုယ်တည်းသမားရှင့်။ နောက်ပြီးတော့ သူ ဒုက္ခဖြစ်နေတာက မရှိသေးစကား၊ ကိုယ်ဝန်လေးလတောင် ရှိပြီပဲရှင်။ သူတို့ ဖမ်းပြီးစွပ်စွဲလိုက်တဲ့လူက မိန်းမနဲ့ သိတာမှ တလလောက်ပဲရှိသေးတာ။ မိန်းမမှာ ဖြစ်နေတဲ့အခြေအနေနဲ့ သူနဲ့ဘယ်လိုဆိုင်မှာလည်း။ သူ့အပေါ်တင်တဲ့ အပြစ်က ဖြစ်မှ မဖြစ်နိုင်တာ"

ပေါလ်သည် စိတ်ထဲကလှုပ်ရှားလာသမျှကို ဖုံးကွယ်ရန် သူ၏မျက်နှာကို လက်ဖြင့် အုပ်ထားလိုက်၏။ ပြီးမှ အက်ကွဲသောအသံဖြင့် "ဒါကို ဘာဖြစ်လို့ မဖော်ကြတာလဲ" ဟု မေးလိုက်သည်။

လူဝီဇာက ရယ်လိုက်၏။

"ကျွန်မကို မမေးနဲ့၊ ဒီအမှုကို ကိုင်တဲ့လူတွေကို မေးပေါ့။ သူတို့မှာ လူတိုင်းကို မလှုပ်နိုင်အောင်ချည်တုပ်ပေးတဲ့ ရှေ့နေတစ်ယောက် ရှိတယ်"

အစိုးရရှေ့နေဆိုတာ ဖြစ်မည်။ ကွေ့တိုင်းတွင် သူနှင့်ချည်း ဝင်တိုးနေရသည်။ သူကား မမြင်နိုင်သော အဝေးတနေရာဆီမှနေ၍ အားလုံးကို သိမြင်နံ့စပ်လျက်၊ သူပင်လျှင် လျှို့ဝှက်နက်နဲသော ဤအမှု၏ အချက်အခြာ၊ တန်ခိုးအာဏာ။ သူပင်လျှင် ပေါလ်၏အဖေအား အရှင်လတ်လတ် ငရဲခံရာ စတုန်းဟိတ်အကျဉ်းထောင်သို့ မညှာမတာ ပို့ရက်ခဲ့သူပါတကား။ တစ်သက်နှင့်တစ်ကိုယ် မဖြစ်စဖူး မုန်းတီးစိတ်များ ပေါလ်မှာ ဖြစ်ပေါ်ကာ သူ အလွန်သိချင်နေသော အရာတစ်ခုကိုမေးရန် သူ့အဖော်ဘက်သို့ ကိုယ်ကို ကိုင်းညွှတ်လိုက်၏။

သို့ရာတွင် ထိုအချိန်၌ လူဝီဇာ၏မျက်နှာတွင် အမူအရာအထိတ်တလန့်ပြောင်းသွားသည်။ သူ၏ ပါးဖောင်းဖောင်းကလေးများမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားကာ ပေါလ်၏ပခုံးမှကျော်၍ ကြည့်နေသော သူ၏မျက်လုံးများတွင် ရုတ်တရက် ကြောက်လန့်သွားသည့် အသွင် ပေါ်လာလေ၏။

လူဝီဇာက အထစ်ထစ်အငေါ့ငေါ့ဖြင့် "ကျွန်မ ကျွန်မကို ခွင့်လွှတ်နော် ကျွန်မ ရုတ်တရက် မူးနောက်နောက်ဖြစ်သွားလို့" ဟု ဆိုလိုက်သည်။

"ထပ်သောက်လိုက်ပေါ့။ ရော့ ကိုယ်ထည့်ပေးမယ်"

"တော်ပြီ။ ကြည့်ပါဦး။ ကျွန်မ ပြန်ရမှာကို"

"နေပါဦး။ ခဏနေကြပါဦးစို့"

"ကျွန်မ ပြန်ရမယ်"

ပေါလ်သည် စိတ်ရှုပ်သွားသလို နှုတ်ခမ်းကို ကိုက်လိုက်မိ၏။ လူဝီဇာအား အရေးအကြီးဆုံးကို ဖော်ထုတ်မည့် အခြေအနေအထိ လိမ့်ခေါ်လာပြီးမှ ယခုကဲ့သို့ ကပျက်ယပျက် ဖြစ်သွားရခြင်းကို မခံချိမခံသာ ဖြစ်နေ၏။ ဘာပဲဖြစ်ဖြစ် သူ့ကို တွယ်ကပ်ထားရမည်။ သူ့ရှေ့သို့ကုန်း၍ ခပ်တိုးတိုးလေသံဖြင့် "ဘာမြင်လို့လဲ" ဟု မေးလိုက်၏။

"ပုလိပ်"

ပေါလ်သည် ကိုယ်ကို တစ်ဝက်မျှ လှည့်ကြည့်လိုက်တော့ သူတို့၏ စားပွဲနီးချင်း၊ ဝတ်စုံခပ်မှောင်မှောင် ထိပ်ပြားပြားနှင့် လူကို တွေ့လိုက်ရ၏။ သူသည် တစ်ချိန်လုံး ဤဝတ်စုံမှောင်မှောင်နှင့်လူ အားကစားစာစောင်တွင် အာရုံဝင်စားကာ ထိုင်နေသည်ကို သိနေသည်။ လွန်ခဲ့သည့် မိနစ်နှစ်ဆယ်ခန့်အတွင်း သူသည် ပန်းရောင်သတင်းစာခေါက်ဖြင့် မျက်နှာတစ်ဝက်ကို ဖုံးကာ တစ်လက်မမျှမရွေ့ဘဲ ထိုင်နေသည်။ ယခုမူ သူသည် သတင်းစာကို မသိမသာ နှိမ့်၍ချလိုက်တော့ ပုလိပ်စာဇင် ဂျပ်၏ရုပ်သွင်ပေါ်လာသည်။

ပေါလ်လည်း သူ့ကိုယ်သူ ထိန်းလိုက်ပြီး လူဝီဇာဘက်သို့ ပြန်လှည့်လာသည်။

"ကိုယ်မင်းနဲ့လိုက်ခဲ့မယ်။ ဒီမှာ နည်းနည်း အိုက်တယ်။ လေကလေး ဘာလေးရှူလိုက်ရင် ကောင်းသွားမှာပါ"

လူဝီဇာက တစ်စုံတစ်ရာ မငြင်းဆိုနိုင်မီ ပေါလ်သည် စားပွဲထိုးကိုခေါ်၍ အရက်ဖိုးများ ရှင်းပေးလိုက်၏။ လူဝီဇာလည်း စားပွဲနီးချင်းဆီသို့ တစေ့စောင်းကြည့်ကာ သူ့ပစ္စည်းကလေးများကို ကြောက်ကြောက်လန့်လန့်သိမ်းပြီး ကုတ်အင်္ကျီကို ဝတ်လိုက်၏။ နောက် သွားရန်အဆင်သင့်ဖြစ်ပြီး သူတို့ ထိုင်ရာမှ ထကြသောအခါ ပုလိပ်စာဇင်ဂျပ်လည်း ထိုင်ရာမှထ၍ ပန်းရောင်သတင်းစာခေါက်ကို အိတ်ထောင်ထဲသို့ ထည့်လိုက်ပြီး ဘာကိုမှမကြည့် ဘာကိုမှ မမြင်သည့်အသွင်ဖြင့် သူတို့အရင် ဆိုင်ထဲမှ ထွက်သွားလေ၏။

ပေါလ်၏တစ်ကိုယ်လုံး ကြေးစည်သံခေါင်းလောင်းသံများလို တစီစီတဝီဝီမြည်လျက်။ လူဝီဇာနှင့်လျှောက်သွားရင်းများ နောက်ကနေပြီး သူ့ပခုံးပေါ်ကို လက်တစ်ဖက်တင်ကာ ပုလိပ်ဌာနချုပ်ကို ခေါ်သွားပြီး ကြံကြံဖန်ဖန် ပုဒ်မတွေတပ်၍ တရားစွဲဆိုလေမည်လားဟု စိုးရိမ်နေမိ၏။ ထိုကဲ့သို့ အလုပ်ခံလို့တော့ မဖြစ်သေး။ သူ၏ မျက်လုံးများက ရှေ့သို့ လှမ်းကြည့်လိုက်သည်တွင် ဆိုင်၏အပြင်ဘက် ပလက်ဖောင်းပေါ်၌ရပ်လျက် ဆင်နားရွက်တံခါးဆီသို့ စိုက်ကြည့်နေသော ပုလိပ်သားကို တွေ့လိုက်ရလေ၏။ ပေါလ်လည်း စိတ်ကိုတင်းကာ ယိုင်နေသော လူဝီဇာအား တွဲလျက် ခပ်တည်တည်ဆက်၍လျှောက်လာခဲ့၏။

"မိတ်ဆွေ၊ ခဏလောက်"

ပေါလ်က ရပ်လိုက်ပြီး ပုလိပ်စာဇင်အား မျက်နှာချင်းဆိုင်လိုက်သည်။ ပုလိပ်စာဇင်က သူ့အနီးသို့ စက်ရုပ်လို ကပ်လာသည်။

"ဟိုအထဲမှာ ငါ မင့်ကို စောင့်ကြည့်နေတာ။ မင်း ဒီအမျိုးသမီးကလေးကို နှောက်ယှက်နေတယ်"

"ဟာ၊ ခင်ဗျား လူလိမ်ဘဲ"

"သြော် ဟုတ်လား" ဟု ဆိုကာ လူဝီဇာဘက်သို့လှည့်ကာ " သူ မင့်ကို နှောက်ယှက်နေတာ မဟုတ်လား" ဟု မေးလိုက်၏။

တခဏမျှ တိတ်ဆိတ်သွား၏။ ထိုနောက် လူဝီဇာက ရုတ်တရက် "ဟုတ်ပါတယ်၊ သူနဲ့လိုက်ခဲ့ရမယ် ဘာမယ်နဲ့ ခေါ်နေတာပါ။ ကျွန်မက မလိုက်ချင်ပါဘူး" ဟု စူးစူးဝါးဝါး ပြန်ပြောလိုက်သည်။

"ကောင်းပြီ၊ ဒီက မြန်မြန်ထွက်သွား"

လူဝီဇာ လစ်သွားလျှင် စာဇင်ဂျပ်သည် ပေါလ်အား အခိပ္ပာယ်ပါပါ ကြည့်လိုက်သည်။

"ဟေ့၊ ဒီမှာ မက်ထရီ မင့်ကို ဒို့ မဖမ်းဘူး။ ဒါပေမဲ့ မင်းကြီးက မင့်ကို ဒါ ဒုတိယအကြိမ် သတိပေးခြင်းပဲ။ မင်း လိမ္မာလိမ့်မယ်လို့ သူမျှော်လင့်တယ်ဆိုတာ မင်း သိစေချင်သတဲ့"

စိတ်သက်သာရာရမည့်အစား ပေါလ်မှာ ဒေါသဖြင့် မွန်သွားသည်။ အပေါ်ယံအားဖြင့် သက်ညှာလိုက်သည့်သဘောမှာ နာကျင်အောင်လုပ်သည်ထက် ခံပျင်းစရာကောင်းနေပေသည်။ သူသည် ဘာကိုမှ စောင့်ဆိုင်းမနေတော့။ လူဝီဇာ၏နောက်သို့လိုက်၍လည်း ဘာမှအကြောင်းထူးမည် မဟုတ်။ သူသည် အနည်းငယ်အသက်ရှူမြန်လျက် မှောင်ရိပ်များဘက်သို့ ဖဲ့ဝင်ကာ လမ်းထောင့်အရောက်တွင် ချိုးခဲ့လေ၏။

ကန့်လန့်ဖြတ်သည့် လမ်းငယ်ကလေးသုံးခုကို ကျော်ခဲ့ပြီး ဘေးသို့ ချိုးလိုက်ကာ လူသွားလူလာရှုပ်သော မာရီယွန်လမ်းသို့ရောက်ခဲ့၏။ ဤလမ်းထဲတွင် သူသည် ခြေလှမ်းများကို နှေးစေကာ လူသွားစင်္ကြံကျယ်ကြီးများပေါ်တွင် တရွရွသွားနေကြသော လူများစွာနှင့် ရောစွက်၍ ထရန်တံတား၊ ထိုမှတဆင့် မြို့လယ်သို့ လာခဲ့သည်။ သွားလာနေကြသူများမှာ မိန်းမများသာ များပြီး အချို့ကလည်း အတွဲများနှင့် လက်မောင်းချင်းချိတ်လျက်၊ အချို့ကလည်း တစ်ကိုယ်တည်း ဖိတ်ခေါ်သည့် အပြုံးများဖြင့်၊ သစ်ပင်တန်းနှင့် လမ်းဘေးမှ မီးတိုင်များ၏ အလင်းရောင်ကွက်ကြားတွင် လမ်းသလားလျက်ရှိကြလေ၏။

ပေါလ်သည် အံကြိတ်လျက်ပင် ရှေ့သို့ဆက်လျှောက်ခဲ့ရင်း သူ့မှာရှူးရှူးရှားရှားဖြစ်ကာ သူ၏ဒေါသသည် ကြီးပွားလာခဲ့လေ၏။ သူ ယခုလောလောဆယ် အန္တရာယ်ကတော့ လွတ်ခဲ့ပြီ။ သို့သော် လူဝီဇာ နှင့် ဆက်သွယ်မှုကတော့ ပြုပြင်၍မရလောက်အောင် ပြတ်ခဲ့ပြီ ဖြစ်၏။ လူဝီဇာ ဤအကြောင်း ဘယ်တော့မှ ပြောတော့မည် မဟုတ်။။ ပေါလ်၏နှုတ်မှ ဒေါသသံကလေးများ ထွက်လာသည်။ သူ့အား ဤသို့ ပိတ်ပင်ခြင်း၊ လိုက်လံချောင်းမြောင်းခြင်း၊ နေရာတကာ လိုက်၍ ခြိမ်းချောက်နေခြင်းတို့သည် သူ၏ရင်ထဲတွင် အမြဲလောင်ကျွမ်းလျက်ရှိသော မီးကျည်းခဲကို ယပ်ခပ်ပေးနေသကဲ့သို့သာ ရှိလေသည်။

ပူးလီလမ်းသို့ သူပြန်ရောက်သောအခါ အဝတ်အစားများကို ဆွဲချွတ်လိုက်ပြီး အိပ်ရာထဲသို့ ပင်ပန်းနွမ်းနယ်လျက် ပစ်လှဲချလိုက်၏။ သူ့အား ဤနေရာသို့ လာပြီး ဖမ်းကြလေမည်လား။ လာမည်တော့ မထင်။ တကယ့် ကိစ္စက ပြီးပြီ။

ဤသို့သတိပေးခြင်းသည် သူ့အဖို့ နာမည်ပျက်သဘော မှတ်သားထားမည် ဖြစ်သော်လည်း သူ့အား ဖမ်းဆီးချင်၍ ဤသို့ သတိပေးသည်တော့ ဟုတ်မည်မထင်။ သူ မှားချင်မှားမည်၊ မှန်ချင်မှလည်း မှန်မည်။ ပုလိပ်မင်းကြီးကတော့ သူ့အား ဝေါ့တလေမှ ထွက်ခွာသွားအောင် ခြိမ်းချောက်ရုံမျှသာ ဖြစ်သည်ဟု သူတွေးကြည့်သည်။

သို့ရာတွင် ယခု သူတို့လာဖမ်းမည်ဆိုလည်း သူ ဂရုမစိုက်နိုင်တော့။ သူ၏မျက်လုံးများကို ပိတ်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။

*

## အခန်း – ၂၁

နောက်တနေ့နံနက် ပေါလ် အိပ်ရာမှနိုးတော့ လွန်ခဲ့သည့်ညနေကရခဲ့သည့် အချက်အလက်များကို ပိုမိုကြည်လင်စွာ မြင်ရသည်။ တဝက်တပျက်၌ အနှောက်ယှက်ခံလိုက်ရသော်လည်း လူဝီဇာထံမှ သူ အတော်အရေးပါသည့် အချက်အလက်များကို ရလိုက်သည်။ ယင်းတို့ထဲမှ အရေးအကြီးဆုံးမှာ အစိမ်းရောင်ဘိုင်စကယ်၊ လူ့သားရေပိုက်ဆံအိတ်တို့နှင့် ပတ်သက်သည့် အကြောင်းများဖြစ်၏။ လေးလေးနက်နက် စဉ်းစားရင်းက ထိုစဉ်က ဆေးကျောင်းသားသည် ယခုအခါတွင် ဆရာဝန်ဖြစ်နေမည်မှာ သေချာသလောက်ပင်ဖြစ်သည်ဟု တွေးမိသည်။ ဆေးဘက်ဆိုင်ရာ ဆရာဝန်လမ်းညွှန်စာအုပ်နှင့် 'နံကောင်' ဘိုင်စကယ်ကလပ်အသင်းဝင် စာရင်းတို့ကို တိုက်ကြည့်လိုက်လျှင် မည်သူမည်ဝါဖြစ်နိုင်သည်ကို ခန့်မှန်းလို့ ရနိုင်လောက်သည်ဟု တွေးမိသည်။

မျှော်လင့်ချက်အသစ်က နိုးဆော်သဖြင့် ပေါလ်လည်း အိပ်ရာထဲမှ ခုန်၍ အမြန်ထခဲ့၏။ ရှစ်နာရီထိုးပြီဖြစ်၍ ခါတိုင်း သူအိပ်ရာမှ ထသည့် အချိန်ထက် ဆယ့်ငါးမိနစ်နောက်ကျနေသည်။ မှတ်ဆိတ်ရိတ်၊ အဝတ်အစား လဲ၍ နံနက်စာကို အပြေးအလွှားစားကာ အလုပ်သို့လာခဲ့သည်။ 'ဘိုနန်ဇာ' သို့ရောက်လျှင် ဟဲရစ်သည် သူ့အား အဝင်တံခါးအတွင်းဘက်မှ စောင့်နေသည်ကို တွေ့လိုက်ရ၏။ ခါတိုင်းဆိုလျှင် မန်နေဂျာသည် ဆယ်နာရီလောက်မှ ရောက်နေကျဖြစ်၍ ဆန်းနေ၏။

ပေါလ်ဝင်သွားလျှင် ဟဲရစ်က ရှေ့ကပိတ်၍ ရပ်လိုက်ပြီး "မင်းနောက်ကျတယ်" ဟု ဆိုလိုက်၏။

ဆိုင်ထိပ်မှ နာရီကြီးကို ပေါလ်လှမ်းကြည့်လိုက်သည်။ ကိုးနာရီထိုးပြီး၍ ခြောက်မိနစ်လွန်ပြီဖြစ်၏။ ဆိုင်ထဲသို့ ဝယ်သူလည်း တစ်ယောက်မျှ မရောက်သေး။ လီနာအပါအဝင် ဆိုင်မှ အလုပ်သမားများသာ ရောက်နေလျက် သူတို့သည် မန်နေဂျာအား ဝိုင်းကြည့်လျက်ရှိကြ၏။ အထူးသဖြင့် လီနာမှ မျက်နှာပျက်နေ၏။

ပေါလ်က "ခွင့်လွှတ်ပါ။ ကျွန်တော် အိပ်ရာထ နောက်ကျသွားလို့ပါ" ဟု တောင်းပန်လိုက်၏။

"ငါ့ကို ပြန်ပြောမနေနဲ့" ဟု ဟဲရစ်လည်း ဒေါသဖြစ်လာသလိုပြောကာ "မင်းမှာ အကြောင်းပြစရာ ရှိလား" ဟု မေးလိုက်၏။

ပေါလ်လည်း အနည်းငယ် အံ့အားသင့်သလိုဖြစ်ကာ "ဘာအတွက်လဲ၊ ကျွန်တော် နောက်ကျတာ ခြောက်မိနစ်ထဲပါ" ဟု ဆိုလိုက်သည်။

"မင်းမှာ အကြောင်းပြစရာ ရှိသလားလို့ ငါမေးနေတာကွ"

"မရှိဘူး"

"မင်းကို အလုပ်ဖြုတ်တယ်။ ဒီဆိုင်မှာ ပုလိပ်က မသင်္ကာတဲ့လူတွေ ဘာတွေကို မသုံးဘူး"

ပေါလ်အား ပြန်ပြောခွင့်မပေးတော့ဘဲ ချက်ချင်း ပြန်လှည့်ကာ သူ့စားပွဲရှိရာသို့ ပြန်သွားလေ၏။ သူ စကြီးများကို ဖြတ်လာတော့ အခြားသော အလုပ်သမားများသည် မိမိတို့၏ကောင်တာအသီးသီးတွင် အလုပ်များသလို ပျာယာခပ်နေကြ၏။ လီနာကား ထိုသို့မဟုတ်။ မျက်နှာဖြူဖပ်ဖြူရော်နှင့် တစ်စုံတစ်ခု မတင်မကျဖြစ်နေသလို၊ သူ့ကောင်တာ စားပွဲခုံအနီးတွင် ရပ်လျက် ရှိလေသည်။

ရင်ထဲတွင် နင့်သွားအောင် နာကျည်းခံပြင်းလျက် ပေါလ်လည်း ချာခနဲလှည့်ကာ ဆိုင်ထဲမှ ထွက်ခဲ့၏။ ကုန်ဈေးလမ်းထဲသို့ သူလျှောက်လာရင်းက သူ့စိတ်ထဲတွင် နောက်က တစ်ယောက်ယောက် လိုက်လာသလို ဝိုးတဝါး မသင်္ကာ ဖြစ်မိ၏။

ပထမတွင် သူသည် စိတ်ထဲက မခံချည့်မခံသာ ဒေါသဖြစ်တိုင်း မြို့လယ် လူစည်ရာ လမ်းမကြီးများဘေးမှ လူသွားစင်္ကြံပေါ်တွင် တိုးဝှေ့သွားလာနေကြသည့်လူများနှင့် ရောနှောကာ ဘာရည်ရွယ်ချက်မှ မရှိဘဲ ခြေလှမ်းကြီးများဖြင့် လျှောက်နေမိ၏။ နောက် တဖြည်းဖြည်းချင်း သူ၏ဒေါသများ ပြေပျောက် ငြိမ်းအေးသွားသည်။ သူသည် မတီးချင်ဘဲတီးနေရသည့် စန္ဒယားကြီး၏ ဝဋ္ဋဒုက္ခမှ လွတ်မြောက်ခဲ့ပြီ ဖြစ်၍လည်း သူ့မှာ မနေ့ညက တွေးတောထားသည့်အတိုင်း စုံစမ်းရေးထွက်ရန်အတွက် အားလပ်ချိန်ရခဲ့ပြီ ဖြစ်လေသည်။

ပေါလ်လည်း တယ်လီဖုန်းရုံလေးတစ်ခုအတွင်းသို့ဝင်ကာ လမ်းညွှန်စာအုပ်တွင်ရှာကြည့်တော့ အမျိုးသားဘိုင်စကယ်ကလပ်သည် ထနတ်လမ်း အမှတ် ၆၂ ဟု တွေ့ရ၏။ နောက်ဆယ်မိနစ်အတွင်း သူသည် ထိုနေရာသို့ရောက်ခဲ့ပြီး ဘီးပျံတံဆိပ်ရွှေစာလုံးကြီးများနှင့် ဆိုင်းဘုတ်အောက်မှဖြတ်၍ အတွင်းသို့ဝင်၍ မြေပုံကြီးများ ချိတ်ဆွဲထားသည့် အပြင်ခန်းမှ စုံစမ်းရေးဌာနရှေ့တွင် ရပ်လိုက်သည်။

လူလတ်ပိုင်းအရွယ် အကျိုးဆောင်အမျိုးသမီးကြီးတစ်ယောက်က သူမေးသည်ကို အံ့အားသင့်သလို အမူအရာဖြင့် လက်ခံကာ ကောင်တာပေါ်မှ လက်စွဲစာအုပ်တစ်ခုကို ဆွဲယူ၍ စာရွက်များကို ကျင်လည်စွာ လျှောက်လှန်သည်။ သို့သော် ဘာမျှ မတွေ့ချေ။

"အခု ကျွန်မတို့ဆီမှာတော့ အဲသလို ကလပ်ရဲ့ မှတ်တမ်းတော့ ဘာမှ ရှိဟန်မတူပါဘူးရှင်။ လက်အောက်ခံအသင်း တစ်ခုခုများလား"

ပေါလ်က "ကျွန်တော်လည်း မသိဘူးခင်ဗျ။ အခုဆို ဖျက်ပြီးပြီတောင် ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် အဲ့ဒါကို သိချင်လို့ လိုက်ရှာနေတာပါ။ ကျွန်တော့်ကို ကူညီပါခင်ဗျာ။ ကျွန်တော့်အဖို့ သိပ်ကို အရေးကြီးလို့ပါ" ဟု ပြောလိုက်သည်။

ထိုနောက် တိတ်သွား၏။

အမျိုးသမီးက "ကျွန်မကလဲ အချိန်သိပ်မရဘူးရှင့်။ ရှင့်မှာ အရေးကြီးနေတာဆိုရင်တော့ အရင်က မှတ်တမ်းတွေ ရှင်ကြည့်ဖို့ ခွင့်ပေးပါ့မယ်။ အဲဒီထဲမှာ ပါချင်ပါမှာပါ" ဟု ပြောသည်။

ထိုနောက် ပေါလ်အား ရုံးခန်းနှင့်တွဲလျက် အခန်းငယ်ကလေးတစ်ခုထဲသို့ ခေါ်သွားကာ အဝါရောင်၊ အစိမ်းရောင် စက္ကူဖုံးစာအုပ်များ စီ၍ တင်ထားသည့် စင်များကို ညွှန်ပြခဲ့လေ၏။

သူ တစ်ယောက်တည်း ကျန်ခဲ့သောအခါ ပေါလ်သည် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်အတွင်းက လက်စွဲစာအုပ်များ၊ နှစ်ချုပ်အစီရင်ခံစာများအားလုံးကို လျှောက်၍ ကြည့်လေသည်။ ဤ အသေးစိတ်သုတေသနလုပ်ငန်းဖြင့် သုံးနာရီခန့် အချိန်ကုန်ခဲ့သော်လည်း နံကောင်ကလပ်နှင့်ပတ်သက်၍ကား ဘာသဲလွန်စမျှ မရချေ။

စိတ်ပျက်သွားသော်လည်း အားမလျှော့သေးဘဲ သည်းသည်းမည်းမည်း စဉ်းစားကာ အကြောင်းယုတ္တိရှိသမျှကို ဆက်စပ်၍ ရှာဖွေလေရာ ဤအသင်းတကယ်ရှိခဲ့သည်ဆိုလျှင် အသင်းသားများသည် သူတို့၏ ဘိုင်စကယ်များကို ဤဒေသရှိ ဘိုင်စကယ်ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝယ်ယူကြရမည်မှာ မုချဟု တွေးမိလေ၏။ ရုတ်တရက်ဆိုသလိုပင် သူသည် အမျိုးသားဘိုင်စကယ်ကလပ်မှထွက်ခဲ့ပြီး မြို့ထဲရှိ ဘိုင်စကယ် ကိုယ်စားလှယ်များကို စနစ်တကျ ပိုက်စိတ်တိုက်လေတော့၏။

ဤတွင်လည်း သူ အကြိမ်ကြိမ် စိတ်ပျက်ခဲ့ရသည်။ ရောက်လေရာတွင် ဘယ်သူမှ ဘာမှ မသိ။ အချို့က သူ့အား အရေးမလုပ်ကြ။ အချို့က လှောင်ပြောင်ရယ်မောလိုက်ကြပြီး အချို့ကမူ ဆဲရေး၍ပင် လွှတ်လိုက်ကြသေး၏။ သူမေးသောကလပ်၏အမည်ကို ဘယ်သူမှ မကြားဘူးကြ။ အချို့က သူ့အား အလကား လိုက်နေသည်ဟုပင် ထင်ချင်ကြ၏။ အစကတော့ သူသည် ဤကလပ်၏ အသင်းသားဟောင်းတစ်ယောက် ယခု ဆရာဝန်လုပ်နေသူကိုတွေ့လျှင် သူ၏ ရှာပုံတော်ကြီး ပြီးဆုံးပြီဟူသော မျှော်လင့်ချက်ကြီးဖြင့် ထွက်ခဲ့သည်။ ယခုမူ ဤကိစ္စကြီးတစ်ခုလုံး လူဝီဇာဘတ်လို စိတ်ကလည်း မမှန်ကန်၊ လူကလည်း ဖောက်ပြန်နေသူတစ်ယောက်က တောက်တီးတောက်တက် လုပ်ကြံဖန်တီးလိုက်သော ဒဏ္ဍာရီပဲ ဖြစ်ရမည်ဟု သူ့ကိုယ်သူ စိတ်ပျက်လက်ပျက် ပြောမိလေ၏။

ညနေလေးနာရီတွင် ပေါလ်သည် ဘိုင်စကယ်ဆိုင်များ၏ စာရင်းတွင် နောက်ဆုံးဆိုင်တစ်ဆိုင်ကို စုံစမ်းရန် အယ်လဒန်မြို့အစွန်သို့ မောပန်းနွမ်းဟိုက်လျက် ရောက်ခဲ့လေ၏။ ထိုဆိုင်မှာ ဂျိဒ် စတီဗင် အမည်ဆိုင်းဘုတ်နှင့် မော်တော်ကားပြင်ဆိုင်ဖြစ်နေပြီး လက်နှိပ်ဘုံဘိုင်ဖြင့် ထည့်ရသော ဓာတ်ဆီတိုင်ကလေးနှစ်တိုင်နှင့် ဆိုင်ငယ်ကလေးမျှသာ ဖြစ်၏။ ကားပြင်သည့်တဲ၏ အပြင်ဘက် မျက်နှာစာတွင် ရောင်းရန်ငှားရန်ထောင်ထားသော ဘိုင်စကယ်အဟောင်း လေး ငါး ခြောက်စီးကို တွေ့ရ၏။ ဤဆိုင်ကို မေး၍တော့ ဘာမှ ရနိုင်စရာအကြောင်းမမြင်ဟု အောက်မေ့ကာ ခဏမျှ ဆုတ်ဆိုင်းဆိုင်းဖြစ်သွားမိပြီး၊ သံမံတလင်းကို ရေပိုက်တစ်ခုဖြင့်ဖျန်း၍ ဆေးကြောနေသော အလုပ်သမားဝတ်စုံနှင့်လူထံသို့ ချဉ်းကပ်သွားမိလေသည်။

ယခုအခါတွင် သူသည် မဖြေချင်မနေရလောက်အောင် ဒဲ့ဒိုးမေးချလိုက်ပုံမျိုးကို မေးတတ်နေပြီဖြစ်၏။ သူသည် အဖြေကို ရင်တမမ စောင့်ဆိုင်းရင်းက ဆိုင်ပိုင်ရှင်သည် စဉ်းစားသလိုလုပ်နေသည်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်မိလေသည်။ ဆိုင်ရှင်သည် ရုတ်တရက်မဖြေသေးဘဲ ရေပန်းပိုက်ခေါင်းကို ပိတ်ထားလိုက်ပြီး စဉ်းစားရင်းက ပေါလ်အား လှမ်းကြည့်လိုက်၏။

"နံကောင်" ဟု သူ့ကိုယ်သူ ပြောသလို ဆိုလိုက်ပြီး "အေးဗျ၊ ဟုတ်တယ်။ ကျွန်တော့်အဖေ ပြောပြောနေတာ ကြားဖူးတယ်" ဟု ပြောလိုက်သည်။

"ခင်ဗျား ကြားဖူးတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ အဖေ့လက်ထက်တုန်းက ဒီဆိုင်က ဘိုင်စကယ်ဆိုင် သက်သက်ပဲ။ အဖေဆုံးကတည်းက ဒီကားပြင်ဆိုင် ကျွန်တော် ထပ်တိုးထားတာ။ အဲဒီကလပ်နာမည်နဲ့ ဘိုင်စကယ်ပြင်တဲ့အလုပ်ကို အဖေလုပ်ခဲ့ရတယ်ထင်တယ်။ သူတို့ သုံးတာ စတာမီတာအားချားဘိုင်စကယ်တွေ။ အားလုံး အစိမ်းရောင် သုတ်ထားကြတာ"

"ဒီလိုဆို ဒီ အသင်းသားတွေ ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားသိမှာပေါ့"

ဆိုင်ရှင်က ပြုံးပြရင်း "ကျွန်တော် ဘယ်သိမလဲဗျ။ အဲဒီတုန်းက ကျွန်တော်က ချာတိတ်ပဲ" ဟု ပြန်ပြောလေ၏။

"ခင်ဗျာ့အဖေမှာ အမှတ်အသားစာရင်းတော့ ရှိမှာပေါ့။ ပုံနှိပ်ထားတဲ့ အစည်းအဝေးမှတ်တမ်းတို့၊ အစီရင်ခံစာတို့"

"ကျွန်တော်တော့ မထင်ပါဘူးဗျာ။ ကျွန်တော့်အထင်တော့ ဒီကလပ်ဟာ သိပ် စနစ်တကျကြီးဖွဲ့ထားတာ ဟုတ်ဟန်မတူပါဘူး။ လူငယ်ကလေးတွေ တခြားကိစ္စထက် အပျော်သဘောမျိုး အရှုးထကြတာနဲ့ တူပါတယ်။ သိပ်လဲကြာကြာခံခဲ့ဟန် မတူပါဘူး"

ခဏမျှ တိတ်ဆိတ်သွား၏။ ပေါလ်လည်း ခဲလေသမျှ သဲရေကျဖြစ်ကာ အော်ဟစ် ငိုပစ်လိုက်ချင်စိတ်ကို မနည်းကြိုးစား၍ ဖယ်ထုတ်နေရလေသည်။

"ခင်ဗျား အချိန်ရတဲ့အခါ ခင်ဗျာ့အဖေထားခဲ့တဲ့ စာရွက်စာတမ်းတွေထဲ ရှာကြည့်ပေးပါဗျာ။ အဲဒီအထဲမှာ အဲဒီကလပ်နဲ့ပတ်သက်တာတွေ့ရင် ကျွန်တော့်ဆီ အကြောင်းကြားပေးစမ်းပါ။ ခင်ဗျာ့ ကျေးဇူးကို မမေ့ပါဘူး"

အသံကို တည်ငြိမ်အောင်ထိန်း၍ပြောရင်း သူ၏ နေရပ်လိပ်စာကို ပေးသည်။ ထိုနောက် ဆိုင်ရှင်က ထုတ်ပေးသော ကတ်ပြားကလေးကိုယူကာ ကျေးဇူးတင်စကားပြောပြီး မြို့လယ်ဘက်သို့ ပြန်လှည့်ထွက်လာခဲ့လေတော့သည်။

ပေါလ်လည်း အားထုတ်ခဲ့ရသမျှ အဟောသိကံ ဖြစ်ရသည့်အတွက် စိတ်ပျက်လက်ပျက် လျှောက်ခဲ့လေသောကြောင့် သူ ဘယ်ရောက်လို့ ရောက်မှန်းမသိဖြစ်ကာ နောက်ဆုံးတွင် အိမ်ကြီးအိမ်ကောင်းများသာရှိသော လူနေသန့်သန့် တောအုပ်ကုန်းဘက်သို့ မရည်ရွယ်ဘဲ ရောက်လာခဲ့လေ၏။ သူသည် လမ်းအတိုင်း လျှောက်ခဲ့ရင်း ဝင်းတံခါးများ၊ အုတ်တိုင်များမှ နာမည်ဆိုင်းဘုတ်များကို ဖတ်လာခဲ့၏။ အချို့က အိမ်အမည်၊ အချို့ကလူအမည်။ ခမ်းနားထည်ဝါကြသည်ချည်း ဖြစ်၏။ ဤသို့ဖတ်သွားရင်း ရုတ်တရက် သူ၏မျက်လုံးများသည် ခမ်းနားထည်ဝါသော နှစ်ရွက်ပိတ်ဝင်းတံခါးကြီးတစ်ခုပေါ်ရှိ စာထည့်သေတ္တာငယ်၏ အထက်စီတွင် ကြေးပြားကလေးတစ်ခုပေါ်၌ ထွင်းထားသော အမည်တစ်ခုကို သွားတွေ့လိုက်၏။

**ဆာ မက်သယူး စပရောက်။**

ပေါလ်လည်း တုန့်ခနဲ ရပ်သွားကာ ပြောင်လက်သော ဤဆိုင်းဘုတ်ကလေးမှနေ၍ အိမ်ဝင်းအတွင်းက ဥယျာဉ်ကိုလည်းကောင်း၊ ခန်းနားသောအိမ်ကြီးနှင့် ကျယ်ပြန့်လှသော ဝင်းခြံကြီးကိုလည်းကောင်း ငေးစိုက်ကြည့်နေလိုက်မိသည်။ သူ၏မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်လျက်ရှိ၏။ ဤကား အစိုးရရှေ့နေခေါ် ဆွဲချကြီး၏ နေအိမ်တည်း။ ပေါလ်လည်း စပရောက်အား ဆွဲချ ဟူသောအမည်ဖြင့်သာ မှတ်သားထားလိုက်၏။ သူသည် မမျှော်လင့်ဘဲ ဤနေရာအနီးတဝိုက်သို့ ရောက်လာခဲ့သောအခါ ဆွမ်းပြောလိုက်ကတည်းက သူ့ရင်ထဲတွင် ကိန်းအောင်းကာ တဖြည်းဖြည်းပွားများစုပုံ၍ လာခဲ့သော စပရောက်အပေါ် အပြစ်ဖို့သည့် စိတ်ကလေးများသည် တရိပ်ရိပ်တက်၍ သူ့အား လွှမ်းမိုးသွားလေသည်။

ဤပုဂ္ဂိုလ်ကြီးကား တကယ် ထိပ်တန်းပညာရှိ၊ ဥပဒေပါရဂူ၊ ကောက်ချက် ရှင်းချက် နည်းနိသျှများတွင် အမြင့်ဆုံးအဆင့်က ကျွမ်းကျင်သူပညာရှင်ဖြစ်သည်။ အမှုတွင် အရေးအကြီးဆုံးအချက်အလက်များဖြစ်သည့် ဘိုင်စကယ်အစိမ်း၊ လူ့သားရေပိုက်ဆံအိတ်၊ အချုပ်အားဖြင့် သေသူအမျိုးသမီး၏ ကိုယ်ဝန်ဆိုသည့် အချက်အလက်များကို သူ လစ်လျူရှုထားခဲ့ရလောက်အောင် မည်သို့သောအကြောင်းက ဖန်တီးလိုက်လေသနည်း။ တမင်ချန်ထားခဲ့ခြင်းပေလော။ တရားခံ၏ဘက်မှ အခြေအနေကောင်းစေမည့် အထောက်အထားများကို သူ့လိုပုဂ္ဂိုလ်တစ်ယောက်က တမင်ချန်ထားခဲ့၍ ရသလော။ တရားခံအား နစ်နာစေမည့် အထောက်အထား သက်သက်ကိုသာ ဖိ၍လိုက်ပြီး ယမမင်း၏ရှေ့နေအဖြစ် သူ့အစွမ်းအစ အရှိန်အဝါရှိသမျှ အသုံးချကာ နံ့ချာညှိဖျင်းလှသော တစ်ဖက်ကရှေ့နေအားချေမှုန်းလျက် တရားနည်းလမ်း မမှန်မှန်းသိလျက်ကပင် တရားခံအတွက် အပြစ်ဒဏ်ရလေအောင် ဆောင်ရွက်ခဲ့လေသလော။ ဤသည်ပင် တရားဥပဒေပေလော။

ဤသို့ တွေးတောမိကာမျှဖြင့် သူ၏ရင်တွင်း၌ ဒေါသဖြစ်ခြင်း၊ ရွံရှာစက်ဆုပ်ခြင်းတို့ဖြင့် ပြည့်လျှံလာကာ လည်တွင် ဆို့နစ်လာခဲ့သည်။ ဤဝင်းတံခါးမှပင် ဤဆွဲချကြိုးထွက်လာပြီး သူနှင့်ရင်ဆိုင် တွေ့ရကောင်းတွေ့ရမည်ဟု တွေးမိတော့ ဤနေရာမှ သူ လွတ်အောင် ရှောင်ပြေးချင်သည်။ သို့သော် သူ၏ ခြေလက်များက လှုပ်မရအောင် လေးလံနေသဖြင့် ဝင်းတားသံပိုက်လုံးများကိုကိုင်၍ ထိန်းထားလိုက်ရသည်။ သို့သော်နောက်ဆုံး၌ သူ့စိတ်ဓာတ်ကို သူ ကြိုးစား၍ သိမ်းဆည်းကာ ထိုနေရာမှ ဒရွတ်ဆွဲ၍ ထွက်ခဲ့ပြီး တောင်ကုန်းခြေရင်းမှ လူစည်ကားသောလမ်းထဲသို့ ဝင်ရောက်ခိုလှုံလိုက်ရလေတော့၏။

သူ့ အခန်းသို့ ပြန်ရောက်သောအခါ အပေါ်အင်္ကျီကို ချွတ်၍ အိပ်ရာပေါ်ပစ်တင်လိုက်ပြီး စိတ်လှုပ်ရှားစွာပင် ခေါက်တုန့်ခေါက်ပြန် လျှောက်၍နေမိလေ၏။ အနည်းဆုံးသူသည် လူဝီဇာဘတ်ပြောပြသည့် အကြောင်းများတွင် တကယ်အရေးကြီးသည့် အချက်များပါသည်ကိုတော့ ထင်ရှားစေခဲ့ပြီ။ သို့ရာတွင် ဤကိစ္စ သူဘာမျှ မတတ်နိုင်သောကြောင့် စိတ်ထဲတွင် သည်းမခံနိုင်အောင် တနုံ့နုံ့ ဖြစ်ရလေသည်။ သူက တစ်ခုခုကို ပြတ်ပြတ်သားသား လုပ်ပစ်လိုက်ချင်သည်။ အချိန် တရွေ့ရွေ့ ကုန်လာသည်နှင့်အမျှ သူ့မှာ ပို၍ ပို၍ စိတ်ဂဏှာမငြိမ် ဖြစ်လာသည်။ သူ သည်းမခံနိုင်လောက်အောင် ဖြစ်လာသည့်အချိန်မှာပင် သူ၏ တံခါးကို ခေါက်လိုက်သည့်အသံ ကြားလိုက်ရလေသည်။ သူ တံခါးကို အလျင်အမြန် ဖွင့်လိုက်တော့ သူ့ရှေ့တွင် ရပ်နေသည့် လီနာအင်ဒါဆန်ကို ဘွားကနဲ တွေ့လိုက်ရလေ၏။ လီနာ့မှာ ဦးထုပ်မပါ။ သူ ဝတ်နေကျ ခပ်ပွပွ မိုးကာအင်္ကျီနှင့်ဖြစ်၍ ည လေအေးကလေး တိုက်ခတ်ထား၍လား၊ လမ်းထဲတွင် သုတ်သီးသုတ်ပျာ လာခဲ့ရ၍လားမသိ။ လီနာ၏ ရွှေရောင်ဆံပင်စကလေးများမှာ နဖူးပြင်မှ နောက်သို့ လွင့်လျက်၊ သူ၏ ပါးပြင်ကလေးများမှာလည်း နီမြန်းလျက်၊ လေခါးခုံတွင် မတင်မကျ ရပ်ရင်းက သူ့မျက်လုံးများမှာ ကျီးကန်းတောင်းမှောက် ကြည့်လျက်၊ မျက်ခုံးများကလည်း ဖုံးကွယ်ခြင်းငှာ မတတ်နိုင်သော သူ၏ စိုးရိမ်စိတ်ကလေးများကို ဖော်ပြလျက်ရှိကြ၏။

“ပေါလ်ရယ်၊ ရှင့်ကို နှောင့်ယှက်သလို ဖြစ်နေတာတော့ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ကျွန်မ လာမှ ဖြစ်မှာမို့ပါ။ ဒီနေ ညနေပိုင်းက ရှင့်ကိုတွေ့ဖို့ လူတစ်ယောက်လာတယ်”

“အဲဒီတော့” ဟု သူက ညစ်ထုတ်လိုက်ရသော လေသံဖြင့် မေးလိုက်၏။ လီနာအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် သူ၏မျက်လုံးများမှာ အလိုလိုအရောင်တောက်လာကြသည်။ သို့ရာတွင် သူ့အား ဟဲရစ်ပြောဖူးသည့် စကားများကို သူ ပြေး၍ သတိရလိုက်မိသည်။ လီနာ့အား ဤသို့ မသန့်ရှင်းသောသူ၏ အဖြစ်ဖြင့် သူ မကြည့်ရက် မမြင်ရက်နိုင်။ လီနာ၏ ရိုးသားဖြူစင်သော အသွင်ကိုပင် သူ့အား မာယာဆင်၍ ဖမ်းရန် ဟန်လုပ်လေသလားဟု ထင်မိသေး၏။ “အထဲကို ဝင်ပါလား” ဟု ပြောလိုက်သည့် သူ၏ အမူအရာမှာ သူ မသိဘဲ အေးစက်မာကျော၍ နေလေသည်။

"မဝင်တော့ဘူး၊ အိမ်ကို ချက်ချင်း ပြန်ရမယ်၊ မနက်က မစ္စတာဟဲရစ် လုပ်ပုံဟာ သိပ်မတရားတာပဲ" ဟု စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်၏။

"သူ့မှာလဲ သူ့အကြောင်းနဲ့သူ ရှိမှာပေါ့"

လီနာက စိတ်လှုပ်ရှားလျက်ပင် ပေါလ်အား စိုက်ကြည့်နေ၏။ လည်ပင်းသီးတပ်ထားသည့် မိုးကာအကျႌ အထက်စရှိ ဖြူဖွေးသော လည်တိုင်ကလေးတွင် သွေးတိုးနေသည်ကို မြင်ရသည်။

"နောက် အလုပ်တစ်ခု ရပြီလား"

"မရှာရသေးဘူး"

"ဒါဖြင့် ရှင် ဘာလုပ်မလဲ"

လီနာက သူ၏ စိုးရိမ်စိတ်ကို ဖုံးကွယ်မထားနိုင်ဘဲ မေးလိုက်တော့ ပေါလ်မှာ ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။ သို့သော် သူက ဆတ်ခနဲ ပခုံးချီလိုက်ပြီး "မပူပါနဲ့၊ အဆင်ပြေသွားပါလိမ့်မယ်။ ဒါနဲ့ ကိုယ်ကိုတွေ့ချင်တယ်ဆိုတာက ဘယ်သူတဲ့လဲ။ ပုလိပ်တို့ ဘာတို့များလား" ဟု မေးလိုက်၏။

လီနာက လျင်မြန်စွာပင် "ဟင့်အင်း၊ မဟုတ်ပါဘူး" ဟု ဖြေလိုက်ပြီး "ခပ်သေးသေးနဲ့ လူခပ်ဆန်းဆန်းပဲ။ ပစ္စတာ ဟဲရစ်က သိပ်ရိုင်းတာပဲ၊ စာကလေးပေးထားခဲ့ပါရစေဆိုတာ ယူမထားနိုင်ဘူးလို့ ပြောလွှတ်လိုက်တယ်။ ဘာမေးလို့မှလဲ မပြောဘူး။ ဒါနဲ့ ကျွန်မက သူနဲ့ ကြုံဖန်ပြီးစကားပြောဖြစ်အောင် လုပ်ယူရတယ်။ သူက အရှောကုန်း အမှတ် ၂၅ မှာ နေတဲ့ မစ္စတာပရပ်စတီတဲ့။ ဒီနေ့ည ရှင် သူ့ကို လာတွေ့စေချင်သတဲ့" ဟု ပြောလိုက်၏။

"ဒီနေ့ညတဲ့လား"

"ဟုတ်တယ်။ ဘယ်လောက် မိုးချုပ်ချုပ်တဲ့။ ဒါဟာ သိပ်ကို အရေးကြီးတယ်တဲ့"

ပေါလ်က ငြိမ်သက်စွာပင် "ကျေးဇူးပဲ လီနာ။ မင်း ကိုယ့်ကို တကယ် ကျေးဇူးပြုပေတာပဲ" ဟု ပြောလိုက်၏။

"မဖြစ်လောက်ပါဘူးရှင်၊ ကျွန်မ သူများကိစ္စထဲ ဝင်မရှုပ်ချင်ပါဘူး။ ဒါပေမဲ့ ကျွန်မ ကူညီနိုင်တာဆိုရင်"

ထိန်းချုပ်ထားသော်လည်း မတိုက်တွန်းရဘဲ ထွက်ပေါ်လာသည့် လီနာ၏ စာနာစိတ်ကလေးများက ပေါလ်အား လွှမ်းခြုံပေးလိုက်သည်တွင် သူသည် သူ၏ အတွင်းရေးများကို လီနာအား ပြောပြချင်မိလေသည်။ သို့သော် သူ့စိတ်ကို သူ ထိန်းသိမ်းလိုက်၏။ ထိုနောက် မပြုံးချင် ပြုံးချင် ပါးကြောလှုပ်ရုံမျှ ဝတ္တရားကျေ ပြုံးပြလိုက်ပြီး "မင့်မှာလဲ မင့်ဒုက္ခတွေနဲ့ မင်း မဟုတ်လား လီနာ" ဟု ဆိုလိုက်၏။

လီနာက ခေါင်းငုံ့ထားရာမှ မျက်လွှာကို ပင့်၍ ကြည့်လိုက်ပြီး "ကျွန်မမှ ဒုက္ခရှိရင်၊ ရှင့်ဒုက္ခကို ပိုပြီးနားလည်တာပေါ့" ဟု ပြောလိုက်သည်။

ပေါလ် ဘာပြန်ပြောမည်နည်းဟု စိတ်စောလျက် စောင့်ဆိုင်းနေသော်လည်း ပေါလ်က တိတ်ဆိတ်နေသဖြင့် နှုတ်ခမ်းများကို တင်းနေအောင်စေ့ကာ သက်ပြင်းလည်း မချသာအောင် ဖြစ်၍နေလေ၏။

"ဘယ်လိုမဆိုလေ၊ ကိုယ့်ကိုကိုယ်တော့ ဘေးမဖြစ်အောင် ကြည့်နေပေါ့"

တခဏမျှ သူတို့ အကြည့်ချင်း ဆုံမိကြသည်။ ထိုနောက် လီနာလည်း ချာခနဲလှည့်ကာ လျင်မြန်စွာ ထွက်ခွာသွားလေတော့၏။

ချက်ချင်းပင် လီနာအား တားထားလိုက်ချင်စိတ် ဖြစ်ပေါ်လာပြီး၊ နှမြောတသခြင်းတွင် ပျော့ညံ့ရကောင်းလားဟု သူ့ကိုယ်သူဒေါသဖြစ်သည့်စိတ်က နောက်လိုက်သဖြင့် သူ့တစ်ကိုယ်လုံး အေးစက်သွားလေ၏။ လေ့ကားခုံအထိ ပြေးထွက်လိုက်သွားပြီး လီနာ့အား ပြန်ခေါ်လိုက်ချင်မိသည်။ သို့သော် ကုန်ဈေးလမ်းဆီမှ နာရီတီးသံက သူ့အား သတိပေးလိုက်သည်။ သူ ရပ်တန့်သွားသည်။ သူ ရေတွက်ကြည့်တော့ ကိုးချက်တိတိမြည်သည်။ ချက်ချင်းပင် သူ ဦးထုပ်နှင့် ကုတ်အင်္ကျီကို ယူကာ လှေကားမှ ပြေးဆင်းရင်း "ပရပ်စတီ ဘာကြောင့်များ သူ့ကို တွေ့ချင်ပါလိမ့်"ဟု တွေးတော လာခဲ့၏။ ဤသို့ သူ့ဆီလိုက်လာပြီး တွေ့ချင်သည်ဟု အကြောင်းကြားခြင်းမှာ သိသိသိပ်သိပ်ရှိလှသော မစ္စတာပရပ်စတီ၏ နဂိုစရိုက်နှင့် သိပ်မကိုက်ညီလှ။ ပေါလ်လည်း လမ်းတလျှောက်လုံး ဤပြဿနာကိုဖြေရန် မျက်မှောင်ကုပ်၍ စဉ်းစားရင် အယ်လဒန်ဘက်သို့ ခပ်သုတ်သုတ်လျှောက်လာခဲ့လေ၏။

*

## အခန်း – ၂၂

ရာသီဥတု ပြောင်းလဲခဲ့ပြီဖြစ်၍ ညအချိန် ချမ်းအေးလျက်ရှိသော ဆောင်းရာသီပေတည်း။ ကောင်းကင်မှာလည်း သိပ်သည်းလျက်၊ လမ်းထွက်သူများလည်း နည်းပါးသွားကာ တစ်မြို့လုံးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ နှင်းများ ရွတ်တရက်ကျလာသည်။ နှင်းပွင့်ကလေးများသည် လေထဲတွင် ဝဲကာလွင့်၍ ဖွဲဖွဲကျလာကြပြီး လူသွားစင်္ကြံများပေါ်တွင် ရွရွကလေး စုပုံနေကြ၏။ ဤနှင်းပွင့်ကလေးများပေါ်မှ နင်း၍ လျှောက်ခဲ့ရင်း ပေါလ်သည် တရုတ်ကပ်တံခါးများ ပိတ်ထားပြီးဖြစ်သော ဆေးလိပ်ဆိုင်ကိုဖြတ်ကျော်၍ အရှေ့ကုန်းဘက်ဆီသို့ လာခဲ့လေသည်။

ဆေးလိပ်သမားကြီးသည် သိုးမွေးလည်စည်းကြီးကို လည်ပင်း၌ပတ်လျက် သူ၏အိမ်ထဲ၌ပင် ရှိနေလေသည်။ သူသည် သူ့အိမ်ဆီသို့ ပေါလ်ဝင်လာနေသည်ကို လှမ်းကြည့်ရင်းက မှတ်မိသွားသလို တံခါးကို ကျယ်ကျယ်ဖွင့်ပေးလိုက်၏။ ပေါလ်လည်း သူ့ကိုယ်ပေါ်မှ နှင်းပွင့်များကို ဖိနပ်ချွတ်တွင် ခါ၍ချခဲ့ပြီးမှ အိမ်ထဲသို့ ဝင်လိုက်၏။ ဧည့်ခန်းကား ရှေးနည်းအတိုင်း မှိန်ပျပြ၊ ဖုံထူပြ၊ ဆေးလိပ်နံ့မွှန်ဆဲ၊ ဓာတ်ငွေ့မီးလင်းဖိုမှ အလင်းရောင်သည် သိုးမွေးကော်ဇောပေါ်သို့ ဟပ်ပြဖြစ်၏။ အပြင်ဘက် အအေးထဲမှလာသူအဖို့ အခန်းသည် လှောင်ပိတ်၍ နေပေသည်။

ပရပ်စတီလည်း သူ၏မျက်မှန်အပေါ်မှ ဆတ်ခနဲ ဆတ်ခနဲ လှမ်းကြည့်ရင်း "ဆောင်းဦး စောတယ်ကွ။ အေးလာတယ်ဆိုရင် ငါ့မှာ ရင်ကြပ်လာတာပဲ။ ထိုင်ကွာ။ ငါ အခုပဲ ညစာစားတော့မယ်လို့"ဟု ပြောလိုက်သည်။

ထို့နောက် သူသည် ဧည့်သည်လာလျှင် တိုက်ရမှ ကျေနပ်သည့် ကော်ဖီတစ်ခွက်ကို ငှဲ့ပေးကာ ဆိုင်မှ သူဝယ်လာပြီး မီးပေါ်တင်နွေးထားသော အသားပေါင်းကိုလည်း သူနှင့်အတူ စားပါဦးဟု အတင်းတိုက်တွန်းနေပြန်သည်။ ဤမျှ ဧည့်ဝတ်ကျေ၍နေသော်လည်း ပေါလ်၏ စိတ်ထဲတွင် ပရပ်စတီသည် ယခင်တစ်ခေါက်ကလောက် ဖော်ဖော်ရွေရွေမရှိဟု သင်္ကာမကင်းဖြစ်နေ၏။ ဆေးလိပ်သမားကြီးသည် သူ့အားလှမ်း၍လှမ်း၍ တိတ်တခိုး အကဲခတ်ရင်း လွန်ခဲ့သည် သီတင်းပတ်များအတွင်းက ပေါလ်ဘာတွေလုပ်နေခဲ့သည်ကို အားလုံးသိအောင် မေးခွန်းတစ်ခုပြီးတစ်ခု ပါးနပ်လိမ္မာစွာ မေးနေလေတော့သည်။

မေးပြီးသွားသောအခါ ရတ်တရက် ဘာမျှ ဝေဖန်ပြောဆိုခြင်း မပြုသော်လည်း ဆေးလိပ်တစ်လိပ်ကို ရွေးချယ် မီးညှိတော့ သူ၏မျက်နှာမှာ မှုန်၍နေပေသည်။ ထို့နောက် ချောင်းတဟွတ်ဟွတ်ဆိုးကာ မီးဖိုဘက်သို့ မျက်နှာငံ့၍ ထားလိုက်၏။

"ဒီလိုကိုး" ဟု မျက်မှောင်ကုပ်၍ ပြောလိုက်ပြီး "ဒီကိစ္စကြီးတစ်ခုလုံး ပြန်ပြီးပေါ်လာလိမ့်မယ်လို့ ငါထင်နေတာ မဆန်းပါဘူး။ နှစ်ပေါင်းများစွာ မြုပ်နေပြီးမှ မြေကြီးနဲ့နားနဲ့ ကပ်ပြီးနားထောင်လိုက်တဲ့အခါ မြေပုံထဲက တရွရွလှုပ်သံသဲ့သဲ့ ကြားရတယ်ဆိုတာလိုပဲ" ဟု ဆိုလိုက်၏။

ထို့နောက် ငြိမ်သက် တိတ်ဆိတ်နေ၏။ နှင်းရိပ်ကြောင့် မှောင်လာလေ ဧည့်ခန်းထဲတွင် ဟိုမှသည်မှ အရိပ်များ ထိုးကျလာသကဲ့သို့ ထင်လိုက်ရ၏။

"အခုကတော့ဖြင့် အားလုံးဖုံးကွယ်နေတုန်းပဲ ရှိသေးတယ်" ဟု ပရပ်စတီက လေသံခပ်မှန်မှန်ဖြင့် ဆက်ပြောသည်။ "သို့ပေမယ့် အရိပ်အရောင်တွေ နိမိတ်လက္ခဏာတွေကတော့ ဆိုးဖို့လားတော့ မပြောတတ်ဘူး။ ပြနေကြပြီ။ ဒါပေမယ့် ငါ့စိတ်ထဲက သိနေတယ်။ အခု ဒီအခန်းထဲမှာရော (အပေါ်သို့ မော်ကြည့်လိုက်ပြီး) အပေါ်ထပ်က အခန်းထဲမှာရော ဒီအမှု ပြန်လည်နိုးကြားလာလိမ့်မယ်လို့ သိနေတယ်"

ပရပ်စတီက ဤသို့ နိမိတ်ဖတ်သလိုလေသံဖြင့် ပြောလိုက်သောအခါ ပေါလ်မှာ ကျောထဲတွင် စိမ့်သွားသလို ဖြစ်လာသဖြင့် ဣန္ဒြေဆည်ကာ မျက်နှာကျက်ဆီသို့ မော့ကြည့်လိုက်မိသည်။

"အခုထိ ဒီအခန်း လွတ်နေတုန်းပဲလား"

ဆေးလိပ်သမားကြီးက ခေါင်းညိတ်ပြလိုက်ပြီး "ဘယ်သူမှမရှိဘူး၊ ဘာမှမရှိဘူး။ လူသတ်မှုဖြစ်ပြီးကတည်းက အခုထိ ဘယ်သူမှ မနေခဲ့ဘူးလေ ကြာလှမှပဲ" ဟု ပြောလိုက်သည်။

ပေါလ်လည်း ဘာပဲလုပ်ရလုပ်ရ ရှေ့ဆက်သွားရန် စိတ်ဆန္ဒက ဖမ်းစားနိုပ်စက်ထားသဖြင့် စိတ်ဂဏှာမငြိမ်နိုင်တိုင်း ထိုင်ရင်းက ဖင်တကြွကြွဖြစ်နေလေ၏။

"ဦးရဲ့ စိတ်ထဲမှာ အနှောင့်အယှက် တခုခုရှိနေလား၊ ကျွန်တော် လုပ်ခဲ့တာတွေကြောင့်လား"

"အေး၊ အေး၊ ပြောပြပါ့မယ်" ဟု ပရပ်စတီက အလိုက်သင့် ပြောလိုက်ပြီး "ဒီကိစ္စက တိုးတိုးတမျိုး ကျယ်ကျယ်တလှည့် ဆိုသလို ပျံ့နှံ့သွားပြီး မထင်တဲ့နေရာတွေကို ရောက်သွားဟန်တူတယ်။ ဒါကြောင့် မင့်ကို ငါ့ဆီလာဖို့ ခေါ်ရတာပဲ" ဟု ဆိုလိုက်၏။

ပေါလ်လည်း စိတ်ထဲက လှုပ်ရှားသည်ကိုထိန်းရန် လက်ချောင်းချင်းယှက်၍ တင်းကြပ်စွာဆုပ်ရင်းက ရှေ့သို့ကုန်းကာ နားထောင်နေလိုက်သည်။

"လွန်ခဲ့တဲ့ သောကြာနေ့က ငါနဲ့တွေ့ဖို့ဆိုပြီး ဒီအိမ်ကို လူတစ်ယောက် လာတယ်။ ငါက အပြင်ထွက်နေတယ်။ ငါ့အိမ်ကို တပတ်နှစ်ခါ လာလာပြီး ရှင်းပေးတဲ့ မစ္စက်လော်ဆန်ဟာ ရိုးရိုးသားသားနဲ့ အသိဉာဏ်ရှိတဲ့ မိန်းမမျိုးပါ။ စိတ်လှုပ်ရှားလွယ်တဲ့ဟာမျိုး မဟုတ်ဘူး။ ဒါပေမယ့် သူ့အဆိုအရတော့ အဲဒီလူကို မြင်လိုက်တာနဲ့ သူ့မှာ လန့်ဖျပ်သွားတာပဲတဲ့" ဟု ပြောရင်း ပရပ်စတီလည်း ပေါလ်အား လှမ်းကြည့်လိုက်ပြီး "ဆက်ပြောရမလား" ဟု မေးလိုက်သည်။

"ပြောပါ"

"အဲဒီလူရဲ့ အသက်အရွယ်ကို မှန်းလို့မရနိုင်ဘူးတဲ့။ ငယ်ချင်လဲ ငယ်မယ်၊ ကြီးချင်လဲ ကြီးမယ်တဲ့။ သူ့ကိုကြည့်ရတာတော့ အားကောင်းအင်ကောင်းပေမယ့် မကျန်းမမာဖြစ်နေတဲ့ပုံပဲတဲ့။ သူ့အဝတ်အစားတွေကလဲ

တခုမှ သူနဲ့ ပုံတော်ပန်းကျ မရှိဘူးတဲ့။ မစ္စက်လော်ဆန်ကတော့ သူဟာ အကျဉ်းသမားတစ်ယောက်ပဲလို့ ဒိဌဆိုတယ်"

ပေါလ်လည်း နှုတ်ခမ်းများခြောက်ကပ်လျက်က "ဘယ်သူများပါလိမ့်" ဟု တွေးသလိုမေးသလို ဆိုလိုက်သည်။

"ဘုရားမှ သိမှာပဲ၊ ငါမသိဘူး။ ဒါပေမယ့် သူ စတုန်းဟိဒ်က လာခဲ့တယ်ဆိုတာတော့ သေချာပါတယ်။ သူ့နာမည်လဲ ပေးမထားခဲ့ဘူး။ သူ လုစ်ခနဲ ပြန်ထွက်မပြေးခင် ပေးသွားတာကတော့ စာကလေးတစ်စောင်"

ပရပ်စတီက ခပ်လေးလေး ခပ်ဆွဲဆွဲပင် သူ၏ကိုယ်ကြပ်အင်္ကျီအိတ်ထဲမှ စာရွက်မြှောင်းကလေး တစ်လိပ်ကိုထုတ်၍ ဖြည်ကာ ပေါလ်အား လှမ်းပေးလိုက်၏။ စက္ကူကလေး ညိုဝါလှပေသည်။ ပေါလ်လည်း စာကို အခေါက်ခေါက် ပြန်ဖတ်၍နေမိ၏။

**ဘုရားသခင် ဂုဏ်ကျေးဇူးတော်ကြောင့် သူတို့ကို လျှော့မပေးလိုက်ပါနှင့်။ လမ်းကြားတွင် ချာလီကာဆယ်ကို တွေ့အောင်ရှာပါ။ ဘာလုပ်ရမယ်ဆိုတာ သူ ပြောပါလိမ့်မယ်။**

ဒါက ဘာသဘောပါလိမ့်။ ဤသို့သော အလောသုံးဆယ်စာမျိုးကို ဘယ်သူက ရေးလိုက်ပါလိမ့်။ အရေးတကြီးဖြစ်နေသည့်အသံကို ဘယ်သူကများ ဟစ်လိုက်ပါလိမ့်။ ပေါလ်လည်း ကုလားထိုင်ပေါ်တွင် မတုန်မလှုပ် ကျောက်ရုပ်ပမာ မတ်မတ်ကြီးထိုင်လျက်က တောရမ်းမယ်ဘွဲ့ စဉ်းစားတွေးတော၍နေမိလေ၏။ ဖြစ်နိုင်မည်တော့ မထင်။ သို့သော် မကြုံစဖူးကောင်း အခွင့်ကောင်းနှင့်ကြုံလာလျှင်တော့ ဖြစ်နိုင်သည်။ ဤစာတိုကလေးသည် သူ့အဖေနှင့်အတူ အကျဉ်းခံနေရရာမှ လွတ်မြောက်လာသော အကျဉ်းသမားတစ်ယောက်က တိတ်တဆိတ်ယူဆောင်လာပြီး ခိုးကြောင်ခိုးဝှက် ပို့ပေးသွားသည့် သူ့အဖေထံမှစာ မဖြစ်နိုင်ပေဘူးလား။

ပေါလ်လည်း တကိုယ်လုံး ကျင်တက်သွားသည်။ ဤစာကလေးသည် သူ့အား ရှေ့သို့ဆက်သွားရန် အားသစ်လောင်းပေးလိုက်သကဲ့သို့လည်း ရှိသည်။ အာဏာဖြင့် နှင်နေသကဲ့သို့လည်းရှိသည်။ သူ၏ရင်ထဲတွင် ဗလောင်ဆူလျက်က စာရွက်ကလေးကို လိပ်ကာ "ဒါကို ကျွန်တော် ယူထားရမလား"ဟု ပရပ်စတီအား မေးလိုက်သည်။

ပရပ်စတီက သူ့မှာ တာဝန်ကင်းပြီဆိုသည့်သဘောဖြင့် လက်ပြလိုက်ပြီး "ယူသွားစမ်းပါကွာ။ ဒီလိုကိစ္စမျိုးမှာ ငါက ကန့်လန့်ကန့်လန့် ပါနေချင်တာ မဟုတ်ပါဘူး" ဟု ဆိုလိုက်လေ၏။

ယခုအခါတွင် အခန်းထဲတွင် မှန်ပျပျသာလင်းတော့သည့် ဓာတ်ငွေ့မီးလင်ဖိုမှ အလင်းရောင်လည်း ဖျော့တော့စွာ ကော်ဇောပေါ်သို့ ထိုးတက်လျက်ရှိပါသည်။ အပြင်ဘက်တွင်ကား အမှောင်ထုသည် ပိုမိုအားကောင်းလာကာ ပြူတင်းတံခါးများတွင် နှင်းများထူထဲစွာပုံလျက်ရှိလေ၏။ ပေါလ်လည်း သူ့အတွေးဦသူ နစ်မြုပ်လျက် မျှော်လင့်ချက်အသစ်များဖြင့် ပြည့်ကာ ငြိမ်သက်စွာ ထိုင်နေမိ၏။

ထိုအခိုက်တွင် ရုတ်ချည်းဆိုသလိုပင် အပေါ်ထပ်ဆီမှ ခြေသံများ ကြားလိုက်ရ၏။

ပေါလ်လည်း ကိုယ်ကို ဆတ်ခနဲ တောင့်ထားလိုက်၏။ ပထမတွင် သူ နားကြားလွဲသည်ဟု ထင်မိ၏။ သို့သော် မလွဲပါ။ ခြေသံများသည် လေးလေးမှန်မှန် ဆက်လက်ထွက်ပေါ်လာနေပေသည်။ ဤအခြေအနေမျိုးတွင် ဤအတွေးမျိုးဖြင့် နစ်မြုပ်လျက်ရှိစဉ် ဤသို့ ထူးဆန်းသောအသံမျိုးကို ကြားလိုက်ရတော့ ထူးထူးခြားခြား

ကြောက်မက်ဖွယ်ရာ ဖြစ်နေပေသည်။ ပေါလ်လည်း ခေါင်းနပန်းများကြီးလျက် ကိုယ်ကို မတ်မတ်ထားကာ မျက်နှာကျက်ဆီသို့သာ မော့်ကြည့်နေမိ၏။ ပရပ်စတီမှာလည်း ထို့အတူပင် တင်းတင်းမတ်မတ်ထိုင်လျက် အပေါ်သို့ အထိတ်တလန့်မော့်ကြည့်နေလေသည်။

"ဦး ပြောတော့ ဒီ အိမ်ခန်း အလွတ်ဆို" ဟု ပေါလ်က လေသံဖြင့် မေးလိုက်၏။

"အသေအချာပေါ့" ဟု ပရပ်စတီက ဖြေသည်။

ပရပ်စတီသည် ထူးထူးခြားခြား သွက်လက်စွာ ထိုင်ရာမှ ခုန်၍ထလိုက်ပြီး ဧည့်ခန်းကိုဖြတ်ကာ စင်္ကြံလမ်းအတိုင်းပြေး၍ အပြင်သို့ ထွက်သွားလေ၏။ ထိုအချိန်မှာပင် အပေါ်ထပ်မှ တံခါးပိတ်သံနှင့် မရှေးမနှောင်း လှေကားအတိုင်းဆင်းလာသည့် ခြေသံများ ကြားလိုက်ရ၏။ ပေါလ်လည်း ရုတ်တရက်ဖြစ်ပေါ်လာသည့် စိတ်ဖြင့် ပရပ်စတီ၏နောက်သို့ လိုက်သွားရန်ဖြစ်သော်လည်း အဝင်စင်္ကြံလမ်းတစ်ဝက်လောက်သို့ သူ အရောက်တွင် အပြင်ဘက်လှေကားခုံဆီမှ ရုတ်တရက် စိတ်သက်သာရာရသွားသည့်အသံဖြင့် တစ်ယောက်ယောက်အား နှုတ်ဆက်လိုက်သည်ကို ကြားရသဖြင့် သူ့ခြေလှမ်းများ တုံ့သွားသည်။ သူ့တစ်ကိုယ်လုံးတောင့်တင်းလျက် နားများကို ပေ၍ စွင့်ကာ ရပ်နေလိုက်၏။ ပထမသူ မသိသော အသံတစ်သံက နှုတ်ဆက်လိုက်သည်ကို ကြားရပြီး ထိုနောက်တွင် ပုံမှန်အသံဖြစ်နေသော ပရပ်စတီ ပြန်ပြောသံကို ကြားလိုက်ရ၏။ ထိုနောက် အေးအေးဆေးဆေးစကားပြောနေကြသည့် အသံနှင့် နောက်ဆုံးနှုတ်ဆက်ခွဲခွာသွားသည့် အသံတို့ ကြားရ၏။

တစ်မိနစ်ခန့်ကြာသော် ပရပ်စတီသည် နဖူးကိုသပ်လျက် ပြန်ဝင်လာသည်။ သူသည် တံခါးကိုပိတ်၍ ဓာတ်ငွေ့မီးပဒေသာကိုထွန်းကာ ပြုံးစိစိမျက်နှာဖြင့် ပေါလ်ဘက်သို့ လှည့်လာသည်။

"တို့ အိမ်ရှင်ပါ၊ အပေါ်ထပ်က အိမ်မိုးကျောက်ပြားတွေ လေလှန်ပြီး မိုးယိုနေလို့ သွားကြည့်တာတဲ့" ဟု ရှင်းပြကာ သိုးမွေးလည်စည်းတဘက်ကို ပခုံးပေါ်သို့ ဆွဲပတ်လိုက်ပြီး "မှောင်ကြီးထဲထိုင်နေရတော့လည်း တောင်တွေး မြောက်တွေး တွေးပြီး လန့်မိတာပေါ့ကွာ။ စိတ်ကူးလွန်သွားတာ" ဟု ဆိုလိုက်၏။

ပေါလ်က ဖြည်းညင်းစွာ လှုပ်ရှားရင်း "ဟိုစာကလေးကိုကော ဘာမှ စိတ်မကူးမိဘူးနဲ့တူတယ်" ဟု ပြောသည်။

"ဟုတ်တယ်၊ မကူးမိဘူး၊ အဲဒီအသံကို ကြားလိုက်ရပြီး အထက်ထပ် တက်ပြေးတော့ ငါ့မှာကွာ၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ခုလို တက်ပြေးခဲ့ရတာလိုပဲ စိတ်ထဲက ဖြစ်မိတာပေါ့၊ အင်း သြော် ဟော့ မင်း ကော်ဖီ ထပ်ယူဦးလေ"

ပေါလ်က ငြင်းလိုက်သည်။ သူ့မှာ ငြိမ်ငြိမ်ထိုင်၍ မနေနိုင်။ သူ့အိတ်ထဲ ထည့်ထားသည့် စာရွက်ငယ်ကလေးထဲမှ မှိန်ပျပျစာလုံးကလေးများက သူ့အသွေးအသားထဲသို့ သံရည်ပူကဲ့သို့ စိမ့်ဝင်ကာ လွန်ခဲ့သည့် နာရီ အနည်းငယ်အထိ အမှုတွင် အရေးအကြီးဆုံးအချက်အလက်များဟု သူထင်ခဲ့သည့် ဘိုင်စကယ်အစိမ်းနှင့် လူ့သားရေပိုက်ဆံအိတ် ဆိုသည်တို့ကို သူ ဂရုမစိုက်နိုင်တော့။ ယခုနောက်ဆုံးရရှိထားသော သဲလွန်စက သူ၏ခေါင်းထဲမှ အခြားအစိတ်ကူးများကို ဖယ်ထုတ်ထားသည်။

ပူးလီလမ်းထဲသို့ သူ ခပ်သုတ်သုတ်ပြန်လာခဲ့တော့ သူ၏အတွေးများမှာ အရေးပူလျက် ရှုပ်ထွေးလျက်ရှိ၏။ သူ၏လုပ်ဆောင်မှုများကို အကြောင်းပြု၍ ကြေကွဲဖွယ် ဤစာတိုကလေးကို ရေးလိုက်ခြင်းပေလော။ သို့တည်းမဟုတ် လွတ်တော်အမတ် ဘာလီ၏ မအောင်မြင်သည့်လုပ်ရပ်သည် လူ့သတင်းလူချင်းဆောင်ကာ စတုန်းဟိသ်အကျဉ်းထောင်ကြီး၏ ကြပ်တည်းလှသော တံတိုင်းများအတွင်းသို့ လျို့ဝှက်စွာ စိမ့်ဝင်ခဲ့လေသလော။ ပေါလ်မှာ စိတ်ထဲက မငြိမ်တိုင်း သက်ပြင်းကိုသာ အကြိမ်ကြိမ်ချမိ၏။ သို့ရာတွင် ယခု သူ့မှာ ဘာလုပ်ရမည်ကို အသေအချာညွှန်ထားသည့် လမ်းစကို တွေ့ထားပြီ။ ဤလမ်းအတိုင်း အဆုံးအထိ လိုက်တော့မည်။

*

**အခန်း – ၂၃**

“စိတ်တော့မကောင်းဘူးကွယ်၊ ဒါပေမဲ့ မင်း အခန်းခမပေးတာ တစ်ပတ်ကျော်လာပြီ”

နောက်တစ်ရက် နံနက် ပေါလ်အပြင်ထွက်ရန် အဝတ်အစား လဲ၍ပြီးချိန်တွင် သူ့အိမ်ရှင်အဒေါ်ကြီး လာပြောသည်။

“ကျွန်တော်လည်း ငွေနည်းနည်းကြပ်နေလို့ပါ မစ္စက်ကော်ပင်၊ နောက်စနေနေ့လောက်အထိများ ဆိုင်းနိုင်မလား”

မစ္စက်ကော်ပင်လည်း သူ့တဘက်ခပ်ဟောင်းဟောင်းကို ရင်ဘတ်လုံအောင် ဆွဲစေ့၍ခြုံရင်း တံခါးဝတွင်ရပ်ကာ ပေါလ်အား အကဲခတ်နေလိုက်သည်။ ပေါလ်အလုပ်ပြုတ်လာသည်ကို သူ ရိပ်မိသွားသည်။ မစ္စက်ကော်ပင်မှာ ရက်စက်တတ်သူ မဟုတ်သော်လည်း သူ့ဝမ်းရေးက ရှိသေးသဖြင့် ကရုဏာ ထားဖို့ဆိုသည်မှာ သူ မတတ်နိုင်သောအရာ ဖြစ်နေပေသည်။

“ဒီလိုတော့ မရပါဘူးလေကွယ်။ နက်ဖြန်ညနေလောက်အထိတော့ ဆိုင်းမယ်။ အဲဒီအချိန်အထိ မင်း အလုပ်မရသေးရင် မင်း ထွက်သွားရလိမ့်မယ်။ မင်းပစ္စည်းတွေကိုလဲ သိမ်းရလိမ့်မယ်”

သူ့မှာ ပုံမှန်အလုပ်ကို ရှာရန်လည်း စိတ်ကူးမရှိ၊ သူ့အိတ်ထဲတွင်လည်း ငွေ ဆယ်သျှီလင်ထက် ပို၍ မရှိတော့။ သို့သော် ပေါလ်သည် မစ္စက်ကော်ပင်အား မညည်းဆဲလို။ မိန်းမကြီးထွက်သွားတော့ သူ့အဝတ်သေတ္တာကို ဖွင့်ကြည့်ကာ သူ၏ ငွေကြိုးတပ် နာရီအပါအဝင် ပစ္စည်းကလေးအနည်းငယ်ကို တန်ဖိုးခန့်မှန်းကြည့်မိ၏။ ဒါကလေးတွေကို ရောင်းချလိုက်လျှင် သူ ရစရာရှိသည့်ငွေတော့ ကြေလောက်သည်။ သူ၏ ခါးဝတ်ခါးစားအပြင် အမှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းမှတ်စုများကိုသာယူကာ အတွင်းအိတ်ထဲသို့ ထည့်လိုက်ပြီး၊ အခန်းတွင်းသို့ နောက်ဆုံးအကြိမ်လှည့်ပတ်ကြည့်ကာ ထွက်ခဲ့လေတော့၏။

လမ်းကြားဆိုသည်ကား ဝေါ့တလေမြို့၏ ရှေးအကျဆုံးရပ်ကွက်တစ်ခု၏ အမည်ဖြစ်ပြီး 'ဈေးပွဲလမ်းကြား'ကို အဖျားဆွတ်၍ ခေါ်သည့်အမည် ဖြစ်သည်။ အလယ်ပိုင်း ခေတ်ဆီက ဤနေရာသည် အနယ်နယ် အရပ်ရပ်မှဈေးသည်များ စခန်းချရာ၊ တစ်ဖက်ရပ်တဲများထိုး၍ ဈေးရောင်းရာကွင်း ဖြစ်ခဲ့ပြီးနောက်တွင် ဈေးပွဲသဘောမျိုးဖြစ်လာသည့် နေရာတစ်ခုဖြစ်သည်။ ထိုနောက် ဆယ့်ကိုးရာစုတွင် တဖြည်းဖြည်း ပျက်စီးလာကာ ဝိတိုရိယခေတ် စက်မှုလုပ်ငန်းများ ထွန်းကားခြင်း၏လက္ခဏာတစ်ရပ်အဖြစ် အပေါစားအလုပ်သမားတန်းလျားများ ပေါ်ပေါက်လာသည်။ ယခုအခါ ထိုနေရာတွင် ပြိုကျလုမတတ်ပျက်နေသည့် တိုက်မြင့်ကြီးများဖြင့် ညပ်နေသည့် ကွေ့ကွေ့လိမ်လိမ်လမ်းမများ၊ လမ်းကြားကျဉ်းကလေးများ ရှုပ်ပွနေကာ မြို့တော်၏ အဆိုးဆုံး အညစ်ပတ်ဆုံး ဆင်းရဲသားရပ်ကွက်ဖြစ်၏။ ပေါလ်သည် တစ်နေ့လုံး ထိုနေရာရှိ လမ်းသေးလမ်းမွှားကလေးများမကျန် ပိုက်စိတ်တိုက်ကာ ချာလီကာဆယ်ကို ရှာသော်လည်း မတွေ့၊ ညနေဘက်တွင် မိုးဖွဲကလေးများရွာလိုက်သည်။ ပေါလ်လည်း မတွေ့ တွေ့အောင်ရှာမည်ဟု သန္နိဋ္ဌာန်ချလိုက်ပြီး ရပ်ကွက်၏အလယ်ရှိ တစ်ညကိုးပဲနိတန်တည်းခိုနိုင်သော အလုပ်သမားများ၏ တည်းခိုခန်းသို့ ဝင်ခဲ့၏။

ဤနေရာကား တစ်ခါက သူရောက်ဖူးသည့် ဟတ်တည်းခိုခန်းထက်ပင် မွဲသည့်နေရာဖြစ်၏။ ခနော်ခနဲ့လှေကားဖြင့် တက်သွားရသော အပေါ်ထပ်အခန်းရှည်ကြီးတွင် ပျဉ်များသာ ကာထားသည့် အိမ်ခန်းကြီးဖြစ်သည်။ အလယ်တွင် ကြိုးကြီးနှစ်ပင် သွယ်တန်းကာ ဂုံနီအိတ်များကို ပခက်သဖွယ် ခပ်နိမ့်နိမ့်ဆွဲထားသည့် အိပ်ရာများတန်းစီလျက်ရှိ၏။ တစ်ဖက်ထိပ်တွင် အလွန်ညစ်ပတ်သော မီးဖိုတစ်ခုရှိ၍ ထိုမီးဖိုအနီး လူတစ်စုသည် လက်ထဲ၌ ပုံစံခွက်များ ဒယ်ပြားကလေးများကိုကိုင်ကာ သူ့ထက်ငါ ရှေ့သို့ရောက်အောင် တိုးလျက် သူတို့၏ ညစာများကို ညှော်နံ့တသင်းသင်းနှင့် မီးခိုးတထောင်းထောင်း ထနေသော မီးပေါ်တွင် ချက်ပြုတ်လျက်ရှိကြ၏။

ပေါလ်လည်း ထိုလူစုဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး အဝတ်အစားအပြည့်အစုံနှင့်ပင် သူ၏ပခက်ထဲသို့ လှဲချကာ ပါးရိနေပြီဖြစ်သော စောင်ကို ဆွဲခြုံလိုက်၏။

"ကိုယ့်လူ၊ ညစာ မစားဘူးလား"

ပေါလ်က လှည့်ကြည့်လိုက်သည်။ သူ့ဘေးမှ ပခက်တွင် လူကောင်သေးသေး၊ မျက်တွင်းဟောက်ဟောက်၊ ကြောင်စီစီမျက်နှာနှင့် လူတစ်ယောက် သူ့ရှေ့တွင် စက္ကူအိတ်ဟောင်းနှစ်ခုဖြင့် တထောင်ထောက်လျက်သား တွေ့ရ၏။ သူသည် စုတ်ပြတ်နေသည့် ကုတ်အင်္ကျီကို ဝတ်ထားသည်။ သူ၏ ရွက်ဖျင်ဖိနပ်မှာ တင်းကြပ်ပေါက်ကွဲနေသဖြင့် စက္ကူအိတ်အညိုခံ၍စီးထားရသည်။ သူ၏ လည်ပင်းတွင်ကား အဖိုးကြီးဆင် လည်စည်းအကွက်တစ်ထည် ပတ်ထားသည်။ သူ၏ ဖန်ဂေါ်လီလို တောက်ပသော ကြောင်စီစီမျက်လုံးအစုံက ပေါလ်အား စူးစိုက်ကြည့်နေစဉ် သူ၏ လက်တစ်ဖက်က တစ်ခုသောစက္ကူအိတ်ထဲသို့ နှိုက်ကာ စီးကရက်တိုတစ်ခုကို ထုတ်ယူ၍ ခွဲလိုက်ပြီး အထဲကဆေးမှုန့်များကို အခြားတစ်အိတ်ထဲသို့ အလေ့အကျင့်ရနေပြီးဖြစ်သည့်အတိုင်း ကျင်လည်လျင်မြန်စွာ ခါချလျက်ရှိလေ၏။

"ကိုယ့်လူမှာ စားစရာပါရင် နှစ်ယောက်လုံးစားရအောင် ကိုယ်ချက်ပေးမယ်လေ"

ပေါလ်က "ဆောရီးဗျာ။ ကျုပ် ဒီကို မလာခင်ဘဲ တစ်ခုခု စားလာခဲ့တယ်" ဟု ပြောလိုက်၏။

ထိုလူက "ကိုယ့်လူက တော်သေးတာပေါ့။ ကျုပ်က ခုနေများ ရမယ်ဆိုရင် နွားတစ်ကောင်လုံးတောင် ကုန်အောင်စားနိုင်မယ် ထင်ပါရဲ့" ဟု ပြောရင်း အရိုးပေါ်အရေတင် မျက်နှာဖြင့် တစ္ဆေခြောက်သလို သွားဖြဲ၍ ပြုံးပြလိုက်ကာ "ချိုတွေရော ဘာတွေရော အကုန်စားမယ်" ဟု ဆိုလိုက်၏။

သူ အလုပ်ပြီးသွားသောအခါ ပြည့်သွားသော အိတ်ကို အင်္ကျီကြားမှ သူ့ဗိုက်ထဲသို့ သွင်းညှပ်ထားလိုက်သည်။ ကျန်နေသေးသော ဆေးမှုန့်အစအနကလေးများကို စီးကရက်တစ်လိပ်လိပ်ကာ

သူ့နားရွက်နောက်တွင် ညှပ်ထားလိုက်၏။ ထိုနောက် သူ အိပ်ရာမှထကာ ပေါလ်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး "ဆေးလိပ်မသောက်ရ" ဆိုင်းဘုတ်ဆီသို့ ခေါင်းညိတ်ပြရင်း အိမ်သာဘက်ဆီသို့ ခပ်သုတ်သုတ် ထွက်သွားလေ၏။

သူပြန်လာသောအခါ ပေါလ်က သူ့ဘက်သို့ ကိုင်း၍ "ကျုပ် ကာဆယ်ဆိုတဲ့ လူတစ်ယောက်ကို ရှာနေတယ်၊ ခင်ဗျား ကြားဖူးလား" ဟု မေးလိုက်သည်။

"ချာလီကာဆယ်လား၊ ကြားဖူးပါ့ဗျာ၊ ဘယ်သူ မကြားဘူးပဲနေမလဲ"

"သူ့ကို ဘယ်မှာ တွေ့နိုင်မလဲ"

"အခုတော့ တခြားသွားနေတယ်။ အလုပ်ရှိလို့ထင်ပါ့။ နှစ်ရက်သုံးရက်ကြာရင် ပြန်လာမယ်။ အဖမ်းမခံရရင်ပေါ့လေ။ စောင့်နေပေါ့။ လာရင် ကိုယ်ပြောမယ်" ဟု ဆိုကာ ခဏရပ်ထားလိုက်ပြီးမှ "သူ ဘယ်သူလဲ ဆိုတာတော့ သိတယ် မဟုတ်လား" ဟု မေးလိုက်သည်။

ပေါလ်က "ပြောပြပါဦး" ဟု ပြောလိုက်၏။

လူပိန်ကလေးက ဆတ်ခနဲ ပခုံးချီလိုက်ပြီး "ဒီလူက အင်း၊ မကောင်းဘူး ဆိုပါတော့ဗျာ၊ မြင်းပွဲ ခွေးပွဲမှာ လောင်းလို့ရှုံးရင် မရော်ဘဲ ထွက်ပြေးတာတို့ အချိန်ပို အလုပ်အနေနဲ့ ခိုးရာပါပစ္စည်းလက်ခံတာတို့ ထောင်ထဲမှာ နှစ်ပေါင်းများစွာ နေလာခဲ့တာတို့နဲ့ပေါ့။ လုယက်မှု၊ ရိုက်မှုဆိုတာမျိုးနဲ့ ထောင်နှစ်ကြီးကျခဲ့ပြီး ခံဝန်ချုပ်နဲ့ ထွက်လာရတာ။ ထောင်လဲ ခဏခဏကျတဲ့သူပေါ့။ အမယ်၊ ကိုယ်လူနှယ့်။ တစ်ခေတ်တုန်းကတော့ အတော်ကလေး ကောင်းစားလိုက်သေးတာပေါ့။ ဒါပေမဲ့ အခုတော့ နည်းနည်းငြိမ်နေတယ်" ဟု ပြောပြသည်။

ပေါလ်က "ဟုတ်လား။ သူ ကျခဲ့တာ ဘယ်ထောင်လဲဗျ" ဟု မေးလိုက်၏။

"စတုန်းဟိသ် ပေါ့"

ပေါလ်လည်း သက်ပြင်းတစ်ချက် ရှိုက်လိုက်မိ၏။

အိမ်ခန်းကြီးထဲတွင် အော်ကြဟစ်ကြ ဆဲရေးကြ၊ ဟားတိုက်ရယ်လိုက်ကြနှင့် အသံပလံများ ပိုမို ဆူညံလာသည်။ ဤအထဲတွင် တစ်ယောက်က ဘာဂျာကောက်မှုတ်လိုက်ပြန်သည်။ သန်းခေါင်လောက်တွင်မှ ဆူညံသံများ စဲလေသည်။ ပေါလ်လည်း မပျော်တစ်ချက် ပျော်တစ်ချက် အိပ်လိုက်လေ၏။

နောက်တစ်နေ့နံနက် ခြောက်နာရီတွင် အလယ်က ကြိုးတန်းကြီးကို ဖြုတ်လိုက်သဖြင့် ပခက်အားလုံးပြုတ်ကျကာ လူတိုင်း အိပ်ရာမှနိုးကြရ၏။ ကြမ်းပေါ်ရောက်သည်အထိ ဆက်အိပ်နေကြသူများအား အဆောင်မှူးက ဖိနပ်ဦးဖြင့် လိုက်ထိုးပြီး နှိုးလေသည်။ နံနက်စောစော ချမ်းချမ်းစီးစီးနှင့် အခြားသူများနှင့် ရောကာ ပေါလ်အပြင်သို့ ထွက်လာခဲ့သောအခါ လွန်ခဲ့သည့်ညက သူ၏ အိပ်ရာနီးချင်းမှ လူသည် သူနှင့် တွယ်ကပ်လိုက်လာပြီး အနီးအနားကော်ဖီဆိုင်သို့ ခေါ်လာသည်။ ထိုလူသည် တစ်စုံတစ်ခု စားရသောက်ရတော့မည်ကဲ့သို့ ခြေတဖုတ်ဖုတ်ဆောင့်ရင်း သူ့လက်ခုပ်များကို တဖူးဖူးမှုတ်လျက်ရှိလေ၏။

"ကော်ဖီ သောက်ကြရအောင်လား ကိုယ့်လူ။ ကိုယ့်လူက ပေးနော်၊ ကိုယ့်မှာက ငါးပေါင်တန်ဖြစ်နေလို့"

ပေါလ်လည်း အနည်းငယ်မျှသာရှိတော့သော သူ၏သျှီလင်ကလေးများမှ တစ်ပြားကိုဖျက်ကာ ထိုလူအား ကော်ဖီတစ်ခွက်နှင့် မုန့်တစ်ခု ကျွေးလိုက်ရ၏။

သူ၏ အမည်ကား ဂျယ်ရီဖြစ်၏။ သူ့သူငယ်ချင်းများကတော့ သူ့အား ကပ္ပလီဂျယ်ရီဟု ခေါ်ကြသည်။ သူက သွားဖြဲကလေးနှင့် ရယ်ကာ သူ့မှာ အလုပ်မယ်မယ်ရရမရှိသည်မှာ ကြာပြီဖြစ်၍ သူတောင်းစားဖြစ်သည် ဟု

ဝန်ခံသည်။ သို့ရာတွင် သူ ဘာမဆို လုပ်တတ်ပါသည်ဟု ဆိုသည်။ သူ၏အမှန်ဆုံးအလုပ်မှာ စီးကရက်တိုကောက်သည့်အလုပ်ဖြစ်သည်။ မြို့တော်လမ်းလေး ရေမြောင်းများတွင် စီးကရက်တိုများလိုက်ကောက်ပြီး တစ်ပေါင်လျှင် သုံးသျှီလင် ခြောက်ပဲနိမ့်ဖြင့် ရောင်းရသည်ဆို၏။ သို့သော် ရာသီဥတုမကောင်းသည့်အခါ စီးကရက်တို အရနည်းသဖြင့် ယခုနံနက် ပျဉ်ပြားသွားထမ်းကြည့်မည်ဟု ဆိုသည်။ ပေါလ်အားလည်း လိုက်ခဲ့ပါလားဟု ခေါ်သည်။

"လိုက်ခဲ့ပါလား ကိုယ့်လူရ၊ ကိုယ့်လူလို အဝတ်အစားနဲ့ဆိုရင် ပျဉ်ရဖို့ သေချာပါတယ်"

အစတွင် ပေါလ်လည်း ငြင်းလိုက်တော့မည် စိတ်ကူးပြီးမှ၊ 'ဟုတ်သားပဲ၊ လိုက်သွားရင်ကောင်းမယ်။' ကာဆယ်နှင့်တွေ့ဖို့ဆိုလျှင် ဤလူထူးလူဆန်းကလေးနှင့် တွဲနေမှဖြစ်မိမ်ည်။ ဤပတ်ဝန်းကျင်၌ဆိုလျှင် ပုလိပ်ကိုလည်း ပုန်းပြီးသားဖြစ်မည်။ ပြီးတော့ သူ့အိတ်ထဲတွင် ပိုက်ဆံက မရှိတော့သလောက် ဖြစ်နေသည်။ စားဖို့ သောက်ဖို့က ရှိသေးသည်။ သို့နှင့် သူသည် သူ့အဖော်နှင့်အတူ မြို့စားကြီးတန်းဘက်ဆီသို့ လိုက်ခဲ့လေသည်။

လမ်းကျဉ်းကလေး၏ ထိပ်တွင် လမ်းကြား ကြော်ငြာပျဉ်ပြားနှင့် ကြော်ငြာကုမ္ပဏီ ဟူသော ဆိုင်းဘုတ်တပ်ထားသည့် ခြံကြီးတစ်ခြံရှိ၏။ သစ်သားဝင်းတားဘေးတစ်လျှောက်တွင် တန်းစီနေကြသော လူတန်းကြီး၏နောက်တွင် ပေါလ်နှင့် သူမိတ်ဆွေတို့ ဝင်၍ရပ်လိုက်ကြ၏။ တစ်နာရီခန့်ကြာသော် ဝင်းတံခါးကြီးပွင့်လာပြီး ပေါလ်အပါအဝင် လူနှစ်ဆယ်ကို ပထမ ဝင်ခွင့်ပြုလိုက်၏။

ဝင်းအတွင်း၌ကား ရွှေနန်းတော် ဇာတ်ရုံအတွက် အနီနှင့်အဝါ ပိုစတာအသစ်များကပ်ထားသည့် လူထမ်းကြော်ငြာပျဉ်ပြားကြီးများ စီတန်းထားသည်။ ပေါလ်လည်း အခြားလူများလုပ်သလို လိုက်၍လုပ်ကာ ပျဉ်ပြားကြီးနှစ်ချပ်ဖြင့်လုပ်ထားသော ကြော်ငြာကို ပခုံးဝင်၍ထမ်းလိုက်ပြီး တံခါးဆီသို့ ပြန်ထွက်ခဲ့၏။ ထိုအခါတွင်လည်း လူတန်းကြီးစေ့ပြန်သဖြင့် ပေါလ်လည်း ကပ္ပလီဂျယ်ရီ၏နောက်မှဝင်၍ လိုက်ခဲ့လေ၏။

ကျောနှင့်ရင်တွင် ကြော်ငြာပျဉ်ပြားကြီးနှစ်ချပ်ညှပ်လျက် သွားနေသည့်လူတန်းကြီးသည် တစ်နေ့တာလုံး လူအစည်ကားဆုံး လမ်းမကြီးများတွင် တိုးကာဝှေ့ကာ ကွေ့ကာပတ်ကာဖြင့် တရွေ့ရွေ့သွားလျက်ရှိလေ၏။ ကြော်ငြာပြားကြီးများမှာ လေးလံလှပြီး ပခုံးသားများတင်းလျက် ပြတ်ထွက်တော့မည်ကဲ့သို့ ရှိ၏။ ညနေ ငါးနာရီတွင် သူတို့လည်း မြို့စားကြီးတန်းဘက်သို့ ပြန်ရောက်ခဲ့ကြပြီး ကြော်ငြာပြားထမ်းသူများအား တစ်နေ့တာ ထမ်းခ နှစ်သျှီလင်နှင့် ကိုးပဲနိစ် ထုတ်ကြရသည်။ သူတို့ အတူတကွ ဝင်း၏အပြင်ဘက်သို့ ထွက်လာကြရင်း ဂျယ်ရီက "ကဲ တို့စားနိုင်ပြီ" ဟု ဆိုကာ အနီးဆုံးစားစရာဆိုင်သို့ ခေါ်သွားလေသည်။

ထိုသီတင်းတပတ်လုံး ပေါလ်သည် ကြော်ငြာပျဉ်ပြားများ ထမ်း၍ထွက်လေသည်။ အလွန်အောက်ကျနောက်ကျရှိသည့် အလုပ်ပေတည်း။ ကြော်ငြာပြားထမ်းသူတို့သည် လူအများ အာရုံစိုက်မိစေရန် အဝတ်အစားဆန်းများ ဝတ်ဆင်ရသည်။ တစ်နံနက်တွင် ပေါလ်သည် အခြားလူများနှင့်အတူ ရောနှောကာ ဦးထုပ်အစုတ်တစ်လုံးကို ဆောင်း၍ ထွက်ခဲ့ရလေ၏။ နေ့လည် မွန်းတည့်လောက်ဆီတွင် သူတို့လူတန်းက ကုန်ဈေးလမ်းအတိုင်း လျှောက်လာကြစဉ် ဘိုနန်ဇာ၌ အလုပ်လုပ်သော နန်စီက သူ့အား မှတ်မိသွားပြီး သူ၏မျက်နှာပေါ်တွင် အံ့အားသင့်သည့်အမူအရာ ပေါ်လွင်သွားသည်ကို ပေါလ် မြင်လိုက်၏။

သို့သော် သူ ဂရုမစိုက်ပါ။ သူရသော ပိုက်ဆံဖြင့် သူ နေလို့ရနေပြီ။ တည်းခိုဆောင်အိပ်ရာအတွက် ကိုးပဲနိပေးပြီး ကျန်ငွေဖြင့် စားစရာ ဝယ်နိုင်သည်။ တည်းခိုဆောင်မှ မီးဖိုတွင် ချက်စားလျှင် ပို၍ စရိတ်ကျဉ်းသည်ဟု ဂျယ်ရီ၏ အကြံပေးချက်အရ ပေါလ်သည် ထိုနေရာ အုပ်ချုပ်သူထံမှ ဒယ်ပြားအဟောင်းတစ်ခုကို ဝယ်လိုက်သည်။ ဈေးအပေါဆုံး အသားကိုဝယ်၍ ကြက်သွန်နှင့်ကြော်လိုက်လျှင် အတော်ဝအောင် စားရသည်။

ဤတည်းခိုခန်းကား ဝေါ့တလေတစ်မြို့လုံးမှ လှဲထုတ်လိုက်သည့် အမှိုက်သရိုက်များ စုပုံနေသည့်အလား ထူးထူးခြားခြား စွန့်ပစ်ခြင်းခံရသော လူ့အောက်တန်းစားများ၏ အချည်းနှီးအပေါင်းအသင်း စုံလှပေတော့သည်။ တစ်ယောက်မျှ ပုံမှန်အလုပ်မရှိ။ သူတို့အထဲတွင် အတော်ဆုံးဟုဆိုရမည့် သူများပင်လျှင် ကြုံသလို ကျဘမ်းအလုပ်များသာ ရှိကြသည်။ တူးမြောင်းတလျှောက် လှေကြီးများ ကုန်ပို့ရန်တက်လာလျှင်၊ သို့မဟုတ် ရေဆိုးထုတ်မြောင်းသစ် တူးဖော်ရန်ရှိလျှင် သို့မဟုတ် နှင်းမုန်တိုင်းကျ၍ လမ်းများပေါ်တွင် နှင်းထုထပ်စွာတင်နေလျှင် ဂျယ်ရီ၏စကားအတိုင်း သူတို့တတွေ စားကြသောက်ကြရလေသည်။ ထိုထက်ပင် ပိုမိုဆန်းပြားထူးခြားသော အလုပ်များလည်း ရှိသေး၏။ အဝတ်စုတ်ကောက်သူများ၊ ပုလင်းခွံဗူးခွံကောက်သူများ၊ အမှိုက်ပုံမွှေသူများ၊ စုတ်ပြတ်နံစော်နေသော အဝတ်အစားများဖြင့် မြေကြီးပေါ်သို့ တကုန်းကုန်းကြည့်ကာ တိတ်ဆိတ်စွာပင် မြို့တော်အမှိုက်ပုံးတကာလိုက်၍ ပုလင်းလွတ်၊ ဗူးခွံ၊ ကြွေပန်းကန်ကွဲနှင့် သံတိုမယ်န လိုက်၍ ရှာနေကြသူများ။ လမ်းဘေးတွင် ဖျော်ဖြေသူများမှာလည်း အတော်ထူးထွေဆန်းပြားသောလူစုဖြစ်သည်။ ဝက်အူချောင်းကို ခြေမညှပ်၍ စားပြသူ၊ သူ နေ့ခင်းကတပ်ခဲ့သည့် မျက်မှန်ပြာနှင့် လမ်းသွားလျှင် သနားဖွယ် တတောက်တောက် စမ်းရာတွင် သုံးသည့်တုတ်ကို ညညတွင်ဘေးချပြီး အိပ်ရာထဲလှဲကာ ကူရီယာသတင်းစာကို စတိုင်နှင့် ဖတ်နေလေ့ရှိသော စိတ်တိုတတ်သည့် မျက်မမြင်တယောသမားအဖိုးကြီး၊ ဓာတ်ကြော်ငြာလှည့်ရာတွင် သီချင်းဆိုသူ၊ အာလူးပြုတ်နှင့် ငါးပိရေကြိုက်သူ ဒဗ္ဗလင်သား၊ နောက်ဆုံး မသန်မစွမ်းသူများ၊ ခြေမရှိ၍ လူသွားစင်္ကြံများပေါ်၌ လက်ဖြင့်ထောက် ခါးဖြင့် သွားရသူ၊ သွက်ချာပါဒဖမ်းနေဟန်ဆောင်သူ၊ အနာကြီးများဖြင့် ပြ၍စားသူ၊ အရှက်အကြောက်မရှိ တောင်းစားသူ သူတောင်းစားများ စုံလင်ပေ၏။ ယင်းတို့အနက် များစွာတို့သည် မကောင်းမှုများကို ကျူးလွန်ကြသည်။ အချို့မှာ ရောဂါကျွမ်းလျက် သေလမ်းလျှောက်နေကြသူများ။ ညစ်ပတ်စုတ်ပြတ်နေသည့် ဤအိမ်ခန်းကြီးအတွင်း စုဝေးရောက်ရှိကာ ဟောက်သူကဟောက်၊ အိမ်မက်ထဲယောင်၍ အော်သူကအော်နှင့် ညမှောင်ချိန်ရောက်သော် အောက်သိုးသိုးချဉ် စူးစူးအနံ့တစ်မျိုးနှင့် အိမ်သာနံ့တို့ရောနှော နံစော်လျှက်ရှိလေ၏။

ဤနေရာ၏ စိတ်ညစ်စရာ အနံ့အသက်တို့သည် လျင်မြန်စွာပင် ပေါလ်၏ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်ကာ စိတ်ဓာတ်များ အကြီးအကျယ်ကျဆင်းလျက် မျှော်လင့်လျက်အားလုံး ဆုံးပြီဟူ၍ပင် ထင်မိလေ၏။ သူက ဘာမှ ထိရောက်အောင် မလုပ်နိုင်လေ၊ သူ၏တာဝန်က ကြီးမားလေးလံ၍လာလေ ဖြစ်နေရာတွင် ဤအရှုပ်အထွေးကို သူ ရှင်းမှ ရှင်းနိုင်ပါတော့မည်လားဟု စိတ်ပျက်အားငယ်ကာ ဤအနှောင်အဖွဲ့မှ လွတ်အောင် တစ်ခုခုကို လုပ်ပစ်လိုက်ချင်မိလေသည်။ ဤမတရားမှုကြီးက လှောင်ပြောင်ကလိနေသည်ကိုလည်း ငယ်ရွယ်သူပီပီ မခံချိမခံသာ ဖြစ်ရလျက်ရှိသည်။ သူသည် ညညတွင် အိပ်မပျော်နိုင်တိုင်း ဤအကြောင်းကို တနုံ့နုံ့တွေး၍ တရိရိဆွေးကာ သူအဖေခံစားနေရသည့် ဒုက္ခအပေါင်းတို့၏ အဓိကတရားခံ ဆွဲချကြီးမက်သယူးစပရောက်အားလည်း ကြာလေ ဒေါသဖြစ်၍နေလေ၏။

ထိုသီတင်းပတ်ကုန်ခါနီးတွင် လမ်းကြားကြော်ငြာကုမ္ပဏီက ကျောကပ်ရင်ကပ် ကြော်ငြာပြားထမ်းသူများ မလွှတ်တော့။ ထိုကွင်းကြီးဆီမှ လှည့်ထွက်ခဲ့ကြရင်း ပေါလ်က ဂျယ်ရီအား တစ်ချက်လှမ်းကြည့်လိုက်တော့ ဂျယ်ရီက သူ၏ ပခုံးပိန်ကလေးကို ဆတ်ခနဲ အမှတ်မထင်ချီပြလိုက်လေ၏။

ရုတ်တရက်ရပ်လိုက်ပြီး အသက်လေးဆယ်ခန့် အရပ်မြင့်မြင့်၊ သန်သန်မာမာ၊ မျက်နှာ ဖြူဖြူသွယ်သွယ်နှင့် ဝတ်စုံအညို၊ ဒါဘီဦးထုပ် လည်စည်းခပ်မည်းမည်းကို လျော့လျော့ရဲရဲ ဖြုတ်ထားသည့် လူတစ်ယောက်ဆီသို့ ညွှန်ပြလိုက်လေသည်။

"ဟိုမှ ဟိုမှာ ကိုယ့်လူ။ အဲဒါ ကာဆယ်ပဲ။ သူနဲ့ဆက်ဆံရင်တော့ ကိုယ့်လူ သတိထားနော်" ဟု ဂျယ်ရီက ခပ်တိုးတိုး ဆိုလိုက်လေ၏။

*

## အခန်း – ၂၄

ထိုနေ့ညနေက မိုးချုပ်ချုပ်တွင် ပေါလ်သည် သူတို့တည်းခိုခန်းနှင့် ကပ်လျက် လမ်းထဲရှိ ချာလီကာဆယ် ငှားနေသည့် အိမ်နောက်ဘေးခန်းထဲတွင် သူ အလွန်တွေ့ချင်နေသည့်လူကို တွေ့ရလေတော့သည်။ သူ၏ရုပ်အသွင်မှာ သားသားနားနားမရှိလှ။ အသံမှာ ကွဲအက်နေသော်လည်း ဂျယ်ရီပြောသလိုပင် ကာဆယ်သည် စာမတတ်ပေမတတ်ဖြစ်ပြီး ဉာဏ်ရှိသူဖြစ်သည်မှာ သိသာ၏။ သူ၏ရုပ်မှာ ဥပဒေအနန့်အသက်မကင်းသည့်အသွင် ပေါ်လွင်နေပေသည်။ ချိုင့်ဟောက်နေသော သူ၏ပါးပြင်သွယ်သွယ်ကြီးမှာ ရှေ့နေစာရေးကြီး၏ လက္ခဏာဖြစ်ပြီး တောက်ပမှုကင်းမဲ့သော သူ၏ ဝါကျင့်ကျင့် မျက်လုံးများနှင့် အေးစက်စက် မှုံတေတေ မျက်နှာထားမှာ အမှုပေါင်းများစွာအတွက် လျှောက်လွှာများ၊ စာချုပ်များ များစွာရေးသားခဲ့သူဖြစ်သည့်အသွင် ပေါ်လွင်လျက်ရှိသည်။ သို့ရာတွင် တစ်ခါက သူ ဘာပဲလုပ်ခဲ့လုပ်ခဲ့၊ ယခုအခါတွင် ထိုအရိပ်အယောင်တို့သည် ယခု သူ ရောက်ရှိနေသော ဒုစရိုက်ချောင်က အမှောင်ကြားတွင် ဝိုးတဝါးသာ ရှိတော့သည်။

ပေါလ်က သူ့အကြောင်း ဤသို့တွေးနေစဉ်မှာပင် ကာဆယ်က "ငါ့အကြောင်း သိချင်နေတယ်ထင်တယ်" ဟု ဖြတ်ပြောလိုက်၍ ပေါလ်မှာ မျက်စိမျက်နှာပျက်သွား၏။ ထိုနောက်မှ ကာဆယ်က "မသိချင်ပါနဲ့ကွာ။ ငါ အခုဘာမှ မဟုတ်တော့ပါဘူး" ဟု ပြောသည်။ သူ၏ မဲ့နေသော နှုတ်ခမ်းဖြူရော်ရော်ကိုကြည့်လျှင် သူသည် တစ်စုံတစ်ခုကို မလိုတမာ စုံစမ်းနေသကဲ့သို့ ရှိ၏။

"မင်းက ငါ့ကို ဘာကိစ္စတွေ့ချင်ရတာလဲ"

တိတ်ဆိတ်သွားပြန်သည်။ ထို့နောက် ပေါလ်က စကားတစ်ခွန်းမှ မပြောဘဲ ကာဆယ်အား မမိုတ်မသုန်စိုက်ကြည့်ကာ သူ့အား ပရပ်စတီပေးလိုက်သည့် စာရွက်စကလေးကို လှမ်းပေးလိုက်သည်။

ကာဆယ်သည် စက္ကူလိပ်ကလေးကို ယူ၍ဖြည်ကာ တစ်ချက်မျှ အမှတ်မထင်ကြည့်လိုက်ပြီး သူ့အဖို့ ဘာမှ မထူးခြားသလို ပေါလ်အား ပြန်ပေးလိုက်၏။

"ဩ၊ မင်း ဒါကြောင့် လာခဲ့တာကိုး"

"ဒီစာ ကျွန်တော့်ကို ဘယ်သူပေးလိုက်တာလဲ ခင်ဗျာ။ ကျွန်တော့်… ကျွန်တော့် အဖေဆီကလား ခင်ဗျာ"

ထိုနောက် ခဏမျှ တိတ်ဆိတ်သွားကာ ပေါလ်လည်း အသက်မရှူဘဲ စောင့်နေ၏။

"ဖြစ်နိုင်ပါတယ်" ဟု ကာဆယ်က ငုံးတိတိပြောသည်။

"ဒါဖြင့် ခင်ဗျား ကျွန်တော့် အဖေကို သိတယ်ပေါ့"

"ဆိုပါတော့"

"စတုန်းဟိသ်မှာလား"

"ဟုတ်တယ်၊ အဲဒီ လောက ငရဲမှာပဲပေါ့။ အေး၊ မင်းသိချင်ရင် ပြောရတာပေါ့။ အဲဒီမှာ တို့ အခန်းချင်းကပ်ရက်ပေါ့။ သူ တိုက်ပိတ်မခံရတဲ့ ည,ညဆိုရင် တို့ချင်း နံရံကို ခေါက်ခေါက်ပြီး စကားပြောကြတယ်လေ"

ပေါလ်သည် ပူလောင်နေသော သူ၏နဖူးကို လက်ဖြင့် သပ်လိုက်မိ၏။

"သူ ဘယ်နှယ့် နေလဲခင်ဗျာ" ဟု ပေါလ်က ရုတ်တရက် မေးလိုက်၏။

"မကောင်းဘူးကွ" ဟု ဆိုကာ ကာဆယ်သည် သူ၏ ကုတ်အင်္ကျီအိတ်ထဲရှိ ဆေးရွက်ကြေထုတ်သည့် အိတ်ငယ်တစ်ခုကို ထုတ်ယူကာ စက္ကူပါးကလေးတစ်ရွက်ဖြင့် စီးကရက်တစ်လိပ် လိပ်လိုက်ပြီးမှ "တကယ်တော့ ဒီထက်ဆိုးတာတော့ ဘာမှ မရှိတော့ပါဘူး" ဟု ဆက်ပြောသည်။

စိတ်ကို တင်းထားသည့် ကြားထဲက ပေါလ်၏ရင်ထဲမှ ရှိုက်သံလိုလို တစ်ချက်ထွက်လာသည်။

"ခင်ဗျာ့မှာ ကျွန်တော့်ကို ပြောစရာ ဘာမှ မရှိဘူးလား ခင်ဗျာ။ ကျွန်တော့်ကို ဘာမျှော်လင့်ချက်မှ မပေးနိုင်ဘူးလား"

"စတုန်းဟိသ်မှာ မျှော်လင့်ချက်ရယ်လို့ ရှိမလားကွ"

ပေါလ်၏ ရင်ခုန်သံသည် သူ၏နားထဲတွင် ပတ်မကြီးတီးသလို ရိုက်ခတ်လျက်ရှိသည်။ သို့ရာတွင် ဤလူတွင် ဘာမျှ မေးလို့မရအောင် နှုတ်ဆိတ်နေခြင်းမှာ အကြောင်းတစ်ခုခုရှိရမည်ဟု အောက်မေ့ပြီး သူ၏နှုတ်ခမ်းကို သူ ကိုက်မိ၏။

"ကျွန်တော့်ကို ဘာဖြစ်လို့ ခင်ဗျာ့ကို တွေ့အောင် အရှာခိုင်းတာလဲ"

"ငါထွက်ရမှာကို မင့်အဖေသိတယ်။ တွေ့သင့်တယ်လို့ ထင်လို့ ဟောဒီ မတောက်တခေါက်စာရွက်တွေ ငါ့ကို ပေးလိုက်တယ်"

ပေါလ်သည် ကာဆယ်လှမ်းပေးသော စာရွက်များကို ယူလိုက်သည်။ အမှိုက်ထဲမှ ဆွေးရိနေသော စက္ကူသာသာမျှတွင် ခဲတံဖြင့် ရေးခြစ်ထားသည့်စာများ။ သို့ရာတွင် ဖတ်မရတစ်ချက် ရတစ်ချက်လက်ရေးနှင့် စာများကို သူ အခေါက်ခေါက်အခါခါ ဖတ်ပါသော်လည်း သူ၏တက်ကြွမှုတို့သည် တဖြည်းဖြည်း

လျော့နည်းသွားသည်။ စာမှာ အမှောင်ထဲမှ မကျေနပ်ချက်၊ ကန့်ကွက်ချက်များ၊ အော်သံများ၊ ညည်းညူသံများချည့် အထပ်ထပ်ဖြစ်၍ ပေါလ်မှာ ရင်နာရသော်လည်း ဘာအထောက်အထားတစ်ခုမျှ ခိုင်ခိုင်မာမာ မပါခဲ့။ ပေါလ်လည်း စိတ်ပျက်အားငယ်စွာပင် တစ်ချိန်လုံး သူ့အား စိတ်ရှည်လက်ရှည် အကဲခတ်ရင်း မမှိတ်မသုန်စိုက်ကြည့်နေသော ကာဆယ်အား မော့်ကြည့်လိုက်၏။

"ဒါဖြင့် ခင်ဗျား ကျွန်တော့်ကို ဘာမှ မကူညီနိုင်ဘူးပေါ့"

ကာဆယ်က စီးကရက်တစ်လိပ် အားရပါးရ ရှိုက်လိုက်ပြီး "ဒါကတော့ မင်းက ငါ့ကို ဘာလုပ်ပေးစေချက်တာလဲဆိုတာ ရှိသေးတာကိုးကွ" ဟု ဆိုလိုက်၏။

ပေါလ်က စိတ်အားထက်သန်စွာပင် "ကျွန်တော် ဘာလိုချင်တယ်ဆိုတာ ခင်ဗျား သိပါတယ်။ ဆယ့်ငါးနှစ်လုံးလုံး အရှင်လတ်လတ် မြေမြှုပ်ထားတာကို ခံနေရတဲ့ ကျွန်တော့်အဖေကို ထုတ်ယူဖို့ပဲ" ဟု ပြောလိုက်၏။

"ဒီသင်္ချိုင်းထဲရောက်ရင် ဘယ်တော့မှ ပြန်ထွက်လို့ မရဘူးကွ"

ပေါလ်က ဒေါနှင့်မာန်နှင့် "ကျွန်တော် ရအောင်ထုတ်မယ်ဗျာ။ သူ့မှာ ဘာအပြစ်မှ မရှိဘူး။ ကျွန်တော် ဒါကို အခိုင်အမာပြမယ်။ သတ်တဲ့လူ အစစ်ကို ကျွန်တော်ရှာပြီး ဖော်ထုတ်မယ်" ဟု ပြောလိုက်သည်။

ကာဆယ်က "ရလိမ့်မယ်ကွာ၊ အားကြီး" ဟု မလိုတမာ ကဲ့ရဲ့သံဖြင့် ဆိုလိုက်ပြီး "ဆယ့်ငါးနှစ်တောင်ကြာမှ မင်းဘာလုပ်လို့ ရတော့မှာလဲ။ သတ်တဲ့အကောင်က မိုင်ပေါင်းများစွာမှာ နာမည်တွေ ဘာတွေ ပြောင်းပစ်ပြီး လူသစ်ဖြစ်နေရောပေါ့။ သေပြီးပြီ ဖြစ်ချင်လဲ ဖြစ်မှာပေါ့။ အလကားပါပဲကွာ" ဟု ပြောပြီး သူ့စကား နားဝင်လောက်သည်အထိစောင့်ရင်း သူ၏ ဝါကျင့်ကျင့် မျက်လုံးများတွင် အရိုးများ ပိတ်သန်းလာသည်။ "မင့်အဖေကို အရှင်လတ်လတ် မြေမြှုပ်ပစ်လိုက်တဲ့ ဥပဒေသမား လူသတ်ကောင်ရဲ့နောက်ကို လိုက်ပါလားကွ" ဟုလည်း ပြောလိုက်သည်။

"ဘယ်သူ့ကို ပြောတာလဲ"

"သူ့ကို တရားစွဲတဲ့လူပေါ့"

ပေါလ်သည် ရုတ်တရက် လန့်ဖျပ်သွားကာ ကိုယ်ကို မတ်မတ်ထားလိုက်သည်။

"မြတ်စွာဘုရား။ ခင်ဗျားက ဘယ်သူလဲ"

အတန်ကြာ တိတ်ဆိတ်သွားပြီး ကာဆယ်က တစ်စုံတစ်ရာ မထူးခြားသလို အမူအရာဖြင့် "လျှို့ဝှက်ထားစရာ မလိုပါဘူးကွာ။ ငါဟာ မှတ်တမ်းဝင် အလွဲသုံးစားမှုနဲ့ ထောင်ကျခဲ့တဲ့လူပါ။ ငါ့မှာ ဖြစ်ပုံက နည်းနည်း သက်ညှာဖို့ပဲ လိုတာပါ။ ငါသုံးထားတဲ့ငွေကို ပြန်ပေးဖို့ အချိန်ပေးဖို့ပါ။ ဒါအတွက် ငါ သွားပြီး ရှိုးဦးတင် တောင်းပန်ပါတယ်။ ရုံးတော်မှာလည်း တောင်းပန်တယ်၊ မရပါဘူးကွာ။ ထောင်ခုနစ်နှစ်ပဲရတယ်" ဟု ပြောပြသည်။

ထိုနောက် အကြာကြီးတိတ်ဆိတ်နေပြီးမှ ကာဆယ်က ဆက်လက်၍ "ဒီတော့ မင်းနဲ့ငါဟာ တစ်လှေထဲစီး တစ်ခရီးထဲသွားပဲ။ ဒါကြောင့်လဲပဲ မင့်အဖေက ငါနဲ့ပူးပေါင်းဖို့ သင့်တယ်လို့ ထင်တာဖြစ်မယ်။ တို့ဒုက္ခရောက်တာဟာ အဲဒီလူ တစ်ယောက်ထဲကြောင့်ပဲကွ။ တို့ကလဲ အင်မတန် ညံ့နေကြတော့ ဘာတစ်ခုမှ မလုပ်ရဲအောင် ဖြစ်နေတာပေါ့" ဟု ပြောသည်။

ပေါလ်က "ကျုပ်တို့ ဘာတတ်နိုင်မှာလဲဗျာ" ဟု စိတ်ပျက်လက်ပျက် ဆိုလိုက်သည်။

ထို့နောက် စိတ်ပျက်အားလျော့စွာပင် လက်နှစ်ဖက်ကြား၌ ခေါင်းငုံ၍ထားလိုက်သည်။ ကာဆယ်ကတော့ ဆက်လက်၍ "မင်းသူ့ကို တစ်ခါမှ မတွေ့ဖူးဘူးလား" ဟု မေးသည်။

"မတွေ့ဖူးဘူး"

ကာဆယ်က တစ်ချက်ရယ်လိုက်သည်။

"စိတ်တော့ မပျက်ပါနဲ့ကွာ။ မင်းတို့ ငါတို့မှာက ဘာမှ မတတ်နိုင်ကြတာတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် တို့လုပ်နိုင်တာလောက် လုပ်တာပေါ့ကွာ။ အခု မင်းမှာ လိုနေတာက စိတ်ဓာတ်ကလေးဘာလေး တက်ကြွလာဖို့ပဲကွ။ မင့်ကို ငါ ပွဲကလေးဘာလေး ခေါ်ပြဦးမှထင်တယ်"

"ပွဲ၊ ဟုတ်လား"

"ဒါပေါ့။ မင်း သတင်းစာကို သေသေချာချာ မဖတ်ဘူးထင်တယ်။ လွန်ခဲ့တဲ့ ဆယ်ရက်အတွင်း မြို့ထဲမှာ ပွဲကြီးပွဲကောင်း တကယ့်ဇာတ်လိုက်ကျော် နှစ်ယောက်နဲ့ ပြနေတယ်လေကွာ။ ဝေါ့တလေမှာတော့ အတော်လူကြိုက်များတဲ့ ပွဲပဲကွ။ ရယ်စရာကောင်းတာက အားလုံး အခမဲ့ပြနေတာပဲကွ"

သူ၏အသံကို ကြားနေရသောပေါလ်မှာ ကျောထဲက စိမ့်တက်လာသည် ထင်လိုက်မိသည်။ ထို့နောက် အတန်ကြာ ငြိမ်နေသဖြင့် ပေါလ်လည်း စောင့်နေလိုက်သည်။

"ဟိုက်ကုတ်မှာ အမှုစစ်နေတယ်လေကွာ။ ခုံရုံး ဥက္ကဋ္ဌက အမတ်ကြီးအိုမန်နဲ့ ဆွဲချက ဆာမက်သရူးစပရောက်။ သူတို့ကို မင်း မတွေ့ချင်ဘူးလား"

ပေါလ်လည်း ကာဆယ်အား စိုက်ကြည့်၍သာနေလိုက်သည်။ ဘာမှတော့ မပြော။

"ကံကောင်းလို့တွေ့ရတာကွ။ အမှုစစ်တာ ဒါနောက်ဆုံးနေ့" ဟု ကာဆယ်က သူ့အား လှောင်သလို လေသံဖြင့်ဆိုကာ "နက်ဖြန်ညနေ မင်း ငါနဲ့လိုက်ခဲ့ပါလား။ သူတို့လုပ်ပုံတွေ ကြည့်ရတာပေါ့" ဟု ဆက်ကာပြောသည်။

"ဘာလုပ်တာကိုလဲ'

ကာဆယ်က တကယ်အံ့အားသင့်ဟန်ဖြင့် "မင်းသိပါတယ်လေ၊ မင်းမသိဘဲနေမလား။ အေး၊ ဒါက သိပ်တော့ စိတ်လှုပ်ရှားစရာတော့ မရှိဘူးပေါ့ကွာ။ ဖာသည်မကလေးတစ်ယောက်က သူ့ချစ်သူကို ဓားနဲ့ထိုးသတ်တဲ့အမှုပေါ့။ ဒါလဲ တရားစီရင်တာကတော့ စိတ်ဝင်စားစရာပဲကွ။ လူတွေ ဒါပဲ စောင့်နားထောင်နေကြတာ" ဟု ပြောလိုက်သည်။

ပေါလ်က ခပ်ထန်ထန်ပင် "မကြည့်ချင်ဘူးဗျာ" ဟု ဆိုလိုက်သည်။ ကာဆယ်၏ မျက်နှာတင်းမာလာပြီး ပေါလ်အား စူးစိုက်၍ကြည့်နေလေ၏။

"မင်း ကြောက်သလားကွ"

"မကြောက်ပါဘူး၊ ကျုပ်က ဘာဖြစ်လို့ သွားကြည့်ရမှာလဲ"

ကာဆယ်က လျင်မြန်စွာပင် "မင်း ကြောက်နေတာပါကွာ" ဟု တိုတိုဆတ်ဆတ် ဖြတ်၍ပြောလိုက်ပြီး "မင့်ကို ငါ အစက သတ္တိရှိလိမ့်မယ်လို့ ထင်ခဲ့တာ။ ဒါပေမယ့် ငါ လူကဲခတ်လွဲတာပဲပေါ့။ မင်းပဲ

ပြတ်ပြတ်သားသားလုပ်ချင်တယ် ပြောပြီးတော့။ ကဲ အခု ဘာဖြစ်လို့ မလုပ်တာလဲ။ လောကမှာ လူနှစ်မျိုးရှိတယ်ကွ၊ မင်းသိရဲ့လား။ ကိုယ်လုပ်ချင်တာကို ဖြစ်အောင်လုပ်တဲ့လူနဲ့ ဖြစ်အောင်မလုပ်တဲ့လူ" ဟု ဆိုလိုက်သည်။

ထိုနောက်သူသည် နာခေါင်းတရှုရှုလုပ်ရင်း မျက်နှာဖြူဖပ်ဖြူရော်ဖြစ်လာကာ "အခု မင်းနဲ့ငါလုပ်နေကြတာ ဘာကိစ္စလို့ မင်းထင်နေလဲ။ အပျော်လုပ်နေကြတယ်လို့များ ထင်သလား။ မင်း ဘာတွေကို ရင်ဆိုင်ရမယ်ဆိုတာ ငါ သိပါတယ်။ ဒါပေမယ့် မင့်ရန်သူတွေက မင့်အပေါ်တက်နင်းပြီး ကျော်သွားတာကို မင်းခံနေတဲ့ အကောင်ပဲ။ မင်းက လေ့နံနစ်ဖက်နင်းသမားပဲ။ ယုန်နဲ့အတူပြေးပြီး ခွေးနဲ့အတူလိုက်ချင်တာပဲ။ ကဲ၊ ရှိပါစေတော့လေ။ မင်းကို ငါ မကူညီစေချင်တော့ဘူးဆိုလဲ မင်းလမ်း မင်းသွား၊ ငါ့လမ်း ငါသွားရုံပါပဲ" ဟု ပြောလိုက်သည်။

သူ၏အသံသည် တိတ်သွားပြီး ထိုင်ရာမှထကာ စီးကရက်တိုကို မီးမရှိတော့သည့် မီးဖိုထဲသို့ ပစ်ထည့်လိုက်၏။ ပေါလ်လည်းထိုင်ရာမှထရင်း သူ့ကို ကြည့်ကာ စိတ်ထဲ၌ နာကျည်းခံပြင်းလျက် အဆုံးဖြတ်ရခက်နေသည်။ ကာဆယ်က အကူအညီစကား ပြောနေပြန်တော့လည်း သူ တစ်ချက်တွေဝေသွားသည်။ သူ၏ အကူအညီက ဘာမှန်းညာမှန်း မသိရသေးစေကာမူ ကူညီမည်ဆိုသည်ကိုတော့ သူမငြင်းပယ်လိုက်နိုင်။

"ကျွန်တော် လိုက်ပါ့မယ်၊ ခင်ဗျာ့ကို ဘယ်အချိန် လာတွေ့ရမှာလဲ"

ကာဆယ်က ခေါင်းယမ်းကာ "နေပါစေတော့ကွာ။ ဟန်ဆောင်နေလို့ အပိုပါပဲ။ တော်ပါပြီ" ဟု ဆိုသည်။

"ကျွန်တော် ခင်ဗျားကို ဘယ်အချိန်လာတွေ့ရမှာလဲသာ ပြောပါလေ" ဟု ပေါလ်ကလည်း ထပ်ပြောသည်။

ကာဆယ်လည်း သူ၏ အင်္ကျီကို ကြယ်သီးတပ်ရင်း တဖြည်းဖြည်းလှည့်လာသည်။

"မင်း တကယ်ပြောတာလား" ဟု ဆိုကာ ပေါလ်အား စူးစမ်းသလို စိုက်ကြည့်နေလိုက်ပြီးမှ "ကောင်းပြီလေ၊ နက်ဖြန်နေ့လည် နှစ်နာရီမှာ ဟိုက်ကုတ်အပြင်ဘက်မှာ တွေ့မယ်" ဟု ပြောရင်း တံခါးဆီသို့ လှည့်ကာ ပေါလ်ထွက်ရန် တံခါးဖွင့်ပေးလိုက်လေ၏။

*

## အခန်း – ၂၅

မှုန်မှိုင်းစွတ်စိုသော နောက်တစ်ရက် မွန်းလွဲပိုင်းတွင် ပေါလ်သည် ချိန်းဆိုထားသည့်အတိုင်းသွားကာ ထောင်ထွက်ကြီးနှင့် တွေ့လိုက်လေသည်။ ဟိုက်ကုတ်အဆောက်အဦးကြီးကား ခန့်ညားထယ်ဝါလှသည့် မီးခိုးရောင်ကျောက်တုံးများဖြင့် တိုင်လုံးရှည်ဆင်ဝင်ဆောင်မြင့်ပါသော ပလေဒီယန်ပုံစံဖြစ်၏။ အဝင်ဝ အလယ်တည့်တည့် နံရံအချိုင့်တွင် မျက်စိကို အဝတ်ပိတ်စည်းလျက် လက်ထဲ၌ တရားမျှတမှုချိန်ခွင်ကို ကိုင်ထားသည့် ကျောက်ဆစ်ရုပ်ထုတစ်ခု ရပ်လျက်ရှိသည်။ မုတ်ဆိတ်ပါးမုန်းမွေးများ ပြောင်စင်အောင်ရိတ်ထားပြီး

သပ်သပ်ရပ်ရပ် ကော်လာအဖြူ၊ သက္ကလပ်ဝတ်စုံ မီးခိုးရောင်၊ လည်စည်းအနက်တို့ဖြင့် တန်ဆာဆင်ထားသည့် ကာဆယ်သည် သူက ပေါလ်အား ဘေးဘက်ရှိ ခုံးပေါက်တစ်ခုထဲမှဖြတ်၍ ဝိုက်တက်သွားသည့် လှေကားထစ်ကြီးများအတိုင်း အစောင့်တစ်ယောက်ရှိသည့် မဟော်ဂနီသားတံခါးမကြီးဆီသို့ ခေါ်ဆောင်သွားသည်။ သူသည် ခပ်တည်တည်ပင် တံခါးစောင့်အား တံဆိပ်နှိပ်ထားသည့် ဝင်ခွင့်လက်မှတ်နှစ်စောင် ထုတ်ပေးလိုက်သည်။ တံခါးစောင့်လည်း လက်မှတ်များကို စစ်ဆေးကာ နှုတ်ခမ်းကို လက်ညှိုးဖြင့်ထိ၍ တိတ်ဆိတ်စေရန် အချက်ပြပြီး သူတို့အား လူအများထိုင်ကြည့်ရာ အထက်ထပ် ခုံတန်းများဆီသို့ လိုက်ပြသည်။ ထို့နောက် သူတို့သည် လူပြည့်နေသည့်ကြားမှ တိုးဝှေ့ဝင်ကာ ခုံလွတ်နှစ်ခုတွင် ဝင်၍ထိုင်လိုက်ကြ၏။

အောက်ထပ်တွင်ကား လူစည်ကားလှသည့် တရားခွင်ရှိသည်။ တစ်ဖက်ထိပ်ရှိစင်မြင့်ပေါ်တွင် ဝတ်ရုံကြီးနှင့် တရားသူကြီးရှိသည်။ လက်ဝဲဖက်တွင် ဂျူရီလူကြီးများ၏နေရာ၊ လကျာ်ဖက်တွင် သက်သေအစစ်ခံသည့်ခြံငယ်၊ ပတ်ပတ်လည်တွင် ဝတ်ရုံကြီးများ၊ ဆံပင်တုကြီးများနှင့် ရှေ့နေရှေ့ရပ်များ၊ အလယ်ခေါင်တွင် တရားခံခြံငယ်အတွင်း၌ ဦးထုပ်မပါသည့် ပုလိပ်သားနှစ်ယောက် ခြံရံလျက် အပေါ်စားတဘက်စောင်ကလေးတစ်ထည် ပခုံးတွင်တင်ထားသည့် အမျိုးသမီးငယ်တစ်ယောက် ရပ်လျက်ရှိ၏။ ရုံးတော် တရားခွင်ရှုခင်းသည် မှုန်မှိုင်းအုံ့ဆိုင်းလျက်ရှိသော်လည်း ပေါလ်၏ မျက်လုံးများကိုကား ကျိန်းစပ်နာကျင်စေလေသည်။ ပေါလ်လည်း ရှေ့လက်ရမ်းကို ဆုပ်ကိုင်ကာ ကိုယ်ကိုရှေ့သို့ ကိုင်းလျက် အမတ်ကြီးအိုမန်ကိုသာ စိုက်ကြည့်နေမိ၏။ အမတ်ကြီးကား အသက်အရွယ် ကြီးရင့်ပြီဖြစ်ပြီး အရပ်အမောင်းကောင်းသူဖြစ်လျက်၊ သူ၏ ဂုဏ်သိက္ခာများဖြင့် ပိနေသကဲ့သို့ မသိမသာ ကိုင်းညွတ်၍ပင် နေပြီဖြစ်၏။ သူ၏မျက်နှာမှာ နီမြန်းလျက် တင်းမာခက်ထန်ဟန်လက္ခဏာ ပေါ်လွင်လျက်ရှိသည်။ ငှက်နှုတ်သီးကဲ့သို့ ချွန်ကောက်နေသော သူ့နှာတံ၏ တစ်ဖက်တစ်ချက် ပါးရေများတွဲလျားကျနေပုံမှာ ခွေးဘီလူးကြီးနှင့်ပင် တူသယောင်ယောင်ရှိ၏။ ရှည်လျားအုပ်မိုးနေသည့် မျက်ခုံးမွေးများ၏အောက်တွင်ကား သူ၏မျက်လုံးများသည် အိုမင်းပြီဖြစ်လျက် ကြောက်မက်ဖွယ်အသွင်ကို ဆောင်ကြဆဲရှိလေသည်။

ကာဆယ်က ပေါလ်၏လက်မောင်းကို ဖမ်းဆုပ်လိုက်သဖြင့် ပေါလ်လှည့်ကြည့်လိုက်ရာ ကာဆယ်က ရုံးတော်ရှေ့တွင် မတ်တပ်ရပ်လျက် ရှိပြီးဖြစ်သော သဏ္ဌာန်တစ်ခုဆီသို့ ညွှန်ပြလိုက်၏။

"အိုမန်ကို ဂရုစိုက်မနေစမ်းပါနဲ့။ သူက အိုလှပြီ၊ ဘာမှ သိတော့တာ မဟုတ်ဘူး" ဟူသော စကားများသည် ပေါလ်၏နားထဲသို့ စူးစူးရှရှ ဝင်လာကြသည်။ "အဲ ဟိုမှာတွေ့လား၊ အခုစကားပြောတော့မယ့် လူ။ အေး၊ မင့် မိတ်ဆွေကြီး စပရောက်ဆိုတာ သူပဲ"

သူညွှန်ပြရာသို့ ကြည့်လိုက်သောအခါ ပေါလ်မှာ တစ်ကိုယ်လုံး နွေးသွားသည် ထင်လိုက်မိ၏။ သူ မြင်လိုက်ရသည်မှာ ဆံပင်တုအခွေခွေနှင့် ဝတ်ရုံနက်ကြီးဝတ်ထားသည့် အစိုးရရှေ့နေကြီး၏ ကျစ်လစ်လှသည့် သဏ္ဌာန်တည်း။ သူ၏မာကျောပြောင်တင်းလှသည့် ပါးပြင်နှင့် လုံးဝိုင်းနေသောမေးစေ့တို့ကို ရုံးတော်တရားခွင်၏ မှိန်ပျပျအလင်းရောင်တွင် ထင်ရှားပြတ်သားစွာ မြင်နေရသည်။ သူသည် သူ့နှုတ်ခမ်းအစုံကို တင်းနေအောင်စေ့ကာ ဇာတ်ဆောင်မင်းသားတစ်ယောက်ပမာ သူ၏ပရိသတ်ကို လှည့်၍အကဲခတ်လိုက်ပြီး အတန်ကြာမှ အမှုသွားအမှုလာကို နောက်ဆုံး ပြန်လည်သုံးသပ်ပြသည့်အနေဖြင့် ဂျူရီလူကြီးများအား ဦးတည်ကာ စကားစ၍ပြောလေသည်။

စုတ်ပဲ့နုံချာသော ဤဖြစ်ရပ်ကား ဆန်းလှသည်တော့ မဟုတ်ပါချေ။ တရားခံကား လမ်းပေါ်က အမျိုးသမီးတစ်ယောက်။ အဆင်းရဲဆုံး အတန်းအစားမှ ပြည့်တန်ဆာမ။ ယခု အသက်နှစ်ဆယ့်လေးနှစ်။ သူ တစ်ဆယ့်ခုနစ်နှစ်အရွယ်မှစ၍ မြို့တော်ကြီး၏ ဆင်းရဲသားရပ်ကွက်၌ ဤအလုပ်ကိုလုပ်လာခဲ့သည်။ ထုံးစံအတိုင်း သူ့မှာ ခေါင်းရှိသည်။ ထိုလူသည် သူ့အား လမ်းထောင့်မှနေ၍ စောင့်သည်။ သူက သူ့ကိုယ်ကို ရောင်း၍ရသောငွေဖြင့် ဤလူအား ကျွေးထားရသည်။ ဤလူသည် သူ့အား ခိုင်းစားနေရုံမက မကြာခဏဆိုသလိုပင်

ကျွဲရိုက်နွားရိုက် ရိုက်တတ်သည်။ တစ်ညသ၌မူ အမျိုးသမီးသည် ဒေါသထွက်လျက် အရက်မူးသည်။ သူ့ဘဝ သူ နာကျည်းသည့်စိတ်၊ နောင်တဖန် ပူပန်သည့်စိတ်တို့က နိုပ်စက်လှသည်ဖြစ်၍ သူ၏ 'ခေါင်း'အား မီးဖိုထဲကဓားဖြင့် ကောက်၍ ထိုးသတ်ပစ်လိုက်သည်။ ထိုနောက် သူ့ကိုယ်သူ ထိုးသတ်ရန် အားထုတ်ခဲ့သေးသော်လည်း သူ၏ ဓားချက်များက မထိရောက်တော့။

ဤ စိတ်ညစ်ဖွယ် အဖြစ်အပျက်သည် အကျယ်ချဲ့၍ ပြောနေစရာပင် လိုမည်မထင်။ သို့သော် စပရောက်သည် ဤအမှု၏ စက်ဆုပ်ဖွယ်အပိုင်းများကို အသေးစိတ်ဖော်ပြကာ ဓာတ်ဟန်ပါပါဖြင့် ဂျူရီလူကြီးများ သက်ညှာခွင့်အထောက်အထားများကို မစဉ်းစားသာအောင် သတိပေးသည့်အလား ရှည်လျားစွာပြောဆိုသွားသည်။ တရားခံမသည် သူ၏ရည်စားလင်အား တမင်သေစေလို၍ သတ်ခဲ့ခြင်း အပြစ်ရှိသည်ကိုတော့ တစုံတရာသံသယဖြစ်ဖို့ မရှိ။ အစိုးရရှေ့နေကြီးကမူ သူ၏အလုပ်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သည့်သဘောဖြင့် ယုတ်မာညစ်ညမ်းမှုများကို ဖော်ထုတ်ကာ အသေသတ် အပြတ်ရှင်းပစ်လိုက်ရန်အတွက် သူ့အစွမ်းအစရှိသမျှ ထုတ်၍အသုံးချနေရသည်ကို အကျေအနပ်ကြီး ကျေနပ်ပြီးလျှင် သူ့မှာ ပျော်ရွှင်နေတော့သည်ဟု ပေါလ်စိတ်၌ ထင်မိလေ၏။

တရားခံမက သူ၏ချစ်သူအား ဓားဖြင့် ထိုးသတ်လိုက်သည့် အမှုအရာကို ဒေါနှင့်မာန်နှင့် ဓာတ်ဟန်ပါပါလုပ်ပြရင်း သူ၏ အဆိုပြုချက်များကို အဆုံးသတ်၍ ထိုင်ချလိုက်သောအခါ ရုံးခန်းတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်၍ သွားလေသည်။

ကာဆယ်သည် သူ၏ အက်ကွဲသောအသံကို လေသံမျှ နှိမ့်၍ ပေါလ်အား "သူ့ကို သေသေချာချာကြည့်ပြီး မှတ်ထားကွ၊ မင့်အဖေကို ချတုန်းကလဲ ဒီလိုပဲ" ဟု ပြောလိုက်သည်။

ဤသို့ မပြောရဘဲနှင့် ပေါလ်မှာ အစိုးရရှေ့နေကြီးအား စိုက်ကြည့်ရင်းက သူ့နဖူးဆီတွင် ချွေးအေးများစို့လာအောင် မအီမသာဖြစ်သည်အထိ သူ၏ရင်ထဲတွင် ထူးထူးခြားခြား လှုပ်ရှားခဲ့ရလေသည်။ သူ့တစ်သက်တွင် စိတ်ထဲက အလိုလို မုန်းတီးသည့်စိတ်များ ဖြစ်ခဲ့ဖူးပါသည်။ အပြန်အလှန် ရန်သတ္တရုပြုတတ်သည့် သဘာဝနှစ်ခုတွေ့လျှင် တွေ့တွေ့ချင်း အမြင်ကတ်တတ်သည်ကို သူသိပါသည်။ သို့ရာတွင် ယခု စိတ်လှုပ်ရှားမှုသည် သာမန်ထက် ပိုမိုခဲ့ဟန်ရှိသည်။ သူ၏ အတွင်းစိတ်သဏ္ဍာန်မှ အငြိုးကြီးစွာ တလိပ်လိပ်တက်လာခဲ့သည့် အာဃာတစိတ်များ ဖြစ်ဟန်တူပေသည်။ ဤပုဂ္ဂိုလ်သည် သူ့အဖေအားလည်း ဤသို့ပင် အညှာအတာကင်းမဲ့စွာ အသားလွတ် ဆဲရေးပုတ်ခတ်ခဲ့မည် ဖြစ်သည်ဟု တွေးမိသည်။ သတင်းစာထဲက ဓာတ်ပုံများတွင် ဤပုဂ္ဂိုလ်၏မေးခွန်းများကို ဖြေရင်း ချောင်ပိတ်မိနေသော သားကောင်ပမာ တွေ့မြင်ရသော သူ့အဖေ၏မျက်နှာကို သတိရလိုက်မိသည်။ ဤပုဂ္ဂိုလ်ကား ယခုမျက်စိရှေ့တွင် အေးအေးလူလူနားနေလျက်ရှိသည်။ 'မြင်ဖန်များတော့ မုန်း၊ သုံးဖန်များတော့ ပြယ်' ဆိုသည့် စကားလည်း မှန်ပါလိမ့်မည်။ သို့ရာတွင် ဤပုဂ္ဂိုလ်ကြီး၏ အပြုအမူကား မောက်မာလွန်း၊ လူစိတ်ကင်းမဲ့လွန်းနေသဖြင့် ပေါလ်မှာ လက်စားချေပစ်လိုက်ချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာခဲ့လေသည်။

ရုတ်တရက် ငြိမ်သက်တိတ်ဆိတ်သွားသည်။ တရားခံဘက်က ရှေ့နေကြီး၏ လျှောက်လဲချက်လည်း ပြီးဆုံးပြီ။ တရားသူကြီးကလည်း သူ၏ကောက်ချက် ချပြီးပြီ။ ဂျူရီလူကြီးများ အနားယူရန် ထွက်သွားကြသည့် ခြေသံများနှင့်အတူ ရုံးတော်တွင် လူရှင်းသွားသည်။

ကာဆယ်က သူ၏ဖျော့တော့သောနှုတ်ခမ်းများကို စေ့ထားရာမှ ပြုံးသလို နောက်သို့ဆွဲလိုက်ပြီး "လေးနာရီဆို အတော်ပဲ။ သူတို့အဖို့ လဘက်ရည်သောက်လို့ ကောင်းတဲ့အချိန်ပဲ" ဟု ဆိုလိုက်သည်။

"သောက်နိုင်မလားဗျာ"

ကာဆယ်က အမှတ်မထင် အမူအရာဖြင့် ဆတ်ခနဲ ပခုံးချီလိုက်သည်။ "သူတို့အဖို့ ဒါက တစ်နေ့တာအလုပ်ပဲကွ။ အိုမန်နဲ့ စပရောက် အတွဲကတော့ သူတို့နှစ်ယောက်ပေါင်းပြီး ဒီဆယ့်ငါးနှစ်လောက်အတွင်း ဘယ်နှစ်ယောက်များ အပြတ်ရှင်းလိုက်ကြလဲ မသိဘူး။ မင်း အပြင်ထွက်ချင်လား"

"ဟင့်အင်း" ပေါလ်လည်း လေသံ ပျော့ပျော့ဖြင့် ဖြေကာ သူ့မျက်နှာကို လွှဲထားလိုက်၏။

သူ့ဘေး အခြားတစ်ဖက်၌ထိုင်နေသူသည် စက္ကူအိတ်နှင့် ထည့်ယူလာသော အသားညှပ်ပေါင်မုန့်များကို ထုတ်၍ စားနေကျဟန်ဖြင့် စားနေသည်။ သူကား ရင်ချပ်ချပ်နှင့် လူသေးသေးဖြစ်ပြီး ထိပ်ပြောင်ပြောင်ပေါ်တွင် ဆံပင်ပါးပါးကို ပြားနေအောင် ဖီးထားသည်။ သူက ကိုယ်ကို ပေါလ်ဘက်သို့ စောင်းငဲ့ကာ နှစ်ကိုယ်ကြား စကားပြောသည်။

"ခင်ဗျားတို့နှစ်ယောက် ရောက်လာတာ နည်းနည်းနောက်ကျသွားလို့ဗျ။ တကယ့်ကောင်းခန်းကို လွတ်သွားတယ်။ စပရောက်က နောက်ဆုံး လျှောက်လဲချက်လဲ သိပ်တော့ မဆိုးလှပါဘူး။ ဒါပေမယ့် မနက်ကဟာကို ခင်ဗျား ကြားစေချင်တယ်။ မိန်းမကို လိမ့်နေတာပဲ။ လမ်းဘေး အမှိုက်သရိုက်၊ လူ့အောက်တန်းစားတို့ရဲ့ အသုံးတော်ခံ၊ ဟာဗျာ၊ စုံနေတာပဲ။ တဖက်ကလဲ ကန့်ကွက်အော်ဟစ်။ ဂျူရီလူကြီးတွေ နောက်ထပ် ဆယ်မိနစ်လောက်သာ နားထောင်ရရင် ဒီမိန်းမ သေဒဏ်သေချာပါတယ်။ ဂျူရီ အကြီးအကဲ မျက်နှာကြည့်ရတာလဲ သက်ညှာခွင့်တွေ ဘာတွေ မထောင်ခံခဲ့နဲ့နော်လို့ အိမ်က သူ့မိန်းမက တဖွဖွ မှာလိုက်ဟန် တူပါတယ်။ တကယ် အသည်းယားစရာပဲဗျ၊ နော်။ ကျွန်တော်တော့ ဘယ်တော့ဖြစ်ဖြစ် ဘော်လုံးပွဲ မကြည့်ဘူး။ ဒါမျိုးပဲ ကြည့်မယ်"

သူတို့ကတော့ ဒါမျိုးကို အပျော်ပွဲကြည့်သလို သဘောထားကြဟန်တူသည်။ သူတို့အားလုံး ဒီလိုချည်းပဲလားဟု ပေါလ်က တွေးကြည့်သည်။ အပေါ်ထပ် ခုံတန်းများဆီတွင် ပူအိုက်လှသဖြင့် သူ့မှာ မအီမသာဖြစ်နေ၏။ မှားမကြာမီ ဂျူရီလူကြီးများရော၊ တရားသူကြီးပါ စုံညီစွာ ပြန်ရောက်လာကြ၏။

"အပြစ်ရှိပါတယ်"

မှန်ပါသည်။ ပေါလ်၏ဘေးရှိ လူပိန်ကလေးက ဤကိစ္စမျိုးတွင် ဗဟုသုတရှိသူပီပီ ကြိုပြောထားပြီး ဖြစ်ပါသည်။ သို့သော် သူက ဂျူရီ မည်သို့ ဆုံးဖြတ်မည်ကိုသာ ပြောခဲ့သည်။ ထိုမိန်းမ အော်ဟစ်၍ ငိုကြွေးလိမ့်မည်၊ တစ်ဘက်ဖြင့်အုပ်၍ ငံ့ကာရှိုက်ကာ ငိုမည်၊ သည်းထန်စွာ ငိုရှိုက်လိမ့်မည်၊ တက်ချက်သွားလိမ့်မည် ဆိုသည်တို့ကို မပြောခဲ့။ တရားသူကြီးမှာလည်း စိတ်အနှောက်အယှက်ဖြစ်လျက် ငိုသံများ တိတ်ဆိတ်သွားသည်အထိ သည်းခံ၍ စောင့်နေသည်။ ပြီးမှ ဦးထုပ်အနက်ကို စွပ်လိုက်သည်။ ပေါလ်လည်း မျက်လုံးအဝိုင်းသားဖြင့် တရားသူကြီးကို စိုက်ကြည့်နေစဉ် 'မသေမချင်း လည်ပင်းကြိုးကွင်းစွပ်၍ သတ်စေ' ဟူသော အမိန့်သံ ပေါ်ထွက်လာလေရာ ပေါလ်၏ အာရုံတို့သည် လွန်ခဲ့သည့် ဆယ့်ငါးနှစ်ဆီသို့ ပြန်ရောက်သွားပြီး သူ့အဖေ မည်သို့ ခံစားရမည်ကို မြင်ယောင်လျက် ရင်ထဲက မချိမဆံ့ဖြစ်ရ၏။ သူ အော်ဟစ်ပြီး ငိုလိုက်ချင်သည်။ ငိုလို့မရ၊ အသက်မှန်မှန်ရှူဖို့ပင် မနည်းကြိုးစားရပြီး သူ သတိရလာတော့ သူ့မှာ ရှေ့ကတန်းကို ကျစ်ကျစ်ပါအောင် ဆုပ်လျက်သားတွေ့ရ၏။

"ပြီးပြီ" ဟု ကာဆယ်က သဘောကောင်းစွာပင် ဆိုလိုက်ပြီး "ဒီနေ့ပွဲ အနေနဲ့ မဆိုးလှပါဘူး" ဟု မှတ်ချက်ချသည်။

ပေါလ်လည်း ကျီးတီးကျက်တက်နှင့်ပင် ကာဆယ်၏နောက်သို့ လူကားအတိုင်း ဆင်း၍လိုက်ခဲ့ကာ ရုံးတော်၏ ကျယ်ပြန့်သောရင်ပြင်ဘက်သို့ ထွက်ခဲ့၏။ ဂျူရီအဆုံးအဖြတ်ကို သတင်းစာရောင်းသူများ၊ ကလေးများက အော်ဟစ်လျက် ရှိကြပြီးဖြစ်၏။ လမ်းဘက်သို့ ထွက်ခဲ့ကြပြီး ကာဆယ်က ရပ်လိုက်သည်။

"တို့ တစ်ခုခု သွားစားမလား"

ကာဆယ်သည် သိပ္ပံပညာရှင်တစ်ယောက် ပိုးမွှားကို မှန်ဘီလူးဖြင့် လေ့လာသကဲ့သို့ ပေါလ်၏ တုန့်ပြန်မှုကို သေသေချာချာ သိနိုင်ရန် အကဲခတ်နေဟန်တူပေသည်။ သို့ရာတွင် အပြင်ပန်းက ငြိမ်သလောက် ကာဆယ်၏ အတွင်းစိတ်ကမူ သူ့ထက်ပင် ပိုမိုလှုပ်ရှားလျက်ရှိသည်ဟု ပေါလ်၏စိတ်ထဲတွင် ထင်မိလေသည်။

"ကျွန်တော် ဘာမှ မစားနိုင်ဘူးခင်ဗျာ"

ကာဆယ်က ပေါလ်၏လက်မောင်းပေါ်သို့ လက်တစ်ဖက် လှမ်းတင်လိုက်သည်။

"ငါ့အိမ်သွားပြီး တစ်ခုခု သောက်ကြတာပေါ့ကွာ။ တို့မှာ ဒါ လိုနေတယ် ထင်တယ်"

"ကောင်းပြီလေ"

ရင်ထဲ၌ ပွက်ပွက်ဆူအောင် စိတ်လှုပ်ရှားနေသော ပေါလ်မှာ သူ ဘာလုပ်သည်၊ ဘယ်သွားသည်ကို ဂရုထားမနေနိုင်တော့ပေ။

သူတို့နှစ်ယောက်သား အတူတကွ လျှောက်၍ ထွက်ခဲ့ကြလေတော့သည်။

*

## အခန်း – ၂၆

သူတို့ 'လမ်းကြား'မှ ကာဆယ်၏ အိမ်နောက်ဖေးခန်းကလေးထဲသို့ ပြန်ရောက်ကြသောအခါ ပေါလ်လည်း ကုလားထိုင်တစ်လုံးတွင် မြုပ်သွားအောင် ထိုင်ချလိုက်သည်။ ကာဆယ်လည်း ပြူတင်းပါသည့် ယင်းလိပ်များကို လုံအောင် အသေအချာလိုက်၍ ပိတ်လိုက်ပြီး ဘီရိုထဲမှ ပုလင်းတစ်လုံးကို ထုတ်ယူကာ အရက်နှစ်ခွက်ငှဲ့လိုက်၏။

ထို့နောက် ပေါလ်အား တစ်ခွက်လှမ်းပေးရင်း "ဒီနေ့တော့ တို့ သောက်ထိုက်ပါပြီကွာ" ဟု ဆိုလိုက်ပြီး "ဘေးမဖြစ်ပါဘူးကွ၊ သောက်ပါ။ ဒါ ဆိုင်က ငါ ဝယ်ထားတာပါ" ဟု ပြောသည်။

ပေါလ်လည်း ဝမ်းထဲတွင် နွေးခနဲဝင်သွားမှ သူ၏စိတ်များလည်း ငြိမ်သက်သွားသည်။ သူ စိတ်သောကရောက်နေခဲ့ရစဉ် သူ့မှာ တစ်ခုခုကို သောက်ချင်နေမိသည်။ ထို့ကြောင့်ပင် သောက်လျှင် ဘာဖြစ်မည်ကို စဉ်းစား၍ မနေနိုင်တော့။ သူ့ဘဝ တစ်သက်တာတွင် ဤမျှလောက် စိတ်ဓာတ်ပျက်ပြားစရာ အခြေအနေမျိုး တစ်ခါမှ မကြုံဘူးခဲ့။ သူသည် ဖန်ခွက်ထဲကအရက်ကို မော့ချလိုက်ပြီး၊ ကာဆယ်က ထပ်ဖြည့်ရန် ပုလင်းကို စောင်း၍လာတော့ သူ မငြင်းဆန်လိုက်မိ။

ထောင်ထွက်ကြီးသည် သူ၏အရက်ဖန်ခွက်ကို မီးဖိုစင်ပေါ်တွင် တင်ထားလိုက်ပြီး၊ ပေါလ်အား တစေ့တစောင်းအကဲခတ်ရင်း ရပ်နေလေသည်။ သူ့အဖို့ တကယ့်အချိန်ရောက်လာပြီဟု သိသည်နှင့် သူသည် တိတ်တဆိတ်ပင် သူ၏နှုတ်ခမ်းများကို လျှာဖြင့် အသာအယာလျက်လိုက်သည်။ သူ မကြာခဏ တောင့်တခဲ့သည့် မကြုံစဖူး အခွင့်အခါထူးမျိုးသည် ယခု သူ၏ရှေ့မှောက်သို့ ရောက်လာခဲ့ပါပြီ။ သူ စတုန်းဟိသ်က ထွက်ရခါနီး လေးရက်ငါးရက်အလိုက ကွင်းထဲတွင် သူ့လက်သို့ တိတ်တဆိတ် ထိုးထည့်ပေးလိုက်သော စက္ကူစုတ်ကလေးက ကျေးဇူးပြုသည့် အခါအခွင့်ကို သူ လက်လွတ်ခံ၍ မဖြစ်။ လွတ်ရန် မျှော်လင့်ချက် တစိုးတစိမျှ မရှိတော့သော စတုန်းဟိသ်က ရာသက်ပန်အကျဉ်းသမားမက်ထရီကို သူ အရေးစိုက်စရာ ဘာမှမရှိ။ ပေါလ်အတွက်လည်း သူ့မှာ လက်စားချေစရာ လက်ကိုင်တုတ်အဖြစ် အသုံးပြုရန်မှတစ်ပါး ဘာမျှ စဉ်းစားနေဖို့ မရှိပြီ။

အပြစ်ကျသွားသည့်အချိန်က ချာလီကာဆယ်သည် အလယ်ပိုင်းတိုင်း အာမခံကုမ္ပဏီကြီးတစ်ခုမှ ဘဏ္ဍာထိန်းအရာရှိ ဖြစ်၏။

သူသည် တစ်ကိုယ်တည်း လူပျိုဖြစ်ပြီး အားကစားနှင့် အမဲလိုက်ဝါသနာပါသည်။ ကောင်းကောင်းနေလာခဲ့သူ ဖြစ်သည်။ ထိုဒေသရှိ အမဲလိုက်အဖွဲ့နှင့် အခါအားလျော်စွာ အမဲလိုက်ထွက်ရာတွင် ပါလေ့ရှိပြီး၊ ထိုဒေသက မြင်းပွဲများကိုလည်း မှန်မှန်သွားလေ့ရှိသည်။ ဤကဲ့သို့သော ဉာဏ်ကစားတတ်သူ စွန့်စားတတ်သူ လူတစ်ယောက်အဖို့ အကွက်ကောင်းတွေ့လျှင် ကစားတတ်သည်မှာ သဘာဝတစ်ခု ဖြစ်ပေသည်။ ဤသို့လျှင် သူ အလုပ်လုပ်သည့် ကုမ္ပဏီကြီးက ဟက်ဒန်ဟောမီးနှင့် အသက်အာမခံကုမ္ပဏီအား သိမ်းသွင်းကာ ကုမ္ပဏီငယ်အဖို့ ကျေးဇူးများစေသည့် ဖက်စပ်လုပ်ငန်းအဖြစ် ပူးပေါင်းမည်ဆိုသည့် ထိပ်တန်းလျှို့ဝှက်သတင်းကို သူ ရရှိသောအခါ သူသည် တစ်သက်တာအတွက်ဖူလုံရန် အခါအခွင့်ကောင်းပေတကားဟု ရိပ်စားမိသောကြောင့် အလယ်ပိုင်းတိုင်းအာမခံကုမ္ပဏီကြီးမှ သူ့လက်ဝယ်ရှိသည့်ငွေများကို ခေတ္တယူကာ ဟက်ဒန်ဟောကုမ္ပဏီမှ အစုရှယ်ယာငါးသောင်းဖိုးကို ဝယ်ယူထားလိုက်လေသည်။

ပါးနပ်သိသိပ်စွာ ဝယ်ယူလိုက်ခြင်းဖြစ်သော်လည်း ငွေကများနေသဖြင့် တီးတိုးစကားများ ပျံ့နှံ့ကာ များမကြာမီပင် အာဏာပိုင်များနားသို့ ပေါက်ကြားသွားလေတော့သည်။

ပေါလ်မလည်မဝယ်နှင့် အားထုတ်နေသည်ကို များမကြာမီပင် သူ သိသွားသည်။ သူသည် အလွန်အကင်းပါးသူဖြစ်သည်။ ဤကဲ့သို့သော အခါအခွင့်ကို အရဖမ်းရန်မှာ လွယ်ကူလှပါချေ၏။

ကာဆယ် မအောင့်နိုင်တော့။ သူသည် ဤအခွင့်ထူး၌ ယစ်မူးတုန်လှုပ်လျက်၊ မျက်နှာထားကို တတ်နိုင်သမျှ တည်ငြိမ် ဣန္ဒြေရစေလျက် ပေါလ်ရှိရာဘက်သို့ လှမ်းထွက်လာခဲ့သည်။

သူက ပေါလ်၏ ကုလားထိုင်လက်တင်ပေါ်တွင် ဝင်ထိုင်ရင်း "မင်း ညနေက အတော်စိတ်ခိုင်သားပဲဆိုတာ ဝါ ဝန်ခံပါတယ်ကွာ။ မင်း အတော် စိတ်ဓာတ်ကြံ့ခိုင်သားပဲ" ဟု ပြောလိုက်သည်။

ပေါလ်က ဘာမှ ပြန်မပြောချေ။

"မနေ့ညက မင့်ကို ငါပြောလိုက်တာ နည်းနည်း လွန်သွားတယ်ကွာ" ဟု ကာဆယ်က ဝန်မခံချင် ခံချင်ဖြင့် ဝန်ခံရသည့်လေသံဖြင့် ပြောသည်။ ထိုနောက် ဆက်လက်၍ "အေးပေါ့၊ မင့်အဖို့ ပုလိပ်ကလဲ ဖိလေတော့ ဘာမှ အဆင်မပြေနိုင်ဖြစ်နေတော့လဲ စိတ်ပျက်မယ်ဆိုလဲ ပျက်မိမှာပေါ့" ဟုဆိုကာ ခေတ္တရပ်ထားလိုက်ပြီးမှ ခေါင်းကို ဖြည်းညှင်းစွာယမ်း၍ "မင်းက ကျောက်ထရံကြီးကိုချည့် ခေါင်းနဲ့ပြေးပြေးဆောင့်နေတာကိုးကွ။ ဒါကြောင့် မင့်ကို ငါက ဒီနေ့မြင်ခဲ့တဲ့နှစ်ယောက်ကို ပြချင်တာ။ အိုကွာ၊ အိုမန်ကြီးက ဒါလောက်မဟုတ်ပါဘူး၊ ဒီကောင်ကြီးက အသက်ကြီးပြီ၊ အမဲလိုက်ခွေးအိုကြီးလို သွေးနုံ့ခံပြီး လိုက်ချင်တုန်းပေမယ့် အိုရှာပါပြီ။ ငါပြောချင်တာက စပရောက်ပဲကွ" ဟု ပြောလိုက်သည်။ စပရောက်၏အမည်ကို ပြောလိုက်တော့ သူ့မျက်နှာ မည်းမှောင်သွားပြီး သူက ပမာမခန့်လေသံဖြင့် ပြောရန်အားထုတ်သော်လည်း သူအသံမှာ မာကျောလှပေသည်။

"သူက ဒီတရားစီရင်ရေး စက်ယန္တရားမှာ အခရာပဲကွ၊ ဝေ့တလေမြို့တော်မှာ အဆိုးဆုံးသတ္တဝါပဲကွ။ သူလုပ်ခဲ့သမျှတွေကို ပြောလို့မကုန်နိုင်ဘူး။ သူက လုပ်လိုက်ရင် ဘယ်တော့မှ ပြောင် မလုပ်ဘူးကွ၊ အကာအကွယ် နဲ့ချည်းပဲ။ မင့်အဖေကို စတုန်းဟိသ်ငရဲပို့ခဲ့တာ သူပေါ့။ ဒီကောင်ကြီးရှိနေသမျှတော့ မင့်အဖေကို မင်း ဘယ်တော့မှ ဆွဲထုတ်လို့မရဘူးမှတ်ထားကွ"

ထို့နောက် ခဏမျှ တိတ်ဆိတ်ငြိမ်သက်နေသည့် အခိုက်အတန့်တွင် အလွန်ပြတ်သားခမ်းနားလှသော အစိုးရရှေ့နေကြီး၏ရုပ်သွင်သည် ပေါလ်၏ရှေ့တွင် မားမားမတ်မတ် ပေါ်လာခဲ့ပြီး သူ့မှာ ကြက်သီးမွေးညှင်းထကာ သူ၏သွေးကြောများ၌ အဖျားသွေးတက်သလို တဒိန်းဒိန်းခုန်၍တက်လာခဲ့လေသည်။

ကာဆယ်လည်း အနည်းငယ် ပြန်လည်ငြိမ်သွားကာ သူ့ကိုယ်သူ ပြောနေသလိုဖြင့် ဆက်ပြောသည်။

"ဟုတ်တယ်။ တခြားလူတွေကတော့ မိုက်မဲတာ သက်သက်ပဲ။ ဥပမာ ဒေး ဆိုပါတော့။ ဒီကောင်ဟာ အလုပ်နဲ့ ပတ်သက်ပြီး တယူသန်အမြင်ကျဉ်းမြောင်းတဲ့အကောင်ပဲ။ ဒီလိုကောင်မျိုးကျတော့လဲ တုဖက်ပြီး မုန်းနေဖို့တောင် မထိုက်ပါဘူး။ တရားသူကြီး အိုမန် ဆိုတာလဲ အတွေ့အကြုံနဲ့လုပ်သွားတာ။ ဒါပေမယ့် စပရောက်၊ အေး၊ အဲဒီ စပရောက်ကျတော့ တမျိုးပဲ။ စပရောက်က အင်မတန် ဉာဏ်ရှိတယ်။ စပရောက်ဟာ သက်သေအထောက်အထားတွေကို တစမကျန် အကုန် ဆုတ်ခွာကြည့်ပြီး လုံးဝမခိုင်လုံဘူးဆိုတာ မြင်တာနဲ့ သိပါတယ်။ ဒါပေမယ့် စပရောက်ဟာ ဒါတွေကို လုံးဝဂရုမစိုက်ဘဲနဲ့ စကားတတ်တိုင်း ပါးစပ်ဖျားကလေးတင် လှည့်ပစ်လိုက်တာ။ စပရောက်ဟာ မင့်အဖေကို သေဒဏ်ထက်ဆိုးတဲ့ လောကငရဲကို ဆယ့်ငါးနှစ်လုံးလုံး ပို့ထားခဲ့တယ်။ သူ လက်သည်ဘဲ။ ဟုတ်တယ်။ သူ လုပ်လိုက်တာဘဲ"

ကာဆယ်က ဤသို့တွန်း၍ ပြောလျှက်ရှိစဉ်တွင် ပေါလ်မှာ သည်းမခံနိုင်လောက်အောင် သွေးဆူလာခဲ့လေသည်။ အမှု၏ ပုံမှန်အနေအထားကို ရှင်းလင်းစွာမြင်ရရုံမက အစိုးရရှေ့နေကြီး၏ တာဝန်နှင့် ဝတ္တရားဆိုသည်တို့ကိုလည်း စူးစူးရှရှ မီးမောင်းထိုးပြလိုက်သလို ယခုမှပင် သိခဲ့မြင်ခဲ့ရသည်။ တိုက်ဆိုင်မှု ဟု ဆိုရမည်လား မသိ။ ကာဆယ်သည် ပေါလ်၏ပခုံးကို ယုယကြင်နာစွာ ပုတ်လိုက်၏။

"မင့်စိတ်ထဲ ဘယ်လိုရှိမယ်ဆိုတာကို ငါသိပါတယ်ကွာ။ မင့်အတွက်လည်း စိတ်မကောင်းပါဘူး။ ဒီလိုလူမျိုးကို လုပ်ကြံဖို့ဆိုတာလဲ မလွယ်ဘူး မဟုတ်လား။ သူ့မှာ အကာအကွယ်တွေ ကတုတ်တွေနဲ့"

ပေါလ်က ခေါင်းကို မော့လိုက်ပြီး ကာဆယ်အား စူးစိုက်ကြည့်လိုက်၏။

"သူတို့ဆီကို တနည်းနည်းနဲ့တော့ ရောက်နိုင်ရမှပေါ့"

"မရပါဘူးကွယ်၊ မရောက်နိုင်ပါဘူး" ဟု ကာဆယ်က ဂရုဏာသက်သည့် လေသံဖြင့် ဆိုလိုက်ပြီးမှ မျက်နှာ အမူအရာပြောင်းသွားသည်ကို ဖုံးကွယ်ရန် ခဏမျှ ဆိုင်းကာ "အေးလေ၊ တစ်နည်းတော့ ရှိတာပေါ့၊ ဒါပေမယ့်လည်း အဲဒါတော့ မဖြစ်နိုင်ပါဘူး" ဟု ဆိုလိုက်သည်။

ပေါလ်၏ မျက်လုံးများ အရောင်တောက်လာသည်။

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

ကာဆယ်သည် တစ်စုံတစ်ခုကို စဉ်းစားသလို လုပ်နေပြီးမှ ထိုအကြံကို စွန့်လွှတ်လိုက်သည့်ဟန်ဖြင့် "မဖြစ်ဘူးကွ။ မင်းက သိပ်ငယ်နေတော့ စပရောက်ရဲ့အိမ်အထိ လိုက်သွားပြီး စာရင်းရှင်းဖို့ဆိုတာ မဖြစ်နိုင်ဘူး" ဟု ပြောလိုက်သည်။

ဤသို့ပြောနေစဉ်တွင် ပေါလ် အသက်ရှူမြန်လာသည်ကို သူစောင့်ကြည့်နေသည်။ သူကတော့ သူနှင့်မဆိုင်သည့်ကိစ္စမို့ ငြိမ်သက်နေပေရာ ပေါလ်အသက်ရှူမြန်နေသည်ကို သိသာမြင်သာသည်။ ပေါလ်မှာ သူ၏ စိတ်လှုပ်ရှားမှုကို ဖုံးကွယ်၍ မထားနိုင်အောင် ရှိသဖြင့် ကာဆယ်ပါ တုန်လှုပ်သွားသည်။ ပေါလ်က မျက်နှာကို မဲ့ရွဲ့လိုက်ပြီး "စပရောက်ကို ဘာဖြစ်လို့ သွားပြီး ရင်မဆိုင်နိုင်ရမှာလဲဗျ။ ကျွန်တော် လုပ်နိုင်ပါတယ်" ဟု ဆိုလိုက်သည်။

"ဖြစ်ပါ့မလားကွ" ဟု ကာဆယ်က ထူးထူးဆန်းဆန်းပင် သံယောင်လိုက်၍ စိတ်ဝင်စားစွာ မေးလိုက်သည်။

ပေါလ်သည် သူပြောလိုက်သည့် စကား၏ အဓိပ္ပာယ်ကို ဝေဝေဝါးဝါးပြန်စဉ်းစားရင်း ကာဆယ်အား ပြန်စိုက်ကြည့်လိုက်သည်။ သူ၏နားထဲတွင်ကား သူ၏ဦးခေါင်းကို တူနှင့် အဆက်မပြတ် ထုနေသည့်နှယ် တဒိန်းဒိန်း သွေးတိုးသည့်အသံများကိုသာ ကြားနေရလေသည်။

"ဖြစ်မလားကွ" ဟု ကာဆယ်က ပိုမိုစိတ်ဝင်စားလာဟန်ဖြင့် ထပ်မေးပြန်သည်။

ပေါလ်က ခေါင်းညိတ်ပြသည်။

"မင့်အဖို့ ဒီတစ်နည်းပဲ ရှိတော့တယ်၊ ကိုယ့်တရား ကိုယ်စီရင်တဲ့နည်း။ မင့်ကို ဘယ်သူမှ အပြစ်တင်မှာ မဟုတ်ပါဘူး။ အားလုံး အဖြစ်မှန်တွေဟာ ပေါ်လာရမှာပဲ။ မင်း ဒါကိုလုပ်လိုက်ရင် မင့်အဖေအမှုကို သူတို့ ဘယ်လိုမှ ဖုံးဖိထားလို့ မရတော့ဘူး။ လူသိရှင်ကြား ဖြစ်လာရတော့မှာပဲ။ စဉ်းစားကြည့်လေ သူတို့ဖုံးဖိဖို့ ကြိုးစားနေကြတာတွေ အားလုံးဖော်လိုက်သလို ဖြစ်မှာပဲ။ ဒါကိုသာ မင်းလုပ်ဖြစ်ရင် သူတို့ကောင်တွေ အကုန်အရှုံးဖြစ်မှာပဲ။ ဒီအမှုမှာ အစက အဆုံးအထိ သူတို့လုပ်ခဲ့တာတွေ အကုန်ပေါ်ရတော့မှာပေါ့။ ဒီမတရားမှုကြီးကို မျက်စိမှိတ်နေခဲ့တဲ့ စပရောက်လဲပဲ တစ်ခါထဲ လွင့်ပျောက်ရှင်းသွားမယ်။ သူ့ထိုက်နဲ့သူကံ ခံရတာပဲလို့ လူတွေက ပြောကြမှာပဲ။ မင့်ကို ဘယ်သူမှ အပြစ်မတင်ဘူး။ မင်းလုပ်တာ တရားတယ်လို့ ဆိုကြမှာပဲ။ အရေးကြီးတာက လုပ်ဖို့ပဲကွ။ လုပ်မှလဲ အဲသလိုဖြစ်မှာ"

ပေါလ်သည် တရားရုံးတွင် သူတွေ့ခဲ့ရသည့် မြင်ကွင်း၊ လွန်ခဲ့သည့် ဆယ်ရက်ခန့်အတွင်း သူ စိတ်ခံစားချက်ကျဆင်းဘွယ်ရာ တွေ့ကြုံခဲ့ရသော ကိစ္စများနှင့် ယခု ကာဆယ်၏စကားများက လှုံ့ဆော်နှိုးဆွပေးလိုက်သဖြင့် ဒေါသဖြင့် မွန်လျက်ရှိသည်။ သူ၏ဦးဏှောက်ထဲတွင် လျှပ်စီးလက်သလို အလင်းရောင်များ ဖြတ်သန်းလျက်ရှိသည်။ သူသည် နောက်ထပ် အရက်တစ်ခွက်ငှဲ့ကာ မော့ချလိုက်၏။

ကာဆယ်က အက်ကွဲသောအသံဖြင့် ခပ်တိုးတိုးပင် "ဒီမှာ မင့်ကို အတားအဆီးများလုပ်နေကြရင် လိုလိုမယ်မယ်ပေါ့ကွာ၊ ဒါကလေး ယူသွားကွ" ဟု ဆိုကာ ဝက်ဖလေအော်တိုမက်တစ် ပစ္စတိုအနက်ကလေးတစ်လက် ပေးလိုက်သည်။ အံ့ဩသည်ဟူ၍ မရှိပြီ။ ကာဆယ်ကလည်း စကားမပြော။ သူကလည်း နှုတ်ဆိတ်လျက်။ ကာဆယ်က တံခါးဖွင့်ပေးသည်။ ပေါလ်လည်း အပြင်သို့ထွက်ခဲ့၏။ လှေကားထစ်များကို ဆင်းခဲ့တော့ သူ၏အကျႌအိတ်ထဲမှ လေးလေးလံလံအရာတစ်ခုက သူ့ပေါင်ကို ရိုက်ပုတ်ရင်း ပါလာသည်။ သူသည် လမ်းတစ်ဘက် အမှောင်ထဲသို့ ဝင်သွားလေ၏။

အခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်သောအခါ ကာဆယ်သည် ခါးထောက်လျက် တံခါးကိုမှီကာ အမောဖြေနေရင်းက သူ့မျက်နှာမှာ ရှုံ့မဲ့လျက်ရှိသည်။ သူ၏ပါးများမှာ ချိုင့်ခွက်လျက်။ ထိုနောက် မသိမသာ တုန်လျက်ရှိသော လက်ချောင်းများဖြင့် စီးကရက်တစ်လိပ် လိပ်ကာ နာရီကို ကြည့်လိုက်၏။ မြောက်ဘက်သို့ သွားသည့် ရထားထွက်ရန် ဆယ်မိနစ်သာ လိုတော့သည်။ ဆိုင်းနေလို့မသင့်။ အပေါ်အကျႌကို ဆွဲဝတ်ကာ မတ်တတ်ရပ်ပြီး ဆေးလိပ်ကို အားရပါးရဖွာလိုက်သည်။ ပြီးတော့ သူသာလျှင်သိသောအပြုံးဖြင့် ပြုံး၍ စီးကရက်တိုကို ဖိနပ်ဖြင့်နင်းချေကာ ချာခနဲလှည့်၍ ထွက်ခွာသွားလေ၏။

*

## အခန်း – ၂၇

ထိုနေ့ညနေက ဆာမက်သယူးစပရောက်သည် တရားရုံးတော် ဝတ်ရုံခန်းမှထွက်ခဲ့ပြီး ဆင်ဝင်အောက်တွင် ခေတ္တရပ်ကာ ညနေစာစားမည့် ခုနစ်နာရီမရောက်မီ လိုသေးသည့်အချိန်နှစ်နာရီကို မည်သို့ကုန်လွန်စေရမည်နည်းဟု ချိန်ဆလေ၏။ ဘားရိုးခန်းမတွင်မူ စမစ်နှင့်ဒေးဗီးတို့ စနူကာ (ဘီးလိယက်) ပြိုင်ပွဲရှိသည်။ သူကိုယ်တိုင် အိမ်တွင် ဘီလိယက်ခုံကြီးတစ်ခုဆင်ကာ အပျော်တမ်းကစားခဲ့၍ အတော်ကျွမ်းကျင်သူဖြစ်ရာ ဤကစားပွဲကို သူကြည့်ချင်မိသည်။ သို့သော် ယခုလျှင် ပြိုင်ပွဲက ပြီးလုနေပြီဖြစ်သောကြောင့် ရှားဝုဘက်ရှိ လဲနတ်ပန်းခြံမှ သူ၏ကလပ်သို့သာသွားရန် ဆုံးဖြတ်လိုက်လေသည်။

သူ လမ်းလျှောက်၍ ထွက်ခဲ့သောအခါ အနောက်ဘက်တွင် နေဝင်ချိန်အလင်းရောင်များ ရှိနေသေးသဖြင့် ကောင်းကင်မှာ ကြည်လင်လျက်ပင်ရှိနေ၏။ အထူးသဖြင့် ထိုအလင်းရောင်ဖြင့် မိုးကုတ်စက်ဝိုင်း ခပ်နိမ့်နိမ့်တစ်နေရာတွင် လက်သီးဆုပ်ခန့်ပမာဏရှိသည့် တိမ်တိုက်ကလေးတစ်ကွက်မှာ ထင်ရှားလျက်ရှိသည်။ အစိုးရရှေ့နေကြီးသည် ထိုတိမ်စိုင်ကလေးကို ထူးထူးခြားခြား သတိပြုမိသည်။ ဤတိမ်စိုင်ကလေးသည် မည်းမည်းမှောင်မှောင်ပင် တအိအိပွလျက် အပျက်အစီးတစ်ခုကို ဖန်တီးမည့် ရှေ့ပြေးနိမိတ်သဖွယ် ဖြစ်နေသည်။

ရတ်တရက် ဆာမက်သယူးသည် သူ့ကိုယ်သူ လှုပ်ခါလိုက်၏။ ဤသီတင်းပတ်များအတွင်း သူသည် ခါတိုင်းလို မဟုတ်ခဲ့။ လာမည့်ရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှုများဖြင့် အလုပ်ပင်ပန်းသောကြောင့် ဖြစ်ပါလိမ့်မည်။ သူက သောကကို ကိုယ်တွင်းမှာမထားဘူးဟု အမြဲ ပြောဆို ဂုဏ်ယူလေ့ရှိသော်လည်း ယခု ရက်များအတွင်း သူသည် ဘာမဟုတ်သည့် ကိစ္စကလေးများမှာပင် ပူပန်တတ်နေသည်။ ဥပမာ သူ့ဇနီးက သူ့အား အိမ်မက်ယာမက် မကောင်းဘူးဟုပြောတော့ သူက ဒါကို ဘာကြောင့် စိတ်ထဲမှာ စွဲလမ်းနေရသနည်း။

ဤသို့သော စိတ်မချမ်းသာစရာများကို တွေးမိသောအခါသူ့မှာ သိသိသာသာ ဣန္ဒြေပျက်ခဲ့ရသည်။ တကယ်က ဘာမှမဟုတ်။ ဘာအဓိပ္ပာယ်ကောက်လို့ ရနိုင်မည်နည်း။ စိတ်ကူးသက်သက်မျှ ဖြစ်သည်။ သို့ရာတွင်အားလုံးမှာ သူနှင့်ဆိုင်နေသည်။ မဖြစ်စဖူး အိမ်မက်က ရောက်လေရာတွင် သူ့မှာ ကံဆိုးမိုးမှောင်ကြုံရသည်တဲ့။ ရုံးမှာ သူ့အမှု၏ အမှုသွားအမှုလာများကို မေ့သွားသည်တဲ့။ ဂျူရီလူကြီးများအား အမှုသွားအမှုလာကို တင်ပြနေရင်းက ရပ်သွားသည်တဲ့။ ခုံဥက္ကဋ္ဌတရားသူကြီးက သူ့ကို နစ်နစ်နာနာပြော၍ အပြစ်တင်သည်တဲ့။ သူရုံးကထွက်လာခဲ့တော့ လူတိုင်းက သူ့ကို လှောင်ပြောင်ရှုတ်ချလိုက်ကြသည်တဲ့။ အားလုံးထဲမှာ ဒါက အဆိုးဆုံးဖြစ်နေ၍ ရင်ထဲက မချမ်းသာသည့် သူ့ဇနီးက သူ့အား ဖွင့်ဟပြောလိုက်ခြင်းဖြစ်၏။

တစ်ကိုယ်တည်း စိတ်နောက်ညစ်ကျူစွာ လဲနတ်ပန်းခြံဖက်သို့ သူချိုးဝင်ခဲ့တော့ သူ့မျက်နှာမှာ ပြိုတော့မည့်မိုးပမာ အုံ့ဆိုင်းလျက်ရှိလေသည်။ သူက မည်သို့ပင် အိမ်မက်၏အတိတ်နိမိတ်ကို မယုံကြည်ဟု ပစ်ပယ်ဟန်ဆောင်၍ ပြောခဲ့ရစေကာမူ သူ၏ဇနီးသည်အား စိုးရိမ်သောကဖြစ်စေသည့်ကိစ္စမှာ နှစ်ပေါင်းများစွာလွန်လာခဲ့ပြီးသော မက်ထရီအမှု၏ ပဲ့တင်သံ ရိုက်ခတ်ခြင်းဖြစ်သည်ကိုမူ သူ ဝန်ခံရပေမည်။ အတိတ်ကာလ၏ ရေမြုပ်တောဆီမှ မဖွယ်မရာပေါ်ပေါက်လာသည့် ခံပြင်းစရာ ပရွက်ဆိတ်လောက် အကောင်ကလေးတစ်ကောင်ကြောင့် ဤမျှလောက် ယောက်ယက်ခတ်သွားအောင် ဖြစ်ရလေခြင်းဟု တွေးမိတော့ သူ၏ရင်တွင်း၌ ဖျန်းခနဲ ပူသွားအောင် ဒေါသမီး တောက်လောင်ခဲ့၏။

ပုလိပ်မင်းကြီးအား အမှုကို သူ အစအဆုံးပြန်ကြည့်ပြီးပါပြီဟု ပြောခဲ့ခြင်းမှာ စင်စစ် မုသားသာဖြစ်သည်။ သူ့အဖို့ ပြန်ကြည့်နေဘို့မလို၊ သူ့မှတ်ဉာဏ်မှာ အပြစ်ဆိုစရာမရှိလောက်အောင်ပင် ကောင်းမွန်လှသဖြင့် အမှုနှင့် ပတ်သက်သမျှ တစ်စမကျန် သူ မှတ်မိသည်။ သူ့အား ဤမျှ ထည်ဝါသော အခြေအနေမျိုးသို့ရောက်အောင် ရှေးဦးစွာ တွန်းအားပေးခဲ့သောအမှုကို ဆယ့်ငါးနှစ်မျှကြာခဲ့ပြီးပြီဆိုစေဦးတော့၊ သူ မေ့နိုင်ပါမည်လား။

ယခုပင်လျှင် တရားခံလှောင်ချိုင့်ထဲက အကျဉ်းသမားလူချောကလေးမက်ထရီ၏ မိန်းမတွေ ကိုယ့်ကိုကိုယ်အနစ်မွှန်းခံပြီး စွဲမက်တတ်ကြသည့် ဥရောပတောင်ပိုင်းသားမျက်နှာကို မြင်ယောင်နေသေးသည်။ မုန်းပါသည်။ သူက ဒါကို ပုံကြီးချဲ့ခဲ့သည်။ ဤအချက်နှင့်တကွ ဤလူချောကလေး၏ အခြားအခြားသော ရုံးတော်တွင် အစစ်ခံသမျှသည် ဘာမှ မစရာ၍ မရအောင်ရှုပ်ထွေးကုန်တော့သည်ကို ဝန်ခံပါသည်။ သို့သော် ဒါက သူလုပ်ရမည့် အလုပ်မဟုတ်လား။ သူ့အမှုကို သူ အခိုင်မာဆုံးဖြစ်အောင် ချိုင့်နေသည့်နေရာကိုဖာ၊ ခိုင်မာရာမှ ထင်ရှားစေပြီး၊ အချုပ်အားဖြင့် သူ့အမှု သူ့ဘက်ကနိုင်အောင်လုပ်ဖို့က သူ့တာဝန်မဟုတ်လား။

ယခုအခါ ဆာမက်သယူးသည် အလယ်က မြက်ခင်းစိမ်းစိမ်း၌ ခိုအုပ်များနားလျက်ရှိသည့် ရာဇဝင်ကျော် ပုဂ္ဂိုလ်ကြီးများ၏ ကျောက်ရုပ်ကြေးရုပ်များဖြင့် တန်ဆာဆင်ထားသော လဲနတ်ပန်းခြံသို့ရောက်ခဲ့ပြီဖြစ်၍ သူ့အားနှောင့်ယှက်လာခဲ့သမျှ စိတ်ညစ်စိတ်နွမ်းများကို မနည်းအားထုတ်၍ လှုပ်ခါချလိုက်ရသည်။ ကလပ်အဆောက်အဦး၏ ခန့်ညားလှသော အဝင်ဝသို့ရောက်လျှင် သူ၏အပေါ်အင်္ကျီနှင့်ဦးထုပ်ကို ချွတ်ပေးခဲ့ပြီး အောက်ဆင့်ဧည့်ခန်း ချောင်ကျကျတစ်နေရာရွေးကာ လက်ဖက်ရည် မှာလိုက်သည်။ ဤအတောအတွင်း သူသည် သူ၏ပတ်ပတ်လည်ကို လှည့်၍ကြည့်လိုက်လေသည်။

ရှိုင်ယယ်၊ ရှားဝုကလပ်သည် အလယ်ပိုင်းဒေသ၏ အထက်တန်းစားမိသားစုများဖြင့်သာ ဖွဲ့စည်းထားသည်ဖြစ်၍ အတော်ပင် လူသန့်သည် အဖွဲ့အစည်းတစ်ခုဖြစ်လေသည်။ ဤကလပ်တွင် စပရောက်ကို

မကြိုက်ကြ။ သူ့အား အသင်းသားအဖြစ် လက်မခံမီ သုံးကြိမ်သုံးခါ မဲဖြင့်အပယ်ခံရပြီးမှ မရအရကျစ်တိုးပြီး ဝင်လာခဲ့ခြင်းဖြစ်သည်။ သူကတော့ ဒါကိုပင် ကျေနပ်၍နေပေသေးသည်။ လူတွေက သူ၏အောင်မြင်မှုကို မနာလိုကြဟု သူ ထင်သည်။ ထို့ကြောင့်ပင် သူ့မှာ လူမုန်းများရာက အောင်နိုင်ခဲ့ခြင်း၊ အတိုက်အခံ အားလုံးကို ချိုးဖျက်ချေမှုန်းနိုင်သည့် အင်အားရှိခြင်းတို့ကို ဝင့်ကြွားလိုခြင်းဖြစ်သည်။ သူ အဝတ်လဲသည့်အခန်းထဲက မှန်ရှေ့တွင် ဝတ်ရုံဆင်ထားသည့် သူ၏အရိပ်ကို ရှုစားရင်း ကျေကျေနပ်နပ်ကြီးပြုံးကာ၊ သူ့အား ရိုသေကျိုးနွံစွာ ဆံပင်တု ခေါင်းစွပ်များ လှမ်းပေးနေသော လူလတ်ပိုင်းအရွယ် အသားညိုညိုစာရေးကြီး ဘား အား သူက "ဟေ့ ဘား၊ ငါဟာ ဝေါ့တလေမြို့တော်မှာ လူမုန်းအများဆုံးပဲ" ဟု ပြောလေ့ရှိသည်။

မည်သို့ပင်ဖြစ်စေ ဤညနေမှာတော့ သူ၏စိတ်နေသဘောထားမှာ ထူးထူးခြားခြား သိမ်မွေ့နေသည်။ ဧည့်ခန်းတွင် ဟိုနားတစ်စု သည်နားတစ်စုရှိနေကြသော အသင်းသားများကို လှည့်ကြည့်ရင်း သူ့အား တစ်ယောက်ယောက် လာ၍စကားပြောလျှင်ကောင်းမည်ဟု အောက်မေ့နေမိသည်။ ယခု ညနေ သူဝင်လာစဉ်က အဝေးမှ ခေါင်းညိတ်ပြရုံ ပြုံးပြရုံနှုတ်ဆက်သူများမှတစ်ပါး သူ့အား နှုတ်ဆက်သူမရှိသေး။ သူနှင့် သမသတ်ထောင့်တွင်ကား လူလေးယောက် ဖဲကစားနေကြသည်။ ယင်းတို့အထဲတွင် သူနှင့် သိရုံမျှသာသိသော သူနှင့်အလုပ်အတူ ဘုရင့်အတိုင်ပင်ခံအဖွဲ့မှ ဥပဒေသမားနိဂယ်ဂရေဟမ် ဆိုသူပါသည်။ သူတို့သည် စပရောက်ရှိရာဘက်သို့ တစ်ချက်နှစ်ချက် လှည့်ကြည့်လိုက်သဖြင့် စပရောက်၏စိတ်ထဲ၌ "သူတို့တတွေ မက်ထရီအမှုအကြောင်း ပြောနေကြမှာပဲ" ဟု ထူးထူးဆန်းဆန်း ထင်လိုက်မိပြန်သည်။ ဒီလိုတော့မဖြစ်ဘူး၊ သူ့စိတ်ကို သူ နိုင်အောင်ထိန်းရမည်။ သို့တိုင်အောင် သူ့စိတ်၌ "ဂရေဟမ်က သူ့အား ဘာကြောင့် မမှတ်မိရပါလိမ့်" ဟု သိချင်နေပြန်သည်။ သူသည် လက်ဖက်ရည်ကို ဖြည်းဖြည်းချင်းသောက်ရင်းက ဂရေဟမ်အား စိုက်ကြည့်နေလိုက်သည်။

စပရောက်က ဂရေဟမ်အား မဟုတ်ကဟုတ်က ယုတ္တိကင်းမဲ့သည့် ယုံကြည်မှုများကို ဖြန့်ဖြူးသူ လူထူးလူဆန်းဟု ထင်မြင်ယူဆသည်။ ဂရေဟမ်သည် တောပိုင်းမှ ဘုရားဝတ်ကျောင်းအုပ်ဘုန်းကြီးတစ်ပါး၏ သားဖြစ်ပြီး ငယ်စဉ်ကပညာချွန်သဖြင့် ပညာသင်ဆုဖြင့် ဝင်ချက်စတာကောလိပ်သို့ သွားခဲ့ရသည်။ ထိုနာမည်ကျော်ကောလိပ်က သူ့နည်းသူ့ဟန်များဖြင့် တံဆိပ်ခပ်နှိပ်ပေးလိုက်ပြီးနောက် သူသည် အောက်စဖို့တက္ကသိုလ်သို့ ရောက်လာသည်။ သူ ဝတ်လုံတော်ရဖြစ်ပြီး တစ်နှစ်တွင် သူ့အဖေသေဆုံးကာ ဝင်ငွေကလေး တစ်နှစ်လျှင် ပေါင်နှစ်ရာခန့် ရရှိသည့်အမွေကို ရလိုက်သည်။ သူ့အဖေအား သင်္ဂြိုလ်ပြီးလျှင်ပြီးခြင်း သူသည် နိုင်ငံခြားသို့ထွက်ခွာသွားကာ နောက်ငါးနှစ်အတွင်း မည်သည့်နေရာတွင်မျှ အတည်တကျမနေဘဲ လျှောက်သွားနေခဲ့သည်။ တစ်ချိန်တွင် သူသည် အဆုပ်ရောဂါဖြစ်၍ တိုင်ရိုကုန်းမြင့်ဒေသသို့လာနေရသော ဩစတြီးယားမှသူငယ်တစ်ယောက်ကို စာပြပေးသည့် ဆရာအလုပ်ကို လုပ်သည်။ ကျန်အချိန်များတွင် ဂရေဟမ်သည် အများအားဖြင့် ကျောပိုးအိတ်တစ်ခုနှင့် ခြေလျင်ခရီးသွားကာ ဆောင်းအခါ ဂျူရာတောင်တန်း၌ခိုနေလိုက်၊ နွေအခါ ဒိုလမိုက်တောင်စခန်းသွားနေလိုက်နှင့် ဥရောပတစ်ခွင် အနှံ့လှည့်လည်ကာ သွားလာနေခဲ့သည်။ သူသည် တောင်ကြိုတောင်ကြား လျှောက်သွားနေရသည်ကို ကြိုက်သည်။ တစ်ရက်တည်းမှာပင် အိဗာဝေါမှ အင်းစဗရက်အထိ ငါးဆယ့်ငါးမိုင် ခရီးပေါက်အောင် လျှောက်ခဲ့ဖူးလေသည်။

ဤသို့ရည်ရွယ်ချက်ရှိပုံမရသော အနေအထိုင်မျိုးကြောင့် သူ၏အပေါင်းအသင်းများက စိုးရိမ်မကင်းဖြစ်ကြရသည်။ သို့သော် နောက်တစ်နှစ်တွင် ဂရေဟမ်သည် စိတ်ရောလူပါ ကျန်းမာသန်စွမ်းသည့်အသွင်အပြင်ဖြင့် မနေ့တစ်နေ့ကမှ ထွက်ခွာသွားခဲ့သူပမာ ဝေါ့တလေသို့ အပူအပင်ကင်းမဲ့စွာ ပြန်ရောက်လာကာ သူ၏မူလ အသက်မွေးဝမ်းကျောင်းဖြစ်သော (ဥပဒေ) အလုပ်ကို ဆက်လုပ်ခဲ့သည် ဟူ၍တော့ ဆိုနိုင်သည်။ သူသည် အရပ်မြင့်မြင့်၊ ပိန်ပါးပါး၊ အသားဖြူဖြူ၊ မျက်နှာပေါက်ချောချောနှင့် နက်မှောင်တည်ကြည်သော မျက်လုံးများရှိ၍ သေသပ်သန့်ရှင်းစွာ နေထိုင်ဝတ်စားတတ်သည်။ ကိုယ်နှုတ် အမူအရာ ယဉ်ကျေးသိမ်မွေ့သည်။ ဣန္ဒြေရရ နေတတ်သည်။ ဤသို့သော ဥပဓိရုပ်နှင့် အနေအထိုင်မျိုးကြောင့် သူ့မှာ လူသိများလာရသည်ဟုလည်း ပြောကြသည်။ သို့သော် သူထင်ရှားလာရခြင်း၏ တကယ့်အကြောင်းအရင်းမှာ

ဤသို့သော အပေါ်ယံအသွင်အပြင်များ၏ နောက်ကွယ်ရှိ မမြင်သာသည့် အရည်အသွေးအဖွဲ့အစည်းများကြောင့်သာ ဖြစ်လေသည်။ သူသည် အလွန်တရာမှ ရိုးသားဖြောင့်မတ်သည်။ သူသည် တရားမျှတသည်မထင်လျှင် ဘာအမှုကိုမှ လက်ခံ၍မလိုက် ဟူ၍ပင် တစေ့တစောင်းပြုံးရင်း တီးတိုးစကားတင်းပင် ဆိုလေ့ရှိကြသည်။

ဤအရည်အချင်းတစ်ခုတည်းနှင့်ပင် စပရောက်လို လူမျိုးက မဲ့မဲ့ရွဲ့ရွဲ့ ကဲ့ရဲ့ရှုတ်ချစရာ ဖြစ်နေသည်။ "အလကားပါ၊ လူတိုင်းလူတိုင်းဟာ သူတော်စင်ချည်းဖြစ်နေရင် ဒီလောကကြီး ဘယ်လိုလုပ်ပြီး လည်ပတ်နေနိုင်မှာတဲ့လဲ" ဟု သူက ဆိုသည်။ ဤသို့ နှိမ့်နှိမ့်ချချပြောလိုက်ရသည်တိုင်အောင် ဂရေဟမ်တွင် ဆာမက်သယူးအား စိတ်အနှောင့်အယှက် ဖြစ်လောက်အောင် ဝေ့လည်လည် ဖြစ်သွားစေသည့် အသိရခက်၍ နက်နဲသော အရည်အသွေးများက ရှိနေလျက်ပင်။

သူ မှတ်မိသမျှ အဖြစ်အပျက်များမှ ပုံစံအဖြစ်ပြရသော် တောအုပ်ကုန်းက သူ့အိမ်တွင် အတော်ကလေး ကျယ်ကျယ်ပြန့်ပြန့်ပေးသည့် ညနေစာစည့်ခံပွဲတစ်ခု၌ ဂရေဟမ် အနုပညာဝါသနာထုံသည်ကို သိထားသည့်အတိုင်း သူပိုင်ပစ္စည်းကလေးများကို ပြစားဝါကြွားရန်စိတ်ကူးလျက် အခြားဧည့်သည်များထံမှ ခွဲထုတ်ခေါ်လာပြီး ပန်းချီကျော် ကွန်စတေဘယ်၏ လက်ရာများကို ပြသခဲ့စဉ်က အဖြစ်ကို သူမှတ်မိနေသည်။ ဂရေဟမ်သည် ယဉ်ကျေးသိမ်မွေ့စွာပင် လိုက်ပါလာခဲ့သော်လည်း သူ၏ အဖိုးတန်လက်ရာပန်းချီကားများကို မြင်ရသောအခါတွင် အတုမို့ စိတ်မဝင်စားဘဲနေသလို တစ်စုံတစ်ရာ စိတ်လှုပ်ရှားမှုမပြဘဲ ရှိသဖြင့် ဆာမက်ယူး အခံရခက်ကာ

"ဘယ်နှယ့်လည်း ကိုယ်လူ၊ မင်းလဲ ဝါသနာအိုးတစ်ယောက်ပဲ။ ဒါမျိုး မလိုချင်မိဘူးလား" ဟု မေးလိုက်သည်။

ဂရေဟမ်က ချို့ရွှင်စွာပြုံးလိုက်သည်။

"ဘာဖြစ်လို့ လိုချင်ရမှာလဲခင်ဗျာ။ ဒီလိုကောင်းတဲ့ ပန်းချီကားမျိုးကို ပန်းခြံတစ်ဖက်က မြို့တော်စည်ပင်သာယာ ပန်းချီပြခန်းမှာ အချိန်မရွေး သွားကြည့်လို့ရနေတာပဲ"

ဆာမက်သယူး မခံမရပ်နိုင်ဖြစ်ကာ "ဟ၊ ဒင့်ဖေလွှားမှ။ ဒါပေမယ့် ပန်းချီပြခန်းကဟာက မင့်အပိုင်မှ မဟုတ်တာဘဲ" ဟု လွှတ်ခနဲ ဆိုလိုက်သည်။

ထိုနောက် သူ့အား ထူးထူးခြားခြားပင် စိတ်မငြိမ်နိုင်အောင် ဂရေဟမ်က ပိုမိုလေးနက်စွာ ပြုံးလိုက်ပြီး "မဟုတ်ဘူးလား ခင်ဗျာ။ အကောင်းဆုံး ပန်းချီကျော်လက်ရာကြီးတွေဟာ ကျွန်တော်တို့အားလုံးပိုင်တဲ့ ပစ္စည်းတွေပဲ မဟုတ်လား" ဟု ဆိုပြန်သည်။

ထိုအဖြစ်အပျက်မှ ကသိကအောက်ဖြစ်ခဲ့ရသော သူ့စိတ်တို့သည် ယခုလည်း ရောထွေးလျက်ပင်ရှိသည်။ ထိုအချိန်မှာပင် ကစားဝိုင်းပြီးသွားသဖြင့် သူ့စိတ်ထဲက တမျိုးတမည် နှိုးဆော်နေသည့်အတိုင်း ဂရေဟမ်အား လက်ပြ၍ ခေါ်လိုက်သည်။

ဂရေဟမ်သည် မသိမသာ ဆုတ်ဆိုင်းဆိုင်းဖြစ်သွားပြီးမှ ဧည့်ခန်းကိုဖြတ်၍ သူ့ထံသို့ လျှောက်လာခဲ့သည်။

"ငါနဲ့ လာစားပါကွ" ဟု စပရောက်က ဟန်ဆောင်ထားမှန်းသိသာသော ဖော်ရွေမှုဖြင့် ဖိတ်ခေါ်ပြီး "ငါတစ်ယောက်ထဲပဲ" ဟု ပြောလိုက်သည်။

ဂရေဟမ်က ယဉ်ကျေးစွာပင် ပြုံးလိုက်ပြီး "ကျွန်တော် စားပြီးနေပြီခင်ဗျ" ဟု ပြောလိုက်သည်။

"ဒါဖြင့်လဲ ခဏထိုင်ပါဦးလေကွယ်။ မင်းနဲ့ငါနဲ့ ကောင်းကောင်းကို မတွေ့ကြရသေးပါဘူး"

ဂရေဟာမ်လည်း မပြုံးချင်ပြုံးချင်နှင့်ပင် ယဉ်ကျေးစွာပြုံးလျက်ကပင် အနီးရှိ ကုလားထိုင်တစ်လုံး၏ လက်တင်ပေါ်တွင် ဝင်၍ထိုင်လိုက်သည်။

အစိုးရရှေ့နေကြီးလည်း ဆာလောင်နေဟန်ဖြင့် စားသောက်ရင်းက "ထိုင်ပါကွ၊ မင်းကလဲ။ ကလပ်မှာ လူတွေ ဘာပြောကြပြောကြ၊ ငါ မကိုက်တတ်ပါဘူးကွ" ဟု ဆိုလိုက်၏။

ဂရေဟာမ်က အနည်းငယ် ရှက်သလိုဖြစ်သွားသော်လည်း ဣန္ဒြေမပျက်စေဘဲ "မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် သိသလောက်တော့" ဟု စကားစလိုက်လျှင်ပင် စပရောက်လည်း သူ ရည်ရွယ်ထားသည်ထက် ပိုမို ကျယ်လောင်စွာ ရယ်ချလိုက်လေသည်။

"ခုနတုန်းက မင်းဟိုလူတွေနဲ့ ငါ့အကြောင်း ပြောနေကြတယ်မဟုတ်လား။ ငါ့လို့လက်ဟောင်းကြီးကိုတော့ လိမ့်လို့မရဘူးနော်"ဟု ဆိုလိုက်ပြီးမှ သူ အနည်းငယ်လွန်သွားသည်ကို သိသော်လည်း သူ့အတွင်းစိတ်က တစ်စုံတစ်ရာက တိုက်တွန်းနေသဖြင့် "ငါ နှစ်ပေါင်းများစွာ လေ့ကျင့်လာခဲ့တဲ့ လူကဲခတ်ပညာဟာ အလကားတော့ မဟုတ်ဘူးကွ" ဟု ဆက်၍ပြောလိုက်သည်။

ထိုနောက် အစိုးရရှေ့နေကြီး လက်ဖက်ရည်သောက်ရန် ပန်းကန်ကိုကောက်ယူလိုက်သဖြင့် စကား ခေတ္တပြတ်သွားသည်။

"ဟေ့၊ ဂရေဟာမ်ရဲ့၊ ငါ့လို အခြေအနေမျိုးကိုရောက်နေတဲ့ လူတစ်ယောက်အဖို့ ဝိုင်းပြီးကဲ့ရဲ့ဖို့ အခါအခွင့်စောင့်နေတဲ့လူတွေ ဒုနဲ့ဒေး ရှိရမှာပဲကွ။ ဂျော့ဘာလီလို တာဝန်မဲ့ အရူးတစ်ယောက်က စ,ပေးလိုက်ဖို့ပဲ လိုတာပဲ။ မဟုတ်ဘူးလား"

ဂရေဟာမ်က ဖြည်းညှင်းစွာပင် "ကျွန်တော်တော့ ကူရီယာသတင်းစာထဲမှာ အတိုဆုံး သတင်းကလေးတပုဒ်ကိုပဲ တွေ့လိုက်ရပါတယ်ခင်ဗျာ" ဟု ဆိုလိုက်ပြီးမှ "ကျွန်တော် ဒါကို ဘယ်လိုမှ ဂရုပြုပြီး မစဉ်းစားမိပါဘူး" ဟု ပြောလိုက်သည်။

"ထင်ပေါ်မှုအတွက် ဒါလောက် အရှက်မရှိမျက်နှာပြောင်တိုက်တာမျိုး မတွေ့ဖူးပါဘူးကွာ။ လွှတ်တော်မှာဆိုတာ ဘာလီ ထမပြောမချင်း ဘာလာမယ်ဆိုတာ ဘယ်သူမှ သိကြတာမဟုတ်ပါဘူး။ နိုင်ငံတော် အတွင်းဝန်ချုပ်ကဆိုရင် စိတ်ဆိုးလွန်းလို့။ အဲဒီညက အန်ကတ်စတာ ဆွေမျိုးစုထဲက တစ်ယောက်က ညှော်ခံပွဲလုပ်လို့ အဲဒီမှာရှိနေတဲ့ ဘာလီရဲ့မိန်းမကတောင် လူတွေထဲမှာပဲ "ဂျော့ဟာ အရူးဆိုတာ ကျွန်မသိပါတယ်။ ဒါပေမယ့် ကိုယ့်တပ် ကိုယ်ပြန်မနင်းမိအောင်တော့ သိတတ်လိမ့်မယ်လို့ အောက်မေ့တာ" လို့ပြောသတဲ့။ ဒါလောက်ရူးတာမျိုး ကြားဖူးရဲ့လားကွာ။ နောက်လာမယ့် ရွေးကောက်ပွဲမှာ သူ့ကို မတင်ကြတော့ဘူးလို့လဲ ကြားတယ်"

ခေတ္တမျှ ငြိမ်သက်နေပြီး ဂရေဟာမ်သည် မျက်လွှာကို ချထားသည်။ အတန်ကြာမှ သူက "စေတနာကတော့ မှန်ပါလိမ့်မယ် ထင်ပါတယ်။ ဘယ်လိုမဆို ခင်ဗျာ၊ အရူးဖြစ်ရတာ မရိုးဖြောင့်တဲ့လူ ဖြစ်ရတာနဲ့စာရင် တော်သေးတာပဲလို့ မထင်မိဘူးလားခင်ဗျာ" ဟု ဆိုကာ နာရီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး "ကျွန်တော့်ကို ခွင့်ပြုပါ။ ကျွန်တော် သွားစရာရှိလို့ပါ" ဟု ပြောရင်း ယဉ်ကျေးစွာပင် ထိုင်ရာမှ ထခဲ့လေ၏။

စပရောက်လည်း မျက်နှာ ညိုပုပ်လျက် လက်ဖက်ရည်တစ်ခွက် ထပ်ငှဲ့ရင်း ကျန်ရစ်လေ၏။ လက်ဖက်ရည်က သူ့ပါးစပ်တွင် ခါးနေပြန်သည်။ ဂရေဟာမ်နှင့် တွေ့လိုက်ရသည့်အတွက် သူ့မှာ ဘာမှ စိတ်ကျေနပ်မှုမရလိုက်ရုံမက ဂရေဟာမ်က ရုတ်တရက် ထသွားပြန်တော့ သူ့မှာ မထီမဲ့မြင် အလုပ်ပါခံလိုက်ရသကဲ့သို့ ရှိသည်။ ဤတွင် သူ့မျက်နှာတင်းမာလာကာ တစ်ကိုယ်လုံး ဒေါသလှိုင်းများ

တရိပ်ရိပ်တက်၍ ဖုံးလွှမ်းသွားသည်။ အို၊ သူ့အရင်က ဒီထက်မက အခက်အခဲတွေ ကျော်လွှားခဲ့ပြီ မဟုတ်လား။ ဒီထက်ဆိုးဝါးတဲ့ မုန်းတီးမှုမျိုးကို လွန်မြောက်ခဲ့ပြီ မဟုတ်လား။

အလိုအလျောက်ပင် သူ၏အောင်မြင်မှုများကို တွေးလိုက်မိပြီး ရင်ကိုကော့ကာ အောက်နှုတ်ခမ်းကို အပြင်သို့ထုတ်လိုက်သည်နှင့် သူ့မှာ တရားခွင်က ဟန်ပန်အမူအရာများ ပြန်ရောက်လာသည်။ မကြာခင်က သူ အခိုက်အတန့်အားဖြင့် စိတ်ငယ်ခဲ့မိသည်ကို နောင်တရမိ၏။ သူ့မှာ သတ္တိ မရှိတော့ဘူးလား။ ပါလီမန်သို့ ဝင်ရခါနီးမှ၊ ကြီးကျယ်ခမ်းနားသည့် အောင်မြင်မှုကြီးကို ဆုပ်မိဖို့ လက်တစ်လှမ်းသို့ ရောက်ခါမှ လျှော့လိုက်တော့မည်လား။ သူကတော့ ဘယ်တော့မှ မလျှော့။ မလျှော့ရေးချ မလျှော့။

တင်းမာသောစိတ်ဖြင့် သူ ထိုင်ရာမှ ထ၍ ကလပ်မှ ထွက်ခဲ့သည်။ သူ့အား တံခါးဝသို့ လိုက်ပို့သော ကလပ်လုလင်တစ်ယောက်က ရာသီဥတုကောင်းကြောင်း စကားကောင်းပြော၍ နှုတ်ဆက်သည်။ စပရောက်က ခပ်ကြောင်ကြောင်ပင် ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။ ထိုနောက် တက္ကဆီတစ်စီးထဲသို့ ဝင်ထိုင်ကာ "တောအုပ်ကုန်းကို မောင်း" ဟု တိုတိုတောင်းတောင်း အမိန့်ပေးလိုက်လေ၏။

သူ့အိမ်သို့ရောက်၍ သူ့ဘာသာ တံခါးဖွင့်ဝင်ခဲ့သည်တွင် သူ့ဇနီးက သူ့ထံသို့လာနေသည်ကို တွေ့ရသောကြောင့် အံ့အားသင့်သွား၏။ သူ့ဇနီးက သူ့အား အနမ်းဖြင့် ဆီးကြိုနှုတ်ဆက်ကာ အပေါ်အင်္ကျီကို ချွတ်ပေးသည်။

"မောင်ရေ၊ စာကြည့်ခန်းထဲမှာ မောင့်ကိုတွေ့ဖို့ လူငယ်ကလေးတယောက် စောင့်နေတယ်၊ သူ့ခမြာ စောင့်နေတာ အတော်တောင် ကြာရှာပြီလေ။ ညစာမစားခင်ဘဲ သွားတွေ့လိုက်ပါလား မောင်ရယ်"

သူမျက်ခုံးများကို ပင့်လိုက်မိသည်။ သူ့အိမ်ထဲသို့ လူစိမ်းသူစိမ်း ဝင်ခွင့်ပြုထားခြင်းမှာ သူ့အမိန့်နှင့် ဆန့်ကျင်ဖီလာကျနေပါလားဟု သူ ဆိုလိုက်တော့မည်ဟု ပါးစပ်ဖျားသို့ရောက်မှ သူ ချစ်မြတ်နိုးရသည့်ဇနီးဖြစ်နေ၍ ဘာမှမပြောတော့ဘဲ ခေါင်းတစ်ချက်ညိတ်ပြကာ စာကြည့်ခန်းဘက်သို့ လျှောက်လာခဲ့လေ၏။

*

## အခန်း – ၂၈

စာကြည့်ခန်းကား အလွန်လှပသော အခန်းကလေးဖြစ်ပေသည်။ အထဲတွင် နို့နှစ်ရောင် ကော်ဇောအထူ ခင်းထားသည်။ နံရံတွင် စာအုပ်များစွာနှင့် သစ်ထွင်းပန်းချီများရှိသည်။ ပေါလ်သည် ဤစာကြည့်ခန်းအတွင်း၌ ကျောက်ရုပ်ပမာ မလှုပ်မရှားထိုင်၍ စောင့်နေခဲ့သည်မှာ ဆယ်မိနစ်ခန့်ရှိပြီဖြစ်သည်။ မီးခိုရောင်နအဝတ်အစားများနှင့် အသက်လေးဆယ်ခန့်ရှိ အစိုးရရှေ့နေကြီး၏ ဇနီးကိုယ်တိုင် သူ့အား ဝင်ခွင့်ပြုထားသည်။ အမျိုးသမီးကြီးက ပေါလ်အား သူ့ယောက်ျား၏ရုံးမှ လူတစ်ယောက်ဟု ထင်ဟန်တူပေသည်။

အမျိုးသမီးကြီးက ပေါလ်အား "ဆာမက်သရူးအတွက် နောက်ထပ် အလုပ်လုပ်စရာကိစ္စတော့ မဟုတ်ပါဘူး ထင်ပါရဲ့နော်" ဟု ငြိမ်သက်သောအပြုံးဖြင့်မေးခဲ့သည်။

ထို့နောက် ပေါလ်အား ရှယ်ရီနှင့် ဘီစကစ်သောက်မလားဟု မေးသည်။ ပေါလ်က မသောက်ချင်ကြောင်း ပြောလိုက်တော့ သူက တစ်ခါပြုံးလိုက်ပြန်ပြီး ထွက်သွားသည်။

အခန်းထဲတွင်ကား တိတ်ဆိတ်ငြိမ်သက်လှ၏။ အပေါ်ထပ်မှ တစ်စုံတစ်ယောက်က စန္ဒယားတီးလေ့ကျင့်ခန်းများ စလိုက်သည်။ ရှိုပန်၏ အဖွင့်တီးလုံး အမှတ်၇ကို အမှားမှားအယွင်းယွင်းနှင့် ဖြည်းဖြည်းချင်းစမ်း၍ တီးနေသည်။ တီးနေသူမှာ ကလေးတစ်ယောက်ဖြစ်ပြီး စကားပြောသံ၊ ရယ်မောသံများကိုလည်း ကြားနေရ၏။ ဤစန္ဒယားသံသည် ပေါလ်၏နားထဲသို့ အညာအတာကင်းမဲ့စွာ ဆောင့်၍ဝင်လာသည်။ သူ့စိတ်ထဲတွင် ဤမျှ လှပခန်းနားသော အိမ်ကြီးတွင် ချစ်စဖွယ် ဇနီးချောအပြင် ရယ်ရွှင်တတ်သော သမီးများနှင့် နေသူကိုလည်း တွေးမိသည်။ စိုထိုင်းကြမ်းတမ်းသော ကျောက်တိုက် အခန်းကျဉ်းကလေးထဲက အခြားလူတစ်ယောက်ကိုလည်း တွေးမိသည်။ သူ ကြာရှည် သည်းမခံနိုင်တော့။ ထိုအချိန်မှာပင် အပြင်ဘက်က ကားသံ ကြားလိုက်ရသည်။ စပရောက်ပဲဟု သူ သိသည်။ သူသည် ကိုယ်ကို မတ်သည်ထက်မတ်အောင် ပြန်ထိုင်လိုက်သည်။ ဝင်လာလျှင် အဆင်သင့်။ အိမ်ရှေ့တံခါး ပွင့်လာသည့်အသံ၊ အဝင်ခန်းဆီက စကားပြောသံများ။ နောက်တစ်မိနစ်အကြာတွင် စာကြည့်ခန်းတံခါးပွင့်လာသည်။

ဆာမက်သယူး ဝင်လာတော့ ပေါလ်လည်း မလှုပ်မယှက် ငြိမ်သက်စွာပင် ထိုင်နေလိုက်သည်။ ဆာမက်သယူးအား သူ စိုက်ကြည့်နေလိုက်သော်လည်း စကားတော့ မပြော။ တစ်ခဏမျှ လုံးဝ တိတ်ဆိတ်နေသည်။ ထို့နောက် စပရောက်က ရပ်လိုက်၏။

"ဘာအကြောင်းနဲ့ အခုလို ကျူးကျော်လာရတာလဲ" ဟု မေးလိုက်သည်။ သူ အလွန်စိတ်ဆိုးလျက်ရှိ၏။ တစ်ချိန်တည်းမှာပင် သူ၏မျက်လုံးများက အခြားတစ်စုံတစ်ခုကို ဖော်ပြလျက်ရှိကြသည်။ သူ့အား ဆာမက်သယူး သိသည်ကို ပေါလ် ချက်ချင်းပြောနိုင်သည်။ "မင်းမှာ ဒီကိုလာဖို့ အခွင့်အရေးမရှိဘူး၊ ဒါဟာ ငါ့ ကိုယ်ပိုင်အိမ်"

ဤသို့ပြောလိုက်တော့ ပေါလ်က အားလုံးသိပြီ။ အပေါ်ယံက ရွှေမှုန်ကြဲထားသော်လည်း အထဲက အက်ကြောင်းကို မြင်ရသည်။ သူ့စိတ်ထဲမှာတော့ ဤပုဂ္ဂိုလ်ကြီးတွင် သေဒဏ်ချဖို့ အခွင့်အရေးမရှိဟု တွေးနေသည်။ သူ၏ ဦးနှောက်သည် ရုတ်တရက်ကြည်လင်လာသည်။ "ကိစ္စတစ်ခုက စောင့်ရတာ ကြာလာတော့လဲ အပူတပြင်းဖြစ်လာရတော့တာပေါ့ ခင်ဗျာ" ဟု ပြောလိုက်၏။

ဆာမက်သယူး နဖူးကြောကြီးများထောင်လာသည်။ သူသည် ပေါလ်ထံသို့ ချည်းကပ်လာရန် အားမထုတ်ဘဲ တံခါးနားတွင် ရပ်နေလိုက်သည်။ ထို့နောက် သူ၏ ဣန္ဒြေသိက္ခာရှိသမျှကို ဆည်လိုက်ပြီး စကားကို အချိုးကျကျ ပြောတော့မည်ဟု ဟန်ပြင်လိုက်၏။

"လွန်ခဲ့တဲ့ လအတော်ကြာက မင်း ဒီမြို့ကိုရောက်လာပြီး ဘာတွေလျှောက်လုပ်ခဲ့တယ် ဆိုတာကို ငါသိထားပါတယ်။ ဒါကို ဖုံးကွယ်မထားပါဘူး။ မင်းဟာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်တုန်းက စီရင်ခဲ့တဲ့ အမှုတစ်ခုကို ပြန်ဆွပြီး ဒုက္ခပေးဖို့အတွက် အားထုတ်နေတဲ့လူ၊ တသက်တကျွန်းကျ အကျဉ်းသမားတစ်ယောက်ရဲ့သား"

ပေါလ်က "အဲဒီအမှုမှာ သံသယဖြစ်စရာတွေ ရှိနေပါတယ် ခင်ဗျာ၊ ကြားနာသင့်တဲ့ အထောက်အထားအသစ်တွေ ရှိနေပါတယ်" ဟု ပြောလိုက်သည်။

ထိုခဏတွင် ဆာမက်သယူး ဒေါသကို မထိန်းနိုင်ဘဲ ဖြစ်သွားကာ ပေါလ်အား မသင်္ကာစိတ်များကိုပါ ဖုံးလွှမ်းသွားခဲ့ဟန်တူ၏။

"မရူးစမ်းပါနဲ့ကွာ၊ ဆယ့်ငါးနှစ်တောင် ကြာနေမှတော့ ဥပဒေအရ ဘာမှမဖြစ်နိုင်တော့ပါဘူး၊ မဖွယ်မရာ မင်းဝင်ရှုပ်ပြီး အတွင်းဝန်ချုပ်ဆီ အမှုပြန်ဖွင့်ပေးဖို့ အသနားခံစာတင်တော့ အတွင်းဝန်ချုပ်က ငြင်းဆန်လိုက်ပြီပဲ" ဟု ပြောလိုက်သည်။

“ဒါပေမယ့် ခင်ဗျားကတော့ ငြင်းဖို့ မလိုပါဘူးလေ။ ခင်ဗျားက တရားစွဲတဲ့လူ ရှေ့နေပဲ။ ခင်ဗျားရဲ့ အဓိကတာဝန်က တရားလမ်းကြောင်း ဖြောင့်မှန်အောင် စီရင်တာကို ကြီးကြပ်ဖို့ပဲ။ ကျွန်တော့်အဖေမှာ အပြစ်မရှိဘူးဆိုတာ ခင်ဗျားကိုယ်တိုင်က ယုံကြည်တယ်ဆိုရင် ခင်ဗျားကိုယ်တိုင်ပဲ ဒါကို အရေးယူပေးရမှာပါပဲ”

စပရောက်က “ဒါပေမယ့် ငါကမှ မယုံကြည်တာဘဲကွ” ဟု ဒေါသဖြင့် ပြန်ပြောသည်။

“ကျွန်တော် ပြောပြတာကို နားထောင်ပြီးရင် ယုံကြည်လာပါလိမ့်မယ် ခင်ဗျာ။ ခင်ဗျားလုပ်နိုင်တာ တစ်ခုကတော့ အသစ်တွေ့ရှိတဲ့ အထောက်အထားကို ခင်ဗျားအနေနဲ့ တရားဝင် ကြားနာဖို့ပါပဲ”

စပရောက်မှာ ဒေါသဖြစ်လွန်း၍ စကားပင် မပြောနိုင်အောင်ရှိသည်။ သူ၏မျက်နှာမှာ နီရဲနေသည်။ သို့သော် သူ့ကိုယ်သူ မနည်းကြိုးစား၍ ထိန်းလိုက်ရ၏။ အနည်းဆုံး ဒေါသအရိပ်အယောင်များတော့ ငြိမ်သက်သွားကာ သူ ခပ်အေးအေးပင် စကားပြောသည်။

“မင့်ကို ထွက်သွားပါတော့လို့ပဲ ပြောရလိမ့်မယ်။ မင်းဘာကို တောင်းဆိုနေတယ်ဆိုတာကို မင်းမသိဘူး။ ဥပဒေဆိုင်ရာ အခက်အခဲတွေရှိနေတယ်။ ဥပဒေ စက်ယန္တရားမှာ ချွတ်ယွင်းနေတယ်ထင်တာနဲ့ အဆောက်အဦကြီးတခုလုံးကို အဖြိုခိုင်းနေတဲ့ ကလေးမိုက်လိုဖြစ်နေတယ်”

“အုတ်မြစ်ချတာ နေရာမကျရင် အဆောက်အဦကြီး လဲပြိုကျလိမ့်မယ်”

ဆာမက်သယူးက ဘာမှ ပြန်မပြောလိုချေ။ သူ၏မျက်နှာမှာ မုန်းတီးစိတ်တို့ဖြင့် ခက်ထန်တင်းမာလျက်ရှိသည်။ သို့ရာတွင် သူ့ဦးခေါင်းကို ရှေ့သို့ယိမ်း၍ ပေါလ်အား တစေ့တစောင်း အကဲခတ်သလို ကြည့်လိုက်သည့်အခါတွင် သူ၏မျက်နှာမှာ သံသယအရိပ်အရောင်များ ရှိနေသည်ကို ပေါလ်မြင်ရသည်။ အပေါ်ယံရွှေမှုန်ကြဲထားသည့် အကွဲအအက်ကို မြင်ရပြန်သည်။ ထိုအခါတွင်မှ ပေါလ်လည်း ‘ဤအစိုးရရှေ့နေကြီးသည် အကွဲအအက်ကို ဖုံးထားရန်အတွက် အသက်နှင့်လဲ၍သာ ကာကွယ်မည်။ အမှုကိုတော့ ဘယ်နည်းနှင့်မျှ ပြန်ဖွင့်ဖို့ လုပ်မပေးနိုင်” ဆိုသည်ကို သိသွားသည်။ သို့တိုင်အောင်လည်း သူ့အား နောက်ဆုံးအခွင့်အရေး အနေနှင့်တော့ပေးရဦးမည်။

“အကျဉ်းသမားတစ်ယောက်ဟာ တသက်တကျွန်းအပြစ်ဒဏ်ကို ဆယ့်ငါးနှစ်လုံးလုံး ခံပြီးရင် သနားဂရုဏာသက်ပြီး သူ့အတွက် ခွင့်လွှတ်ပေးတဲ့ ထုံးစံရှိတယ်မဟုတ်လား ခင်ဗျာ”

ဆာမက်သယူးလည်း သူ၏နီရောင်သမ်းနေသော စူးစူးရှရှမျက်လုံးများဖြင့် ပေါလ်အား တစောင်းကြည့်ရင်းကပင် “ဒါကို အတွင်းဝန်ချုပ်က အတည့်အလင်းပြောပြီးပြီပဲ” ဟု တိုဆတ်ဆတ်ပြောလိုက်၏။

ပေါလ်က ညှစ်ထုတ်ရသော အသံဖြင့် “ဒါပေမယ့် ခင်ဗျားက ဘာမှ မပြောသေးတာဘဲ” ဟု အတွင်ပြောနေသည်။ “ခင်ဗျားလို လူတစ်ယောက်က သက်ဆိုင်ရာကို ပြောတယ်ဆိုရင် ဒီစကားဟာ အများကြီးထိရောက်ပါလိမ့်မယ်”

အစိုးရရှေ့နေကြီးသည် ယတိပြတ် သူ၏ဦးခေါင်းကို ယမ်းလိုက်သည်။ သူ့အနေနှင့် ဘာမှ တာဝန်မယူနိုင်။ သူနှင့် ဘာမှမဆိုင်ဟု ခပ်ရိုင်းရိုင်းပင် ငြင်းဆိုလိုက်သည်။ ထိုနောက် သူ၏လက်ကို နောက်သို့လှမ်းကာ တံခါးကို ဖွင့်လိုက်သည်။

“ကဲ၊ မင်းထွက်သွားမလား” ဟု တင်းမာသော မျက်နှာထားဖြင့် မေးကာ “ဆွဲထုတ်ခိုင်းရမလား” ဟု ဆက်၍ဆိုလိုက်သည်။

ဤတွင် ‘ဘာလုပ်လုပ် အလကားပဲ၊ မရတော့ဘူး’ ဆိုသည်ကို ပေါလ် သိလိုက်သည်။ ဤပုဂ္ဂိုလ်ကြီးအနေဖြင့်တော့ ဘာတစ်ခုမှ ဆောင်ရွက်ပေးတော့မည်မဟုတ်။ သူ၏ ရာထူးရာခံ မာနအဆောက်အအုံအတွင်း၌ သူ့အဖို့ သူ့ဂုဏ်၊ သူ့သိက္ခာ၊ သူ့ရာထူးနှင့် သူ့ရှေ့ရေးတို့မှလွဲ၍ ဘာတစ်ခုမှ အရေးမကြီး။ ဘာပဲ လုပ်ရလုပ်ရ သူ ဒါတွေကို ထိန်းသိမ်းရမည်။

ဤသို့တွေးလိုက်မိတော့ ထိန်းချုပ်၍ရနိုင်ဖွယ်မရှိသော ဒေါသသည် ပေါလ်အား လွှမ်းမိုးလိုက်၏။ ဤဒေါသတွင် သောကနှောက်လျက် သူ၏တစ်ကိုယ်လုံး အဖျားသွေးတက်သလို တက်လာခဲ့သည်။ ကာဆယ်ပြောတာ မှန်ပေသည်။ သူ့အဖေ။ ပြီးတော့ ဆွမ်း။ ယခု သူ။ အနှောက်အယှက် အတားအဆီးမှန်သမျှ ဤပုဂ္ဂိုလ်ကြီး၏ မပြေငြိမ်းနိုင်သော မာနတံခွန်အောက်တွင် လွင့်ပျောက်ကြေပျက်သွားရမည်သာ ဖြစ်သည်။ တစ်ခုပဲ လုပ်ဖို့ရှိတော့သည်။ ပေါလ်သည် ထိုင်ရာမှ ထလိုက်သည်။ သူ၏အရိုးအဆစ်များ တောင့်တင်းကာ လက်ခြေတို့မှာ သူလှုပ်ရှားရာ မပါသလိုဖြစ်နေသည်။ သူသည် တံခါးနားတွင်ရပ်နေသော တုတ်တုတ်ခိုင်ခိုင်သဏ္ဌာန်ဆီသို့ လျှောက်၍လာခဲ့သည်။

“ကဲ နောက်ဆုံးအနေနဲ့” ဟု သူက ပြောလိုက်သည်။ သူ့အသံမှာ သဲ့သဲ့မျှသာရှိတော့၏။ သူ့မှာ အသက်ပင်မှန်အောင် မရှူနိုင်သကဲ့သို့ ရှိ၏။

“မလုပ်နိုင်ဘူး”

ပေါလ်၏လက်သည် သူ၏အကျႌအိတ်ထဲတွင်ရှိနေသည်။ သူ့စကားပြောနေသည့် တစ်ချိန်လုံးတွင် သူ၏လက်သည် သေနတ်ကို ဆုပ်ကိုင်လျက်ရှိနေခဲ့သည်။ ယခုအခါ သေနတ်ကလေးမှာ အေးစက်မနေတော့။ သူ၏လက်ငွေ့ဖြင့် ပူနွေး၍နေပြီ။ သူ့ခန္ဓာကိုယ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်နေပြီ။ သူ၏လက်ညှိုးကို ခလုပ်ပေါ်တွင်တင်လျက် ခပ်ဆဆဆုပ်ကြည့်လိုက်သောအခါ ခလုပ်ကလေး၏ တွန်းကန်အားကိုတွေ့နေရသည်။ သေနတ်ကို သူ့အိတ်ထောင်ထဲက ထုတ်နေစရာပင်မလို။ ဟိတ်ဟန်ကောင်းသလောက် အနှစ်မရှိသော အစိုးရရှေ့နေကြီး၏ဘက်သို့ ပြောင်းဝကို လှည့်ထားပြီးဖြစ်သည်။ စပရောက်သည် ဘာကိုမှ မရိပ်မိ။ သူကတော့ သူ့ဂုဏ်သိက္ခာကို ထိပါးလာရမည်လားဟု ခန့်ညားထည်ဝါသော အသွင်ဖြင့် ဒေါသရိပ်ဆင်လျက် ပေါလ်အား မကြည့်ဘဲ ရပ်နေသည်။ ယခုအခါ ပေါလ်သည် သူ့နှင့်ရင်ဘောင်တန်းသို့ရောက်လာပြီ။ နှစ်ပေမျှပင် မဝေးတော့။ ပေါလ်သည် အစားကောင်းစား၍ ဝနေသည့် စပရောက်၏ဝမ်းဗိုက်ပူပူကြီးကို မြင်ရသည်။ သေနတ်ကို ထိုနေရာသို့ အနီးကပ်ချိန်ထားလိုက်ပြီ။ သူ့မှာ နည်းနည်းကလေးမျှ ကြောက်စိတ်မရှိ။ မျက်စိကို စုံမှိတ်၍ ကိုယ်ကို တင်းထားလိုက်သည်။ စိတ်ထဲကလည်း အလိုလို ပျော်ရွှင်လာသည်နှင့် သွေးသားတောင့်တမှုတစ်ခုခုကို အာသာငန်းငန်းဖြင့် တမ်းတမိသလို သူ၏နှုတ်ခမ်းများကို အနည်းငယ် ဟလိုက်သည်။

ထိုနောက်ရုတ်တရက်ဆိုသလိုပင် သူ၏တစ်ကိုယ်လုံး သိမ့်သိမ့်ခါသွားလောက်အောင်ပင် နာကျင်လျက် အသက်ဝင်လှုပ်ရှားလာသလို သတိတရားကို ထားလိုက်မိသည်။ ‘အလိုလေး၊ မြတ်စွာဘုရား၊ မှားတော့မလို့ပါလား’ ဟူသော သတိအလင်းရောင်ကလေးသည် သူ၏ဦးနှောက်ထဲသို့ လျှပ်ပြက်သလို ဝင်လာသည်။ သူ့အား လူသတ်သမားဖြစ်အောင် လုပ်ကြဦးမည်လား။ ဘုရား၊ ဘုရား။ သေနတ်ကို တင်းနေအောင်ဆုပ်ထားသည့် သူ၏လက်ချောင်းများကို သူ လျှော့ချလိုက်သည်။ သူသည် ပြေးလာသူပမာ မောဟိုက်နေ၏။ စကားပြောလို့မသွက်။ သို့သော် သူ့အား ရန်သတ္တုပြုလိုသည် အကြည့်နှင့်မျက်လုံးများကို ပြန်လည်ကြည့်ရင်း သူ့နှုတ်ခမ်းမှာ ခပ်ယဲ့ယဲ့အပြုံးကလေးပွင့်လာသည်။ သူ၏မျက်နှာမှာ ထူးထူးခြားခြား အရောင်တစ်မျိုးဖြင့် လင်းလာသည်။ စပရောက်က သူ့အား စိုက်ကြည့်နေစဉ်မှာပင် သူသည် စပရောက်အားဖြတ်၍လျှောက်ကာ အိမ်အပြင်ဘက်သို့ ထွက်ခဲ့လေသည်။

ကြယ်စုံလင်းသည့် ကောင်းကင်မှောင်မှောင်ကြီး၏အောက်ရှိ အအေးဓာတ်ထဲတွင် သူ၏မျက်လုံးများမှ မျက်ရည်များ ဒလဟောစီးကျ၍ လာလေသည်။ သူသည် အထစ်ထစ်အငေါ့ငေါ့နှင့်ပင် အောင်နိုင်သူ၏လေသံဖြင့် သူ့ကိုယ်သူ တီးတိုးပြော၍လာခဲ့သည်။

"မလုပ်မိပေလို့သာပေါ့။ အို ဘုရားသခင်ဂုဏ်ကျေးဇူးတော်ကြောင့် မလုပ်လိုက်မိပေလို့သာပေါ့"

* * *

# အပိုင်း ၂

## အခန်း – ၁

လွန်ခဲ့သည့် သုံးပတ်က ပေါလ်အား ဘိုနန်ဇာမန်နေဂျာက အလုပ်ဖြုတ်လိုက်စဉ်တွင် လီနာသည် ထိုအဖြစ်အပျက်ကို စိတ်မချမ်းသာစွာ စောင့်ကြည့်နေခဲ့သည်။ ထိုစိတ်မချမ်းသာမှုသည် ထိုနေ့ညနေက ပေါလ်၏အခန်းသို့ သူသွား၍ ပရပ်စတီလာသည့်အကြောင်း သတင်းပေးလိုက်ရသဖြင့် အတော်အတန်သက်သာရာရသွားသည်။ သူနှင့်စကားပြောခဲ့ရသည်။ သူ အားတက်ဖွယ် သတင်းစကားကို ပေးပို့ခဲ့ရပြီ။ တစ်နည်းတစ်လမ်းအားဖြင့် သူ တတ်နိုင်သလို ကူညီလိုက်ရပြီဟုလည်း ယုံကြည့်ထားလိုက်ရ၏။ သို့ရာတွင် ရက်များ တရွေ့ရွေ့ကုန်လာခဲ့ပြီ။ နောက်ထပ် ပေါလ်အားလည်း မတွေ့ရသောအခါ သူ့ဘဝမှာ ပျင်းရိငြီးငွေ့ခြောက်သွေ့၍လာခဲ့သည်။ ထိုသီတင်းပတ်အကုန်တွင် ဟဲရစ်က နောက်ထပ် စန္ဒယားတီးသူအမျိုးသမီးတစ်ယောက်ကို ငှားလိုက်သည်။ ဆိုင်ထဲတွင် စန္ဒယားလက်သံအသစ်တစ်မျိုးပေါ်လာသည်။ သို့သော် အကြောင်းကား မထူးလှ။ လက်သံကောင်းသော်လည်း အရင်ကလက်သံမျိုးနှင့်တော့ မတူနိုင်။ လီနာ၏ရင်ထဲက လေးလံမှုကိုတော့ မပေ့ါပါးစေနိုင်။ သူ့ဘဝတစ်ခုလုံးကို ချေမှုန်းဖျက်ဆီးခဲ့သည့်အဖြစ်နှင့် ကြုံရစဉ်က ညှိုးချုံးခဲ့ရပြီး ထိုမှနောက်တွင် မေ့ပျောက်၍ထားခဲ့ပြီးဖြစ်သော ညှိုးလျော်အားငယ်စိတ်မျိုးပင် ပြန်ဝင်လာချင်သလို ဖြစ်ရလေသည်။

လွန်ခဲ့သည့်နှစ်နှစ်ဆီက သူသည် ကောင်တီအမ်းဟိုတယ်၌ အလုပ်လုပ်ခဲ့ရသည်ကို အလွန်ပျော်သည်ဟု ပေါလ်အားပြောခဲ့ခြင်းမှာ မှန်သောစကားကို ဆိုခဲ့ခြင်းသာဖြစ်ပေသည်။ ရှေးဟောင်းကျောင်းအိုပျက်ကြီးကြောင့် ထင်ရှားခဲ့သော အက်စဗာရီမြို့ကလေးကား အက်လီဇဗက်ခေတ် အဖြူအမည်းအဆောက်အဦးများ၊ ဇရာမသချိုင်းဟောင်းများဖြင့် ထရန့်မြစ်၏ အလုပဆုံးနေရာတွင် တည်ထားသည့် ချစ်စရာနွေရာသီစခန်းမြို့ ဖြစ်ပေသည်။ လီနာအလုပ်လုပ်ခဲ့သည့်ဟိုတယ်မှာ ပရင်းတစ်အမည်ရှိ အငြိမ်းစားစစ်ဗိုလ်တစ်ယောက်နှင့် သူ့ဇနီးတို့က တည်ထောင်ဖွင့်လှစ်ထားသည့် အထက်တန်းစားဟိုတယ်တစ်ခုဖြစ်ပြီး အများအားဖြင့် တောင်ပိုင်းမှ အပျော်တမ်းငါးမျှားလာကြသူများ၊ နယ်လှည့်ခရီးသည်များသာ အတည်းအခိုများခဲ့သည်။ နေရာရော အလုပ်ပါ လီနာ့အဖို့ များစွာအဆင်ပြေသည်။ တိုးလမ်းတက်လမ်းလည်း ကောင်းသည်။ သူနှင့် အလုပ်လုပ်ဖက်များကလည်း သူ့အား ခင်မင်ကြသည်ဟု သူထင်သည်။

စနေတစ်ပတ်ခြား သူ နေ့တစ်ဝက် ရက်အားရသည်။ ထိုရက်အားဆိုလျှင် ရထားစီး၍ ဝေ့ါတလေသို့သွားကာ သူ့လိုတောပိုင်းမှာ ကြီးပြင်းလာခဲ့ရသူလေးတစ်ယောက်အဖို့ အရာရာအသစ်အဆန်း ဖြစ်နေသော ပစ္စည်းမျိုးစုံပြသထားသည့် ကုန်စုံဆိုင်ကြီးများ၌ လှည့်ပတ်ကြည့်ရှုရင်း ညနေပိုင်းတစ်ချိန်လုံး ကုန်လွန်ရသည်ကို သူ ပျော်ရွှင်ခဲ့သည်။ ညနေငါးနာရီတွင် လဲနတ်ပန်းခြံနှင့် ခပ်လှမ်းလှမ်းတစ်နေရာတွင်

သူတွေ့ခဲ့သည့် ဂရင်းလင်တန်အမည်ရှိ သန့်သန့်ပြန့်ပြန့် လက်ဖက်ရည်ဆိုင်ကလေးတွင် တစ်ယောက်တည်း လက်ဖက်ရည်သောက်သည်။ ထိုနောက် ကြည်လင်ရွှင်လန်းစွာပင် သူဝယ်ခြမ်းလာသော အထုပ်အပိုးကလေးများနှင့် ညနေခြောက်နာရီ ရထားစီးကာ အက်စဗာရီသို့ ပြန်ခဲ့တတ်သည်။ အက်စဗာရီ မီးရထားဘူတာနှင့်

ရောက်ခဲ့ပြီဟု သူသိလိုက်၏။ ဤနေရာမှ ထွက်ခွာသွားလိုသည့် အခြားအကြောင်းတစ်ခုကလည်း သူ့မှာရှိနေသည်။ မည်သူ့အားမျှ ပြောမပြဘဲ တစ်ကိုယ်တည်း ကျိတ်၍ခံရသော ထိတ်လန့်ဘွယ်ဝဋ်ဒုက္ခကား သူ့မှာကိုယ်ဝန်ရှိနေခြင်းပင်တည်း။

ထိုအချိန်လောက်မှာပင် ဟိုတယ်သို့ရောက်ရှိနေသည့် ဧည့်သည်များတွင် ဒန်းဆိုသည့် ပုဂ္ဂိုလ်တစ်ယောက်ရှိ၏။ သူကား ဆောင်းဦးပေါက်တွင် မြစ်ဖျားသို့ တက်လေ့ရှိသည်ဆိုသော ငါးသလောက်များကို အပျော်တမ်းမျှားရန်အတွက် ဤအချိန် အက်စဗာရီသို့ နှစ်စဉ်ရောက်ရောက်လာတတ်သူ နှုတ်ခပ်နည်းနည်း၊ အရုပ်ခပ်ဆိုးဆိုး လူတစ်ယောက်ဖြစ်သည်။ ဒန်းသည် ပညာမျိုးစုံလိုက်စားရာတွင် လူ့သဘာဝလေ့လာမှုလည်း ဝါသနာပါသူဖြစ်လေရာ ငါးမျှားခြင်းတွင် ဖြစ်ဖြစ်ထွန်းထွန်းမရှိခဲ့ဘဲ အားလပ်နေသည့် အချိန်များတွင် လီနာအား လေ့လာလေသည်။

သူကတော့ သူ ဘယ်သူ့ကိုမှ အထင်မကြီးပါဟု ကြွားဝါပြောလေ့ရှိသော်လည်း စိတ်ညစ်ကျုနာကျည်းဖွယ်ရာ ဒုက္ခများစွာကို တစ်ကိုယ်တည်း မညည်းမညူရင်ဆိုင်ရင်းမှ အဆိုးထဲက အကောင်းဆုံးကိုရှာဖွေရန် အားထုတ်လျက်ရှိသော လီနာ၏သတ္တိကိုတော့ နှုတ်ကဖွင့်ဟ၍မပြောသော်လည်း စိတ်ထဲကချီးကျူးနေမိလေသည်။ သူသည် ငါးမဟပ်၍ မြစ်ကမ်းနဖူးတွင်ထိုင်ကာ သူ၏ထိပ်ပြောင်ကြီးကို နေပူလှန်း၍ ငိုက်ရင်းက လီနာ၏အကြောင်း ဝတ္ထုတစ်ပုဒ်ရေးရန် စိတ်ကူးနေမိ၏။ သို့ရာတွင် သူက ဝတ္ထုရေးတတ်သူမဟုတ်သဖြင့် စိတ်ညစ်စရာ ဝတ္ထုကြီး ဖြစ်လာမည်ကိုတော့ သူ စိုးရိမ်မိပြန်သည်။ မည်သို့ပင်ဖြစ်စေ၊ လီနာ၏နာကျင်နေသည့် နှလုံးသားမှ ဆန္ဒတစ်ခုရှိနေသည်ကိုတော့ သူ သိသည်။ လီနာသည် လွတ်ရာကျွတ်ရာကို သွားချင်နေသည်။ သူ့အား သိထားပြီးသူများကို ကျောခိုင်းကာ အတိတ်ကိုအတိတ်မှာပင် ထားခဲ့ချင်နေသည်။ ဤသို့ဖြင့် သူလည်း ဘာဘာညာညာပြောမနေတော့ဘဲ လီနာအား ဝေါ့တလေရှိ စိတ်ချရသည်ဟု သူယုံကြည်သော မိတ်ဆွေမစ္စက်ဟန်လေထံသို့ သွားရောက်နေထိုင်ရန် စီစဉ်ပေးလိုက်လေသည်။

ဒန်းသည် ငွေကြေးပြည့်စုံသူ မဟုတ်သည့်အပြင် သူ့မှာ သားနှင့်မယားနှင့် ဖြစ်သည်။ သို့ရာတွင် သူ၏ထူးခြားသော စရိုက်တစ်မျိုးကြောင့် သနားဂရုဏာအပြည့်ဖြင့် ဂရုစိုက်ပြုစုလိုက်ကြသည့် လူအများက မေ့လျော့သွားကာ လီနာ့အဖို့ အားထားစရာအဖြစ် ရပ်တည်နိုင်ခဲ့လေသည်။

လီနာ မျက်နှာမြင်ရန်ကိစ္စသူက စီစဉ်ပေးသည်။ ခက်ခက်ခဲခဲ မွေးရသည်။ ကလေးမှာ ဆွံ့အနားမကြားကလေးဖြစ်ပြီး ကံအားလျော်စွာပင် သီတင်းပတ်အနည်းငယ်မျှနေပြီး သေဆုံးသွားရှာသည်။ သို့ရာတွင် လီနာမှာ စိတ်ထောင်းကိုယ်ကျေ ဘုံးဘုံးလဲလေတော့ရာ မစ္စက်ဟန်လေ၏ထံမှာပင် လပေါင်းများစွာနေပြီးမှ နာလန်ထလေသည်။

ဒန်းက လီနာအား အလုပ်ရှာမပေးခဲ့။ အဆိုးဆုံးအချိန် ကျော်လွန်ခဲ့ပြီဖြစ်၍ သူက လီနာအား ကိုယ့်ကိုကိုယ်သာ အားကိုးစေချင်ခဲ့သည်။ နောက်ဆုံး ဘိုနန်ဇာတွင် လီနာအလုပ်ရတော့ ူက ဘာမှ မပြောခဲ့။ သဘောတူသည် ဆိုသည့်အမှတ်ဖြင့် ခေါင်းညိတ်၍သာ ပြခဲ့သည်။ သူ အလုပ်သွားရင်း လီနာ့အခြေအနေကိုကြည့်ရန် ကော်ဖီဝင်သောက်လေ့ရှိသည်။ သူ၏ အေးစက်စက် နဂိုစရိုက်နောက်ကွယ်မှ သူသည် လီနာတစ်ယောက် ရဲရဲဝံ့ဝံ့ပင် ဘဝကိုရင်ဆိုင်ကာ အခြေအနေ တဖြည်းဖြည်းကောင်းမွန်လာသည်ကို စောင့်ကြည့်၍ နေခဲ့လေသည်။ စိတ်ညစ်ကျစရာများ ဖိစီး၍လာလျှင် လီနာသည် အလုပ်ကိုသာဖိ၍ လုပ်ခြင်းအားဖြင့် ထိရောက်စွာ ကုစားပစ်လိုက်တတ်သည်ကို မြင်ရတော့ ဒန်းမှာ များစွာ သဘောကျမိလေသည်။

ယခု လီနာစိတ်ညစ်စရာတွေ့လာပြန်တော့လည်း ဤဆေးနည်းဖြင့်ပင် ကုစားလျက်ရှိလေသည်။ သူ စတိုးဆိုင်မှပြန်လာ၍ အိမ်သို့ရောက်လျှင်ပင် အလုပ်လုပ်သည့်အဝတ်ကိုဝတ်ကာ ရှိသမျှအလုပ်များကို မပြီးမချင်း ဖွဲကောင်းကောင်းဖြင့် အတွင်လုပ်လေတော့သည်။ ကြမ်းကို တိုက်ချွတ်ဆေးကြောပြီး အရောင်ထွက်အောင်ပွတ်တိုက်ခြင်း၊ ပြူတင်းခန်းဆီးများကို ဖြုတ်၍လျှော်ဖွပ်ခြင်း၊ မီးလင်းဖို သံချောင်းများကို

သံချေးချွတ်ခြင်း၊ ကြေးချောင်းများကို ဝင်းနေအောင် ပွတ်တိုက်ခြင်းတို့ကို ပြုလုပ်လေရာ သူ့အခန်းကလေးနှစ်ခန်းမှာ ပြောင်စင်နေတော့သည်။

စနေ တနင်္ဂနွေနေ့များဆိုလျှင် လုပ်စရာအလုပ်က ရှာ၍ပင်မတွေ့နိုင်အောင်ရှိသဖြင့် သူ့မှာအတော်စိတ်မောရသည်။ ဘာမှလုပ်စရာ မရှိတော့။ လှည်းစရာကျင်းစရာဆို၍ ဖုံကလေးတစ်မှုန်မျှ မရှိတော့။ သို့သော် သူ အလျှော့မပေးသေး။ အောက်ထပ်သို့ ဆင်းပြေးကာ မစ္စက်ဟန်လေ၏အခန်း၌ ကိတ်မုန့်တစ်လုံး ဖုတ်ပေးလေသည်။ ထို့နောက် မစ္စက်ဟန်လေ၏ဧည့်ခန်းတွင် ထိုင်ကာ မစ္စက်ဟန်လေ၏ ယောကျ်ားထံမှလာသော နောက်ဆုံးစာပါသတင်းများကို နားထောင်တတ်သည်။ မစ္စတာဟန်လေတို့သင်္ဘောသည် ယခုအခါ တမ်ပိကိုမှ ထွက်လာခဲ့ပြီဖြစ်ပြီး လာမည့်တနင်းလာနေ့တွင် အင်္ဂလန်ပြည် တီလဗာရီဆိပ်ကမ်းသို့ ဆိုက်ကပ်ပြီး ကမ်းတင်လိမ့်မည် ဆိုသည်။ သို့ရာတွင် လီနာက စိတ်များနေ၍ ကောင်းစွာ နားထောင်မနေမိ။

မစ္စတာဟန်လေက "လီနာ ဘာဖြစ်နေလဲ။ ခါတိုင်းလို မဟုတ်ပါလား။ အလုပ်ပင်ပန်းသွားတယ် ထင်တယ်" ဟု စိုးရိမ်သံဖြင့် ပြောလိုက်ရသည်။

လီနာလည်း "ဘာမှ မဖြစ်ပါဘူး" ဟု ဆိုကာ အားယူပြုံးပြလိုက်ရသည်။

"မဟုတ်ပါဘူး၊ သမီးကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့။ သမီးကိုထားပစ်ခဲ့ရမှာတောင် တယ် စိတ်မချချင်ဘူး။ အိမ်ကလူကလဲ သင်္ဘောကမ်းတင်ပြီး ပြင်ဆင်တာကို စောင့်ကြည့်နေရမှာမို့သာလေ၊ သူ့ခမြာ ခါတိုင်းလို ခွင့်တစ်လကလဲ ရရှာတော့တာမဟုတ်လို့သာ"

"ကျွန်မအတွက် စိတ်ချသွားပါ။ လန်ဒန်မှာ ပျော်ပျော်နေခဲ့ပေါ့"

"အင်း၊ သွားတော့ သွားချင်ခဲ့သားပါပဲ။ ဟိုမှာ နေတဲ့ထိုင်တဲ့လေးပတ်အတွက် စရိတ်အားလုံးကို ကုမ္ပဏီကပေးတယ်လေ။ ဒါလဲ သမီးက နေကောင်းအောင် ဂရုစိုက်နေပါမယ်ဆိုတာ ကတိမပေးရင် စိတ်ချမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ။ ကျွန်မ နက်ဖြန်ကစပြီး လျှော့လုပ်ပါ့မယ်။ နက်ဖြန် ကျွန်မ တစ်နေလုံးအားတဲ့ စနေပါ"

သို့ရာတွင် စနေနေ့တွင်လည်း လီနာ့အဖို့ သိပ်မထူးခဲ့ချေ။ နောက်တစ်ရက်ညနေပိုင်းတွင် မစ္စက်ဟန်လေအား မီးရထားဘူတာရုံသို့ လိုက်ပို့ခဲ့ပြီး အပြန်တွင် စိတ်ချောက်ချားလောက်အောင်ပင် ပျင်းလာသည်နှင့် သူ၏ ခြေလှမ်းများသည် ထူးထူးဆန်းဆန်းပင် ခါတိုင်း တနင်္ဂနွေနေ့များ၌ သူသွားနေကျလမ်းများမှ ဖဲ့၍ ထွက်လာခဲ့မိသည်။ နောက် ရက္ခဗေဒဉယျာဉ်အဝင်သို့ရောက်မှ သတိရကာ သူ့ကိုယ်သူလည်း အပြစ်တင်လိုက်မိသေး၏။

သူ၏အားနည်းချက်ကို မျက်မှောင်ကြုတ်၍ စိတ်ထဲက အပြစ်တင်လိုက်မိသော်လည်း "အေးလေ၊ ရောက်လာမှတော့ ဝင်ကြည့်လိုက်ပါဦးမယ်။ ဒီကနေ့ကလဲ အလကားဝင်ရတဲ့နေ့ပဲ" ဟု အောက်မေ့လိုက်မိပြန်သည်။

တံခါးကျယ်ကြီးများမှ သူဝင်လာခဲ့ပြီး သေသပ်စွာ ခင်းထားသည့်လမ်းကလေးများအတိုင်း သူနှင့်ပေါလ်တို့ လျှောက်ခဲ့ကြသည်ဘက်နှင့် ဆန့်ကျင်ဘက်ဆီသို့ လျှောက်လာခဲ့သည်။ သူ့စိတ်ကိုသူ တစ်ချိန်လုံး ဆုံးမ၍လလာခဲ့သော်လည်း နောက်ဆုံး သူလှည့်ပြန်ခါနီးတွင်မှ လိမ္မော်ပင်ကလေးရှိရာ မှန်အိမ်ကလေးထဲတွင် လီနာသည် သူတို့နှစ်ယောက် အတူကြည့်ခဲ့သော လိမ္မော်ပင်ကလေးနားသို့ ချဉ်းကပ်လာသောအခါ သူ ရင်တွေ တဒိန်းဒိန်းခုန်လာသည်။ သူသည် ခပ်သုတ်သုတ်ပင် ပန်းရနံ့တို့ဖြင့် ထုံသင်းလျက်ရှိသော အရွက်များအကြားသို့ သူ့မျက်နှာကို ဝှက်ထားလိုက်မိ၏။ ထိုနေရာမှ ထွက်လာခဲ့သည်တွင် သူ့မျက်လုံးထဲမှ မျက်ရည်ဥကြီးတစ်ဥသည် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကာ သူ့လက်ပေါ်သို့ ကျလာလေသည်။

ထိုနေ့ည သူ့အခန်းတွင်း အိပ်ရာဝင်ရန်အဝတ်လဲရင်း မှန်တင်ခုံက မှန်ကလေးထဲ၌ သူ့ဝမ်းဗိုက်သားဖြူဖြူတွင် ညိုညိုစိမ်းစိမ်းထင်၍နေသည့် သူ ကိုယ်ဝန်ဆောင်ခဲ့ရသည့် အမှတ်အသားများကို အထင်အရှား မြင်လိုက်ရသည်။ ထိုအခါတွင် သူ့စိတ်များ တင်းမာလာကာ သူ့ကိုယ်သူ မုန်းတီးရွံရှာသည့်စိတ်များ ဝင်လာကာ ဘာမပြောညာမပြော သူ၏အမာရွတ်နှင့်ပါးကို ဖျန်းခနဲ ရိုက်ပစ်လိုက်မိသည်။

"နင် အရူးမထချင်နဲ့ မိလီနာ။ အလကားပဲ။ ဘယ်တော့မှ မရဘူး" ဟု သူ့ကိုယ်သူ တီးတိုးဆိုလိုက်မိသည်။ ထိုနောက် မီးခလုတ်များကို ပိတ်၍ မှောင်ထဲတွင် မျက်စိကို အတင်းမှိတ်၍ ထားလိုက်လေ၏။

သို့ရာတွင် သူကမည်မျှပင် တင်းတင်းမာမာဆုံးဖြတ်၍ထားစေကာမူ သူ၏အတွင်းသဏ္ဍာန်၌ကြီးထွား၍လာခဲ့သော စိတ်တို့ကို တားဆီးထားနိုင်လောက်အောင်ကား မခိုင်ခံ့ချေ။ သူ့ဆန္ဒက သူ့အပေါ်လွှမ်းမိုးသွားကာ ရုက်ရုက်နှင့်ပင် လက်နက်ချရတော့၏။ နောက်တစ်ရက်ညနေ စတိုးဆိုင်ကအလုပ်အဆင်းတွင် ပူးလီလမ်းက ပေါလ်၏အခန်းသို့ သွားကာ "ပေါလ် ကိုတွေ့နိုင်မလား" ဟု အိမ်ရှင်အားမေးလိုက်သည်။

မစ္စက်ကော်ပင်က လီနာအား မျက်လုံးများမှေးလျက် အကဲခတ်နေလေသည်။ ထိုနောက်မှ 'သွားပြီကွယ့်' ဟု တိုတိုတောင်းတောင်း ဆိုလိုက်သည်။

"ဘယ်ကို သွားတာလဲ"

"မသိဘူးကွယ်။ ပုလိပ်ကလဲ သူ့ကို လာမေးတယ်။ အခန်းခမပေးနိုင်လို့ သူ့အဝတ်သေတ္တာကိုလဲ ငါသိမ်းလိုက်ရတယ်"

ခေတ္တမျှ တိတ်ဆိတ်သွားသည်။ လီနာသည် တစ်စုံတစ်ခုကို စဉ်းစားနေ၏။

"ပေးစရာရှိတာကို ကျွန်မကပေးရင်၊ သူ့ပစ္စည်းကလေးတွေကို ကျွန်မယူသွားလို့ရမလား"

မစ္စကော်ပင်က စဉ်းစားလိုက်သည်။ သူ သိမ်းထားရသည့် ပစ္စည်းကလေးများမှာ အနည်းငယ်မျှသာဖြစ်သည်။ ဤပစ္စည်းများကို ရောင်းချ၍ သူရစရာရှိသည့်ငွေ အပြည့်အဝရဖို့ လမ်းမမြင်။ ဤအခါအခွင့်မျိုးကို ဘာဘာညာညာပြန်မေးနေဖို့မရှိ။ လွတ်သွားလျှင် ခက်မည်။ သူက "ယူသွားပေါ့" ဟု ခပ်စူစူအောင့်အောင့်ပြောရင်း တံခါးကို ဖွင့်ထားခဲ့ပြီး အထဲသို့ ပြန်ဝင်သွားသည်။

လီနာသည် လျှို့ဝှက်သောအမူအရဖြင့် စိတ်တက်ကြွကာ သူရွေးနုတ်လာခဲ့သော အညိုရောင်အဝတ်သေတ္တာအစုတ်ကလေးကို သူ့အိမ်သို့ ယူခဲ့လေသည်။ အထဲတွင်ကား အဝတ်ဟောင်းကလေး အနည်းငယ်သာပါသည်။ သူသည် ရုပ်အင်္ကျီများကို လျှော်ဖွပ်ပြီး မီးပူတိုက်ကာ ခြေအိတ်များကို ဖာသည်။ ရှုံ့တွနေသော သက္ကလတ်ဘောင်းဘီများကို ရေမြှုပ်တုံးဖြင့် ပွတ်၍လျှော်ကာ ခေါက်ရိုးကလေးများပေါ်လာအောင် မီးပူဖြင့် ဖိပေးသည်။ အိတ်ထဲတွင် ငွေစကလေးအနည်ငယ်ပင် ထည့်ပေးလိုက်၏။ ယင်းတို့ကို သူလုပ်နေစဉ်တွင် သူ့မှာ ပိုမို၍ စိတ်အားတက်လာခဲ့၏။ သို့ရာတွင် အားလုံး သေသေသပ်သပ်ခေါက်ပြီး သူ့သေတ္တာထဲ သူပြန်ထည့်ပေးထားလိုက်ပြီးတော့ သူ့စိတ်အခြေအနေမှာ ဒုံရင်းသို့ ပြန်ဆင်းသွားပြန်သည်။ ပေါလ်တွင် ကံဆိုးမိုးမှောင်တစ်ခုခု ကျရောက်လေပြီဟု သူ့စိတ်ထဲက ပို၍ပို၍ ယုံကြည်လာခဲ့လေသည်။

ထိုနောက်တွင် ဘိုနန်ဇာရောက်တော့ ပေါလ်အကြောင်း ကြားရပြန်သည်။ နောက်တစ်ရက်နံနက် သူ ဆိုင်ထဲသို့ဝင်သွားတော့ နန်စီဝီလဆန်သည် သူတွေ့မြင်ခဲ့ရသည်တို့ကို အခြားလူများအား

အားပါးတရဖောက်သည်ချနေလေသည်။ သူ့အနားတွင် အားလုံး ဝိုင်းစုနားထောင်နေကြသည်။ ဟဲရစ်ပင်လျှင် မလှုမ်းမကမ်းက ရပ်လျက် နားစွင့်နေပေသည်။ တကယ့် သတင်းထူးပေးတကား။

"တကယ်ပါပဲရှင်၊ ကျွန်မဖြင့် အံ့အားကြီးကိုသင့်လို့" ဟု နန်စီက ဟန်နှင့်ပန်နှင့် ပြောပြနေသည်။ "ကျွန်မကလဲ ကျွန်မလူနဲ့ကျွန်မ ရပ်ရှင်ကြည့်ဖို့အသွားမှာ သူ့ကို ကြော်ငြာပျဉ်ပြားကြီးထမ်းလာတာမြင်လိုက်ရတာ။ အစတော့ သူက သိပ်ပြောင်းလဲသွားပြီး ပိန်စုတ်နေတော့ မှတ်တောင် မမှတ်မိပါဘူးရှင်။ ကုန်အကျီမပါ ဘာမပါကိုး။ ကျွန်မက ကျွန်မလူကို 'ဂျော့ ခဏနေစမ်းပါဦး၊ ကျွန်မသိတဲ့လူတစ်ယောက် တွေ့နေလို့ပါ' လို့ပြောပြီး သူ့ကို ရပ်ကြည့်နေတုန်း သူလဲ တခြားအထမ်းသမားတွေနဲ့ တန်းစီပြီး လျှောက်သွားတာပဲ။ လမ်းတစ်ဖက်ရောက်တော့မှ သူက ကျွန်မကို မြင်သွားပြီး တခါထဲ လှည့်လစ်သွားတာ"

နားထောင်သူများက သံပြိုင်ဝေဖန်လိုက်ကြသည်။ လီနာမှာကား အင်အားရုတ်တရက်လျော့သွားသည်ဟု ထင်လိုက်မိ၏။

နန်စီက မျက်ကလဲဆန်ပျာဖြင့် "ရှင်တို့ မြင်စေချင်တယ်၊ တကယ့် သူတောင်းစားရုပ်ကို ပေါက်နေတာပဲရှင်" ဟု ပြောပြန်သည်။

ဟဲရစ်က သူတို့ထက် ပို၍သိသူလေသံဖြင့် "ဒီကောင် မကောင်းဘူးဆိုတာ ငါသိပြီးသားပါ။ ပုလိပ်ဆီကလဲ တစ္စန်းတစကြားရပြီးသားပါ။ ကဲကဲ ကိုယ့်နေရာကို ပြန်ကြ" ဟု ဆိုကာ အစည်းအဝေးကြီးကို အပြီးသတ်လိုက်၏။

ဤတွင် လီနာ သူ့စိတ်ကိုသူ ထိန်းသိမ်းစောင့်စည်းခဲ့လေသမျှတို့သည် အားလုံးကျိုးပျက်လေတော့သည်။ သူမိုက်မှန်းကိုလည်း သိသည်။ ဒုက္ခရောက်မည်ဆိုသည်ကိုလည်း သိပါသည်။ သို့ရာတွင် သူ မတတ်နိုင်တော့။ ပွင့်ပွင့်လင်းလင်းပင် ပေါလ်ကို သူ လိုက်ရှာလေတော့သည်။ မနက်ဆိုလျှင် အလုပ်သို့ သွားရင်း၊ ညနေဆိုလျှင် အိမ်အပြန်လမ်းကို ကွေ့ကွေ့ကောက်ကောက်သွားရင်း မြို့တော်၏ လူဆင်းရဲရပ်ကွက်များ၊ လမ်းများတွင် စိတ်ပျက်ညိုးငယ်နေသည့် သဏ္ဌာန်တစ်ခုကို တွေ့လိုတွေ့ငြား ပိုက်စိတ်တိုက်၍ ကြည့်ခဲ့ရှာခဲ့သည်။ အားလပ်သည့်အချိန်များတွင် လဲနတ်မီးရထားဘူတာ၌ နာရီပေါင်းများစွာ စောင့်၍ကြည့်ခဲ့သည်။ အခြားဘူတာများ၌လည်း စောင့်ကြည့်ခဲ့သည်။ သို့သော် ပေါလ်ကိုကား မတွေ့။ လီနာ စိတ်အားထက်သန်စွာ ရှာခဲ့ရသမျှသည် အချည်းနှီးသာ ဖြစ်ခဲ့သည်။ ဤသို့လျှင် သူ စိတ်ပျက်အားငယ်ခဲ့ရသည်မှာကား နေ့ပေါင်းများစွာ ညပေါင်းများစွာ။

*

## အခန်း – ၂

အစိုးရရှေ့နေကြီး၏အိမ်မှ ပေါလ်ထွက်ခဲ့ပြီး တိတ်ဆိတ်နေသော လမ်းများအတိုင်း ခြေဦးတည့်သလို ဖြတ်ခဲ့လျှောက်ခဲ့သည့် အချိန်တွင်ကား ညဥ့်သည် ကြည်လင်သလောက် အေးမြနေပြီး၊ လေကလေးကလည်း အအေးဓာတ်ကို ပိုကဲစေလျက်ရှိသည်။ နှင်းခဲ့မည့်လက္ခဏာများလည်းရှိ၏။ သူကြုံခဲ့ရသည့်အဖြစ်ကြောင့် သူ့မှာ အားအင်မရှိတော့သလိုဖြစ်ကာ အာရုံတစ်ခုကိုသာထား၍လာခဲ့သည်။ သွားရင်းကပင် တူးမြောင်းဘက်သို့ ရောက်လာခဲ့မှ သူ့အိတ်ထဲက သေနတ်ကလေးကို ထုတ်ယူကာ စိတ်သက်သာရာရသွားသလို တစ်ချက်ရှိုက်လိုက်ပြီး သေနတ်ကို ရေလယ်ခေါင်သို့ရောက်အောင် လွှဲ၍ပစ်ထည့်လိုက်လေ၏။ ရေထဲသို့ သေနတ်ကျသွားသည့် အသံသဲ့သဲ့သည် သူ၏နားထဲတွင် ပဲ့တင်ထပ်လာသည်။ လရောင်ဖြင့် မသဲမကွဲမြင်ရသော ဂယက်ဝိုင်းများကို သူ မလှုပ်မယှက်ရပ်ကြည့်နေလိုက်ပြီး နောက်ဆုံးဂယက်ဝိုင်းပျောက်သွားမှ သူလည်း လှည့်၍ထွက်ခဲ့လေတော့သည်။

ထိုအချိန်မှာပင် ကုန်စျေးလမ်းဘုရားရှိခိုးကျောင်း မျှော်စင်နာရီကြီးက တစ်ဆယ့်တစ်ချက်တီးသံ ကြားရလေသည်။

သူခြေလှမ်းကျဲကြီးများဖြင့် လေးလံစွာလျှောက်ထွက်လာခဲ့တော့မှ သူ့မှာ ပင်ကိုစိတ်များပြန်ဝင်လာကာ ရုတ်တရက်ဆိုသလိုပင် သူ၏ခန္ဓာကိုယ်က ပင်ပန်းနွမ်းနယ်နေသလောက် ယောက်ယက်ခပ်နေသော သူ၏အတွေးများထဲသို့ ဝင်လာသည့်သတိကား သူ့မှာ ငွေစတစ်ပြားတစ်ချပ်မျှ မရှိတော့ဆိုသည့်အသိတည်း။ သူသည် သွားရင်းက ရပ်လိုက်ပြီး ဘယ်သွားအိပ်ရမည်ကို တွေးလိုက်မိသည်။ တဖြည်းဖြည်းပင် သူ့အဖို့ တစ်လမ်းပဲရှိတော့သည်ကို သိမြင်လာသည်။ ဂျယ်ရီနှင့်တကွ တည်းခိုအိမ်မှ အခြားသောသူများ အလွန်အမင်းကြောက်ကြသည်ကို လုပ်ဖို့ပဲရှိတော့သည်။ သူ အပြင်မှာ အိပ်ရမည်။ ဝေါ့တလေတွင် ထူးထူးဆန်းဆန်းပင် အိမ်မဲ့ရာမဲ့များ လွတ်လပ်စွာတည်းခိုအိပ်စက်နိုင်သည့် တစ်ခုတည်းသော ပေါင်းကူးကြီးအမည်ရှိ သချိုင်းကုန်းနီးပါး နေရာတစ်ခုရှိသည်။ ပေါလ်သည် စုတ်ပြတ်လှသော ထိုနေရာဆီသို့ ခြေဦးလှည့်ခဲ့သည်တွင် သူ့အဖို့လူတို့၌ရှိအပ်သော သိက္ခာအားလုံးတို့သည် လျှောကျပျောက်ဆုံးသွားပြီဟု ထင်လိုက်မိသည်။ ယခုမူ သူ့အဖို့ သန်းခေါင်ထက် ညဥ့်နက်ခဲ့ပြီဖြစ်ဟန်တူပေသည်။

ပေါင်းကူးကြီးကား တူးမြောင်းနှင့် သိပ်မဝေးလှသောနေရာရှိ မီးရထားတံတားအောက်က လိုဏ်ပေါက်ဖြစ်၏။ သူရောက်သွားတော့ သူ့လိုပင် ဒုက္ခရောက်ရှာကြသူများသည် ထိုညအဖို့ အိပ်၍ပင် နေနှင့်ကြပြီဖြစ်သည်။ ပေါလ်လည်း ကုတ်အင်္ကျီကော်လာကို ဆွဲစေ့လိုက်ပြီး အင်္ကျီအိတ်ထဲသို့ လက်များထည့်ကာ အေးစက်မှောင်မည်းလှသည့်အရိပ်ထဲမှ သံလုံးတိုင်တစ်တိုင်ကိုမှီ၍ အိပ်ချလိုက်၏။ အလွန်ချမ်းအေးလှသည်။ ခိုက်ခိုက်တုန်နေသည်ကို ငြိမ်အောင်ကြိုးစားထိန်းရင်း ပေါလ်လည်း မပျော်တစ်ချက်ပျော်တစ်ချက်နှင့် ငိုက်ရလေသည်။ တံတားပေါ်မှ နံနက်အစောရထား ဖြတ်သွားသည့် ဂျိုးဂျိုးဂျိန်းဂျိန်းအသံနှင့်အတူ မှုန်ကျဲကျဲအလင်းရောင်ကလေး မထိုးချင့်ထိုးချင့်ထိုးကာ နံနက်ဘက်သို့ ရောက်လာခဲ့သည်။ ပေါလ်မှာ အေးစက်ကျဥ်ခဲနေသဖြင့် ခဲခဲယဉ်းယဉ်းထကာ အားယူ၍လှမ်းထွက်ခဲ့ရ၏။ သူ့ဗိုက်ထဲကလည်း ဆာလောင်နာကျင်လျက်ရှိသည်။ သူ့မှာလည်း တစ်ပြားတန် ပေါင်မုန့်လိမ်ကလေးတစ်ခုကိုမျှ ဝယ်စားစရာမရှိ။ သူ၏ခြေလှမ်းများက အလိုအလျှောက်ပင် လမ်းကြားကြော်ငြာကုမ္ပဏီဆီသို့ လှမ်းလျက်ရှိကြ၏။

ထိုနေရာသို့ရောက်၍ ပိတ်ထားသည်ကိုတွေ့လျှင် လဲနတ်လမ်းမီးရထားဘူတာရုံဆီသို့ လှည့်ခဲ့ပြန်သည်။ ဤနေရာ ဘူတာ၏ အပြင်ဘက်တွင် တစ်နေ့လုံး မယောင်မလည်နှင့်စောင့်၍ ထိုဘူတာမှ အမိန့်ရပြီးအထမ်းသမားများ၏ အငြိုအငြင်အဆဲအဆိုကိုခံကာ အထုပ်ခိုးထမ်းပေးခကိုးပဲနိ ရခဲ့၏။ ကိုးပဲနိနှင့်တော့ စားစရာရော၊ အိပ်ရာနေရာပါ မရနိုင်။ အနီးအနားရှိ အလုပ်သမားများ၏ စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ ဆံပြုတ်တစ်ပန်းကန်နှင့် အသားတောင့်တစ်ခု ဝယ်စားသည်။ မကောင်းလိုက်သည့်ဖြစ်ခြင်း။ သူ၏ဝမ်းဗိုက်ထဲတွင် အတုံးလိုက်အခဲလိုက် ဝင်သွားကာ ခိုးလိုးခုလု နာလျက်နှင့်ပင် သူသည် ပေါင်းကူးကြီးဘက်သို့ တအိအိ ပြန်လျှောက်လာခဲ့လေ၏။

နောက်တစ်ရက်နံနက်တွင်ကား မိုးသည်းထန်စွာ ရွာလျက်ရှိလေသည်။ သူသည် ဘူတာရုံသို့ မသွားဝံ့တော့သဖြင့် မိုးခိုစရာကလေးများ တွေ့လိုတွေ့ငြားလမ်းများထဲသို့ လျှောက်ကာ ခြေဦးတည့်ရာသွားနေသဖြင့် အင်အားလည်း ကုန်ခန်းခဲ့ပြီ။ ဤမြို့ကြီးတွင် ပိုက်ဆံမပေးဘဲ ထိုင်လို့ရသည့်နေရာ တစ်နေရာမှ မရှိပါတကား။ နောက်ဆုံးတွင် အုပ်ဆောင်းစိမ်းများဖြင့် မီးထွန်းထားသော ဘိလိယက်ခုံတစ်ခု၏ အပေါ်ထပ် မီးခိုးတထောင်းထောင်းနေရာတွင် သူ့အဖို့ ခိုလှုံရာရခဲ့သည်။ သို့ရာတွင် ယာယီမျှသာဖြစ်သည်။ သူက တပွဲနှစ်ပွဲမျှ စိတ်မပါလက်မပါကြည့်ပြီး ကစားမည့်လက္ခဏာ တစ်စုံတစ်ရာ မပြသောအခါ ခုံစောင့်က သူ့အနားသို့လာပြီး သွားပါတော့ဟု နှင်လေသည်။

လမ်းပေါ်သို့ရောက်လျှင် သူသည် သွားနေရမည်ဆိုသည်ကိုသာ သိသည်။ ဘယ်ဆီဟူ၍ကား မသိနိုင်တော့ပြီ။

ထိုနေ့ညနေပိုင်းတွင် သူသည် တူးမြောင်းလက်တံဘေးက လူသွားလမ်းပေါ်သို့ ရောက်လာသည်။ တူးမြောင်းဘေးတစ်ဖက်တစ်ချက်မှာ စက်ရုံအလုပ်ရုံများ၊ အိုးဖိုများဖြင့် ညှပ်လျက် တူးမြောင်းရေမှာလည်း မည်းညစ်ကာ စိတ်ပျက်စရာဖြစ်နေသည်။ ဤနေရာတွင် တူးမြောင်းထဲမှ လက်ဖြင့် ဖွင့်ရပိတ်ရသော ရေတံခါးကို ကျော်နေသည့် လှေကြီးတစ်စီးပေါ်မှ သူ့အားလှမ်းခေါ်ကာ ငင်ကြိုးကို ကူ၍အဆွဲခိုင်းသည်။ လှေပေါ်တွင်ကား မိခင်အသွင်ရှိသော အမယ်အိုတစ်ယောက်သည် မီးဖိုတစ်ခုပေါ်၌ ဒယ်အိုးတင်ကာ ဝက်ပေါင်ခြောက်နှင့် ကြက်ဥများ ကြော်လျက်ရှိ၏။ အမယ်အိုသည် ပေါလ်၏အခြေအနေကို ရိပ်စားမိဟန်တူသည်။ ပေါလ်က သူတို့၏လှေကို ရေတံခါးလွတ်အောင် ကူဆွဲပေးပြီး၍ ရေစီးအတိုင်း လှေကြီးမပါမီတွင် အမယ်အိုသည် ဒယ်အိုးထဲမှဆယ်၏ ပူပူနွေးနွေးဝက်ပေါင်ခြောက်နှင့် ကြက်ဥကြော်တို့ကို ပေါင်မုန့်ထူထူနှစ်ချပ်ဖြင့် ညှပ်၍ ပေါလ်၏လက်ထဲသို့ ထည့်သွားသည်။

ဤကဲ့သို့သော ကြင်နာမှုများ၊ အမယ်ကြီးက သူ့အား ကြည့်သွားသည့်ကရုဏာအကြည့်များသည် သူ၏စိတ်ကို ထိခိုက်နာကျင်စေလေသည်ဖြစ်ရာ သူ့မှာ အားလုံးကို စွန့်လွှတ်ပစ်ကာ သာမန်လူ့ဘဝ၏ ရသင့်ရထိုက်သော ကောင်းကောင်းမွန်မွန် အနေအထိုင်မျိုးဆီသို့ ပြန်ပြေးချင်သည့်စိတ်များ တဖွားဖွား ပေါ်ပေါက်လာသည်။ သို့သော် သူသည် ဤစိတ်လှုပ်ရှားမှုများကို ကြိုးစား၍ချိုးနှိမ်ပစ်လိုက်သည်။ သူအရှုံးမပေး။ ဘယ်တော့မှ မလျှော့။ သူ့တစ်ကိုယ်လုံး မိုးရေဖြင့် ရွှဲရွှဲစိုလျက် မြို့တော်ဘက်ပေါင်းကူးကြီးဆီသို့ ခြေဦးလှည့်ခဲ့လေတော့သည်။

ယခုအခါ ပေါလ်မှာ စိတ်ထဲ၌ဝေဝေဝါးဝါးဖြစ်လျက်က သူ့အခြေအနေကို ပြန်သတိရမိလျှင် ဖြစ်မှဖြစ်ပါတော့မည်လားဟူသော သံသယများ မကြာခဏဝင်ဝင်လာတတ်သည့်အတွက် စိတ်ပျက်အားငယ်ရခြင်း များသောကာလသို့ ရောက်ခဲ့ပြီဖြစ်လေသည်။ တစ်ခါတစ်လေ ကံကောင်းမှ တစ်ချပ်တစ်ပြားရတတ်သည့် ငွေစကလေးများကိုသာ အားကိုး၍နေလာခဲ့ရာ သူ့မှာ တစ်နေ့လုံး ဘာမှ မစားရသည့်အခါများလည်း ရှိလာသည်။ တစ်ခါတစ်ခါ သူ့သတိများပင် မကောင်းတော့ဘဲ မင်သက်မိသူပမာ လျှောက်သွားနေမိသည်။ ဤသို့လျှင် အိမ်မက်ဆိုး မက်နေရသကဲ့သို့သော အဖြစ်ဆိုးမျိုး လှုပ်ရှားသွားလာ၍နေရင်းက သူ ဘယ်သူဘယ်ဝါဆိုသည်ကို မေ့လျော့သွားပြီး သတိပြန်၍အရတွင် လူစိမ်းများကိုပင်သွား၍ သူဘယ်သူဘယ်ဝါပါဟု မဆီမဆိုင်

ပြောပြချင်နေမိတတ်သည်။ တစ်ခါတစ်ခါလည်း လမ်းတွင်သွားလာနေသူများကို သဲကွဲစွာမမြင်ရ၍ ဝင်တိုက်မိပြီးမှ တောင်းပန်၍ ဆက်သွားခဲ့ရသည်။ ဤကဲ့သို့ဖြစ်လျက်ရှိရာက သူ့အား တစ်စုံတစ်ယောက်က နောက်ကလိုက်၍ ချောင်းနေသလို မှောင်ရိပ်တစ်နေရာမှစောင့်ဆိုင်းကာ နောက်ဆုံးတွင် မလွဲသာမရှောင်သာ ဖမ်းဆီးရန်အတွက် အကဲခတ်နေသူ၊ ချစ်ခြင်း မုန်းခြင်း မရှိပါဘဲလျက် ရန်သတ္တုပြုဆိုသည့် မျက်လုံးများဖြင့် ကြည့်နေသူမှာ စာဇင်ဂျပ်ဖြစ်သည်ဟု စိတ်ထဲက ထင်ရှံသာမက ယုံကြည်၍ပင် နေမိပြန်လေသည်။ သူ့ကိုဘာကြောင့် မဖမ်းကြပါလိမ့်ဟူ၍လည်း မရေမရာတွေးနေမိ၏။ သူ၏အဝတ်များလည်း ညစ်နွမ်းလှပြီ။ သူ၏ ဖိနပ်များလည်း ပေါက်ပြဲခဲ့ပြီ။ သူ မှတ်ဆိတ်မရိတ်ခဲ့သည်မှာလည်း ရက်ပေါင်းများစွာရှိပြီ။ မညှပ်မတိဘဲ ထားခဲ့သော သူ၏ဆံပင်များမှာ အရောင်အဆင်းမရှိတော့။ သူသည် မူးဝေနောက်ကျိလျက်ကပင် ဤမျှ ကြက်ပျံမကျ စည်ကားကြွယ်ဝလှသော မြို့တော်ကြီးတွင် ငတ်သေသည့်မသာများ ပေါ်လေဦးမည်လားဟုလည်း တွေးတောလိုက်မိသည်။

အို မသေနိုင်ပါဘူးလေ၊ စေတနာရှင်တွေ အရှိသားပါပဲ။ နောက်ဆုံးတွင် သူ့မှာ ငတ်မရှက်ဆိုသည့်အတိုင်း ဤနေရာသို့ရောက်လာခဲ့ရလေတော့သည်။ တစ်ညနေ မှောင်ရီရီ၌ သူသည် မြောင်းဈေးအရှေ့ဘက်ထောင့်ဆီသို့ လေးလံစွာ လျှောက်လာခဲ့သည်။ ထိုနေရာရှိ ဓာတ်ရထားလမ်းများ၏ အကြားမှ သုံးထောင့်ချွန်ကွက်လပ်တစ်နေရာတွင် ပေါင်းမိုးလှည်းလိုလို ဘီးတပ်ယာဉ်တစ်စီး ရပ်ထားသည်။ မီးခိုးခေါင်းတိုင် ပါသည်။ ဖြန့်ချရသော ပျဉ်ပြားပါသည်။ သူဆင်းရဲလှမွဲလှငတ်တို့သည် ထိုနေရာ၌ ဝိုင်းအုံတိုးဝှေ့လျက်ရှိကြပြီ။ ညနေ ငါးနာရီတိတိတွင် ပျဉ်ပြားကိုလှန်ချလိုက်တော့ ကောင်တာတစ်ခုလိုဖြစ်သွားကာ အလုံယာဉ်အတွင်း၌ခေတ်မီ မီးဖိုကိရိယာအစုံကို မြင်ရသည်။ ခါးစည်းရှေ့ဖုံးအဖြူနှင့် လူတစ်ယောက်သည် ကောင်တာ၏နောက်မှရပ်ကာ ရှေ့သို့တိုး၍လာသောသူအား ဆန်ပြုတ်တစ်ခွက် ပေါင်မုန့်တစ်တုံးနှင့် ဟင်းရေများ ထည့်ထည့်ပေးသည်။ ပေါလ်အလှည့်သို့ရောက်၍ သူ၏ဝေစုကို ယူပြီးသောအခါ ကျိုက်ကျိုက်ဆူမျှပူသော အာဟာရသည် သူ၏အကြောအချဉ်များအထိ စိမ့်ဝင်ကာ သူ့မှာ အင်အားပြည့်ဖြိုး၍ လာလေသည်။ ပေါင်မုန့်နှင့် ဟင်းရေများကို သူ အားပါးတရစားကာ ငြိမ်သက်စွာပင် လျှောက်၍ထွက်သွားလေ၏။

သူ၏မရေမရာခြေသလုံးအိမ်တိုင်ဘဝ၌ မလိုအပ်လှသော်လည်း ကြမ်းတမ်းလှသည့် ဘဝတည်မြဲရေး ရုန်းကန်မှုအတွက် အခမဲ့စားသောက်ရသော ဤ နိဗ္ဗာန်ဈေးသည်သာလျှင် သူ၏အဖို့ အာရုံပြုစရာ၊ အားထားစရာ ဗဟိုဌာနတစ်ခုသဖွယ် ဖြစ်ခဲ့ပေသည်။ ညစဉ်ပင် သူသည် မိုးရွာသည်ဖြစ်စေ၊ လသာသည်ဖြစ်စေ ဤနေရာမှ လူများနှင့်လာ၍ တိတ်ဆိတ်စွာရောနှောစောင့်လေ့ရှိသည်။ ဤနေရာသို့ လာစောင့်သူများသည် တစ်ယောက်နှင့်တစ်ယောက် စကားပြောလေ့မရှိကြ။ တိတ်ဆိတ်စွာသာ စောင့်ကြသည်။ စားသောက်၍ပြီးကြသောအခါတွင်လည်း တိတ်ဆိတ်စွာပင် မှောင်ရိပ်ထဲသို့ အလျှိုလျှိုဝင်ရောက် ပျောက်ကွယ်သွားကြသည်သာ။

ထိုမှ နောက်တစ်ပတ်ခန့်ကြာသော ဗုဒ္ဓဟူးနေ့ ညတစ်ညတွင် ခါးစည်းရှေ့ဖုံးအဖြူနှင့်လူအပြင် အသက်ငါးဆယ်ခန့် ဘုန်းကြီးနီးပါး ဝတ်ရုံနက်အရှည်ဖြင့်အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း၊ မျက်လုံးနက်မှောင်လျက် ကရုဏာပါသည့်အပြုံးရှိသူ လူကြီးတစ်ယောက်ကိုပါ တွေ့မြင်ကြရသည်။ ပေါလ်က သူ့အား 'မစ္စတာအီနော့အော့စဝေါ' ဆိုသူဖြစ်သည်ကို မှတ်မိလိုက်သည်။ သူ မကြာခဏ ဤငွေဘုရင်၏ နိဗ္ဗာန်ဈေးသို့လာတတ်သဖြင့် သတိပြုမိသည်။ မှန်ပါသည်။ မစ္စတာအီအော့စဝေါက သူ၏အနားပြန့်ဦးထုပ်ပျော့အနက်ကြီးကို ချွတ်လိုက်သောအခါ ရေနံဆီမီးခွက်၏အလင်းရောင်တွင် တလက်လက်တောက်နေသည့် သူ၏ငွေရောင်ဖြူလွနေသော ဆံပင်များကို မြင်ရသည်။ ဤငွေရောင်ဆံပင်ကို အကြောင်းပြု၍ပင် လူစာရင်းဖျောက်ကာ သူ၏ရက်ရောသောဒါနဖြင့် အသက်ဆက်နေကြရရှာသူ အမွဲအငတ်များက သူ့အား ငွေဘုရင်ဟူသောအမည်ဖြင့် သိမှတ်ခေါ်ဝေါ်နေကြခြင်း ဖြစ်ပေသည်။

ဦးထုပ်မပါဘဲ ငွေဘုရင်သည် သဘောကောင်းစွာ ပြုံးမြဲပြုံးလျက် အဟာရအတွက် တန်းစီ၍စောင့်နေကြသူ လူတန်းကြီးအတိုင်း ဖြည်းဖြည်းချင်းလျှောက်ကာ တစ်ယောက်စီ တစ်ယောက်စီ၏အနီး၌ ခေတ္တရပ်ကာ လူကိုမကြည့်ဘဲ လက်ထဲသို့ ဝင်းလက်သော သျှီလင်ဒင်္ဂါးအသစ်တစ်ပြားစီ ထည့်ထည့်ပေးသွားသည်။ မစ္စတာအော့စဝေါ သူ့အနီးသို့ ရောက်လာသောအခါ ပေါလ်မှာ ခေါင်းကိုငုံ့၍ထားသော်လည်း သူရှိနေသည်ကို သိကာ ရင်ခုန်နေသည်။ ပထမသော် သူ့စိတ်ထဲတွင် ကျေးဇူးတင်သည်ကိုသာ သိလိုက်သည်။ နောက်တဖြည်းဖြည်း သူ၏စိတ်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်လာသည်။ တကယ်အကူအညီလိုနေသူများအား ကူညီတတ်သည့် ဤပုဂ္ဂိုလ်ကြီးသည် သူ့အားလည်း မကူညီဘဲ နေမည်မဟုတ်ဟူသော မျှော်လင့်ချက်ဖြင့် စိတ်ပျက်လက်ပျက်ဖြစ်ရာက ပေါ်ပေါက်လာသော သူ့ဆန္ဒအတိုင်း ဤပုဂ္ဂိုလ်ကြီးထံမှ အကူအညီတောင်းခံရန် အလေးအနက် စဉ်းစားလိုက်မိခြင်းဖြစ်၏။ ကာဆယ်ကလည်း သူ့အား အကောက်ကြံခဲ့ပြီ။ သူ့မှာ ဘဝမှ မယုံရသော လူ့လောက သဲပွက်တွင်း၌နစ်ခဲ့ရပြီ။ လမ်းစလည်း ပျောက်၍ နောက်ကလည်း ရန်သူနှင့်။ သူ့မှာ ဤကဲ့သို့သော ဒုက္ခအပေါင်းမှ လွတ်ကင်းဖို့ဆိုလျှင် ဘုရားသခင်မစောင်မမီ ဤပုဂ္ဂိုလ်ကြီးမျိုး၏ အကူအညီအမအစကို လိုလျက်ရှိသည်။

စကားပြောချင်သည့် ဆန္ဒ၊ သူ ဘယ်သူပါဆိုသည်ကို ဖွင့်ပြောလိုက်ချင်သည့်ဆန္ဒ၊ သူ့ဒုက္ခ သူ့အခြေအနေများကို ပြောပြလိုက်ချင်သည့်ဆန္ဒတို့က သူ့အား လွှမ်းမိုး၍လာခဲ့သည်။ သူ့မှာ အသက်ရှူမမှန်လောက်အောင် ဖြစ်နေရာက 'ဒါ အခွင့်ကောင်းပဲ' ဟု အပြေးအလွှား တွေးလိုက်မိသည်။ နာရီပေါင်းများစွာ သူ တနုံ့နုံ့တွေးခဲ့ရာမှ ဤလူသတ်မှု၏ အရှုပ်အထွေးများကို သိအောင်ပြုရာတွင် လူ့ဝိဇ္ဇာဘတ်မှ တစ်ဆင့်သာ ထိုးဖောက်နိုင်မည်ဆိုသည်ကို တဖြည်းဖြည်းသိမြင်လာသည်။ ဘတ်ကတော့ ဒါကို သိတာသေချာသည်။ ဘတ်သာလျှင် အနီးအနားတွင် အသက်ရှင်လျက် တကယ်ရှိနေသူ။ ကျန်လူများကတော့ အတိတ်က အရိပ်များသာ။ နှစ်ကာလ ရှည်လျားခဲ့ပြီဖြစ်၍ မေ့ပျောက်နေကြပြီဖြစ်သည်။ ယခု သူ့အနီး၌ ရပ်နေသူကား သူ၏အခြေအနေ၊ သူ၏ ဩဇာအာဏာဖြင့် ဤမိန်းမအား စကားကုန်ပြောစေရန် အခြားသူများထက်ပို၍ အမိန့်ပေးနိုင်သူပုဂ္ဂိုလ်ထူးဖြစ်သည်။ ယခုကဲ့သို့ သူ့မှာ ဝေ်ပြတ်နေသည့်အဖြစ်ကြောင့် ဤပုဂ္ဂိုလ်ကြီးနှင့် မျက်နှာချင်းဆိုင် ဆုံမိကြုံမိရခြင်းမှာ စိုင်ကော်၍ချုံပေါ်ရောက်ခြင်းသာ ဖြစ်သည်ဟု သူထင်လာမိလေ၏။

ထိုနောက် ပေါလ်မှာ မူးချာပတ်လည်သွားသလိုဖြစ်ရသည်။ သူ့မှာ နဂိုက အင်အားနည်းလျက်ရှိရာတွင် ယခုကဲ့သို့ အခါအခွင့်မျိုးကြုံလိုက်ရသဖြင့် ရုတ်တရက်စိတ်လှုပ်ရှားသည့်ဒဏ်ကို မခံနိုင်အောင်ဖြစ်သွားသည်။ သူ၏လည်ချောင်းများမှာ တစ်ဆို့နေသောကြောင့် စကားလုံးများ ပျောက်ကုန်သည်နှင့် သူ ဘာတစ်ခွန်းမှ မဟလိုက်မိတော့။ သူ၏ဦးခေါင်း ချာချာလည်ရာမှရပ်သွားပြီး သတိရလာတော့ သူ့ကျေးဇူးရှင်ကြီးမှာ သူ့အနားတွင် မရှိတော့။ သူ့ပျော့ညံ့မှုကို သူပြန်၍ ကျိန်ဆဲမိသည်။ အော့စဝေါ၏အိမ်ကြီးသို့ သူ ဖြောင်တော့ မသွားဝံ့။ သို့ရာတွင် သူ့အိမ်က အစေခံပြောစကားအရ သူတို့သခင်သည် ဗုဒ္ဓဟူးနေ့ညတိုင်း နိဗ္ဗာန်ဈေးသို့ သွားလေ့ရှိသည်ဆို၍ သူ့မှာ စိတ်ပျက်အားငယ်ရာကပင် နောက်ဗုဒ္ဓဟူးနေ့၌တစ်ကြိမ် အခါအခွင့်သင့်နိုင်သေးသည်ဟု သတိရလိုက်မိသည်။ သူ၏လက်ထဲတွင်ကျန်ရစ်သော ငွေဒင်္ဂါးလေးသည် လာဘ်ကောင်းသည့် အဆောင်သဖွယ်ဖြစ်ပေသည်။

နောက် ရက်အနည်းငယ်မှာကား အခြေအနေအတော်ပင်ဆိုးဝါးခဲ့လေသည်။ သီတင်းပတ်ကုန်ခါနီးတွင် အအေးဓာတ်ပိုကဲလာသည်။ ဆောင်းလေနှင့်အတူ ရေဝပ်တောဆီမှ အဆက်မပြတ်လွင့်မျော၍ ပါလာသော မြူခဲတို့သည် မြို့တော်ကြီးပေါ်တွင် ပိတ်ဆိုင်းအုံ့မှိုင်းလျက်ရှိသည်။ အုံ့ဆိုင်းလျက်ရှိသည့် မလင်းတလင်းအရောင်နှင့် လေထုထဲတွင် စက်ရုံအလုပ်ရုံတို့မှ မီးခိုးနံ့၊ ကနံ့မှုန့်နံ့တို့သည် ပျံ့လှိုင်လျက်ရှိသည်။ ပေါလ်မှာ ချောင်းတဟွတ်ဟွတ်ဆိုးသည့် ဝေဒနာစွဲကပ်လာသည်။ သူ သတိကြည်လင်သည့် အခိုက်အတန့်တွင် သူ ဤအတိုင်းနေသွား၍ မဖြစ်တော့သည်ကို သူ သိလိုက်သည်။

ထိုနောက် ဗုဒ္ဓဟူးနေ့သို့ရောက်သောအခါ သူ့မျှော်လင့်ချက်က သူ့အား အားသစ်အင်သစ် ဖြည့်တင်းပေးလိုက်ပြန်သည်။ သူသည် ခပ်စောစောပင် ပြောင်းဈေးဘက်သို့သွားကာ နိဗ္ဗာန်ဈေးသို့ စောစောရောက်နေကြသူများနှင့်အတူ နေရာယူလိုက်၏။ ညဥ့်အမှောင်ထုသည် လျင်မြန်စွာကျလာသည်။ ရေနံဆီမီးခွက်များကို ထွန်းညှိလိုက်သည်။ ပျဥ်ပြားကို ဖွင့်လှန်၍ချလိုက်သည်။ သူက စားစရာအတွက် တန်းစီစောင့်ဆိုင်းလျက်ရှိစဥ် ရုတ်တရက် သူ့ဘေးသို့ တစ်စုံတစ်ယောက်လာ၍ရပ်သည်ကို သတိပြုလိုက်မိ၏။ သူမျှော်လင့်တောင့်တနေသည့် ငွေဘုရင်တော့မဟုတ်။ တစ်ခဏကြာမှ သူ မျက်နှာကို မော်၍ကြည့်လိုက်သည်တွင် လီနာအန်ဒါဆန်ကို တွေ့လိုက်ရလေသည်။

*

## အခန်း – ၃

မှန်ပါသည်။ သူ ထိုနေရာ၌ရပ်နေစဥ် လီနာသည် သူ့ဘေးသို့ လာရပ်လိုက်ပါသည်။ သို့ရာတွင် ပေါလ်မှာ အပြောင်းလဲကြီးပြောင်းလဲခဲ့ပြီဖြစ်၍ လီနာမှာ ရင်ထဲတွင် ဆို့သွားသည်။

"သြော်၊ ပေါလ် ပါလား"ဟု လီနာက သူ့အား သွားရင်းလာရင်း ရှောင်တခင်တွေ့ရသလို ဟန်ဆောင်၍နှုတ်ဆက်လိုက်သည်။

မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်လျက် တစ်ဖက်သို့ လွှဲထားလိုက်သည်။ ဘာမှတော့ ပြန်မဖြေ။

"ရှင့်ကို တွေ့မယ်မထင်ဘူး၊ လာလေ၊ ကျွန်မနဲ့ လမ်းကလေးဘာလေး လျှောက်ရအောင်" ဟု သူက ဆက်၍ ပြောလိုက်သည်။

အတန်ကြာ တိတ်ဆိတ်နေပြီးမှ ပေါလ်က "ကိုယ် ဒီမှာစောင့်ရဦးမယ်"ဟု ပြောသည်။

"ဘာအတွက်လဲ"

လီနာအား ပြောပြနေ၍ နားလည်မည်မဟုတ်သည်ကို သူသိသည်။ သို့နှင့် သူက ခပ်ရှင်းရှင်းနှင့် ဘွင်းဘွင်းပင် ပြောချလိုက်သည်။

"တကယ်က ကိုယ် ဒီမှာ ညစာစားရမယ်လီနာ၊ ဒီနေရာလွတ်သွားရင် ငတ်မယ်"

ပေါလ်က ဒုံ့ဒိုးကြီးပင် မကွယ်မထောင့် ပြောချလိုက်တော့ လီနာမှာ ရင်နင့်ရပြန်သည်။

"ကျွန်မ အခုပဲ အိမ်ကို ပြန်တော့မှာပဲ၊ ကျွန်မနဲ့ အိမ်လိုက်ပြီး စားပါလား"

သူသည် လီနာဘက်သို့ လှည့်၍ စူးစိုက်ကြည့်နေလိုက်သည်။ လီနာက သူ့အား စိုးရိမ်တကြီး ကြည့်နေသည်ကို တွေ့ရပြန်တော့ သူ၏ နာကျင်လျက်ရှိသောနှလုံးသားမှာ အောင့်၍လာပြန်သည်။

"ကိုယ့်ဘဝထဲဝင်ပြီး မရောချင်ပါနဲ့လား လီနာရယ်" ဟု သူက တိုးတိုးဆိုသည်။

လီနာက မတုန်မလှုပ်ပင် ကြည့်မြဲစိုက်ကြည့်နေသည်။

"လာပါ ပေါလ်ရယ်၊ လိုက်ခဲ့ပါ"

ပေါလ်မှာ ငွေဘုရင်ကို မတွေ့တွေ့အောင်စောင့်မည်ဆိုသည့် အခိဋ္ဌာန်ကို ဖျက်မိတော့မည်ကဲ့သို့ဖြစ်ကာ ခေါင်းထဲတွင် မူးနောက်ရီဝေသွားသည်။

နောက်ဆုံးတွင် သူ၏ အနားဖွာလန်နေသည့် သူ့ဘောင်းဘီဖျားများနှင့် ကွဲအက်နေပြီဖြစ်သော ဖိနပ်ကိုငုံ့ကြည့်လိုက်ပြီး "ကိုယ် ဒီအတိုင်း မင်းနဲ့ လမ်းထဲလျှောက်သွားလို့ မဖြစ်ပါဘူး လီနာရယ်။ မင်း ပြန်ပါ၊ ကိုယ်ဒီမှာ နာရီဝက်လောက် နေချင်ပါသေးတယ်။ နောက်မှာ မင့်အိမ်ကို ကိုယ်လာခဲ့ပါမယ်" ဟု ဗလုံးဗထွေးပြောလိုက်ရ၏။

"တကယ်နော်" လီနာ အသက်ရှူ မြန်လျက်ရှိလေသည်။ ပေါလ်က ခေါင်းညိတ်ပြသည်။ လီနာလည်း တခဏမျှ ပေါလ်အား စိုးရိမ်မကင်းသည့်အကြည့်ဖြင့် ကြည့်နေလိုက်ပြီး နောက်ဆုံးတစ်ချက် လှမ်းကြည့်ကာ ခပ်ဖြည်းဖြည်းလျှောက်၍ ထွက်သွားလေ၏။

ပေါလ်လည်း ခေါင်းငိုက်စိုက်ချကာ လီနာထွက်သွားရာသို့ပင် လိုက်မကြည့်ဘဲနေလိုက်၏။ သို့ရာတွင် လူစိမ်းမျက်နှာစိမ်းများ၏အလယ်၌ လီနာအား မမျှော်လင့်ဘဲတွေ့လိုက်ရသောအခါ သူ့မှာ ကုသိုလ်ကံ အကျိုးပေးလှည့်ကြုံလေပြီလားဟု တွေးမိသည့်အလား စိတ်အားတက်ကြွကာ မျှော်လင့်ချက်ရောင်ခြည်များလည်း သန်း၍လာပြန်လေသည်။

အင်္ဂလန်ပြည်၏ ဆောင်းမိုးရာသီက မညှာမတာ မိုးကြောင်းကြီးများစောင်းလျက် ရွာချလိုက်ပြန်သည်။ အလိုအလျောက်ပင် ပေါလ်သည် သူ၏အင်္ကျီကော်လာကို ဆွဲတင်လိုက်သည်။ ကော်ဖီနှင့် ပေါင်မုန့်ဝေငှခြင်းများလည်း စပြီဖြစ်၍ ပေါလ်လည်း လူတန်းကြီးနှင့်အတူ တရွေ့ရွေ့ရှေ့သို့တိုးသွားရင်း အီနေ့အော့စဝေါ်အလာကို တမျှော်မျှော်ရှိလေ၏။

ဤညမှုပင် ငွေဘုရင်က လာနိုင်ခဲလှသည်။ ပေါလ် ကောင်တာပျဉ်ပြားသို့ ချဉ်းကပ်မိသည့်အချိန်အထိ ငွေဘုရင်က မရောက်လာသေး။ သူလည်း စိတ်ထဲက မတင်မကျနှင့်ပင် ဈေးပတ်ဝန်းကျင်ဆီသို့ လှည့်ပတ်ကြည့်လိုက်ပြီး ကော်ဖီထည့်ပေးနေသူဘက်သို့လှည့်ကာ "ဒီည ဆရာကြီး နောက်ကျတယ်နော်" ဟု စုံစမ်းသလိုလို ဆိုလိုက်၏။

ထိုသူက ကော်ဖီပန်းကန်အသစ်များနှင့် လင်ပန်းကိုချပေးရင်း "ဆရာကြီး မနက်ဖြန်မှပဲ လာတော့မယ်ခင်ဗျ"ဟု ဖြေသည်။

ပေါလ်မှာ အကြီးအကျယ်စိတ်ပျက်သွား၏။ သူက ငွေဘုရင်နှင့်တွေ့ရန် အားခဲထားသဖြင့် တစ်ရက်တာကလေး ရွှေ့ဆိုင်းလိုက်သည်ကိုပင် သူ့မှာမငြိမ်မသက်နိုင်အောင် ဖြစ်ရသည်။ နောက်က လူတန်းကြီးကလည်း ဖိ၍တိုးလာသည်။ သူသည် သူ့အတွက်ပေးသော ပေါင်မုန့်ကိုလည်း မယူမိ။ ကော်ဖီကိုလည်း မယူမိဘဲ တစ်ခဏမျှ မလှုပ်မယှက်နေပြီးမှ စိတ်ထဲက မတင်မကျနှင့်ပင် ဈေးရုံမှ နာရီကြီးကို တစ်ချက်လှမ်းကြည့်ကာ ဘာမပြောညာမပြော သူ၏ခြေများကို လေးလံစွာဆွဲ၍ ညစ်ပတ်ပေရေလှသည့် စကြံလမ်းအတိုင်း လျှောက်ထွက်လာလေတော့သည်။

လီနာသည် အိမ်သို့ပြန်သွားသည် မဟုတ်ချေ။ လမ်းတစ်ဖက်ရှိ တစ်နေရာ၌ ခိုနေခြင်းသာဖြစ်လေရာ ပန်းခြံထောင့်သို့ရောက်သောအခါ ပေါလ်အား မီလာသည်။

"ပေါလ်ရေ လာ"

ပေါလ်က "တကယ်ဆိုရင်၊ မူအရတော့ ဒီလိုလေ၊ အကျိုးနဲ့အကြောင်းနဲ့ ဆင်ခြင်ရင်ပေါ့လေ။ အို ကိုယ်မပြောတတ်တော့ပါဘူး" ဟု မရေမရာ လျှောက်ပြောသည်။

လီနာ ထိတ်လန့်သွားသည်။ သူ ဆုတ်ဆိုင်း၍မနေနိုင်တော့။ ပေါလ်၏လက်မောင်းကို သွား၍တွယ်ထားလိုက်သည်။ သူက ပေါလ်အား ဆွဲခေါ်လာတော့ ပေါလ်လည်း လိုက်လာသည်။ သူတို့ ကုန်စျေးတန်းသို့ရောက်သည်အထိ ပေါလ်သည် စကားတစ်ခွန်းမျှမပြောသော်လည်း တစ်ချက်တစ်ချက်တွင် သူ့ကိုယ်သူစကားပြောလိုက်သလို နှုတ်ခမ်းများလှုပ်သည်ကို လီနာမြင်ရ၏။ တစ်ခါနှစ်ခါ သူသည် ပခုံးပေါ်မှကျော်၍ နောက်သို့ သမင်လည်ပြန်ကြည့်သည်။

အိမ်သို့ရောက်၍ ပေါလ်က အိမ်ထဲဝင်ပြီး လှေကားကိုတက်တော့ လီနာ၏မျက်နှာမှာ ရှေးကထက်ဖြူရော်လာသော်လည်း သူ့အမူအရာမှာ ခိုင်မာပြတ်သားပါသည်။ အိမ်ခန်းအဝင် လှေကားတက်သို့ရောက်တော့ လီနာက ပေါလ်အား မျက်နှာချင်းဆိုင်လိုက်သည်။ သူ့ရင်ထဲက တုန်လျက်ရှိသော်လည်း အသံကတော့ တည်ငြိမ်ပါသည်။

"ခဏနေ ညစာ စားရမယ်။ ဒါပေမယ့် အဝတ်အစားလေး ဘာလေး အရင်လဲလိုက်ဦး"

လီနာက ပေါလ်အား ရေချိုးခန်းပြပေးပြီး ရေနွေးပိုက်ကို ဖွင့်ပေးကာ ဆပ်ပြာ၊ မျက်နှာသုတ်ပုဝါ၊ သူ့သေတ္တာထဲက မုတ်ဆိတ်ရိတ်ကိရိယာအစုံနှင့် အဝတ်လဲစရာတို့ကို ယူလာပေးသည်။ သန့်ပြန့်စင်ကြယ်သော ဤအဝတ်အစားများနှင့် ပစ္စည်းစုကိုကြည့်ရင်း ပေါလ်မှာ အံ့သြလျက်ရှိ၏။

"ဒါ ဘယ်သူ့ဟာတွေလဲ လီနာ"

လီနာက လျင်မြန်စွာပင် "ရှင့်ဟာတွေပါပဲ။ ကဲ ဘာမှ လျှောက်မေးမနေနဲ့။ လုပ်စရာရှိတာသာ လုပ်" ဟု ပြောလိုက်၏။

ပေါလ် ရေချိုးခန်း၌ရှိနေစဉ် လီနာသည် ဧည့်ခန်းက မီးကိုထည့်လိုက်ပြီး သူ၏မီးဖိုခန်းငယ်ကလေး တစ်ခုထဲသို့ဝင်ကာ မီးဖိုပေါ်တွင် ဒယ်အိုးနှစ်ခုတင်၍ စားပွဲကိုလည်း သုတ်သုတ်ခင်းလိုက်သည်။ ပေါလ် မုတ်ဆိတ်ရိတ်ပြီး သက္ကလပ်ဘောင်းဘီနှင့် အင်္ကျီကော်လာဖွင့်ဝတ်လျက် ထွက်လာတော့ လီနာလည်း အဆင်သင့်ဖြစ်လုနေပြီ ဖြစ်၏။ သူက ဘာမှမပြောဘဲ စားပွဲတွင် ကုလားထိုင်တစ်လုံးထိုးပေးပြီး ပေါလ်အား အထိုင်ခိုင်းကာ သူ့ရှေ့တွင် ဟင်းချိုတစ်ပန်းကန်ချပေးလိုက်သည်။

ပေါလ်မှာ သူ့ရှေ့က စားပွဲပေါ်တွင်ချထားသော ဇွန်းကိုပင် မကောက်မိပဲ ဟင်းချိုပန်းကန်ကို လက်နှစ်ဖက်ဖြင့် ကိုင်လိုက်မိသေးသည်။ နောက်မှ ဇွန်းဖြင့် ဟင်းချိုပျစ်ပျစ်ထဲသို့ နှစ်၍ခပ်ကာ တုန်ရင်သောလက်များဖြင့် သူ့ပါးစပ်ဆီသို့မ၍ ယူလိုက်သည်။ ဟင်းချိုတစ်ပန်းကန်ကုန်သွားသောအခါ လီနာက သားပြွမ်းဟင်းတစ်ပန်းကန် ချပေးသည်။ ပေါလ်သည် လေးနက်စွာစဉ်းစားရင်း ခေါင်းငုံ၍စားနေစဉ် လီနာစောင့်ကြည့်နေသည်ကိုပင် သူမမြင်ပေ။ ပေါလ်မှာ မြင်မကောင်းလောက်အောင် ပိန်ချုံးလျက်ရှိသည်။ ထိုထက်ဆိုးသည်ကား သူ၏မျက်နှာမှာ ဘာအမူအရာမှမပေါ်အောင် ခြောက်သွေ့မာကျော၍နေခြင်းပင်ဖြစ်သည်။ စားသောက်၍ ပြီးသွားသောအခါ သူသည် သက်ပြင်းတစ်ချက်ချ၍ ခေါင်းကိုမော့လိုက်သည်။ ပြီးမှ

"ကိုယ် ဒီလိုမစားရတာ ရက်ပေါင်းများစွာရှိပြီ လီနာ" ဟုဆိုလိုက်၏။

လီနာက သူ့မျက်လုံးထဲတွင် အလိုလိုဝဲ၍ ပြည့်၍ အိုင်လာသောမျက်ရည်များကို ပေါလ်မမြင်အောင် ထိုင်ရာမှထကာ "ရှင်အခု အတော်နေသာထိုင်သာ ရှိသွားပြီလား" ဟု မေးလိုက်သည်။

ပေါလ်က "ဟာ သိပ်ကို ကောင်းသွားပြီ"ဟု ဖြေလိုက်ပြီး သွားမည်ကဲ့သို့ ထိုင်ရာမှ ထလိုက်၏။ သူ့မှာ အမြဲလှုပ်ရှားနေရမည်ဟု စိတ်ထဲတွင် စွဲ၍များ နေလေသလားမသိ။

ရုတ်တရက်ပင် လီနာက ပေါလ်၏ကုလားထိုင်ကို မီးလင်းဖိုဘက်သို့ လှည့်ပေးလိုက်သည်။ သူထိုင်ဖို့ဆိုသည်ကို နားလည်သွားသောအခါ ပေါလ်လည်း လက်နှစ်ဖက်ကို ယှက်လျက်ဝင်ထိုင်ပြီး မီးတောက်များကို စိုက်ကြည့်နေလိုက်သည်။ ထိုင်နေရင်းမှ သူသည် တစ်စုံတစ်ခုကို အံ့ဩသလို၊ စိုးရိမ်မကင်းဖြစ်နေသလို အခန်းထဲသို့ လှည့်၍ကြည့်ကာ နွေးနွေးထွေးထွေးရှိလှသော ဤအခန်းငယ်၏ နံရံလေးဘက်တို့ကို အသစ်အဆန်းသဖွယ် အာရုံဝင်စား၍ နေပြန်လေသည်။

လီနာသည် စားပွဲကိုသိမ်းရင်းက ပေါလ်အားလှမ်းကြည့်ကာ တစ်စုံတစ်ခုကို တင်းမာစွာ ဆုံးဖြတ်ထားလိုက်ဟန်တူပေသည်။ သူ့အိမ်ရှင် မစ္စက်ဟန်လေမရှိခိုက်တွင် ဤသို့လာကြုံရသည်မှာတော့ သူ့အဖို့ အတော်ခက်ခဲသည့် အခြေအနေဖြစ်နေသည်။ သို့သော် သူ နောက်ကိုတော့ မဆုတ်။ ဆေး၍ကြော၍ပြီးသောအခါ ပင့်ထားသောသူ့အင်္ကျီလက်ကိုဖြန့်ချကာ တိတ်ဆိတ်စွာပင် အပြင်သို့ထွက်သွားသည်။ ဆယ်မိနစ်ခန့်ကြာလျှင် သူ ပြန်ဝင်လာပြီး ပေါလ် ထိုင်လျက်ပင် မီးတောက်များကို စိုက်ကြည့်နေရာသို့ လာခဲ့၏။

လီနာရောက်လာသည်ကို ရုတ်တရက်သိလိုက်တော့ ပေါလ်သည် ထိုင်ရာမှ ထလိုက်၏။

"ကိုယ်သွားဖို့ အချိန်တော်ပြီ လီနာ"

"ဘယ်ကို သွားမှာလဲ"

"ဟိုတယ်ကို ပြန်ရမှာပေါ့"

"အဲဒီ ဟိုတယ်က ဘယ်မှာလဲ"

ပေါလ်က အားယူ၍ ပြုံးလိုက်သော်လည်း သူ့မျက်နှာက ပြုံးမဖြစ်။ သူ ပခုံးလျှောကာ ခေါင်းငိုက်စိုက်ကျသွားသည်။

"ပေါင်းကူးတွေ အောက်မှာပေါ့။ ကဲ၊ ဒီနေရာကို စောစောမရောက်ရင်လဲ မိုးလုံလေလုံနေရာ မရဘူး" ဟုပြောရင်း တိုတိုတောင်းတောင်းရယ်မိကာ သူ့မှာ သိမ့်သိမ့်ခါသွားသည်။

"မိုးရေထဲမှာဆိုရင် တကိုယ်လုံးဟာ စိုထိုင်းနေတော့တာပဲ"

လီနာက "မသွားရဘူး၊ ရှင် မသွားရဘူး" ဟု ဆိုလိုက်သည်။

ပေါလ်က ရုတ်တရက် စိတ်အနှောက်အယှက်ဖြစ်လာသလို "သွားရမယ် လီနာ၊ ကိုယ်တညလုံး လမ်းလျှောက်ချည်း မနေနိုင်ဘူးဆိုတာ မင်းနားမလည်ဘူးလား။ ကုတ်အင်္ကျီသာပေးပါ။ အဲဒီမှာ ကိုယ်နေရာမရရင် ကိုယ် ဘယ်သွားအိပ်ရမလဲ" ဟု ဆိုလိုက်သည်။

လီနာက "ဒီမှာ အိပ်ပေါ့။ ရှင် ဒီမှာ အိပ်ရမှာပေါ့။ မစ္စက်ဟန်လေရဲ့ အခန်းပိုတစ်ခုမှာ ရှင် အိပ်နိုင်တာပဲ။ ရှင့်အဖို့ စောစောအိပ်ရာဝင်လေ ကောင်းလေပဲ" ဟု ပြောလိုက်၏။

လီနာက ချာကနဲလှည့်ကာ လှေကားတက်တစ်ဆစ်ချိုးအထိ ပေါလ်အား ခေါ်သွားပြီး သူ့အတွက် ပြင်ဆင်ထားပြီးဖြစ်သည့် အခန်းတံခါးကိုဖွင့်ပေးလိုက်၏။ ခန်းဆီးအနီကြီးများ ဆွဲထားသည်။ မီးထွန်းထားသည်။ မီးလင်းဖိုများ၌ မီးများထည့်ထားသည်။ အိပ်ရာဖုံးနှင့် စောင်များကိုလည်း လှန်ချပေးထားသည်။

ပေါလ်သည် ဤမျှ ရွှင်လန်းဝမ်းမြောက်ဖွယ် နွေးနွေးထွေးထွေးရှိသည့်အဖြစ်ကို သဘောမပေါက်နိုင်သေးသလို သူ၏မျက်လုံးများကို လက်ဖမိုးဖြင့် အသာအယာပွတ်ရင်း အံ့အားသင့်ရာကပင် ဝင့်ကြွားသည့်လေသံမျိုးဖြင့် "တကယ်ပဲကွာ၊ ညစာရယ်၊ အိပ်ရာရယ်၊ ကိုယ်တော့ လီနာ့ကျေးဇူးတွေကို ဘယ်လိုတောင်" ဟု ပြောနေသဖြင့် လီနာက စိတ်မရှည်သလိုလေသံဖြင့် "အို ပေါလ်ရယ်၊ ဘာမှ ပြောမနေပါနဲ့တော့။ အိပ်ရာထဲဝင်ပြီး ပျော်အောင်သာ အိပ်ပစ်လိုက်တော့ပေါ့" ဟု ခပ်တိုးတိုးဆိုလိုက်ရ၏။

ပေါလ်လည်း "အင်း၊ ဟုတ်တယ်၊ ဒါပဲ ရှိတော့တာပေါ့၊ ပျော်အောင်သာ အိပ်လိုက်ဖို့ပဲ" ဟု သံယောင်လိုက်၍ ပြောလိုက်သည်။

အခန်းဝ၌ သူတို့ရပ်လျက်ရှိကြစဉ် အပြင်ဘက်မှ လေပြင်းတစ်ချက်ဝှေ့လိုက်သဖြင့် ပြူတင်းမှန်များကို မိုးပေါက်များ ပက်လာသည်။ ပေါလ်လည်း ချမ်းအေးမှောင်မိုက်လှသည့် အပြင်လောကဓာတ်ကို တွေးမိကာ အလိုလိုကြက်သီးထလျက် ကလေးငယ်ပမာ ပင့်သက်တစ်ချက် ရှိုက်လိုက်မိသည်။ ထိုနောက် သူ့မျက်နှာရှုံ့မဲ့နေသည်ကို လီနာမမြင်အောင် ဘေးသို့လွှဲကာ အခန်းထဲသို့ဝင်ခဲ့ပြီး တံခါးကို ပိတ်လိုက်လေသည်။

*

## အခန်း – ၄

ပေါလ် အိပ်ရာကနိုးလာသောအခါ သူ့အခန်းထဲသို့ အလင်းရောင်များ ဝင်လျက်ရှိပြီ။ တခဏမျှ သူ ငြိမ်သက်စွာ အိပ်နေလိုက်ပြီး သူဘယ်ရောက်နေသည်ကို ပြန်စဉ်းစားသည်။ ထိုနောက် တစ်ဖက်ခန်းမှအသံပလံများ ကြားရသဖြင့် အိပ်ရာမှထကာ ခပ်သုတ်သုတ်အဝတ်အစားလဲလိုက်ပြီး မီးဖိုထဲသို့ သွားလိုက်သည်။ လီနာသည် မီးဖိုထဲတွင် နံနက်စာ ပြင်ဆင်လျက်ရှိ၏။ ပေါလ်ဝင်လာတော့ လီနာမှာ ရုတ်တရက်မျက်နှာနီမြန်းသွားသည်။ ညက သူ ပေါလ်အကြောင်း စဉ်းစားနေမိသည်နှင့် ကောင်းစွာ အိပ်မရခဲ့။ ပေါလ် သူ့အနီးသို့ရောက်လာသည်ကိုလည်း တွေးနေသည်။ သူ့အိမ်ရှင် မရှိခိုက်တွင် အိမ်ခန်းကို ပိုင်စိုးပိုင်နင်း လုပ်လိုက်မိသည်။ သို့သော် သူ့အခြေအနေက မည်မျှပင် ခက်ခဲ၍နေစေကာမူ သူ ဖြစ်သည့်နည်းနှင့် ပေါလ်အား လမ်းဘေးသို့ ပြန်မသွားစေဘဲ အနည်းဆုံး မစ္စက်ဟန်လေ ပြန်လာသည်အထိဖြစ်ဖြစ် သူ့ဆီတွင် ခေါ်ထားရန် စိတ်ထဲကရှိနေသည်။ ပေါလ်အား ကော်ဖီငှဲ့ပေးကာ ကြက်ဥပြုတ်နှင့် ပေါင်မုန့်ထောပတ်သုတ်များပေးပြီး သူစားသည်ကို ကြည့်နေလိုက်၏။ ပေါလ်ကလည်း စကားများကို အသာလျှိုထားတာ အကောင်းဆုံးဟု အောက်မေ့ထားလိုက်သည်။ နောက်ဆုံး

လီနာလည်း နံနက်စာစားပြီးသောအခါ ဘာမှ ပြောဆိုမနေတော့ဘဲ ပေါလ်ရှိနေသည်မှာ ဘာမှ မဆန်းသလိုပင် ဘိုနန်ဇာသို့ ထွက်သွားလေ၏။

လီနာထွက်သွားသောအခါ ပေါလ်လည်း သူ့အခန်းသို့ပြန်ကာ ပင်ပန်းနွမ်းနယ်လှသဖြင့် ထိုအခန်းထဲမှာပင် တစ်နံနက်ခင်းလုံးလိုလို နေလိုက်၏။

ကြမ်းတမ်းသော ဘဝခရီးကို ဖြတ်လာခဲ့ပြီ။ အခိုက်အတန့်ပင်ဖြစ်စေဦးတော့၊ ဤကဲ့သို့သော မိုးလုံလေလုံအန္တရာယ်ကင်း ဘေးကင်းနေရာမျိုးသို့ ရောက်နေရသောအခါ သူ့မှာ စဉ်းစားတွေးတောစရာအခါအခွင့် ကောင်းလာသည်။ ပေါင်းကူးကြီးများအောက်တွင် အိပ်ရသည့် စိတ်ညစ်စရာအခြေအနေမှ ကင်းလွတ်၍ အဝတ်ကောင်းနှင့် အစားကောင်းနှင့် ဖြစ်လာသဖြင့်လည်း သူ့မှာ သတ္တိပြန်ရှိလာပြီ။ သူ၏ ဦးနှောက်ကလည်း ပိုမိုကြည်လင်စွာ အလုပ်လုပ်နိုင်လာသည်ဖြစ်ရာ နောက်ဆုံး၌ မစ္စတာအော့စဝေါအား သူ၏နေအိမ်သို့ သွား၍တွေ့နိုင်ရန် အားထုတ်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ညနေ လေးနာရီခန့်တွင် သူသည် အိမ်ခန်းမှ ထွက်လာခဲ့သည်။ ပေါ်လောက်ကုန်းမှာ ခရီးအတော်လှမ်းသဖြင့် သူ ပန်းခြံကိုဖြတ်တော့ လမ်းရှိခုံကလေးများပေါ်တွင် နှစ်ထောက်သုံးထောက်နားရသည်။ သို့သော် တစ်နာရီလောက်ကြာတော့ သူ ကာလအတော်ကြာရှောင်နေခဲ့သည့် ထိုဒေသအနီးအနားသို့ ရောက်လာခဲ့သည်။

သူ ပေါ်လောက်ဘက်သို့အကူး၊ ကားလမ်းကိုဖြတ်မည်အပြု၊ လမ်းထောင့်တစ်နေရာသို့အရောက်တွင် လူတစ်ယောက်သည် သူ့အားဖြတ်သွားရင်း မိုန်ပျပျအလင်းရောင်ဖြင့် စိုက်ကြည့်သွားကာ အတော်ကလေးလွန်သွားမှ ရပ်ပြီး ပြန်လှည့်လာသည်ကို တွေ့လိုက်ရ၏။ သူကား ရှိုင်ယက်အုခ်မှ စားပွဲထိုး ဂျက်ဆိုသူဖြစ်သည်။

ဂျက်က "ဟာ၊ ကိုယ့်လူပဲ" ဟုဆိုလိုက်ပြီးမှ "ခင်ဗျားကို ပေးစရာရှိလို့ဗျ" ဟု ဆက်ပြောသည်။

ဤစကားများသည် ဘာမှစိတ်မဝင်စားသလိုဖြစ်နေသော ပေါလ်ထံသို့ ဖောက်ထွင်းဝင်ရောက်လာကြသည်။ သူက တုံဏှိဘာဝေ ရပ်နေတော့ ဂျက်က သူ့အိတ်ထဲမှ စုတ်ပြတ်နေသော ပိုက်ဆံအိတ်ကလေးကို ထုတ်ကာ ထိုအထဲတွင် တစ်စုံတစ်ခုကို ရှာနေသည်။

အတန်ကြာမှ "ဟော၊ ဒီမှာ တွေ့ပြီ။ ဒါ ကျုပ်ဆီရောက်နေတာ နှစ်ပတ်လောက်တောင်ရှိသွားပြီ။ လူဝီဇာဘတ်က ခင်ဗျားကို အပေးခိုင်းထားခဲ့တာ" ဟု စာအိတ်တစ်ခု ထုတ်ပေးသည်။

ပေါလ်လည်း စားပွဲထိုး လှမ်းပေးသော ညစ်ညစ်ပတ်ပတ် စာအိတ်ကလေးကို အထိတ်တလန့်လှမ်းကြည့်ကာ မသိမသာ စိတ်လှုပ်ရှားသွားသည်။ သူက စာအိတ်ကို လှမ်းယူလိုက်သည်။ ဂျက်သည် သူ့အား ပိုမိုစူးရှစွာ စူးစမ်းသလိုကြည့်နေလိုက်ပြီး "ခင်ဗျားကို မတွေ့တာ ကြာပါပကော" ဟုဆိုလိုက်သည်။ ပေါလ်က "ဟုတ်တယ်၊ သိပ် မတွေ့တော့ဘူး" ဟုသာ ပြန်ပြောသည်။

"အခြေအနေ သိပ်မဟန်ဘူး"

ပေါလ်က စိတ်လက်မပါဘဲ ဖြေနေပြီး စာအိတ်ကိုသာ စိုက်ကြည့်နေစဉ်၊ တစ်စုံတစ်ခုက သူ့အား မသဲမကွဲ သတိပေးနေသလို ထင်နေမိလေသည်။

တိတ်ဆိတ်ငြိမ်သက်နေသဖြင့် စားပွဲထိုးလည်း အနေရခက်ဟန်တူ၏။

အတော်ကြာမှ "ကဲ၊ ကျွန်တော် သွားလိုက်ဦးမယ်ဗျာ" ဟု နှုတ်ဆက်ကာ ပေါလ်အား နောက်ဆုံးတစ်ချက် လှမ်းကြည့်လိုက်ပြီး ဆတ်ကနဲ ပခုံးချီ၍ လမ်းထဲသို့ လှည့်ထွက်သွားလေတော့သည်။

စားပွဲထိုး မျက်စိတစ်ဆုံးသို့ရောက်ပြီး ပျောက်ကွယ်သွားသည့်တိုင်အောင် ပေါလ်မှာ နေဝင်ရီတရောအလင်းရောင်တွင် မလှုပ်မယှက်ရပ်လျက်ပင်ကျန်ရစ်သည်။ သူသည် သူ၏ ဖြူရော်နေသော နှုတ်ခမ်းများကို လျှာထိပ်ဖြင့် ပွတ်သပ်လိုက်ပြီး သူ၏လက်ထဲတွင် ကြေမွနေသော စာအိတ်ကလေးကိုကိုင်ကာ နီးရာဓာတ်မီးတိုင်ဆီသို့ ခပ်သုတ်သုတ်သွား၍ စာအိတ်ကိုဖွင့်လိုက်သည်။ ထိုနောက် မီးတိုင်မှ မလင်းတလင်းအရောင်တွင် စာရွက်ကိုထောင်၍ ဖတ်လိုက်သည်။

## ကိုလူလယ်ကြီးရှင့်

ရှင် ကျွန်မကို အရူးလုပ်ဖို့ ကြံစည်တာ ကျွန်မရိပ်မိပါတယ်။ ကျွန်မကလဲ ရှင်သိအောင် ပြောရသေးတာပေါ့။ ကျွန်မ အခု လက်ထပ်တော့မယ်။ ဘုရားရှိခိုးကျောင်းမှာ အကျအန မင်္ဂလာဆောင်တော့မှာမို့ ရှင် ဂရုတစိုက်လုပ်တာတို့၊ ရှင့် ကတိစကားတို့ ကျွန်မအဖို့ မလိုတော့ပါဘူး လူကြီးမင်းရှင့်။ လက်ထပ်ပြီးတော့ နောက်တစ်လမှာ ကျွန်မနဲ့ကျွန်မယောကျ်ား နယူးဇီလန်ကို သွားနေဖို့လဲ မစ္စတာအော့စဝေါက အစီအစဉ်တွေ လုပ်ပေးပြီးပါပြီ။ ကျွန်မတို့ အရင်မိတ်ဆွေ အက်ဒဝက်ကောလင်းတို့ကိုလဲ မစ္စတာအော့စဝေါက ဒီလိုပဲ လုပ်ပေးလိုက်ပါတယ်။ ဟိုရောက်ရင် ကျွန်မတို့ သူတို့နဲ့ ပြန်တွေ့ကြရဦးမှာပေါ့။ ကျွန်မအကြောင်းကို ရှင်တွေးမိရင် ရေသစ်မြေသစ်မှာ စည်းစိမ်ရှိရှိဘဝနဲ့ ဟန်ကျပန်ကျဖြစ်နေပြီလို့သာ မှတ်ပါတော့။ ရှင်တော့ ရင်ဆို့ပြီး ကျန်ရစ်ကရောပေါ့။

သင့်

**လူဝီဇာဘတ်**

**PC** ရှင် ကျွန်မကို တစ်ခါမှ မညာခဲ့တဲ့အတွက် ရှင်ကိုတော့ ကျွန်မ သနားပါတယ်။

ပေါလ်လည်း အမြင်ကြည်လင်လာသော သူ၏မျက်လုံးများကို အထက်သို့ ပင့်လိုက်၏။ တကယ်တော့ ဤကိစ္စ ဘာမျှ မဟုတ်။ သို့ရာတွင် အီနေသော ရေမျက်နှာပြင်တွင် မြူခိုးများ ဝေ့၍တက်လာသလို သူ၏စိတ်ထဲတွင် ထူးဆန်းသောအတွေးများ ပေါ်လာခဲ့လေသည်။ သူသည် စိတ်ထဲက မသက်မသာပင် တစ်စုံတစ်ခုကို အရိပ်နှင့်အကောင် သဲကွဲအောင် အားထုတ်၍စဉ်းစားရင်း မလင်းတလင်းကောင်းကင်ရောင်ထဲတွင် ရွှေ့လျားမျောပါ၍ နေခဲ့လေသည်။ သူ့ရှေ့ကလမ်းပေါ်တွင် လှုပ်လှုပ်ရွရွများကို မသဲမကွဲ မြင်နေရသည်။ သူ၏ဦးခေါင်းထဲတွင်လည်း တဝီဝီတဇီဇီမြည်လျက်ရှိသည်။ ထိုအခိုက် ရက်ပေါင်းများစွာ မလှုပ်မရှားဘဲနေခဲ့သော သူ၏စိတ်တို့သည် ငြိမ်သက်နေရာမှ ရုတ်တရက်ရှိသမျှ အင်အားအကုန်စိုက်ထုတ်၍ထလာသလို ကြည်လင်ဝင်းထိန်၍လာသည်ကို တွေ့လိုက်ရ၏။ တဖြည်းဖြည်းချင်းပင် ဖုံးအုပ်နေသည့် မြူတိမ်များ ရွှေ့လျားလွင့်စဉ်သွားကြလေသည်။

ပခုံးတစ်ဖက်ကိုစောင်းလျက် လက်တစ်ဖက်ကို လေတဟူးဟူးတိုက်ခတ်နေသည့်ကြားက မီးရောင်ဆီသို့ဆန့်တန်းကာ မိုက်မိုက်မဲမဲ အရွဲ့တိုက်လိုက်သံ နာကျည်းသူ၏ အပေါ်စားမာနသံတို့ဖြင့် မွှန်နေအောင်ရေးလိုက်သည့် လူဝီဇာဘတ်၏စာကို တစ်ခေါက်ပြန်၍ဖတ်လိုက်သည်။ အထူးသဖြင့်ကား မီးတောက်မီးလျှံဖြင့် ရေးထားသည့်ပမာ ကြောက်မက်ဖွယ်ထင်ရှားနေသည့် အရေးကြီးသည့် စာတစ်ပိုဒ် 'ကျွန်မတို့ အရင် ကျွန်မ မိတ်ဆွေ အက်ဒဝပ်ကောလင်းကိုလဲ'။ မလင်းတလင်းမီးရောင်တွင် ပေါလ်၏မျက်လုံးမှာ အရောင်တောက်လျက်ရှိကြသည်။ သူ၏နထင်ဆီမှသွေးတို့သည်လည်း လျင်မြန်၍လာလေသည်။

ပေါလ်လည်း စာကို လက်တစ်ဘက်ကကိုင်လျက် မတန်တဆလေးလံသောအရာတစ်ခုဖြင့် အထုအထောင်းခံထားရသလို လမ်းမီးတိုင်ကိုဖမ်း၍ တွယ်ထားလိုက်ရ၏။ ဒါကို အရင်က သူဘာကြောင့် မတွေးခဲ့မိပါလိမ့်။ သူ၏ခေါင်းထဲတွင် ချာချာလည်လျက်ရှိရာမှ တည်ငြိမ်သွားအောင် ကြိုးစားကာ သူ၏မူးနောက်ရီဝေသော အတွေးများကို ပြန်လှန်စဉ်းစား၍ နေလိုက်၏။

အော့စဝေါ်အိမ်ကြီးတွင် လူဝီဇာဘတ် အလုပ်လုပ်လာခဲ့သည်မှာ ဆယ်နှစ်မျှ ရှိခဲ့ပြီ။ ထူးခြားနေသော်လည်း ဤအချက်တစ်ခုတည်းသာ စဉ်းစားလျှင် သိပ်ကိစ္စမရှိ။ သို့သော် ထိုအိမ်ထောင်စုမှာပင် ဘတ်နှင့်အတူ အလုပ်လုပ်ခဲ့သူမှာ အက်ဒဝပ်ကောလင်းဖြစ်သည်ဆိုသည့်အချက်နှင့် တွဲဖက်စဉ်းစားလိုက်လျှင်မူကား ချက်ချင်းပင် အထူးထင်ရှား၍လာလေတော့သည်။

ဟုတ်ပါသည်။ မက်ထရီအမှုတွင် အရေးကြီးဆုံးသက်သေများ ဖြစ်ခဲ့ကြသူ ဤငယ်ရွယ်သူနှစ်ယောက်စလုံးသည် မည်သို့မည်ပုံ ဤအော့စဝေါမိသားစုထံတွင် အလုပ်အတူ ဝင်လုပ်မိကြရပါလိမ့်။ ဒါကတော့ မစ္စတာအော့စဝေါ၏ လူလူချင်းအပေါ်ထားရှိသည့် စေတနာသဒ္ဓါတရားကြောင့် ဆိုပါတော့။ သို့တစေ နောက်ဆုံး သူတို့နှစ်ယောက်စလုံးအား အသီးသီး အိမ်ထောင်ချပေးကာ ကမ္ဘာ၏အဝေးဆုံးချောင်ကြားထိအောင် ပို့ဆောင်ပေးလိုက်သည့် သူ၏စိတ်ကောင်းစေတနာမှာမူကား ထူးခြားဆန်းပြား၍နေပေတော့သည်။

ပေါလ်၏ တစ်ကိုယ်လုံးမှာ တုန်ခါလျက် သူ၏စိတ်ကူးမြင်ကွင်းထဲသို့ အီနောအော့စဝေါ၏ ပုံသဏ္ဌာန်သည် ရုတ်တရက်ပေါ်လာခဲ့သည်။ အရပ်အမောင်းမြင့်မြင့်မားမားနှင့် သူ၏ဇရာမဦးခေါင်းကြီးသည် ကြီးမားကျယ်ပြန့်သော ပခုံးနှစ်ဖက်ကြားတွင် မြုပ်လျက်၊ သူ၏ ဖြူဖြူဖွေးဖွေးမျက်ခုံးမွေးများ၏အောက်၌လည်း စိတ်ကောင်းစေတနာကောင်းရှိသည့်အသွင်ပေါ်လွင်သည့် မျက်လုံးနက်များ။ ဤပုဂ္ဂိုလ်ကြီးသည် တစ်နည်းနည်းဖြင့် ဤအမှုတွင် ပါဝင်ပတ်သက်၍များနေလေရော့သလား။

ပေါလ်သည် အထူးတလည်အာရုံစူးစိုက်လျက် သူ့အတွေးများကို တစ်လှမ်းချင်း၊ တစ်ထစ်ချင်း မျှော့သွေးစမ်းသလို စမ်း၍ တွေးတောခဲ့သည်။ ဘာကြောင့် ဤသို့ဖြစ်သည်ကိုတော့ သူ မပြောတတ်။ သို့သော် ထိုအခိုက်အတန့်လေးမှာပင် သူ၏ စိတ်အာရုံတစ်ခုလုံးသည် ထူးခြားသော သတိတစ်ခုဆီသို့ ဦးတည်လျက်ရှိ၏။ ယင်းကား နှင်းမုန်တိုင်းကျသည့်ညက မှောင်မိုက်သည့်လှေကားထက်၌ အဲလဘတ်ပရစ်စတီနှင့် စကားပြောသွားသည့်လူ၏အသံ။ ဥရောကုန်းအိမ်ရှင်။

ဤသံသယအသစ်သည် အမှောင်ထုထဲမှ မီးမောင်းထိုးလိုက်သည့်ပမာ ပေါလ်ထံသို့ရောက်လာသည်။ စဉ်းစားလေလေ စိတ်လှုပ်ရှားလေလေဖြစ်ကာ သူ့ကိုယ်ကိုဆန့်၍ တောင့်တောင့်ရပ်လိုက်သည်။ ယနေ့ကား ကြာသပတေးနေ့။ ဆေးလိပ်သမားကြီး စောစောအလုပ်ပိတ်သည့်နေ့။ ပရပ်စတီသည် သူ့အိမ်မှာပင် မုချရှိနေမည်။ ယခု ငါးနာရီပင် မရှိသေး။ ရုတ်တရက်ဖြစ်ပေါ်လာသော စိတ်ဆန္ဒဖြင့် ပေါလ်သည် ခေါင်းကိုမော့ ရင်ကိုကော့လိုက်ပြီး မိုးရေထဲလျှောက်၍ထွက်ခဲ့လေ၏။

*

# အခန်း – ၅

နောက် မိနစ်နှစ်ဆယ်ကြာသော် ပေါလ်သည် ဥရောကုန်း အမှတ် ၅၂ ၏ ဒုတိယအထပ်တံခါးကို ခေါက်လျက်ရှိလေသည်။ အစတွင် အထဲကထူးသံမကြားရ။ သို့သော် အကြိမ်ကြိမ်ခေါက်တော့မှ တံခါးမှ စာထည့်သည့် အပေါက်ငယ်ပွင့်လာပြီး ပရပ်စတီ၏အသံပေါ်လာသည်။

" ဘယ်သူလဲဟေ့။ ဘယ်သူမှလည်း မမြင်ရပါလား"

ပေါလ်သည် လျင်မြန်စွာပင် သူ့ကိုယ်သူ အပေါက်နှင့်တည့်အောင် ငုံ့ပြလိုက်သည်။

"ငါက ပန်းနာထနေလို့ကွ" ဟု ပရပ်စတီကဆိုကာ "ငါ အခုပဲ အိပ်တော့မလို့ကွာ။ မနက်ဖြန်ကျရင် လာပါလား"ဟု ပြောလိုက်သည်။

"မဖြစ်ဘူးဦး။ ဦးကို ကျွန်တော် အခုတွေ့ရမှ ဖြစ်မှာမို့ပါ။ အခု အရေးကြီးလို့ပါ"

ပေါလ်ကိုတော့ ငြင်းလို့မရနိုင်တော့မှန်းသိသဖြင့် နောက်ဆုံးတွင် ဆေးလိပ်သမားကြီးလည်း တံခါးကိုဖွင့်ပေးကာ ပူနွေးလျက် ပန်းနာဆေးငွေ့များဖြင့် မွန်နေသော အဝင်စင်္ကြံခန်းထဲသို့ ဝင်ခွင့်ပြုလိုက်သည်။ ရှပ်အင်္ကျီနှင့် ဘောင်းဘီသာဝတ်လျက်ရှိသော ပရပ်စတီသည် နှာတခွီးခွီးမှုတ်လျက်က ပေါလ်အား စိုက်ကြည့်နေစဉ် သူ့ပါးများမှာ အနည်းငယ် နီးမြန်းလျက် စိတ်ဆိုးနေသည့်မျက်နှာဖြင့်။ ဆိုးမည် ဆိုလည်း ဆိုးထိုက်ပါသည်။

"ဘာများလည်းကွ၊ မင့်ဟာက"

ပေါလ်က ရေးကြီးသုတ်ပျာပင် "ကျွန်တော် ခဏလေးပါ ဦး" ဟု ပြောလိုက်ပြီး သူ့အာခေါင်များ ခြောက်လာသဖြင့် တံတွေးမြိုသလို မြိုလိုက်ပြီးမှ "ဒီအိမ်ရဲ့ အိမ်ရှင်ဟာ ဘယ်သူလဲဦး" ဟု မေးလိုက်၏။

လှောင်ပိတ်ပူနွေးနေသော စင်္ကြံခန်းကျဉ်းကလေးအတွင်းဝယ် ပရပ်စတီ၏ မသက်မသာနှာမှုတ်သံသည် ရုတ်တရက် အံ့အားသင့်ပြီး ရပ်သွားတော့မတတ်ဖြစ်၏။ ပရပ်စတီလည်း ပေါလ်အား စူးစိုက်ကြည့်လိုက်၏၊

"ဟို ညနေက သူနဲ့ငါ စကားပြောနေတာ မင်းကြားသားပဲ။ မစ္စတာအီနော့အော့စဝေါလေကွာ"

ပေါလ်သည် ရေခဲတုံးဖြင့်အထုခံရသလို တစ်ကိုယ်လုံးအေးစက်ပြီး အားနည်းသွားသဖြင့် စင်္ကြံခန်းနံရံကို မှီထားလိုက်ရ၏။

"မစ္စတာအော့စဝေါဆိုတာ ကျွန်တော် မသိခဲ့ဘူးခင်ဗျာ"

"ဟုတ်ပါတယ်ကွယ့်၊ အခုလည်း သူပါပဲ။ ဒီ ဥရောကုန်းတစ်ခုလုံး သူ့အဖေလက်ထက်က သူ့အဖေပိုင်သလို အခု သူပိုင်တာပေါ့ သူက ဝေါ့တလေမှာ ပစ္စည်းအပေါဆုံး၊ သဘောအကောင်းဆုံးပေါ့။ ငါ့အခန်းဆို ဆယ်နှစ်နေလို့တစ်ခါ လခတိုးမယူခဲ့ဘူး။ ပြင်စရာဆင်စရာလဲ ကောင်းကောင်းပြင်ဆင်ပေးတာပဲ"

ပေါလ်က ထိန်းချုပ်၍ပြောလိုက်ရသည့်လေသံမျိုးဖြင့် "အပေါ်ထပ်ကအခန်းကိုရော ဒီလိုပဲ အမြဲပြင်ဆင်ထိန်းသိမ်းထားတာပဲလား" ဟု မေးလိုက်၏။

“ဒါပေါ့ကွ” ဟု ပရပ်စတီက တိုဆတ်ဆတ်ဖြေလိုက်ပြီး “ဒီလူက စိတ်ကောင်းနှလုံးကောင်းရှိတဲ့လူပဲ။ မင်းမှာ ဘာစိတ်ကူးတွေများ ရလာပြန်တာလဲ” ဟု မေးသည်။

“ကျွန်တော်လည်း မပြောတတ်ဘူးဦးရဲ့။ ဦးဆီမှာ အဲဒီအခန်းသော့ ရှိနေသေးလား”

“ရှိတယ်ကွ။ ပြီးတော့လဲ ငါ့မှာ ပန်းနာလဲရှိနေတယ်ဆိုမှ။ မင်းပြန်တော့ကွာ။ ငါ ဒီရှပ်အကျီကလေးနဲ့ ရပ်မနေနိုင်တော့ဘူး”

ပရပ်စတီသည် ပေါလ်အား တံခါးဆီသို့ ပြန်တွန်းပို့နေ၏။

“ခဏကလေးပါဦးရဲ့။ အရင်တစ်ခါက ဦး ကျွန်တော့်ကို အထက်ထပ်တက်ကြည့်ဖို့ ပြောထားတယ် မဟုတ်လား။ အဲဒါ ကျွန်တော့ကို သော့ကလေးသာပေးပါ”

ပရပ်စတီ၏မျက်နှာမှာ စိတ်အနှောင့်အယှက် ဖြစ်သွားသည့်အသွင် အထင်အရှားပေါ်လာသည်။ သူငြင်းလိုက်တော့မည့်အသွင် ပေါ်လာခဲ့သည်။ သို့သော် သူပြောထားသည့် စကားကို မဖျက်ချင်သည်က တစ်ကြောင်း၊ ပေါလ်ကို မြန်မြန်ထွက်သွားစေချင်နေသည်က တစ်ကြောင်းတို့ကြောင့် သူသည် ဘာမပြောညာမပြော မီးဖိုခန်းထဲသို့ ဝင်သွားကာ သော့ယူပြီး ပြန်လာသည်။

“ကဲ ကဲ ရော့” ဟု စိတ်မရှည်တော့သလိုပြောကာ “ငါ့ဖာသာ အေးအေးနေပါရစေတော့” ဟုလည်း ဆိုလိုက်၏။ ထိုနောက် သူသည် တံခါးကို ဒိုင်းခနဲ ပိတ်လိုက်သည်။

ပေါလ်လည်း မလင်းမမှောင် လှေကားတက်တွင် ရပ်နေရင်းက ပရပ်စတီတံခါး မင်းတုံးထိုးသံ ကြားလိုက်ရ၏။ သူ၏မျက်လုံးများကမူ အပေါ်ထပ်သို့တက်သည့် လှေကားမှောင်မှောင်ဆီသို့သာ မော့်ကြည့်လျက်ရှိလေသည်။ သို့ရာတွင် သူသည် လှေကားတစ်ထစ်ကို ခြေတင်လိုက်ပြီးမှ ပို၍ကောင်းသည့် စိတ်ကူးတစ်ခုက သူ့ခေါင်းထဲသို့ လက်ခနဲဝင်လာသည်နှင့် သူ ရပ်ပြီးစဉ်းစားလိုက်သည်။ ‘အခု မကြည့်သေးဘူး’ ဟု အောက်မေ့လိုက်ပြီး ဆတ်ခနဲလှည့်ကာ အောက်သို့သာ ဆင်းခဲ့လေသည်။

အပြင်ဘက်သို့ရောက်သောအခါ လေက အေးလှသဖြင့် အကျီကော်လာကို ဖြန့်၍ထောင်ကာ ရေးကြီးသုတ်ပျာ လျှောက်၍ထွက်ခဲ့လေ၏။ တဒိတ်ဒိတ်သွေးတိုးလျက်ရှိသည့် သူ၏ဦးခေါင်းအတွင်းဝယ် ကြောက်မက်ဖွယ် သံသယကြီးတစ်ခု ဝင်ရောက်ဖွဲ့စည်းလာခဲ့သည်။ သူ ယခုထက် စိတ်ငြိမ်သက်စဉ်ကသာ ဤသို့တွေးမိလျှင် ရူးရူးနှမ်းနှမ်း စိတ်ကူးသက်သက်ပါဟု ပယ်ချခဲ့မည်သာဖြစ်သည်။ ယခုမူ ငြိမ်သက်မှုနယ်ပယ်ကို လွန်လာခဲ့ပြီဖြစ်သည်။ ဤအတွေးသည် သူ၏ အတွင်းသန္တာန်၌ ဘွားခနဲပေါ်လာကာ ချက်ချင်းဆိုသလိုပင် ကြီးလာသဖြင့် သူလည်း မတားဆီးနိုင်တော့။ ဤအတွေးများသည် သူ့အား မွန်းကြပ်နေအောင် ဖိစီးမိကြပြီ ဖြစ်လေသည်။ မိုနာစပါးလိန်း နေသွားသည့် အခန်း၏ပိုင်ရှင်မှာ အီနော့အော့စဝေ။ သူ့အလုပ်ကို သူကိုယ်တိုင်လုပ်သူ။ ဤအခန်းသို့ အနည်းဆုံး တစ်လတစ်ခေါက် အိမ်လခကောက်ဖို့ရောက်ကာ မိုနာစပါးလိန်းနှင့်တွေ့မည်။ တစ်လတစ်ခေါက်မက၊ နှစ်ခေါက်မက၊ သုံးလေးခေါက်လာတွေ့လည်း သူလာသည် သွားသည်ကို ဘယ်သူက မသင်္ကာဖြစ်မည်နည်း။ သူသည် အိမ်ရှင်။ ဘယ်အိမ်မဆို ဝင်နိုင်ထွက်နိုင်သူဖြစ်သည်။ စာပို့သမား၊ ပေါင်မုန့်ပို့သမားစသည်တို့လာသလို လာနိုင်သွားနိုင်သူဖြစ်သည်။ မိုနာစပါးလိန်းသည် သူ၏အပျော်မယားဖြစ်နေလည်း ဘယ်သူက ဒါကို ရိပ်မိမည်နည်း။ သူက မိုနာစပါးလိန်းကို သတ်ထားခဲ့သည်ဆိုလျှင်ကော။

ပေါလ်မှာ တစ်ကိုယ်လုံး အကြောအချင်များဆိုင်းကာ တသိမ့်သိမ့်ခါလျက်ရှိသည်။ ရူးရူးနှမ်းနှမ်းတွေးမိတာ ဖြစ်ချင်လည်းဖြစ်မည်။ သို့သော် အညှင်းဆဲခံရသော သူ၏စိတ်ထဲကတော့ ဤအတွေးကို မစွန့်လွှတ်ချင်။ မစွန့်လွှတ်နိုင်ဘဲ ဤပစ္စည်းရှင်လူရည်တတ်၏ ထူးခြားသောလုပ်ရပ်များကို

ဖောက်ပြန်မှုကွင်းဆက်များပမာ တစ်ပိုင်းစီတစ်စစီ ဆက်စပ်၍ ယူလျက်သာရှိလေသည်။ ယခုအခါ ဤပုဂ္ဂိုလ်၏လူ့အများကို ကျေးဇူးပြုနေသည့်လုပ်ရပ်များသည် အတုအယောင်မျှသာဟု ထင်စရာဖြစ်လာသည်။ ထိုသို့မဟုတ်ဘဲ အကောင်းဆုံးကိုပြောရလျှင် သူ့စိတ်ထဲ၌ မရှင်းနိုင်အောင်ဖြစ်နေသည့် အပြစ်ကြီးတစ်ခုကို ကျေအောင် ကုသိုလ်ကောင်းမှုကို ဖိ၍ပြုနေရသည်ဟု ဆိုရန်ရှိလေသည်။

မပြေးရုံတစ်မည် ခြေလှမ်းကျဲကြီးများဖြင့် လာခဲ့လေရာ ပေါလ်သည် မြို့လယ်သို့ရောက်ခဲ့ပြီး အသက်ပင် မှန်မှန်မရှူနိုင်ဘဲ လဲနတ်စာကြည့်တိုက်၊ ယခင်လအတော်ကြာက သူ ပထမဆုံးအကြိမ် ဘုမသိဘမသိနှင့် ရှာဖွေမှုများစခဲ့သည့်နေရာ၊ မလင်းတလင်းနှင့် မှိုစော်နံနေသော ရည်ညွှန်းစာအုပ်ဌာနရှိသည့် အခန်းကလေးထဲသို့ ဝင်ခဲ့လေသည်။

ကောင်တာစားပွဲတွင် မှာခ်ဖူလျာတော့ မရှိတော့။ သူ့နေရာတွင် အမျိုးသမီးငယ်တစ်ယောက် ရောက်နေသည်။ သူ၏အပူတပြင်းတောင်းဆိုချက်ကို အမျိုးသမီးကလေးက ယဉ်ကျေးသိမ်မွေ့စွာလက်ခံပြီး စာအုပ်တွဲအထူကြီးများကို မကာ သူ့အား ချောင်ကျကျတစ်နေရာသို့ ပို့ပေးထားလိုက်သဖြင့် သူလည်း စိတ်အားထက်သန်စွာပင် တစ်အုပ်ချင်း လှန်လှော၍ရှာလေတော့သည်။

ပထမစာအုပ်တွဲမှာ အမျိုးသားအတ္ထုပ္ပတ္တိအညွှန်းအုပ်တွဲဖြစ်၍ အီနော့အော့စဝေါ၏ အမိအဖ၊ ရာထူးရာခံအဆင့်အတန်းနှင့် ယခုနေရပ်လိပ်စာတို့သာပါသည်။ နောက်နှစ်အုပ်မှာလည်း ထိုနည်းတူပင်။ သူ အလိုရှိသော အချက်အလက်များ အစုံအလင်မပါရှိ။ စတုတ္ထအုပ်တွဲမှာလည်း အော့စဝေါမိသားစု ပြုသမျှဒါနစာရင်းရှည်ကြီးသာပါသည်။ နောက်ဆုံး ဝေါ့တလေမြို့တော် ပုံနှိပ်သူများကုမ္ပဏီတစ်ခုမှ ရိုက်နှိပ်ထုတ်ဝေသော ‘ဝေါ့တလေမြို့တော်နှင့်ထင်ရှားသည့်မြို့တော်သူမြို့တော်သားများ” အမည်ရှိ စက္ကူဖုံးနှင့် စာအုပ်ကိုလှန်လိုက်မှ သူလိုချင်နေသည့် ဝေါ့တလေမြို့တော်၏ ထင်ရှားသော စေတနာရှင်ပုဂ္ဂိုလ်ထူးကြီး၏ အတ္ထုပ္ပတ္တိအပြည့်အစုံကို တွေ့လိုက်ရသဖြင့် ပင့်သက်များယောင်ယမ်းရှိုက်မိအောင် ကျေနပ်သွားလေသည်။ ထို့နောက် ထုံးစံအတိုင်း အမြှောက်အပင့်များဖြင့် ရေးထားသည့် စာပိုဒ်ကို စိတ်ဝင်စားစွာ အလျင်အမြန်ဖတ်လိုက်လေ၏။

**အီနော့အော့စဝေါ။ ၁၈၆၁ ခု နိုဝင်ဘာ ၁၃ ရက်နေ့ဖွားမြင်သည်။ ဆော အော့စဝေါနှင့် မာသာကလိပ်ပွန်းတို့၏ တစ်ဦးတည်းသော သား။ ဝေါ့တလေ သဒ္ဒါသင်ကျောင်းတွင် အခြေခံသင်ခဲ့ပြီး နော့တင်ဟမ်တက္ကသိုလ်တွင် ပညာသင်သည်။ ပထမတွင် အသက်မွေးဝမ်းကျောင်းပညာလိုက်စားရန် ရည်ရွယ်ခဲ့သော်လည်း ကျန်းမာရေးမကောင်းသဖြင့် စိန့်မေရီဆေးရုံကြီး၌ နှစ်နှစ်မျှ ဆေးပညာများ လေ့လာလိုက်စားခဲ့ပြီး စွန့်လွှတ်လိုက်ရသည်။**

ဤနောက်ဆုံးစာလုံးများ၏ ထူးခြားထင်ရှားပုံကို သိမြင်လိုက်ရသော ပေါလ်မှာ သဲထိတ်ရင်ဖိုဖြစ်လာသည်။ သူသည် အသက်ပင် မှန်အောင် မရှူမိဘဲ ဆက်လက်၍ဖတ်ပြန်သည်။

**ထိုမှနောက်တွင် သူ့ဖခင်၏လုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်သည်။ ကြီးပွားသော၊ ထင်ရှားကျော်ကြားသော အယ်လဒန်ဘက်တွင် ပစ္စည်းပစ္စယပိုင်နက်များပြားသော၊ အိမ်လခကောက်ခံသည့် အလုပ်ကအစ၊ အောက်ဆုံးအဆင့်မှနေ၍ ကိုယ်တိုင်လုပ်ကာ စံနမူနာပြအဖြစ်**

**ရောဂါဝေဒနာ နှိပ်စက်သဖြင့် မကျန်းမာခဲ့သော်လည်း အော့စဝေါကလေးမှာ လူပျော့ကလေးတော့ မဟုတ်။ ပြင်ပအားကစားနှင့် ကျန်းမာရေးလိုက်စားသည်။ အထူးသဖြင့် စက်ဘီးစီးခြင်း။ ခေတ္တမျှသာ တည်ရှိခဲ့သည့် ‘နံကောင် စက်ဘီးအသင်း’ ၏ တက်ကြွသော အသင်းသား**

အတ္ထုပ္ပတ္တိမှာ မဆုံးသေးသော်လည်း စာကြောင်းများ စီပုံရိုက်ပုံမကောင်းခဲ့သဖြင့် မှုန်ဝါးကွေ့ကောက်လျက်ရှိရာ ပေါလ်လည်း ဆက်မဖတ်နိုင်တော့ဘဲ ကုလားထိုင်ပေါ်သို့ နောက်မှီ၍ချလိုက်ကာ

မောနေလေသည်။ တသွင်သွင်စီးဆင်းနေသည့် ရေအယဉ်ပမာ သူ့အတွေးထဲသို့ ဝင်လာနေကြသည့် အကြောင်းအချက်တို့ကို လေးနက်ငြိမ်သက်စွာ ပြန်ပြောင်းစဉ်းစားနေစဉ်မှာပင် သူ ဘာဆက်လုပ်ရမည်ကို သိမြင်လာသည်။ ဤသို့မြင့်မားသောဦးတည်ချက်က သူ့ရှေ့တွင် မားမားကြီးပေါ်လာတော့ သူ့မှာ ဆုတ်ဆိုင်းနှိုင်းချိန်နေဖို့ အချိန်မရှိတော့။ သူမှာလည်း သာမန်ထက်ကဲသော အင်အားများဖြင့် ပြည့်လျက်ရှိပြီး ကုလားထိုင်ကို နောက်ပြန်တွန်းပစ်ကာ စာအုပ်များကိုလည်း စားပွဲပေါ်တွင်ပင် ဖရိုဖရဲထားခဲ့၍ အခန်းထဲမှ တစ်ဟုန်ထိုး ထွက်လာခဲ့လေသည်။

နောက်ဆယ်မိနစ်အကြာတွင် သူသည် ကုန်ဈေးရပ်ကွက်သို့ရောက်လာကာ မစ္စဟန်လေ၏အိမ်သို့ တက်သည့် လှေကားကို အပြေးတက်လာခဲ့သည်။ သူ တံခါးခေါက်လိုက်တော့ လာဖွင့်ပေးသူမှာ လီနာကိုယ်တိုင်ဖြစ်၏။ လီနာလည်း သူ့အား အထဲသို့ဝင်ခဲ့ရန် ဖိတ်ခေါ်လျက်ရှိစဉ်မှာပင် သူပြောလိုက်သည့် စကားများကြောင့် အထိတ်တလန့်ဖြစ်သွားရလေသည်။

'လီနာ၊ ကိုယ် မင့်အကူအညီကို လိုချင်တယ်၊ အခုချက်ချင်းပဲ"

*

## အခန်း – ၆

အဝင်စကြံခန်းမတွင်ရပ်လျက်က လီနာက မေးမြန်းနေသည်တို့ကိုလည်းမကြား၊ မျက်စိဖြင့် စုံစမ်းနေသည်ကိုလည်း မမြင်ဘဲ သူလိုချင်သည်တို့ကိုသာ အသေးစိတ် စီစဉ်၍ ပြောပြနေလေသည်။ သူ့မှာ စကားတစ်ခွန်း တစ်ခွန်းကိုပင် ပင်ပန်းကြီးစွာပြောနေရပြီး သူ့အမူအရာမှာ ထူးခြားနေသဖြင့် အခိုက်အတန့်အားဖြင့် စိတ်များဖောက်ပြန် သွားလေသလားဟု လီနာက ထင်လိုက်မိသည်။ လီနာက စိုးရိမ်လျက် သူ၏စကားများက ဘာမှ အဓိပ္ပာယ်ရှိပုံမရလျက်ကပင် သူ၏ အမူအရာမှာ လေးနက်ကြောက်မက်ဖွယ်ဖြစ်နေသဖြင့် လီနာလည်း သူခိုင်းစေသမျှကို တသွေမတိမ်း လိုက်နာလုပ်ကိုင်ပေးနေရလေ၏။ လီနာသည် မီးဖိုထဲသို့ဝင်ကာ ဂျပ်ဖူးခွံတစ်ခု၊ စက္ကူအညို၊ အပ်ချည်ကြိုးနှင့် ချိပ်တောင့်တစ်တောင့်ကို ရှာ၍ယူခဲ့သည်။ သူ့အိပ်ခန်းထဲမှ စာရွက်အလွတ်များပါသည့် မှတ်စုစာအုပ်ဟောင်းတစ်ခုကိုလည်း ယူလာသည်။

မလင်းတလင်း စကြံခန်းမတွင် ပေါလ်က ဂျပ်ဖူးကို စနစ်တကျ စက္ကူအညိုဖြင့် ပတ်လျက် ကြိုးချည်ကာ ချိပ်နှိပ်များပိတ်နေသည်ကို လီနာက ခါးထောက်၍ကြည့်နေလေသည်။

ထိုနောက် ပေါလ်က မှတ်စုစာအုပ်ဆီသို့ အာရုံပြောင်းကာ စာမျက်နှာအလွတ်တစ်ခုကို ရွေးချယ်လိုက်ပြီး ပထမခြောက်ကြောင်းတွင် ခဲတံဖြင့် နာမည်များလိပ်စာများ ရေးဖြည့်လိုက်၏။

လီနာက “ပေါလ်ရယ်၊ ဘာတွေများ လုပ်ရတာလဲ” ဟု ဆိုလိုက်သည်။

ပေါလ် အနည်းငယ် ဆုတ်ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားသည်။ သူလုပ်နေပုံမှာ ရှုးရှုးနှမ်းနှမ်း ထုးထုးဆန်းဆန်း ဖြစ်နေဟန်တူသည်ကို သူရိပ်မိသွားဟန်တူသည်။ သို့ရာတွင် သူ့မှာ စိတ်လှုပ်ရှားမှုကြောင့် သူ့အတွေးများ ထုံထိုင်း၍နေလေရာ ချမှတ်ထားပြီးသော အစီအစဉ်အတိုင်း ၎င်းမိသဲတိုင်စွဲစွဲမြဲမြဲဆုပ်ကိုင်၍ လိုက်ရပေတော့မည်။ နောက်ထပ်တစ်ခုသာ သိဖို့လိုတော့သည်။ နောက်ထပ်တစ်ခုသာ လိုတော့သည်။

“ကိုယ်နောက်တော့ ပြောပြပါ့မယ် လီနာ၊ ကဲ တို့ အပြင်ထွက်လိုက်ကြဦးစို့”

လီနာက ပေါလ်၏ဘေးတွင်ရပ်လျက် ပေါလ်ခိုင်းသည့်အတိုင်း လုပ်ရမလား၊ မလုပ်ရမလား စဉ်းစား၍မရနိုင်သဖြင့် စိတ်ဆင်းရဲနေ၏။ သို့ရာတွင် အဓိပ္ပာယ်မရှိ လျှောက်လုပ်နေသလို ထင်ရသည့် ဤအသေးအဖွဲပြင်ဆင်မှုကလေးမှာပင် တစ်ခုခုက အရေးကြီးသည့် အသွင် ပေါ်လျက်ရှိ၏။

ပေါလ်က “မပူပါနဲ့ကွာ၊ အလွယ်ကလေးပါ” ဟု ပြောလိုက်သည်။

“လွယ်ချင်လွယ် ခက်ချင်ခက်၊ ကျွန်မလုပ်မှာပေါ့”

ပေါလ်က လီနာအား လှမ်းကြည့်လိုက်သည်။ ပြီးတော့ အသံခပ်အုပ်အုပ်ဖြင့် သူ ဘာလုပ်ရမည်ကို တစ်ခေါက်ထပ်ပြောပြနေပြန်သည်။

“နားလည်တယ်နော်”

“ထင်တာပဲ၊ ဒါပေမယ့် ပေါလ်ရယ်” သူ့အသံမှာ တုန်နေသည်။ “အထုပ်ထဲမှာ ဘာမှလဲ မပါဘဲနဲ့”

ပေါလ်၏ မျက်နှာထား တစ်မျိုးဖြစ်သွား၏။

“ဘာမှ မပါဘူးဆိုလည်း မပါဘူးပေါ့။ ပါတယ်ဆိုလဲ ဒီအထဲမှာ အားလုံးပါတာပေါ့” ဟုပြောကာ အဝင်စကြံခန်းထဲက နာရီကို တစ်ချက်လှမ်းကြည့်လိုက်တော့ ကိုးနာရီထိုးရန် မိနစ်အနည်းငယ်သာ လိုတော့သည်ကို တွေ့ရသည်။ “ကဲ တို့သွားကြရင်ကောင်းမယ်။ လီနာ အဆင်သင့်ဖြစ်ပြီလား။ အားလုံးပြီးတဲ့အထိ နာရီဝက်မကြာပါဘူး”

သူတို့ အတူတူထွက်ခဲ့ကြသည်။ ကုန်ဈေးလမ်းအတိုင်း လမ်းကြားဆီသို့ မျက်နှာမူ၍ တိတ်ဆိတ်စွာလျှောက်လာခဲ့ပြီး မြောက်ပိုင်းလမ်းအတိုင်း လကျာဘက်သို့ ချိုးပြီးနောက် လက်ဝဲဘက်သို့ ယက်ကန်းသည် လမ်းကြားကျဉ်းကျဉ်းကလေးထိပ်တွင် ပေါလ်က ရပ်တန့်လိုက်ပြီး ပြောင်းဈေးကွက်မှ သုံးထောင့်ချွန်းကွက်လပ်ဆီသို့ လှမ်းကြည့်လိုက်သည်။ နိဗ္ဗာန်ဈေးဖွင့်ပြီ။ လူတန်းကြီးလည်း လှုပ်လှုပ်ရွရွ ရွေ့လျားနေပြီ။ သူ တစ်ကိုယ်လုံးတင်းကာ အာရုံစူးစိုက်၍ကြည့်လိုက်တော့ အော့စဝေါ်ရောက်နေသည်ကို တွေ့လိုက်ရသည်။ အော့စဝေါသည် နောက်မြီးပိုင်းတွင်ရပ်နေသည်ကို အပေါ်မှဆွဲသည့်လျှပ်စစ်မီးရောင်တွင် အထင်သားမြင်ရသည်။ သူ၏ ငွေရောင်ဆံပင်မှာ ဖြူဖြူဖွေးဖွေး လက်လျက်ရှိသည်။

အလိုအလျှောက်ပင် ပေါလ်သည် လမ်းကြားကလေး၏ မှောင်ရိပ်ပိုကျသောနေရာဆီသို့ ဆုတ်သွားသည်။ သူ့အတွင်းစိတ်၌ အော့စဝေါက သူ ဘယ်သူဘယ်ဝါဖြစ်သည်ကို သိထားသည်ဟု ယုံကြည်နေသည်။ ထို့ကြောင့်ပင်လျှင် ဤအရေးကြီးလှသည့်စမ်းသပ်မှု၌ အားလုံးအစစ်အမှန်မရဘဲ နေမည်စိုး၍ သူ့ကိုယ်သူ

အမြင်မခံဘဲနေရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။ သူသည် အတော်ကြာအောင်ပင် မလှုပ်မရှားနေလိုက်ပြီးမှ လီနာအား နိဗ္ဗာန်ဈေးဆီသို့ သိုသိုသိပ်သိပ်ပင် ညွှန်ပြလိုက်၏။

လီနာလည်း လမ်းကိုဖြတ်၍ ဣန္ဒြေမပျက် ခပ်မှန်မှန်လျှောက်သွားကာ ငွေဘုရင့်အနီးသို့ ချဉ်းကပ်သွားလေ၏။ ပေါလ်လည်း အာခေါင်ခြောက်သည်ထက် ခြောက်လာသည်။ သူသည် ကိုယ်ကို ရှေ့သို့ကိုင်းညွတ်၍ မျက်လုံးများကျွတ်ထွက်မတတ် စူးစိုက်ကြည့်ရင်း သူ့တစ်ကိုယ်လုံးမှာလည်း တင်းမာလျက်ရှိသည်။ သူ ကြည့်နေစဉ်မှာပင် လီနာက ငွေဘုရင်အား နှုတ်ဆက်လိုက်သည်ကို မြင်ရသည်။ လီနာ စကားပြောနေစဉ် နှုတ်ခမ်းလှုပ်သည်ကို အသေးစိတ်လိုက်၍ဖတ်နေသလို စူးစိုက်ကြည့်နေသည်။

"မစ္စတာအော့စဝေါ ပါလားရှင်"

အရပ်မြင့်မြင့်သဏ္ဌာန်က လီနာအား အရေးစိုက်ဟန်ပြကာ ဣန္ဒြေရစွာပင် ခေါင်းညိတ်ပြပြီး ဟုတ်ကြောင်းဝန်ခံသည်။

"ဒီအထုပ်ကလေးကို အပို့ခိုင်းလိုက်လို့ပါရှင်"

လီနာ၏ အမူအရာမှာ ပိုင်နိုင်ကောင်းမွန်လှပေသည်။ လီနာက အထုပ်ကို ပေးလိုက်ပြီး ရကြောင်း လက်မှတ်ထိုးခိုင်းရန် စာအုပ်ကိုဖွင့်လျက် ခဲတံတိုကလေးနှင့်တကွ အော့စဝေါအား လှမ်းပေးနေတော့ ပေါလ်မှာ အသက်ပင်ရှူမိဟန်မတူချေ။

"ဒီမှာ လက်မှတ်ထိုးပေးပါရှင်"

ခဲတံတိုသည် အော့စဝေါ၏လက်ထဲသို့ ရောက်သွားသည်။ လက်မှတ်ထိုးဖို့လုပ်နေသည်မှာ ကြာလိုက်သည့်ဖြစ်ခြင်း။ ထိုအချိန်အတွင်း တိတ်ဆိတ်၍ နေလိုက်သည်မှာလည်း တင်းမာထူးခြားလှသဖြင့် ပေါလ်မှာ နားထဲက တစီစီမြည်လာသည်။ ထို့နောက် အော့စဝေါသည် စာအုပ်တွင် လက်မှတ်ထိုးလိုက်သည်။ ပေါလ်လည်း ထိုအခါတွင်မှ သက်ပြင်းရှည်ကြီးဆွဲ၍ချကာ အသက်မှန်မှန် ရှူလို့ရတော့သည်။ လီနာလည်း ပြန်လှည့်လာတော့သည်။ သူကတော့ ခပ်မှန်မှန်ပင် ဣန္ဒြေမပျက် ဟန်မပျက်။ သူတို့နှစ်ယောက်သား ပြန်လျှောက်လာခဲ့ကြတော့ လမ်းကျဉ်းကလေးမှာ လူသူကင်းမဲ့လျက်၊ မှောင်မည်းလျက်။

*

# အခန်း – ၇

ပေါလ်သည် သူ ကုန်စျေးတန်းရပ်ကွက်သို့ မည်သို့ပြန်ရောက်လာသည်ကို မသိ။ အပြန်လမ်းတွင် သူသည် စကားတစ်ခွန်းမျှမပြောဘဲ ခေါင်းငိုက်စိုက်ဖြင့် ဘာမှလည်းမမြင်ရဘဲ လဲကျလုမတတ်ယိုင်လာခဲ့သည်။ သူတို့ အိမ်အမှတ် ၆၁ သို့ရောက်ကြသောအခါ ပေါလ်လည်း တစ်ခုတည်းသောအတွေးက သူ့အား စိုးမိုးလျက် ထိုင်ချလိုက်သည်။ သူ၏နောက်စေ့ဆီမှ နာကျင်လျက် တဒိန်းဒိန်းကိုက်ခဲနေသည်။ ကျောထဲမှလည်း စိမ့်၍စိမ့်၍ တက်လာသည်။ အော့စဝေါသည် ဘယ်သနန်။ အီနော့အော့စဝေါ။ ဆေးကျောင်းသားဟောင်း။ 'နံကောင်အသင်းသား'။ အိမ်လခကောက်ခံသူ။ ဥရောကုန်း အိမ်အမှတ် ၅၂ ၏ ပိုင်ရှင်။ တရားခံအစစ်ကား သူပင် ဖြစ်တော့သည်။ ဤသို့ ဘွားခနဲပေါ်လာသည့် အလင်းရောင်ကြောင့် သူ့မှာ မွန်းကြပ်ပြီး မင်သက်မိသလိုဖြစ်ရသည်။ သူသည် ဤအသိကို တစ်ယောက်တည်း ထိန်းသိမ်းမထားနိုင်တော့။ စားပွဲပေါ်တွင် တတောင်ထောက်ကာ သူ၏ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ထောက်ကူထားလိုက်ရလေသည်။

"လီနာ၊ မင့်ကို ကိုယ်ပြောပြစရာ တစ်ခုရှိနေတယ်"

"ပေါလ်၊ ခဏကလေး နေဦး"

လီနာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သို့သော် သူ့မျက်နှာအမူအရာတင်းမာပါသည်။ မီးဖိုပေါ်၌ အငွေ့တထောင်းထောင်းထနေသော အိုးထဲမှ ဆွပ်ပြုပ်တစ်ပန်းကန် ငှဲ့ထည့်ကာ ပေါလ်၏ရှေ့သို့ မငြင်းသာအောင် အတင်းထိုးပေးကာ အသောက်ခိုင်းလိုက်၏။

ပေါလ်က ဆွပ်ပြုပ်ကိုသောက်ပြီးမှ လီနာလည်း သူ၏မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။ ပြီးမှ "ကဲ ပြော" ဟု ငြိမ်သက်စွာ ဆိုလိုက်၏။

ခဏမျှ တိတ်ဆိတ်နေသည်။ ထိုနောက် ပေါလ်လည်း ခေါင်းကိုထောင်ကာ စကားစ၍ ပြောသည်။ လီနာကလည်း စိတ်ဝင်စားစွာ နားထောင်လျက်၊ သူကလည်း အားလုံးပြောပြလိုက်သည်။ သူ့အသံမှာ တိမ်ပြီး တုန်တုန်ယင်ယင်ဖြစ်သော်လည်း သူ၏အမူအရာမှာ ခါးခါးသည်းသည်းဖြစ်နေသည်။

"ကဲ အခု ကိုယ်သိရပြီ အားလုံးသိပါပြီတဲ့။ ကိုယ် ဘာတတ်နိုင်သလဲ ကဲ။ ဘာမှ မတတ်နိုင်ဘူးလေ။ ဘယ်သူ့ဆီမှ သွားစရာမရှိဘူး။ အရင်ကမှ ကိုယ်ပြောတာ နားမထောင်ခဲ့ကြဘဲ။ အခု ကိုယ်က သူတို့ဆီကို သွားပါပြီတဲ့၊ စပရောက်တို့၊ ဒေးတို့၊ ဘာလီတို့အထိဆိုပါတော့။ ဒါကို သွားပြောရင် သူတို့ ဘာလုပ်မယ် ထင်သလဲ။ တရားမျှတမှုဆိုတာ မရှိဘူး လီနာ။ လူတွေဟာ သူတို့မှာ စားစရာသောက်စရာအပြည့်နဲ့ အိတ်ထဲပိုက်ဆံထည့်သုံးနေနိုင်ကြပြီး မိုးလုံလေလုံ သက်တောင့်သက်သာဖြစ်နေကြပြီဆိုရင် လောကမှာ ဘယ်ဟာမှန်တယ်၊ ဘယ်ဟာမှားတယ်ဆိုတာကို ဘယ်သူမှ အရေးမစိုက်ချင်ကြတော့ဘူး။ တစ်လောကလုံးက အူတိုင်အထိကို ပုပ်ရိပျက်စီးနေတာ"

တင်းမာလျက်ကပင် ငြိမ်သက်နေပြန်သည်။ လီနာလည်း စိတ်ထိခိုက်သွားသလို ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်သည်။

"မဟုတ်သေးဘူး ပေါလ်ရယ်။ လူတွေကတော့ ဒါကို သိရင် နည်းနည်းမှ မနေပါဘူး။ သာမန်လူတွေက ရိုးသားကြပါတယ်၊ ကြင်နာတတ်ကြပါတယ်"

ပေါလ်က မယုံသလို လီနာ့အား လှမ်းကြည့်သည်။

"မင်း တွေ့ဖူးလို့ပြောတာလား လီနာ"

လီနာ မျက်နှာ မသိမသာနီမြန်းသွားပြီး စကားပြောရန်ဟန်ပြင်လိုက်ပြီးမှ ပေါလ် ဘာကိုဆိုလိုသည်ကို မသေမချာသလို ငြိမ်နေလိုက်၏။ သို့သော် တစ်ခဏအကြာတွင် သူသည် ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး "ပေါလ်ရယ်၊ ကျွန်မ ဘာဘာညာညာသိလို့တော့ ပြောတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရှင် ဘာလုပ်သင့်တယ်ဆိုတာတော့ ကျွန်မသိတယ် ထင်ပါတယ်" ဟု ပြောသည်။

ပေါလ်က သူ့အား စိုက်ကြည့်နေလိုက်သည်။

လီနာက စိတ်အားထက်သန်စွာပင် "ဟုတ်ပါတယ်။ ရှင် သွားပြီး အကူအညီတောင်းသင့်တဲ့ လူတစ်ယောက်တော့ ရှိပါတယ်" ဟု ပြောပြန်သည်။

ပေါလ်က မယုံကြည်နိုင်သလို လီနာ၏စကားများကို သံယောင်လိုက်၍ပြောကာ "ဘယ်သူလဲ လီနာ" ဟု ဆင့်မေးလိုက်သည်။လီနာက ဆုတ်ဆိုင်းဆိုင်းလုပ်နေရင်း မျက်နှာ မထားတတ်သလိုဖြစ်ကာ "ကျွန်မ ကျွန်မရဲ့ မိတ်ဆွေတစ်ယောက်ပါ" ဟု ပြောလိုက်သည်။

"မင့် မိတ်ဆွေ၊ မိတ်ဆွေ"

ပေါလ်မှာ ဘာလုပ်ရမှန်းပင် မသိနိုင်တော့အောင် အကျဉ်းအကြပ်ထဲသို့ ရောက်နေရရာမှ လီနာ၏စကားကို ပဲ့တင်ထပ်၍ ဆိုလိုက်ပုံမှာ မူမမှန်နိုင်အောင်ဖြစ်နေပြီး သူ့အပြုံးမှာလည်း သဘာဝမကျသလိုဖြစ်နေသည်။ လီနာ့မိတ်ဆွေဆိုပါလား။ သူ့မှာဖြင့် စိတ်ရောလူရော အပင်ပန်း အဆင်းရဲခံပြီး ရှာလိုက်ဖွေလိုက်ရနှင့်။ အဖြေက တွေ့မယ့်တွေ့တော့ အလွယ်ကလေးနှင့် လာတွေ့နေရ၍ ရယ်စရာကြီးလို ဖြစ်နေလေတော့ရာ သူ့မှာ သူ့စိတ်ကိုသူ မထိန်းနိုင်တော့ဘဲ အူလှိုက်သဲလှိုက် ရယ်ချလိုက်မိတော့သည်။ သူ့ကိုယ်သူ အရယ်ရပ်ရန် အားထုတ်ပါသော်လည်း မရသည့်အဆုံး သူ့ကိုယ်သူ ဘာဖြစ်မှန်းမသိလိုက်ခင်ပင် ရင်ထဲ၌ ပြည့်တင်းနေသမျှ ပွင့်အန်၍ကျလာသလို ရယ်ရာမှတဖန် ငိုမိရှိုက်မိပြန်လေသည်။ လီနာလည်း ထိုင်ရာမှထကာ အလွန်ပင် စိုးရိမ်နေသော်လည်း သူ့ပခုံးကို သွားမကိုင်ဝံ့လောက်အောင်ပင် ကြောက်လန့်လျက် ငေးစိုက်၍သာ ကြည့်နေမိလေ၏။ ပေါလ်၏ စိတ်လှုပ်ရှားမှုများ ရပ်သွားတော့မှ "ရှင်အခု အိပ်လိုက်ဦး မနက်ဖြန်မှ ပြောကြတာပေါ့" ဟု ဆိုလိုက်ရသည်။

"နက်ဖြန်၊ အေး။ နက်ဖြန်ဆို ကိစ္စတွေ အများကြီးပေါ့ကွယ်"

လွန်ခဲ့သည့် ညဥ့်က သူအိပ်ခဲ့သည့် အပိုခန်းကလေးထဲတွင် သူ တစ်ယောက်တည်းကျန်ခဲ့တော့ ပေါလ်သည် အိပ်ရာအစွန်းတွင် ထိုင်လိုက်သည်။ သူ၏ဦးခေါင်းသည် ပူလျက်၊ ခြေတို့သည် အေးစက်နေ၏။ ဝေဝေဝါးဝါးပင် သူ အအေးမိခဲ့ပြီဟု သိလိုက်၏။ သို့သော် သူ့အဖို့ ဒါက ဘယ်လိုမှ အရေးကြီးလေဟန်မတူ။ တကယ်ပင် သူ့ခန္ဓာကိုယ်က ကသိကအောက်ဖြစ်လေလေ၊ သူ့စိတ်က တောက်ပစူးရှလေလေ ဖြစ်သည်။ သူ၏အားထုတ်မှုများ အရာမရောက်ခဲ့သည့်အဖြစ်ကို သူ ကြည်လင်ပြတ်သားစွာ မြင်ရသည်။ ဤကိစ္စကို တစ်ခါတည်း ပြဿနာဖြစ်အောင် လုပ်မပစ်လိုက်မချင်း သူလုပ်သမျှ အဟောသိကံဖြစ်နေမည်ကိုလည်း သိမြင်လာသည်။ ပွင့်ပွင့်လင်းလင်းပြတ်ပြတ်သားသား တစ်ခုကို လုပ်ပစ်လိုက်ချင်သည့်စိတ်ဆန္ဒက သူ၏ရင်ထဲတွင် ကမ်းလုံးပြည့် လျှံထွက်တော့မတတ် ရေတိုးနေသည့် မြစ်ကြီးပမာ တအိအိ ကြီးထွားလာသည်။ ဤသို့

အရေးပူလာချိန်တွင် သူ့မှာ ပင်ကိုယ်တည်ငြိမ်မှုနှင့် ဆင်ခြင်ဉာဏ်တို့ မရှိတော့ပဲ ယင်းတို့အစား ရမ်းချင်ကြမ်းချင်သည့်စိတ်များ ဝင်လာသည်။ ဈေးထဲလို လူစည်စည်တစ်နေရာ၌ရပ်ကာ လက်သီးလက်မောင်းတန်း၍ ဤမတရားမှုကြီးကို လူသိနတ်ကြားဖြစ်အောင် အော်ဟစ်ပစ်လိုက်ချင်သည်။

ဤအတွေးများနှင့်အတူ သူ၏မျက်လုံးများမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ဆင်ခြင်တုံတရားကင်းမဲ့နေသူ၏မျက်လုံးများကဲ့သို့ အရောင်တောက်၍လာကြသည်။ ရုတ်တရက်ပင် တံခါးပိတ် မပိတ် သေချာအောင် ထ၍စစ်ဆေးကြည့်လိုက်ပြီး အခန်းထောင့်ရှိ သစ်သားစာရေးစားပွဲကလေးတစ်ခုဆီသို့ သွားသည်။ အံဆွဲများကို ထုတ်ယူပြီး ကြမ်းပေါ်တွင်ခင်းပြီး မင်အိုးနှင့်ကလောင်တံကိုယူကာ ဒူးတုပ်ထိုင်လျက် အက္ခရာစာလုံးများ ရေးလေတော့သည်။ သူသည် စာလုံးရေးရာတွင် အထူးပင် ကျွမ်းကျင်ခဲ့သူဖြစ်သည်။ တစ်နာရီခန့်ကြာသော် သူ၏လက်များက မသိမသာတုန်လျက် သူ၏မျက်စိများကလည်း မှုန်ဝေလျက်ရှိသော်လည်း အလုပ်တော့ပြီးသွားသည်။ စာလုံးများကို မင်ခြောက်အောင် ခဏချထားပြီး စောင့်ရင်း အိပ်ရာပေါ်တွင် အဝတ်အစားမချွတ်ဘဲ လှဲနေလိုက်သည်။

သူ့လုပ်ငန်းစဉ်များက အပူတပြင်းဖြစ်နေလျက်က သူ အိပ်ပျော်သွားသည်။ သို့သော် စိတ်ချလက်ချကြီးတော့မဟုတ်။ သူ၏ခန္ဓာကိုယ်ထဲတွင် လှည့်လည်သွားလာနေသည့် အဖျားသွေးကတော့ ရှိလျက်ပင်။ နံနက်ခုနစ်နာရီခန့်တွင် သူ ဆတ်ခနဲ နိုးလာသည်။ ခေါင်းက ပိုကိုက်လာကာ နားသည် ကွဲမတတ်နာကျင်နေသည်။ သို့ရာတွင် သူ လုပ်စရာရှိသည်တို့ကို လုပ်ရန်အတွက် အင်အား ပိုမိုဖြည့်တင်းပေးလိုက်သကဲ့သို့သာရှိသည်။ သူသည် ကြမ်းပေါ်မှ စာရွက်များကို ကောက်ယူပြီး အလိပ်ကြီးတစ်ခုပြုကာ ပင်ပန်းနွမ်းနယ်စွာပင် လီနာ၏အခန်းကို ဖြတ်လျှောက်ခဲ့ပြီး အပြင်သို့ ကုန်ဈေးလမ်းအတိုင်း သူ ခပ်သုတ်သုတ်လျှောက်လာခဲ့တော့ မိုးကောင်းစွာတိတ်သွားပြီ။ နံနက်ခင်းသည် ကြည်လင်လျက်၊ အရုဏ်တက်ချိန်ကဲ့သို့ပင် သိမ်မွေ့ဆဲ။ မြို့စားကြီးကုန်းနှင့် မျက်နှာချင်းဆိုင်တွင် တက္ကဆီသမားများမှီခိုရာတဲအတွင်း သူရပ်ကာ အိတ်ထဲ၌ ငွေစကလေးများတွေ့သည်နှင့် ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်ထောပတ်သုတ်ထူထူတစ်ချပ် မှာ၍ စားသောက်သည်။ ဗိုက်ထဲအစာရောက်သွားတော့ သူ့မှာ အနည်းငယ်နေသာထိုင်သာဖြစ်သွားသည်။ သို့သော် မြို့စားကြီးတန်းအတိုင်းသွား၍ လမ်းတစ်ဝက်မှ မရောက်ခင် သူ့ရင်ထဲက ပျို့လာသဖြင့် လမ်းဘေးမြောင်းထဲသို့ ငုံ့ပြီး အန်ပစ်လိုက်ရသည်။

မြို့စားကြီးတန်းအဆုံးက ကွင်းလပ်ကြီးတွင်ကား လမ်းကြားကြော်ငြာကုမ္ပဏီရှိသည်။ ဤမျှ စောစောဆိုလျှင် လူတစ်ယောက်မျှ မရှိ။ ယခင်က သူ အခြားကြော်ငြာထမ်းသမားများနှင့်အတူ သူ့အလှည့်စောင့်၍ တန်းစီရင်း ရပ်ခဲ့သည့်နေရာမှ ဝင်းထရံဆွေးပြီး ကွာနေသည့်အပေါက်မှ တိုး၍ဝင်ခဲ့သည်။ အတွင်းရှိ သွပ်မိုးတဲကြီးအတွင်း၌ ကျောကပ်ရင်ကပ် ကြော်ငြာပျဉ်ပြားအစုံများစွာ စီ၍ထောင်ထားသည်။ ပေါလ်သည် အသစ်ဆုံးတစ်စုံကို ရွေးကာ တဲထဲရှိ ကော်အိုးများမှ ကော်တစ်အိုး ယူသုတ်ပြီး သူယူလာခဲ့သည့် စက္ကူများကို ကပ်လိုက်သည်။ ကြော်ငြာပျဉ်ပြားကို ထမ်းလိုက်တော့မည် အပြုတွင်မှ တဲ၏ထောင့်တစ်ထောင့်တွင် သံကြိုးပုံတစ်ပုံကို မြင်လိုက်မိသည်။ ဤသံကြိုးများသည် မကြာမီက ရွှေနန်းတော်ဇာတ်ရုံ၌ မျက်လှည့်ဆရာဟူဒနီလာစဉ်က ကြော်ငြာအဖြစ်သုံးခဲ့သည့် သံကြိုးများဟု သူမှတ်မိသည်။ သူ့မှာ ယခု နတ်ပူးသလိုမျိုး ဖြစ်နေ၍ မဆိုင်းမတွပင် သံကြိုးပုံကြီးဆီသို့သွားပြီး ခိုင်ခိုင်ခန့်ခန့်သန့်သန့် ခပ်သေးသေးတစ်ချောင်းနှင့် သုံးလို့ရသေးသော သော့ခလောက်တစ်ခုကို ရွေးယူခဲ့သည်။ ငါးမိနစ်ခန့်ကြာသောအခါ သူ၏ကိုယ်တွင် သံကြိုးများပတ်လျက် ကျောကပ်ရင်ကပ် ကြော်ငြာပျဉ်ပြားကို လွယ်ကာ ကွင်းထဲမှ ထွက်လာခဲ့လေသည်။

မြို့ထဲသို့ချီတက်ရန်အတွက် သူ ကုန်ဈေးလမ်းဘက်သို့ ပြန်ရောက်လာတော့ ဘုရားရှိခိုးကျောင်းကြီးဆီမှ ရှစ်နာရီတီးသံကြားရသည်။ မြို့တော်ကြီးကလည်း တလှုပ်လှုပ်တရွရွ စည်ကားစပြုလျက်ရှိပြီ။ ဘတ်စ်များ၊ ဓာတ်ရထားများ၏ ထွက်ပေါက်တို့မှ လူများ ပွင့်အန်ကျလာလျက်ရှိပြီ။ သို့ရာတွင် လူတိုင်းလိုလိုပင်

ကိုယ့်အလုပ်နှင့်ကိုယ် ခပ်သုတ်သုတ်သွားကြရလျက်ရှိသဖြင့် ပေါလ်အား ဂရုစိုက်၍ကြည့်မိသူ အနည်းငယ်သာ ရှိသည်။

သူ၏ကျောဘက်တွင်

လူသတ်မှု၊ အပြစ်မရှိသူ အပြစ်ဒဏ်

ခံရသည်

သူ၏ ရင်ဘက်တွင်

လူသတ်မှု၊ အပြစ်ရှိသူ

လွတ်နေသည်

ဟူသော စာလုံးကြီးများ။

ဂရုပြုကြည့်မိသူရှိလည်း အသေအချာပြန်စဉ်းစားလျှင် 'ဤကား တစ်စုံတစ်ခုကို ပါးနပ်လိမ္မာစွာ ကြော်ငြာခြင်းသာဖြစ်မည်။ တကယ့် အချိန်မရောက်မီတွင် လူအများ အာရုံပြုမိနေအောင်၊ ဘာများပါလိမ့်ဟု သိချင်စိတ်ဖြင့် စဉ်းစားနေအောင် လှုံ့ဆော်ပေးထားသည့် ကြော်ငြာနည်းမျိုး' ဟုသာ အောက်မေ့ထားလိုက်ကြပေလိမ့်မည်။

ကိုးနာရီတွင် ပေါလ်သည် ဘာအမှုအရာမျှ မပြသောမျက်နှာဖြင့် ရှေ့တည့်တည့်သို့သာကြည့်ကာ ကြော်ငြာပျဉ်ပြားကို လက်နှစ်ဖက်ဖြင့် တင်းကြပ်စွာဆုပ်လျက် လမ်းဘေးလမ်းကြားများကို လျှောက်ဆဲဖြစ်သည်။ ပုလိပ်များအား မမြင်စေချင်သဖြင့် သူတို့ယာဉ်ထိန်းသိမ်းလျက်ရှိရာ လမ်းဆုံလမ်းခွများကို တတ်နိုင်သမျှ ရှောင်ကွင်း၍လာခဲ့သည်။ တစ်ကြိမ် နှစ်ကြိမ်မျှ စူးစမ်းစစ်ဆေးသည့်အကြည့်ဖြင့် အကြည့်ခံခဲ့ရသော်လည်း ယခုအကြိမ်တော့ ကံကောင်းသည်ဟု ဆိုရမလိုပင် သူ့အား မည်သူကမျှ မတားဆီးခဲ့။

နေမြင့်သထက် မြင့်လာသည်တွင် ပေါလ်မှာ အားအင်နည်းပါးလာကာ တစ်ချက်တစ်ချက်တွင် မူးမေ့လဲကျမတတ်ဖြစ်လာသော်လည်း သူယခုလျှောက်လာခဲ့ရသည်မှာ ပဏာမပြင်ဆင်မှုမျှသာဖြစ်၍ တကယ့်အလုပ်က မပြီးသေးရကား သူ အားတင်းရပြန်သည်။ ခေတ်ရထားသံ၊ ကားသံများက နားပင်းလုမတတ် ဆူညံလျက်၊ ဖြတ်သွားသည့်ယာဉ်များက ရွှံ့ရေများစဉ်လျက်ကပင် သူ ဆက်လက်၍လျှောက်လာသည်။ သို့တိုင်အောင် သူသည် သူ၏အားနည်းမှုကို ထိန်းသိမ်း၍ မနေနိုင်ဘဲ ယိမ်းယိုင်သွားရသည့်အခါများလည်း မနည်းပေ။

မွန်းတည့်ချိန်လောက်ဆီတွင် စပ်စုလိုသူတစ်စုသည် သူ၏နောက်က တစ်ကောက်ကောက်ပါလာခဲ့သည်။ အများအားဖြင့်ကား တေလေဂျပိုး အလုပ်လက်မဲ့များနှင့် မြို့တော်ကြီး၏ အလေ့အမွှား အမှိုက်သရိုက်များသာဖြစ်ပြီး နောက်တွင် လက်ပါးစေသူငယ်ကလေးများနှင့် ဟောင်တတ်သောခွေးဝဲစားများပါ တိုးလာသည်။ ပထမတွင် သူတို့သည် ပေါလ်အားလိုက်၍ ရိုင်းရိုင်းပျပျ ပြောင်လှောင်စော်ကားကြသည်။ သို့သော် ပေါလ်ကမည်သို့မျှ မတုန့်ပြန်သောအခါ ပရိသတ်မှာ တစ်ခုခုတော့ မုချတွေ့မြင်ရတော့မည်ဟု အောက်မေ့ကာ သူ့နောက်က ငြိမ်သက်စွာပင် လိုက်လာကြသည်။ တစ်နာရီထိုးပြီး မကြာမီပင် ပေါလ်နှင့် လူတန်းကြီးသည် လဲနတ်ပန်းခြံသို့ရောက်ခဲ့ပြီး ဝေါ့တလေမြို့တော်၏ ပထမဆုံးမြို့တော်ဝန် ရောဘတ်ဂရိန်းဗုဒ်၏ရုပ်ထုခြေရင်းတွင်

ပေါလ်ရပ်လိုက်သည်။ ထိုနောက် သူ့ပခုံးပေါ်က ကြော်ငြာပျဉ်ပြားများကို ဖြုတ်၍ သံမံတလင်းပေါ်တွင် ထောင်ထားလိုက်၏။ ထိုနောက် ရှေးဦးစွာ သူ၏လက်ကောက်ဝတ်တွင် သံကြိုးဖြင့် ခပ်တင်းတင်းပတ်ကာ ရပ်ထုခြေရင်းက သံဝင်းတားတွင် သူ့ကိုယ်သူ သော့ခတ်ထားလိုက်၏။ ဝိုင်းကြည့်နေသူများက အံ့အားသင့်ကာ တစ်ခုခု မြင်ရတော့မည်ဟု စိတ်စောကာ 'ဟယ်' ခနဲဖြစ်သွားကြသည်။ နေ့လည်စာ စားချိန်ဖြစ်၍ တခဏချင်းမှာပင် သူ့ပတ်လည်၌ လူတွေပိုများလာခဲ့သည်။ ပေါလ်က လူအုပ်ဖက်သို့ မျက်နှာမူလိုက်ချိန်တွင် သူ့မှာ ပရိသတ် တရာခန့် ရှိလေသည်။

လွတ်နေသည့် လက်တစ်ဖက်ဖြင့် သူ၏လည်ပင်း၌အစ်နေသော လည်စည်းကိုလျှော့လိုက်သည်။ သူ့မှာ ကြောက်ရမှန်း လန့်ရမှန်းပင် မသိနိုင်။ သူ့ကိစ္စကို ဝေါ့တလေမြို့သူမြို့သားများအား တင်ပြရန် အရေးတကြီးဖြစ်နေသည်ကိုသာ သိသည်။ ယခု သူ့အခါအခွင့်ပင်ဖြစ်သည်။ သူ စကားပြောမည်ကို စောင့်ဆိုင်းနေကြသည်။ လီနာကတော့ သာမန်လူတွေဟာ သနားကြင်နာတတ်ပါတယ်တဲ့။ သူတို့ကို ယုံကြည်အောင် ပြောပြဖို့ကတော့ ယခုထက်ကောင်းသော၊ သင့်လျော်သော အခွင့်အခါမျိုး မရနိုင်တော့။ သူ့ခေါင်းက အပြင်းအထန် ကိုက်ခဲမနေလျှင် မည်မျှကောင်းမည်နည်းဟု သူ အောက်မေ့မိသည်။ ထိုထက်ပိုဆိုးသည်မှာ သူ အော်ဂလီဆန်နေခြင်းပင်။ သူ့မှာ လေပူဖောင်းများပေါ်တွင် ရပ်နေရသူပမာ အိမ့်အိမ့်အိအိရှိလှသည်။ သူသည် ကွဲအက်နေသော သူ့နှုတ်ခမ်းများကို လျှာဖြင့် လျက်လိုက်ပြီး

"မိတ်ဆွေတို့။ ကျွန်တော် ဒီနေရာကို လာခဲ့ရတာဟာ မိတ်ဆွေတို့ကို ပြောစရာရှိလို့ပါ။ မိတ်ဆွေတို့ သိသင့်တဲ့ကိစ္စပါ။ ကျွန်တော့်နာမည်က မက်ထရီပါ။ ကျွန်တော့်အဖေက ထောင်ထဲမှာပါ"

"မင်းပါ ထောင်ထဲရောက်သွားမယ်ဟေ့။ သတိထားနေ"

နောက်မှ လူတစ်ယောက်က လှမ်းအော်လိုက်တော့ ရတ်ရတ်သဲသဲ ရယ်ကြ ဟားကြသည်။ သူတို့အသံများ ငြိမ်သွားမှ ပေါလ်က ဆက်ပြောသည်။

"ကျွန်တော့်အဖေက ထောင်ထဲမှာ ဆယ့်ငါးနှစ်ရှိပါပြီ။ အဲဒါဟာ သူ မကျူးလွန်တဲ့အပြစ်အတွက် ခံနေရတာပါ"

"ဟေ့၊ ပေါက်ခေါင်းသွားပြောဟေ့" ဟု အသံတစ်သံက နောက်မှအော်လိုက်တော့ ဝါးခနဲ ပွဲကျသွားပြန်ပြီး ယခုတစ်ကြိမ်တွင်မူ "ဟေ့၊ တိတ်တိတ်နေကြပါ" "တရားသဖြင့် ဖြစ်ပါစေ" "ခွေးမသားလေး ပြောပါစေဦး" ဟူသော အသံများကိုပါ ကြားလိုက်ရသည်။

"ကျွန်တော့်အဖေမှာ အပြစ်မရှိပါဘူးဆိုတဲ့ အထောက်အထားတွေ ကျွန်တော့်မှာ ရှိပါတယ်။ ဒါပေမယ့် ဒါကို ဘယ်သူမျှ နားမထောင်ချင်ကြဘူး"

"ကျယ်ကျယ်ပြော ကိုယ့်လူရေ။ မဟုတ်ရင် ဒို့လည်း နားမထောင်ချင်ဘူးကွ" ဟု တစ်ယောက်က အော်လိုက်တော့ လူအုပ်ထဲက အခြားအသံအတော်များများက "ဟုတ်တယ်။ ကျယ်ကျယ်ပြောပါ၊ ကျယ်ကျယ်ပြောပါ" ဟု လိုက်အော်ကြသည်။

ပေါလ် တံတွေးမျိုချလိုက်သည်။ သူက ရှိသမျှအင်အားဖြင့် အသံကုန်ဟစ်၍ ပြောလိုက်ခြင်း ဖြစ်သော်လည်း သူ၏အသံမှာ ကွဲအက်လျက် ခပ်တိုးတိုးမျှသာ ထွက်လာသည်ကို မထင်မရှားသတိထားလိုက်မိ၏။ သူ မတန်တဆအားထုတ်၍ အသံကုန်ဟစ်ပြန်သည်။

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ဖြစ်နိုင်လောက်စရာရှိတယ်ဆိုတဲ့ ပတ်ဝန်းကျင်သက်သေ အထောက်အထားတွေနဲ့ပဲ ကျွန်တော့်အဖေကို လူသတ်မှုအတွက် အပြစ်ဒဏ်ပေးခဲ့ကြပါတယ်။ ဒါပေမယ့် အဲဒီပြစ်မှုကို သူ မကျူးလွန်ခဲ့ပါဘူး"

ပေါလ်၏နောက်မှ တကောက်ကောက်လိုက်လာခဲ့သော ခွေးဝဲစားကလည်း ဟောင်လျက်ရှိ၏။

"ကျွန်တော် ထပ်ပြောပါအုံးမယ်။ ဒီအမှုကို သူ မကျူးလွန်ခဲ့ရပါဘူး။ ဒါကို သက်သေပြဖို့အတွက် အထောက်အထား"

ပေါလ်၏ ခြေရင်း၌ ခွေးဝဲစားကလည်း ပိုမိုကျယ်လောင်စွာ အဆက်မပြတ် ဟောင်လိုက် ဟိန်းလိုက် လှမ်းဟတ်လိုက် လုပ်နေသဖြင့် ထိုအသံများကို ပေါက်အောင် သူမအော်နိုင်။ သူက ခဏရပ်နားလိုက်သည်တွင် ဝိုင်းကြည့်နေကြသူများကလည်း လက်ခုပ်တီးပေးနေသဖြင့် ခွေးသည် မမျှော်လင့်ဘဲ သူ့ကို ခုန်၍ တက်လိုက်လေရာ ပေါလ်မှာ မဟန်နိုင်ဘဲ ယိုင်သွားပြီး လဲလုမတတ်ဖြစ်သွားလေ၏။ သူက ကြော်ငြာပျဉ်များကို လှမ်းဆုပ်ကာ မူးမိုက်သွားစဉ်တွင် ပရိသတ်ထဲမှ တီးတိုးသံများ ပေါ်လာသည်။

"ဒီကောင် မူးနေတာ"

"တို့ကိုများ အရူးလုပ်လို့ရမယ်များ ထင်နေသလား"

"ဒီ အရက်သမားကို ရိုက်ပစ်"

ငှက်ပျောခွံတစ်ခုက လေထဲ၌ဝဲပျံလာကာ ပေါလ်၏ပါးကို ဘတ်ခနဲ လာထိသည်။ ယင်းကား အချက်ပေးလိုက်သလိုဖြစ်ကာ နောက်က ပေါင်မုန့်အခွံများနှင့် နေ့လယ်စာစားသောက်နေသူများထံမှ အရိုးအရင်းအမှိုက်သရိုက်များ လိုက်လာသည်။ ပန်းသီးအူတိုင်လေးငါးခုလည်း ပါ၏။ ထိုအခိုက်တွင် ပုလိပ်နှစ်ယောက်သည် ကြိတ်ခဲနေသောလူအုပ်ကြီး၏အကြားမှ တိုးဝှေ့ကာ ဝင်လာကြသည်။ တစ်ယောက်မှာ ပုလိပ်သားလူငယ်ကလေးဖြစ်၍ ကျန်တစ်ယောက်မှာကား စာဇင်ကြီး 'ဂျပ်' ဖြစ်လေသည်။

"ဒါ ဘာလုပ်တာလဲကွ။ မင်းလုပ်နေတာဟာ ငြိမ်ဝပ်ပိပြားရေးကို အနှောင့်အယှက်ဖြစ်စေတယ်ဆိုတာ မင်းသိရဲ့လား"

ပေါလ်လည်း မသဲမကွဲမြင်နေရသော ယူနီဖောင်းအပြာဝတ်နှစ်ဦးအား ငေးကြည့်ရင်း ဂျပ်ကို မရေမရာမှတ်မိလိုက်သည်။ သူ့အဖို့ လမ်းဆုံးပြီ။ သူက စကားပြောရန် ပါးစပ်ကို ဟလိုက်သော်လည်း စကားလုံးများက ထွက်မလာ။ သူ့ဘေးပတ်လည်တွင် လူများ အတိုးအဝှေ့များလာသည်။

"သူ အရက်မူးနေတာ စာဇင်ကြီး"ဟု မျက်နှာလိုအားရ အသံတစ်သံရှေ့တန်းမှပေါ်လာပြီး "သူ မဟုတ်တာတွေ လျှောက်ပြောနေတာ ခင်ဗျ" ဟုလည်း ကြားလိုက်ရသည်။ စာဇင်ကြီးက "ဒီတစ်ခါတော့ မင်းမလွတ်ဘူးကွ။ ငါ ဒါကိုစောင့်နေတာ။ လာ တို့နဲ့လိုက်ခဲ့" ဟု ဆိုကာ ပေါလ်၏ လက်တစ်ဖက်ကို ဆွဲ၍ လူအုပ်ထဲဖြတ်ခေါ်သွားရန် အားထုတ်သည်။ တောင့်ခံနေတော့ သူ တအားဆောင့်ဆွဲလိုက်၍ ပေါလ်မှာ လက်ကောက်ဝတ်ပါပြုတ်ထွက်မတတ် ခံလိုက်ရသည်။ ပြီးမှ စာဇင်ကြီးက ပေါလ်လက်ကို သံကြိုးဖြင့် ချည်ထားသည်ကို မြင်သွားသည်။ သူ့ လည်ပင်းတုတ်တုတ်ကြီး နီရဲသွား၏။ ပြီးတော့ သူ့အဖော်အား

"သူ့ကိုယ်သူ သော့ခတ်ထားတယ်ကွ။ အချုပ်ကားလိုလိမ့်မယ်ထင်တယ်" ဟု ပြောလိုက်၏။

ပုလိပ်နှစ်ယောက်လည်း သံကြိုးကိုဖြတ်ရန် ဒေါသဖြင့်အားထုတ်ရင်း ပေါလ်အား ဟိုဘက်ဆွဲလိုက် သည်ဘက်ဆွဲလိုက် လုပ်နေစဉ် ဘေးကလူအုပ်ကြီးကလည်း သူတို့ပတ်ပတ်လည်ကလှည့်ကာ တိုးဝှေ့ကြည့်ကြလျက်

ရှိသည်။ ပုလိပ်တစ်ယောက် ရောက်လာပြီးနောက် ခရာတုတ်ကာ အလျင်အမြန်ထွက်သွားသည်။ လူအားလုံး တစ်ပြိုင်တည်း တွန်းထိုးအော်ဟစ်လိုက်ကြဟန်တူသည်။ ယာဉ်အသွားအလာအားလုံး ရပ်ပြီး လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ဤအခြေအနေမျိုးကို ပေါလ်က သူ၏တော်လှန်မှုအထွက်အထိပ်အခြေအနေဟူ၍ ကြိုတင်မြင်ထားပြီးဖြစ်၍ ဤအချိန်တွင် သူပြောစရာရှိသည့်စကားကို အားနှင့်မာန်နှင့် ဟစ်လိုက်ဖို့ဖြစ်သည်။

သို့သော် သူက "မိတ်ဆွေများ ခင်ဗျာ။ ကျွန်တော်ဟာ တရားမျှတမှုကို တောင်းဆိုနေခြင်းသာ ဖြစ်ပါသည်။ အပြစ်မရှိတဲ့လူတစ်ယောက်ကို" ဟု စလိုက်သည်တွင် ပုလိပ်သားခပ်ငယ်ငယ်က သူ၏နံပါတ်တုတ်ဖြင့် သော့ခလောက်ကို ရိုက်ချိုးလိုက်သဖြင့် ပွင့်သွားပြီဖြစ်လေရာ ပုလိပ်များလည်း ပေါလ်အား ဒရောသောပါးဆွဲ၍ အသင့်စောင့်နေသော ပုလိပ်ကားထဲသို့ တွန်းထိုးထည့်လိုက်ခြင်းခံရလေသည်။

သူ၏နဖူးက သံမံတလင်းကို ဒိုင်းခနဲအရှိန်ဖြင့်ဆောင့်မိတော့ သူ့မှာ သတိလက်လွတ်မတတ် ဖြစ်သွားသည်။ သို့သော် သူ့ခေါင်းထဲတွင် နဂိုကပင်စွဲနေသည့် ကွဲထွက်မတတ် ခေါင်းကိုက်သည့်ဝေဒနာ ရှိပြီးဖြစ်နေ၍ မထူးတော့။ တကယ်က ဤသို့ဆောင့်မိလိုက်မှပင် သူ့အဖို့ မှင်သက်မိသလိုဖြစ်နေရာက သတိပြန်လည်လာအောင် လုပ်ပေးလိုက်သလို ဖြစ်နေသည်။ သူက ညည်းညူလိုက်သည်။ သူတို့အား ဒုက္ခပေးရကောင်းလားဟု ဒေါသထွက်နေကြသော ပုလိပ်သားသုံးယောက်မှာ သူ့ညည်းညူသံကြားလိုက်ရတော့ စိတ်အနှောက်အယှက် ဖြစ်သွားကြဟန်တူသည်။

ပထမလူက "ခွေးကောင်၊ အခုမှ အမူးပြေဟန်တူတယ်" ဟု ပြောလိုက်သည်။

စာဇင်ကြီးဂျပ်က "မဟုတ်ဘူးကွ။ အရက်မဟုတ်ဘူး" ဟုဆို၏။

ရုန်းရင်းဆန်ခတ်ဖြစ်စဉ်က တစ်ယောက်ယောက်က သူ့အား ဗိုက်ပိတ်ကန်လိုက်သည်ကို ခံထားရသဖြင့် မကျေနိုင်မချမ်းနိုင်ဖြစ်နေသော ခပ်တောင့်တောင့် တတိယပုလိပ်က "ဘာပဲဖြစ်ဖြစ်၊ ငါ့ကို ဒီလို ညစ်ပတ်ပြီးတော့မှ လွတ်မယ် မထင်နဲ့ကွ" ဟု ပြောလေသည်။

ထို့နောက် အပေါ်အင်္ကျီရင်ဘတ်ကို စုကိုင်၍ဆွဲယူလိုက်ရာ ပေါလ်လည်း လက်ထဲတွင် ဂျုံအိတ်ကြီးလို ပါလာသည်။ နောက် သူ့လက်သီးကို ဆုပ်လိုက်ကာ မျက်နှာတည့်တည့်ကို စွပ်၍ထိုးလိုက်ရာ ပေါလ်၏ နှာခေါင်းထဲမှ သွေးများ စီးကျလာသည်။ ထိုနောက် ပုံကျသွားကာ ငြိမ်သက်နေလေသည်။

ဂျပ်က ခပ်အေးအေးပင် "မလုပ်ပါနဲ့ကွာ၊ သူ ကောင်းကောင်းခံရမှာပါ။ မကြာပါဘူး" ဟု ပြောလိုက်သည်။

သံမံတလင်းပေါ်တွင် ပုံလျက်သား ငြိမ်သက်နေသော ပေါလ်၏အချုပ်ခန်းသံတံခါးကို ဂျိုင်းခနဲ ပိတ်လိုက်ပြီးသောအခါ အငယ်ဆုံး ပုလိပ်သားက မသက်မသာရယ်လိုက်သည်။

ထိုနောက် သူ့စိတ်ကို သူ သက်သာရာရအောင် ပြောလိုက်ရသည့်အလား "အေးလေ၊ ဒါ သူ့အပြစ်ပဲ" ဟု ဆိုလိုက်လေ၏။

*

# အခန်း – ၈

မသေမချာ မရေမရာပင် သူ၏ပတ်ဝန်းကျင်ကို ပေါလ်သတိပြုမိလာသည့်အချိန်မှာ ညနေမိုးချုပ်ချုပ်ဖြစ်လေသည်။ သူ၏ အချုပ်ခန်းငယ်ထိပ်မှ သံဆန်ခါအုပ်၍ထွန်းထားသော တစ်ခုတည်းသောမီးလုံးကို အတန်ကြာအောင် မော့်၍ကြည့်နေမိသည်။ ထို့နောက် သစ်သားအိပ်စင်ကလေးတစ်ဖက်ထိပ်၌ရှိသော ရေချိုင့်ဆီသို့ လေးဖက်ထောက်၍လာခဲ့ပြီး ချိုင့်ကိုစောင်း၍ ရေသောက်လိုက်သည်။ ရောင်နေသော သူ၏မျက်နှာကို ရေဆွတ်လိုက်၏။ ရေနှင့်ထိလိုက်သည်တွင် အေးမြလန်းဆန်း၍သွားသော်လည်း ချက်ချင်းဆိုသလိုပင် မျက်နှာတစ်ခုလုံး ပူလာလေသည်။

သတိကြီးစွာဖြင့် အားယူထလိုက်ပြီး ပျဉ်ပြားပေါ်တွင် ထိုင်လိုက်သည်။ ယခု သူ့ခေါင်းမှာ သိပ်မကိုက်တော့။ သို့ရာတွင် အသက်ရှူရခက်နေသဖြင့် အံ့အားသင့်ရပြန်သည်။ အသက်ရှူသွင်းလိုက်တိုင်း လက်ဝဲဘက် ရင်အုံထဲက စူးစူးရှရှ နာကျင်သွားသည်။ ချက်ချင်းပင် ဤသို့နာကျင်သည်ကို ပျောက်အောင် သို့မဟုတ် အနာသက်သာအောင်ဆိုလျှင် အသက်ကို ခပ်ဖော့ဖော့ရှူဖို့၊ တစ်ဝက်သာရှူဖို့ဖြစ်သည်ကို သူသိလိုက်၏။ ထို့ကြောင့်ပင် သူ့မှာ အသက်ကို တိုတိုနှင့် မြန်မြန်ရှူနေရ၏။ သို့သော် ဤသို့ရှူရသည့်အတွက် သူ့မှာ ကသိကအောက်မဖြစ်ချေ။

ဤသို့ သူ၏ရောဂါလက္ခဏာများကို ပြန်လှန်တွေးတော စဉ်းစားလျက်ရှိစဉ် အချုပ်ခန်းတံခါး ရုတ်တရက်ပွင့်လာပြီး လူတစ်ယောက် ဝင်လာသည်။ ပေါလ်လည်း ရောင်နေသော သူ၏မျက်လုံးများကို မှေး၍ကြည့်လိုက်တော့ ဝေ့တလေပုလိပ်မင်းကြီးဖြစ်သည်ဟု မှတ်မိလိုက်၏။

ဒေးသည် အောက်သို့ ငုံ့၍ ပေါလ်၏ အခြေအနေအားလုံးကို အသေးစိတ် စစ်ဆေးနေသည့်ပမာ တိတ်ဆိတ်စွာပင် အကြာကြီး စိုက်ကြည့်နေလေသည်။ သူ၏ အမူအရာမှာ ယခင်တစ်ကြိမ် တွေ့ကြုံစဉ်ကကဲ့သို့ မဟုတ်ဘဲ ခပ်တန်းတန်းဖြစ်နေကာ သူ၏မျက်နှာမှာလည်း မှုံနေသည်။ သူစကားပြောသောအခါလည်း သူ၏အသံမှာ တည်ငြိမ်၍ ခပ်အုပ်အုပ်ဖြစ်သည်။

"မင်း ကျုပ်ပြောတာကို နားမထောင်ခဲ့ဘဲကိုး။ ကျုပ်က မင့်ကို အိမ်ပြန်သွားဖို့ပြောခဲ့တယ် ထင်ပါတယ်။ ဒါပေမယ့် မင်းက မပြန်ဘူး။ ကျုပ်ပြောတာကို အကောင်းမထင်ခဲ့ဘူး။ ဒီမှာပဲ ပေကတ်နေပြီး ဒုက္ခအိုးကို မွှေလိုက်ချင်သေးတယ်ပေါ့။ ဒီတော့ မင်း အခု ကျုပ်ပြောခဲ့သလိုပဲ၊ ဒီကို ပြန်ရောက်လာပြီ။ ပိုဆိုးလာတာတစ်ခုပဲ။ အများကြီး ပိုဆိုးလာတာတစ်ခုပဲ"

တိတ်ဆိတ်သွားပြန်၏။

"မင်းကိုယ်မင်းတော့ တကယ့်လူလည်ကြီးလို့ ထင်နေမှာပါပဲ။ ကျုပ်ရဲ့စာဇင်ကြီးများကို အာဏာဖီဆန်ပြီး လွတ်အောင်ရှောင်ပြေးမယ်ပေါ့၊ ဟုတ်လား။ ဒီရက်ပိုင်းမှာ မင်း နေရာတကာ မသူတရူလုပ်နေပေမယ့် အဖမ်းမခံခဲ့ရဘူးပေါ့။ မင့်ကိုယ်မင်း မလှည့်စားချင်ပါနဲ့ ကိုယ့်လူရယ်။ တစ်ချိန်လုံး မင်းဟာ ကျုပ်သဘောကောင်းလို့ လွတ်လွတ်လပ်လပ်နေရတဲ့ လူပါကွယ့်။ ဒါပေမယ့် ကျုပ် လုပ်သင့်တာကို မလုပ်ခဲ့ဘဲ မင့်ကို အခွင့်အရေးပေးခဲ့မိတာကိုး။ မင်းက ဒါကိုတောင် လက်မခံခဲ့ဘူးလေ။"

ဒေးက သူ၏ သွားများပေါ်အောင် ပါးစပ်ကို ဖြဲပြလိုက်သည်။

"အခု မင့်ကြည့်ရတာ အတော့်ကို အခြေအနေဆိုးနေပြီပဲဟင်။ ကျုပ်ရဲ့ ချာတိတ်တွေက မင့်ကို ခပ်ကြမ်းကြမ်းကလေး ကိုင်ထားကြဟန်တူပါရဲ့။ ဒါပေမယ့် သည်းခံကွာ။ ဒါဟာ အလုပ်ဝတ္တရားဆောင်ရွက်နေတဲ့ အရာရှိတစ်ယောက်ကို ခုခံတော်လှန်ရင် ဖြစ်တတ်တာမျိုးပဲ။ ဒါ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး။ မင့်အပြစ်ပဲ"

တိတ်ဆိတ်သွားပြန်၏။ ပုလိပ်မင်းကြီးက ပေါလ်အား စကားပြောစေရန် ဖိတ်ခေါ်နေသကဲ့သို့ ရှိ၏။ ထို့ပြင်လည်း ပေါလ် စကားပြောမည်။ ပြောလျှင် စကားအမှားအယွင်းပါပြီး တစ်စုံတစ်ခုကို ဝန်ခံရာရောက်သွားလိမ့်မည်ဟုလည်း မျှော်လင့်နေသကဲ့သို့ ရှိလေသည်။

"ကဲ အခု မင်းဘာဖြစ်မယ်လို့ထင်သလဲ။ မင်းစိတ်ထဲမှာတော့ သတိကလေးဘာလေးပေး။ အကြံဉာဏ်ကလေး ဘာလေးပေးပြီး ပြန်လွှတ်လိုက်မှာပဲလို့ ထင်ချင်ထင်နေမယ်။ ကျုပ်ကတော့ အဲသလို မထင်ဘူး။ ကျုပ်စိတ်မှာ အကြံကလေးဘာလေးပေးဖို့ စခန်းက လွန်ခဲ့ပြီလို့ထင်တယ်။ မင့်ကို အခွင့်အရေးပေးပြီးပြီ။ မင်း မယူခဲ့ဘူး။ မင်းက ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတွေထဲကို ကျစ်ထိုးပြီး ဝင်လာခဲ့တယ်။ လူအများ မကြိုက်တာကို လုပ်ခဲ့တယ်။ လူကောင်းသူကောင်းတွေကို အနှောက်အယှက်ပေးခဲ့တယ်။ ဥပဒေကို မင်း ထိပါးခဲ့တယ်။ ပါလီမန်အမတ်များကိုတောင်မှ စိတ်ဆိုးအောင် မင်းလုပ်ခဲ့တယ်။ ဒါတင် မကသေးဘူး" ဟု ပြောရင်း သူ့အသံတိုးသွားကာ "မင်း ကျုပ်ကိုလည်း စိတ်ဆိုးအောင်လုပ်ခဲ့တယ်။ ကျုပ်တို့ ဘာမှ ထိခိုက်လို့တော့ မဟုတ်ဘူး။ ကျုပ်အခြေဟာ ခိုင်မြဲပါတယ်။ ကျောက်ဆောင် ကျောက်တုံးလို ခိုင်ပါတယ်။ ဒါပေမယ့် မင်းလုပ်နေတာကို ကျုပ် မကြိုက်ဘူး။ ကျုပ်လုပ်တာကို မှားတယ်လို့ မင်းက တပေပေစွပ်စွဲပြောနေတာကိုလည်း ကျုပ် မကြိုက်ပါဘူး။ အဲဒါအတွက် မင်း ကောင်းကောင်းခံရဦးမယ်ဆိုတာ ကျုပ် စိတ်ထဲကသိနေတယ်။ အခု မှားနေတာက မင်း။ နက်ဖြန်ကျရင် အဦးဆုံး မင်းကို တရားသူကြီးဆီ ပို့ရမယ်။ တရားသူကြီးက မင်းအမှုကို အရေးကြီးတဲ့အမှုလို့ သဘောထားပြီး အာမခံတန်ဖိုး ခပ်များများကလေး။ အင်း ပေါင်ငါးဆယ်တန်းလောက်အထိ တောင်းတယ်ဆိုရင် ကျုပ်တော့ မအံ့သြပါဘူး။ မင့်မှာ ပေါင်ငါးဆယ်ရနိုင်လောက်တဲ့နည်းလမ်း၊ အခြေအနေ ဘာမှမရှိဘူး မဟုတ်လား။ မရှိပါဘူး။ ကျုပ်သိပါတယ်" ဟု ဆိုကာ သရော်သလို ခေါင်းကို အသာအယာယမ်းနေပြီးမှ "အဲသလိုဆိုရင် မင်းကို ချုပ်ထားဖို့ ရမန်ပေးရမယ်။ ဒီကိုပဲ ပြန်ရောက်လာမယ်။ ဟင်၊ အချုပ်ခန်းကလေးက တယ်နွေးနွေးထွေးထွေးရှိလှတယ်တော့ မဟုတ်ဘူးပေါ့ကွယ်။ ဒါပေမယ့် မင်းလိုတာ အကုန်ရှိပါတယ်။ မင်း ကြိုက်လိမ့်မယ် ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်း ဒီအထဲမှာ အတော်ကြာအောင် နေရဦးမှာကိုး"

ထို့နောက် အတော်ကြာအောင် ပေါလ်အား အသေးစိတ်ကြည့်ရှုစစ်ဆေးနေပြီး လှည့်ထွက်သွားလေ၏။ သို့သော် အချုပ်ခန်းအပြင်သို့ရောက်လျှင်ရောက်ချင်း သူ၏မျက်နှာထား ပြောင်းသွားသည်။ သူသည် မှုန်နေအောင် မျက်မှောင်ကြုတ်လျက်ရှိ၏။ သူသည် အချုပ်ခန်းတွင်း၌ရှိစဉ် သူ့စိတ်နှင့်သူ့ကိုယ်မဟုတ်ခဲ့။ သူ့မှာ ကိုယ့်အပိုင်းကိုယ် ကောင်းကောင်းမကပြခဲ့သော ဇာတ်သရုပ်ဆောင်တစ်ယောက်လို သူ့ကိုယ်သူ အမြင်ကတ်၍လာခဲ့သည်။ သို့သော် တကယ်ပြောရလျှင် သူ ဘာလုပ်နိုင်မည်နည်း။ ဥပဒေရုံးတော်တွင်ရှိနေသော ဆာမက်သယူးအား တယ်လီဖုန်းဆက်ရန် အရေးတကြီး ညွှန်ကြားချက်တစ်ခု ရရှိထားသည်။ တယ်လီဖုန်းမဆက်ခင် သူ တရားခံကိုတွေ့ခဲ့ပြီးပါပြီဟူ၍တော့ ပြောနိုင်ရပေမည်။

သူ၏ရုံးခန်းထဲသို့ဝင်ခဲ့ပြီး စားပွဲထိပ်တွင်ထိုင်မိတော့ သူ၏မျက်မှောင်မှာ ပို၍မည်းလာသည်။ ရာဇဝတ်ပြစ်မှုမျိုးစုံမှ လူတို့တွေကြုံရတတ်သော စိတ်ညစ်စရာ အရှုပ်အထွေးမျိုးစုံဖြင့် အရေထူနေခဲ့သူဖြစ်သော်လည်း ဒေးမှာ ယခု သူ့ခေါင်းပေါ်သို့ ပြန်ကျလာပြန်သည့် ဤကိစ္စကိုတော့ မနှစ်မမြို့ဖြစ်ရသဖြင့် ဝမ်းထဲက မအီမလည်ဖြစ်နေရပေသည်။ လွန်ခဲ့သည့် သီတင်းပတ်များအတွင်း "ဤအရူးကလေးသည် သူ၏သက်ညှာမှုကိုလက်ခံ၍ သူ့အိမ်သူ ပြန်သွားပါစေ" ဟု ဘုရားသခင်ထံ ဆုတောင်းနေမိခဲ့သည်။ ယခုမူ သူ၏ခေါင်းထဲတွင် မေးခွန်းကလေးတစ်ခု၊ တီးတိုးသံကလေးတစ်ခုက မရေမရာပေါ်လာကာ ညင်းဆဲလျက်ရှိပြန်ပြီ။ "ဒီအထဲမှာ တစ်ခုခုများ ရှိနေလေသလား"

သူသည် စိတ်ဆိုးမာန်ဆိုးပင် တံပျာသံချွန်ဖြင့် အထိုးခံလိုက်ရသည့် နွားသိုးပမာ ခေါင်းကို ဆတ်ခနဲမော့ပစ်လိုက်သည်။ ဘာမှ မရှိပါ။ သူ့ကိုယ်သူတော့ ကောင်းစွာသိပါတယ်။ သူတစ်လျှောက်လုံး ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်ခဲ့ပြီး သူ့သိက္ခာမှာ အစွန်းအထင်းမရှိခဲ့ကြောင်း အထောက်အထားမှတ်တမ်းများ တင်ပြနိုင်ပါသည်။ စစ်ချင်သလို စစ်၊ သူ ရဲရဲကြီး အစစ်ခံဝံ့ပါသည်။ သူ့မှာ သူသိထားသော အခြားသူများလို လိပ်ပြာလုံအောင် ဖုံးဖိနေရသူမဟုတ်။ သူ၏ ထာဝရလက်သုံးစကားမှာ "အိုးမည်းကို လက်မပေအောင် ကိုင်လို့မရ" ဟူ၍ ဖြစ်သည်။ သူ၏ လက်များသန့်ရှင်းပါသည်။

သို့တိုင်အောင် သူသည် တယ်လီဖုန်းစကားပြောခွက်ကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ မကိုင်ချင့်ကိုင်ချင် ကောက်၍ကိုင်ကာ စိတ်ထဲက မတင်မကျနှင့်ပင် ဒိုင်ခွက်ကို တစ်ချက်ချင်းဖြည်းညှင်းစွာ လှည့်လိုက်သည်။ တစ်ဖက်မှ ထူးသူမှာ စာရေးကြီး 'ဘား' ဖြစ်သည်။ သို့ရာတွင် ချက်ခြင်းဆိုသလိုပင် စပရောက်၏လက်သို့ တယ်လီဖုန်းခွက်ရောက်သွားသည်။

"ဟယ်လို၊ ဟယ်လို၊ ဆာမက်သယူးပါလားခင်ဗျာ"

ထိုခဏ၌ပင် စပရောက်၏ဘက်မှ အခြားသောအဆက်အသွယ်များကို ဖြတ်တောက်လိုက်သည့် ခလုပ်နှိပ်လိုက်သံ ကြားရသည်။ နှစ်ကိုယ်တည်း ပြောလို့ရအောင် လုပ်လိုက်ခြင်းဖြစ်၏။ ထိုနောက်တွင်မှ အစိုးရရှေ့နေကြီး၏ အသံပေါ်လာသည်။ ဤတစ်ကြိမ်တွင်ကား သူ၏အသံမှာ ပျော့ပျောင်းဖော်ရွေ၍မနေဘဲ ဒေါသအပြည့်နှင့်ဖြစ်နေသည်။

"ဘယ်နှယ့်ကြောင့် ဒီလို ဗရုတ်သုက္ခတွေ လျှောက်ဖြစ်ကုန်ရတာလဲ"

"ဘာ ဗရုတ်သုက္ခလဲ ဆာမက်သယူး ခင်ဗျာ" ဟု ဒေးက ခပ်တည်တည်ပင် ပြန်မေးလိုက်သည်။

"ကျုပ် ဘာကိုဆိုလိုတယ်ဆိုတာ မင်းသိပါတယ်။ ဒီကနေ့ ပန်းခြံမှာဖြစ်ရတဲ့ ကိစ္စပေါ့။ ဒီပုဂ္ဂိုလ်လေးနဲ့ပတ်သက်ပြီး ကျုပ် မင်းကိုအသေအချာ ညွှန်ကြားမထားခဲ့ဘူးလား"

"ညွှန်ကြားထားတဲ့အတိုင်း လုပ်ပါတယ်ခင်ဗျာ"

"ဒါဖြင့် အခုကိစ္စ ဘာလို့ဖြစ်ရတာလဲ၊ ဒီလို လူစုလူဝေးရှေ့မှာ ဖွင့်ပြတဲ့ကိစ္စ။ ကျုပ်က ဒါမျိုးကို ရှောင်ချင်နေပါမှ ဒါမျိုးကို ကြိုကြိုတင်တင်သိတတ်တဲ့ညဏ်ကလေး မင့်မှာ တစ်ခါတစ်လေတော့ ရှိစေချင်ပါတယ်"

ပုလိပ်မင်းကြီးလည်း သူ့ကိုယ်သူ ကြိုးစား၍ ငြိမ်သက်အောင် ထိန်းလိုက်ရသည်။ သူ စိတ်တိုလို့ မဖြစ်သေး။

"ကျွန်တော်တို့အဖို့မှာ လုပ်ရတာ မလွယ်ပါဘူး ဆာမက်သယူးခင်ဗျာ။ ဒီအရူးလေး ဘာတွေလျှောက်လုပ်မယ်ဆိုတာကို ဘယ်သူသိနိုင်ပါ့မလဲ။ ကျွန်တော်တို့လဲ တတ်နိုင်သမျှ အစွမ်းကုန် စောင့်ကြည့်တာပဲ ခင်ဗျ။ ကျွန်တော့်ဆီမှာရှိတဲ့ အကောင်းဆုံးလူတစ်ယောက်ကို တာဝန်ပေးထားတာပဲ။ ဆာမက်သယူးကလည်း သူ့ကို အကြပ်မကိုင်နဲ့လို့ ပြောထားတော့ ကျွန်တော်တို့လဲ မဖမ်းခဲ့ရဘူးပေါ့။ ဒါပေမယ့် ခင်ဗျာ၊ ဒီတစ်ခါတော့ အနည်းဆုံး ခြောက်လလောက်တော့ ချပစ်လို့ရမှာပါပဲခင်ဗျာ"

"မရူးစမ်းပါနဲ့ကွာ"

ကြောင်အမ်းအမ်းပင် တိတ်ဆိတ်သွားပြန်သည်။ ဆာမက်သယူး စကားဆက်ပြောတော့ သူ့အသံမှာ အနည်းငယ် ပျော့လာသည်။ အကျိုးသင့်အကြောင်းသင့် ဖြစ်လာသည်။

"ဟော့ ဒီမှာကွယ့်၊ ဒေးရဲ့။ မင်းပြောတဲ့စကား အရှူးလေးဆိုတာ ဟုတ်တုတ်တုတ်ပဲကွ၊ ဒီသူငယ်ဟာ တကယ်ပဲ စိတ်မမှန်တဲ့လူပဲဆိုတာ ဘာမှ သံသယဖြစ်စရာ ရှိပုံမရဘူး"

ပုလိပ်မင်းကြီးသည် သူ့စိတ်ကို ငြိမ်သက်စေရန် သူ့ရှေ့ကစားပွဲပေါ်က မင်နှိပ်စက္ကူပေါ်တွင် ခဲတံဖြင့် လျှောက်ခြစ်နေခဲ့ရ၏။ သို့သော်ယခု သူရပ်ထားလိုက်ပြီး သူ့ရှေ့က ဗလာနံရံကို စူးစိုက်ကြည့်နေလိုက်သည်။

"အဲသလိုဆိုရင်" စပရောက်က ခပ်လေးလေးစဉ်းစားရင်းပြောသလို ဆက်ပြောသည်။ "အဲသလိုဆိုရင် သူဟာ တရားရုံးတို့ဘာတို့တင်ပြီး စစ်ဆေးအပြစ်ပေးဖို့ လိုတဲ့လူမျိုးမဟုတ်တော့ပဲ စိတ်ဖောက်ပြန်တဲ့ ဝေဒနာသည်တွေကို ကုသပေးတဲ့ ဆေးရုံတစ်ခုခုမှာ ဆေးကုသခံဖို့လိုတဲ့လူမျိုး ဖြစ်နေတယ်ကွ"

ဒေးက "အရူးထောင် ဆိုပါတော့" ဟု ဝင်ထောက်လိုက်သည်။

စပရောက်ဘက်မှ တစ်စုံတစ်ခုကို မနှစ်သက်သည့်အသံထွက်လာသည်။

"ကိုယ့်လူ ဒေးရယ်။ ဒီ 'အရူး' တို့ 'ထောင်'တို့ဆိုတဲ့စကားတွေဟာ ယဉ်ကျေးတဲ့ လူတွေသုံးတဲ့ ဝေါဟာရတွေ မဟုတ်တော့ဘူးဆိုတာ မင်းမသိဘူးလား။ 'ဒရိမ်း'မှာရှိတဲ့ ကျုပ်တို့ရဲ့ အင်မတန်ကောင်းမွန်တဲ့ အဖွဲ့အစည်းတစ်ခုကို ဒီလို ခေါ်လိုက်တာကတော့ သက်သက် မတော်မတရားပြောတဲ့စကားပဲလို့ ကျုပ်ထင်ပါတယ်"

ပုလိပ်မင်းကြီး၏နှုတ်မှ 'ဩ၊ ဒရိမ်းဆိုပါလား" ဟု ခပ်တိုးတိုး ရေရွတ်မိ၏။

ဆာမက်သယူးဘက်မှ "သူ့ကို အဲသလို စိတ်ရောဂါသည်လို့ တရားဝင်ကြေညာဖို့ဆိုရင် အချက်အလက်ကလေးတွေတော့ လိုလိမ့်မယ်။ သူ့အကြောင်းပြောစမ်းပါဦး။ သူဟာ သိပ်သောင်းကျန်းသလား"

ဒေးက "ဟုတ်ကဲ့။ သောင်းကျန်းတယ်လို့ ဆိုနိုင်ပါတယ်" ဟုဖြေသည်။

"သူ့မှာ မိတ်ဆွေတွေ ဘာတွေကော။ သူ့ကို စောင့်ရှောက်မယ့်လူ တစ်ယောက်မှ မရှိဘူးလား"

"ဘဲလဖတ်မှာ အမေရှိတယ်။ ရည်းစားရှိတယ်။ ဒါပေမယ့် သူတို့လည်း လက်လျှော့ထားရတဲ့ သဘောရှိပါတယ်။ မကြာခင်ကမှ လမ်းပေါ်နေနေတာပဲ။ တစ်ယောက်ထဲပဲ"

စပရောက်က ကရုဏာသက်သွားဟန်ဖြင့် "ဖြစ်မှဖြစ်ရလေကွာ၊ သူ့ခမြာ အဖွဲ့အစည်းက စောင့်ရှောက်ထားရမယ့် အခြေအနေပဲကိုး။ နက်ဖြန် သူ့ကိုရာဇဝတ်တရားသူကြီးဆီ ပို့ရမှာပဲ ထင်တယ်နော်" ဟု ဆိုလိုက်သည်။

ဒေးက အသံမာမာဖြင့် "ဟုတ်ပါတယ်။ လွတ်လမ်းမရှိပါဘူး" ဟု ပြန်ပြောသည်။

ယခုတစ်ကြိမ်တွင် အစိုးရရှေ့နေကြီး၏အသံမှာ ကရုဏာသံမဟုတ်တော့။ ချိုသာဖော်ရွေခြင်းလည်း မရှိတော့ပဲ ပုလိပ်မင်းကြီး၏နားထဲသို့ ဓားဖြင့်ထိုးလိုက်သလို ဝင်လာသည်။

"ကျုပ်က လွတ်လမ်းကို ရှာနေတာ မဟုတ်ဘူး။ ကျုပ်အတွက်ရော မင့်အတွက်ပါ မဟုတ်ရင်ပေါ့"

ယခုအခါ မည်သူက ပို၍ထက်မြက်သည်ကို သံသယဖြစ်စရာ မရှိတော့။ အစိုးရရှေ့နေကြီးသည် ပိုမိုတည်ငြိမ်သောလေသံဖြင့် ဆက်လက်ပြောပြန်သည်။

"တရားသူကြီး မစ္စတာဘက်တာစဘီကြီးဟာ တော်တော်မှန်ကန်တဲ့ ပုဂ္ဂိုလ်ကြီးပဲလို့ ကျုပ်ထင်တယ်"

ဒေးက သူ့လေသံအတိုင်းပင် မသိမသာဟန်လုပ်၍ "ဟုတ်ကဲ့။ သူက အာမခံများများတောင်းလိုက်ရင် ကျွန်တော်တို့ ရမန်ရဖို့ သေချာပါတယ်" ဟု ပြန်ပြောလိုက်၏။

"မင့်ကို ကျုပ်က ဩဇာအာဏာ အပေးအယူလုပ်တဲ့နည်းတို့ မရိုးဖြောင့်တဲ့နည်းတို့ကိုသုံးဖို့ တိုက်တွန်းနေတာမဟုတ်ဘူးနော်၊ ဒါပေမယ့် ဒီအမှုရဲ့ စိတ်ရောဂါဆိုင်ရာ အချက်အလက်တွေကိုတော့ သွားပြီး ရှင်းပြထားရင်ကောင်းမယ်။ ရမန်ပေးရင် တတ်ကျွမ်းနားလည်သူများနဲ့ စစ်ဆေးကုသပေးနိုင်မှာမို့ ဒီလူငယ်ရဲ့ကောင်းကျိုးအတွက်ဖြစ်တယ်လို့ ပြောထားပေါ့" ဟု တည့်တည့်ပင် ပြောလိုက်သည်။

ဒေးက "ဟုတ်ကဲ့" ဟု ဆိုသည်။

စပရောက်က "ကဲ ဒါဖြင့်ကောင်းပြီလေ"ဟု ဆိုလိုက်ပြီးမှ "ဒီတစ်ခါတော့ မမှားစေနဲ့နော်"ဟု ဆက်ပြောလိုက်၏။ ပြီးတော့ တယ်လီဖုန်းကို ချလိုက်၏။

ထိုနောက် တစ်မိနစ်လောက်ကြာမှ ပုလိပ်မင်းကြီးလည်း တယ်လီဖုန်းခွက်ကို ခပ်ဖြည်းဖြည်း ပြန်ချထားလိုက်လေ၏။

*

## အခန်း – ၉

နောက်တစ်ရက် နံနက်ဆယ်နာရီတွင် ရာဇဝတ်တရားရုံးဖွင့်သည်။ ရုံးခန်းသည် ပထမအထပ်၌ရှိသည်။ ခန့်ညားသော်လည်း ခပ်ရိုးရိုးကျဉ်းကျဉ်း အခန်းကလေးတစ်ခုဖြစ်ပြီး တရားသူကြီးထိုင်သည့် မဟော်ဂနီစင်မြင့် တစ်ဖက်တစ်ချက်တွင် အမှုလာ၍နားထောင်သူများထိုင်ရန် ကုလားထိုင်တန်းများနှင့် ထိပ်တိုက်ဖက်တွင် တရားခံများထိုင်ရန် ခုံတန်းရှည်ရှိသည်။ လေ တဟူးဟူးတိုက်နေသောအခန်းဖြစ်၍ တရားသူကြီးထိုင်သည့် စင်မြင့်နှင့် ပြူတင်းပေါက်တို့အကြားတွင် ခေါက်လိုက်ကာတစ်ခုရှိရာ ယင်းက အလင်းရောင်ကိုပါ ကွယ်ထားသလို ဖြစ်နေ၏။ မျက်နှာကြက်တွင် လေးသည်တော်နှစ်ယောက် လေးပစ်ရန်ချိန်နေပုံ၊ မြို့တော်တံဆိပ် အင်္ဂတေ ဆေးရေးပန်းချီရှိသည်။

လည်ပင်းနီနီနှင့် ပုလိပ်အရာရှိက ပေါလ်အား အပေါ်ထပ်သို့ ခေါ်သွားသည်။ ယခုနံနက်တွင်မူ သူ သိပ်ဆိုးပုံမရတော့ပါ။ နံနက်စာစားပြီး ဆေးတံတစ်ဆုံလောက် ဖွာလာခဲ့ဟန်တူသည်။ သူ့ပါးစပ်က အနံ့ရနေ၏။ အချုပ်ခန်းထဲမှ ထွက်လာခဲ့ကြတော့ သူကပေါလ်၏ ပွန်းပဲ့ရောင်အမ်းနေသည့်မျက်နှာကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။

"ငါ့လူ မနေ့က မင်းချော်လဲထားတယ်နော်။ ဒီနေ့တော့ မလဲအောင် သတိထားကွ။ ကဲ လာ၊ ငါနဲ့လိုက်ခဲ့"

ပေါလ်က ဘာမှ ပြန်မပြော။ နံနက်လင်းခါနီးမှ နာရီအတော်များများ အိပ်လိုက်ရသည်။ တကယ်ကတော့ ပင်ပန်းနွမ်းနယ်ပြီး နာကျင်ကိုက်ခဲလျက်က နိုးတစ်ဝက် ပျော်သွားခြင်းသာဖြစ်၏။ သို့သော် ဤသို့အိပ်လိုက်ရ၍ သူ့မှာ အထူးအားပြည့်၍ မလာခဲ့။ သူ ဘာကြောင့် ဤမျှ အားနည်းနေသည်ကို သူနားမလည်ချေ။ သူ့မှာ အသက်ရှုဖို့ကိုပင် မနည်းအားစိုက်နေရသည်။ သူ၏နံဘေးကလည်း နာကျင်လွန်းသဖြင့် လက်နှင့် အတင်းဖိထားရသည်။ သို့ရာတွင် သူ သတိပြန်လည်ကောင်းမွန်လာချိန်မှစ၍ သူစဉ်းစားလိုက်တိုင်း ဖြစ်လေ့ရှိသလို သူ၏စိတ်တို့သည် ကြည်လင်ပြတ်သား၍နေပေသည်။ ထူးထူးခြားခြားပင် အရာရာတိုင်းကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ သူ စကားပြောမည်။ အားလုံး ဖွင့်ချမည်ဟု အခိုင်အမာ ဆုံးဖြတ်ထားလိုက်၏။ မှန်ပါသည်။ ဤတစ်ကြိမ်တော့ သူ့ကို ဘာမှတားဆီးနိုင်တော့မည် မဟုတ်ပါ။

သူ့အား ဘေးတံခါးလေးမှခေါ်လာခဲ့ပြီး တရားခံများထိုင်သည့် ခုံတန်းလျားပေါ်သို့ ပို့လိုက်သည့်အချိန်တွင် ရုံးမင်းသည် အမှုများကို စီရင်လျက်ရှိပေပြီ။ တရားသူကြီးဖြစ်သူ ခပ်ပိန်ပိန်ပါးပါး မစ္စတာဘတ်တာစဘီမှာ ကြင်နာတတ်သော်လည်း အစိုးရိမ်ကြီးသော မျက်နှာမျိုးရှိသူ လူလတ်ပိုင်းအရွယ်ဖြစ်ပြီး ထုံးစံအတိုင်း အမှုအသေးအဖွဲ့ကလေးများကို ကျစ်လျစ်စွာစစ်ဆေးစီရင်လျက်ရှိ၏။ ပေါလ်လည်း အရက်မူးသမား လူခပ်ကြီးကြီးသုံးယောက်အမှု၊ လောင်းကစားစာရွက်များနှင့်အတူ ဖမ်းမိလာသည့် လူငယ်တစ်ယောက်အမှု၊ လိုင်စင်မရှိဘဲလမ်းဘေးဈေးရောင်းမှု၊ တောင်းရမ်းစားသည်ဟု စွဲတင်သည့် တယောသမား၏အမှု၊ အလုပ်အကိုင်ထင်ရှားမရှိ တေလေလုပ်နေသည်ဟု စွဲတင်သည့် တစ်ယောသမားအမှု။ ဤအမှုများကို မြန်မြန်ပြီးပြတ်အောင် စီရင်လိုက်သည်ကိုကြည့်ကာ တရားသူကြီးအား လေးစားလာလျက်ရှိသည်။

တရားသူကြီးမှာ နှုတ်ခမ်းပါးပါးနှင့် သူ၏ရာထူးက ပုံသွင်းပေးထား၍ ခက်ထန်နေဟန်ရှိသော်လည်း သူ၏မျက်လုံးများမှာ ဗဟုသုတပြည့်ဝ၍ လောကအကြောင်း နားလည်သူအသွင်ကို ဖော်ပြလျက်ရှိကြသည်။ သူ့ရှေ့သို့ ရောက်လာသော ပြစ်မှုကျူးလွန်နေကျ တရားခံများက သနားအောင်ပြောသည်ကို နားထောင်နေသည်။ သို့ရာတွင် သူ့စီရင်ချက်များသည် မည်သူ့အပေါ်တွင်မျှ မပြင်းထန်ချေ။ ပထမအကြိမ်ကျူးလွန်သူများကို ခံဝန်ချုပ်ဖြင့်လွှတ်လိုက်၏။ အသေးအဖွဲ့ခိုးမှုတစ်ခုဖြင့် စွဲဆိုတင်ပို့ခြင်းခံရသည့် မိန်းကလေးတစ်ယောက်ကိုမူ တစ်စုံတစ်ရာ မှတ်ချက်မချဘဲ ကယ်ဆယ်ရေးအဖွဲ့ကိုယ်စားလှယ်ထံသို့ လွှဲအပ်လိုက်၏။ ပေါလ်လည်း "ငါပြောတာကို နားထောင်မယ့်လူကြီးပဲ"ဟု သူ့ကိုယ်သူပြောမိ၏။

ပေါလ် မစ္စတာဘတ်စဘီအား လေးစားလာလျက်ရှိစဉ် ရုတ်တရက် သူ့အားလည်း တစ်စုံတစ်ယောက်က ဂရုစိုက်၍ကြည့်နေကြောင်း သတိပြုမိလာသည်။ အမှုလာနားထောင်ကြသူများဘက်သို့ လှည့်ကြည့်လိုက်သောအခါ ချက်ချင်းပင် လီနာကိုမြင်ရသည်။ လီနာမှာ တစ်ယောက်တည်းမဟုတ်။ သူ့ဘေးတွင် ပေါလ်တစ်ခါမှ မမြင်ဘူးသည့် အသက်လေးဆယ်ခန့် သက္ကလပ်ဖလန်နယ်ဝတ်စုံနှင့် လည်စည်းမသေမသပ်ဖြစ်သလို ချည်ထားကာ တွန့်ကြေနေသော အပေါ်အင်္ကျီဝတ်ထားသော ပုံမကျပန်းမကျ လူဝကြီးတစ်ယောက်ရှိသည်။ သူ၏ ခပ်စုပ်စုပ်ဦးထုပ်ပျော့ကို နောက်သို့ ခပ်လန်လန်ဆောင်းထားသဖြင့် သူ၏ထိပ်ပြောင်ကြီးကို မြင်နေရသည်။ မုတ်ဆိတ်ပါးမုန်းမွေးများကို တမင်မရိတ်ဘဲထားသဖြင့် မသပ်မရပ်ရှိသော သူ့မျက်နှာဝိုင်းဝိုင်းပြည့်ပြည့်ကြီးမှာ အိပ်ချင်နေသည်ကို မနည်းကြိုးစား၍ထိန်းထားရသည့်အသွင် ပေါ်နေသည်။ လွန်ခဲ့သောမိနစ်အနည်းငယ်က သူသည် ဤသို့ပင် ပေါလ်အား အမှတ်မထင်လိုလိုနှင့် လေ့လာအကဲခတ်နေခဲ့ဟန်တူ၏။ ယခု သူ၏မျက်နှာအမူအရာက မပြောင်းဘဲ လက်ညှိုးတစ်ချောင်းကိုထောင်ကာ သူ့နှုတ်ခမ်း၌ ကပ်၍ပြလိုက်၏။ ဤအထိမ်းအမှတ်ကလေးသည် မထင်မရှား ခေတ္တခဏလေးမျှသာဖြစ်သော်လည်း အဓိပ္ပာယ်ကတော့ များစွာပါလေသည်။ ပေါလ်လည်း လီနာအား ဆတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်သည်။ လီနာ၏မျက်လုံးများက တစ်စုံတစ်ခုတောင်းပန်နေဟန်ကို သူရိပ်မိသွားပြီး လူဝကြီးအား ပြန်ကြည့်လိုက်ရာ လူဝကြီးကတစ်ချက်မျှ မသိမသာ ခေါင်းညိတ်ပြလိုက်သည်။ ဤတွင်လည်း အဓိပ္ပာယ်ကပေါ်လွင်နေပြန်သည်။ ထို့နောက်တွင် လူဝကြီးလည်း ဤအမှုတွင် သူ ဘာမှစိတ်မဝင်စားတော့သလို သူ့ကုလားထိုင်ပေါ်တွင် ပြန်မှီထိုင်ကာ သူ၏လက်သည်းများကိုသာ ကြည့်နေလိုက်လေသည်။

ထိုအချိန်မှာပင် ပေါလ်၏အမူကို ခေါ်လိုက်၏။ ပေါလ်လည်း ခေါင်းထဲကမူးတီးမူးဝေနှင့် သူ့အပေါ်စွပ်စွဲချက်များ ဖတ်ပြနေသည်ကို နားထောင်ရန် ထိုင်ရာမှ ထလိုက်ရတော့ သူ့မှာ စဉ်းစားဖို့ပင် အချိန်မရလိုက်။ ပုလိပ်မင်းကြီးလည်း ပထမဆုံးအကြိမ် ရုံးခန်းထဲသို့ဝင်လာကာ ရုံးတော်အားကျောပေး၍ ထိုင်လိုက်သည်ကို ပေါလ် သတိထားမိသည်။

"မောင်မင်းမှာ ဘာများပြောစရာရှိသလဲ"

တရားသူကြီးက ပေါလ်အား စောစောကအမှုများတွင်ကဲ့သို့ အလုပ်ဝတ္တရားဆောင်ရွက်ခြင်းသက်သက် အမှုအရာမျိုးထက် အနည်းငယ်ပို၍ ဂရုစိုက်ကာ ကြည့်လိုက်ရင်းမေးလိုက်သည်။ ထို့နောက် ခေတ္တမျှ ငြိမ်သက်တိတ်ဆိတ်နေ၏။ ပြောစရာစကားများက သူ့နှုတ်ဖျားမှ ထွက်တော့မည်ကဲ့သို့ အဆင်သင့်ဖြစ်နေကြ၏။ သို့သော် ဘာကြောင့်မှန်းတော့မသိ။ သူ့ဆန္ဒကိုဆန့်ကျင်လျက် သူပြောချင်သည့်စကားလုံးများက ထွက်မလာဘဲနေကြပြန်သည်။ သူသည် လီနာထိုင်နေရာဘက်သို့လည်းကောင်း၊ သူ့အား ထူးခြားသော အထိမ်းအမှတ်ပြထားသူ လူဝကြီးအားလည်းကောင်း လှမ်း၍မကြည့်ရဲသလိုဖြစ်နေ၏။

သို့သော် သူ့စိတ်သူ့ဆန္ဒက ဘယ်လိုပင်ရှိရှိ သူသည် ဦးခေါင်းကိုငုံ့ကာ နောင်တရသည့်လေသံမျိုးကို သူ့ရှေ့က အစစ်ခံသွားကြသည့်(လက်ဟောင်းကြီး)များ၏ အတုကိုယူ၍ "ကျွန်တော် မှားသွားပါတယ်၊ ရုံးမင်းခင်ဗျာ။ ကျွန်တော် နည်းနည်းအမူးလွန်သွားတာ ဖြစ်ပါလိမ့်မယ်" ဟု ပြောလိုက်လေ၏။

ခဏမျှသာဖြစ်သော်လည်း လုံးဝတိတ်ဆိတ်သွားသည်။ ပုလိပ်မင်းကြီးသည် ကိုယ်ကို စန့်စန့်ပြင်၍ထိုင်လိုက်သည်ကို ပေါလ်မြင်လိုက်၏။ မစ္စတာဘတ်တာစလီလည်း လည်ချောင်းရှင်းလိုက်ပြီး

"မင်း အရက်မူးနေသလား။ မင့်အသက်အရွယ်နဲ့ ဒါဟာ အင်မတန်ရှက်စရာကောင်းတဲ့အမှုပဲ" ဟု ဆိုလိုက်သည်။

"မှန်ပါတယ်ခင်ဗျား"

"မင်းဒါကို ဝန်ခံရတာ မရှက်ဘူးလား"

"ရှက်ပါတယ်ခင်ဗျား"

ပေါလ်၏အသံမှာ ကျိုးနွံလှသဖြင့် တရားသူကြီးလည်း စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားပုံဖြင့် မျက်မှောင်ကြုတ်လိုက်သည်။ သူ့ရှေ့က စားပွဲပေါ်ရှိ စာရွက်စာတမ်းများကို လှန်လှောစစ်ဆေးကြည့်ကာ ရှေ့သို့ကုန်းလိုက်ပြီး

"မောင်မင်း ဘာဖြစ်လို့ မြို့တော်ရဲ့လူအစည်ကားဆုံးနေရာမှာ ကိုယ့်ကိုယ်ကို သံကြိုးနဲ့ချည်ပြီး ဆန္ဒပြရသလဲ"

"ကျွန်တော် ပြောသလိုပါပဲခင်ဗျာ။ ကျွန်တော် နည်းနည်း အမူးလွန်သွားပါတယ်။ ကျွန်တော့်ကို လူတွေဂရုစိုက်ကြည့်စေချင်လို့ လုပ်မိတာဖြစ်ပါလိမ့်မယ်"

"ဒါနဲ့မောင်မင်းပြသွားတဲ့ ကြောက်စရာပိုစတာကြီးတွေကကော၊ ဘယ်လိုအကြောင်းလဲဆိုတာ ပြောပြနိုင်သလား"

"မပြနိုင်ပါဘူးခင်ဗျာ။ ဘာမှ ပျက်စီးအောင် လုပ်တာမဟုတ်ပါဘူး။ လူတွေဟာ မူးလာရင် မဟုတ်တာတွေ လျှောက်လုပ်တတ်ကြတာ ရုံးမင်းလည်း သိတော်မူတဲ့အတိုင်းပါပဲ"

ပေါလ် မမြင်လိုက်ရသော်လည်း သူ့လက်သည်းများကို ကြည့်နေရာမှ ယခုအခါ မျက်နှာကြက်ဆီသို့မော့်ကာ မြို့တော်တံဆိပ်မှစာများကို ဖတ်ရန်အားထုတ်နေဟန်ရှိသည့် လူဝကြီး၏မျက်နှာပေါ်တွင် အပြုံးဟုဆိုနိုင်မည့် အရိပ်အယောင်တစ်ချက် မသိမသာသမ်းသွားသည်။ ပုလိပ်မင်းကြီးကား တောင့်တောင့်ကြီးထိုင်လျက်က ရုံးတော်ဘက်သို့ဘေးတိုက်ဖြစ်သွားအောင် ကိုယ်တစ်ဝက်လှည့်ထား၏။ တရားသူကြီးက သူ့အား မသိမသာတစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ပေါလ်အား နောက်မေးခွန်းတစ်ခု ဆက်မေးသည်။

"မောင်မင်း အရင်က ဒီလိုဆန္ဒပြတာမျိုး မလုပ်ဖူးဘူးလား"

"မလုပ်ဖူးပါဘူးခင်ဗျာ"

"မောင်မင်းမှာ မကြာခဏဆိုသလို ဦးနှောက်အာရုံကြောရောဂါ ဖြစ်တတ်တယ်မဟုတ်လား"

"မဖြစ်တတ်ပါဘူးထင်ပါတယ်ခင်ဗျာ"

ခေတ္တ တိတ်ဆိတ်သွားသည်။

"မောင်မင်းရဲ့ နိုင်ငံရေး အယူအဆက ဘာတွေလဲ"

"ဘာမှ မရှိပါဘူးခင်ဗျာ"

တရားသူကြီးလည်း ဆုတ်ဆိုင်းဆိုင်းဖြစ်သွားပြီး စိတ်ထဲက မတင်မကျနှင့်ပင် ပုလိပ်မင်းကြီး၏ တုတ်ခိုင်လှသော သဏ္ဌာန်ဆီသို့ လှမ်းကြည့်နေပြီးမှ တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်တူ၏။

"လူကလေးရဲ့၊ သာမန်ဆိုရင်တော့ မောင်မင်းကို ကျုပ် ဒဏ်ငွေ နှစ်ဂီနီလောက် တရားစရိတ်နဲ့တကွတပ်ပြီး သတိပေးလွှတ်လိုက်ရုံပဲ။ ဒါပေမယ့် တာဝန်ရှိသူများက တင်ပြချက်အတိုင်းဆိုရင် မောင်မင်းအမှုဟာ အခုမြင်ရတာထက် ပိုပြီးကြီးလေးပုံရတယ်လို့ ကျုပ်ထင်တယ်။ ဒါကြောင့် မောင်မင်းအတွက် ပေါင်ငါးဆယ်တန် အာမခံတင်ဖို့ သတ်မှတ်မယ်။ ဒါမတင်နိုင်ရင် ပုလိပ်က သက်သေအထောက်အထား ဆက်လက်ရှာဖွေနေတုန်းမှာ မောင်မင်းကိုချုပ်ထားနိုင်ဖို့ ရမန်ပေးရလိမ့်မယ်"

တရားသူကြီးက ဤအဆုံးအဖြတ်ကိုပေးလိုက်သောအခါ လူဝကြီးမှာ အမှုမဲ့အမှတ်မဲ့ဟန်ဆောင်ဖို့ မေ့သွားဟန်တူ၏။ စိတ်ဆိုးပုံလည်းမရ၊ အံ့ဩပုံလည်း မပြ။ သို့ရာတွင် သူ၏မျက်လုံးများသည် စိတ်ဝင်စားမှုဖြင့် လှုပ်ရှားလာကြသည်။ လီနာ၏မျက်နှာတွင်ကား ထိတ်လန့်စိုးရိမ်သည့်အသွင် ပေါ်နေ၏။

ရုံးတော်ရှေ့ဘတ်က "မောင်မင်းမှာ ပေါင်ငါးဆယ်တန် အာမခံရှာနိုင်သလား" ဟု ဆွဲဆွဲငင်ငင်မေးလိုက်သည်။

"မရှာနိုင်ပါဘူး"

"ဒီငွေကို အာမခံနိုင်တဲ့လူကော တင်ပြနိုင်သလား"

ပေါလ်က ခေါင်းယမ်းရုံမျှ ရှိသေးသည်။ လူဝကြီးက ထိုင်ရာမှထပြီး "ကျွန်တော် အာမခံပါမယ်" ဟု ပြောလိုက်သည်။

ပေါလ်လည်းကျောက်ရုပ်လို ငြိမ်သက်သွား၏။ သူသည် လက်နှစ်ဖက်ကို ပူနွေးတင်းကြပ်နေအောင် ဆုပ်ထားသည်။

ထိုအခိုက် ပုလိပ်မင်းကြီးသည် ရုံးတော်ဘက်သို့ ချာခနဲလှည့်ကာ အံ့အားသင့်သွားသည့် အမူအရာ၊ မခံချင်သည့် အမူအရာတို့မှ စိတ်ဆိုးမာန်ဆိုးဖြစ်လာ၏။

"ကျွန်တော် ကန့်ကွက်ပါတယ်။ ဒီငွေ ဘယ်ကရသလဲဆိုတာ ကျွန်တော် သိချင်ပါတယ်"

"ဒီငွေ ကျွန်တော့်ဆီက လာပါတယ်။ ဒီမြို့တော်ကြီးရဲ့ ဂရန့်လမ်း၊ အမှတ် ၁၅ မှာနေတဲ့ ကျွန်တော် အယ်လ်အေဒန်းဆီကပါ။ ကျွန်တော့်အိတ်ထဲမှာ ငွေပါလာပါတယ်"

"ကျွန်တော် ကန့်ကွက်ပါတယ်"

"တိတ်စေ"

ပုလိပ်မင်းကြီးက မလျှော့သေးဘဲ မတ်တပ်ရပ်ပြီးအံကြိတ်ကာ "ရုံးမင်းခင်ဗျား၊ အာမခံငွေဟာ နည်းလွန်းနေတဲ့အတွက် ကျွန်တော် ကန့်ကွက်ပါတယ်" ဟု ပြောလိုက်၏။

"တိတ်စေ"

တရားသူကြီးလည်း ပုလိပ်မင်းကြီးပြန်မထိုင်မချင်း ဘာမှဆက်မပြောဘဲ တင်းတင်းမာမာပင် စောင့်ဆိုင်းနေ၏။ ထိုနောက်မှ စိတ်ဆိုးသွားသည့် လေသံဖြင့် လေးနက်စွာပင်

"ဒီရုံးတော်ဟာ ပုလိပ်ဆီကဖြစ်ဖြစ် ဘယ်သူ့ဆီကဖြစ်ဖြစ် အကြံပေးချက်များကို နာခံရတဲ့ရုံးတော်မဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း ပြောချင်ပါတယ်။ အခု ရုံးတော်ကဆုံးဖြတ်တဲ့အတိုင်း အတည်မပြုစရာ ဘာအကြောင်းမှ မမြင်ပါဘူး။ အာမခံငွေပေါင်ငါးဆယ်ကို လက်ခံတယ်။ ကဲ၊ နောက်တစ်မှု ခေါ်" ဟု ဆိုလိုက်လေ၏။

တရားခွင်မှ ပေါလ် ထွက်လာခဲ့သောအခါ ဒေးသည် တရားသူကြီးနှင့် အပြန်အလှန်စကားများနေကြပြီး နှုတ်မဆက်ဘာမဆက်ပင် ဘေးတံခါးလေးမှ ခပ်သုတ်သုတ်ထွက်သွားသည်ကို သတိပြုခဲ့မိ၏။ သို့ရာတွင် ရုံး၌လုပ်စရာရှိသည်တို့ကိုလုပ်ပြီး စာရေးကြီးကလိုက်ပို့သဖြင့် ပေါလ်သည် လွတ်လပ်စွာလျှောက်၍ အပြင်သို့ထွက်ခဲ့ရသည်။

လမ်းထဲသို့ရောက်လျှင် အလင်းရောင်က စူးရှစွာထိုးလိုက်သဖြင့် သူ့မှာ ယိမ်းယိုင်သွားမတတ် ဖြစ်ရ၏။ ထို့နောက် ဆယ်ကိုက်မျှမဝေးသော လမ်းဘေးစင်္ကြံပေါ်၌ လီနာနှင့် သူ့အဖော်တို့ သူ့အားစောင့်နေကြသည်ကို တွေ့လိုက်ရသည်။ လီနာအား မြင်လိုက်သည်တွင် ကြေကွဲလျက်ရှိသော သူ့နှလုံးသားမှာ နှစ်သိမ့်စရာရသွားသကဲ့သို့ ဖြစ်ရလေသည်။ လီနာကမလှုပ်။ သူ့ဘေးက လူဝကြီးကသာ အကျီအိတ်များတွင် လက်နှိုက်လျက်၊ အပေါ်အကျီက လေထဲ၌ တဖတ်ဖတ်လွင့်ကာ ဦးထုပ်ကိုနောက်လှန်ဆောင်းလျက်ပင် ပေါလ်ထံသို့ ချဉ်းကပ်လာခဲ့သည်။

"ကျွန်တော့်နာမည် ဒန်းပါ။ မစ္စလီနာအန်ဒါဆင်ရဲ့ မိတ်ဆွေပါ၊ ခင်ဗျားကို ကုန်ဈေးတန်းကို ပြန်ခေါ်သွားဖို့စောင့်နေကြတာပါ"

"ကျွန်တော့်အတွက် ဘာဖြစ်လို့ ဒါလောက်လုပ်ပေးနေကြရလဲဗျာ" ဟု ပေါလ်က ဆိုလိုက်သည်။

ဒန်းက အမှတ်မထင်ပင် ပြုံးကာ "ဘာဖြစ်လို့ မလုပ်ရမှာလဲဗျာ၊ ခင်ဗျားလောက် မကျန်းမမာဖြစ်နေတဲ့ လူတစ်ယောက်ဟာ အကူအညီလေးတော့ လိုတာပါပဲ" ဟု ပြောသည်။

ခဏမျှ တိတ်ဆိတ်ငြိမ်သက်နေသည်။ ပေါလ်သည် သူ့ထံမှလွဲ၍ လီနာအားကြည့်လိုက်၏။ လီနာသည် တစ်ချိန်လုံး သူ့ကိုသာ စိုးရိမ်တကြီး စိုက်၍ကြည့်နေခဲ့သည်။

ပေါလ်က သူ့နားထဲက တဒိန်းဒိန်းအသံများ ကြားရလျက်က "ကျွန်တော် အမှုထဲ ခင်ဗျားတို့ ဝင်ပါနေတာ စိတ်မကောင်းပါဘူးဗျာ" ဟု မပွင့်တပွင့် ပြောလိုက်သည်။

"မစိုးရိမ်ပါနဲ့ လူကလေးရယ်။ တို့ ဒါကို ကျော်လွှန်သွားနိုင်မှာပါ"

ဒန်းက ပါးစပ်ထဲသို့ လက်နှစ်ချောင်းထည့်ကာ တံပိုးမှုတ်လိုက်သည်။ ဖြတ်သွားနေသော တက္ကဆီတစ်စီးသည် လမ်းဘေးသို့ကပ်၍ ရပ်ပေးလိုက်၏။ ဒန်းက ပေါလ်အား တက္ကဆီထဲသို့ တွဲ၍သွင်းလိုက်ပြီး သူနှင့်လီနာတို့တက်၍ လိုက်လာကြသည်။ ထို့နောက် ကုန်ဈေးတန်းဘက်သို့ မောင်းထွက်သွားကြလေ၏။

နာရီဝက်ခန့်ကြာသောအခါ ပေါလ်မှာ ရေချိုးအဝတ်အစားများ ချွတ်လဲပြီး အပိုခန်းကလေးထဲက အိပ်ရာပေါ်တွင် ခေါင်းအုံးနှစ်လုံးခု၍ထူကာ ပွန်းပဲ့လျက်၊ အပူချိန်တက်နေသော သူ၏နဖူးပေါ်တွင် ရေခဲများတင်လျက်၊ အေးစက်နေသော သူ၏ခြေအောက်၌ ရေနွေးအိတ်ဖြင့် ခုလျက်ရှိလေ၏။ လီနာယူလာသော နွားနို့တစ်ခွက်ကိုလည်း ကြိုးစား၍ မြိုချလိုက်ပြီးဖြစ်သည်။ သူ၏ နံဘေးမှ ဝေဒနာမှာ နာကျင်လျက်ပင်ရှိသော်လည်း အချုပ်ခန်းမှထွက်ပြီး သက်တောင့်သက်သာအခန်းကလေးထဲ ရောက်နေသည်နှင့် မဲတင်းကာ အတော်ခံသာသလို ဖြစ်သွားသည်။

ဒန်းသည် ကြိမ်ကုလားထိုင်ကြီးထဲတွင် သူ၏ခန္ဓာကိုယ်ကြီးကို ကျဉ်းကျဉ်းကျပ်ကျပ်ညှစ်၍ထိုင်ရင်း ဦးထုပ်လည်းမချွတ် အပေါ်အင်္ကျီကြီးလည်း ဝတ်လျက်ပင် ပေါလ်အား မမိုတ်မသုန်စိုက်ကြည့်နေသည်။ သူသည် ဦးထုပ်နှင့်အင်္ကျီကို အိပ်ရာထဲတွင်သော်မှ ချွတ်ဟန်မတူဟု ထင်စရာဖြစ်နေ၏။

"သက်သာရဲ့လား" ဟု သူက မေးသည်။

"အများကြီး သက်သာပါတယ်" ဟု ပေါလ်က ဖြေသည်။

ဒန်းက ဘာမှ ဆက်မပြော။ သူ့မှာ သူ့အတွေးနှင့်သူ ရှိဟန်တူသည်။ ထို့နောက် သူ၏ကိုက်ထားသော လက်သည်းများကို စိုက်ကြည့်နေပြန်သည်။ သူ့လက်သည်းများကို သူ အတော်သဘောကျပုံရ၏။ အတန်ကြာမှ သူက

"ဒီမှာ လူကလေးရဲ့၊ မင်း နေမကောင်းတုန်း ကျုပ် သိပ်မနှောင့်ယှက်ချင်ဘူး။ ဒါပေမယ့် မင့်မှာ ပြောချင်နေတာ တစ်ခုခုရှိတယ်လို့ ကျုပ်နားလည်တယ်။ လီနာက ကျုပ်မိတ်ဆွေကောင်းကြီးပါပဲ။ ဒါပေမယ့် မင့်ရင်ထဲကရှိတာကို ဖွင့်ပြောချင်နေတယ်ဆိုရင် မင်းကိုယ်တိုင်" ဟုဆိုကာ ပခုံးဖြင့် အချက်ပြလိုက်သည်။

"ခင်ဗျားက ရှေ့နေလား"

"အမလေး၊ မဟုတ်ရပါဘူးမောင်ရာ။ မြတ်စွာဘုရား။ မလုပ်ပါနဲ့"

အောက်ထပ်သို့ ရောက်နေသောလီနာ ပြန်တက်လာပြီး ဒန်း၏နောက်နားက ခုံအနိမ့်ကလေးပေါ်တွင် ဝင်ထိုင်သည်။

သူတို့နှစ်ယောက်စလုံး ပေါလ်၏မျက်နှာမူရာ တည့်တည့်လောက်တွင် ရှိနေကြ၍ ပေါလ်မှာ ခေါင်းကို ပင်ပင်ပန်းပန်းလှည့်မနေရဘဲ သူတို့ကိုမြင်နိုင်ကြည့်နိုင်၏။ ထိုနောက် သူစကားစ၍ပြောသည်။ မျက်လုံးများက သူတို့ဆီကိုသာ ကြည့်နေပြီး မောလျှင်ရပ်နားကာ လီနာကလည်း ငြိမ်သက်စွာ၊ ဒန်းကလည်း တိတ်ဆိတ်စွာ အရေးတယူနားထောင်လျက်ရှိကြ၍ သူတို့၏အားပေးမှုကို ရရှိကာ ပေါလ်လည်း သူ့ရင်ထဲ၌ လေးလံနေသမျှ အားလုံးကို ဖွင့်၍ ပြောပြလိုက်၏။

သူပြော၍ ပြီးဆုံးသွားသောအခါ အကြာကြီး တိတ်ဆိတ်သွားသည်။ ပေါလ်ပြောပြနေသည်တို့ကို နားထောင်ရင်းက ကုလားထိုင်ထဲ၌ တဖြည်းဖြည်းလျှော၍ကျနေသော ဒန်းသည် သူ့ကိုယ်သူ လူးလွန့်၍ထလိုက်ပြီး သမ်းဝေရင်း အညောင်းဆန့်လိုက်ကာ ပြူတင်းခန်းဆီးများကို ဘေးသို့ဆွဲ၍ အပြင်ဘက်သို့ မျှော်ကြည့်လိုက်သည်။

"မိုးကလည်း ရွာပြန်ပြီ။ ဆိုးလိုက်တဲ့ ရာသီဥတု" ဟု ရေရွတ်လိုက်ပြီး လီနာ့ဘက်သို့လှည့်၍ "လီနာ၊ သူ့ကို ဂရုစိုက်ဟေ့။ တို့ သူ့အတွက် အာမခံထားတာက ငါးပတ်ရတယ်" ဟု ပြောလိုက်၏။

သူသည် စက္ကန့်အနည်းငယ်မျှ တံခါးကို မှီ၍ရပ်နေပြီး အပေါ်အင်္ကျီအိတ်ထဲမှ စီးကရက်တစ်လိပ်ထုတ်ယူကာ မီးမညှိဘဲ ပါးစပ်တွင် တပ်လိုက်၏။ သူ၏ မျက်လုံးများမှာ အိပ်ချင်နေပုံရသည်။ ထိုနောက် ရုတ်တရက်ပင် သူ၏ခန္ဓာကိုယ်ကြီးကို လှည့်လိုက်ပြီး ဘာမပြောညာမပြော ထွက်ခွာသွားလေ၏။

*

## အခန်း – ၁၀

အိပ်ချင်သည့်မျက်တောင်နှင့် လက်သည်းကို တိနေအောင်ကိုက်ဖြတ်ထားသည့် ဤဒန်းဆိုသည့် ပုဂ္ဂိုလ်ကား ထူးဆန်းသောမိဘနှစ်ပါးမှ ပေါက်ဖွားလာသူ ဝေါ့တလေမြို့တော်သားဖြစ်လေသည်။ သူ၏ အမည်အပြည့်အစုံမှာ လူသာအလွိုက်ဆီးယက်(စ်)ဒန်းဖြစ်၍ ဤအမည်ကို သူသည် ရာဇဝတ်မှုကို ဖုံးသလို ဖုံးဖိ၍ထားသည်။ ဤအမည်ကို သုံးသူများနှင့်လည်း ကမ္ဘာ့ရန်သဘောထားခဲ့သည်။ ဤအမည်သည် သူ့ဇာတိရုပ်ကို ပေါ်စေသည်။ ဘာသူမတူ သူတို့ ပေါင်းဖော်ရာမှ ရလာသူဖြစ်ကြောင်း ဖော်ပြနေသည့်အမည်ဖြစ်သည် ဆိုသည်။ သူ့အမေနှင့်အဖေတို့သည် ဤပေါင်းဖက်နေကြသည့် အိမ်ထောင်များစွာတွင်ကဲ့သို့ နားလည်မှုသည်းခံမှုများမရှိဘဲ တကျက်ကျက်ဖြစ်ခဲ့သည်။ သူ့အမေက အယူသစ်ဂိုဏ်းဝင်၊ သူ့အဖေက ဗရင်ဂျီ။ အမြဲတစေ စစ်ခင်း၍ချည်းနေခဲ့ကြသည်။ အယူဝါဒရေးပဋိပက္ခများအကြားတွင် ကလေးကအလူးအလဲခံခဲ့ရသည်။ နောက် သူနှင့်ရင်းနှီးခင်မင်သူများကို သူငယ်စဉ်က ဘာသာနှစ်မျိုးစလုံးနှင့် ကင်မွန်းတပ်ခဲ့ရသည်ဟု သူက ဖွင့်ဟပြောပြသည်။ သို့နှင့် သူသည် ဘာသာရေးအဖွဲ့အစည်းဆိုသည်များကို မနှစ်မျို့စိတ်ဖြင့် ကြီးပြင်းလာခဲ့ရသူ ဖြစ်လေသည်။

သူ တစ်ဆယ့်လေးနှစ်သားအရွယ်သို့ ရောက်သောအခါ သူ့အဖေသည် လမ်းပေါ်တွင် မတော်တဆထိခိုက်မှုဖြစ်၍ သေဆုံးသွားသည်။ နံနက်စာကို အားရပါးရစားသောက်ပြီး အယူသစ်ဂိုဏ်းခေါင်းဆောင်ကို ဆဲရေးပြစ်တင်လျက် အိမ်မှထွက်သွားသည်။ နေ့လည်စာ စားချိန်မတိုင်မီ သူ့အလောင်း ထမ်းစင်ဖြင့် ပြန်ရောက်လာသည်။ သူ့အပြစ် သူခံသွားရခြင်းပေလော။ သို့ရာတွင် သူ့ဇနီးမုဆိုးမသည် ဘာလုပ်ရမှန်းမသိသောကာလ လွန်ခဲ့သောအခါ သူ့မှာလင်ယောကျ်ားအပေါ် မည်မျှမှီခိုခဲ့ရသည်ကို နောင်တရပြီး

ယူကျုံးမရဖြစ်ရသည်။ ဤတွင် ယုံကြည်နိုင်စရာမရှိဟု ထင်ရသော်လည်း သူ၏ ဘဝလမ်းကြောင်းတစ်ခုလုံးကို ပြောင်းပစ်လိုက်သည်။ သူ ဘာလုပ်ခဲ့သည်ဆိုသည်က ကိစ္စမရှိ။ သူ ဤသို့လုပ်လိုက်သည့်အတွက် အနည်းဆုံး တခုတွင်တော့ အရာထင်ခဲ့သည်။ သူ့သားအား အများပြည်သူကျောင်းမှ နုတ်ကာ ဟတ်ဆောက်ကုန်းရှိ ဘုရင်ဂျီဘာသာဝင်တို့၏ ကောလိပ်သို့ ပို့ခဲ့ခြင်းပင် ဖြစ်လေသည်။

ဤတွင် ဗရင်ဂျီဘုန်းကြီးများက သူ့အား အထူးဂရုစိုက်၍ဆက်ဆံခဲ့ကြသည်။ ကျောင်းသို့ သူရောက်လာစဉ်က ညွှန်ကြားအုပ်ချုပ်သူ ဘုန်းကြီးက သူ့အား အထူးစိတ်အနှောက်အယှက်ဖြစ်စွာဖြင့် အကဲခတ်နေခဲ့ပြီး သူ၏လုပ်ဖော်ကိုင်ဖက်များအား "ဘုရားသခင် ဂုဏ်ကျေးဇူးတော်ကြောင့် ဒီသူငယ်ကို သူ့ဖာသာနေပါစေကွယ်တို့" ဟုပြောခဲ့သည်။ ထိုကောလိပ်တွင် သိသိသာသာ ဘာမှအားပေးမှုမရခဲ့သည်က အဆိုးဆုံးဖြစ်၏။ သို့ရာတွင် သူသည် ဆယ့်ငါးနှစ်သားရှိခဲ့ပြီဖြစ်ပြီး ပြုပြင်လို့မရခဲ့တော့။ သူ့ကိုယ်သူ ထိုကောလိပ်နှင့် တစ်သွေးတည်း တစ်သားတည်းဟူ၍ မည်သည့်အခါမျှ သဘောမထားတော့။ သူ့မှာ အပေါင်းအသင်းလည်းမရှိ။ မြို့စွန်မြို့ဖျားမှ ဘောလုံးပွဲများကို တစ်ယောက်တည်းသွားကြည့်တတ်ခဲ့သည်။ ဟတ်ဆောက်ကုန်း ခြေရင်းရှိ ဘိလိယက်ခုံသို့သွားကာ နာရီပေါင်းများစွာထိုင်၍ကြည့်နေတတ်ခဲ့သည်။ သူသည် အပေါ်ဆင့်ခုံတန်းများတွင် မီးခိုးလုံးများကြား၌ လေးနက်ဖြူရော်သော မျက်နှာဖြင့် ထိုင်ကာ ဘိလိယက်ခုံက သက္ကလပ်စ စိမ်းစိမ်းကို စိုက်ကြည့်နေတတ်ခဲ့သည်။ သူကိုယ်တိုင် ပါဝင်ကစားလေ့မရှိသော်လည်း အားကစားတွင် ဝါသနာတော့ပါသည်။ သူသည် အားကစားအကြောင်း အတော်စုံလင်စွာသိသူဖြစ်၍ အားကစားစွယ်စုံကျမ်းတမျှ ဗဟုသုတရှိသူဖြစ်သည်။ စာအရေးအသားလည်း ကောင်းသူဖြစ်သဖြင့် သူ၏အင်္ဂလိပ်စာပြဆရာဘုန်းကြီးက ကောလိပ်မဂ္ဂဇင်းအတွက် အားကစားနှင့်ပတ်သက်သည့် ဆောင်းပါးအတိုအထွာရေးရန် အားပေးသည်။ အသက် ဆယ့်ရှစ်နှစ်အရွယ်တွင် ထိုကောလိပ်မှဘွဲ့ရသောအခါ သူ့မှာ ငြိမ်သက်စွာနေတတ်ပြီး စိတ်ငယ်တတ်သူ ဖြစ်လာသည်။ သူ့ကောလိပ်က ညွှန်ကြားအုပ်ချုပ်သူက ဝင်ပြောပေးသဖြင့် သူသည် စောင်ရေသိပ်မရှိသော်လည်း နာမည်ကောင်းသည့် ပုဂ္ဂလိကပိုင်ဝေါ့တလေမြို့ခရော်နီကယ် နေ့စဉ်သတင်းစာတိုက်တွင် အလုပ်ရခဲ့သည်။

ထိုနောက် နှစ်အနည်းငယ်မှာကား သူ့ဘဝ၌ ဘာမျှ အပြောင်းအလဲထူးခြားမှုမရှိခဲ့။ အယ်ဒီတာကြီးများခိုင်းသည့် တောက်တိုမယ်ရကလေးများကို ပြေးလိုက်၊ သတင်းစာဖြတ်ပိုင်းများကို ကော်ကပ်၍စုလိုက်၊ တစ်ခါတစ်ရံ ဒေသန္တရအားကစားအသေးအဖွဲ့ကလေးများကို သတင်းပြေးယူလိုက်နှင့်ပြီးခဲ့သည်။ သူ ပထမအကြိမ် ခရော်နီကယ်၌ ထည့်သွင်းသည့်သတင်းမှာ မထင်မရှားကော်လံ၏ အောက်နားကပါလာသည့်သတင်းဖြစ်၏။ သူက ယင်းကိုဖြတ်ပြီး တရိုတသေသိမ်းထားသည်။

သို့ရာတွင် နောက်ပိုင်း၌ သူသည် အသေးအဖွဲမဟုတ်သည့် တာဝန်များပါထမ်းဆောင်လာရသည်။ မြို့တော်စည်ပင်သာယာ ရေကူးကန်များ၌ကျင်းပသည့် ဝါတာပိုလိုပွဲများ၊ ဗကိတ်ကလီအားကစားရုံ၌ ကျင်းပသည့်လက်ဝှေ့ပွဲများသို့ စေလွှတ်ခြင်း ခံလာရသည်။ သူ စာအရေးအသား ကောင်းသည်။ အကဲဖြတ်ပုံ ရှင်းလင်းပြတ်သားသည်။ ကွက်ကွက်ကွင်းကွင်း ဖော်ပြတတ်သည်ဆိုသည်တို့ကို ထုတ်ဖော်၍ မပြောသော်လည်း အယ်ဒီတာချုပ်အထိ သိမြင်လက်ခံ၍လာကြသည်။ သူနှစ်ဆယ့်ငါးနှစ်အရွယ်က နှစ်သစ်ကူးနေ့တွင် သူ့အားကြိုတင်ပြောကြားထားခြင်းမရှိဘဲ တာဝန်တစ်ခုပေးအပ်ခြင်းခံရသည်။ ယင်းကား လူပေါင်းများစွာ လာရောက်ကြည့်ရှုပြီး ဝေါ့တလေမြို့တော်၏ သုံးပုံနှစ်ပုံမျှသော လူထုက အရူးအမူးစိတ်ဝင်စားသော "ဝေါ့တလေ အကြီးတန်းဘောလုံးပွဲ" အကြောင်းရေးရန်ဖြစ်၍ အားကစားသတင်းနှင့်ပတ်သက်သည့် တာဝန်များတွင် ပထမတန်းလက်ရွေးစင်တာဝန်မျိုးဖြစ်၏။ ဒန်းသည် ဘောလုံးပွဲ၌ သတင်းစာဆရာများအတွက်ထားသည့် သီးသန့်နေရာမှနေ၍ ကိုယ်ပိုင်တယ်လီဖုန်းဖြင့် သတင်းနှစ်ကော်လံကို နှုတ်ကချပေးခဲ့သည်။ နောက်တစ်ရက်နံနက်တွင် အထူးဆောင်းပါးတစ်ပုဒ်ကိုလည်း ရေး၍တင်လိုက်သည်။ ထိုဆောင်းပါးတွင် ဘောလုံးပွဲအကြောင်းကိုမရေးဘဲ ကစားနေစဉ်က ဖြစ်ပျက်ခဲ့သော တစ်ခုတည်းသော အဖြစ်အပျက်ကိုသာ ဖော်ပြထားသည်။ ထိုညနေမှာပင် ခရော်နီကယ်ပိုင်ရှင် အယ်ဒီတာမက်အီဖွိုင်သည် ထိုဆောင်းပါးကိုကိုင်လျက်

သူ၏ရုံးခန်းထဲက ထွက်လာခဲ့သည်။ မက်အီဗွိုင်သည် သူ၏လူများအား သူ့ထံသို့ ခေါ်တွေ့လေ့မရှိ။ သူသည် ဒန်း၏ စားပွဲငယ်ဘေးတွင် ထိုင်လိုက်သည်။

ဆောင်းပါးကို သူ၏မျက်မှန်ဖြင့်ခေါက်၍ "ဒါက ဘာသဘောလည်းကွ" ဟု မေးလိုက်ပြီး "ငါက မင့်ကို ဘောလုံးပွဲအကြောင်း အရေးခိုင်းတယ်။ မင်းက မတော်တဆ ခေါင်းကိုအကန်ခံရတဲ့ အလယ်တန်းနောက်ခံ ကောင်လေးရဲ့အကြောင်းပဲ ရေးပေးတယ်။ ကောင်ကလေး သတိမေ့မြောနေတုန်းမှာ လူသုံးသောင်းလောက်က တစ်ဖက်က ရှေ့တန်းအလယ်လူကို ဝိုင်းချကြဖို့ လုပ်နေတာကိုပြတယ်။ မင်းက အော်ကြ၊ ဟစ်ကြ၊ ဆဲရေးကြ၊ အစုလိုက်ချကြ၊ ဘောလုံးသမားတွေကို ပုလင်းနဲ့ပစ်ကြတာတွေ၊ ဒိုင်လူကြီးကိုပါထိပြီး ဒဏ်ရာရတာတွေကိုပဲ ရေးပြတယ်။ တိုတိုပြောရရင် မင်းဆောင်းပါးက လူမျိုးရေး၊ ဘာသာရေးသည်းခံမှုလုံးဝမရှိတဲ့ တောထဲကအရိုင်းအစိုင်းတွေရဲ့ အားကစားပွဲကြီးရဲ့ပုံကိုပဲ ဖော်ပြလိုက်တယ်။ ဒီလိုဟာမျိုးဆိုရင် မြောက်ဝင်ရိုးစွန်းက အက်စကီမိုတွေတောင် ရက်မယ်" ဟုဆိုသည်။

ဒန်းက "အေးဗျာ၊ စိတ်မကောင်းပါဘူး၊ ကျွန်တော်လည်း ရေးတော့ရေးတာပဲ၊ အဲဒါတွေပဲ ထွက်လာတယ်" ဟုသာ ပြောသည်။

မက်အီဗွိုင်သည် ဒန်း၏ ငြိမ်သက်ပြီး ထူးခြားသော ဆန့်ကျင်ဘက်များကို စဉ်းစားလိုက်မိသည်။ ခန္ဓာကိုယ်ကြီးမားသလောက် ရှက်တတ်ကြောက်တတ်သော ဤလူငယ်သည် သူ့ကိုယ်သူ ကာကွယ်၍ စကားတစ်ခွန်းမျှ မပြောတတ်။ သူ့ကိုသတ်မည်ဆိုတောင်မှ ပုံတစ်ပုံဆုံးအောင် နှုတ်ကပြောတတ်မည့် လက္ခဏာမရှိသော သူ့ထံမှ စာရေးရာတွင် ခြသေ့်ဟောက်သလို၊ မီးတောင်ပေါက်သလို ပြောင်မြောက်သည့် စကားလုံးများ ထွက်လာသော သာမန်စာဖတ်သူအား ဆွဲငင် ယူကျုံး၍ ပြုံးရယ်အောင်၊ ငိုကြွေးအောင် ကလောင်စွမ်းထက်မြက်သည်ဆိုခြင်းကို အံ့သြလျက်ရှိ၏။

မက်အီဗွိုင်ထိုင်ရာမှ ထလိုက်၏။

"တစ်နှစ်အတွင်း ငါရသမျှ ဆောင်းပါးတွေထဲမှာ အဆိုးဆုံးပဲ။ ဒါပေမယ့် ဒါကို မနက်ဖြန် မျက်နှာဖုံးက ထည့်မယ်" ဟု ဆိုလိုက်၍ ဒန်းလည်း နားမလည်နိုင်သလို သူ့အားကြည့်နေစဉ် သူက "မင်းတနင်္ဂနွေနေ့ညနေ ငါ့အိမ်ကိုလာပြီး ညစာစားကွာ" ဟု ပြောလိုက်သည်။

ဤတွင် လူသာအလွိုင်ဆီယတ်(စ်)ဒန်း၏ အားကစားလောက အဆက်အသွယ်အားလုံးပြီးဆုံးကာ သူ၏ သတင်းစာဆရာဘဝ တကယ်စခဲ့လေတော့သည်။ ရှေ့ဦးစွာ မက်အီဗွိုင်က သူ၏ ကလောင်အစွမ်းအစနှင့် အံဝင်ခွင်ကျဖြစ်သော လူ့ဘဝဖြစ်ရပ်များ အတော်များများပေးနိုင်ရာ ပုလိပ်ရုံးများသို့ စေလွှတ်သည်။ ထိုနောက်တိုင်းပြည်အတွင်း နေရာအနှံ့လျှောက်သွားကာ မျက်နှာဝက် ပင်တိုင်ဆောင်းပါးများ ရေးသားရသည်။ မက်အီဗွိုင်က သူ၏အမည်နှင့်ပတ်သက်သည့်ဇာတ်လမ်းကို သိထားပြီးဖြစ်၍ သူ၏ ထိပ်သီးသတင်းထောက် ပင်တိုင်ဆောင်းပါးရှင်၏ ကလောင်အမည်ကို ဂွစာဟူ၍ လက်မှတ်ထိုးသည်။ သူရေးသည့် ဆောင်းပါးစဉ်ကိုလည်း အပူတပြင်းပြဿနာများဟု ခေါင်းစဉ်တပ်ကာ နောက်လိုက်ဆောင်းပါးများကိုလည်း မီးတောက်ကြားမှ ပြဿနာများဟု တပ်သဖြင့် လူပေါင်းများစွာ ဖတ်ရှုကြရုံမျှမက အသရေဖျက်မှု နှစ်မှု အစွဲခံခဲ့ရလေရာ နှစ်မှုစလုံး၌ပင် သတင်းစာက မိမိ၏သိက္ခာကို အောင်မြင်စွာ ကာကွယ်နိုင်ခဲ့သည်။ ဤတွင် ခရော်နီကယ်စောင်ရေ ခုန်၍တက်ခဲ့သည်။ ဂွစာနှင့် သူ၏အယ်ဒီတာတို့သည်လည်း ပိုမိုရင်နီးခင်မင်၍လာခဲ့လေရာ ၁၉၂၉ ခုနှစ်တွင် မက်အီဗွိုင်၏နှမ အရပ်မြင့်မြင့်တောင့်တောင့်တင်းတင်း ချောချောလှလှ ဒန်း၏အပေါ်တွင် ကာလအတော်ကြာကပင် မျက်စိကျနေခဲ့သော အီဗာသည် သူ့အား အပိုင်ယူလိုက်လေတော့၏။

သူတို့ အိမ်ထောင်ကျပြီးသည့်နောက်တွင် ဒန်း၌ ဘီယာနှင့် အဝတ်ဟောင်းကြိုက်တတ်သည့် ညဉ့်ကလေးများ ပျောက်မသွားသော်လည်း သူတို့၏ အိမ်ထောင်ရေးမှာ အောင်မြင်ပါသည်။ နှုတ်နည်းလှသည့်

အဖေကြီး၏ ချစ်မငြီးသည့် သမီးကလေးနှစ်ယောက် ထွန်းကားခဲ့သည်။ အီဗာသည်ကား ကြော့ကြော့မော့မော့ကလေးနေတတ်သည့် အမျိုးကောင်းသမီးဖြစ်ပြီး ဆင်စွယ်လည်ဆွဲပုတီးများ၊ ပန်းပေါင်းနံ့သာများ၊ နားဆွဲသီးများ ကြိုက်တတ်သည်။ ဒန်းက သူ့ဇနီးအား အိမ်ထောင် စီမံအုပ်ချုပ်မှုအားလုံး ခွင့်ပြုထားသည်။ သူ့ဇနီးက ဘာသာတရားကို ရိုးရိုးသားသား ကိုင်းရှိုင်းသူဖြစ်ပြီး ရှေးမှုမပျက် ဘုရားဝတ်ကျောင်းတက်ရန် သမီးများနှင့် သွားသည့်အခါ ဒန်းက သူတို့ကို လိုက်ပို့ရသည်။ စိန်ဂျိုးဇက်ဘုရားကျောင်း နယ်မြေတွင် သူတို့မိသားစုသည် စံနမူနာအဖြစ် လူလယ်ခေါင်တွင် မကြာခဏ ထုတ်ဖော် ချီးကျူးခြင်းခံရသည်။ သို့ရာတွင် ဒန်း၏စိတ်က မိသားစုတွင် သိပ်မရှိ။ သူ၏ အတွင်းစိတ်တွင် ငယ်စဉ်က တစ်ခုခုဖြစ်ခဲ့သည်။ သူသည် အပြင်ပန်းအမြင်ကို သိပ်ဂရုမစိုက်။ လူအများ၏ အတွင်းသဘောက နှစ်သက်တတ်သည်ကိုသာ အများဆုံး အရေးထားခဲ့သူဖြစ်သည်။ သူ၏ လက်သုံးဝါဒမှာ "ကိုယ့်မှာလည်း ကိုယ် အကြိုက်နှင့် သူ့မှာလည်း သူ့အကြိုက်နှင့်နေစေဖို့" ဖြစ်၏။ သူ၏ကိုယ်ပိုင်ဘဝတွင်မူ သူသည် မည်သည့် အမှားမျိုးကိုမဆို ပြင်ဆင်ရန် အသင့်ရှိ၍ နင်းပြားတို့ဘက်မှ အမြဲခုခံတိုက်ခိုက်ပေးတတ်သူ ဖြစ်သည်။

ဤကဲ့သို့ သူ၏ ဗီဇစိတ်က နူးညံ့နေ၍ သူ့မှာ စိတ်ထိခိုက်စရာရှိလျှင် ထိလွယ်သည်။ အထူးသဖြင့် သူ့တစ်ကိုယ်တည်း ခံရသည်။ အသက်လေးဆယ်အရွယ်မှာပင် သူ၏ သဘာဝသည် လူပျိုပေါက်အရွယ်ကကဲ့သို့ပင် ရှိုးတိုးရှန့်တန့်နှင့် စိတ်ထိခိုက်လွယ်လျက်ရှိပေသည်။ ဆောင်းပါးရိပ်ခြည်မျှဖြစ်စေ သူ့အားချီးပင့်သည့် စကားများဆိုမိလျှင် သူ့မှာ မနေတတ်မထိုင်တတ် ဖြစ်ရ၏။ သူသည် သူ့အလုပ်ကို သူလုပ်နေသော သတင်းစာသမားမျှသာ ဖြစ်ပါသည်ဟု ဆိုသည်။ ထို့ကြောင့် သူသည် သတင်းစာလောကမှ လူအများအပြား၌ ဖြစ်လာတတ်သည့်အတိုင်း လောကကိုငြီးငွေ့သည့်အမူအရာကိုဆောင်ကာ အပေါ်ယံဖုံးအုပ်ထားလေ့ရှိပေသည်။ ထိုအမူအရာကို ထာဝစဉ်ဆောင်ထားရတော့ အခြားသူများထက် သူကိုယ်သူသာ လှည့်စားရာရောက်နေပေသည်။ သူ့မှာ အပေါ်ကအရေထူထူ တစ်ထပ်အုပ်ထားသည့်အောက်တွင် နူးညံ့သည့်အကွက်ကလေးများရှိနေသော်လည်း သူ့ဟာသူတော့ မမြင်ချေ။ လုံခြုံပြီဟူ၍သာ ထင်နေလေသည်။

သူ လီနာနှင့်တွေ့ခဲ့သည်ကို ဖော်ပြခဲ့ပြီ။ လွန်ခဲ့သည့်နှစ်များအတွင်း သူသည် လီနာနှင့် အဆက်အသွယ်မပြတ်ခဲ့။ အာဒင်လမ်းရှိ ခရော်နီကယ်တိုက်သို့ အသွားလမ်းတွင် ကော်ဖီသောက်ရင်း၊ မုန့်စားရင်း လီနာထံ ဝင်တွေ့လေ့ရှိသည်။ ထို့ကြောင့် ပေါလ်အဖမ်းခံရသည့်ညက မိုးချုပ်ချုပ်တွင် ဟတ်ဆောက်ကုန်းရှိ သူ၏နေအိမ်သို့ လီနာရောက်လာတော့ လီနာ၏ဒုက္ခကို စာနာမိကာ ပြောသမျှကို ဂရုတစိုက်နားထောင်ခဲ့လေသည်။ သို့ရာတွင် နောက်တစ်ရက်နံနက် လီနာနှင့်အတူ ရာဇဝတ်တရားရုံးသို့ လိုက်ခဲ့ရတာ သူ့စိတ်ထဲ၌ ဤကိစ္စသည် လေကိုဖမ်း၍ ဝရမ်းကပ်ရသည်သို့သာ ဖြစ်မည်ထင်ခဲ့သည်။ သို့ရာတွင် ရုံး၌ သူတွေ့ခဲ့မြင်ခဲ့ရသည်က ဤအထင်ကို ချေဖျက်ပစ်လိုက်သည်။ ထိုနောက်တွင် အလိမ်အညာတစ်ချက်မျှမပါဘဲ အစမှအဆုံး အကုန်လုံး ပြည့်စုံမှန်ကန်သည်မှာ ဘာမှ သံသယဖြစ်ဖွယ်မရှိသော ပေါလ်၏သောကဖြင့် ပြောပြချက်များ။

ဒန်းသည် ဘာကိုမျှ အလျင်စလိုမဆုံးဖြတ်မိအောင် သူ့ကိုယ်သူ လေ့ကျင့်ထားသည်။ သို့ရာတွင် သူ့ဘဝတစ်သက်တာတွင် ဇရာမအဖြစ်အပျက်ကြီးတစ်ခုကို ဝင်၍ခလုတ်တိုက်မိပြီဟု အလိုလိုသိနေသည်။ သူသည် တည်ငြိမ်သူ တစ်ယောက်ဖြစ်ရုံမက လူကလည်း တုတ်ခိုင်သဖြင့် လေးလံထိုင်းမှိုင်းပုံလျက် ရှိပြန်၏။ သို့ရာတွင် ထိုညက သူအိမ်သို့ပြန်သွားသောအခါ စိတ်လှုပ်ရှားမှုက မီးထိုးပေးလိုက်သဖြင့် သူ၏ခြေလှမ်းများမှာ ငယ်မူငယ်ရာဖြင့် သွက်လက်ဖျတ်လတ်၍ နေလေသည်။

သူသည် မက်အီဗိုင်အား ဘာမှမပြောဘဲ တစ်ပတ်ခန့်နေလိုက်သည်။ ထိုကာလအတွင်း သတင်းစာတိုက်သို့ တစ်ချက်မျှ မျက်နှာလာ၍ မပြသော်လည်း သူ့မှာ ခရီးပြင်းများ မကြာခဏသွားကာ အလုပ် အလွန်များလျက်သာ ရှိလေသည်။ ထိုနောက် ကြာသပတေးနေ့၏ ညဆယ့်တစ်နာရီကျော်ကျော်တွင် သူသည် ခရော်နီကယ်တိုက်သို့ ရောက်လာသည်။ ညစောင့်တစ်ယောက်သာမြင်သည်။ သူသည် သူ၏အခန်းထဲသို့ဝင်ကာ အတွင်းက မင်းတုံးချထားလိုက်၏။ သူ့မှာ ပင်ပန်းနွမ်းနယ်လျက် ခရီးထွက်ရာကအပြန် အဝတ်အစားပင်

လဲခဲ့ဟန်မတူ။ သို့ရာတွင် သူသည် အပေါ်အင်္ကျီနှင့်အတွင်းကိုယ်ချပ်အင်္ကျီတို့ကိုချွတ်၍ လည်ပင်းကိုဆွဲဖွင့်ကာ ရှပ်အင်္ကျီနှင့် ဘောင်းဘီတို့ကိုသာဝတ်လျက် သူ၏စားပွဲတွင်ထိုင်လိုက်သည့်အချိန်၌ကား သူ၏မျက်လုံးများမှာ ပျင်းမှုပျင်းရာမဟုတ်တော့ဘဲ တောက်ပလျက်ရှိကြပေသည်။ သူသည် အတော်ကြာအောင် ငြိမ်သက်စွာစဉ်းစား၍နေလိုက်ပြီး သူ၏လက်နှစ်ဖက်ကို တံတွေးဆွတ်၍ အချင်းချင်းပွတ်လိုက်သည်။

ထိုနောက် လက်နှိပ်စက်ကို သူ၏ရှေ့သို့ဆွဲယူကာ မတုပနိုင်သော သူ၏စိတ်နှင့် သူ၏ခံစားချက်တို့ကိုရောနှောကာ စာလုံးများကို တဖျောက်ဖျောက် ရိုက်ထုတ်လေတော့သည်။

*ဝေါ့တလေမြို့တော်ကြီးရှိ စိုထိုင်းမှောင်မိုက်လှသည့် ကြိုးတိုက်အကျဉ်းခန်းကလေး တစ်ခုအတွင်းဝယ်၊ အပြစ်မဲ့သူတစ်ယောက်သည် သူ၏လည်ပင်း၌ ကြိုးကွင်းကြီးစွပ်လျက်၊ သေဒဏ်ခံရမည့် အချိန်ကို စောင့်ဆိုင်းလျက်ရှိသည်။ အခန်းအပြင်ဘက် အကျဉ်းထောင်တွင်း ရင်ပြင်၌ သူ့အတွက် ကြိုးစင်ဆောက်လျက်ရှိရာမှ တူထုသံများကို သူကြားနေရသည်။ နာရီအနည်းငယ်ကြာလျှင် သူတို့လာကြတော့မည်။ သူ့အား လက်ပြန်ကြိုးတုပ်လျက် အေးစက်ချမ်းစီးသည့် အရုဏ်တက်ချိန်ဝယ် သူ့အား ခေါ်ထုတ်သွားကြတော့မည်။ ထို့နောက် ကြိုးစင်စက်တိုင်၏အောက်တွင် သူ၏လည်ပင်းကို ကြိုးကွင်းစွပ်၍ သူ၏မျက်နှာနှင့်တကွ ဦးခေါင်းကို အိတ်ဖြူကြီး စွပ်လိုက်ကြမည်။*

နောက်တစ်ရက်နံနက်ကိုးနာရီတွင် ဒန်းသည် ဆိုဖာပေါ်မှ အိပ်ချင်မူးတူးလူးလဲထကာ မုတ်ဆိတ်လည်း မရိတ်၊ အပေါ်အင်္ကျီများလည်းမပါ၊ သူ၏စာမူကို အက်အီဗိုင်၏ရုံးခန်းသို့ ယူခဲ့လေ၏။

"ရော့ဗျာ၊ အဲဒါ 'ဝွစာ' ဆောင်းပါးစဉ်အသစ်ရဲ့ ပထမ ဆောင်းပါးပဲ။ ဆောင်းပါးစဉ်ရဲ့ တခြားကိုးခုအတွက်လည်း အကျဉ်းချုပ်ရေးပေးထားတာ အစုံပါတယ်။ ကျွန်တော် မနက်စာ ထွက်စားလိုက်ဦးမယ်"

နာရီဝက်ခန့်ကြာသောအခါ ဒန်းပြန်ရောက်လာသည်။ အယ်ဒီတာသည် သူ့စားပွဲ၌ထိုင်ကာ သူ့အတွေးနှင့်သူ နှစ်မြုပ်နေ၍ လှုပ်ပင်မလှုပ်။ အတန်ကြာမှ သူ့မျက်နှာကို ဒန်းဆီသို့ ဖြည်းဖြည်းချင်းလှည့်လိုက်သည်။ သူသည် နက်ပြာဝတ်စုံကို သေသေသပ်သပ်ဝတ်ဆင်ထားသည်။ ပိန်ပိန်ပါးပါးမျက်နှာသွယ်သွယ်တွင် နက်မှောင်သော ဆံစများ ကျိုးကျဲဖြူလျက် အလယ်တည့်တည့်က ခွဲ၍ဖီးထားသည်။ အကွပ်မပါသော မျက်မှန်တပ်လျက် သူ၏အတွင်းကိုယ်ချပ်အင်္ကျီတွင် ကြိုးဖြူလုံး ချုပ်ရိုးဖောင်းများ ကွပ်ထားသည်။ သူသည် သူ့ကိုယ်သူ မနည်းကြိုးစား၍ ဟန်လုပ်ထားရစေကာမူ သူ့စိတ်များ လှုပ်ရှားလျက်ရှိသည်မှာ သိသာပေါ်လွင်နေပေသည်။

"ဒါကို မင်းဘယ်လိုလုပ်ပြီး ရခဲ့သလဲ"

"ကျွန်တော်ရခဲ့တာမဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူရခဲ့တာလဲ"

"မက်ထရီရဲ့သားပေါ့။ သူ့ဆီမှာ အားလုံးရှိတယ်"

"အခု သူဘယ်မှာလဲ"

"ခံဝန်ချုပ်နဲ့ ထုတ်ယူထားတယ်။ အိပ်ရာထဲမှာ အတော့်ကို မမာနေရှာတယ်"

"ဒါတွေမှန်ကန်တယ်ဆိုတာတော့ သေချာရဲ့လား"

"သေချာပါတယ်။ ကျွန်တော် အခုရေးလိုက်တာတွေကို ကျွန်တော် အားလုံး စစ်ဆေးကြည့်ပြီးပြီ"

မက်အီဗိုင်သည် သူ၏မေးချွန်ချွန်ကလေးကို ပွတ်ရင်းစဉ်းစားနေ၏။ သူသည် စိုးရိမ်နေသည်။ ဘာလုပ်ရမှန်လည်း မသိနိုင်သေး။ စိတ်ထဲ၌လည်း အတော့်ကို လှုပ်ရှားလျက်ရှိလေသည်။

"ဒို့ ဒါကို ပုံနှိပ်လို့ဖြစ်ပါ့မလား"

"ထည့်ပါ"

"ဒါပေမယ့်၊ မြတ်စွာဘုရား ဒါက တရားစီရင်ရေး ထိပ်ဆုံးကနေပြီး နိုင်ငံတော်အတွင်းဝန်ချုပ်ဆီအထိ ရောက်မယ့်ကိစ္စ။ ပြီးတော့၊ ပြီးတော့လည်း၊ မင့် မစ္စတာအို ဆိုတဲ့ဟာကကော။ ဒါကိုတော့ တို့လုပ်လို့ မဖြစ်ဘူးထင်တယ်။ အသေရေဖျက်မှုကလည်း ရှိသေးတယ်။ အစွဲခံရမှာကတော့ သေချာပါတယ်"

"ဟာ၊ မခံရပါဘူး။ ကျွန်တော် အသေအချာ စီစဉ်ထားတာ မတွေ့ဘူးလား။ ဒီနာမည်ကို နောက်ဆုံးကျမှသုံးတယ်လေ။ ဘယ်သူဘယ်ဝါလို့လဲ အတိအကျမှ မပြောဘဲ။ မစ္စတာအို၊ ဒါမှမဟုတ် မစ္စတာလို့ပဲဆိုရင် ပိုကောင်းတာပေါ့။ ပြီးတော့ ကျွန်တော်တို့ အသာကလေးထိုင် ပြီးစောင့်ကြည့်နေရုံပဲ။ တကယ်ဗျာ။ ဒါဟာ တကယ့်အခ်ိကရက်ကိစ္စကြီး။ ကျွန်တော်တို့ ကြုံရတာတွေထဲမှာ ဒါဟာအကြီးကျယ်ဆုံး။ စဉ်းစားကြည့်လေ။ ဒီမှာ လူတစ်ယောက်က စတုန်းဟိသ်မှာ ဆယ့်ငါးနှစ်လုံးလုံး၊ ဘာမှမလုပ်ရဘဲနဲ့"

"သူ၊ သူသတ်တာ ဟုတ်ချင် ဟုတ်မှာပေါ့" မက်အီဗိုင်မှာ စိတ်လှုပ်ရှားနေသဖြင့် မဖြစ်စဖူး အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည်။

"မဟုတ်ပါဘူးဗျ။ သူ့မှာ အပြစ်မရှိဘူးဆိုတာကို ကျွန်တော် ကျမ်းကျိမ်ပြီး ပြောရဲပါတယ်"

"ဒါပေမယ့် သတ်တဲ့လူကတော့ သူ သတ်ပါတယ်လို့ ဘယ်ပြောမလဲကွ"

"ပြောအောင် လုပ်ရမှာပေါ့ခင်ဗျာ"

ဒန်းသည် အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လျှောက်လျက်ရှိ၏။

"လွတ်လပ်တဲ့သတင်းစာရဲ့သတ္တိကို သူတို့သိအောင် မြင်အောင် ကျွန်တော်တို့ ပြရမယ်။ လူအများရဲ့ အထင်အမြင်ဟာ အင်အားပဲ။ သက်ဆိုင်နေတဲ့လူတွေဟာ သူတို့ရဲ့ ရာထူးအာဏာကလေးရဲ့ အကာအကွယ်ကလေးနဲ့နေလို့ လိပ်ပြာမလုံတော့အောင် ကျွန်တော်တိုက်စစ်ဆင်မယ်။ ဒီအမှုပြန်မဖွင့် ဖွင့်အောင် လုပ်မယ်။ စုံစမ်းမှုတွေ မလုပ်ရင်မနေနိုင်အောင်လုပ်မယ်။ မက်ထရီရဲ့သားလေးဟာ သူတို့ရဲ့တံခါးတွေကို လိုက်ထုနေ ခေါက်နေတာဟာ လပေါင်းများစွာကြာခဲ့ပြီ။ တစ်လက်မလောက်တောင် ဖွင့်မပေးကြဘူး။ ဒါ ဘာဖြစ်လို့လဲ။ သူတို့မှားခဲ့တယ်ဆိုတာကို သူတို့သိကြလို့ပေါ့။ ပြီးတော့ သူတို့က ဒါကိုမြေတိုက်ထဲမှာ လှောင်ပိတ်ပြီးပစ်ထားလိုက်ဖို့ အားထုတ်နေကြတယ်။ ကျွန်တော်တို့ဟာ ဒီလို ဗျူရိုကရက်တစ်စုက အာဏာနဲ့အနိုင်ကျင့်တာကို ခံနေရရင် ကျွန်တော်တို့ ဒီမိုကရေစီလို့ပြောနေတာဟာ ဘာအဓိပ္ပာယ်ရှိမှာလဲ။ ဒီအတိုင်းဆိုရင် နောက်ခြေတစ်လှမ်းဟာ ကွန်မြူနစ်ဝါဒဖြစ်ဖို့ပဲ။ ဒီမိုကရေစီကို ကျွန်တော်တို့ ထိန်းသိမ်းထားချင်ရင် ကိုယ့်အိမ်ကအစ စည်းကမ်းရှိဖို့လိုတယ်။ စနစ်တကျ တိုးတက်မှုရှိရမယ်။ ကျွန်တော်တို့ဟာ မတရားတဲ့အမှုဆို တစ်ခုထဲပဲဖြစ်ဖြစ် ဖုံးဖိထားရင်၊ လွတ်လပ်စွာပြောဆိုခွင့်ကို တစ်စက္ကန့်လောက်ကလေးဖြစ်ဖြစ် ပိတ်ပင်ထားမယ်ဆိုရင် ကျွန်တော်တို့သေပြီ။ ကျွန်တော်တို့ဟာ ပိုးထိုးလောက်ကိုက်တွေ ဖြစ်ကုန်မှာပဲ။ ကဲ၊ ၂ခု မက်ထရီရဲ့သားကလေး အပြစ်ဆိုးနဲ့ကြုံဖို့ နည်းနည်းကလေးပဲ လိုတော့တာကိုကြည့်။

နည်းနည်းကလေးတွန်းလိုက်ရင် စောက်ထိုးမိုးမျှော် ကျတော့မယ်။ အခုလဲ ကျနိုင်သေးတယ်။ ဒါ ဘာကြောင့်လဲ။ ဒီလူတွေလုပ်သမျှက သူ့ပြောရေးဆိုခွင့်ကို ပိတ်ပင်ဖိနှိပ်ပစ်လိုက်ကြလို့ပေါ့။ ကျွန်တော်တို့တိုင်းပြည်ဟာ လွတ်လပ်တဲ့တိုင်းပြည်အဖြစ်နေချင်ရင် လူတစ်ယောက်ဟာ ပြောစရာရှိတာကို လူသိရှင်ကြား ပြောနိုင်ခွင့်ရှိရလိမ့်မယ်"

မက်အီဖွိုင်က စိတ်မရှည်သလို "အေးပါ၊ အေးပါ၊ ကဲ ဆောင်းပါးတစ်ပုဒ်လုံး လျှောက်ရွတ်ပြမနေပါနဲ့တော့။ ဒါကိုတို့ထည့်မယ်။ မွဲချင်မွဲပေစေ။ မွဲလဲမွဲမှာပါပဲ" ဟု ဆိုကာ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည့်အမူအရာဖြင့် သူ့စားပွဲပေါ်က ခေါင်းလောင်းကလေးကို နှိပ်လိုက်လေ၏။

ဒန်းသည် သူ၏ရုံးခန်းသို့ပြန်ကာ အပေါ်အင်္ကျီများကိုဝတ်၊ ဦးထုပ်ကိုဆောင်း၍ မိုးကာအင်္ကျီကို ထပ်ဝတ်လိုက်၏။ အောက်ထပ်တွင်ကား ပုံနှိပ်စက်ကြီးများသည် အဆောက်အဦးကြီးတစ်ခုလုံး သိမ့်သိမ့်ခါသွားအောင် တဂျုန်းဂျုန်းလည်ပတ်စပြုလေ၏။ သူသည် မုတ်ဆိတ်ဗရပျစ်နှင့် သူ၏မေးစေ့ကို လက်ဖြင့်ပွတ်၍စဉ်းစားနေမိ၏။ အီဗာက သူ့ကို လူနှင့်သူနှင့်တူအောင်နေဖို့ အမြဲနားပူနားဆာလုပ်ခဲ့၏။ မုတ်ဆိတ်တော့ ရိတ်ဦးမှဖြစ်မည်။ သူ ရေလည်းငတ်နေသည်။ သူ၏မျက်လုံးများ တောက်ပလာကြ၏။ ယခုဆို ဆယ့်တစ်နာရီထိုးခါနီးပြီ။ အပြန်လမ်းရှိ ဟန်နီဂန်၏ဗျစ်ဆိုင်တွင် ဘီယာတစ်ခွက်လောက်တော့ ဝင်မော့သွားလိုက်ဦးမည်။

*

## အခန်း – ၁၁

လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းက ကုန်စျေးတန်းမှ ဒန်းထွက်ခွာသွားသောအခါ ပေါလ် ခေါင်းအုံးပေါ်သို့ ပြန်လှဲချပြီး အိပ်ပျော်သွားသည်ကို လီနာမြင်လိုက်၏။

လီနာသည် နဖူးကြောကလေးများ တွန့်လာအောင် ပေါလ်အား စိုက်ကြည့်ရင်းက ပေါလ်မှာ အတော်ပင် မကျန်းမမာဖြစ်နေသည်ကို တွေ့မြင်ရလေ၏။ သို့ရာတွင် ထူးထူးဆန်းဆန်းဆိုသလိုပင် တားဆီး၍မရနိုင်သည့် စိတ်ဆန္ဒကလေးတစ်ခုက သူ့အနားမှာပင် ပေါလ်အားထား၍ ပြုစုချင်အောင် နှိုးဆော်လျက်ရှိ၏။ အနည်းဆုံး သူ ကြိုးစားတော့ကြည့်ဦးမည်။

သူကြုံခဲ့ရသည့် အဖြစ်ဆိုးကြောင့် နှလုံးသားအရေးတွေးတောမိတိုင်း တွန့်ဆုတ်၍သာသွားမိအောင် ရှိခဲ့သော်လည်း သူ၏ချစ်တတ်သည့် သဘာဝကလေးက သူ့အတွင်းသန္တာန်၌ နိုးကြားကာ သူ့ကိုယ်သူပင် မယုံကြည်နိုင်လောက်အောင် လှုပ်ရှားလျက်ရှိလေသည်။ ယောက်ျားများမြင်လျှင် အဝေးက ရှောင်ပြေးချင်လောက်အောင် သီလရှင်လို ဣန္ဒြေကြီးစွာ တစ်ယောက်တည်းစိတ်နာနာဖြင့် လျှောက်လာခဲ့ရသော သူ့ဘဝခရီးတစ်လျှောက်တွင် ဤကဲ့သို့ နှလုံးသားနိုးကြားမှုမျိုးကို သူ အိမ်မက်ပင် မမက်ခဲ့ဘဲရှိရာမှ ယခုကဲ့သို့

နိုးကြားလာတော့ သူ့မှာ စိတ်ထဲက သာယာမိသလောက် ရင်ထဲက နာရပြန်သည်။ သို့ရာတွင် ဤနာကျင်မှုကပင် သူ့အား အားသစ်မာန်သစ် ပေးလိုက်ပြန်သည်။

လီနာလည်း အိပ်ရာဘေးက ကုလားထိုင်ပေါ်တွင်ဝင်ထိုင်ကာ ပေါလ်အား မမိုတ်မသုန်စိုက်၍ ကြည့်နေလိုက်၏။ မကြာခဏဆိုသလိုပင် ပေါလ်၏နဖူး၌ စို့၍စို့၍ သီးလာသောချွေးပေါက်များကို သုတ်၍သုတ်၍ ပေး၏။ အဖျားကျ၍ ချွေးထွက်လာသည်ဟု သူနားလည်ထားပြီး အတော်အတန် စိတ်အေးသွားသည်။ ညနေဘက်တွင် နွားနို့ပူပူတစ်ခွက်၌ ကြက်ဥခေါက်၍ထည့်ပြီးတိုက်သည်။ ထိုည သူအိပ်ရာဝင်တော့ ပေါလ်ကိုထားခဲ့ပြီး နောက်တစ်ရက် သူ အလုပ်ဆင်းနိုင်ကောင်းပါရဲ့ဟု အောက်မေ့မိ၏။ ဘိုနန်ဇာက အလုပ်ကို အပြုတ်မခံနိုင်သေး။

နောက်တစ်ရက် နံနက်တွင် ပေါလ်အား သူ သွားနှိုးတော့ ပေါလ်က သူ သက်သာပါသည်။ တစ်ယောက်တည်းနေလို့ရပါသည်ဟု ပြောသည်။ သို့သော် အပြင်ထွက်ရန် လီနာအဝတ်လဲ၍ ပေါလ်အတွက် စွပ်ပြုတ်အိုးတည်ပြီး ပေါလ်၏လက်ကိုစမ်းကြည့်သောအခါ သူ့လက်မှာ ပူကျက်နေ၏။ သူ ဘာမှမပြော။ သို့သော် စိတ်အားငယ်သွားသည်။ ဦးထုပ်ပျော့အဝိုင်းကလေးကိုဆောင်းပြီး မိုးကာအကျီဝတ်လျက် လက်တစ်ဖက်က တံခါးကိုကိုင်ပြီး ရပ်နေမိ၏။

"ကျွန်မ အိမ်မှာနေမှ ထင်ပါရဲ့"

ပေါလ်က ခေါင်းယမ်းပြသည်။

"ကိုယ် နေကောင်းသွားမှာပါ"

"ဟုတ်ပါ့မလား"

"ဟုတ်ပါတယ်"

သို့နှင့် နောက်ဆံတင်းလျက်ပင် ထွက်ခဲ့သည်။ တစ်နေ့လုံး လူကကောင်တာနောက်တွင် လျှောက်၍ ရွေ့လျားနေရသော်လည်း စိတ်ကတော့ ပေါလ်ဆီသို့သာရောက်လျက် တထင့်ထင့်ဖြစ်၍ နေလေသည်။ ညနေလေးနာရီထိုးပြီးတော့ ဟဲရစ်ထံသွား၍ သူ့အား စောစောပြန်ခွင့်ပြုရန် တောင်းပန်လိုက်သည်။ ဟဲရစ်က မျက်ခုံးများကို ပင့်လျက် မချိုမချဉ်ပြုံး၍ ပြလိုက်သေးသည်။ သို့သော် သူ့မှာ ကန့်ကွက်စရာတော့ မရှိ။ စတိုးဆိုင်ထဲမှ သူခပ်သုတ်သုတ်ထွက်လာခဲ့ပြီး ချက်စရာပြုတ်စရာနှင့် စားစရာကလေးများ ဝင်ဝယ်ခဲ့သည်။ သူ့အိမ်လှေကားကို သူတက်ခဲ့တော့ သူ့လည်ချောင်းထဲတွင် ဆို့ဆို့နင့်နင့်ဖြစ်နေ၏။ သူ၏ အင်အားကြီးမားလှသော နှလုံးသားမှတက်လာသည့် လှိုင်းလုံးများ။

ပေါလ်သည် အိပ်ရာထဲတွင် ခေါင်းအုံးများကို ကျောနောက်ကခံလျက်ထိုင်ကာ ပြူတင်းပေါက်မှမြင်နေရသည့် အိမ်ခေါင်းမိုးတန်းကို ငေးစိုက်ကြည့်နေလေ၏။ သူ့မျက်နှာပေါ်တွင် သောကဖြင့်တင်းမာမှုများ မရှိတော့။ လီနာဝင်လာသည်ကိုမြင်တော့ သူ့မျက်နှာ မသိမသာရွှင်လန်းလာသည်။ သို့ရာတွင် သူ့အား တစ်ချက်လှမ်းအကြည့်လိုက်တွင် သူ့အခြေအနေပိုဆိုးနေသည့် လက္ခဏာများကို တွေ့လိုက်ရ၍ လီနာထိတ်လန့်သွားသည်။ သူ၏ပါးရိုး တစ်ဖက်တစ်ချက်တွင် နီရဲလျက်ရှိသည်။ သူက လီနာအား အသက်ရှူမဝသည့်လေသံဖြင့် ဆီးကြိုနှုတ်ဆက်သည်။

"ဒီနေ့ မင်းအစောကြီးပါလား"

"အရောင်းအဝယ် နည်းနည်းပါးတယ်" ဟု လီနာက ဖြေရင်း မိုးကာအကျီကို ဖြည်းဖြည်းချင်းချွတ်နေရာက "အိပ်နေရင် မကောင်းဘူးလား" ဟု မေးလိုက်၏။

"မှီထိုင်နေရတာ သက်သာလို့"

"စွပ်ပြုတ်သောက်လား"

"တစ်ခွက်သောက်တယ်"

လီနာက သူ၏စိုးရိမ်မှုကို ပေါလ်မမြင်စေရန် အိပ်ရာဖုံးကို ဆွဲဖြန့်ပေးသလို လုပ်နေလိုက်၏။

"ကိတ်မုန့်အပွတစ်လုံး ဝယ်လာတယ်၊ သစ်သီးလည်းပါတယ်။ လိမ္မော်ရည်သောက်ချင်သလား"

"သိပ်သောက်ချင်တာပေါ့" ဟု ပြောရင်း ချောင်းဆိုးချင်သည်ကို အောင့်ထားလိုက်ပြီး "ရေငတ်နေတယ်၊ ဘာမှ စားလို့လည်းမရဘူး" ဟုပြောသည်။

ချက်ချင်းပင် လီနာ၏ရင်အုံတစ်ခုလုံး မောက်တတ်လာအောင် ပင့်သက်ကြီး ရှိုက်လိုက်၏။

"ပေါလ်ရယ် ဆရာဝန်ခေါ်မှပဲ ထင်တယ်"

ပေါလ်က "မခေါ်ပါနဲ့" ဟု ကန့်ကွက်လိုက်ပြီး "ကိုယ် အေးအေးပဲ နေချင်တယ်။ မင်းသိစေချင်ပါတယ် လီနာ။ ခုလိုဟာတွေ ကြုံခဲ့ပြီးနောက် ကိုယ် အေးအေးပဲ နေချင်တော့တယ်" ဟု မပီမသပြောလိုက်သည်။

လီနာသည် စိတ်ထဲကမတင်မကျနှင့်ပင် ပေါလ်အား စိုက်ကြည့်ကာ ပေါလ်နှင့်အနောက်အယှက်ကင်းမဲ့စွာ အတူတကွရှိနေချင်သည့်ဆန္ဒကို သင့်မသင့်ချင့်ချိန်ရင်း စိတ်ပင်ပန်းလျက်ရှိ၏။ ပြင်ပကအနှောက်အယှက် တစ်စုံတစ်ရာဝင်လာမည်ဆိုလျှင် ပေါလ်အတွက် နောက်တစ်မျိုး အခက်ကြုံချင်ကြုံမည်။ ပုလိပ်လက် ပြန်ရောက်ချင်ရောက်သွားမည်ကို စိုးရိမ်ရ၍ လီနာကလည်း သူ့အတွက်ပင် အပြင်ကလူကို ခေါ်မလာချင်။ သို့ဖြစ်လျှင် သူ ဘာလုပ်ရပါမည်နည်း။

ဘာလုပ်ရမည်ကို မဆုံးဖြတ်နိုင်မီပင် သူသည် ဓာတ်ငွေ့မီးဖိုကို ညှိပြီး ပြူတင်းခန်းဆီးများကို ဆွဲ၍စေ့လိုက်သည်။ ပေါလ်က သူ့အား ဘာမျှမပတ်သက်သလိုကြည့်နေ၍ လီနာ၏လှုပ်ရှားမှုများမှာ တကယ်မဟုတ်သလိုဖြစ်နေသည်။ ပေါလ်သည် တစ်နေ့လယ်လုံး မေးခနဲပျော်လိုက် နိုးလာလိုက်နှင့် ထုံ့ပိုင်းထုံ့ပိုင်းဆိုသလိုပင် ဒန်း၏အကြောင်းကို တွေးတောနေမိသည်။ ဤမိတ်ဆွေသစ်က သူ့အား ကူညီနိုင်လိမ့်မည်ဟု သူ မမျှော်လင့်မိ။ လွန်ခဲ့သည့်လများက သူ၏အားထုတ်မှုများကို ပြန်လည်ဆန်းစစ်ကြည့်လျှင် သူ ဘာလုပ်ခဲ့လုပ်ခဲ့၊ အလကားပဲဟူ၍ သူ ယုံကြည်လာသည်။ သူ လမ်းဆုံးသို့ ရောက်ပြီ။ သူ ဘာမှမတတ်နိုင်တော့။

ဤသို့ စိတ်ဓာတ်ကျဆင်းလျက်ရှိချိန်မှာပင် သူ လီနာ၏အကြောင်း စဉ်းစားလိုက်မိပြန်သောအခါ သူ့မှာ မထင်ဘဲနှင့် ရင်ထဲက နာရပြန်သည်။ ဒန်းနှင့် လီနာတို့ ခင်မင်ရင်းနှီးပုံ၊ အချင်းချင်းနားလည်မှုရှိပုံတို့ကို ကြည့်လျှင် သူတို့၏ဆက်ဆံရေး မည်သို့ဆိုသည်ကို သို့လောသို့လော တွေးတော၍ နေစရာပင်မရှိတော့ဟု သူတွေးမိသည်။ ဤ မထင်မရှား၊ သားကြီးမယားကြီးနှင့် လူလတ်ပိုင်းအရွယ် ဒန်းသည် လီနာမွေးခဲ့သည်ဆိုသည့် ခလေး၏အဖေဖြစ်မည်။ ယခုလည်း သူကပင် လီနာအား အကာအကွယ်ပေးထားလျက်ရှိသည်ဟု သူ့ဖာသာသူ ယုံကြည်လက်ခံထားလိုက်၏။ ဤ ယုံကြည်ချက်သည် သူ့အား စိတ်ရောလူရော ပင်ပန်းအောင် နှိပ်စက်လျက်ရှိသဖြင့် သူ့နံဘေးဘက်က အသက်ရှူလိုက်တိုင်း အောင့်သည့်ဝေဒနာကို ပို၍နာကျင်အောင် လုပ်ပေးနေသကဲ့သို့ရှိလေသည်။ 'ဘယ်အထိနာနိုင်မလဲ' ဟူသော ဝေဒနာကို ထပ်ရှာချင်သည့်ဆန္ဒက တိုက်တွန်းနေသဖြင့် လီနာအား သူ စကား စ၍ပြောလိုက်သည်။

"လီနာ"

"ရှင်"

"မင်း ကိုယ့်အတွက် လုပ်ပေးနေတာတွေ အများကြီးပဲ။ ဘာဖြစ်လို့လဲဆိုတာ ကိုယ့်ကိုကိုယ် ပြန်မေးကြည့်နေမိတယ်"

"ဘာဖြစ်လို့ လုပ်ပေးရမှာလဲ၊ လုပ်ပေးတာပဲပေါ့"

"ကိုယ်သိပ်ကျေးဇူးတင်တယ်ဆိုတာကို မင်းသိစေချင်ပါတယ်"

"ထားလိုက်ပါ။ ဒါက အရေးမကြီးပါဘူး"

ခေတ္တမျှ တိတ်ဆိတ်သွားသည်။

"မင်း ဒန်းနဲ့သိတာ ကြာပြီထင်တယ်"

"သုံးနှစ်လောက်ရှိပြီ"

"သူ မင့်အပေါ်မှာ ကောင်းခဲ့တယ်ပေါ့"

"ဟုတ်တယ်၊ ကျွန်မအပေါ်မှာ သူ့ကျေးဇူးတွေ အများကြီးပဲ"

"သြော် သြော်"

စိတ်မချမ်းမြေ့ရာကပင် မာနရှိသော လီနာ၏မျက်လုံးများတွင် ဘာမဆို ရဲရဲရင်ဆိုင်မည့် အရိပ်အရောင်များကို အကဲခတ်လိုက်မိဟန်တူ၏။ သို့ရာတွင် ညှိုးချုံးနေသော လီနာ၏မျက်နှာမှာ အကဲခတ်ရခက်လောက်အောင်ပင် တည်ငြိမ်လှသဖြင့် ပေါလ်အား ကြောက်စိတ်တစ်မျိုးက လွှမ်းမိုးသွားပြန်သည်။ သူ၏ မျက်နှာကို နံရံဆီသို့လှည့်ထားလိုက်၏။

"ဘယ်လိုမဆိုလေ၊ မထူးပါဘူး။ ကိုယ် သိထားပါတယ်"

လီနာ လန့်ဖျပ်သွားကာ မျက်နှာဖြူရော်သွားသည်။ သူ၏မျက်လုံးများက သောကနှောက်သည့်အပြုံးဖြင့် ပေါလ်အား တစ်စုံတစ်ခုမေးချင်ဟန်ပြလျက် စကားပြောရန် ဟန်ပြင်လိုက်၏။ သို့သော် တစ်ချက်မျှသာ ပျော့ညံ့သွားသလိုဖြစ်ပြီး ဘာမှမပြောရင် ခပ်တင်းတင်း ဆုံးဖြတ်လိုက်ဟန်တူ၏။

အတော်ကြီးကြာအောင် တိတ်ဆိတ်နေလေသည်။ ပေါလ်သည် သူ၏ မျက်လုံးများကို မှိတ်ထားကာ ပါးစပ်ကို ပိတ်ထားရာက လည်ချောင်းထဲ၌ပင် ချောင်းတစ်ချက်ဆိုးလိုက်၏။

"ကိုယ် နေလို့ နည်းနည်းမှမကောင်းဘူးလီနာ"

ဤ တစ်ကြိမ်တွင် လီနာ ဆုတ်ဆိုင်း၍ မနေတော့။ ဘာမပြောညာမပြော အဝင်ခန်းမဘက်သို့သွား၍ မိုးကာအင်္ကျီကိုဝတ်လိုက်ပြီး ထွက်သွားလေ၏။

ကုန်ဈေးလမ်းအတိုင်း ကိုက်နှစ်ရာမျှသာဝေးသည့် ဒေါက်တာကား၏ဆေးခန်းသည် အနီးဆုံးဖြစ်သည်။ ဒေါက်တာကားသည် မကြာမီကမှ လက်မှတ်ရကာ ဤနေရာသို့လာ၍ ဆိုင်းဘုတ်တင်ပြီး ဆေးခန်းဖွင့်ထားသူ လူငယ်ဆရာဝန်တစ်ယောက် ဖြစ်၏။ သူသည် ဆက်ဆံမှုပြေပြစ်၍ အလုပ်လည်း ကျွမ်းကျင်သည်ဟု လီနာ ကြားဖူးထား၏။

သူရောက်သွားတော့ ဆေးခန်းက ပိတ်ထားသည်။ သို့သော် တံခါးက ဆိုင်းဘုတ်တွင် ဒေါက်တာကား၏ တယ်လီဖုန်းနံပါတ်ရေးထားသည်နှင့် လမ်းထောင့်ရှိ တယ်လီဖုန်းရုံသို့လာကာ ထိုနံပတ်ကို လှည့်လိုက်၏။ တယ်လီဖုန်းကို ဖြေသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး သူက "ဒေါက်တာကား အရေးကြီးသော လူနာတစ်ယောက်ကို ကြည့်ရန် အပြင်သို့ သွားနေသည်။ ပြန်ရောက်လျှင် ပြောလိုက်ပါမည်" ဟု ဆိုသည်။

လီနာ တယ်လီဖုန်းရုံထဲကထွက်ခဲ့တော့ သူ၏မျက်နှာမှာ မသက်မသာ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ 'ဆရာဝန်ကို ဤသို့ မရေမရာ ခေါ်ထားခဲ့တာဟာ မှန်မှမှန်ရဲ့လား။ အနီးအနားက တခြားဆရာဝန်တစ်ယောက်ကိုရှာပြီး မခေါ်သင့်ပေဘူးလား' သူ့စိတ်ထဲက မတင်မကျမို့ ဆရာဝန်ခေါ်ဖို့ကို အချိန်ဆွဲနေခဲ့မိသည့်အတွက် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ ယခုမူ ဆရာဝန်ခေါ်ဖို့က တစ်စက္ကန့်မျှ နောက်ကျလို့မဖြစ်တော့။

လီနာ သူ့အခန်းသို့ ပြန်ရောက်သောအခါ ပေါလ်မှာ အိပ်ပျော်နေဟန်တူသည်။ လီနာလည်း စိတ်ထဲက တထင့်ထင့်နှင့်ပင် ဆရာဝန်လာသံကို နားစွင့်လျက်ရှိလေ၏။ ဆယ့်တစ်နာရီ ထိုးပြီးသောအခါ သူ့မှာ ဆက်စောင့်ရန်ပင် အင်အားမရှိတော့သလို ဖြစ်လာမှ ဆရာဝန်က ရောက်လာသည်။ ဆရာဝန်မှ အတော်ပင်ပန်းနေသည့်အသွင် ရှိသည်။ သူ၏ပြတ်သားသောမျက်နှာမှ နွမ်းနယ်နေသည်။ လီနာ့အား မေးခွန်းများမေးတော့လည်း ပြတ်ပြတ်တောင်းတောင်း နိုင်လှသည်။ သို့သော် သူ ပေါလ်ကိုတော့ စေ့စပ်သေချာစွာ စစ်ဆေးကြည့်ရှုလေသည်။ စစ်ဆေးပြီးသောအခါ အိပ်ရာနားမှခွာ၍ သူ့နာရီကို ကြည့်လိုက်၏။

"လီနာလည်း "ဘာဖြစ်တာလဲဆရာ၊ စိုးရိမ်ရသလား" ဟု မပီမသ မေးလိုက်မိသည်။

ဆရာဝန်မှာ အလုပ်များသည့်နေမို့ ညနေစာပင် လွတ်ခဲ့သည်။ သို့သော် သူက စိတ်ရှည်လက်ရှည်ပင် ဖြစ်သည်။

"အဆုပ် မြွေးကပ်တဲ့ရောဂါတစ်မျိုးပေါ့။ ဒါကြောင့် နာတာ။ အဲဒါ ပြီးတော့ ချွေးထွက်သလို ရေတွေထွက်လာပြီး အဆုပ်ကို ဖိထားတာမျိုး"

"အဆုပ် မြွေးထဲ ရေရောက်တဲ့ရောဂါလား ဆရာ"

သိပ်ဆိုးပုံတော့မရ။ သို့သော် ဆရာဝန်က လီနာအား တစ်ချက်လှမ်းကြည့်လိုက်ပြီး မျက်နှာလွှဲထားသည်။

"ပြည်ရှိနေတယ် ထင်တယ်၊ အင်ပိုင်အီးမား ခေါ်တယ်။ အဲဒါက ဆေးရုံတင်ရမယ့်ကိစ္စ"

လီနာ မျက်နှာပျက်သွားပြီး သူ့ရင်ကို ဖိထားလိုက်ရသည်။

"ဒီမှာတင် ဒေါက်တာမကုနိုင်ဘူးလား"

"ဟာ ဘယ်ကုနိုင်မလဲ။ နံရိုးတစ်ပိုင်းကို ဖြတ်ပြီး လိုဏ်ဖွဲ့နေတဲ့အနာထဲကပြည်ကို ထုတ်ပစ်ရမယ်။ တစ်လခွဲလောက်ကြာမယ်။ အိမ်မှာတယ်လီဖုန်း ရှိသလား"

"ဟုတ်ကဲ့၊ အဝင်စင်္ကြံထဲမှာပါ"

ဆရာဝန် အောက်ထပ်သို့ ဆင်းသွားသံကြားလိုက်ရပြီး တယ်လီဖုန်းမှနေ၍ ရောဂါ၏အခြေအနေ အရေးကြီးပုံ၊ စိုးရိမ်ရပုံ၊ အလျင်စလို ဖြစ်နေပုံတို့ကို ပြောနေသံကြားရသည်။ လီနာလည်း မျက်နှာဖြူဖပ်ဖြူရော်နှင့်ပင် ဆရာဝန်၏နောက်သို့ လိုက်လာခဲ့၏။

ကုသိုလ်ဖြစ် ဆေးရုံများစွာမှာ လုပြည့်နေ၍ ကုတင်လွတ်မရနိုင်ဘဲဖြစ်နေသည်။ သူကလည်း ဤဒေသတွင် သိပ်ထင်ရှားသေးသူမဟုတ်၍ ဆေးရုံများက သိပ်အရေးတယူ မလုပ်ချင်ကြ။ သို့သော် ကံအားလျော်စွာ သူ ရတော့ရပါသည်။ တယ်လီဖုန်းမှ အစီအစဉ်များလုပ်ပြီးမှ စိတ်သက်သာရာရသွားသလို လီနာဘက်သို့ လှည့်လာသည်။

"စိန့်အယ်လီဇဗက်ဆေးရုံက လက်ခံမယ်တဲ့။ အုတ်ခဒင်းလမ်းပေါ်မှာ သုံးမိုင်လောက် သွားရတယ်။ ဆေးရုံကတော့ ခပ်သေးသေးပဲ။ ဒါပေမယ့် အတော်တော့ ကောင်းပါတယ်။ အခုပဲ သူတို့လာခေါ်လိမ့်မယ်"

လူနာတင်ကားသည် ဆယ့်ငါးမိနစ်အတွင်းရောက်လာပြီး နောက်ထပ် ဆယ်မိနစ်အကြာတွင် ပေါလ်အားတင်ပြီး ပြန်ထွက်သွားသည်။

လီနာလည်း မတင်မကျပင် စိတ်ရှုပ်ထွေးလျက် ပင်ပန်းနွမ်းနယ်စွာ သူ၏စိတ်လှုပ်ရှားမှုကို ကြိုးစားဖိနှိပ်ပြီး အပေါ်ထပ်သို့ ပြန်တက်ခဲ့၏။ အခန်းကလေးမှာ ပူအိုက်ပိတ်ဆို့နေသဖြင့် ဓာတ်ငွေ့မီးကိုပိတ်ကာ ပြူတင်းဆီသို့ လာခဲ့၏။ ပြူတင်းပေါက်ကိုဖွင့်၍ သိပ်သည်းသောညလေကို အားရအောင် ရှုသွင်းလိုက်ပြီး ပြတင်းနားမှခွာကာ အကျင့်ပါနေသည့်အတိုင်း သူ့အခန်းကို ရှင်းလင်းသုတ်သင်လေတော့၏။

ပေါလ် ဒုက္ခသုက္ခတွေကြားထဲ၌ ပေါင်းကူးကြီးများအောက်တွင် အိပ်ခဲ့စဉ်ကဝတ်ထားသော ဝတ်စုံအရိအနွမ်းကလေးမှာ အိပ်ရာ၏ဘေးကုလားထိုင်ပေါ်တွင် အခေါက်လိုက်တင်ထားသည်။ လီနာက ထိုဝတ်စုံကို ချိတ်ဖြင့် အဝတ်ဘီရိုထဲတွင် ချိတ်ထားလိုက်ရန် စိတ်ကူးပြီး မ,လိုက်တော့ အိတ်ထဲက ဟောင်းနွမ်းစုတ်ပြတ်နေသော ပိုက်ဆံအိတ်ကလေးတစ်ခု ထွက်ကျလာကာ အတွင်း၌ပါသောအရာများ၊ အများအားဖြင့် စာရွက်အတိုအစများ ဖိတ်စင်ကုန်သည်။

လီနာလည်း အမှုနှင့်ပတ်သက်၍ ပေါလ်စုဆောင်းထားသည့် မှတ်စုစာရွက်ကလေးများကို ကုန်းကောက်လိုက်ပြီး အိတ်ထဲသို့ ထိုးထည့်ပေးထားလိုက်၏။ ထိုစာရွက်များအကြားတွင် ရုတ်တရက် သူ့လက်များက ဓာတ်ပုံကလေးတစ်ပုံကို တွေ့သဖြင့် အမှတ်မထင် ယူကြည့်လိုက်၏။ ဓာတ်ပုံကလေးမှာ ဆိုင်တွင် အလုရိုက်သည့် ညက်နေအောင် ခဲထိုး၍ ကူးထားသော အယ်လာဖလဲမင်း၏ စီပီယာရောင်စုံဓာတ်ပုံကလေးဖြစ်ပြီး အောက်ခြေက အချစ်အခင်သဘောပါသည့် စာတန်းကလေးနှင့် လက်မှတ်ထိုးထား၏။ ဤအမှတ်တရ ပစ္စည်းကလေးသည် ပေါလ်၏ဆယ့်ကိုးနှစ်မြောက်မွေးနေ့က အယ်လာက အမှတ်တရလက်ဆောင်အဖြစ်၊ အသည်းနှလုံးနှင့် အနီးဆုံးထားရာ ပိုက်ဆံအိတ်ကလေးထဲသို့ သူကိုယ်တိုင်ထည့်ပေးထားခဲ့သည့် ဓာတ်ပုံဖြစ်သည်။

ပေါလ်ကတော့ သူ့မှာ ဤဓာတ်ပုံ ရှိနေသည်ကို မေ့သလောက်ဖြစ်နေပြီ။ သို့ရာတွင် လီနာ၏အမြင်မှာတော့ ဤမျက်နှာလှလှလေးနှင့် ညို့ဓာတ်ပါသောမျက်လုံးကလေးများ၊ လှပစွာဝဲကျနေသော ဆံနုဆံယဉ်ကလေးများ၏ပိုင်ရှင်က အောက်ကပိုင်စိုးပိုင်နင်းအချစ်အခင်နှင့် လက်မှတ်ထိုးပေးထားသည့် ဓာတ်ပုံကလေးသည် ပေါလ်အမြတ်တနိုးသိမ်းဆည်းထားသည့် ပစ္စည်းသာ ဖြစ်နေပေသည်။

လီနာသည် သက်ပြင်းပင် မချမိ။ သို့သော် သူ့နှုတ်ခမ်းအစွန်တွင် မသိမသာတုန်နေသည်ကလွဲ၍ ဘာအမူအရာမှ မပေါ်လွင်အောင် အေးစက်တည်ငြိမ်သည့် သူ့မျက်နှာထား၏နောက်ကွယ်တွင်ကား အတိုင်းမသိနက်ရှိုင်းသည့်ဝေဒနာကို ခံစားရလျက်ရှိပေသည်။ နောက်ဆုံး၌သူသည် ဒူးထောက်၍ငုံ့နေရာမှ ကိုယ်ကိုဆန့်ကာ ဓာတ်ပုံအိတ်ကလေးကို ပိုက်ဆံအိတ်ထဲ ပြန်ထည့်၊ ပိုက်ဆံအိတ်ကို သူ့အင်္ကျီအိတ်ထဲသို့ ပြန်ထည့်ပေးထားလိုက်သည်။ ထိုနောက် ဝတ်စုံကို ချိတ်ဖြင့်ချိတ်ကာ ဘီရိုထဲသို့ထည့်လိုက်ပြီး မီးဖိုခန်းထဲသို့ ဝင်ခဲ့လေ၏။ မီးဖိုခန်းထဲသို့ရောက်လျှင် မီးဖိုစင်ကိုမှီကာ ဖုံးအုပ်ထား၍ မရနိုင်လောက်အောင် စိတ်လှုပ်ရှားမှုအပြောင်းအလဲကို အလူးအလဲခံရင်း မျက်လုံးများကိုမှေးကာ ခေါင်းကို တစ်ဖက်သို့စောင်း၍ လှည့်ထားလိုက်လေ၏။

သူကတော့ တစ်ချိန်လုံး မဖြစ်နိုင်သည့်အခြေအနေမျိုး ဖန်တီးမိမည်ကို စိုးရိမ်စိတ်နှင့် နပန်းလုံး၍နေခဲ့ရသည်။ သို့ရာတွင် ဖြစ်လေ့ဖြစ်ထရှိပါလျက် ရတ်တရက်တွေ့မှသာ သိရလေ့ရှိသော ယခုကိစ္စမျိုးကိုတော့ သူ စိတ်ကူး၍မျှ မကြည့်ခဲ့မိ။ သူ့ဖာသာသူ မှန်းတွက်ရမ်းတွက်ဖြင့် စိတ်ကူးယဉ်ခဲ့သည့်အဖြစ်ကြီးက ဖူးပေါ်သလို ပေါ်ခဲ့ပြီ။ သူ့မှာ တကယ်က မလိုဘဲနှင့် စိတ်ထဲက ချီတုံချတုံများ ဖြစ်ခဲ့ရသေးသည်ကိုလည်းကောင်း၊ သူ၏သနားစရာ စိတ်ညစ်စရာဘဝကိုလည်းကောင်း တွေးမိပြီး တစ်ကိုယ်လုံး သိမ့်သိမ့်ခါသွားသည်။ ကျေးဇူးတင်သည်ကို ချစ်ခင်မှုမှတ်ကာ သူ့ဘဝကြေကွဲဖွယ်ဖြစ်ရပ်များကို ပြောပြလိုက်တော့မည်ဟု မိုက်မိုက်မဲမဲတွေးလိုက်မိသေးသည်။ သူ့အပေါ်တွင် အထင်အမြင်မှားနေသည်ကို ရှင်းပြလိုက်ဖို့ မစဉ်းမစားကြံလိုက်သေးမိသည်။ ယခုမူ သူပြောလို့မဖြစ်တော့။ ဘယ်တော့မှ မပြောတော့။ ဖြစ်နေကျအတိုင်းပင် သူ့ကိုယ်သူ ရွံမုန်းခြင်း၊ ရှက်ခြင်းတည်းဟူသော မကောင်းဆိုးဝါးများက နှိပ်စက်လာပြန်သဖြင့် သူ့မှာ စိတ်အားငယ်ရ ဝမ်းနည်းရပြန်သည်။ လူတကာ၏တံတွေးခွက်၌ ပက်လက်မျောခဲ့ရသည့် သူ့ကိုယ်သူနှင့် မိုးနတ်မယ်တမျှ လှပကြည်လင်သည့် ဓာတ်ပုံထဲက မိန်းကလေးတို့အား နှိုင်းယှဉ်ကြည့်မိပြန်တော့လည်း သူ့ကိုယ်သူ ယခု ဤနေရာ၌ပင် လဲသွားလျှင်ကောင်းမည်ဟု အောက်မေ့မိ၏။ သူ၏ရင်ထဲတွင် ခံစားနေရသော နာကျင်သည့်ဝေဒနာသည် သေလောက်အောင် ပြင်းထန်ပြီး သူ့အား အပြီးသတ်ချေဖျက်ပစ်လိုက်ပါစေတော့ဟုလည်း တောင့်တမိလေသည်။

ထိုနေရာ၌ ဤဝေဒနာများဖြင့် သူ မည်မျှကြာမြင့်အောင်ရပ်နေမိသည်မသိ။ နောက်ဆုံးတွင် သူသည် ရတ်တရက်အံကြိတ်၍ အားတင်းလိုက်ပြီး ဤအတွေးများ၏ အနှောင်အဖွဲ့မှ ရုန်းထွက်လိုက်သည်။ နဖူးပေါ်သို့ ဝဲ၍ကျနေသော သူ၏ဆံပင်များကို နောက်သို့သပ်တင်လိုက်ပြီး အနီးရှိ ခွေးခြေအနိမ့်ကလေးတစ်ခုပေါ်တွင် ထိုင်လိုက်သည်။ သူ့မျက်လုံးများကို ခြောက်သွေ့စေကာ သူ့ကိုယ်သူဘာမှ သက်ညှာခွင့်မပေးတော့ရန် အမိဋ္ဌာန်ပြုလိုက်သည့်အလား သူ၏နှုတ်ခမ်းများကို တင်နေအောင် စေ့ထားလိုက်ပြီးမှ ဆင်ခြင်တုံတရား လက်ကိုင်ထားစေရန် သူ့ကိုယ်သူ ဆုံးမလိုက်သည်။ မိနစ်ပေါင်းများစွာ ကုန်လွန်သွားသည်။ ထို့နောက်မှ သူ့စိတ်ထဲက ရှုတ်ထွေးလျက်ပင် သူရှာနေသည့် ပြဿနာ၏အဖြေကို တွေ့သည်။ သူ့အဖို့က ဤတစ်လမ်းသာ ရှိတော့သည်။ မည်မျှပင် ခက်စေကာမူ သူ ဒါကို လုပ်ရမည်။ သူလုပ်ရန်မှာ လွတ်ရာကျွတ်ရာသို့ ထွက်ပြေးဖို့၊ သူ့ကိုယ်သူ ကိုယ်ယောင်ဖျောက်ဖို့၊ ပုထုဇဉ်ဟူသမျှ ရှုးကြစမြဲဆိုသည့်အတိုင်း ဤသို့ဤနှယ် ကြီးကျယ်ခမ်းနားခဲ့သော အရှုးထမှုကြီးကို အပြီးအပိုင် မေ့ပျောက်ပစ်လိုက်ဖို့ ဤခွေးခြေအနိမ့်ကလေးပေါ်၌ ခါးထောက်မေးထောက်၍ ထိုင်လျက်ပင် သူလုပ်စရာရှိသည်တို့ကို စီစဉ်၍ နေလိုက်တော့သည်။

*

# အခန်း – ၁၂

ဖေဖော်ဝါရီလ နှစ်ဆယ့်နှစ်ရက် တနင်းလာနေ့ နံနက်တွင် ဝေါ့တလေ ခရောနီကယ်သတင်းစာ မျက်နှာဖုံးတွင် ဒန်း၏ မက်ထရီအမှုဆောင်းပါးစဉ်မှ ပထမဆောင်းပါး ပါလာလေသည်။

ဒန်းသည် အိပ်ရာက နေမြင့်မှ ပျင်းရိပျင်းတွဲထတတ်သူ ဖြစ်ပါလျက် ထိုနေ့နံနက်ကမူ သူသည် စောစီးစွာပင် ခရော်နီကယ်တိုက်သို့ လမ်းလျှောက်၍ ထွက်ခဲ့သည်။ လမ်းဘေးစကြံများပေါ်တွင်ကား သတင်းစာရောင်းသမားကလေးများသည် မက်အီဗွိုင်က ရိုက်နှိပ်ပေးထားသည့် အထူးပိုစတာများကိုကိုင်ကာ အော်ဟစ်လျက် ရှိကြလေသည်။ မက်ထရီ၏အမည်ကို သူငယ်ကလေးများ အော်ဟစ်သံ၌လည်းကောင်း၊ လေထဲ၌ တလူလူလွင့်နေသော ပိုစတာစာလုံးကြီးများဖြင့်လည်းကောင်း ကြားလိုက်မြင်လိုက်ရလေလျှင် ဒန်း၏စိတ်ဓာတ်များသည် တအိအိတက်ကြွလာခဲ့လေသည်။ ဒန်းသည် အနှစ်မဲ့ကြွားတတ်သူတစ်ယောက် မဟုတ်။ သူ့အလုပ်က ဘာလဲဆိုသည်ကို သိသူဖြစ်သည်။ သို့ရာတွင် သူသည် သတင်းစာလွတ်လပ်ခွင့်နှင့် ကောင်းစွာလုပ်ဆောင်အပ်သော သတင်းစာတစ်စောင်၏ အကျိုးပြုအင်အားတို့၌ လှိုက်လှိုက်လှဲလှဲ စွဲမြဲယုံကြည်သူဖြစ်သည်။ “လူမြင်ကွင်းထဲကိုတော့ ရောက်လာပြီ၊ ဟိုလူတွေတော့ တုန်နေရော့မယ်” ဟုခပ်တင်းတင်းစဉ်းစား၍ လာခဲ့လေသည်။

တိုက်ကို သူရောက်တော့ မက်အီဗွိုင် ရောက်နေနှင့်ပြီ။ သူတို့နှစ်ယောက် အတူ ဤဆောင်းပါးစဉ်မပြီးမဆုံးမချင်း သတင်းစာတိုက်တွင် ထိုင်စောင့်ကြရန် သဘောတူထားကြပြီးဖြစ်၏။ ဒန်းက သူ့စိတ်ထဲ၌ရှိနေသည်ကို မက်အီဗွိုင်အား မပြောဘဲ မနေနိုင်။

“မနက်စာစားရင်း သတင်းစာဖတ်ချင်တဲ့အခါ စပရောက်တို့ ဒေးတို့ မျက်နှာတွေ ဘယ်လိုနေလဲကြည့်ချင်လိုက်တာဗျာ”

မက်အီဗွိုင်က ဒန်းလောက် စိတ်အားထက်သန်မှုရှိပုံမရ။ သူက ဣန္ဒြေကြီးစွာဖြင့် ပခုံးကိုဆတ်ကနဲ ချီပြလိုက်သည်။

“စမိမှတော့ ငုပ်မိသဲတိုင်ပဲ။ မဟုတ်တာ မဖြစ်ပါစေနဲ့လို့ ဘုရားသခင်ဆီ ဆုတောင်းရုံဘဲ ရှိတော့တယ်”

ထိုနေ့က ရေးကြီးခွင်ကျယ် ဘာမှမဖြစ်။ သတင်းစာကိုယ်စားလှယ်များစွာက တယ်လီဖုန်းဖြင့် အပိုစောင်ရေ ရာလိုက်ချီ၍ တောင်းကြသည်။ မကုန်၍ ပြန်ပို့သည့်စောင်ရေမရှိ။ ဒန်း နေလည့်စာ စားရန်အတွက် အပြင်ထွက်တော့ သူသွားနေကျလမ်းထဲ၌လည်းကောင်း၊ ဓာတ်ရထားပေါ်၌လည်းကောင်း၊ စားသောက်ဆိုင်ထဲတွင်လည်းကောင်း၊ ဤဆောင်းပါးကို လူအများဖတ်နေကြသည်ကို တွေ့ရသည်။ အားလုံးငြိမ်သက်လျက်ရှိရာ ‘မုန်တိုင်းကျခါနီး လေငြိမ်နေသလိုပဲ’ ဟု သူ့ကိုယ်သူ ပြောမိ၏။

နောက်တစ်ရက်နံနက်ပိုင်း ဆယ့်တစ်နာရီခန့်တွင် တယ်လီဖုန်းမြည်သည်။ အမှုသွားအမှုလာကို အကျဉ်းချုပ် ဖော်ပြရုံမျှသာဖြစ်သော ပထမဆောင်းပါးထက် ပုလိပ်များ မှားယွင်းသည်ဟု အတိအလင်းစွဲချက်တင်ထားသည့် ဒုတိယဆောင်းပါးက ပိုမိုပြင်းထန်သည်။ မက်အီဗွိုင်က တယ်လီဖုန်းခွက်ကို ကောက်ကိုင်ပြီးသောအခါ သူ့မျက်လုံးများသည် ဒန်းဆီသို့ ရောက်သွားပြီး အဓိပ္ပာယ်ပါပါ ခေါင်းညိတ်ပြကာ ပါးစပ်က အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံမျှဖြင့် ဒေး ဟု ပြောလိုက်၏။

"ဟုတ်ပါတယ်။ ခရော်နီကယ် အယ်ဒီတာပါ။ သြော် ဟုတ်ကဲ့။ နေကောင်းရဲ့လား မင်းကြီး"

ထိုနောက် တိတ်ဆိတ်သွားသည်။ တယ်လီဖုန်းလိုင်းခွဲမရှိ၍ ဒန်းမှာ နားထောင်၍မရဘဲ မက်အီဗွိုင်ပြောသည်ကိုသာ ကြားရသည်။ တစ်ဖက်က စကားကိုမူ မက်အီဗွိုင်၏ မျက်နှာရိပ်မျက်နှာကဲကိုသာ ကြည့်၍ အကဲခတ်ရ၏။

"ကြားရတာ စိတ်မကောင်းပါဘူးခင်ဗျာ။ ဒါနဲ့မင်းကြီးပြောတာ ဘယ်ဆောင်းပါး ပါလိမ့်ခင်ဗျာ။ သြော် သြော် မက်ထရီ့အမှုလား။ သြော် ဖြစ်မှဖြစ်ရလေဗျာ။ အဲဒါ မင်းကြီးအနေနဲ့တော့ စိတ်အနှောက်အယှက်ဖြစ်စရာ ကြီးကြီးကျယ်ကျယ် မရှိပါဘူးလို့ ထင်ပါတယ်"

မက်အီဗွိုင်၏မျက်နှာမှာ ချိုလျက်ပင် ရှိ၏။

"ဟုတ်ကဲ့။ တကယ်တော့ မင်းကြီး ကန့်ကွက်စရာရယ်လို့ ဘာမှမရှိပါဘူး ထင်ပါတယ်ခင်ဗျ။ အချက်အလက်အမှန်ကို ထည့်တာက ကျွန်တော်တို့ရဲ့ အလုပ်ပဲခင်ဗျ။ ကျွန်တော်တို့ လုပ်တာက ဒါပါပဲ။ ဘာတဲ့ခင်ဗျ။ သြော် မရှိပါဘူး မရှိပါဘူး။ ကျွန်တော်တို့မှာ ဘာမှ သံသယမရှိပါဘူး။ ကျွန်တော်တို့မှာ အတော်စိတ်ဝင်စားစရာကောင်းတဲ့ အထောက်အထားတွေ ရှိပါတယ်"

အတော်ကြာအောင် တိတ်ဆိတ်နေပြီးနောက် မက်အီဗွိုင်၏အဖြေမှာ ဖော်ဖော်ရွေရွေမဟုတ်တော့။

"ကျွန်တော်တို့ အသေရေဖျက်မှုနဲ့ တရားစွဲခံရမှာကိုလဲ မကြောက်ပါဘူး။ တခြား ဘယ်လိုအရေးယူတာမျိုးကိုမှလဲ မကြောက်ပါဘူးခင်ဗျ။ အများပြည်သူက ဒီအမှုအကြောင်းကို သိသင့်တယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ဒါကို လူသိရှင်ကြားဖြစ်အောင် လုပ်ကိုလုပ်ပေးရမှာပဲခင်ဗျ"

နောက်ဆုံးအကြိမ်ရပ်သွားသည်။ မျက်မှန်ထဲတွင် မက်အီဗွိုင်၏မျက်လုံး အရောင်တောက်သွား၏။

"ခင့်ဗျာနေရာမှာ ကျွန်တော်သာဆိုရင် ဒီလို ဘယ်လုပ်လိမ့်မလဲ ဒေးရယ်၊ ခင်ဗျား ကျွန်တော်တို့ သတင်းစာတိုက်ကို ပိတ်လိုက်တာနဲ့ ကျွန်တော်တို့က ဆောင်းပါးစဉ်မှာ ကျန်တဲ့ဆောင်းပါးတွေကို 'ဟောင်းဝပ် သော်မဆင်' သတင်းစာအဖွဲ့နဲ့ပူးပေါင်းပြီး 'ဆင်ဒီကိတ်' လုပ်ထည့်မှာ ခင်ဗျ။ အဲဒီ အဖွဲ့မှာက နယ်သတင်းစာ ငါးစောင်နဲ့ လန်ဒန်သတင်းစာတစ်စောင်ရှိတယ်။ ဒန်းရဲ့ ဆောင်းပါးဆိုရင် အချိန်မရွေးဝယ်မယ်ဆိုတဲ့ ကတိစကားလဲရှိထားတယ်။ ဟုတ်တယ်၊ ကျွန်တော်သာဆိုရင် မလုပ်ပါဘူး။ ဒေါသကို ထိန်းသိမ်းမရင် ခင်ဗျားပဲသေမယ်။ ဒါနဲ့ စကားမစပ် စုံထောင်အင်စပက်တော် 'ဆွမ်း' ရဲ့ အစစ်ခံချက်ကို ဖတ်ချင်ရင် နောက်ဆောင်းပါးမှာ ပါလိမ့်မယ်။ နက်ဖြန်ထွက်မယ့် 'ခရော်နီကယ်'မှာဖတ်ပေါ့"

မက်အီဗွိုင် တယ်လီဖုန်းခွက်ကို ပြန်ချလိုက်သောအခါ သူ့မှာ မသိမသာ မျက်နှာနီမြန်းနေ၏။ သူ စိတ်ငြိမ်သွားအောင် စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာလိုက်လေ၏။

"ငနဲကြီး ဒေါထနေလေရဲ့။ အတော်လဲ စိုးရိမ်နေပုံပဲ။ သတင်းစာကို ပိတ်ပစ်မယ် ဘာမယ် ခြိမ်းခြောက်တယ်။ သူ့ဘက်က စစ်မျက်နှာကို ခိုင်ခန့်အောင်လုပ်ထားရင် ကောင်းမယ်လို့ ငါထင်တယ်"

ဒန်းက "ဒေးဟာ ဆိုးတဲ့လူမျိုးတော့ မဟုတ်ပါဘူး။ သူ့စိတ်ရင်းက ဖြောင့်ပါတယ်။ သူ့ကိုတွန်းပေးနေတာက အထက်ကလူပါ။ ဒါပေမယ့် သူဘာမှ မတတ်နိုင်ပါဘူးလေ" ဟု ပြောလိုက်သည်။

မက်အီဗွိုင်သည် "သူလုပ်ချင်ရင် တတ်တော့တတ်နိုင်တယ်ကွ။ ဒါပေမယ့် သူလုပ်မယ် မဟုတ်ပါဘူး။ တို့သတင်းစာကို ပိတ်တယ်ဆိုရင် သူ့တို့မှာ အပြစ်ရှိနေတာကို ဝန်ခံရာ ရောက်သွားမှာပေါ့။ နက်ဖြန်ဖြစ်ဖြစ် နောက်တစ်ရက်ဖြစ်ဖြစ် သူတို့ ဗိုလ်ကြီး တို့ဆီကို လာကိုလာမယ်ဆိုတာ ဘီယာတိုက်ကြေးတောင်

လောင်းလိုက်ချင်ရဲ့" ဟု ပြောရင်း သူ့စားပွဲပေါ်သို့ လာချသွားသော စာရွက်ကလေးကို ကောက်ကြည့်ကာ ဘာမှမထူးဆန်းသလို လေသံဖြင့် "လုပ်ငန်းအတွက်ကတော့ ကောင်းတယ်။ ဒီကနေ့ စောင်ရေ နှစ်သောင်းပိုပြီး ရိုက်ရတယ်။ အားလုံးကုန်သွားပြီ"ဟု ဆက်၍ ပြောလိုက်လေသည်။

နောက်တစ်ရက်နံနက်တွင် ဤအမှုအကြောင်း လူအများပြောဆိုဆွေးနွေး၍ နေကြပြီဆိုသည်မှာ ထင်ရှားပေသည်။ 'ခရော်နီကယ်' ဖတ် ပရိသတ်ထံမှ စာတိုစာရှည်များသည် ဂုံနီအိတ်ကြီးနှင့် အပြည့်ရောက်လာသည်။ အခြားသော သတင်းစာများကလည်း 'ဂွစာ' ၏ ဆောင်းပါးစဉ်ကို နေရာအထူးပေး၍ ဝေဖတ်ရေးသားကြပြီး 'ဘလက်ရှားယာ ဂါဒီယန်' တစ်စောင်ကသာလျှင် 'ဒန်း' အား အပြစ်တင်၍ 'ဤ ကိစ္စတွင် စကြဝဠာကြီးတစ်ခုလုံးကို ပြုပြင်ပြောင်းလဲပစ်ရန်တာဝန်နှင့် ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ဂွစာသည် တဆိတ်လွန်လွန်းသည်' ဟူ၍ ရေးသားလိုက်သည်။ သို့ရာတွင် ဂုဏ်သိက္ခာမြင့်မားသော လစ်ဗရယ်သတင်းစာ 'လန်ဒန်ထရီဗျွန်း' ကမူ ဤအကြောင်းနှင့် ပတ်သက်၍ ခေါင်းကြီးပိုင်းတွင် 'ဝေ့တလေ ခရော်နီကယ် သတင်းစာ၌ အလွန်အရေးကြီးသည့် စွပ်စွဲချက်များသည် တတိုင်းပြည်လုံးကို ကိုင်လှုပ်လိုက်သကဲ့သို့ ရှိပေလိမ့်မည်' ဟု အစချီကာ 'ဂွစာ' ၏ထက်မြက်လှသော ကလောင်သည် ယခင်ဆောင်းပါးများတွင်ကဲ့သို့ပင် ပြောင်မြောက်လှသည် ဖြစ်ပေရာ သူ၏ရေးသားချက်များသည် တစ်လုံးမကျန် မှန်ကန်သည်ဟု ယုံကြည်ရပေသည်။ ကျွန်ုပ်တို့သည် ထူးခြားလှသော ဤ ဆောင်းပါးများကို စိတ်ဝင်စားစာပင် စောင့်မျှော်ကြလျက်ရှိပေသည်' ဟု အဆုံးသတ်ထားသည်။

မက်အီဗွိုင်က ဒန်းအား သတင်းစာဖြတ်ပိုင်းများကို လှမ်းပေးရင်း 'စတော့ စမိပြီလေ၊ ဆွမ်းအကြောင်း မင်းရေးတဲ့ဆောင်းပါး ဖတ်ပြီးတဲ့အထိ စောင့်ကြည့်ကြတာပေါ့။ ဒါနဲ့ပြောရဦးမယ်။ မင်းညမိုးချုပ်ချုပ် အပြင်မှာမနေရင် ကောင်းမယ်ထင်တယ်" ဟုပြောလိုက်၏။

"မြတ်စွာဘုရား၊ သူတို့ အဲသလိုတော့ လုပ်ဖို့ ကြိုးစားမယ် မထင်ပါဘူးခင်ဗျာ"

အယ်ဒီတာက လေသံတစ်မျိုးဖြင့် "မဟုတ်ပါဘူး၊ မင်းအအေးမိပြီး ဖျားမှာစိုးလို့ပါ" ဟု ဆိုလိုက်သည်။

တံခါးခေါက်သံကြားရပြီး မက်အီဗွိုင်၏အတွင်းရေးမှူး လူငယ်ကလေးထင်လာသည်။

"ခွင့်လွှတ်ပါဆရာ၊ ဆာမက်သယူးစပရောက်ရဲ့ စာရေးကြီးက တယ်လီဖုန်းနဲ့ စောင့်နေပါတယ်။ ဆရာ ဒီနေ့ညနေပိုင်း တစ်ချိန်ချိန် ဆာမက်သယူးကိုလာတွေ့နိုင်ရင် အထူးကျေးဇူးတင်ပါမယ်တဲ့"

ဒန်းနှင့် မက်အီဗွိုင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြ၏။

"ဆာမက်သယူးရဲ့ စာရေးကြီးကို ပြောလိုက်ပါကွယ်။ တို့မလာနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်လို့။ တို့မှာ အလုပ် အင်မတန်များနေပါတယ်လို့။ တနည်းအားဖြင့် ဆာမက်သူး ဒီကိုလာနိုင်မယ်ဆိုရင် တို့များ အင်မတန်ဝမ်းသာပါမယ်လို့"

"ကောင်းပါပြီ ခင်ဗျာ" ဟုဆိုကာ အတွင်းရေးမှူးထွက်သွားသည်။

ဒန်းက "သူ လာမှာမဟုတ်ပါဘူး" ဟုပြောလိုက်၏။

မက်အီဗွိုင်က "လာချင်မှလဲ လာမယ်" ဟု ဆိုကာ ပခုံးချီလိုက်ပြီး "ဒါပေမယ့် လွန်ခဲ့တဲ့ဆယ်ငါးနှစ်လုံးလုံး သူက လူတွေကို ချောက်လှန့်လာခဲ့တာ၊ အခု တစ်ယောက်ယောက်က သူ့ကို ပြန်ချောက်လှန့်ဖို့ အချိန်ကျပြီကွ" ဟု ဆိုလိုက်သည်။

နောက်ဆောင်းပါးနှစ်ခုမှာ သေသူ၌ ပဋိသန္ဓေ စွဲကပ်သည့်နေရက်ကို ထိန်ချန်ထားခြင်းနှင့် ပတ်သက်သည့်အကြောင်းများကို တိကျပြတ်သားစွာရေးထားပြီး သက်သေများအား ပုလိပ်က ကိုင်တွယ်ပုံ

ဆန်းနေသည်ကိုလည်း အသေအချာ ဖော်ပြထားသည်။ ယခုအခါ တောင်ပြိုသလို လိုမ့်ဆင်းလာမည့် အချက်အလက်များက တာစူလျက်ရှိကြပြီ။ ခရော်နီကယ်တိုက်သို့ စာများတစ်ထုပ်တစ်ပိုး အတွင်ရောက်လျက်ရှိသည်ဖြစ်ရာ တစ်ဖက်ခန်းတွင် စာရွေးသည့်အဖွဲ့တစ်ခုထားကာ မက်အီဗွိုင်နှင့် ဒန်းတို့က ရှပ်အကျီမျှသာဝတ်လျက် ရုံးခန်းထဲက အသင့်စောင့်နေကြရ၏။ အချို့ကြေးနန်းများမှာ ခပ်ကြောင်ကြောင်လူများထံမှဖြစ်ပြီး၊ အချို့မှာ ဘာ ပပျောက်ရေး၊ ညာ ပပျောက်ရေး၊ ဘာ ဖျက်သိမ်းရေး၊ ညာ ဖျက်သိမ်းရေး စသည့် အသင်းအဖွဲ့များမှဖြစ်သည်။ အချို့မှာ ဆဲဆိုစာများဖြစ်ပြီး ဆောင်းပါးများသည် တရားဥပဒေ၏အင်အားနှင့် ငြိမ်ဝပ်ပိပြားမှုကို ပျက်ပြားစေသည်ဟုဆိုကာ ကန့်ကွက်ကြသည်။ သို့ရာတွင် အနယ်နယ်အရပ်ရပ်မှ လာကြသည့် စာများ၊ ကြေးနန်းများမှာ အများအားဖြင့် ချီးကျူးစာများ ဖြစ်ကြပေသည်။ ဤသို့လျှင် အုတ်အရောရော ကျောက်အရောရောလာသည် စာများထဲတွင် တကယ်အဖိုးတန်သည့် စာများလည်း အတော်များများပါ၏။

လန်ဒန်မြို့တော် ဘုရားဝတ်ကျောင်းတရားဟောဆရာ သတင်းဆောင်းပါးရှင် ဘုန်းကြီးဖော်စတာဘောင်းလ်ထံမှ ကြေးနန်းစာက

**လူကြီးမင်းတို့၏ ကြီးကျယ်ခမ်းနားသော စစ်ဆင်ရေးကြီးအား ဝမ်းမြောက်ဝမ်းသာ ချီးကျူးသည်။ နောက် တနင်္ဂနွေညနေတွင် ကျွန်ုပ် မက်ထရီအမှုအကြောင်း ဟောပြောပါမည်။ သင်တို့အား ဘုရားသခင်စောင့်ရှောက်ပါစေ။**

**ဘုန်းကြီးဘောင်းလ်**

ဟူ၍ ပါရှိသည်။

ဒန်းက အနည်းငယ်မကြိုက်သလိုလေသံဖြင့် "သူက ဘာကိစ္စ ဒီအထဲ ဝင်ချချင်ရတာလဲ၊ လူလည်ကြီးပဲ" ဟု ဆိုသည်။

မက်အီဗွိုင်က အပြစ်တင်ဟန်လုပ်၍ ခေါင်းကိုယမ်းကာ "မင်း အဲသလိုမပြောပါနဲ့ကွာ။ ဘယ်နှယ့် ညီနောင်အချင်းချင်း မေတ္တာတရားဆိုတာ ဘယ်သွားထားမလဲ။ ဘယ်နှယ့် တို့လိုနေတာက ဘောင်းလ်လိုလူမျိုးကွ။ သူက ဘုရားကျောင်းမှာ ပရိသတ်အပြည့်ကွ။ လျှံတောင်ထွက်နေသေးတာ။ ကင့် လမ်းမကြီးမှာလဲ ပရိသတ် ထောင်နဲ့ချီပြီးဟောနေတာ"ဟု ဆို၍ ဖတ်လိုက်ပြန်သည်။

**"နိုဝင်ဘာ ၁၉ရက်က လွှတ်တော်၌ ကျွန်ုပ်တင်သွင်းခဲ့သည် ကိစ္စအား ဆက်လက်ဆောင်ရွက်ခြင်းကို သဘောကျသည်။ လာမည့်ရွေးကောက်ပွဲကို မျှော်၍ ကျွန်ုပ်ကြိုးပမ်းချက်ကို လူကြီးမင်းတို့သတင်းစာက အသိအမှတ်ပြုလျှင် ကျေးဇူးတင်မည်။ တကယ်က ဤကိစ္စ ကျွန်ုပ် စ၍ဆောင်ရွက်ခဲ့သည်။ တရားလမ်းမှန်ရောက်အောင် ဆက်လက်ဆောင်ရွက်မည်။ သစ္စာရှိစွာဖြင့်၊ ဂျော့ဘာလီ၊ လွှတ်တော်အမတ်"**

ဒန်းက မပြုံးမရယ်ပင် "ဒါမှ တို့ဂျော့ကွ" ဟုဆိုလိုက်ပြီး "သူကလည်း မဏ္ဍပ်တိုင်တက်ချင်တာကိုး"ဟု ပြောလိုက်သည်။

"ဒါပေါ့ကွာ၊ သူခများ အန်ကတ်စတာတွေကို ပြန်ချရဦးမှာပေါ့။ သူတို့က ဝိုင်းဆော်ထားကြတာ သူ့ခမြာ ဂေါက်သီးတောင် မရိုက်နိုင်ရှာတော့ဘူးလို ဖြစ်သွားတာ။ 'တရားလမ်းမှန်ရောက်အောင် ဆက်လက်ဆောင်ရွက်မည်'ဆိုတာကတော့ ကောင်းပါတယ်"ဟု ဆိုလိုက်ပြီး မက်အီဗွိုင်သည် နောက်စာရွက်တစ်ရွက်ကို ကောက်၍ဖတ်လိုက်၏။ ထိုနောက် ဒန်းအား လှမ်းပေးလိုက်ကာ "ကြည့်ပါဦး၊ ဘယ်လိုထင်လဲ"ဟု မေးလိုက်၏။

ဒန်းက မျက်မှောက်ကြုတ်၍ ကြေးနန်းစာကို ဖတ်လိုက်သည်။ ကြေးနန်းမှာ လန်ဒန်ထရီဗျွန်း နေ့စဉ်သတင်းစာအယ်ဒီတာထံမှ မိတ်ဆွေချင်း ရိုက်လိုက်သည့် ကြေးနန်းဖြစ်၏။

“ချစ်သော မက်အီဗွိုင်၊ မက်ထရီအမှု ဒီမှာလည်း သိပ်စိတ်ဝင်စားကြသည်။ ဂွစာဆောင်းပါးများနှုန်းထား အမြန်သိလိုသည်။ ခင်မင်သော လွိုက်ဘဲနက်”

ရုံးခန်းအတွင်း တစ်ခဏမျှ တိတ်ဆိတ်သွားသည်။ သတင်းစာသမားများဖြစ်ကြသည့်အားလျော်စွာ သူတို့နှစ်ယောက်စလုံး အကြောင်းအရာတစ်ခုတည်းကိုသာ တွေးတောလျက်ရှိသည်။ မက်အီဗွိုင်သည် သူ့ရှေ့ကမင်နိပ်စက္ကူပေါ်တွင် ခဲတံဖြင့်လျှောက်ခြစ်နေရာမှ ရုတ်တရက် မော်ကြည့်လိုက်သည်။

“မင်းစိတ်ထဲ ဘယ်လိုရှိမယ်ဆိုတာ ငါသိပါတယ်။ ဥပမာနဲ့ပြောရရင် မင်းက ငါးမျှားနေတယ် ဆိုပါတော့၊ ငါးတွေပေါတဲ့ရေအိုင်ထဲမှာ ကိုယ်တစ်ယောက်ထဲမျှားနေရာက တဖက်ကမ်းက လူတစ်ယောက် ဖြန်းခနဲပေါ်လာပြီး ‘ငါလဲ စမ်းကြည့်ပါရစေကွာ’ လို့ပြောလိုက်သလိုပဲပေါ့ကွာ။ ဟုတ်ပါတယ်၊ ဒါဟာ ဂုဏ်ယူစရာ ကိစ္စပါပဲ။ ထရီဗျွန်း အင်း၊ လွိုက်ဘဲနက်ဆိုတာလဲ ငါးမျှားသမားကောင်းပဲ။ ငါပြောတာ မင်းနားလည်ရင်ပေါ့လေ”

ဒန်းသည် ထိုင်ရာမှထကာ ပြူတင်းဆီသို့သွား၍ မက်အီဗွိုင်အား ကျောပေး၍ ရပ်နေသည်။

နောက်ဆုံး သူက “ဒါဟာ ကိုယ်ရေးကိုယ်တာ ကြွားဝါမှုထက် ပိုပြီး ကြီးမားတဲ့ကိစ္စပါ။ ငါတို့ လက်ခံလိုက်ရင် ကောင်းမယ်”ဟု ပြောလိုက်သည်။

ဒန်းက ပြူတင်းပေါက်၌ ရပ်လျက်ကပင် “ဟာ တော်စမ်းပါဗျာ၊ ဒီကိစ္စကို ခင်ဗျားလဲ မပိုင်ဘူး။ ကျွန်တော်လည်းမပိုင်ဘူး။ ဒီမှာ ကျွန်တော်တို့နှစ်ယောက်က ဘွတ်ကီဒိုင်တွေပဲ။ ပွဲကြီးပွဲကောင်းမှ လောင်းကြေးထပ်ပေးတဲ့သူတွေပဲ။ စိတ်တော့လှုပ်ရှားရပါရဲ့။ တကယ်လုပ်ရရှာတဲ့ ဒါတွေအားလုံးကို သီမိကုံးမိအောင် ဖွဲ့နဲ့ သတ္တိနဲ့ တကယ်လုံးပန်းပြီး အသေအလဲတိုက်ခိုက်ရှာဖွေလုပ်ထားရတဲ့ လူငယ်ကလေးကတော့ အခု ဆေးရုံမှာ နံရိုးနှစ်ချောင်း ဟောင်းလောင်းနဲ့ အဆုပ်ထဲမှာ အခေါင်းဖြစ်ပြီး လဲနေရှာတယ်ဗျ။ ဘယ် တရားမလဲ”

“သူ အခု အတော် မမာနေရှာတုန်းပဲလား”

ဒန်းက ခေါင်းညိတ်ပြလိုက်ပြီး ‘အတော့်ကို ဆိုးပါတယ်ဗျာ၊ ကံကောင်းမှ အသက်ရှင်မှာပါ။ ကျွန်တော်ဆောင်းပါးတွေကို သူ ဖတ်နိုင်စေချင်တယ်ဗျာ။ ဒါတွေကို ဖတ်ရရင် သူ့အဖို့ ဆေးဝါးကုသတာထက် ကောင်းကျိုးဖြစ်မယ်”ဟု ပြောသည်။

“အင်း၊ အေးကွာ အဲဒါ သတင်းထူးတစ်ပုဒ်တော့ ဖြစ်မယ်” ဟု သူတွေးမိသည်ကို မပြောဘဲမနေနိုင်သလို ဆိုလိုက်ပြီး “ဒီလိုလေ၊ ဆောင်းပါးဖတ်ရတဲ့အချိန်မှာ ဝမ်းသာလုံးဆို့ပြီး သေသွားတယ်ဆိုရင်ပေါ့လေ”ဟု ပြောလိုက်၏။

ဒန်းက မနှစ်မြို့သည့်အသွင်ဖြင့် ရုတ်တရက် လှည့်ကြည့်လိုက်သည်တွင် မက်အီဗွိုင်လည်း သူ့ကိုသူ သတိထားလိုက်ကာ အားတုံ့အားနာပင် စားပွဲပေါ်က ခေါင်းလောင်းကလေးကို နှိပ်လိုက်၏။

နောက်တစ်နေ့နံနက် လန်ဒန်ထရီဗျွန်းတွင် ဂွစာဆောင်းပါး ပထမသုံးပတ်တွက် တစ်မျက်နှာအချပ်ပို ပါလာသည်။ နောက်တစ်ရက်တွင်လည်း နောက်ထပ်သုံးခု ထပ်ပါလာပြီး ခရော်နီကယ်နှင့် မီလာသည်။ သတ္တမဆောင်းပါးသည် သတင်းစာနှစ်စောင်လုံးတွင် တစ်ပြိုင်တည်းပါလာသည်။ ထိုနေ့ညနေမိုးချုပ်ချုပ်တွင် ဒန်းနှင့်မက်အီဗွိုင်တို့ အိမ်ပြန်ကြရန် ပြင်ဆင်လျက်ရှိကြစဉ် သူငယ်ကလေးတစ်ယောက်က တယ်လီပရင်တာမှ စာရွက်ကလေးတစ်ခု လာပေးသည်။

**အောက်လွှတ်တော်တွင် ရှူတန်မဲဆန္ဒနယ်အမတ် ဒေါက်ဂလပ်စ်ဂစ်ဗ်ဆန်က ယခုအတောအတွင်း သတင်းစာ၌လည်းကောင်း၊ အခြားနေရာများ၌လည်းကောင်း ဖြစ်ပေါ်လာသည့် အရေးအခင်းကိုထောက်၍ နိုင်ငံတော်အတွင်းဝန်ချုပ်သည် မက်ထရီအမှုနှင့်ပတ်သက်၍ ယခင် သူ၏ဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားရန် စိတ်ကူးရှိမရှိ ထ၍မေးသည်။**

**အတွင်းဝန်ချုပ် ဆာဝါလတာဟမ္ဗလ်တန်က ဖြေကြားရာတွင် ဤပြဿနာကို ပြန်လည်စဉ်းစားရန်ဆိုလျှင် စာဖြင့်ရေး၍တင်ဖို့လိုပါသည်ဟု ဆိုသည်။**

ရုံးခန်းထဲတွင် ဒန်းနှင့် မက်အီဗိုင်တို့သည် မင်သက်မိသလို ငြိမ်သက်တိတ်ဆိတ်လျက် ရှိကြသည်။ ထိုနေ့က အလုပ်ဟူ၍ မည်မည်ရရ ပြစရာမရှိသော်လည်း ပင်ပန်းသောနေ့ဖြစ်၍ နှစ်ယောက်စလုံးမှာ နွမ်းနယ်လျက်ရှိကြသည်။

စာဖြင့်ရေးတင်ဖို့ လိုပါသည်ဆိုတော့ တစ်ခါထဲ ငြင်းလိုက်တာမျိုး မဟုတ်တော့ဘူးပေါ့" ဟု မက်အီဗိုင်က လေသံခပ်ဆန်းဆန်း မြှင့်၍ဆိုလိုက်ပြီး "စဉ်းစားဖို့ အချိန်လိုတယ်ပေါ့။ ဒီညနေတော့ ဝေါ့တလေနဲ့ဆက်တဲ့ ကြေးနန်းကြိုးတွေ မီးတောက်တော့မှာပဲ။ နက်ဖြန်ဆို တို့ဆီလဲ ဧည့်သည် ရောက်လိမ့်မယ်"ဟု ပြောလိုက်၏။

ထိုနောက် သူတို့နှစ်ယောက်မတိုင်ပင်ရဘဲ တိတ်ဆိတ်စွာပင် တစ်ယောက်လက်တစ်ယောက်ဆွဲ၍ လှုပ်ယမ်းနှုတ်ဆက်လိုက်ကြကာ ဦးထုပ်များကို ကိုယ်စီယူ၍ အပြင်သို့ထွက်ခဲ့ကြလေ၏။

နောက်တစ်ရက်ကား အင်္ဂါနေ့ဖြစ်ပြီး ခရော်နီကယ်အယ်ဒီတာများ ရုံးလုလင်ကလေးဖျော်ပေးသော လက်ဖက်ရည်ကျကျကို ကြွေပန်းကန်ထူထူနှုတ်ခမ်းပဲ့များဖြင့်ထည့်သောက်ရင်း အပန်းဖြေနေတတ်ကြသည်။ လေးနာရီထိုးခါနီးတွင် တံခါးခေါက်သံ ကြားလိုက်ရ၏။

"ဝင်ခဲ့လေကွာ"

ဝင်လာသူကား လက်ဖက်ရည်လာပို့သည့် ရုံးလုလင်ကလေးမဟုတ်ဘဲ မက်အီဗိုင်၏အတွင်းရေးမှူး ဂျိဒ်စမစ် ဖြစ်ပြီး သူ့မှာ ထိတ်ထိတ်ပျာပျာဖြစ်နေပုံရ၏။ သူ့နောက်က ကပ်လျက်ပါလာသူကား ဆာမက်သယူးစပရောက် ဖြစ်လေသည်။ အစိုးရရှေ့နေကြီးမှာ သေသပ်စွာဝတ်စားထားပြီး၊ သူ့မှာ ထူးထူးခြားခြား အမူအရာ ဘာမျှမရှိ။ သူ၏မျက်နှာမှာ ဣန္ဒြေကြီးမား၍ ခန့်ငြားတည်ငြိမ်လှပေသည်။

ခေတ္တခဏမျှ ကြောင်နေကြပြီး အတန်ကြာမှ မက်အီဗိုင်က "ထိုင်ပါလား ခင်ဗျာ" ဟု ဆိုလိုက်ရသည်။

"ကျေးဇူးတင်ပါတယ်" ဟု ဆိုကာ ဆာမက်သယူးက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း "အခုရက်ပိုင်း မစ္စတာမက်အီဗိုင်ကိုတွေ့အောင် ဖမ်းရတာကလဲ မလွယ်ဘူးဆိုတော့၊ ဒီအနားရောက်တာနဲ့ တွေ့လိုတွေ့ငြား ဝင်ကြည့်တာပါ။ အလုပ်တာဝန်နဲ့လာတာတော့ မဟုတ်ပါဘူး"ဟု ပြောလိုက်၏။

"ဟုတ်ကဲ့"ဟု မက်အီဗိုင်က ဘာအမူအရာမှမပြသည့် မျက်နှာဖြင့်ဆိုလိုက်၏။ သူ့မျက်လုံးများကတော့ စပရောက်ကိုသာ စိုက်ကြည့်နေသည်။

"စီးကရက် သောက်ပါဦးလားခင်ဗျာ"

စပရောက်က "နေပါစေ။ မသောက်တော့ပါဘူး" ဟု ဆိုကာ ငွေစီးကရက်ဗူးကလေးကို လက်ဖြင့်ကာ၍ တားလိုက်ပြီး "မစ္စတာဒန်းကိုလဲ ဒီမှာပဲ လာတွေ့နေရတာ ကျုပ် ကံကောင်းတာပေါ့။ ကျုပ်ပြောမယ့်စကားများက တစ်ချို့ဟာ ခင်ဗျားနဲ့လည်း အတော်သက်ဆိုင်နေပါတယ်" ဟု ပြောလိုက်သည်။

ထိုနောက် အတော်ကြီးကြာအောင် တိတ်ဆိတ်နေ၏။ အစိုးရရှေ့နေကြီး၏မျက်နှာမှာ သူ့ကိုယ်သူ အလွန်သေချာသူ၊ စိတ်ပြတ်သူ၏အသွင်ပေါ်လွင်ကာ စိတ်မငြိမ်သက်မှုတစ်စုံတစ်ရာ မပြ။ သူ့မှာ စိတ်အနှောက်အယှက်ဖြစ်စရာ လုံးဝမရှိသကဲ့သို့ပင် ပြုံးရွှင်သည့်မျက်နှာကို မသိမသာ ထားလျက်ရှိ၏။

သူက "ခင်ဗျားတို့ဆီကို လာခဲ့တာဟာ စကားအချေအတင် ငြင်းခုံဆွေးနွေးဖို့ မဟုတ်ပါဘူး။ ကိစ္စက ဒါလောက်ကြီးကျယ်တာ မဟုတ်ပါဘူး။ ပြီးတော့ ခင်ဗျားတို့သတင်းစာကို ခင်ဗျားတို့ ကြိုက်သလို ထုတ်နိုင်ခွင့်ရှိတယ်ဆိုတာကို ကျုပ်လက်ခံပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ အခုထည့်နေတဲ့ဆောင်းပါးစဉ်ကတော့ ဘုရင်မင်းမြတ်ရဲ့ အစိုးရအဖွဲ့ကို အတော်ကလေး ကသိကအောက်ဖြစ်စေတာပဲ ဆိုတာတော့ သိစေချင်ပါတယ်" ဟု ပြောလိုက်သည်။

တိတ်ဆိတ်သွားပြန်၏။ မက်အီဖွိုင်ရော၊ ဒန်းပါ စပရောက်အား ကြည့်နေကြသည်။ သူ၏ ဝင့်ကြွားမောက်မာမှု၏နောက်ကွယ်တွင်ကား သူ ဖုံးကွယ်ထားခြင်းငှာ မတတ်နိုင်သည့် စိုးရိမ်နေသော အမူအရာကလေးများကို တွေ့မြင်နေကြရ၏။ နောက်တစ်ကြိမ် သူစကားပြောတော့ အားတက်သရောဟန် ထုတ်၍ ပြောလိုက်သော်လည်း တကယ်က အသက်မပါလှ။

"ကျုပ်တို့ဟာ လောကကြီးရဲ့အရေးအရာတွေကို ဖန်တီးနေကြရတဲ့လူတွေပါဗျာ။ ဒီမှာရှိနေတဲ့ ကျုပ်တို့သုံးယောက်စလုံးဟာ အခုလို မရေမရာခေတ်ကာလမျိုးမှာ တိုင်းပြည်ကြီးကို စီမံအုပ်ချုပ်ရတဲ့ အခက်အခဲတွေကိုတော့ သဘောပေါက်ကြမှာပါပဲ။ နောက် သုံးလလောက်ဆိုရင် ရွေးကောက်ပွဲတွေက လာတော့မယ်။ ဒီအချက်အလက်တွေကို ကျုပ် ဘာကောက်ချက်မှ မချပါဘူး။ ခင်ဗျားတို့စိတ်ထဲမှာ သိထားစေချင်လို့ ပြောတာပါ။ အခုလဲ တခြားကိစ္စရယ်လို့ ဘာမှသိပ်မရှိလှပါဘူး။ ဒါပေမယ့် ဘုရင်မင်းမြတ်ရဲ့ အစိုးရအဖွဲ့က ခင်ဗျားတို့ ဖော်ထုတ်လိုက်တဲ့ကိစ္စမှာ ခင်ဗျားတို့နဲ့ စိတ်သဘောထားချင်း လုံးဝတူတယ်ဆိုတာကို ပြောဖို့ပါပဲ"

မက်အီဖွိုင်က "ဟုတ်လား"ဟု အံ့သြသလိုလေသံဖြင့် ဆိုလိုက်သည်။

ဆာမက်သယူးက ဟန်နှင့်ပန်နှင့် ခေါင်းကို ညိတ်၍ပြလိုက်ပြီး "ဒါ အမှန်ပဲဆိုတာ ကျုပ်ပြောနိုင်ပါတယ်။ မနေ့ညက ကျုပ် ဘုရင်မင်းမြတ်ရဲ့အစိုးရအဖွဲ့ အတွင်းဝန်ကြီးချုပ်နဲ့ တစ်နာရီလောက်ကြာအောင် တယ်လီဖုန်းကနေ စကားပြောခဲ့ပါတယ်" ဟု ပြောနေစဉ် မက်အီဖွိုင်သည် သူ မမြင်သာအောင် ဒန်းအား တစ်ချက်လှမ်းကြည့်လိုက်သည်။ သူကတော့ ပြောမြဲ။ "ဒီလို ထူးဆန်းရှုပ်ထွေးတဲ့ အရေးကိစ္စမျိုးမှာ အင်မတန်မှ အမြော်အမြင်ကြီးတဲ့ ဆာဝါလတာဟာ လူအများအပေါ် မေတ္တာကရုဏာထားပြီး တရားနဲ့အညီဆောင်ရွက်ချင်တဲ့ ဆန္ဒရှိပါတယ်ဆိုတာကို ကျုပ်ထပ်ပြောပါရစေလေ"

"သြော်"

ဆာမက်သယူးက သူ၏ သဘောကောင်းသောအပြုံးကို ပိုမိုပေါ်လွင်စေကာ ဒန်းနှင့်မက်အီဖွိုင်တို့အား အကဲခတ်သလို ကြည့်လိုက်၏။

"ကျုပ် ပြောခဲ့သလိုပါပဲ။ ကျုပ် ဒီကိုလာတာဟာ အလုပ်တာဝန်နဲ့ မဟုတ်ပါဘူး။ ကျုပ်အနေနဲ့ကတော့ ဒီလိုပဲ လာရမှာပါပဲ။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းပြောရရင် ဒါဟာ ကိုယ့်အထဲတင်မို့လဲ ပြောတဲ့စကားပေါ့လေ။ ကျုပ် လာခဲ့တဲ့ကိစ္စက ဒီအရေးအခင်း တစ်ခါထဲ တရားသဖြင့်ဖြစ်ပြီး ပြီးဆုံးသွားဖို့အတွက် စေတနာထားပြီး မြင့်မြတ်တဲ့စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်ပေးဖို့ရာမှာ အပေးအယူကိစ္စလေးတစ်ခု တင်ပြဖို့လို့ပဲ ဆိုပါတော့လေ"

အစိုးရရှေ့နေကြီးသည် သူ၏နှုတ်ခမ်းများကို လျှာဖြင့်လျက်၍ စိုစွတ်စေပြီး ရှေ့သို့ ကိုင်းလိုက်၏။

"ခင်ဗျား ဒီဆောင်းပါးတွေ ထည့်ထည့်နေတာကို ရပ်လိုက်မယ်ဆိုရင်ပေါ့လေ။ တကယ်ကတော့ ဆက်ထည့်နေဖို့လဲ လိုတော့မယ် မဟုတ်ပါဘူး။ အဲသလို ရပ်ဆိုင်းလိုက်မယ်ဆိုရင် ဆာဝါလတာက အကျဉ်းသမားမက်ထရီကို အပြစ်က ချမ်းသာပေးပြီး စတုန်းဟိသ်က ချက်ချင်းလွှတ်ပေးဖို့ သဘောတူမယ်ဆိုတာကို ပြောဖို့ ကျုပ်ကို လွှဲအပ်ပါတယ်"

အစိုးရရှေ့နေကြီး၏ မေတ္တာစေတနာအပြုံးသည် သူ၏မျက်နှာပေါ်တံဆိပ်ခပ်နှိပ်ထားသကဲ့သို့ ရှိ၏။ ဒန်းနှင့် မက်အီဗွိုင်တို့မှာကား တစ်ယောက်မျက်နှာကိုပင် တစ်ယောက် လှမ်း၍ မကြည့်မိကြချေ။

"ဘယ်နှယ်လည်း ခင်ဗျာ၊ လက်ခံကြမလား"

"လက်မခံပါဘူး။ ကျွန်တော်တို့ ငြင်းပါတယ်"

စပရောက်သည် ဖြည်းညှင်းစွာပင် လက်ကိုင်ပုဝါကိုထုတ်ယူကာ သူ၏လက်ဖဝါးများကို သုတ်နေလေ၏။ သူ၏မျက်နှာပေါ်တွင် အပြုံး မရှိတော့။ သူ့အဖို့ ဤအပြုံးကို ဆက်လက်ထိန်းထားရန် မဖြစ်နိုင်တော့။

"ငြင်းတယ်၊ ဟုတ်လား။ ကျုပ်ဖြင့် အံ့သြမိပါရဲ့ဗျာ။ ဘာကြောင့်လဲဆိုတာ မေးပါရစေလား"

အယ်ဒီတာက သူ့အားစိုက်ကြည့်နေရင်း

"ပထမအချက်အနေနဲ့ အခုအခြေရောက်မှ ကျွန်တော်တို့က ကြေအေးလိုက်ရင် ခရော်နီကယ်ရဲ့ ဂုဏ်သိက္ခာကို မစောင့်စည်းရာရောက်ပါလိမ့်မယ်။ ဒုတိယအချက်ကတော့ အပြစ်မရှိတဲ့လူတစ်ယောက်ကို အပြစ်က ချမ်းသာပေးတယ်ရယ်လို့ ထုံးစံမရှိပါဘူးခင်ဗျာ"

တိတ်ဆိတ်သွားပြန်သည်။ စပရောက်သည် သူ၏လက်ကိုင်ပုဝါကို အိတ်ထဲသို့ ဂရုတစိုက် ပြန်ထည့်ထားလိုက်သည်။

"ခင်ဗျားပြောတဲ့စကားထဲမှာ ဒီအခြေရောက်မှတော့ဆိုတဲ့စကား ပါပါတယ်။ ခင်ဗျားတို့က ဘယ်အထိ ရည်ရွယ်ထားလို့လဲဆိုတာ သိပါရစေလား"

မက်အီဗွိုင်က တည်ငြိမ်သောလေသံဖြင့် သူ့အား ပြောပြသည်။

"အကျဉ်းသမားမက်ထရီကို ခြွင်းချက်မရှိ လုံးဝလွှတ်ပေးဖို့အထိ။ သူ့ကို အပြစ်ဒဏ်စီရင်လိုက်တဲ့ အကြောင်းအချက်၊ ပတ်ဝန်းကျင်အခြေအနေ အားလုံးကို ဘက်လိုက်မှုမပါတဲ့ စုံစမ်းစစ်ဆေးမှုတွေ လူသိရှင်ကြား ပြည့်ပြည့်စုံစုံလုပ်ပေးဖို့အထိ ပြီးတော့ တရားစီရင်ရေးဖြောင့်မတ်မှုကို တနည်းတဖုံ ပျက်စီးအောင်လုပ်တာတွေ့ရင် အပြစ်မဲ့တဲ့လူတစ်ယောက် နစ်နစ်နာနာကြီး ခံထားရတာကို ကျေလောက်အောင် ထိုက်ထိုက်တန်တန် လျော်ကြေးများရဖို့အထိပေါ့ ခင်ဗျာ"

အစိုးရရှေ့နေကြီးက သူ၏မျက်ခုံးများကိုပင့်ကာ ပြုံးလိုက်သည်။ အနည်းဆုံး သူက အမှတ်မထင်လိုလိုနှင့် ပြုံးလိုက်ရန် အားထုတ်၏။ သို့သော် သူ၏မျက်နှာက ပြုံးလို့မရ။ လမ်းတစ်ဝက်တွင် ရပ်သွားသဖြင့် သူ့မျက်နှာမှာ မဲ့မဲ့ရွဲ့ရွဲ့ဖြစ်သွားသည်။ သူ၏လက်တစ်ဖက်ကို မျက်နှာအောက်ပိုင်းဆီသို့ ခပ်သွက်သွက်မြှောက်လိုက်ကာ အကြောဆွဲသွားသည်ကို ထိန်းသလို ထိန်း၍ အတော်ကြာအောင် ကိုင်ထားရ၏။ ထို့နောက် အတော်အားစိုက်၍ ထိုင်ရာမှထလိုက်ပြီး ခပ်မာမာပင်

"ကျုပ်ကတော့ ခင်ဗျားတို့လိုက်ဖို့ ရွေးချယ်ထားတဲ့လမ်းစဉ်ဟာ မှားတယ်လို့ နောင်တမရပါစေနဲ့ဆိုတာ ဆုတောင်းရုံပါပဲ။ ကျုပ်ခင်ဗျားကို အစွမ်းရှိသမျှ အကုန်ထုတ်ပြီးတိုက်ရမှာပဲ ဆိုတာတော့ ပြောနေဖို့ မလိုပါဘူးလေ။ ပြီးတော့ အုပ်စိုးသူများနဲ့ တိုက်ခိုက်ရတာ အကုန်အကျများတတ်တယ်ဆိုတာကိုတော့ သတိပေးခဲ့ပါရစေလား"

သူသည် လူအများ၏ရှေ့၌ အလုပ်တာဝန်ဆောင်ရွက်ရာ၌ အတွေ့အကြုံများလွန်း ကျင်လည်လွန်းလှသည်ဖြစ်ရာ သူ့ကဏ္ဍခွေတော့ သူ ထိန်းနိုင်ခဲ့ပေသည်။ သူက ဒန်းနှင့် မက်အီဗိုင်တို့အား တစ်လှည့်စီခေါင်းညိတ်၍ နှုတ်ဆက်ပြီး ငြိမ်သက်စွာပင် အခန်းထဲမှ ထွက်သွားလေ၏။ သို့ရာတွင် သူ၏မျက်နှာမှာ မှုန်လျက် သူလမ်းလျှောက်ပုံမှာလည်း လူမမာကဲ့သို့ဖြစ်၏။

ထိုသတင်းပတ်အကုန်တွင် မက်အီဗိုင်သည် အမြော်အမြင်ကြီးစွာဖြင့် ခရော်နီကယ်တွင် ကြော်ငြာ၍ 'မက်ထရီအမှု ဥပဒေကြောင်းစစ်ဆင်ရေးရန်ပုံငွေ' တစ်ခုကို ဖွင့်လှစ်လိုက်လေရာ တစ်နိုင်ငံလုံးမှ အလှူငွေများ တဖွဲဖွဲဝင်လာသည်။ မက်အီဗိုင်လည်း သူ၏လက်နှစ်ဖက်ကိုပွတ်ကာ "ဒါ တစ်မျိုးသားလုံးအရေးဖြစ်လာပြီ။ ရှေ့တန်းကိုလည်း ရောက်လာပြီ" ဟု အားရဝမ်းသာ ဆိုမိလေသည်။

လူအများ၏အယူအဆကို ဖိနှိပ်ခြင်း၊ ကွပ်ကဲခြင်းမရှိသည့် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံတွင် လူထု၏စိတ်ကို အကြီးအကျယ်လှုပ်ရှားစေသည့်၏ဖြစ်ရပ်များ ပေါ်ပေါက်လာပါက အချို့ကိစ္စများတွင် ဝိုင်းဝန်းကန့်ကွက်ကြသည့် အသံသည် ဘဝင်လျှံအောင် ညံတတ်သည်။ အစတွင် မထင်မရှား တီးတိုးစကားကလေး နှစ်ကိုယ်ကြားကလေးနောက်တွင် တစ်စတစ်စ ကြီးထွားပြန့်ကားလာပြီး မယုံကြည်နိုင်အောင် အရှိန်အဟုန် ပြင်းထန်သည့် လေဆင်နှာမောင်းကြီးအထိ ဖြစ်လာတတ်၏။ ဤကဲ့သို့ လေနီကြမ်းကြီးဖြစ်လာပြီဆိုလျှင် ဤလေပြင်းကို တင်း၍ခံရန် အားထုတ်ခြင်းသည် အကျိုးမဲ့ဖြစ်တတ်သည်။ လေပြင်းမုန်တိုင်း ကျလာလျှင် ပဲပြားပင်ကဲ့သို့ ကျင့်လျှင်ကျင့်၊ မကျင့်လျှင် ကျိုးကျေပျက်စီးတတ်သည်။ ဤတွင် လူထုအတွက် လူထုကတက်၍ အုပ်ချုပ်သည်ဆိုသည့် စကား၏ သရုပ်မှန်သည် ပေါ်လွင်၍လာသည်။

ယခု ရီးမက်ထရီ၏ အမှုတွင်လည်း ဤနည်းအတိုင်းပင် ဖြစ်၏။ အမှုကို စစ်ဆေးစီရင်စဉ်ကဆိုလျှင် ဤအမှုသည် ဒေသဆိုင်ရာတွင်သာ ထင်ရှားမှုရှိခဲ့သည်။ မကြာမီ မေ့ပျောက်သွားကာ ဆယ့်ငါးနှစ်ကြာသောအခါ ဘာမျှ မသိကြတော့။ ယခုအခါတွင် ဤကိစ္စသည် မက်အီဗိုင်ပြောသလို တစ်မျိုးသားလုံးအရေးဖြစ်လာခဲ့ပြီ။ မြို့ကြီးပြကြီးတို့မှ သတင်းစာတို့ကလည်း တစ်စောင်ပြီးတစ်စောင် ဘက်လိုက်မှုကင်းသည့် စုံစမ်းစစ်ဆေးရေးများကို တောင်းဆို၍လာကြသည်။ မက်ထရီအရေးကိစ္စအတွက် စာစီစက်များမှာ မအားမလပ်ရအောင် သန်းပေါင်းများစွာသော စာလုံးများကို စာစီကြရလျက်ရှိ၏။ စာရေးဆရာများ နိုင်ငံရေးသမားများ၊ အယူဝါဒဂိုဏ်းဂဏအမျိုးမျိုးမှ တရားဟောဆရာများ ဆောင်းပါးရှင်များ၊ ကဗိကများ၊ ကောလိပ်မှဆရာများ၊ ကုန်သည်အသင်းခေါင်းဆောင်များ၊ ထင်ရှားသည့် သိပ္ပံပညာရှင်ကြီးများ၊ ကျော်ကြားသည့် ရုပ်ရှင်ပြဇာတ် သရုပ်ဆောင်များနှင့် နိုင်ငံထိပ်သီး သမားတော်ကြီးများသည်လည်း ဘဝင်လျှံမျှ ညံလျက်ရှိသည့်အထဲတွင် ပါဝင်အော်ဟစ်လာကြသည်။ ရီးစ်မက်ထရီအသင်းများကို နေရာများစွာ၌ဖွဲ့သည်။ မက်ထရီ ရင်ထိုးတံဆိပ်များကို ထုတ်လုပ်ကာ တစ်ပြည့်လုံးသို့ ဖြန့်ချီရောင်းချကြသည်။ မက်ထရီ အပြစ်ကျခံသွားရစဉ်က မွေးပင် မမွေးသေးသည့် ကလေးသူငယ်များကပင် မက်ထရီကိုလွှတ်ပေးဟူသော စာတမ်းနှင့်အလံများကိုင်ဆောင်ကာ စီတန်းလမ်းလျှောက် လာကြသည်။ ဤကဲ့သို့သော အုံကြွတောင်းဆိုမှုမျိုးဆိုလျှင် မည်သည့် သွေးနှင့်ကိုယ် သားနှင့်ကိုယ်မျှ မခံနိုင်။ အခြေယိုင်လျက်ရှိသော အစိုးရဆိုလျှင် ပို၍ပင် မခံနိုင်။

လကုန်ခါနီး စိုစွတ်ထိုင်းမှိုင်းလှသည့် တညနေ မက်အီဗိုင်နှင့် ဒန်းတို့သည် ရုံးခန်းထဲတွင်ထိုင်ကာ စိတ်ဂဏှာမငြိမ်ဖြစ်လျက် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြဘဲ လွန်ခဲ့သောနေ့များက စိတ်ရောလူရော ဆက်တိုက်ပင်ပန်းခဲ့ကြ၍ ညှိုးနွမ်းလျက်ရှိကြစဉ် အပြင်ဘက်စကြံလမ်းဆီမှ တစ်ခဲနက်အော်ဟစ်လိုက်ကြသည့်အသံကို ရုတ်တရက် ကြားလိုက်ကြရသည်။ နောက်တစ်ခဏအကြာတွင် အတွင်းရေးမှူးစမစ်သည် သူ့နောက်က အယ်ဒီတာ ရုံးအဖွဲ့သားများနှင့်အတူ အခန်းထဲသို့ ဝင်လာခဲ့သည်။

သူသည် စိတ်လှုပ်ရှားလျက်ရှိရာမှ တယ်လီပရင်တာ စာရွက်ပိုင်းကလေးကို လှမ်းပေးရင်း

"အခုပဲ ရောက်လာတဲ့ သတင်းခင်ဗျ" ဟု ပြောလိုက်သည်။

အောက်ထပ်ရှိ စာစီခန်းဆီမှလည်းကောင်း၊ မြေတိုက်ခန်းဆီမှလည်းကောင်း ဆူဆူညံညံ သံပြိုင်အော်လိုက်ကြသည့်အသံများ တက်လာသည်။

မက်အီဗိုင်က "ကဲ ကဲ၊ ဒါဖြင့် ဖတ်လိုက်စမ်းပါကွာ တဆိတ်" ဟု ပြောလိုက်လျှင် စမစ်က အသံကိုမြှင့်၍ ဖတ်ပြလိုက်သည်။

**ညနေငါးနာရီက အောက်လွှတ်တော်၌ နိုင်ငံတော်အတွင်းဝန်ချုပ်ကြီးက ထ၍ ဤလကုန်ရက်တွင် ရီးစ် မက်ထရီအား စတုန်းဟိသ်အကျဉ်းထောင်မှ ခြွင်းချက်မရှိ လွှတ်ပေးမည့်အကြောင်း၊ ထို့ပြင် ရက်သတ္တပတ်လေးပတ်အတွင်း ဝေါ့တလေတရားရုံးချုပ်တွင် တိုင်းသိပြည်သိ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည့်အကြောင်း ကြေညာလိုက်သည်။ ဤကြေညာချက်ကို တော်တော်နှင့် မစဲနိုင်သည့် လက်ခုပ်သြဘာသံများဖြင့် ဆီးကြိုကြသည်။**

ဤ နောက်ဆုံးစကားလုံးများကို သရုပ်ဆောင်ပြလိုက်သည့်အလား အဆောက်အဦကြီးတစ်ခုလုံးတွင် နောက်ထပ် ကြွေးကြော်သံများ တစ်ခဲနက်ပေါ်ထွက်လာပြန်သည်။ မက်အီဗိုင်လည်း သူ၏တံခါးဝတွင် စုဝေးရောက်လာကြသော လူတစ်စုကို ငေးစိုက်ကြည့်နေမိသည်။ သူကိုယ်တိုင် အလုပ်ပင်ပန်းပြီး နွမ်းနယ်လျက်ရှိသည်တွင် သူ့လူများက ဤမျှ စိတ်အားတက်ကြွ ပျော်ရွှင်လျက်ရှိသည်ကို အံ့အားပင် သင့်မိ၏။ သူလည်း မနေသာတော့ပဲ စကားပြောရလေတော့၏။

"ခင်ဗျားတို့အားလုံးဟာ အင်မတန်ကြီးကျယ်တဲ့ အလုပ်ကြီးတစ်ခုကို လုပ်ခဲ့ကြရပြီ" ဟု နှစ်ထောင်းအားရအသွင် ပေါ်လွင်အောင် အားထုတ်ရင်း အများကြိုက်စကားကို ဆိုလိုက်ပြီး "အခု ကျွန်တော်တို့ သတင်းကောင်းရခဲ့ပြီမို့ ခင်ဗျားတို့ရဲ့ လုပ်ဆောင်ကူညီမှုအတွက် ကျွန်တော် အထူးကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ မက်ထရီ လွတ်တဲ့နေမှာ ခင်ဗျားတို့အားလုံးအတွက် အပိုဆု ကောင်းကောင်းပေးဖို့ ရှိပါတယ်" ဟု ပြောလိုက်၏။

သူတို့အားလုံး ပြန်လွှတ်လိုက်ပြီးသောအခါ မက်အီဗိုင်လည်း ကုလားထိုင်ပေါ်တွင် မှီ၍ထိုင်ကာ သူ့လက်သည်းများကိုသူ စိုက်ကြည့်နေသော ဒန်းထံသို့သူ ပြန်လာသည်။ သူ့မှာ စိတ်လှုပ်ရှားစရာ ကိစ္စများ လျှော့ဆင်းသွားသောအခါ ဘာမှစိတ်ဝင်စားစရာ မရှိတော့သလို ပျင်းကျန်ရစ်ဟန်တူပေသည်။

"ကဲ ပြီးတော့သွားပြီ။ မောတယ်ကွာ။ ငါလဲ အိမ်ကို ပြန်လိုက်ဦးမယ်"

သူသည် ခပ်ဖြည်းဖြည်းပင် ကုတ်အင်္ကျီကို ကောက်၍ဝတ်နေသည်။

"အေးကွာ၊ ယေရှုသခင်ရဲ့ တန်ခိုးတော်နဲ့ သေပြီးမှ ပြန်ရှင်လာတဲ့ လဇာရုပ် ဘယ်လိုနေမလဲ မသိဘူး" ဟု ထူးဆန်းသောစကားများကို ပြောကာ ခေါင်းကို ခပ်လေးလေးယမ်းလျက် ထွက်ခွာသွားလေ၏။

ဒန်းလည်း ခေါင်းကြီးကို ဆယ့်ငါးမိနစ်မျှဖြင့် အပြီးရေးလိုက်သည်။ ထို့နောက် လူခေါ်ခေါင်းလောင်းကို နှိပ်ကာ စမစ်အားခေါ်၍ စာမူပေးလိုက်၏။ ထို့နောက် သူ့ရုံးခန်းသို့ပြန်သွားသည်။ သူ ဆေးရုံသို့ တယ်လီဖုန်းဆက်ကာ ပေါလ်အား သတင်းကောင်းပေးလိုက်မည်ဟု စိတ်ကူးခဲ့သည်။ ဤအခါအခွင့်မျိုးကို သူ ကာလကြာမြင့်စွာကပင် မျှော်လင့်စောင့်စားနေခဲ့သည်။ သို့သော် တယ်လီဖုန်း မဆက်မီ သူ စိတ်ကူးတစ်ခု ရ၍ ဆိုင်းထားလိုက်ပြီး တစ်ကိုယ်တည်းပင် သူပြုံးနေကျအပြုံးကလေးဖြင့် ပြုံးလျက် ဦးထုပ်ကို ကောက်၍ နောက်သို့ ခပ်လန်လန်ဆောင်းကာ ရုံးခန်းထဲမှ ထွက်ခဲ့လေ၏။

ကုန်ဈေးလမ်း၊ အမှတ် ၆၁ တွင် မစ္စက်ဟန်လေသည် လန်ဒန်မှပြန်ရောက်နေပြီး မီးလင်းဖိုနားတွင် အဝတ်တွေ တစ်ပုံကြီးနှင့် မီးပူတိုက်နေသည်ကို သူတွေ့ရလေသည်။

ဒန်းက "မစ္စက်ဟန်လေ၊ ပေါလ်ရဲ့အဖေ လွတ်တော့မယ်။ သေချာပြီ။ အမိန့်ကျပြီ။ လီနာ့ကို အခုပဲ ဆေးရုံသွားပြီး သတင်းကောင်း အပေးခိုင်းချင်တယ်။ ကျွန်တော် ပြောတာထက် လီနာပြောတာက ပိုကောင်းမယ်ထင်လို့လေ။ သူ့ကို ခပ်မြန်မြန်လေး သွားခေါ်ပေးစမ်းပါ"

မစ္စက်စန်လေက မလှုပ် ။ ဒန်းကို လှမ်းကြည့်လိုက်ပြီး သူ့နှုတ်ခမ်းများကို စေ့လိုက်သည်။

"လီနာက ဒီမှာ မရှိတော့ဘူး။ ကျွန်မ အရင်တစ်ပတ်က ပြန်ရောက်လာတော့ သူ့အခန်းထဲမှာ ဘာမှ မရှိတော့ဘူး။ သူ ဒီက အပြီးအပိုင် ထွက်သွားပြီဆိုတာ စာကလေးတစ်စောင် ရေးထားခဲ့တယ်"

*

## အခန်း – ၁၃

မတ်လ နှစ်ရက်နေ့နံနက်သည် စိန့်အဲလီဇဘတ်ဆေးရုံဝင်း နှင်းပန်းကလေးများ ကြိုးကြားပွင့်နေသည့် မြက်ခင်းပြင်ဆီမှ ငှက်ကလေးများ၏ မြည်သံနှင့်အတူ သိမ်မွေ့ကြည်လင်စွာ လင်းခဲ့လေပြီ။ ပီပြင်သော နွေဦးရာသီ၏သရုပ်ဖြစ်၍ နေရောင်ကလည်း တကယ့်နွေးနွေးထွေးထွေး၊ အဝင်လမ်းတိုကလေးဘေး၌ စီ၍စိုက်ထားသည့် သစ်ပင်ကလေးများ၏ထိပ်ကိုင်းများမှ စိမ်းစိမ်းစိုစို အကိုက်အညွှန့်ကလေးများ ဖွာရရာထွက်ပြူစ၊ စိုထိုင်းဆဲမြေကြီးသည် မမြင်ရသော ချောင်းငယ်မြစ်ငယ်တို့ စီးဆင်းကြသည့် အသံတို့ဖြင့် ရုတ်တရက် အသက်ဝင်လာသကဲ့သို့ ရှိ၏။

ထိုနေ့ကား ပေါလ် ဆေးရုံမှ ဆင်းရမည့်နေ့ ဖြစ်၏။

ဒန်းက သူ့အား လာခေါ်မည်ဟု ချိန်းထားသည့် ဆယ့်နှစ်နာရီမထိုးမီ အချိန်အတော်ကြာကပင် ပေါလ်သည် နှုတ်ဆက်ရမည့်လူများကို လှည့်လည်နှုတ်ဆက်ပြီး သူ့အား ပြုစုစောင့်ရှောက်ခဲ့ရသူ ဝဝတုတ်တုတ်၊ ပါးစုံနီနီ၊ သဘောကောင်းကောင်း အမြဲပြုံးရွှင်စွာနေတတ်သည့် သူနာပြု စစ္စတာမာဂရက်ကိုလည်း အထူးကျေးဇူးတင်စကားများနှင့် အားပါးတရ နှုတ်ဆက်ခဲ့ပြီး ဆေးရုံဧည့်ခန်းတွင်ထိုင်ကာ အဆင်သင့်စောင့်လျက်ရှိလေ၏။ သူ့မှာ အတော်ပင် မမာမကျန်းဖြစ်ခဲ့ရာမှ ယခုမူ ဖြတ်ထုတ်လိုက်ရသော နံရိုးလည်းကောင်းစပြုပြီ။ အဆုပ်လည်း ပွစပြုပြီ။ ချောင်းလည်း မဆိုးတော့။ ယခုအခါ သူ့မှာ နဂိုက အားအင်မျိုး ပြန်လည် မပြည့်ဝခဲ့သေးဘဲ လူမမာရုပ်ကရှိနေသေးသော်လည်း သူ၏ခန္ဓာကိုယ်မှာတော့ အားလုံးကောင်းနေပြီဟု ဆရာဝန်များက ကြေငြာကြပြီဖြစ်၏။

ဒန်းသည် အချိန်တိကျစွာပင် တက္ကစီတစ်စီးနှင့် ရောက်လာသည်။ ဧည့်ခန်းထဲတွင် ကိစ္စက တော်တော်နှင့်မပြီးနိုင်၊ ဆေးရုံမှ သူနာပြုဆရာမများက ဒန်းအား အတော်ပင် လေးစားကြည်ညိုကြဟန်တူပေသည်။ အကြီးအကဲဆရာမကြီးက သူ့အား ရှယ်ရီကလေး ဘီစကစ်ကလေးဖြစ်ဖြစ် စားသောက်ပြီးမှသွားရန် အတင်းတားနေသည်ကို ကျွမ်းကျင်လိမ္မာစွာ ငြင်းဆိုတိမ်းရှောင်ပြီး ထွက်ခဲ့ကြရသည်။ မြို့ထဲသို့အလာတွင် ကားတံခါးမှ တိုးဝင်လာသောလေနွေးနွေးကလေး၏ အထိအတွေ့ကိုခံရင်း ပေါလ်သည် မကြာမီ သူ တွေ့ရတော့မည့် စိတ်လှုပ်ရှားမှုမျိုးကို ရုတ်တရက်စိတ်စောလိုက်မိသည်။ တကယ်တော့ ဤအတွက်ပင် သူ လပေါင်းများစွာ အပင်ပန်း အဆင်းရဲခံ၍ လုပ်ခဲ့ရသည် မဟုတ်ပါလား။

“မင်း အတွက် ဝင်ဆာမှာ အခန်းငှားထားတယ်” ဟု ဒန်းက စကားစ၍ ပြောသည်။ “ဟိုတယ်ရယ် ဘာရယ်တော့ မဟုတ်ဘူးပေါ့ကွာ။ ဒါပေမယ့် တိတ်ဆိတ်တဲ့ နေရာကလေးပါ။ မင့်အဖို့ နာလန်ထ အားယူဖို့ အရှိန်ယူဖို့ကောင်းတဲ့နေရာကလေးပေါ့”

ပေါလ်လည်း သူ့အတွက် ဒန်း စီမံဆောင်ရွက်ပေးသမျှ လက်ခံသဘောတူပါသည် ဆိုသည့်မျက်နှာဖြင့် ကျေးဇူးတင်စွာပင် လှမ်းကြည့်နေလိုက်သည်။

ဒန်းက ဆက်လက်၍ “တကယ်တော့ မနက်ဖြန် မင်းအမေရောက်လာရင်လည်း မင်းတို့ အဲဒီမှာ စုံစမ်းစစ်ဆေးမှုပြီးတဲ့အထိ နေကြဖို့ပေါ့ကွယ်။ ကုန်ကျစရိတ်အားလုံး ခရော်နီကယ်တိုက်က ထုတ်ပေးတယ်။ ကျုပ်ကို ကျေးဇူးမတင်ပါနဲ့။ ဒါက ကျုပ်တို့ရဲ့ ပွဲပဲ။ ဒါကြောင့်ပဲ ဟောဒီမှာ ပေါင်သုံးဆယ် မင်းယူထား။ မင့်အဖေဖို့ အဝတ်အစားကလေးဘာလေး ဝယ်ရလိမ့်မယ်။ လျော်ကြေးငွေ ထုတ်ရတဲ့ အခါကျတော့မှ စာရင်းရှင်းချင် ရှင်းတာပေါ့”

“ဘာ လျှော်ကြေးလဲ ခင်ဗျာ”

ဒန်းက ဘေးတိုက်တစ်ချက် လှမ်းကြည့်လိုက်သည်။

“မင့်အဖေက အစိုးရဆီမှာ လျော်ကြေးတောင်းပိုင်ခွင့် ရှိတယ်နဲ့တူတယ်ကွယ့်။ ရှေ့နေကပြောတော့ ပေါင်ငါးထောင်အထိ ရနိုင်သတဲ့”

ပေါလ်သည် လုံးဝမျှော်လင့်မထားသည့် သတင်းကို တိတ်ဆိတ်စွာပင် နားထောင်နေလိုက်သည်။ ယခု စိတ်အခြေအနေတွင် သူ့အဖို့ ငွေရမည်ဆိုသည့် အလားအလာသည် ယခင်အခါများကလောက် အရေးမကြီးတော့သလို ရှိသော်လည်း ဒန်းထုတ်ပေးသည့်ငွေကိုတော့ အားမနာဘဲ လက်ခံလိုက်နိုင်စေသည်။ ငွေက သူ့အဖို့ ဒန်းပြောသည့်အတိုင်း အသုံးတည့်နေသည်။ လာမည့်ပျော်ရွှင်မှုများကို စဉ်းစားလိုက်လျှင် နောက်တစ်ရက်နံနက် ဘဲဖတ်မှ သူ့အမေရောက်မလာမီ သူက သူ့အဖေနှင့်နှစ်ယောက်တည်း တစ်ရက်လုံးလုံး အတူတူရှိနေရမည်ကို အထူးပင် ဝမ်းသာလျက်ရှိလေသည်။

အတန်ကြာတိတ်ဆိတ်နေပြီးမှ ပေါလ်က

"မစ္စတာဒန်းတော့ အဖေ့ကို တွေ့ပြီးပြီလား" ဟု မေးလိုက်သည်။

ဒန်းက ခေါင်းညိတ်ပြလိုက်ပြီး "သူလည်း ဟိုတယ်မှာပဲပေါ့"

"ဒို့တိုက်က စမစ်လည်း သူနဲ့ အတူရှိနေတယ်" ဟု ပြောသည်။

"ဘာမှ လိုလေသေး မရှိပါလား"

"အဲသလို ဖြစ်အောင် လုပ်ချင်ပါတယ်" ဒန်းက တိုတိုတောင်းတောင်းပင် ဖြေသည်။ သူ့အမူအရာမှာ လေးစားမှုအပြည့်ပါသော်လည်း မာဆတ်ဆတ်ကဲ့သို့ ဖြစ်နေ၏။ အတန်ကြာ ငြိမ်သက်နေပြီးမှ သူက စကားစပ်ကို လွှဲလိုက်သည်။

"မင်း လီနာ့ကို တွေ့သေးသလား"

ပေါလ်လည်း မျက်နှာတမျိုးဖြစ်သွားပြီး "မတွေ့ဘူးခင်ဗျ။ကျွန်တော်ကို ဆေးရုံပို့တဲ့ညကတည်းက မတွေ့တော့တာ" ဟု ဖြေသည်။

ဒန်းက ရုတ်တရက်ပင် " မင်းလီနာ့ အကြောင်း မသိခဲ့ဘူး။ အခုသိဖို့ အချိန်တော်ပြီ" ဟုဆိုကာ သူ့ရှေ့တည့်တည့်ကိုသာ စိုက်၍ ကြည့်လျက် စကားအပိုမပါပဲ လိုရင်းကိုချုပ်၍ လီနာ့တွင် ဖြစ်ပျက်ခဲ့သမျှ မခြွင်းမချန် ပြောလိုက်သည်။

ပေါလ်မှာ အကြီးအကျယ် တုန်လှုပ်လျက် မင်သက်မိသလိုဖြစ်ကာ လည်ချောင်းတွင် တစ်ဆို့ဆို့ဖြစ်လာသည်။ 'ဩော် ငါဟာ လီနာ့အပေါ်မှာ အထင်မမြင်မှားခဲ့မိတာပါလား။ ငါဟာ အလကားလူ။ ဘာမှမသိမမြင်တတ်ဘဲနဲ့ လူတတ်လုပ်ချင်ခဲ့တဲ့ အမြင်ကတ်စရာ လူမျိုးဖြစ်ခဲ့ပါလား' ဟု တွေးနေမိ၏။ ညှိုးနွမ်းလျက်ကပင် ရိုးသားသည့် လီနာ၏မျက်နှာကလေးကို ထင်မြင်ကြည့်မိတော့လည်း သူ့မှာ ထိတ်လန့် တုန်လှုပ်ရပြန်သည်။ သူ့စိတ်ကိုသူ ငြိမ်အောင်ထိန်း၍ ရတော့မှ

"ကျွန်တော် သူ့ကို တွေ့မှဖြစ်မယ်"

"သူ မရှိတော့ဘူးကွယ့်"

"မရှိတော့ဘူး၊ ဟုတ်လား"

ဒန်းက "အလုပ်က ထွက်သွားတယ်" ဟု ဖြေပြီး သူ့အဖြေမှာ ခံပြင်းရာမှ ကျေနပ်မှုရသွားသလိုရှိကာ "ပြီးတော့ တစ်ခါထဲ ပျောက်သွားတာပဲ" ဟု ပြောလိုက်သည်။

"ဒါ ဒါပေမယ့် ဘာဖြစ်လို့လဲတဲ့ဗျာ"

"ဒါတော့ ကျုပ် ဘယ်သိမလဲ"

"သူ ဘယ်ကို သွားတယ်ဆိုတာလောက်တော့ သိတယ် မဟုတ်လားခင်ဗျာ"

"အစက မသိဘူး။ အခုတော့ သိပါပြီ"ဟု ဖြေရင်း ဒန်းက ဘေးတိုက်တစ်ချက် လှမ်းကြည့်လိုက်ပြီးမှ "ရှက်ဖီးက အပေါစား စားသောက်ဆိုင်ကလေးတစ်ဆိုင်မှာ ဝင်လုပ်နေတယ်"ဟု ဖြေလိုက်၏။

"ခင်ဗျာ့ဆီမှာ လိပ်စာတော့ ရှိမှာပေါ့"

"ရှိပေမယ့် သူများကို ပေးဖို့ မဟုတ်ဘူးကွယ့်" ဟု ပိတ်၍ ပြောလိုက်သဖြင့် စကားပြတ်သွားလေသည်။

တက္ကစီသည် ဝေါ့တလေမြို့၏ စည်ကားသောစီးပွားရေးရပ်ကွက်ကို ဖြတ်မောင်းခဲ့ပြီး နော့တင်ဟမ်လမ်းတံတားကိုကျော်ကာ တောင်ဘက်ပိုင်းမြို့အစွန်ဆီသို့ ရောက်လာခဲ့လေသည်။ သူတို့ ဖြတ်၍မောင်းလာခဲ့သော ဤလမ်းများစွာပေါ်တွင် စိတ်ပျက်အားငယ်စရာကလွဲ၍ ဘာမျှမရှိခဲ့သည့် ဒုက္ခအရောက်ဆုံးကာလများက ပေါလ်ခြေရာချင်းထပ်အောင် တမတ်စောက်စောက် လျှောက်ခဲ့သည်။ ရုတ်တရက် သူတို့တက္ကစီသည် ဖဲယားဟောဒေသသို့ ရောက်လာကာ ဝင်ဆာတွင်ရပ်လိုက်၏။ ဝင်ဆာကား အုတ်ကြွပ်နီနီအမိုးနှင့် ပုံပန်းမကျသစ်သားလေသာဆောင်များ၊ မျှော်စင်ကလေးများနှင့် ခပ်ကြမ်းကြမ်း အဆောက်အဦးတစ်ခုဖြစ်သည်။ လွန်ခဲ့သည့် ဆယ်နှစ်ခန့်က တခမ်းတနားဆောက်လုပ်ထားခဲ့သည့် တည်းခိုအိမ်သဘော ဟိုတယ်တစ်ခုဖြစ်ပြီး စီးပွားရေးမဆန်လှ။ လူကုံထံတို့၏ နေရာနှင့်တူသော်လည်း အမြဲလိုပင် တည်းခိုသူ ကျိုးတိုးကျဲတဲနှင့် ညစ်မွဲစပြုနေသည့် နေရာတည်း။ ဆုံလည်တံခါးမှ သူတို့ဝင်ကာ ကော်ဇောအစိမ်းခင်းထားသည့် လှေကားအတိုင်းတက်ခဲ့ကြပြီး ပထမအထပ်ရှိ အခန်းတစ်ခု၏အပြင်ဘက်၌ ရပ်လိုက်ကြစဉ် ပေါလ်လည်း ဒန်းက သူ့အား စကားပြောတော့မည်ကဲ့သို့ ကြည့်နေသည်ဟု ထင်မိသော်လည်း ဘာမှမပြောသဖြင့် သူ စောင့်မနေတော့ဘဲ တံခါးကို တွန်း၍ ဝင်ခဲ့လေတော့သည်။

ရှေ့ဘက်ခန်းတွင်းသို့ရောက်လျှင် မက်အီဗွိုင်၏ အတွင်းရေးမှူးက ခပ်လှမ်းလှမ်းမှ ထိုင်၍စောင့်လျက် ပြူတင်းပေါက်အနီးမှ စားပွဲတွင် လူခပ်ကြီးကြီးတစ်ယောက်သည် ဝက်ပေါင်ခြောက်နှင့် ကြက်ဥကြော်များစားနေသည်ကို တွေ့လိုက်ရလေသည်။ သူကား အသက်ခြောက်ဆယ်ခန့်ရှိပြီး ကြီးမားတုတ်ခိုင်သော ခန္ဓာကိုယ်နှင့် သန်မာသောလက်မောင်းကြီးများ ရှိသူဖြစ်၏။ သူ၏ဦးခေါင်းမှာကား ထိပ်ဆီ၌ပြောင်လျက် ပြန့်ကားထိုးထွက်နေသော နားရွက်များ၏နောက်စတွင် ညစ်မွဲသောဆံပင်များနှင့် အမြောက်ဆန်ကြီးတင်ထားသလို မာမာလုံးလုံးရှိလှ၏။ ဂုတ်ပိုးကြီးမှာ သားရေဝါရောင်ဖြစ်ပြီး ထူထဲတွန့်ခေါက်ကာ အမာရွတ်လို အရစ်များထနေရာတွင် အပြာရောင်မှဲ့ပြောက်များလည်း ပေါ်နေသေး၏။ ပြောင်လက်သော အညိုစကို ရှေးကျကျချုပ်ထားသည့် သူ၏ကုတ်အင်္ကျီမှာ သူနှင့်အမြင်မတော်အောင် ကြပ်နေပြီး ချုပ်ရိုးများ၌တင်းကာ ပွင့်ထွက်တော့မည်ကဲ့သို့ ရှိနေလေရာ သူ့အားကြည့်ရသည်မှာ ပုံပျက်ပန်းပျက်ဖြစ်နေသည့် မြေကြီးတူးသမားတစ်ယောက် ရက်အားရ၍ ထွက်လည်နေသည်နှင့်သာ တူလေသည်။

ထိုနောက် ပေါလ်က ရင်တဒိတ်ဒိတ်ခုန်လျက် အံ့အားသင့်သလို ရပ်ကြည့်နေစဉ် သူစိမ်းပြင်ပြင်ဖြစ်နေသော ထိုလူကြီးသည် မဲ့ညစ်နေသော သွားများပေါ်အောင် စားရင်းဝါးရင်းကပင် ခေါင်းထောင်ကြည့်ကာ မျက်မှောင်ကြုတ်လျက် ရန်သတ္တုပြုလိုသည့် မျက်လုံးများဖြင့် သူ့အား ပြန်စိုက်ကြည့်နေလေ၏။ ပေါလ်မှာ ရင်ထဲဆို့နင့်နေ၍ အတော်ကြာအောင်ပင် စကားမပြောနိုင်။ သူ့အဖေနှင့် ပြန်တွေ့ရမည့်အချိန်ကို အကြိမ်ပေါင်းများစွာ၊ နည်းပေါင်းများစွာဖြင့် ထင်မြင်၍ကြည့်ခဲ့ဖူးသည်။ တွေ့တွေ့ချင်းလိုပင် မှတ်မိသွားကြမည်။ တစ်ယောက် တစ်ယောက် ပြေးဖက်လိုက်ကြမည်။ ဝမ်းသာလွန်း၍ မျက်ရည်များ ကျလာမည်။ သူငယ်ငယ်ကချစ်ခဲ့သည့် အဖေအား ပြန်တွေ့ရမည့်အချိန်ကို သူက ကဗျာဆန်ဆန် စိတ်ကူးထင်မြင်ကြည့်ခဲ့ခြင်းဖြစ်၏။ နှစ်ပေါင်းများစွာကြာ၍ အပြောင်းလဲကြီးပြောင်းလဲသွားလိမ့်မည်ဟူ၍တော့ သူ တစ်ခါမျှ မတွေးမိခဲ့။ သူ့ကိုယ်သူ ကြိုးစား၍ထိန်းလိုက်ပြီး ရှေ့သို့တိုးသွားကာ လက်ကမ်း၍ပေးလိုက်တော့ ခဏမျှ ဆုတ်ဆိုင်းဆိုင်းဖြစ်နေပြီးမှ သူ့လက်များကိုဖမ်းဆုတ်လိုက်သည့် လက်ချောင်းကြီးများမှာ ကြီးမားသလောက် ကျွဲချိုနွားချိုများကဲ့သို့ မာကျောလျက် လက်သည်းများမှာလည်း ဝါကျင့်အက်ကွဲ၍နေကြပေသည်။

ထိုအခိုက် ဒန်းက ဝင်၍ သူ၏တိတ်ဆိတ်ငြိမ်သက်လှသည့် သဘာဝနှင့် မလိုက်အောင်ပင် တမင်တကာလုပ်၍ပြောရသော အားရပါးရလေသံဖြင့် "ဘယ်နှယ့်လဲ ခင်ဗျာ။ လိုတာတွေအားလုံး လုပ်ပေးကြရဲ့ မဟုတ်လား" ဟု ဝင်၍ပြောလိုက်သည်။

စားပွဲမှလူကြီးသည် သူ၏မျက်လုံးများကို ဒန်းဆီသို့ လွှဲလိုက်၏။ သူက ဘာမှပြန်မဖြေပဲ ပါးစပ်ထဲမှ ဝါးလက်စကိုသာ အရသာမကုန်မချင်း စစ်ထုတ်နေသည့်ပမာ တမြုံ့မြုံ့ဝါးလျက်ရှိ၏။

ဒန်းလည်း အလိုက်သိစွာပင် စမစ်ထံသို့လှည့်လိုက်ပြီး "ဟေ့ ဂျိဒ်၊ မင်း အားလုံးလုပ်ပေးထားတယ် မဟုတ်လား" ဟု မေးလိုက်ရ၏။

စမစ်က "ဟုတ်ကဲ့၊ လုပ်ပေးထားပါတယ် မစ္စတာဒန်း" ဟုဖြေသည်။

"မစ္စတာ မက်ထရီကို သတင်းထောက်တွေ ခဏခဏလာပြီး မေးလားမြန်းလား လုပ်ခွင့် မပေးဘူး မဟုတ်လား"

"မပေးဘူးခင်ဗျ၊ ကျွန်တော်တို့ စာနဲ့ရေးထားပြီးသား စာရွက်တွေပဲ ပေးလိုက်တယ်"

"ကောင်းတယ်"

ထိုနောက် ခေတ္တတိတ်ဆိတ်သွား၏။ ဂျိဒ်စမစ်သည် သူ၏ခြေထောက်နားက ကြမ်းပေါ်မှ သူ၏ဦးထုပ်ကို ကောက်ယူလိုက်သည်။

ဒန်းလည်း နေရာရွှေ့ရာက "ကဲ ကဲ၊ ခင်ဗျားတို့ သားအဖ မတွေ့ကြရတာလဲ ကြာပြီ။ ကျွန်တော်ရှိရင် ရှုပ်နေပါဦးမယ်။ နက်ဖြန်မှပဲ လာကြည့်ပါမယ်။ လိုတာရှိရင် ကျွန်တော့်ကို ခေါ်လိုက်ပေါ့" ဟု ပြောလိုက်၏။

ပေါလ်မှာ တကယ်ပင် ကြောက်လန့်သွားမိ၏။ သူတို့နှစ်ယောက်အား တား၍များရလျှင် တားထားလိုက်ချင်မိသည်။ သို့သော် မရ။ သူတို့လည်း ပြန်ချင်နေကြပြီကို သူ ရိပ်မိသည်။

သူတို့ထွက်သွားကြ၍ တံခါးပိတ်သွားသောအခါ ပေါလ်သည် တစ်မိနစ်ခန့် တိတ်ဆိတ်စွာ ရပ်နေလိုက်ပြီးမှ ကုလားထိုင်တစ်လုံးကို ဆွဲယူကာ စားပွဲ၌ ဝင်၍ထိုင်လိုက်ရသည်။ ယခုအခါ သူစိမ်းပြင်ပြင်ဖြစ်နေသည့် သူ့ဖခင် ရီးစ်မက်ထရီသည် သူ၏ရှေ့က ပန်းကန်ပြားပေါ်တွင်ငုံ့ကာ အစားအစာများကို ပလုပ်ပလောင်း စားရင်းဝါးရင်းကပင် လက်မဖြင့်ကူ၍ ထိုးကာ သိပ်ကာ သွင်းလျက် တစ်ချက်တစ်ချက်တွင် သူ့မျက်လုံးများက စုံစမ်းသလို တောင်ကြည့်မြောက်ကြည့် လှမ်း၍လှမ်း၍ကြည့်လျက်ရှိလေရာ ပေါလ်မှာ ဉာဏ်မြင်ကွင်းကို ကြာရှည်သည်းမခံနိုင်တော့သလို ကပေါက်တိကပေါက်ချာစကား စ၍ ပြောလေတော့သည်။

"ကျ ကျွန် ကျွန်တော်တော့ အဖေကို တ တွေ့ရတာ ဘ ဘ ဘယ်လောက် ဝမ်းသာသလဲဆိုတာ မ မ မပြောပြတတ်အောင်ပါပဲ။ နှစ်တွေကြာတော့လည်း ဟုတ် ဟုတ်တာပေါ့လေ၊ ကျ ကျွန်တော်တို့ နှစ်ယောက်စလုံးအတွက် ခက်တာကတော့ ဘယ်ကစ ဘ ဘာပြောရမှန်း မသိတာ။ လုပ်စရာတွေကလည်း အများကြီးပဲ။ အဦးဆုံးတော့ အ အဖေ့ အတွက် အဝတ်အစား ကောင်းကောင်းမွန်မွန်ဝယ်ဖို့ အ အဖေ စားသောက်ပြီးရင် ဈေးကို က ကားငှားပြီး သ သ သွားကြရအောင်လေ"

သူ၏စကားများမှာ ဘာမျှ အရာရောက်ပုံမရသည်နှင့် တဖြည်းဖြည်း အဖျားရှူးသွားကာ ရပ်ထားလိုက်ရ၏။ သို့ရာတွင် သူ့အဖေက စကားပြန်၍ပြောလိုက်တော့ သူ့မှာ စိတ်သက်သာရာ ရသွားသလိုပင် ထိတ်လန့်၍ သွားရလေသည်။

"မင့်မှာ ဂိုင် ရှိလား"

မေးလိုက်ပုံက ခပ်ရိုင်းရိုင်းကြမ်းကြမ်းဖြစ်နေ၍ ပေါလ်မှာ ကျောထဲက စိမ့်သွားအောင်ဖြစ်ရသော်လည်း သူ ဂရုတစိုက်ပင် ဖြေလိုက်သည်။

"သုံးလောက်ရှိတော့ ရှိပါတယ် အဖေ"

"အဲဒီ ဒန်းဆိုတဲ့ကောင်ဆီကလည်း တပြားမှ မရပါဘူးကွာ" ဟု ပြောကာ သူ့ကိုယ်သူပြောသလိုဖြင့် "ငါ ငွေရရမယ်။ သူတို့ ငါ့ကို လုပ်ထားကြတာအတွက် ပေးရစေမပေါ့" ဟု ပြောနေပြန်၏။

တစ်ခါတစ်လေမှ သုံးသဖြင့် တုံးနေသည့် လက်နက်ကိရိယာပမာ သူ့အသံမှာ ကြမ်းတမ်းမာကျောလှ၏။ သူ့အသံ မာကျောကြမ်းတမ်းနေသည်ထက် မုန်းတီးစိတ်၊ ခါးသီးနာကျည်းသည့်စိတ်၊ ရန်သတ္တရုပြုလိုသည့် စိတ်တို့က သူ၏အသွေးအသားထဲသို့ စိမ့်ဝင်နေခြင်းက ပိုမို၍ ဆိုးသည်။ ပေါလ်မှာ ယူကျုံးမရ ဖြစ်သည်ထက် ဖြစ်ရပြန်လေသည်။

"မင်းမှာ စီးကရက်ရှိလား"

"မရှိဘူးအဖေ။ ကျွန်တော် ဆေးလိပ်မသောက်တာ အတော်ကလေးကြာပြီ"ဟု ပေါလ်က ခေါင်းယမ်းရင်း ဖြေသည်။

မက်ထရီသည် နဖူးကြောကြီးများ တွန့်လာအောင် မျက်မှောင်ကြုတ်ကာ "ဒီကောင်ပြောတာ ဟုတ်မှဟုတ်ရဲ့လား"ဟု စူးစမ်းသည့်အလား ပေါလ်အား အကဲခတ်နေပြန်သည်။ ထိုနောက် မထုတ်ချင် ထုတ်ချင်အမူအရာဖြင့် သူ့အိတ်ထဲက စီးကရက်ဗူးကို ထုတ်ယူလိုက်သည်။ ဒန်း သောက်လေ့ရှိသည့် တံဆိပ်ဖြစ်သည်ကို ပေါလ်မှတ်မိသည်။ ထိုစီးကရက်ဗူးထဲမှ တစ်လိပ်ကိုထုတ်ယူကာ လူမြင်မှာစိုးသလို ရုတ်တရက် ငုံ့ချလိုက်ပြီး မီးညှိလေသည်။ ထိုနောက် စီးကရက်ကို လက်ဖြင့်အုပ်ကာ တိတ်တခိုးအမူအရာဖြင့် လျင်မြန်စွာ ရှိုက်လိုက်ဖွာလိုက်လုပ်နေလေ၏။ ပေါလ်လည်း မှုန်တေတေနှင့် တစ်ခုခုကို ဆင်ကြံ ကြံနေသလို မျက်နှာကို ကြည့်နေရင်းမှ သူ့အဖေ၏မျက်နှာမှာ မာကျောလှသည်ကို တွေ့လိုက်ရပြီး မသိမသာ ထိတ်လန့်မိသည်။ အထူးသဖြင့် မညီမညာ ရိတ်ထားသည့် နှုတ်ခမ်းမွေးများနှင့် ရှည်လျားလှသော အထက်နှုတ်ခမ်းအောက်တွင် ခွပ်ခနဲ ခွပ်ခနဲ ထောင်ချောက်ပိတ်သလို ပိတ်သွားသည့် ကျောက်သားလိုပါးစပ်ကိုလည်း တွေ့မြင်ရ၏။ မက်ထရီသည် ရုတ်တရက် ဘာမပြောညာမပြော မီးရဲနေသည့်ထိပ်ကို ငြိမ်းသတ်လိုက်ပြီး စီးကရက်တိုကလေးကို သူ၏ကိုယ်ချပ်အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်လေသည်။

"ဘယ်အချိန်ရှိပြီလဲကွ"

ပေါလ်က သူ၏ငွေနာရီကလေးကို ထုတ်၍ကြည့်နေစဉ်တွင် သူ့အဖေသည် လိုချင်မျက်စိဖြင့် ကြည့်နေသည်ကို ပေါလ်သတိပြုမိ၏။ ရုတ်တရက်ဆိုသလိုပင် မက်ထရီက "ငါ့မှာ နာရီမရှိဘူးကွ" ဟု ပြောလိုက်သည်။

ပေါလ်လည်း သူ၏အင်္ကျီကြယ်သီးပေါက်တွင် တပ်ထားသည့် နာရီကြိုးကလေးကို အသာအယာ ဖြုတ်ယူ၍ နာရီရော ကြိုးပါ သူ့အဖေအား လှမ်းပေးလိုက်၏။

"ကျွန်တော့်ဟာ ယူထားလေ။ အဖေ့မှာ ဒီထက်ကောင်းတာ မရခင်ပေါ့"

မက်ထရီသည် ကျေးဇူးစကားပင် မဆို။ နာရီနှင့်ကြိုးကို သူ၏လက်ခုပ်ထဲတွင် ဆကာဆကာကြည့်နေရာမှ သူ့တွင် အကျင့်ပါနေသည့် လှုပ်ရှားမှုများဖြင့် လျင်မြန်စွာဝှက်လိုက်ပြီး သူ၏အတွင်းအိတ်ထဲသို့ ထည့်လိုက်လေ၏။

ထိုအခိုက်တွင် အပြင်မှ တံခါးခေါက်သံ ကြားလိုက်ရပြီး စားပွဲသိမ်းရန် အစေခံမကလေး ဝင်လာသည်။

ပေါလ် ထိုင်ရာမှ ထလိုက်သည်။ သူ့အဖေကိုတော့ ဘာမဆို ခွင့်လွှတ်နိုင်ပါသည်။ သို့ရာတွင် သူ့မှာတော့ ရင်ထဲက မချမ်းသာ။ သူက သဲ့သဲ့မျှသာ ထွက်တော့သည့်လေသံဖြင့် "ကျွန်တော်တို့ အပြင်ထွက်ကြရအောင် အဖေ။ အဖေ့အတွက် ဈေးလျှောက်ဝယ်ကြရအောင်" ဟု ပြောလိုက်သည်။

မက်ထရီက "အေး ဟုတ်တယ်။ ငါ အဝတ်အစားကောင်းကောင်း လိုချင်တယ်" ဟု ဆိုလိုက်၏။

သူတို့ သားအဖနှစ်ယောက် တက္ကဆီတစ်စီးဖြင့် နွေဦးရာသီ၏ကြည်လင်ချမ်းမြေ့သည့် နေရောင်ခြည်နွေးနွေးကလေးထဲတွင် လဲနတ်လမ်းသို့ လာခဲ့ကြကာ မြို့တော်၏ အကြီးဆုံး အဝတ်အထည်ဆိုင်ဖြစ်သော ဒရုန်းသို့ ဝင်ခဲ့ကြသည်။ သူ့အဖေအား အာရုံပြောင်းပေးလျှင် သက်သာရာရမည်ဟု ထင်ခဲ့သော ပေါလ်မှာ သာ၍ပင် အကြီးအကျယ် စိတ်ညစ်ရလေတော့သည်။ တစ်ညနေခင်းလုံး သူ့မှာ ထမင်းလုံးတစ္ဆေ အချောက်ခံရသူပမာ စိတ်ဆင်းရဲရလျက်ရှိလေသည်။ သူ့အဖေ၏ ရိုင်းစိုင်းကြမ်းတမ်းနေသော အသွင်အပြင် အမူအရာကြောင့် သူတို့အား လူတွေက စိုက်စိုက်ကြည့်ကြသည်။ တစ်နေရာတွင် သူ့အဖေက ကြမ်းတမ်းရိုင်းစိုင်းစွာပြုမူပြောဆိုခဲ့၍ သူတို့အားကူညီနေသည့် အရောင်းစာရေးမကလေးတစ်ယောက်မှာ ငိုတော့မလိုဖြစ်သွားရသည်။ ထိုထက်ဆိုးသည်မှာ သူ့စိတ်များက မူမမှန်တော့ဘဲ ရိုင်းစိုင်းကြမ်းကြုတ်နေသလောက် သူ့အကြိုက်များကလည်း ရိုင်းနေပေရာ သူရွေးချယ်ထားသည့် အဝတ်အစားများမှာ သူနှင့် မသင့်တော်ဆုံး အဝတ်အစားများ ဖြစ်နေခြင်းပင်တည်း။ သူက အတင်းကြိုက်သည်၊ ဝယ်မည် ဆိုနေသည့် အဝတ်အစားများသည် လူငယ်လူရွယ်ကလေးများအတွက်သာ သင့်လျော်သည့် အကွက်ဆင်များ၊ ပိုးတု ရှပ်အင်္ကျီဝင်းဝင်းလက်လက်နှင့် နက်တိုင်လည်စည်းအဝါ တောက်တောက်ပပ၊ ရှူးဖိနပ်ကလည်း အညိုရောင်ဦးချွန်တို့ ဖြစ်နေပေသည်။ ရွှေထည်ငွေထည်ရောင်းသည့်နေရာ၌ ဝင်းဝင်းလက်လက်ပစ္စည်းများကို မက်မက်မောမော ရစ်သီရစ်သီလုပ်ကာ တစ်နာရီနီးပါးကြည့်နေသဖြင့် ပေါလ်က သူ့အား လက်စွပ်ကလေးတစ်ကွင်း ဝယ်ပေးလိုက်တော့မှ ထိုနေရာက ခေါ်လို့ရလေတော့သည်။

ညနေ ခြောက်နာရီတွင် သူတို့ဝင်ဆာသို့ ပြန်ရောက်ကြပြီး ပေါလ်မှာ ပင်ပန်းနွမ်းနယ်လျက် ဧည့်ခန်းထဲကကုလားထိုင်တစ်လုံးတွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။ မက်ထရီသည် သူ့ဖာသာ မြတ်မြတ်နိုးနိုး သယ်လာခဲ့သော သူ၏အထုပ်အပိုးကလေးများကိုယူကာ အိပ်ခန်းထဲသို့ ဝင်သွားသည်။ မိနစ်နှစ်ဆယ်ခန့်ကြာနေပြီးမှ အဝတ်အစားအသစ်များဆင်လျက်၊ နာရီနှင့် ကြိုးကိုလည်း အင်္ကျီတွင် တပ်လျက် လက်စွပ်နှင့်တကွ ဟန်ထုတ်၍ ထွက်လာလေသည်။

သူက "အမယ်။ ဟော့၊ သူတို့ ဘယ်လိုလုပ်လုပ်၊ ငါ့ ဘဝမဆုံးသေးပါဘူးကွ။ ခွေးမသားတွေ မြင်စေချင်တယ်ကွာ။ အထူးသဖြင့် ဟစ်ဆိုတဲ့ အကောင်ကွ။ ကဲ၊ တို့ အပြင်ထွက်ပြီး ဟိုဟာဒီဟာကလေးစားပြီး ပွဲကလေး ဘာလေးကြည့်ရအောင်ကွ" ဟု ပြောလိုက်သည်။

ပေါလ်က လျင်မြန်စွာပင် "အခုပဲ ပြန်လာတယ်အဖေ။ ကျွန်တော်တို့ ဒီအပေါ်မှာပဲ ညနေစာ စားလိုက်ကြတာပေါ့" ဟု ပြောလိုက်ရ၏။

မက်ထရီက သူ၏ သားရေလို ထူထဲသည့် နဖူးကြီးပေါ်တွင် အတွန့်များပေါ်လာအောင် မျက်မှောင်ကြုတ်ကာ ပေါလ်အား လှမ်း၍ကြည့်လိုက်၏။

"တစ်ခုခု သောက်ကြမယ်လေကွာ"

ပေါလ်က "သောက်တာပေါ့ အဖေ။ အဖေ ဘာသောက်ချင်လဲ" ဟု မေးလိုက်သည်။

"ဝှစ္စကီ"

မက်ထရီသည် နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် အစန့်သားထိုင်ချလိုက်ပြီး မြို့ထဲကအပြန်တွင် ပေါလ်အား အဝယ်ခိုင်းခဲ့သည့် ညနေသတင်းစာကို ဖွင့်၍ဖတ်နေလေသည်။

"ငါ့သတင်းပါမှာပဲကွ။ ဓာတ်ပုံတွေလည်း ရိုက်လိုက်ကြတာ။ သူတို့ သတင်းစာထဲမှာ ငါ့အကြောင်းထည့်ရေးရင် ရေးသမျှအတွက် ပိုက်ဆံရအောင် တောင်းယူရမယ်"

ပေါလ်က ခေါင်းလောင်းကလေးနှိပ်လိုက်ပြီး အတန်ငယ်ကြာတော့ ထိုညနေစောစောပိုင်းက စားပွဲလာသိမ်းသည့် အစေခံမကလေး ဝင်လာသည်။ ပေါလ်က ညနေစာနှင့် ဝီစကီတစ်ပုလင်းမှာနေစဉ်တွင် ဆိုဖာပေါ်မှ မက်ထရီသည် သတင်းစာထိပ်မှကျော်၍ မိန်းကလေးအား စူးစူးစိုက်စိုက်ကြည့်နေလေသည်။ မိန်းကလေးမှာ အရပ်မြင့်မြင့်၊ ပါးခွက်ခွက်နှင့် ရှူးပေါပေါအသွင်ရှိပြီး ယခုကဲ့သို့ ထင်ရှားကျော်ကြားနေသူ တစ်ယောက်က သူ့အား ဂရုတစိုက်ကြည့်နေသည်ဆိုတော့ သူ့မှာ ရှက်စနိုးဖြစ်ကာ ကြာမှုပါပါဖြင့်ပင် ပြုံးပြလိုက်သေးသည်။

မိန်းကလေးထွက်သွားတော့ မက်ထရီက "ငါ ဘယ်သူလဲဆိုတာ သူ သိတယ်ကွ" ဟု ခပ်ကြွားကြွားလေး ဆိုလိုက်သည်။

ညနေစာရောက်လာသောအခါ ပေါလ်မှာ စားချင်စိတ်ပင် မရှိတော့။ မက်ထရီမှာမူကား စကားတစ်ခွန်းမျှမပြောဘဲ ဝီစကီပုလင်းဖော့ဆို့ကို ဖွင့်ကာ ဖန်ခွက်ထဲသို့ အတော်များများ ငှဲ့ထည့်လိုက်၏။ ထို့နောက် ဖန်ခွက်နှင့် ပုလင်းကိုယူကာ နံရံအနီးရှိ နောက်မှီမြင့်ကုလားထိုင်ပေါ်သို့ သွားထိုင်သည်။ ကုလားထိုင်ပေါ်တွင် မတ်မတ်ကြီး တိတ်ဆိတ်စွာထိုင်လျက် သူ့ရှေ့တည့်တည့်ကိုသာ ဘာမျှမမြင်ဘဲ ငေးစိုက်ကြည့်နေလေရာ တဖြည်းဖြည်း သူ့ရှေ့ကမြင်ကွင်းများ ပျောက်ကွယ်ကာ ကြောက်မက်ဖွယ်ရာဖြစ်လာသည်။ မကြာခဏဆိုသလိုပင် သူ၏ဖန်ခွက်ထဲသို့ အရက်ထပ်၍ထပ်၍ဖြည့်သည်။ တစ်ချက်တစ်ချက်တွင် သူ့ကိုယ်သူ စကားပြောနေသလို သူ၏နှုတ်ခမ်းများက တလှုပ်လှုပ်တရွရွ ဖြစ်လာသည်။ သူသည် ပေါလ်ရှိနေသည်ကိုလည်း ဂရုမစိုက်။ မိန်းကလေးဝင်လာတော့လည်း ဂရုမစိုက်သဖြင့် မိန်းကလေးမှာ အလိုမကျဖြစ်သွားသည့်အသွင်ပင် ပေါ်လွင်သွားသည်။

အတော်ကြီးကြာအောင် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသောအခါ ပေါလ်မှာ ထိတ်လန့်ရတော့မလိုဖြစ်ကာ သူ့အဖေအား ငေးစိုက်ကြည့်နေလိုက်မိလေသည်။ သူ့အား လက်တစ်ဖက်ကဆွဲ၍ စက္ကူလှေကလေးများ လွှတ်ရန်အတွက် ဂျက်စမွန်ချောက်ထဲသို့ ခေါ်ခေါ်သွားတတ်သူ၊ သူ့စိတ် ပျော်ရွှင်စေရန် ပုံကြမ်းကလေးများ အရုပ်ကလေးများ ရေးဆွဲကိုက်ညှပ်၍ ပြတတ်သူ။ စနေနေ့ အလုပ်မှအပြန် သူ့အတွက် ကစားစရာ တစ်ခုမဟုတ်တစ်ခုပါအောင် ယူယူလာတတ်သူ၊ လှုပ်ရှားမှုတိုင်းတွင် အချစ်အခင်နှင့် အကြင်နာတရားများ ပေါ်လွင်နေခဲ့သူ။ ထိုသူသည် ယခု သူ၏ရှေ့တွင် မြင်နေရသူ ဖြစ်နိုင်ပါမည်လား။ မည်မျှ ကြမ်းကြုတ်ရက်စက်သည့် ဘဝမျိုးသို့ရောက်အောင် ပို့လိုက်ပါလိမ့်။ ပေါလ်လည်း ဤ ဆယ့်ငါးနှစ်လုံးလုံး သူ့အဖေအား စိတ်ရောကိုယ်ရောဆင်းရဲအောင် ထုခဲ့ထောင်းခဲ့ နှိပ်စက်ခဲ့သည့် အကျဉ်းခန်းကလေး၊ ထောင်အဝတ်အစား သံတိုင် သံတံခါးများ မှောင်မှောင်မည်းမည်းကြီး၌ တစ်ယောက်တည်းနေခဲ့ရသည့် နာရီများ၊ ထောင်သားများ၏ အော်သံ ဟစ်သံ ငိုညည်းသံနှင့် အနံ့အသက်များ၊ သူတို့အား အမြဲတစေကြည့်၍နေကြသော အစောင့်အကြပ်များ၊ နွေ၌လည်းကောင်း၊ ဆောင်း၌လည်းကောင်း၊ မိုးရွာရွာနေပူပူ နှင်းကျကျ တပင်တပန်း ခါးကျိုးခမန်း တကုန်းကုန်း တကုတ်ကုတ် လုပ်ခဲ့ရသည့်အလုပ်ကြမ်း၊ ပျော်ရွှင်စရာခန်းသည့်နေများ၊ ကုန်နိုင်ခဲလှသည့် ညတာရှည်ကြီးများတို့ကို ပြန်ပြောင်းတွေးတောမိစဉ် သူ၏ရင်ထဲတွင် သနားစိတ် ကရုဏာစိတ်ကလေး မသိမသာစွဲငြိလာသည်။ သို့ရာတွင် ယခု ကုလားထိုင်ပေါ်တွင် တောင့်တောင့်ကြီးထိုင်ကာ ရှေ့တည့်တည့်သို့သာ စူးစိုက်ကြည့်နေသော ကြောက်မက်ဖွယ်ရာ တကယ့်အရှိလူကို တွေ့လိုက်ရတော့လည်း သူ၏သနားစိတ်ကလေးများမှာ ပိတ်ဆို့သွားပြန်လေသည်။

ရုတ်တရက် မက်ထရီသည် တယုတယလိုပင် သူ၏နာရီကို ထုတ်ယူလိုက်ကာ အကြာကြီး စိုက်ကြည့်နေပြီး စကား စ၍ ပြောလေတော့သည်။

"ကိုးနာရီထိုးပြီဆိုတော့ သူတို့တွေအားလုံး အမှောင်ထဲမှာ ပျဉ်ပြားအိပ်ရာကလေးတွေနဲ့၊ မိုးတွေ ရေတွေထဲက ကျောက်တွင်းမှာ နဖူးကချွေး ခြေမကျအောင် တပင်တပန်း အလုပ်လုပ်ခဲ့ကြရပြီး ဟင်းရည်ကျဲကျဲညစာ စား၊ အဲဒီ ဟင်းရည်ထဲမှာ အဖတ်ကလေး တစ်ဖတ်တလေတွေ့ရရင် ကံကောင်း၊ အားလူးဖတ်ပေါ့။ ဆပ်ပြာခဲလို အရသာမျိုးနဲ့ အာလူးဖတ် ညိုညိုမည်းမည်းခဲခဲ။ ဗိုက်ထဲမှာ အော်ဂလီဆန်စရာ။ မှောင်လို့မည်းလို့။ ဒါပေမယ့် သူ့အသံကိုတော့ အပြင်ဘက်စင်္ကြံလမ်းမှာ ကြားနေရတယ်။ ခေါက်တုန့်ခေါက်ပြန် လျှောက်၊ ပေါက်ကလေးတွေကနေ ချောင်းချောင်းကြည့်လိုက်၊ လျှောက်လိုက်။ ဒီကနေ့တာဝန်ကျတာ ဟစ်ဆိုတဲ့အကောင် ဖြစ်ချင်ဖြစ်မယ်။ သူ့ဆိုရင် သိနေကြတာပဲ။ သူတို့အားလုံး ဝါဒါဟစ်ကိုပဲ ကြည့်ပြီး လျှောက်နေကြရတာပဲ။

တစ်ချို့က ကျောက်ထုရင်း လက်ကို ခိုက်မိခဲ့ကြတယ်။ တစ်ချို့က ကျောတွေ အောင့်လာခဲ့ကြတယ်။ တစ်ချို့က လက်တွေ မီးလောင်ဖူးလို ပေါက်ခဲ့ကြတယ်။ သူတို့အားလုံးဟာ မြူထပြီဆိုရင် အဆစ်အမြစ်တွေ ကိုက်ကြခဲ့ကြ။ ဒါပေမယ့်လည်း သူတို့တတွေ တွေးနေတာတွေနဲ့ဆိုရင် ဒါတွေဟာ ဘယ်လောက်မှ အရေးမကြီးသလောက်ပါပဲ။ သူတို့အားလုံးဟာ ပြင်ပလောကကိုပဲ စိတ်ကူးကြည့်နေကြတယ်။ သူတို့ရဲ့ပျဉ်ပြားလေးတွေပေါ်မှာ အိပ်ရင်းက ဒီတံတိုင်းကြီးတွေရဲ့အပြင်ဘက်မှာ ဘယ်လိုရှိမယ်ဆိုတာကို သူတို့မှတ်မိသလောက်နဲ့ ပြန်တွေးပြီး ထင်မြင်ကြည့်နေကြတယ်။ သူတို့ ပျော်ပျော်နေခဲ့ကြတဲ့ဘဝ၊ အိပ်ရာ ပျော့ပျော့ပျောင်းပျောင်းနဲ့ အိပ်ခဲ့ကြရတဲ့ဘဝ၊ သားနဲ့ငါးနဲ့ စားခဲ့သောက်ခဲ့ရတဲ့ဘဝ၊ အစုံပေါ့။ ထောင်သားကြီးတွေဟာ နံရံကိုခေါက်ခေါက်ပြီး တစ်ယောက်နဲ့တစ်ယောက် စကားပြောကြရတယ်။ သတင်းပေးကြရတယ်။ ဘယ်သူဖြင့် ကြာပွတ်အရိုက်ခံရတယ်၊ ဘယ်သူရောက်လာတယ်၊ ဘယ်သူ ထွက်ရတော့မယ် ဆိုတာတွေကို နံရံမှာခေါက်ခေါက်ပြီး ပြောကြတယ်။ ဒါပေမယ့် အများစုကတော့ သူတို့ ဘယ်တော့မှ မထွက်ရတော့ဘူးဆိုတာကို သိနေကြတယ်။ သူတို့ဟာ အဲဒီအထဲမှာပဲ တစ်သက်လုံး နေသွားကြရတော့မယ်။ သူတို့အဖို့ ဘာမှ မျှော်လင့်ဖို့ မရှိတော့ဘူး။ သူတို့ဟာ အရှင်လတ်လတ် မြေမြှုပ်ခံနေရတဲ့လူတွေ။

"သူတို့မှာ နွေးနွေးထွေးထွေး ရှိချင်မှရှိမယ်။ အခန်းကလေးတွေထဲမှာ ရှိချင်မှ ရှိနေမယ်။ တစ်ခုခု မှားပြီဆိုပါတော့။ မဟုတ်တာတစ်ခုခု လုပ်မိပြီဆိုပါတော့။ တိုက်ပိတ် ခံရရော။ အောက်ထပ်မြေတိုက်ထဲက ခြောက်ပေ ရှစ်ပေအခန်းကလေး။ အဲဒီအထဲမှာ မှောင်ပိန်းနေတာ။ အာလူးပြုတ်တောင် မရဘူး။ ပေါင်မုန့်နဲ့ ရေပဲရတယ်။ ပေါင်မုန့်ခြောက်နဲ့ရေပဲ။ လှည့်တောင့် မလှည့်သာဘူး။ ခြေနှစ်လှမ်း လှမ်းလိုက်တာနဲ့ပဲ အုတ်နံရံကို ခေါင်းနဲ့ ဒိန်းခနဲ ဝင်ဆောင့်မိတာပဲ၊ အဲဒီအခါမှာ စဉ်းစားမိတယ်။ 'ငါ ဘာကောင်မို့လဲ။ ငါ ဘယ်ရောက်နေတာလဲ။ ဒီလိုနေရာကို ရောက်လာရလောက်အောင် ငါ ဘာတွေများ လုပ်ခဲ့လို့လဲ။ အဲဒီလိုအခါမှာ ဒီနံရံတံတိုင်းတွေသာ ပွင့်ထွက်သွားစမ်း။ ငါ့ ဘဝ ငါ ပြန်ရလိုက်စမ်း။ ငါ ခံရတာတွေအတွက် တာဝန်ရှိတဲ့သူတွေ ကျေအောင် ပေးဆပ်စေရမပေါ့ဆိုတာ ကိုယ့်ကိုကိုယ် ပြောမိတာပေါ့။ ကမ္ဘာလောကကြီးတစ်ခုလုံးကို မုန်းတယ်။ ရရာကို ဆွဲယူပြီး ဒီတံတိုင်းကြီးတွေသာ ပွင့်ထွက်လိုက်စမ်း။

"ကဲ၊ ဘုရား ဘုရား။ ငါ့အဖို့တော့ ဒီတံတိုင်းကြီးတွေ ပွင့်ထွက်ပြီကော။ ဒီတော့ ငါ ဘာလုပ်မယ်ဆိုတာ မင်း စဉ်းစားသာကြည့်ပေတော့"

သူ ပြောပြီးသောအခါ ထိုင်ရာမှ ထလိုက်ပြီး ပေါလ်အား နှုတ်လည်း မဆက်၊ လှည့်၍မျှမကြည့်ဘဲ အခန်းထဲမှ ထွက်သွားလေသည်။ စင်္ကြံလမ်းအတိုင်း သူ့အိပ်ခန်းဆီသို့ လျှောက်သွားသော သူ၏ခြေသံ ပြင်းပြင်းကြီးများကို ကြားလိုက်ရပြီး ခဏမျှ ငြိမ်သက်တိတ်ဆိတ်နေ၏။ ထို့နောက်လူခေါ်ခေါင်းလောင်းသံ သဲ့သဲ့မျှ ကြားလိုက်ရပြီး မရှေးမနှောင်းပင် ခပ်ဖော့ဖော့ နင်းသွားသည့် ခြေသံတစ်ခု စင်္ကြံကို လျှောက်၍သွားသံ

ကြားလိုက်ရ၏။ ပေါလ်သည် သူ၏တင်းမာနေသော စိတ်ကိုဖြေရန် အားထုတ်သော်လည်းမရ။ သူ နားကိုစွင့်၍ ထောင်နေလိုက်မိ၏။ ပြန်ထွက်လာသည့် ခြေသံကို မကြားရချေ။

ပေါလ်ကား ပါးစပ်မှ အသံထွက်အောင်ပင် ညည်းတွားလိုက်မိ၏။ သူ့စိတ်ထဲက မသင်္ကာနေသည်ကို သေချာအောင် လိုက်၍တော့မကြည့်ဝံ့။ သို့သော် သူ့တွင် မသိစိတ်က ဆက်စပ်၍ပေးလိုက်သည့်အလား ထိုညနေ သူတို့ ဒရန်းမှအထွက် လူအုပ်ထဲတွင် သူ့အဖေက သူ့အား ဝင်တိုက်မိသည်ကို ရုတ်တရက်ပြေး၍ သတိရလိုက်မိသည်။ အလိုအလျောက်ပင် သူ၏လက်သည် သူ၏ကုတ်အင်္ကျီအတွင်းအိတ်ထဲသို့ ရောက်သွားသည်။ ဒန်းပေးခဲ့သည့်ငွေများမှ ကျန်သမျှ ငွေဆယ့်ငါးပေါင်ခန့်မှာ သူ့အိတ်ထဲတွင် မရှိတော့ချေ။

*

## အခန်း – ၁၄

နောက်တစ်ရက်တွင်လည်း ကြည်လင်သောရာသီဥတုက ရှိနေဆဲပင်။ မြူတိမ်ကင်းစင်သော နံနက်ခင်း အလင်းရောင်ကို ကြည့်လျှင် မနေ့ကထက်ပိုမို၍ လင်းဖွယ်ရှိ၏။ ပေါလ်မှာ မထင်ဘဲနှင့် ကောင်းစွာအိပ်ပျော်ခဲ့သည်။ သူအိပ်ရာမှနိုးလာသောအခါ သူ၏အခက်အခဲများကို ရင်ဆိုင်နိုင်ရန် အားသစ်အင်သစ် အမိဋ္ဌာန်သစ်တို့ဖြင့် အဆင်သင့်ဖြစ်နေ၏။ ဘဲလ်ဖတ်မှ သူ့အမေသည် ယနေ့ဆယ့်တစ်နာရီတွင် ရောက်လာမည်။ သူ မုတ်ဆိတ်ရိတ်၊ အဝတ်အစားလဲလှယ်ရင်းက အဖော်နှင့်ဆိုလျှင် အခြေအန ပိုမိုကောင်းမွန်လာဘွယ်ရာ ရှိသည်ဟု မျှော်လင့်အားတက်လာသည်။ တကယ်တော့ သူ့အဖေအား အကျဉ်းထောင်က တစ်မျိုးတစ်ဖုံဖြစ်အောင် ပြောင်းလဲပစ်လိုက်ခြင်းမှာ မလွဲသာမရှောင်သာ ကြုံရမည့်ကိစ္စ။ သူက သိပ် စိတ်စောနေ၍သာ ဤအချက်ကို သတိမမူမိခြင်း ဖြစ်သည်။ သို့ရာတွင် အချိန်ကာလကလည်းကောင်း၊ မိသားစု၏ ချစ်ခင်ကြင်နာမှုကလေးများက လည်းကောင်း၊ သူ၏ မာကျောနေသည့် နှလုံးသားကို နူးညံ့လာအောင် ကုစား၍ ပေးနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။

နံနက်စာကို အောက်ထပ်ရှိ စားသောက်ခန်းတွင် ဆင်း၍ တစ်ယောက်တည်းစားလိုက်ပြီး အပေါ်သို့ ပြန်တက်ကာ စင်္ကြံအတိုင်း သူ့အဖေ၏အခန်းဘက်သို့ လျှောက်လာခဲ့သည်။ တံခါးဝသို့ရောက်လျှင် စိတ်ထဲက မတင်မကျနှင့်ပင် တံခါးကို ဖွင့်ကြည့်တော့ ပွင့်သွားသဖြင့် စိတ်သက်သာရာရကာ အထဲသို့ ဝင်ခဲ့၏။ မက်ထရီကား အိပ်ပျော်ဆဲဖြစ်၏။ သူ၏ မသေသပ်လှသော ဦးခေါင်းကို လက်မောင်းကြားတွင် မြှုပ်လျက်၊ အိပ်ရာခင်းများလည်း တွန့်ကြေပြန့်ကျဲကာ ခေါင်းအုံးများလည်း ကြမ်းပြင်၌ ပရမ်းပတာ လွင့်စင်ကျနေလေသည်။ ပေါလ်လည်း ဤသို့ အကာအကွယ်ကင်းမဲ့စွာ ဘာမှမသိဘဲအိပ်ပျော်နေသည့် သူ့အဖေအား သနားကရုဏာစိတ်များဖြင့် စိုက်ကြည့်လိုက်ကာ ရင်ထဲက နာရပြန်လေသည်။ သူ့အား နှိုးမနေတော့ဟု ဆုံးဖြတ်လိုက်သည်။ အခန်းထောင့်ရှိ

ဘီရိုငယ်ထဲမှ စာရွက်အလွတ်တစ်ရွက်ကိုယူကာ 'ကျွန်တော် ရထားကို သွားကြိုပါတယ်။ ကျွန်တော်တို့ ပြန်ရောက်ရင် အဖေ အဆင်သင့်ဖြစ်နေလိမ့်မယ်လို့ မျှော်လင့်တယ်။ ပေါလ်' ဟု စာရေးထားခဲ့ပြီး အဝတ်သစ်များ ချွတ်တင်ထားသည့် ကုလားထိုင်တွင် မြင်သာအောင် ထောင်ထားခဲ့ပြီး အပြင်သို့ ထွက်ခဲ့လေသည်။

မြို့ဘက်သို့ လာခဲ့ရာလမ်းတွင် လေသည် လန်းဆန်းလတ်ဆတ်လျက်ရှိပြီး သူ၏လမ်းသည် တူးမြောင်းတလျှောက်ဖြစ်သည့်အတိုင်း ဆိပ်ကမ်း၌ ကုန်တင်နေသော ဆွဲသမ္ဗာန်ကြီးများ တန်းစီလျက်၊ အပျော်စီး လှေကလေးတစ်စင်းသည်လည်း ထွက်ခွာရန်ပြင်ဆင်လျက် ကြည့်ချင်စဖွယ် သာယာသည့်မြင်ကွင်းဖြစ်လေသည်။ ဘူတာရုံသို့ရောက်လျှင် အမြန်ရထားနောက်ကျနေသည်ကို တွေ့ရသည်။ သို့သော် ဆိုက်နေကျအချိန်မှ နှစ်ဆယ့်ငါးမိနစ်လွန်လျှင် မီးရထားခေါင်းတွဲကြီးသည် ဘူတာထဲသို့ ကွေ့ဝင်လာကာ ဘူတာရုံအတွင်းမှ စင်္ကြံမကြီးတွင် ဝင်၍ ဆိုက်ကပ်မိလေသည်။ ရှေ့ဆုံးတွဲမှ ဆင်းလာကြသူများတွင် သူ့အမေ၊ အယ်လာနှင့် အီမန်နွယ်ဖလဲမင်းတို့အား တွေ့လိုက်ရသည်။

ပေါလ်မှာ သိသိသာသာ တုန်လှုပ်၍ သွားသည်။ ဖလဲမင်းသားအဖပါလာလိမ့်မည်ဟု သူ မျှော်လင့်မထားမိ။ သူတို့နှင့် မတွေ့ရသည်မှာ ကြာနေတော့လည်း တွေ့လိုက်ရသည့်အခါ ပေါလ်မှာ မျက်နှာမထားတတ်အောင် ဖြစ်နေ၏။ သို့သော် သူစဉ်းစားနေရန် အချိန်မရှိ။ သူတို့က သူ့အား မြင်သွားကြပြီဖြစ်၏။ မစ္စတာဖလဲမင်းက လက်ကို မြှောက်ပြလိုက်ပြီး၊ အယ်လာက သူ့လက်ထဲက ပဝါဖြူလေးကို လှုပ်ယမ်း၍ ပြလိုက်၏။ များမကြာမီပင် သူတို့ စင်္ကြံအရှံအတားကို ဖြတ်ကျော်ကာ ပေါလ်၏အနီးသို့ ချဉ်းကပ်လာခဲ့ကြပြီး သုံးယောက်စလုံးက တစ်ပြိုင်တည်း နှုတ်ဆက်စကားပြောကြသဖြင့် ရှုပ်ထွေးသွားလေတော့သည်။ သူ့အမေ၏မျက်လုံးများတွင် မျက်ရည်များစို့လျက်။ အယ်လာကမူ သူ၏လက်အိတ်စွပ်ထားသည့် လက်ကို ပေါလ်၏လက်ထဲက ပြန်၍ပင်မရုပ်ချင်သည့် အမူအရာ ရှိ၏။ မစ္စတာဖလဲမင်းကား နောက်နားတွင်ရပ်ကာ ပေါလ်အား နားလည်ခွင့်ပြုသည့်အကြည့်ဖြင့် ကြည့်၍ ပြုံးလျက်ရှိလေသည်။

သူတို့ ဓာတ်ရထားရပ်သည့်နေရာလမ်းထဲသို့ ထွက်လာခဲ့ကြသောအခါ မစ္စတာဖလဲမင်းနှင့် ပေါလ်၏ အမေတို့က သူတို့လိုက်လာကြလိမ့်မည်ဟု မျှော်လင့်ထားသည့်အလား ရှေ့က ထွက်သွားနှင့်ကြသောကြောင့် ပေါလ်လည်း အယ်လာနှင့်အတူပင် ဘူတာရုံအပြင်သို့ ထွက်ခဲ့ရ၏။ အယ်လာ၏ ဖရောင်းသားလိုကြည်လင်သည့် အသားအရေတွင် စိတ်လှုပ်ရှားမှု၏အရိပ်အရောင်များ သမ်းလျက် တောက်ပသော သူ၏ဆံပင်တိုတိုကို မကြာမီကမှ ကောင်းစွာလျှော်၍ အခွေအလိပ်များဖြင့် ပြုပြင်ထားသည်။ သူသည် ပန်းနုသမ်းသည့် မီးခိုးရောင် ဝတ်စုံနှင့် မီးခိုးရောင်ဦးထုပ်ကလေးကို ဆောင်းထားပြီး သူ၏မျက်လုံးများမှာ အရောင်တောက်လျက်ရှိသည်။ သူက ပေါလ်၏လက်မောင်းကို ဖမ်းကိုင်လိုက်ကာ နှစ်ကိုယ်ကြားပြောသည့် လေသံဖြင့် စကားစ၍ပြောလေတော့သည်။

"ပေါလ်ရယ်၊ အယ်လာလေ ပေါလ်ကို ရှိခိုးပြီး တောင်းပန်ရတော့မှာပဲ၊ ဒူးထောက်ပြီး တောင်းပန်သင့်တာပေါ့။ တောင်းပန်ဆိုရင်လည်း တောင်းပန်မှာပါလေ။ အနည်းဆုံး အယ်လာတစ်ယောက်ကတော့ တောင်းပန်မှာပေါ့" ဟု ဆိုကာ ပေါလ်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး "အယ်လာတို့က ဒီလိုမှန်းမှ မသိတာဘဲလေ။ သိရင် ဘယ် ဒီလိုဖြစ်ရလိမ့်မလဲ။ အယ်လာတို့ကတော့ ပေါလ်ဟာ အင်မတန်ကောင်းနေတဲ့ ကိုယ့်အလားအလာကို ဖျက်ဆီးပစ်ပြီး အလကားနေရင် ကိုယ့်ဘဝနစ်မွန်းအောင် လုပ်နေတာသက်သက်ပဲလို့ ထင်တာပေါ့။ ပေါလ်ကို ချစ်ကြတဲ့သူတွေကတော့ ဘယ် ဒီလိုဖြစ်စေချင်ပါမလဲ။ ပြီးတော့လည်း အယ်လာတို့က ပေါလ်ကို ကူညီရင် အားပေးရင် အခြေအနေ ပိုဆိုးသွားရုံပဲ ထင်တယ်လေ။ အယ်လာပြောသလိုပဲလေ။ ဒါကို ဘယ်တွေးမိမလဲ။ ဖြစ်လာတော့လည်း ကြည့်ပါဦး။ ပေါလ်လုပ်လိုက်တာတွေက။ တကယ့်လူပါပဲ။ ဒီသတင်းရောက်လာတော့လေ၊ အယ်လာဖြင့် မူးမေ့လဲတော့မလို့။ ပျော်လို့လေ၊ ပျော်လို့ပေါ့။ အဖေ နယ်ထွက်ရာကပြန်လာလို့ ဒီသတင်းပြောတော့ အယ်လာက မီးဖိုထဲမှာ ကိုကိုးဖျော်နေတာပေါ့။ ခဏတဖြုတ် အိပ်နေလိုက်ရသေးတယ် ပေါလ်ရယ်။ အယ်လာလေ၊ ပေါလ်ရဲ့သတင်းတွေ ကြားရတော့ စိတ်သောကဖြစ်ပြီး တစ်ခါတည်း နေမကောင်းဖြစ်လိုက်တာ၊ အိပ်ရာထဲ လဲမတတ်ပဲ။ ဒါပေမယ့် အယ်လာအကြောင်းတော့

မပြောတော့ပါဘူးလေ။ အယ်လာက တစ်ယောက်ထဲ ကျိတ်ပြီး ဘယ်သူမှမပြောဘဲ ခံတတ်ပါတယ်။ ပေါလ်ကြောင့်လေ၊ ပေါလ်ကတော့ တကယ့်လူစွမ်းကောင်းကြီးပါပဲ။ ဘဲလ်ဖတ်က သတင်းစာတွေကို ဖတ်ရစေချင်တယ်။ ဒီမှာလဲ ဒီလိုနေကြမှာပါပဲလေ။ လူတွေက ပေါလ်ကို ဘယ်လိုမြင်ကြလဲ၊ သိလား။ တစ်တိုင်းတစ်ပြည်လုံးမှာ လူတိုင်းရဲ့ပါးစပ်ဖျားမှာ ပေါလ်ရဲ့နာမည်ချည်းပဲပေါ့။ ခုလိုအချိန်အခါမျိုးမှာတော့ ထင်ပေါ်ချင်တာတို့၊ ကြွားဝါတာတို့ ဘယ်ရှိသင့်မလဲနော်။ ရထားမှာ ဓာတ်ပုံဆရာတွေ သတင်းထောက်တွေ လာကြမှာပဲထင်နေတာ။ မလာတာကိုပဲ တကယ်ဝမ်းသာရတယ်လေ။ အယ်လာဝတ်လာတာ ကြည့်လို့ကောင်းရဲ့လား မောင်။ နွေဦးရာသီနဲ့လည်း လိုက်အောင် အခြေအနေနဲ့လည်း ကိုက်အောင် ခပ်မှိုင်းမှိုင်း ဆင်လာရတာ။ ခုန အယ်လာပြောသလိုလေ။ ဒါဟာ ပေါလ်ရဲ့အောင်ပွဲကြီးပဲ။ အောင်ပွဲကြီးရတဲ့အခါ အစွမ်းကုန်ပျော်စေချင်တယ်လေ။ ဆုတောင်းကြရတာတွေလည်း ပါမှာပေါ့လေ။ အယ်လာဖြင့် ဘုရားသခင်ဆီမှာ ဆုတောင်းလိုက်ရတာ၊ တစ်ညမှ မပြတ်ပါဘူး” သူ၏မျက်လုံးများမှာ အချစ်အခင်များဖြင့် ပြည့်ကာ ဘာသာတရားနှင့်ပတ်သက်သည့်စကားကို ပြောတိုင်း လုပ်လေ့ရှိသလို အထက်သို့မော်၍ ကြည့်လိုက်သည်။

“အယ်လာတို့ အခုလိုပြန်ဆုံတွေ့ပြီး နောင်ရေးကိုစဉ်းစားနိုင်တဲ့အခြေရောက်လာတာလည်း တကယ်ကို အံ့ဩစရာပဲနော်။ အယ်လာတို့ ပြန်တွေ့ကြလို့ ဘယ်လောက်ပဲ ပျော်နေပျော်နေနော်။ ဩော် သူ့ခမြာနော် သနားပါတယ်။ အယ်လာဖြင့် သူ့အတွက် ရင်နာရတယ်။ ဒီလိုဟာမျိုးများ ဘယ်လိုဘယ်လိုများ ဖြစ်သွားရလဲမသိဘူးနော်။ တစ်ချို့ဟာတွေကျတော့လည်း ကောင်းကင်ဘုံကနေပြီး လူတွေရဲ့စိတ်ကို စင်ကြယ်အောင်၊ နူးညံ့သိမ်မွေ့လာအောင် စမ်းသပ်စစ်ဆေးတော်မူတာ ဖြစ်မယ်ပေါ့။ အယ်လာလေ၊ သူ့ကို ဝမ်းနည်းတဲ့အကြောင်း၊ သနားတဲ့အကြောင်း ပြောပြဖို့တွေ့ချင်လှပြီလေ။ ပြီးတော့လည်းလေ၊ သူ့အတွက် တစ်နည်းနည်းနဲ့ အယ်လာ တတ်နိုင်တာရှိရင် ပေါလ်က ခိုင်းလိုက်ရုံပဲပေါ့”

ပြောရင်းကပင် ဓာတ်ရထားပေါ်သို့ တက်မိကြပြီး ရှေ့ကလူများနှင့် ပြန်ပေါင်းမိသွားကြ၍ အယ်လာကလည်း အထက်သို့ တစ်ချက်မော့ကြည့်ကာ သူ့စကားကို ရပ်ထားလိုက်သည်။ ဤသို့ အယ်လာက တစ်ယောက်တည်းလျှောက်၍ ပိုင်စိုးပိုင်နင်းပြောလိုက်သည့် အနှစ်သာရကင်းမဲ့လျက် နက်နဲမှုလုံးဝမရှိသော အပေါစားစကား အပိန်အဖျင်းစကားများကို ကြားနေရသောပေါလ်သည် သူ၏နှုတ်ခမ်းကို သူ ကိုက်ထားလိုက်မိသည်။ အယ်လာက ဤမျှ ပိုင်စိုးပိုင်နင်းဖြစ်နေလောက်အောင် သူကကော စကားတွေ လွှန်ထားခဲ့မိလေသလား။ သူ့အဖို့တော့ သူ အယ်လာအပေါ် စိတ်ညွတ်ခဲ့မိသည်ဆိုသည်ကိုပင် အံ့ဩလျက်ရှိ၏။ သူ၏စိတ်တို့သည် အကြီးအကျယ် ပြောင်းခဲ့ပြီဖြစ်၏။ လီနာ၏အကြောင်း တွေးလိုက်မိတော့ သူဝမ်းနည်းသွားသည်။ သူတို့လေးယောက်စလုံး ဓာတ်ရထားအပေါ်ထပ်ခုံများတွင် ထိုင်မိကြတော့ ပေါလ်စိတ်ထဲက သူတို့အား အဖေပြောင်းလဲနေပုံကို ပြောပြထားဦးမည်ဟု တွေးမိသည်။ မစ္စတာဖလဲမင်းမှာ အယ်လာခပ်တိုးတိုးလေသံဖြင့် ပေါလ်အား စကားဆက်ပြောလာစဉ်တွင် သူ့စိတ်ထဲ၌ တိတ်တဆိတ်ပင် သံသယများဝင်နေသလို တစ်စုံတစ်ခုကို အပြန်အလှန်တွေးနေဟန်ဖြင့် ပြူတင်းပေါက်မှ အပြင်သို့ကြည့်ကာ တစ်ကိုယ်တည်း ငေးလျက်ရှိသည်။ အမျိုးသမီးနှစ်ယောက်ကတော့ ဘာမျှသိပုံမရ။ သူတို့ကို ပြောထားဖို့ သူ့မှာ တာဝန်ရှိသည်။ သို့သော် ဓာတ်ရထားက တရွေ့ရွေ့ဆွဲကာ ဟိုတယ်နှင့် တရိပ်ရိပ်နီးလာခဲ့သော်လည်း သူက တစ်ခွန်းမှ မဟဖြစ်။ အယ်လာ၏ပေါ့ပေါ့တန်တန် စိတ်ထက်သန်မှုမျိုးကို ဝတ်ကောင်းစားလှနှင့် ဣန္ဒြေရရပင် စိတ်တက်ကြွလျက် အသက်အရွယ်အလိုက် မက်လုံးပေးနေဟန်ရှိသည့် သူ့အမေတွင်လည်း အရိပ်အယောင် မြင်မိသောအခါ ပေါလ်မှာ စိတ်ထဲက မသိမသာအမြင်ကတ်သလိုဖြစ်ပြီး သူတို့၏ဘက်သား လုပ်လိုစိတ်များ မရှိတော့ဘဲ ရန့်ရင်းကြမ်းတမ်း၍နေသော သူ့အဖေ၏ဘက်သား ဖြစ်၍နေခဲ့သည်။ သူတို့ထိုက်နဲ့သူတို့ကံ ရှိပါစေတော့လေ။

ဝင်ဆာတွင် သူတို့ ဓာတ်ရထားပေါ်မှ ဆင်းကြသောအခါ ပေါလ်က ဘာတစ်ခွန်းမျှမပြောဘဲ သူတို့အား ဟော်တယ်ထဲသို့ ခေါ်သွားသည်။ အပေါ်ထပ်သို့ ရောက်လျှင် တမင်အရွဲ့တိုက်နေသည့်အလား သူ့နှုတ်ခမ်းများကို စေ့နေအောင် ပိတ်လျက် တိတ်ဆိတ်စွာပင် ဧည့်ခန်းတံခါးကိုဖွင့်၍ သူတို့အားဝင်ရန် လမ်းပြပေးလိုက်လေ၏။

မက်ထရီသည် နံနက်စာစားပြီး၍ စီးကရက်တစ်လိပ်ကို သောက်လျက်ရှိလေသည်။ သူ့မှာ ကြိုးသိုင်းများနှင့် ဘောင်းဘီရှည်ကိုသာ ဝတ်လျက် လည်ပင်းကြယ်သီးကို ဖြုတ်ထားသည်။ သူ၏ ရှူးဖိနပ်အညိုကို သက်တောင့်သက်သာဖြစ်အောင် ကြိုးများကိုလျှော့ကာ ရှေ့က ဖွင့်ဟ၍ထားသည်။ သူသည် နံနက်စာ အကြွင်းအကျန်နှင့် ပန်းကန်များမသိမ်းရသေးသည့်စားပွဲ၌ပင် ထိုင်လျက်ရှိ၏။ ဧည့်သည်များ အခန်းထဲသို့ဝင်လာကြ၍ တဖြည်းဖြည်းလှည့်ကြည့်လိုက်သည့် သူ၏မျက်နှာမှာ ရေးကထက်ပင် အကဲခတ်ရ ခက်လျက် ရှိသည်။ သူတို့အားကြည့်ရင်းက သူသည် ကော်ဖီပန်းကန်ကို မြှောက်ကာ သူ၏ကြမ်းတမ်းတွန့်ရှုံ့နေသော အရေပြားများ နိမ့်ချည်မြင့်ချည်လှုပ်ရှားသွားအောင် တဂွပ်ဂွပ် သောက်ချလိုက်လေ၏။ ထို့နောက် ပန်းကန်ကိုပြန်ချကာ ပေါလ်၏ဘက်သို့ လှည့်ကြည့်လိုက်၏။ ပေါလ်တစ်ယောက်သာ သူ အသိအမှတ်ပြု၍ သည်းခံထားသည်။

“သူတို့က ဘာတဲ့လဲကွ”

ဤသို့ မေးလိုက်တော့ ပေါလ်မှာ ဖြေစရာစကားက ရုတ်တရက်ထွက်၍မလာနိုင်။

“ဒီလိုလေ အဖေ၊ သူတို့က အဖေ့ဆီကို လာကြတာ”

“ငါက သူတို့နဲ့ မနေချင်ဘူး။ မင်းကမှ နည်းနည်းပါးပါး တော်သေးတယ်။ သူတို့က ဘာမှ လုပ်တာမဟုတ်ဘူး။ သူတို့ ငါ့ကို နှစ်ပေါင်းများစွာ ဖြစ်ချင်ရာဖြစ် ပစ်ထားကြတာ။ အခုမှ ငါထွက်လာရတယ်ဆိုတော့ ဘာများရမလဲလို့ ငါ့ခြေရင်းမှာ လာပြီး ဝပ်ကြပြန်တာ”

ဤကဲ့သို့ မချေမငံပြောလိုက်သောအခါ အမျိုးသမီးနှစ်ယောက်မှာ မျက်စိမျက်နှာပျက်လျက်ရှိကြပြီး ဘုန်းကြီးမှာ သူတို့လောက် ဣန္ဒြေမပျက်သော်လည်း မျက်နှာဖြူရော်လျက် ရှေ့သို့ ခြေတစ်လှမ်း တိုးသွားသည်။ ပေါလ်တွေးထင်ထားသည့်အတိုင်းပင် သူကတော့ ဤအခြင်းအရာမျိုးကို ကြိုတင်မှန်းဆခဲ့မိဟန် တူပေသည်။ သူက ဖျောင်းဖျောင်းဖျဖျလေသံဖြင့် “ကျွန်တော်တို့ကို ခင်ဗျား အပြစ်တင်မယ်ဆိုရင် တင်ထိုက်ပါတယ်လေ။ ကျွန်တော်တို့ကတော့ ‘ကရုဏာမေတ္တာရှေ့ထားပြီး သနားသဖြင့် ခွင့်လွှတ်ပါ’လို့ပဲ ခင်ဗျားကို တောင်းပန်ရုံပါပဲ” ဟု ပြောလိုက်၏။

မက်ထရီသည် မစ္စတာဖလဲမင်းအား မနှစ်မျို့စွာ လှမ်းကြည့်လိုက်သည်။

“ခင်ဗျားကတော့ နည်းနည်းမှ မပြောင်းလဲဘူး။ ခင်ဗျာ့ကို ကျုပ်ကောင်းကောင်း မှတ်မိပါတယ်။ ပါးစပ်ကလေးကတော့ ချိုချို ချိုချိုနဲ့။ ပေါက်ကရတွေ လျှောက်ပြောနေတာကို ကျုပ် မလိုချင်ဘူး။ အရင်က အတော်သည်းခံပြီး နားထောင်ခဲ့ရလှပါပြီ။ ခွင့်လွှတ်ခြင်းတဲ့၊ ထွီ” သူ၏ ကွဲအက်နေသော နှုတ်ခမ်းများကို စု၍ဆွဲကာ ရန်သတ္တရုပြုလိုသည့်အသွင်ပြလိုက်ပြီး “ထောင်ထဲမှာ ဟစ်ဆိုတဲ့ ထောင်ကြပ်တစ်ကောင်ရှိတယ်။ ကျုပ်ရောက်သွားတဲ့ ပထမလပေါ့။ ကျုပ်က အလုပ်မကျွမ်းကျင်သေးတော့ သေလုအောင် ပန်းတာ။ ဒါပေမယ့် အဲဒီ ဟစ်ဆိုတဲ့အကောင်က ဘေးကနေပြီး အတင်းခိုင်းနေတယ်။ မျက်စိထဲကို ချွေးတွေဝင်ပြီး ဘာမှ မမြင်ရတော့ ကျုပ်ရဲ့ပေါက်တူးကို အလွှဲလိုက်မှာ ကျောက်တုံးကချော်ထွက်သွားပြီး သူ့ဖိနပ်ကို သွားထိတယ်။ သူ့အသားကို ဆူးငြိသလောက်တောင် မထိပါဘူး။ သူ့ဖိနပ် အပေါ်ယံသာ နည်းနည်း ကွဲသွားတယ်။ ကျုပ်ကို သူခွင့်လွှတ်ခဲ့သတဲ့လား။ ကျုပ်က သူကို သတ်ဖို့ အားထုတ်ပါတယ်ဆိုပြီး တိုင်လို့ ထောင်မှူးဆီ ရောက်ခဲ့ရတယ်။ ဒါတောင် သူကမကျေနိုင်သေးဘူး။ ကျုပ် ဟင်းပန်းကန်ထဲကို တံတွေးထွေးထည့်လိုထည့်၊ မြေတိုက်ခန်းထဲ ပိတ်လိုပိတ်။ နေရာတကာ ကျုပ်ကိုချည့် ကြည့်ပြီး အပြစ်ရှာ၊ ဆယ့်ငါးနှစ်လုံးလုံး ကျုပ်ကို ငရဲသားလို ညှင်းဆဲလာခဲ့တယ်။ ဒါနဲ့တောင် ခင်ဗျားက ကျုပ်ကို ခွင့်လွှတ်ဖို့ ပြောနေသေးတယ်”

ဖလဲမင်းက အားနည်းစွာပင် "ခင်ဗျား ခံစားခဲ့ရတယ်ဆိုတာ ကျုပ်သိပါတယ်။ ခင်ဗျား အတော့်ကို ဆိုးဆိုးဝါးဝါး ခံခဲ့ရပါတယ်။ ဒါကြောင့်မို့ကိုပဲ ခင်ဗျာ့မိသားစုရဲ့ ငြိမ်းချမ်းသာယာတဲ့ရင်ခွင်မှာ နဂိုအခြေပြန်ရောက်အောင် ထူထောင်ရာမှာ ကျွန်တော်တို့က စောင့်ရှောက်ကူညီချင်တာပါ" ဟု ပြောသည်။

မက်ထရီ၏မျက်နှာမှာ အဝတ်အထည်များ ရွေးချယ်စဉ်ကကဲ့သို့ပင် ဖွတ်ပေ၍ သူလုပ်ချင်ရာ လုပ်တော့မည့် အသွင်မျိုးပေါ်လာကာ "ကျုပ်မှာ တခြားစိတ်ကူးတွေ ရှိတယ်။ ကျုပ် ဘဝ မဆုံးသေးဘူး။ မသေခင် ပျော်ပျော်နေဦးမယ်" ဟု ဆိုလိုက်သည်။

"ဘယ်လိုနေမလဲ"

"စောင့်ကြည့်ပေါ့၊ လူညာကြီးရ။ ကျုပ်ကိုတော့ သူတို့လုပ်လို့ အားရပြီ။ အခု ကျုပ်အလှည့်ရောက်လာပြီလေ"

ဘာဆက်ပြောရမှန်းပင် မသိနိုင်တော့သော ဖလဲမင်းလည်း ပါးစပ်အဟောင်းသားနှင့် အံ့အားကြီးသင့်ကာ မက်ထရီအား ငေးစိုက်ကြည့်နေမိသော ပေါလ်၏အမေဘက်သို့ လှည့်ကြည့်လိုက်၏။ ယခုအထိ ပေါလ်၏အမေက စကားတစ်ခွန်းမျှ မပြောသေး။ ပြောနိုင်ဟန်လည်း မတူ။ သို့ရာတွင် အဝေးအတိတ်ဆီမှနေ၍ အမျိုးအမည် မဖော်ပြတတ်သော စိတ်လှုပ်ရှားမှုတစ်ခုက နှိုးဆော်လိုက်သည့်အလား သိမ့်သိမ့်ခါအောင်ငိုရှိုက်ရင်းက လက်ကိုကမ်းပေးကာ

"ရီစ်းရယ်၊ ဘဝအသစ်ပြန်စဖို့ ကြိုးစားကြပါဦးစို့လား" ဟု ပြောလိုက်သည်။

သို့သော် သူ ရှေ့သို့ တစ်လှမ်းမျှမရွေ့ရမီ မက်ထရီ၏မျက်နှာထားက တားဆီးထားလိုက်၏။

မက်ထရီသည် စားပွဲကို လက်သီးဖြင့်ထုလိုက်ပြီး "တော်ပါပြီ၊ နင်နဲ့ငါနဲ့ကတော့ ရေစက်ကုန်ပါပြီ။ ငါက ဒီထက် ငယ်ငယ် တက်တက်ကြွကြွရှိတာကိုသာ လိုချင်တာ" ဟုဆိုကာ သူ၏မျက်လုံးများက အယ်လာဘက်သို့ လှည့်ကြည့်လိုက်သဖြင့် အယ်လာလည်း ရှက်သွေးများဖြန်းသွားသည်။ ထိုနောက် မက်ထရီလည်း သူ့မိန်းမဘက်သို့ပြန်လှည့်ကာ နှုတ်ခမ်းများကို မုန်းတီးရွံရှာစိတ်ဖြင့် စေ့နေအောင် ပိတ်ထားရာမှ "ငါက သူငယ်ချင်းအပေါင်းအသင်း အိမ်ခေါ်ပြီး ဘီယာကလေးဘာလေး တိုက်ချင်တာတောင် နင်က မတိုက်ရဘူး။ နင်ဟာ ငါ့ကို ဘုရားဝတ်တက်ဖို့ပဲ မသွားသွားအောင် တကျီကျီ နားပူနားဆာလုပ်ချင်တဲ့မိန်းမ။ ကမ္ဘာပေါ်မှာ နင်တစ်ယောက်တည်း မိန်းမရှိတော့တယ်ဆိုလည်း နင့်အနား ငါမကပ်တော့ဘူး" ဟု ပစ်ပစ်ခါခါ ပြောလိုက်သည်။

ပေါလ်၏အမေလည်း ရှက်လွန်းလှသဖြင့် မျက်နှာကို ငုံ့ထားရာမှ မျက်ရည်များ ဖြာ၍ကျလာကာ နီးရာကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်ချလိုက်ရ၏။ အယ်လာလည်း သူ့ထံသို့ပြေးသွားကာ အနီးတွင် ဒူးထောက်လျက်က စိတ်သက်သာရာရစေရန် ချော့မော့ဖျောင်းဖျလေသည်။ မစ္စတာဖလဲမင်းလည်း ကြမ်းပေါ်က ကော်ဇောကိုသာ စိုက်ကြည့်လျက် ငြိမ်သက်စွာပင် ရပ်နေလေသည်။ ပေါလ်သည် ကုလားထိုင်ပေါ်၌ ငုံ့လျက်ရှိသော သူ့အမေအား လှမ်းကြည့်နေမိသော်လည်း သူ့အမေထံသို့ သူမသွား။ ယခုတစ်ကြိမ်တွင်လည်း သူက သူ့အဖေဘက်သားဖြစ်နေသကဲ့သို့ ရှိပြန်လေသည်။

စားပွဲတွင်ကား မက်ထရီသည် မလှုပ်မရှက်ပင် မျက်ခွံများအိတွဲကျလျက် မျက်မှောင်ကြုတ်ကာ ပတ်ဝန်းကျင်ကိုမေ့လျက် သူ့ဖာသာသူ တွေးနေသလိုအတန်ကြာ ငြိမ်သက်နေ၏။ ထိုနောက် သူသည် လေးလံစွာပင် ထိုင်ရာမှထ၍ တံခါးဆီသို့ လျှောက်သွားသည်။ သူ ထွက်မသွားမီ ရီဝေသောမျက်လုံးများဖြင့် အခန်းထဲကလူများအား တစ်ချက် ဝေ့၍ ကြည့်လိုက်သည်။

"ကြာပွတ်နဲ့ အချက်သုံးဆယ်လောက် ရိုက်ပစ်ဖို့ကောင်းတယ်။ ဒါမှ နင်တို့ ကောင်းကောင်းဟစ်ပြီး ငိုရမယ်။ ငါ့ကို သူတို့ အဲသလိုလုပ်ကြတာပဲ"

တံခါးကို ဒိုင်းခနဲပိတ်ခဲ့ပြီး သူထွက်သွားသောအခါ ငိုရှိုက်သံများမှတစ်ပါး ဘာသံမျှ မကြားရတော့။ ဖလဲမင်းလည်း ပြူတင်းဆီသို့သွားကာ တင်းမာသောမျက်နှာဖြင့် အပြင်ဘက်သို့ ငေးကြည့်နေလေသည်။

ပေါလ်၏အမေက "အမယ်လေး၊ အမယ်လေး။ ငါ သေသာသေလိုက်ချင်တယ်" ဟု ညည်းတွားလေသည်။

အယ်လာလည်း ထိတ်လန့်သွားသည့် အမူအရာဖြင့် ငိုရှိုက်ရင်းက "ဘယ်နှယ့်ဖြစ်တာပါလိမ့်မလဲ။ ကျွန်မဖြင့် နားမလည်တော့ဘူး။ သတင်းစာထဲမှာ ပါသလို ကောင်းတယ်လို့ပဲ အောက်မေ့နေတာ။ ကျွန်မတော့ အိမ်ကိုပဲ ပြန်ချင်တော့တာပဲ" ဟု ဆိုလိုက်၏။

ပေါလ်အမေကလည်း ရှိုက်ရင်းပင် "တို့ အစကတည်းက လာဖို့မသင့်ဘူး၊ အခုချက်ချင်းပဲ ပြန်မယ်" ဟု သဘောတူလိုက်သည်။

မစ္စတာဖလဲမင်းက တစ်ဆို့နေသော်လည်း ချုပ်တည်းသည်းခံလိုက်သည့် လေသံဖြင့် "မဟုတ်သေးဘူးလေ။ စုံစမ်းစစ်ဆေးမှုပြီးသည်အထိ နေကြရမှာပေါ့။ တစ်ခါက တို့များ သူ့အပေါ်မှာ ဝတ္တရားပျက်ကွက်ခဲ့ကြပြီ။ နောက်တစ်ခါထပ်ပြီး ပျက်ကွက်လို့ ဘယ်ဖြစ်မလဲ။ နောက်မကျသေးပါဘူး ထင်ပါတယ်။ တို့များ အစွမ်းကုန်ဆုတောင်းပြီး သူ့ကိုကောင်းလာအောင် ပြုပြင်နိုင်ကြပါလိမ့်မယ်။ မျှော်လင့်ချက်ကလေးထားကြရင် ရနိုင်ပါလိမ့်မယ်" ဟု ပြောလိုက်လေ၏။

*

## အခန်း – ၁၅

ပူအိုက်သောနံနက်ခင်းဖြစ်သည့် မတ်လ နှစ်ဆယ့်ငါးရက် တနင်္လာနေ့ ဆယ်နာရီအချိန်တွင် ဝေါ့တလေ တရားရုံးချုပ်တွင် လူများပြည့်သိပ်လျက်၊ အပြင်ဘက်က လမ်းဘေးစင်္ကြံများပေါ်ထိ လျှံထွက်လျက်ရှိလေသည်။ လေ့လာသူများအတွက်ထားသည့် အပေါ်ထပ်ပွဲကြည့်စင် ခုံတန်းများတွင်ကား လူအပြည့်အကြပ် ဖြစ်နေရုံမက လှေကားများပေါ်အထိ လည်တမော့မော့နှင့် လူများ အဆင့်ဆင့်ညပ်ကာ ခေါင်မိုးဆီအထိ ပြည့်နေလေသည်။ တရားခွင်မှာလည်း ထိုနည်းတူစွာ လူပြည့်ကြပ်နေ၏။ လက်ဝဲဘက်တွင် သတင်းထောက်တပ်ကြီးသည် ကလောင်တံများဖြင့် အလုပ်များလျက်ရှိနေကြပြီဖြစ်၏။ လက်ျာဘက်တွင် ဝေါ့တလေမြို့တော်၏ ထင်ရှားသော

မျက်နှာဖုံး လူကြီးများ၊ နိုင်ငံသိပုဂ္ဂိုလ်ကြီးများ။ အလယ်တွင် ရှေ့နေချုပ်ကြီးနှင့် ညွှန်ကြားသူအစိုးရရှေ့နေကြီး ဆာမက်သယူး စပရောက်၊ အမတ်ကြီး အိုမန်နှင့် အခြားအစိုးရအရာရှိကြီးများ။ သူတို့၏နောက်တည့်တည့်၌ အယူခံတရားလိုအတွက် ရှေ့နေကြီး ဘုရင့်အတိုင်ပင်ခံဝတ်လုံတော်ရ မစ္စတာနီဂယ်ဂရေဟမ်နှင့် သူ၏လက်ထောက်တို့အပြင် ညွှန်ကြားသူရှေ့နေတို့ ရှိကြ၏။ ထိုနောက်တွင်မှ ပေါလ်၊ သူ၏အမေ၊ အယ်လာနှင့် ဘုန်းတော်ကြီး ဖလဲမင်း၊ ဒန်း၊ မက်အီဗွိုင်နှင့် သူတို့၏ ရှေ့နေကြီး၏ဆန္ဒကိုဆန့်ကျင်လျက် သူ့ဘာသာသူ လူတိုင်းမြင်နိုင်သည့် နေရာတွင်ထိုင်ကာ သူ့နှုတ်ခမ်းများကို သူကိုက်၍ မှုံတေတေနှင့် တရားခွင်ရှုခင်းကို ကြည့်နေသူကား စတုန်းဟိသ်အကျဉ်းထောင်၌ ဆယ့်ငါးနှစ်မျှ အပြစ်ဒဏ်ခံခဲ့ရသည့် အကျဉ်းသားဟောင်းကြီး ရီးစ်မက်ထရီ ပေတည်း။

ရတ်တရက် မျှော်တလင့်လင့်တီးတိုးသံများ ငြိမ်သက်သွားကာ လုံးဝတိတ်ဆိတ်သွားချိန်တွင် တံခါးပွင့်လာသည်။ တရားသူကြီးက ဦးဆောင်လျက် အယူခံခုံရုံးအဖွဲ့ တရားသူကြီးငါးဦးတို့သည် ဝတ်ရုံကြီးများတလွင့်လွင့်ဖြင့် တည်ငြိမ်စွာတန်းစီ၍ ဝင်လာကြသည်။ ဝင်လာသော တရားသူကြီးများအားလုံး တရားခွင်၌ထိုင်မိသည့် အချိန်အထိ တိတ်ဆိတ်ငြိမ်သက်နေသည်။ တခဏမျှကြာသော် ရုံးတော်မှအမှုခေါ်သံကို ကြားကြရသည်။

"ရီးစ်မက်ထရီက ဘုရင်မင်းမြတ်ပေါ်တွင် အယူခံဝင်သည့်အမှု ခေါ်စေ"

ပေါလ်လည်း သူ့နေရာ၌ ညောင်း၍တောင့်နေရာမှ ပင့်သက်တစ်ချက်ပြင်းပြင်း ရှိုက်လိုက်မိ၏။ နေ့စဉ်ရက်ဆက်ပင် နီဂယ်ဂရေဟမ်က အမှုအတွက် အထူးဂရုတစိုက် အသေးစိတ်ကလေးများကို စီစဉ်လျက်ရှိစဉ် ပေါလ်ကလည်း မျက်ခြည်မပြတ်လိုက်၍ ကြည့်ရှုမှတ်သားနေခဲ့သည်။ ယခု စုံစမ်းစစ်ဆေးမှု တကယ်စပြီဆိုသောအခါ သူ့မှာ မယုံတစ်ဝက်ယုံတစ်ဝက်နှင့် ရှိလေသည်။ ဂရေဟမ်က ဖြည်းညှင်းစွာထိုင်ရာမှ ထလိုက်တော့ ပေါလ်မှာ မျက်လုံးများဝေသွားသလို ထင်လိုက်မိသည်။ အရပ်အမောင်းကောင်းကောင်းနှင့် ပျို့ရွှယ်ဆဲ ဝတ်လုံတော်ရရှေ့နေကြီးသည် ဣန္ဒြေရစွာပင် လက်တစ်ဖက်က သူ၏ဝတ်လုံရင်စင်းကို ရှေးမူမပျက်ကိုင်၍ တရားခွင်သို့ လှည့်ကာ စကားစပြောလေသည်။ သူ၏လေသံမှာ သူ၏အမူအရာကဲ့သို့ပင် အေးအေးသက်သာ ရှိလှသည်။ စာသံပေသံ တရားဟောသံမျိုးမပါ၊ အလွှာပသလွှာပ ပြောနေသလိုဖြစ်လေသည်။

"တရားမင်းများခင်ဗျာ၊ ၁၉၂၁ ခု ဒီဇင်ဘာ ၁၅ ရက်နေ့က စတင်ပြီး နောက်ရက်များမှာ ဆက်တိုက်ဆိုသလိုပဲ အစိုးရရှေ့နေကြီး မစ္စတာမက်သယူးစပရောက်က တရားစွဲဆို တင်ပို့လိုက်တဲ့ အတွက် အခုအယူခံတရားလို ရီးစ်မက်ထရီကို ဝေါ့တလေတရားသူကြီးအဖွဲ့က ကြားနာစစ်ဆေးခဲ့ပါတယ်။ စွဲချက်ကတော့ မိုနာစပါးလိန်း ဆိုတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ လည်ပင်းကို သင်စုန်ဓားနဲ့လှီးပြီး သတ်ခဲ့တယ်ဆိုတဲ့ စွဲချက်ပါပဲ။ အယူခံတရားလိုဟာ သူ့မှာ အပြစ်မရှိပါဘူးလို့ ထုချေခဲ့ပြီးတဲ့နောက်မှာ အမတ်ကြီးအိုမန် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ဂျူရီအဖွဲ့နဲ့ ကြားနာစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ၁၉၂၁ခု ဒီဇင်ဘာလ ၂၃ ရက်နေ့က တရားခံကို ဝေါ့တလေ အကျဉ်းထောင်အတွင်းမှာ သေဒဏ်စီရင်စေဆိုတဲ့ အမိန့်ကို ချမှတ်ခဲ့ပါတယ်။ ဒီနောက်မှာ အယူခံတရားလိုရဲ့ အပေါ်မှာ ချမှတ်လိုက်တဲ့ သေဒဏ်ကို တသက်တကျွန်းထောင်ဒဏ်နဲ့ ပြောင်းလဲကျခံစေတဲ့အတွက် သူ့ကို စတုန်းဟိသ်အကျဉ်းထောင်ကို ရွှေ့ပြီး ဆယ့်ငါးနှစ်လုံးလုံး အပြစ်ဒဏ်ခံစေခဲ့ပါတယ်။ အခုအခါ အယူခံတရားလိုဟာ ရာဇဝတ်ပြစ်မှုများ အယူခံဝင်ရောက်ရေး အက်ဥပဒေမှာပါရှိတဲ့ ခွင့်ပြုချက်များကို အသုံးပြုပြီး သူ့အပေါ်မှာတင်ခဲ့တဲ့ စွပ်စွဲချက်ထဲက ပြစ်မှုကို သူကျူးလွန်ခဲ့ခြင်းမရှိခဲ့တဲ့အကြောင်းနဲ့ သူ့အပေါ်မှာ အပြစ်ဒဏ်ပေးလိုက်ခြင်းဟာ မတော်မတရား မှားမှားယွင်းယွင်း စီရင်လိုက်ခြင်းသာ ဖြစ်တဲ့အတွက် အဲဒီအမှုနဲ့ပတ်သက်လို့ တရားလမ်းကြောင်း တည့်မတ်ဖြောင့်မှန်ရေးမှာ ကြီးလေးတဲ့ ဖျက်ဆီးမှုများ ရှိခဲ့တယ်ဆိုတာကို အထောက်အထားများနဲ့ အခိုင်အမာပြဆိုဖို့ ဆန္ဒရှိပါတယ်"

ပေါလ်လည်း သူ့နေရာမှဘေးသို့ နည်းငယ်ယိမ်းပြီး ပခုံးကိုလှမ်းတို့မည်ဆိုလျှင် တို့လိုက်နိုင်သည့်နေရာ၌ ရှိနေကြသော ဥပဒေအကျိုးဆောင်ကြီးများကို မသိမသာလှမ်း၍ကြည့်လိုက်မိသည်။ ဘေးတိုက်မြင်နေရသည့် ပုလိပ်မင်းကြီးဒေးမှာ တည်ငြိမ်ဣန္ဒြေရလှပေသည်။ အိုမန်ကား မာန်မာနကြီးစွာ လောကကြီးတစ်ခုလုံးကို အမှုမထားသည့်မျက်နှာမျိုးကို ဆောင်လျက်။ စပရောက်မှာမူ သူ၏ကုလားထိုင်တွင် ခပ်ကားကားထိုင်ကာ မျက်နှာအနည်းငယ် နီမြန်းနေသော်လည်း အမှုမဲ့အမှတ်မဲ့ မျက်နှာထားမျိုးကို တမင်ဆောင်ထားရဟန် ရှိ၏။ ထိုပုဂ္ဂိုလ်ကြီးများဆီမှ တစ်ဖန် ပေါလ်သည် တရားရုံးတော်တွင် ရင်တမမနေခဲ့ရသည့် အဖြစ်မျိုးကို နောက်တစ်ကြိမ် ရင်ဆိုင်နေရပြန်သော သူ့အဖေ၏ မသပ်မရပ်သဏ္ဌာန်ကို ကြည့်လိုက်မိပြန်သည်တွင် သူ့ရင်ထဲ၌ ပြည့်ခဲတင်းကျပ်လာသဖြင့် တစ်ဖက်သို့ မျက်နှာလွှဲထားလိုက်ရလေ၏။

ဂရေဟမ်သည် အယူခံလွှာကို ဖတ်ကြားတင်သွင်းပြီးသောအခါ လေးနက်တည်ငြိမ်စွာပင် တရားခွင်ဆီသို့ စူးစိုက်၍ကြည့်ရင်း ခေတ္တမျှ ရပ်နားလိုက်၏။ ထိုနောက် ဣန္ဒြေမပျက် လေသံမပြောင်းဘဲ သူ၏လျှောက်ချက်များကို ဆက်လက်၍တင်လေသည်။

"တရားမင်းများခင်ဗျာ၊ လွန်ခဲ့တဲ့ တစ်ဆယ့်ငါးနှစ်ကာလကဆိုရင် ရီးစ်မက်ထရီရဲ့အမှုတွဲဟာ ပြည်ထဲရေးဌာနရဲ့ ဖုံထူလှတဲ့အမှုတွဲခန်းထဲမှာ မြုပ်နေခဲ့ပါတယ်။ အဲဒီအမှုကို တစ်ဆယ့်ငါးနှစ်လုံးလုံး မေ့လျော့ထားခဲ့ကြပြီး လူသတ်သမားရယ်လို့ အပြစ်ဒဏ်ခံခဲ့ရတဲ့လူက ခံနေရစဉ်မှာ ကမ္ဘာလောကကြီး တစ်ခုလုံးကတော့ အေးချမ်းသာယာလျက်ပါပဲ။

"ဒီနောက် အပြစ်ခံနေရသူရဲ့ သားဟာ ဒီအမှုအကြောင်းကို သူ ဘယ်လိုမှ မသိနိုင်အောင် ပိတ်ဆို့ကာကွယ်ထားတဲ့ထဲကပဲ ကံအားလျော်စွာသိရှိသွားပြီး သူ့အဖေရဲ့ စက်ဆုပ်ထိတ်လန့်ဘွယ် ပြစ်မှုကြီးဟာ သူ့အပေါ်မှာ ရောဂါဆိုးကျရောက်သလို ကပ်ငြိနှိပ်စက်ခဲ့ပါတယ်။ တရားဥပဒေရဲ့ တန်ခိုးအရှိန်အဝါများကို စိတ်ချယုံကြည်စွာနဲ့ပဲ သူ့အဖေဟာ ဒီ ရက်ဖွယ်ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့တဲ့ လူသတ်သမားကြီးဖြစ်တယ်ဆိုတဲ့ အချက်ကို လက်ခံယုံကြည်ပြီး သူ့မှာထိတ်လန့်တုန်လှုပ်ခဲ့ရပါတယ်။ ဒါပေမယ့်လဲ သူဟာ အဖေကို အင်မတန်ချစ်တဲ့သားဖြစ်လေတော့ သူ့အဖေဟာ ဒီလို မဖွယ်မရာအမှုမျိုးကို ဘယ်လိုအကြောင်းမျိုးကြောင့် ကျူးလွန်ခဲ့ရပါလိမ့်ဆိုတာကို သိချင်နေတဲ့စိတ်ဆန္ဒက သူ့ကို အတင်းအကြပ်မလှုပ်ချင်လို့လဲ မနေနိုင်အောင် တိုက်တွန်းနှိုးဆော်နေတဲ့အတွက် အဲဒီအမှုဖြစ်ပွားစဉ်က ပတ်ဝန်းကျင် အကြောင်းအချက်များကို ထွက်ပြီး ရှာဖွေခဲ့ပါတယ်။ သူ စထွက်ခဲ့ပြီး လပေါင်းများစွာ ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အတိုက်အခံ အမျိုးမျိုးကို အလူးအလဲခွဲနဲ့ခံပြီး၊ တစ်ထစ်ချင်း တစ်လှမ်းချင်း၊ ဒီ မေ့မေ့ပျောက်ပျောက်ဖြစ်နေတဲ့ အမှုရဲ့ အဖြစ်မှန် အကြောင်းအချက် အစုံအလင်ကို တွေ့ရှိခဲ့ရပါတယ်။ တရားမင်းကြီး ခင်ဗျား။ အဲသလို အားထုတ်မှုက ရရှိလာတဲ့ အကျိုးတရားများကြောင့်ပဲ၊ အခု ကျွန်တော်တို့ ဒီကနေ့ ဒီရုံးတော်တရားခွင်မှာ စုဝေးရောက်ရှိလာကြရခြင်းပဲ ဖြစ်ပါတယ်"

ဂရေဟမ်၏အဖွင့်စကားများနှင့် လေးနက်တည်ငြိမ်လှသည့် သူ၏တင်ပြပုံတို့ကို လူအများက နက်နက်နဲနဲ စိတ်ဝင်စားလျက် ရှိကြပေသည်။ ပေါလ်သည် ကြမ်းပြင်သို့သာ စိုက်၍ကြည့်နေလိုက်မိ၏။ ဂရေဟမ်လည်း ခေတ္တမျှ ရပ်နားပြီး တစ်ချက်တစ်ချက်တွင် သူ့ရှေ့ရှိ စာရွက်စာတန်းများကို လှန်လှောကြည့်ရှုကာ အမှုဖြစ်ပွားပုံ၊ တရားခံအားဖမ်းဆီးပုံ၊ အမှုကိုစစ်ဆေးပုံ၊ ကြားနာပုံ၊ ၁၉၂၁ခု ဒီဇင်ဘာလတွင် ရီးစ်မက်ထရီအား အပြစ်ပေးခဲ့ပုံတို့ကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာလျက် ဆက်လက်တင်ပြသွားလေရာ ပေါလ်မှာ ရင်ထဲက တလှပ်လှပ် တုန်လျက်ရှိလေသည်။ ဤကြေကွဲဖွယ်ဖြစ်ရပ်များကို သူ ကောင်းစွာသိထားပြီး ဖြစ်ပါလျက် ဂရေဟမ်က အကြောင်းအချက်များ တစ်ခုပြီးတစ်ခု အစဉ်အတိုင်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့ကြီး ဖော်ပြကာ သူ့အဖေအား လွှမ်းမိုးချုပ်ကိုင်လိုက်သည့် ပတ်ဝန်းကျင်သက်သေအထောက်အထားများကို တည်ငြိမ်စွာပင် အကြိုးသင့်အကြောင်းသင့် ဆက်စပ်ရှင်းလင်း၍ တင်ပြနေသည်ကို ကြားရသောအခါ ပေါလ်မှာ တားမနိုင်ဆီးမရ ရင်ထဲက ပူလောင်ရပြန်လေသည်။

ဂရေဟမ်သည် ကျင်လည်ပြောင်မြောက်လှသော လျှောက်လဲချက်များကို နေ့လယ်စာစားချိန် ခေတ္တမျှနားပြီး ဆက်လက်၍တင်ပြခဲ့လေရာ အားလုံးလေးနာရီနီးပါးကြာမှ ပြီးဆုံးလေသည်။ ပြီးဆုံးသွားသောအခါတွင်လည်း ထိုလျှောက်ချက်များကြောင့်ဖြစ်သည့် သိသာမြင်သာသော လှုပ်ရှားမှုများ မငြိမ်သက်မီပင် ဂရေဟမ်သည် ဆက်လက်၍ နှင်ပြန်လေသည်။ သူ့မှာ အနည်းငယ်မျှ မဆုတ်မဆိုင်း၊ ရှေးနည်းအတိုင်းပင် ဟန်မပျက်၊ ပင်ပန်းနွမ်းနယ်သည့်အမူအရာ တစ်ချက်မှမပြဘဲ တရားခွင်ဆီသို့ ဦးညွှတ်လိုက်ပြီး သူ၏သက်သေများကို ခေါ်လိုပါပြီဟု တင်လိုက်လေ၏။

"တရားသူကြီးမင်းများ ခင်ဗျား။ ရှေးဦးစွာ ကျွန်တော်ရဲ့ အယူခံတရားလိုကိုယ်တိုင်ကိုပဲ သက်သေအဖြစ် စစ်ဆေးစေလိုပါတယ်။ သူ့အမှုကို ကြားနာစစ်ဆေးစဉ်က သူ့ရဲ့အကျင့်စာရိတ္တကို အစိုးရရှေ့နေကြီးက တစ်ဖက်ကမယုဉ်သာအောင် ပြင်းပြင်းထန်ထန် ပုတ်ခတ်ထိုးနှက်ခဲ့တဲ့အတွက် ရီးစ်မက်ထရီဟာ သူ့ကိုယ်သူ ကာကွယ်ပြောဆိုဖို့ အခါအခွင့် မရနိုင်ခဲ့ပါဘူး။ ဒါပေမယ့် သူက အခု ဒီအမှုနဲ့ပတ်သက်ပြီး သူ ဘာမှမသိရဘူး ဆိုတာကို အထောက်အထားပြပြီး အစစ်ခံပါလိမ့်မယ်။ စွဲချက်နဲ့ သက်ဆိုင်တယ်ဆိုရင် ဘယ်လိုမေးခွန်းမျိုးမဆို ဖြေပါလိမ့်မယ်"

ချက်ချင်းပင် ရှေ့နေချုပ်ကြီးက ထ၍ကန့်ကွက်လိုက်သည်။ ဂရေဟမ်က သူ၏လျှောက်ချက်များ တင်သွင်းနေစဉ်တစ်လျှောက်လုံး သူသည် သူ၏ ကုလားထိုင်၌ထိုင်ရင်း ဒေါသရိပ်များ တရိပ်ရိပ်တက်ကာ ဘာမျှလည်း မတတ်နိုင်ဘဲ ရှိခဲ့၏။ ယခုသူကထ၍ "တရားသူကြီးမင်းခင်ဗျား။ ကျွန်တော်ဟာ ဒီအယူခံမှာ တရားသဖြင့် ပြုလုပ်တဲ့စုံစမ်းစစ်ဆေးမှုများကို ကူညီဖို့ ဆန္ဒရှိရုံမက၊ လိုလဲ လိုလားလျက်ရှိပါတယ်။ ဒါပေမယ့် အမှုကို ပြန်လည်စစ်ဆေးဖို့အတွက် အားထုတ်မှုမျိုးကိုတော့ ခွင့်မပြုသင့်ပါဘူးခင်ဗျား။ တရားခံကို သက်သေဖြစ် အစစ်ခံခွင့်ပေးဖို့ တောင်းဆိုတဲ့အဆိုကို ကျွန်တော် ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်ခင်ဗျာ" ဟု ကြေညာလေသည်။

ရုံးတော်တစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွား၏။ ပေါလ်လည်း သူ့အဖေကိုယ်ကို မတ်မတ်ထိုင်လိုက်ပြီး သူ၏ ဖြူရော်မှုန်တေနေသောမျက်နှာကို ဂရေဟမ်၏ဘက်သို့ လှည့်လိုက်သည်ကို မြင်ရသည်။ တရားခွင်ပေါ်မှ တရားသူကြီးမင်းများလည်း အချင်းချင်း ဦးခေါင်းငုံ့စောင်း၍ တိုင်ပင်လိုက်ကြသည်။ ထို့နောက် တရားသူကြီးချုပ်က သူတို့၏အဆုံးအဖြတ်ကို ကြေငြာလိုက်သည်။

"အယူခံတရားလိုနဲ့ပတ်သက်လို့ သူ့ရဲ့ သက်သေထွက်ချက်ဟာ သူ့မှာ အပြစ်မရှိပါဘူးဆိုတာထက် ပိုလွန်ပြီး ဘာမှ အရာရောက်ဖွယ် မရှိပါဘူးလို့ ဒီရုံးတော်က ယူဆယ်။ အဲသလိုဖြစ်တဲ့အတွက် သူ့ကို ပြန်လည်စစ်ဆေးဖို့ အချိန်ပေးစရာအကြောင်းမရှိ။ ဒါကြောင့် သူ့ရဲ့သက်သေခံချက်ကို ရုံးတော်က ခွင့်ပြုရန် မရည်ရွယ်ပါဘူး"

မက်ထရီသည် ရှေ့သို့ငုံ့ကာ တရားသူကြီးများ၏စကားကို လိုက်၍နားထောင်ရင်း တဖြည်းဖြည်း ဒေါသဖြစ်၍လာခဲ့၏။ ရုံးခန်းထဲ၌ တီးတိုးပြောကြသည့် အသံများဖြင့် လှုပ်လှုပ်ရွရွဖြစ်နေသည့်အကြားမှ သူ ဖြုန်းခနဲထလိုက်ပြီး လူရယ်ချင်စရာ အဝတ်အစားများဖြင့် သူ၏လေးလံသော ခန္ဓာကိုယ်ကြီး တစ်ခုလုံးမှာ တဆတ်ဆတ်တုန်လျက် အက်ကွဲသောအသံကြီးဖြင့်

"ဒါ ဘယ်တရားမလဲ။ ကျုပ်ပြောစရာတွေရှိတာ ပြောခွင့် ရရမှာပေါ့။ ကျုပ်မှာ ပြောစရာတွေရှိတယ်။ ခင်ဗျားတို့အားလုံး နားထောင်စေချင်ပါတယ်။ ကျုပ်ကို သူတို့ အနိုင်ကျင့်လိုက်ကြတာပါ။ ကျုပ်ကို ထောင်ထဲမှာ ဆယ့်ငါးနှစ်လုံးလုံး ဘယ်လိုထားခဲ့ကြတယ်ဆိုတာ" ဟု ပြောရင်းကပင် သူ၏အသံမှာ နစ်ဝင်မတတ် ကျယ်လောင်လာပြီး "ကျုပ်ကို အခု အရင်ကလို ပိတ်ထားလို့ မရတော့ဘူး။ ကျုပ်ပြောစရာရှိတာကို နားထောင်စေချင်တယ်။ ကျုပ်လိုချင်တာက တရားမျှတမှု၊ တရားမျှတမှု"

ဂရေဟာမ်နှင့်တကွ သူ့အားတားဆီးရန် အရေးတကြီး ပြေးဝင်လာကြသော ရုံးတော်အမှုထမ်းများက သူ့အား အတင်းထိုင်ခိုင်းလိုက်မှ မက်ထရီလည်း ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်ကာ ပြန်ထိုင်လိုက်ရ၏။ ရုံးတော်တစ်ခုလုံး၌ အထိတ်တလန့် ရုတ်ရုတ်သဲသဲဖြစ်သွားပြီးနောက် လုံးဝတိတ်ဆိတ်သွားလေသည်။ သူ့ကိုယ်ကို အသာရို၍ထားလိုက်ရသော ပေါလ်လည်း သူ့ဘေးရှိ သူ့အမေနှင့်အယ်လာတို့ မျက်ရည်များကျလျက်ရှိသည်ကို သတိပြုလိုက်၏။ ခပ်လှမ်းလှမ်းဆီတွင်လည်း ဒန်း နှင့် မက်အီဗိုင်တို့ တစ်ယောက်တစ်ယောက် လှမ်း၍ စိုးရိမ်သည့်အကြည့်ဖြင့် ကြည့်လိုက်ကြသည်။ စပရောက်နှင့် ဒေးတို့မှာကား အဦးဆုံးအကြိမ် စိတ်လှုပ်ရှားမှုများပြကာ များစွာ သဘောကျနေကြသည့်အသွင် ပေါ်လွင်လျက်ရှိလေသည်။

ထိုနောက် တရားသူကြီးချုပ်က မက်ထရီအား မျက်မှောင်ကြုတ်၍ကြည့်ကာ တင်းမာခက်ထန်လှသော လေသံဖြင့် "ကျွန်ုပ်တို့က ခွင့်လွှတ်ဖို့ အသင့်ရှိပါတယ်။ ဒါပေမယ့် အယူခံတရားလိုရဲ့ အခုလို အပြုအမူမျိုးဟာ သူ့အမှုနဲ့ပတ်သက်ပြီး ဒီရုံးတော်ရဲ့ ထင်မြင်ယူဆချက်ကို တိုးတက်ကောင်းမွန်လာအောင် ထည့်သွင်းစဉ်းစားစရာ မဟုတ်ပေဘူးဆိုတာကိုတော့ ပြောပြထားရပါလိမ့်မယ်။ ဒါတွင်မက နောက်တကြိမ် ဒါမျိုးထပ်လုပ်ရင် ရုံးတော်ကို မထီလေးစားပြုမှုဆိုတဲ့ ကြီးလေးတဲ့အပြစ်နဲ့ တရားစွဲဆိုခြင်းခံရလိမ့်မယ် ဆိုတာကိုလဲ သတိပေးလိုက်ပါတယ်" ဟု ဆိုလိုက်သည်။

ဂရေဟာမ်လည်း သူ့နေရာသို့ပြန်ရောက်သွားပြီး လျင်မြန်စွာပင်ကြားဝင်လိုက်သည်။

"တရားမင်းများ ခင်ဗျား။ အခုလို ဝမ်းနည်းစရာဖြစ်ပေမယ့် နားလည်ခွင့်လွှတ်နိုင်လောက်တဲ့ ဖော်ထုတ်မှုမျိုးအတွက် အယူခံတရားလိုရဲ့ကိုယ်စား ကျွန်တော်က ရုံးမင်းများကို အနူးအညွတ်တောင်းပန်ပါတယ် ခင်ဗျာ။ အခု ရုံးမင်းများရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော်ရဲ့ ပထမဆုံးသက်သေ ပြည်ထဲရေးဌာန ထင်ရှားတဲ့ ကျွမ်းကျင်သူ ဆာမက်လကွမ်ဂယ်ရစ်ဆန်ကို ခေါ်ပါတော့မယ် ခင်ဗျား"

ရှေ့နေချုပ်ကြီးက လျင်မြန်စွာ ထလိုက်ပြန်သည်။

"တရားမင်းများ ခင်ဗျား။ ဒါကိုလဲ ကျွန်တော် ကန့်ကွက်ပါတယ်။ အချက်အလက်အသစ်များ မပေါ်ပေါက်ဘဲနဲ့ ကျွမ်းကျင်သူရဲ့အယူအဆကို ထပ်မံယူခြင်းဟာ ဥပဒေနဲ့အညီမဟုတ်တဲ့အတွက် ခွင့်မပြုနိုင်ပါဘူး ခင်ဗျား"

တရားသူကြီးချုပ်က ခေါင်းညိတ်၍ သဘောတူလိုက်သည်။

"မစ္စတာဂရေဟာမ်က ဘယ်လိုအကြောင်းကြောင့် ဆာမယ်လကွမ်ဂယ်ရစ်ဆန်ကို သက်သေအဖြစ် စစ်မေးချင်ပါသလဲ"

ဂရေဟာမ်က "တရားမင်းများခင်ဗျား။ ဆာမယ်လကွမ်ဟာ သိတော်မူကြတဲ့အတိုင်း ရာဇဝတ်မှုခင်းဆိုင်ရာ အတတ်ပညာမှာတော့ ကျွန်တော်တို့ရဲ့ ထိပ်တန်းအကျဆုံး ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ ဆာမယ်လကွမ်ဟာ သေသူအမျိုးသမီးရရှိတဲ့ ဒဏ်ရာဒဏ်ချက်များရဲ့ ဖော်ပြချက်ကို ရခဲ့သူဖြစ်ပါတယ်။ အဲဒီအချိန်က အလောင်းကိုရိုက်ထားတဲ့ဓာတ်ပုံများနဲ့ ပြစ်မှုကျူးလွန်ရာမှာ အသုံးပြုတယ်လို့ဆိုတဲ့ သင်ဇုန်းဓားတို့ကိုလဲ ကြည့်ရှုခဲ့ရသူဖြစ်ပြီး အဲဒီဓားဟာ ဒီအမှုနဲ့ ဘယ်လိုမှ မပတ်သက်နိုင်ဘူးလို့ တထစ်ချယူဆထားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်"

"ရုံးတော်က ရှေ့နေချုပ်တင်ပြချက်ကို လက်ခံရလိမ့်မယ်။ ဆာမယ်လကွမ်ဂယ်ရစ်ဆန်ဟာ အလောင်းကို ကြည့်ရှုစစ်ဆေးခဲ့ရသူ မဟုတ်ဘူး။ ဒါကြောင့် သူ့ကို သက်သေအဖြစ် ရုံးတော်က လက်မခံနိုင်ဘူး"

ပေါလ်မှာ ဒေါသဖြင့် ပူခနဲဖြစ်သွားပြီး နောက်တစ်ဖန် အေးစက်သွားသလို တွေ့လိုက်ရ၏။ နေရာတကာမှာ ဒီလို အပိတ်အဆို့တွေနှင့် တွေ့နေရတော့မှာပဲလား။ နီဂယ်ဂရေဟမ်ကမူ ဦးညွှတ်၍သာပြလိုက်ပြီး ရုံးတော်၏အဆုံးအဖြတ်ကို တည်ငြိမ်လှသော ဣန္ဒြေဖြင့် လက်ခံလိုက်လေသည်။

"တရားမင်းများခင်ဗျား၊ သက်သေဦးရေကို တတ်နိုင်သမျှ လျှော့ပေါ့ကန့်သတ်ဖို့ ရုံးတော်က ဆန္ဒရှိတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒီတော့ ရုံးတော်က ဥပဒေနဲ့ မညီညွတ်လို့ဆိုတဲ့အကြောင်းနဲ့ မပယ်နိုင်တဲ့ ငါးယောက်ကိုပဲ ခေါ်ပါတော့မယ်။ ရုံးမင်းများရဲ့ အဆုံးအဖြတ်အတိုင်း 'ဆာမယ်လကွမ်ကို သေသူရဲ့အလောင်းစစ်ဆေးရသူမဟုတ်လို့ လက်မခံနိုင်ဘူး'ဆိုတဲ့စကားကို ကိုးကားပြီးပြောရရင် တရားမင်းများ ဒီမှုရဲ့ အခြင်းအရာများကို ဖတ်ရှုကြည့်တော့ သေသူအမျိုးသမီးရဲ့ အလောင်းကို သေပြီးပြီးချင်း စစ်ဆေးကြည့်ရှုရသူ ဒေါက်တာကျူခ် ဆိုတဲ့ ဆရာဝန်ကို အမှုကြားနာစစ်ဆေးစဉ်က သက်သေခံဖို့အတွက် ဆင့်ခေါ်ခြင်း မရှိဘူးဆိုတာကို တွေ့ကြရပါလိမ့်မယ်။ ရုံးမင်းများခင်ဗျား၊ လူကြီးမင်းများရဲ့ အတွေ့အကြုံတလျှောက်လုံးမှာ အလောင်းကို စစ်ဆေးကြည့်ရှုတဲ့ဆရာဝန်ကို သက်သေခံဖို့အတွက် ရုံးတော်က မဆင့်ခေါ်တဲ့လူသတ်မှုမျိုးရယ်လို့ တမှုတလေမှ တွေ့ခဲ့ဖူးကြမယ် မဟုတ်ပါဘူး။ ဒါဖြင့် ဒီအမှုမှာတော့ ဒီလောက်တောင်မှ အရေးပါအရာရောက်နေတဲ့ သက်သေကို ဘာဖြစ်လို့များ လျစ်လျူရှုထားခဲ့ကြပါသလဲ။ အခုအခါမှာ ဒေါက်တာကျူခ်ဟာ ကွယ်လွန်ခဲ့ပါပြီ။ ဒါပေမယ့် အဲဒီ မေးသင့်မေးထိုက်လှတဲ့မေးခွန်းကို ဖြေဆိုဖို့အတွက် သူ့ဇနီးကတော့ ယခုရှိနေပါတယ်"

မစ္စက်ကျူခ်၏အမည်ကိုခေါ်လိုက်သောအခါ တစ်ရုံးလုံး လှုပ်လှုပ်ရွရွဖြစ်သွားလေသည်။ မရှေးမနှောင်းပင် အဝတ်နက်ဝတ်ဆင်ထားသည့် အသက်အရွယ်ခပ်ကြီးကြီး ဣန္ဒြေရရ အမျိုးသမီးတစ်ယောက်သည် သက်သေအစစ်ခံသည့်နေရာသို့ ရောက်လာ၏။ အရေးအစင်းများပေါ်နေသည့် သူ၏မျက်နှာပေါ်တွင်ကား ရိုးသားခြင်း၊ ရင့်ကျက်တည်ငြိမ်ခြင်းစသည့် လက္ခဏာများသည် ထင်ထင်ရှားရှား ပေါ်လွင်လျက်ရှိ၏။ မစ္စက်ကျူခ်သည် ရုံးတော်ရှေ့တွင် ပီသစွာကျမ်းကျိန်ဆိုလိုက်ပြီး ဂရေဟမ်လည်း သက်တောင့်သက်သာလေသံဖြင့် သူ၏စစ်မေးမှုများကို စလေသည်။

"အဒေါ်ဟာ ၁၉၃၃ ခုနှစ်က ကွယ်လွန်သွားတဲ့ ဒေါက်တာကျူခ်ရဲ့ဇနီးဖြစ်တယ်။ သူမသေခင် နှစ်ပေါင်းအတော်ကြာ ကာလအတွင်းက ဝေါ့တလေမြို့တော်အယ်လဒန်ရပ်ကွက်မှာ ဆေးဝါးများကုသနေခဲ့တယ်။ ဟုတ်ပါသလား"

"မှန်ပါတယ်ရှင်"

"မိုနာစပါးလိန်း အသတ်ခံရတဲ့ညက အဒေါ်ရဲ့ခင်ပွန်းဒေါက်တာကျူခ်က မိုနာစပါးလိန်းရဲ့အိမ် လိုက်ကြည့်ဖို့ ခေါ်တယ်ဆိုတာကော။ အဒေါ်သိပါသလား"

"သိပါတယ်"

"ဒီအမှုအကြောင်းနဲ့ ပတ်သက်ပြီး အဒေါ့်ခင်ပွန်းက အဒေါ်ကို တစ်စုံတစ်ရာ ပြောပြပါသလား"

"ဟုတ်ကဲ့။ ပြောပါတယ်။ ဒီအဖြစ်ဟာ အင်မတန် ထိတ်လန့်စရာအဖြစ်မို့ ကျွန်မတို့ဟာ မကြာခဏပဲ ဒီအကြောင်းကို ပြောမိကြပါတယ်"

"အဒေါ်ရဲ့ခင်ပွန်းက ဒီအမှုကြားနာစစ်ဆေးစဉ်က သက်သေခံဖို့ရုံးတော်က သူ့ကို ဆင့်ခေါ်ခြင်းမရှိတာကို အံ့အားသင့်တယ်လို့များ တစ်ချိန်ချိန်က အဒေါ့်ကို ပြောပြဖူးသလား"

"ဟုတ်ကဲ့၊ ပြောပြပါတယ်။ အင်မတန်ထူးဆန်းနေတယ်လို့ သူက ပြောပါတယ်။ သူက" ဟု ဆိုကာ မစ္စက်ကျုခ်သည် ထိတ်လန့်သည့်မျက်လုံးများဖြင့် တရားခွင်ဆီသို့လှမ်းကြည့်လိုက်ပြီး သူ့စကားကို ရပ်ထားလိုက်သည်။

"မကြောက်ပါနဲ့ မစ္စက်ကျုခ်၊ ဒီရုံးတော်ရဲ့ရည်ရွယ်ချက်ဟာ မစ္စက်ကျုခ်ရဲ့ထွက်ဆိုချက်ကို ရယူဖို့ဖြစ်ပါတယ်။ နှိပ်ကွပ်ထားဖို့ မဟုတ်ပါဘူး။ သူက ဘာပြောသလဲ"

"သူက သူ့ရဲ့ထွက်ဆိုချက်ကို အမှုနဲ့သက်ဆိုင်တယ်လို့ အစိုးရရှေ့နေကြီးက မယူဆလို့လို့ပြောပါတယ်"

စိတ်ဝင်စားသည့် လှုပ်ရှားမှုများဖြင့် ရုံးတော်တစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားပြန်ကာ လူအများ၏ အာရုံသည် ပထမဆုံးအကြိမ်အဖြစ် ဆာမက်သယူးစပရောက်ထံသို့ ရောက်သွားသည်။ ပေါလ်မှာ အမှု၏ အချက်အလက်အားလုံးကို သိရှိထားပြီးဖြစ်ပါလျက် သူ့မှာ အများနှင့်ရောနှောကာ စိတ်လှုပ်ရှားရပြန်သည်။

ဂရေဟမ်သည် ဆက်လက်၍ "ဒီကိစ္စနဲ့ပတ်သက်ပြီး အဒေါ်တို့ မကြာခဏပြောမိကြတယ်လို့ဆိုတဲ့ စကားတွေထဲမှာ အဒေါ်ခင်ပွန်းက အဒေါ့်ကိုပြောပြတဲ့ သူ့ထင်မြင်ယူဆချက်တွေကို အဒေါ့်စကားနဲ့ပဲ ပြန်ပြောပါလား"

ခဏမျှ တိတ်ဆိတ်သွား၏။ မစ္စက်ကျုခ်သည် သူ၏ရှေ့၌ရှိသော ဖန်ခွက်ထဲမှရေကို တစ်ကျိုက်မျှ ယူသောက်လိုက်၏။

"ဟုတ်ကဲ့ရှင့်၊ ဒေါက်တာကျုခ်က ဒီလူသတ်မှုကို သင်ခုန်းဓားနဲ့ ကျူးလွန်တာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့ ယုံကြည်ပါတယ်ရှင့်၊ သူ့အယူအဆကတော့ သတ်ရာမှာသုံးတဲ့လက်နက်ဟာ သင်ခုန်းဓားလိုဟာမျိုး လုံးဝမဟုတ်ဘဲ ချွန်ထက်ပြီး ထိုးလို့ရတဲ့ လက်နက်မျိုး၊ တစ်ခြားဟာတွေထက် ဆရာဝန်များခွဲစိတ်တဲ့အခါမှာ သုံးတဲ့ဓားမျိုးနဲ့ ပိုတူတယ်လို့ ပြောပါတယ်"

"သူက ဘယ်လိုကြောင့် ဒီလို ပြောနိုင်တာတဲ့လဲ"

"ဒဏ်ရာတွေကို အသေအချာကြည့်ရှုစစ်ဆေးပြီး ပြောတာပါ။ လည်ပင်းရဲ့ညာဘက်မှာ အတွင်းကို စိုက်ဝင်သွားတဲ့ ဒဏ်ရာတစ်ခုနဲ့ ဘယ်ဘက်နားရွက်ဆီကို တဖြည်းဖြည်းရှူးသွားအောင် ဆွဲပြီး ခွဲချလိုက်တဲ့ ဒဏ်ရာများကို တွေ့ရပါသတဲ့"

"သြော် ဒါကြောင့် သူက အသွားပါးပါး ချွန်ထက်တဲ့လက်နက်နဲ့ ပထမသွေးကြောကြီးများအထဲကို ခပ်နက်နက် ထိုးစိုက်ချလိုက်ပြီးမှ ဆွဲပြီး လှီးချလိုက်တယ်လို့ ယူဆတယ်ပေါ့"

"ဟုတ်ပါတယ်ရှင်"

"ဒီတော့ ဦးဝိုင်းဝိုင်း ထိပ်တုံးတုံးနဲ့ သင်ခုန်းဓားနဲ့သာဆိုရင် ဒီလိုဒဏ်ရာမျိုး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုပါတော့"

"ဒေါက်တာကျုခ်ပြောတာလည်း အဲဒီအတိုင်းပါပဲရှင်။ နောက် ဒီဒဏ်ရာဟာ အားနဲ့အင်နဲ့ အကြမ်းပတမ်း လုပ်လိုက်ရတဲ့ ဒဏ်ရာမျိုးဖြစ်နိုင်တယ်လို့လည်း ယုံကြည်သတဲ့။ ပြီးတော့လည်း ဒဏ်ရာတွေရဲ့အနေအထား၊ အလောင်းနားက ကော်ဇောပေါ်မှာ ကျနေတဲ့ သွေးကွက်တွေရဲ့ အနေအထားကိုကြည့်ရင် အဲဒီဓားကို သုံးလိုက်တဲ့လူဟာ ဘယ်သန်ဖြစ်ရမယ်လို့ အသေအချာပဲ ကျွန်မကို ပြောပါတယ်"

ဂရေဟမ်က "ဘယ်သန်နော်" ဟု ခပ်ဆန်းဆန်းနှင့် လေးနက်အောင် ဆိုလိုက်ပြီး မစ္စက်ကျူခ်အား မျက်နှာခပ်တင်းတင်းဖြင့် ကြည့်ကာ "ဒါကို ဒေါက်တာကျူခ်က ပြောတယ်ဆိုတာ အဒေါ်သေသေချာချာ မှတ်မိတာ ဟုတ်တယ်နော်" ဟု မေးလိုက်သည်။

မစ္စက်ကျူခ်က နှုတ်ခမ်းများ တဆတ်ဆတ်တုန်လျက်က "သေချာပါတယ်" ဟု ဆိုလိုက်ပြီး သူ၏သိက္ခာကို ကာကွယ်သည့်အနေဖြင့် "ဒေါက်တာကျူခ်ဟာ ကျွန်မအပေါ်မှာ အင်မတန်ကောင်းခဲ့တဲ့ ယောကျ်ားပါရှင့်။ သူ့ကို ကျွန်မ ရိုသေလေးစားလျက်ပါ။ မမှန်ဘူးထင်တဲ့စကားကို သူပြောတယ်လို့ ကျွန်မက ပြောမယ်များထင်လို့လား" ဟု ပြောလိုက်သည်။

"မထင်ပါဘူးခင်ဗျာ၊ နည်းနည်းလေးမှ မထင်ပါဘူး။ အဒေါ်ရဲ့ သိက္ခာ သမာဓိနဲ့ သစ္စာတရားကို ရုံးတော်က သံသယကင်းကင်းနဲ့ ရှင်းရှင်းလင်းလင်းသိမြင်စေချင်လို့ပါ"

ဤစကားများသည် ဂရေဟမ်က သူ့အား စိမ်ခေါ်လိုက်သည့်စကားများဖြစ်သည်ကို သိနေသည့်အလား ဂရေဟမ်က သူ့ဘက်သို့ တစ်ချက်လှမ်း၍ အကြည့်လိုက်တွင် ရှေ့နေချုပ်ကြီးသည် စိတ်တိုစွာပင် ထ၍တုန့်ပြန်လိုက်လေသည်။

"ဘာကိစ္စအတွက် ဒီသက်သေကို ဒါလောက် ရှည်ရှည်ဝေးဝေး စစ်ဆေးနေရတယ်ဆိုတာကို ကျွန်တော် လုံးဝနားမလည်ပါဘူး"

"ကဲ၊ ဒါဖြင့် မစ္စက်ကျူခ်၊ တော်လောက်ပါပြီ။ ကျေးဇူး အထူးပဲတင်ပါတယ်။ ကဲ၊ ကျွန်တော်ရဲ့ နောက် သက်သေတစ်ယောက်ကို ခေါ်ပါရစေ"

ဂရေဟမ်က လက်ပြလိုက်သည်တွင် အဖွားကြီးလည်း သက်သေအစစ်ခံရာခုံမြင့်မှ ဆင်းလိုက်သည်။ ရုံးတော်က ပါမောက္ခဗယ်လင်တိုင်း၏အမည်ကို ခေါ်သံကြားရလေ၏။

ယခုတက်လာသည့် ပုဂ္ဂိုလ်ကား အရပ်ခပ်ပုပုနှင့် အသက်ငါးဆယ်ခန့်အရာရှိဟန် ခပ်ပါပါနှင့် ကော်လာအဖြူမြင့်မြင့်၊ လည်စည်းအနက်၊ ပြောင်လက်သောကုတ်အင်္ကျီကော်လာရင်စင်း။ ခပ်နွမ်းနွမ်း အပေါ်အင်္ကျီတို့ကိုဝတ်ကာ ဝတ်စုံအပြည့်ဆင်ထားသည်။ သူ၏အသားအရေမှာ ညိုဝါရောင်ဖြစ်ပြီး သူ၏မြင့်မားသော နဖူးကြီးထိပ်တွင် ဆံပင်နက်များ ဖုတ်သိုက်ပေါက်ကာ နောက်သို့ ရှည်ရှည်ဖီးချထားလေရာ သူ့ကိုကြည့်ရသည်မှာ ဒုတိယတန်းစား ဇာတ်ဆရာတစ်ယောက်နှင့်သာ တူနေပေသည်။ သူ ကျမ်းကျိန်ပြီးသောအခါ သူသည် လက်တစ်ဖက်က ခါးပေါ်တွင် ထောက်လျက် ကျန်လက်တစ်ဖက်ကို သူ့ရှေ့က သက်သေခုံအစွန်း၌တင်ကာ ဦးခေါင်းကို ခပ်မော့မော့ထား၍ ဖြစ်ချင်ရာဖြစ်၊ လာချင်ရာလာ၊ ချမည်ဆိုသည့် အမူအရာကို ဆောင်လျက်ရှိလေသည်။

ဂရေဟမ်က ခပ်အေးအေးပင် "မစ္စတာဗယ်လင်တိုင်းခင်ဗျာ၊ လူကြီးမင်းဟာ လက်ရေးစာများနဲ့ ပတ်သက်လို့ အတော်အတန်သိတယ်လို့ ကျွန်တော်နားလည်ပါတယ်။ ဟုတ်ပါသလား" ဟု စမေးလိုက်သည်။

ဗယ်လင်းတိုင်းက "ကျုပ်ဟာ ရှေးဟောင်းလက်ရေးစာဆိုင်ရာ ပါမောက္ခတစ်ဦးဖြစ်ပါတယ်"ဟု ခပ်ခန့်ခန့်ကလေးဖြေလိုက်ပြီး "ဒီပီဒဗလျူ လက်မှတ်ရပါတယ်။ ကျုပ်ရဲ့ ကျွမ်းကျင်မှုနဲ့ ပတ်သက်လို့ ကျော်ကြားတာကို တစ်ကမ္ဘာလုံးက သိကြတယ်လို့ ပြောရလိမ့်မယ်ထင်ပါတယ်"ဟု ဆိုလိုက်၏။

"ကောင်းပါပေ့ ခင်ဗျား။ အမှုကို ကြားနာစစ်ဆေးစဉ်က လူကြီးမင်းကဘဲ အသတ်ခံရတဲ့ အမျိုးသမီးရဲ့အိတ်ထဲမှာ တွေ့ရတဲ့စာတိုကလေးက လက်ရေးဟာ ရီးစ်မက်ထရီရေးတဲ့လက်ရေးလို့ သက်သေခံခဲ့တယ် ထင်ပါတယ်"

"ဟုတ်ပါတယ် ခင်ဗျာ။ ကျုပ်ကို တရားလိုဘက်က သက်သေခံဖို့ အထူးဆင့်ခေါ်ခဲ့ခြင်းဖြစ်ပါတယ်"

"အဲဒီအချိန်တုန်းက လူကြီးမင်းဟာ လူကြီးမင်းရဲ့ ထင်မြင်ယူဆချက်ရဲ့ အရေးပါအရာရောက်ပုံကို သိရှိသဘောပေါက်ပြီး လူကြီးမင်းရဲ့အယူအဆဟာလည်း မှန်ကန်တယ်ဆိုတာကို ယုံကြည်ထားမယ်လို့ ကျွန်တော်ထင်ပါတယ် ခင်ဗျာ။ ဒီအတိုင်းဟုတ်ပါသလား"

"သံသယဖြစ်စရာမရှိပါဘူးခင်ဗျာ၊ ဟုတ်ပါတယ်။ ကျုပ်ဟာ အစိုးရဘက်ကရော ပုဂ္ဂလိကပါ အရေးအလွန်ကြီးပေ့ဆိုတဲ့ စာရွက်စာတမ်းများစွာရဲ့ မှန်ကန်မှုကို စစ်ဆေးထောက်ခံလာခဲ့တဲ့ ဗဟုသုတ အများကြီးရှိသူဖြစ်ပါတယ်"

"ဒါဖြင့် မစ္စတာ။ အဲ အဲ သည်းခံပါခင်ဗျာ။ ပါမောက္ခဗယ်လင်တိုင်းခင်ဗျာ။ အဲဒီလို အင်မတန်သေချာတဲ့ အဆုံးအဖြတ်ကို ဘယ်ပုံဘယ်နည်းချနိုင်ခဲ့တယ် ဆိုတာကို ပြောပြပါလားခင်ဗျာ"

"သက်ဆိုင်ရာ စာရွက်စာတမ်းကို မှန်ဘီလူးနဲ့ ကြည့်ပါတယ်ခင်ဗျာ။ ပြီးတော့ လက်ရေးကို ဓာတ်ပုံရိုက်၊ အကြီးချဲ့ပြီး တရားခံကိုယ်တိုင် ရေးတယ်လို့ ဝန်ခံထားတဲ့ ပို့စကတ်ပေါ်မှာတွေ့ရတဲ့ တရားခံရဲ့လက်ရေးနမူနာနဲ့ တိုက်ကြည့်လိုက်တဲ့အခါ ကျွန်တော်ရဲ့ ကျွမ်းကျင်မှုဗဟုသုတနဲ့ဆိုတော့ အဲဒီစာတိုကလေးကိုလည်း မက်ထရီကပဲ ရုပ်ဖျက်ပြီးရေးထားတယ်ဆိုတာကို အသေအချာ ပြောနိုင်ခဲ့ပါတယ်ခင်ဗျား"

"ရုပ်ဖျက်ပြီးရေးတယ်ဆိုတာက ဘယ်လိုများပါလိမ့်ခင်ဗျာ"

"အလွယ်ဆုံးနဲ့ အများဆုံးသုံးကြတဲ့နည်းနဲ့ ကလောင်တံကို ဘယ်ဘက်လက်ကကိုင်ပြီး ရေးတာပေါ့ဗျာ"

"သြ၊ ဒီစာ တိုတိုကလေးကလက်ရေးကို ဘယ်ဘက်လက်နဲ့ ရေးတာပေါ့ ဟုတ်လား"

"သံသယဖြစ်စရာမရှိပါဘူး ခင်ဗျား။ ရေးတာကလည်း တရားခံမက်ထရီပဲ ဖြစ်ပါတယ်"

ဂရေဟမ်က သဘောကောင်းစွာ ပြုံးလိုက်ပြီး "ရေးသူကလည်း မက်ထရီပဲ။ တယ်လည်းသေချာလိုက်ပါလား။ ပါမောက္ခကြီးခင်ဗျာ၊ ကျွန်တော်ဟာ ဆရာကြီးရဲ့ အတတ်ပညာများကို အတိမ်အနက်တိုင်းတာဖို့အတွက် ညာဏ်မမှီပါဘူး။ သို့ပေမယ့်လည်း ဒီဘာသာရပ်နဲ့ ပတ်သက်ပြီး အတတ်ကျွမ်းဆုံးပါရဂူများရဲ့ အဆိုအမိန့်များအရပြောရရင် အခုလို ထင်မြင်ချက်တို့၊ သဘောတရားတို့ဆိုတာတွေအပေါ်မှာ မူတည်တဲ့သက်သေခံချက်မျိုးဟာ တထစ်ချယုံကြည်ကိုးစားလို့ မရပေဘူးလို့ ဆိုရပါလိမ့်မယ်။ အဒေါ့ဖ်ဘက် ဆိုသူရဲ့အမှုကိုတော့ ပါမောက္ခကြီး ကြားဖူးပါလိမ့်မယ်"

ပါမောက္ခကြီးက မဖြေ။ သို့ရာတွင် သူ၏အမူအရာမှာ ပို၍မောက်မာလာဟန်ရှိလေသည်။

"ပါမောက္ခကြီးခင်ဗျာ။ အဲဒီအမှုမှာ နာမည်ထင်ရှားတဲ့ လက်ရေးပါရဂူတစ်ယောက်က အမှုမှာပါရှိတဲ့ စာရွက်စာတမ်းတချို့ကို အဒေါ့ဖ်ဘက်ဆိုတဲ့လူရေးတာပါဆိုတာကို ကျမ်းကျိန်ပြီး အစစ်ခံတာနဲ့ အဲဒီအထောက်အထားနဲ့ အဒေါ့ဖ်ဘက်ကို တရားရုံးက ထောင်ဒဏ်ငါးနှစ် အပြစ်ပေးလိုက်ပါတယ်။ အဲဒီ ငါးနှစ်ရဲ့အဆုံးမှာ အပြစ်ဒဏ်ကို အပြည့်အဝခံပြီးမှ အမှုမှာပါတဲ့စာရွက်စာတမ်းတွေဟာ သူရေးတာမဟုတ်ဘူး၊ သူ့မှာ အပြစ်လုံးဝမရှိဘူး။ အဲဒီ လက်ရေးပါရဂူဆိုတဲ့ပုဂ္ဂိုလ်ကြီးဟာ အင်မတန်ကြီးလေးတဲ့ မဖွယ်မရာအမှားအယွင်းကြီးတစ်ခုပြုလုပ်ခဲ့ပြီး အပြစ်ကင်းစင်တဲ့ လူသားတစ်ယောက်ကို အညွန့်တုံးပြီး ပျက်စီးသွားလောက်အောင် စိတ်နောက်ကျူးစရာဘဝမျိုးကို ငါးနှစ်လုံးလုံး ပို့ထားခဲ့တယ်ဆိုတာ သံသယအရိပ်အယောင်တောင်မရှိတဲ့ အထောက်အထားတွေ ပေါ်ပေါက်လာခဲ့ပါတယ်"

ဗယ်လင်တိုင်း ဒေါသဖြစ်သွားသလို သူ၏ဦးခေါင်းကို နောက်သို့ပစ်၍ မော့်လိုက်၏။

"ဘက်ရဲ့အမှုနဲ့ ကျုပ်နဲ့ ဘာမှ မဆိုင်ပါဘူး"

"မှန်ပါတယ်၊ မဆိုင်ပါဘူး ပါမောက္ခကြီးခင်ဗျာ။ ပါမောက္ခနဲ့ ဆိုင်တာက မက်ထရီအမှုသာဖြစ်ပါတယ်။ ကျွန်တော် လောလောဆယ် ကြုံတွေ့နေရတာကလည်း ဒါပါပဲ။ ကဲ၊ အခု ပါမောက္ခကြီးရဲ့ ထင်မြင်ယူဆချက်ထဲမှာ ထင်ရှားတဲ့အချက် သုံးချက်ရှိပါတယ်။ ပထမ အချက်က ဒီလက်ရေးဟာ ဘယ်ဘက်နဲ့ရေးတဲ့လက်ရေး၊ ဒုတိယအချက်က ဒါကို ရုပ်ဖျက်ပြီး ရေးထားတယ်၊ တတိယအချက်က ဒီစာကို မက်ထရီရေးတယ်၊ အဲဒီအချက်သုံးချက်အနက် ဘယ်အချက်က တကယ့် အဖြစ်အရှိကို မှုတည်ပြီး၊ ဘယ်အချက်က ပါမောက္ခကြီးရဲ့ ဆင်ခြင်ဉာဏ်နဲ့ ကောက်ချက်ချထားတယ်ဆိုတာကို ကျွန်တော်တို့ သိရအောင် ပြောပြပါလားခင်ဗျား"

ပါမောက္ခမှာ အတော်ကလေး စိတ်တိုနေဟန်ရှိပြီး ဒေါနှင့်မာန်နှင့် ဖြေလေသည်။

"ဒီစာရွက်မှာပါတဲ့ လက်ရေးစာလုံးတွေ နေပုံ စောင်းပုံကို ကြည့်ရင် ဘယ်ဘက်လက်နဲ့ ရုပ်ဖျက်ပြီးရေးထားတယ်ဆိုတာကို ဘယ်လောက် ဝါနုတဲ့လူဖြစ်ဖြစ်ပြောနိုင်ပါတယ်။ တတိယအချက်ကတော့ အဆင့်မြင့်တဲ့ ကျွမ်းကျင်သူပါရဂူများရဲ့အရာပါ။ စိတ်အာရုံ အလိုလိုသိတဲ့အသိလို့တောင် ခေါ်နိုင်ပါလိမ့်မယ်။ လက်ရေးတွေ ပုံစံတွေ အများကြီးထဲက ထူးခြားတဲ့တစ်ခုကို အလိုလိုသိနိုင်တဲ့ ဆဋ္ဌမအာရုံဆိုတာမျိုးပေါ့"

"ကျေးဇူးတင်ပါတယ် ပါမောက္ခကြီးခင်ဗျာ" ဟု ဂရေဟမ်က ငြိမ်သက်စွာပြောလိုက်ပြီး "ကျွန်တော် သိချင်တာကလည်း ဒါလောက်ပါပဲ။ အချုပ်ကိုဆိုရရင် ပါမောက္ခကြီးရဲ့ ဆဋ္ဌမအာရုံဖြစ်တဲ့ စိတ်ထဲက အလိုလိုသိတဲ့အသိနဲ့ ဒီစာကို မက်ထရီရေးပါတယ်လို့ ယူဆခဲ့တယ်။ ဒါပါပဲ ခင်ဗျာ"

ပါမောက္ခကြီးမှာ ရှေးထက် မငြိမ်မသက်ဖြစ်ကာ တစ်စုံတစ်ရာပြောလိုက်မည်ကဲ့သို့ ပါးစပ်ကို ဟလိုက်၏။ သို့သော် သူမပြောဘဲနေသည်က ကောင်းမည်ဟု တွေးလိုက်မိဟန်တူ၏။ သူ ဆင်းသွားသောအခါ ဂရေဟမ်လည်း တရားခွင်ဘက်သို့ လှည့်လိုက်လေသည်။

"တရားမင်းများခင်ဗျာ။ ရုံးတော်ကခွင့်ပြုချက်နဲ့ မှုခင်းဆရာဝန် ဒေါ့ဘ်ဆန်ကို ခေါ်ပါမယ်ခင်ဗျား"

ရှေ့နေချုပ်ကြီးသည် လေးလံသော သူ၏ခန္ဓာကိုယ်ကြီးနှင့် မလိုက်အောင်ပင် သွက်လက်စွာ ခုန်၍ထလိုက်ပြန်သည်။

"တရားသူကြီးများ ခင်ဗျား။ ကျွန်တော် အပြင်းအထန်ကန့်ကွက်ပါတယ်။ ကျွန်တော်တို့ အခု ဒီအမှုကို ပြန်လည်ကြားနာစစ်ဆေးဖို့ ရောက်လာကြတာမဟုတ်ဘူးဆိုတာကို ရုံးတော်က သဘောတူပြီးဖြစ်ပါတယ်။ မူလ ဒီအမှုကို ကြားနာစစ်ဆေးစဉ်က မှုခင်းဆိုင်ရာဆရာဝန်ကို အပြည့်အစုံစစ်မေးပြီးဖြစ်ပါတယ်။ သူ့ကို နောက်ထပ်စစ်ဆေးဖို့ ဥပဒေက ခွင့်မပြုပါခင်ဗျား"

ဂရေဟမ်က တည်ငြိမ်စွာပင် ကြားဖြတ်၍ "ရှေ့နေချုပ်ကြီးပြောခဲ့တဲ့အတိုင်း အချက်အလက်အသစ်များ မပေါ်ပေါက်ဘဲနဲ့ဆိုရင်တော့ ဟုတ်ပါတယ်" ဟု ပြောလိုက်၏။

တခဏမျှ တင်းမာစွာ စိတ်ဓာတ်အင်အားချင်း ပြိုင်လျက် ငြိမ်သက်တိတ်ဆိတ်ခြင်းကို တရားသူကြီး၏အသံက ဖြိုခွင်းလိုက်သည်။

"အဲဒီ အကြောင်းပြချက်နဲ့ ခေါ်ချင်တာလား"

"ရုံးတော်က ခွင့်ပြုမယ်ဆိုရင် ခေါ်ချင်ပါတယ်ခင်ဗျား"

ရုံးတော်က ခွင့်ပြုကြောင်း လက်ဟန်ခြေဟန်ဖြင့်ပြပြီးနောက် မရှေးမနှောင်းပင် နက်မှောင်သောဆံပင်နှင့် နက်ပြာရောင်ဝတ်စုံဆင်ထားသည့် အားကစားသမားလို တောင့်တင်းပြီး ယောက်ျားပီသလျက်၊ သွက်လက်

ဖျတ်လတ်သော လူတစ်ယောက်သည် ရုံးထဲသို့ဝင်လာကာ ထိုနေရာသို့ မကြာခဏရောက်ဖူးသူ၏ဟန်ပန်ဖြင့် သက်သေများ အစစ်ခံသည့်နေရာသို့ရောက်ရှိလာလေသည်။

ဂရေဟမ်က အချိုသာဆုံးမျက်နှာဖြင့် "ဒေါက်တာဒေါ့ဘ်ဆန်ခင်ဗျာ၊ ဒေါက်တာကျုခ်ရဲ့ဇနီးက ပြည့်ပြည့်စုံစုံ ရှင်းရှင်းလင်းလင်း အစစ်ခံသွားတဲ့အတိုင်း သေသူအမျိုးသမီးရရှိတဲ့ ဒဏ်ရာတွေနဲ့ပတ်သက်လို့ ဒေါက်တာကျုခ်ရဲ့အယူအဆတွေကို ဒေါက်တာကြားခဲ့ပါလိမ့်မယ်။ အဲဒါတွေနဲ့ပတ်သက်လို့ ဒေါက်တာ ဘယ်လိုထင်ပါသလဲ" ဟု မေးလိုက်သည်။

"အလကားဟာတွေပါ"

ဤစကားများကို မလိုတမာပြောလိုက်ခြင်းမဟုတ်ဘဲ ခပ်ရွှင်ရွှင်နှင့် ခင်မင်ဖွယ် ပြုံး၍ပြောလိုက်ခြင်း ဖြစ်သဖြင့် အပေါ်ထက်အခန်းများဆီမှ သဘောကျသွားသလို ရယ်သံမောသံများ ပေါ်ထွက်လာသည်။ ချက်ချင်းပင်ထိန်းအုပ်လိုက်သဖြင့် ငြိမ်သွားသော်လည်း မက်ထရီသည် ထိုသူများဆီသို့ စိုက်ကြည့်ကာ အံကြိတ်လိုက်၏။

"အလကားဟာတွေပါဆိုတော့ ဒေါက်တာရယ်၊ နည်းနည်း မကြမ်းလွန်းဘူးလား"

"ခင်ဗျားက ကျုပ်ကို ဘယ်လိုထင်သလဲလို့မေးလို့ ကျုပ်ထင်တာကို ပြောရတာပဲလေ"

ပေါလ်မှာ ရုတ်တရက် အသက်ရှုပင် ရပ်လိုက်မိ၏။ ဤ မှူခင်းဆရာဝန်အား ပြန်ခေါ်ခြင်းမှာ မှန်မှ မှန်ရဲ့လားဟု သံသယများ ဝင်လာပြီး ဤမျှ သေချာ၍ ခိုင်မာသည့်စိတ်ဓာတ်နှင့် သက်သေမျိုးဆိုလျှင် ဂရေဟမ် အခြေမဟန်ဖြစ်နေမည်ကို သူ စိုးရိမ်မိလေသည်။ သို့ရာတွင် ဆက်လက်၍ မေးလေသည်။

"ယေဘူယျသဘောဆိုရင် ဒီအယူအဆသဘောတရားတွေကို ဒေါက်တာအနေနဲ့ မကြိုက်ဘူးဆိုပါတော့"

"မိန်းမတစ်ယောက် လည်ပင်းမှာ ဓားဒဏ်ရာနဲ့ ခေါင်းပြတ်လုမတတ်ဖြစ်နေမှ ဒီသဘောတရားတို့ အယူအဆတို့ ဆိုတာ မလိုတော့တာဘဲပေါ့ခင်ဗျာ"

"သြ ဟုတ်ပြီ။ ဒါဖြင့် ဒေါက်တာကတော့ ဒါဟာ သင်ဓုန်းဓားနဲ့ လှီးတာပဲဖြစ်ရမယ်လို့ ချက်ချင်းဆုံးဖြတ်လိုက်တော့တာပဲပေါ့ ခင်ဗျာ"

"သင်ဓုန်းဓားဆိုတာကို ကျုပ် တစ်ခါမှ မပြောမိပါလား ခင်ဗျာ"

"ဒါပေမယ့် အစိုးရရှေ့နေကြီးရဲ့ အခိုင်အမာဆုံး စွပ်စွဲချက်တွေထဲမှာတော့ ဒီအမှုကို ကျူးလွန်ရာမှ အသုံးပြုခဲ့တဲ့လက်နက်ဟာ သင်ဓုန်းဓားပါလို့ ဆိုထားပါလားခင်ဗျာ"

"ဒါက ကျုပ်နဲ့ မဆိုင်ပါဘူး"

"ကဲ ဒါဖြင့်လဲ ဒေါက်တာနဲ့ ဆိုင်တာကိုပဲ မေးကြပါဦးစို့လေ။ သဘောတရားအယူအဆတို့ ဘာတို့ ဆိုတာတွေ ဖယ်ထားပြီး ဒီအမှုမှာ အသုံးပြုခဲ့တဲ့လက်နက်နဲ့ပတ်သက်ပြီး ဒေါက်တာရဲ့အဆုံးအဖြတ်က ဘယ်လိုပါလဲခင်ဗျာ"

"ဒီလို ဒဏ်ရာမျိုး ရလောက်အောင်ဆိုရင် အင်မတန်ထက်မြက်တဲ့ လက်နက်ကို သုံးတယ်ပေါ့"

ဆရာဝန်သည် စိတ်တိုစပြုလာသည်။ စိတ်တိုမည်ဆိုလျှင် တိုထိုက်သော်လည်း စိတ်တိုမိသည်မှာ သူ့အမှားပင်ဖြစ်၏။ ဂရေဟမ်က သူ့အား ညင်သာစွာပြုံး၍ ကြည့်လိုက်၏။

"ဒါဖြင့် ဒေါက်တာကျူခ် ပြောခဲ့သလို လူသတ်သမားဟာ ဆရာဝန်များ ခွဲစိတ်တဲ့ဓားလို အသွားပါးပါး ချွန်ချွန်ထက်ထက် လက်နက်မျိုးကို သုံးတယ်ဆိုတာ ဖြစ်နိုင်တယ်ပေါ့"

ဆရာဝန်၏ မျက်နှာပေါ်တွင်ကား ရိုးရိုးသားသားပင် စိတ်မရှည်သည့်အသွင် ပေါ်လွင်နေ၏။

"ဟုတ်တယ်၊ ဖြစ်နိုင်တယ်။ လူသတ်သမားဟာ ခန္ဓာဗေဒကိုပါ နားလည်တဲ့လူဆိုရင်ပေါ့"

"ခန္ဓာဗေဒကို နားလည်တဲ့လူ" ဂရေဟမ်မှာ သူ၏လေသံက ငြိမ်သက်သလောက် စိတ်ထဲကလှုပ်ရှားမှုလည်း ပေါ်လွင်ထင်ရှားလျက် ရှိလေ၏။ "ကျေးဇူးတင်ပါတယ်ဒေါက်တာ၊ အများကြီးကျေးဇူးတင်ပါတယ်။ ကဲ၊ အဲဒီတော့ ဒီသေသူ အမျိုးသမီးရဲ့အလောင်းကို ဒေါက်တာပဲ ခွဲစိတ်ခဲ့ရတယ်နော်"

"ဒါပေါ့"

"သူ့မှာ ပဋိသန္ဓေ ရှိနေပြီဆိုတာလဲ တွေ့ရတယ်ပေါ့"

"ဒါကို ကျုပ်ဆေးစာထဲမှာ ထည့်ရေးလိုက်ပါတယ်ခင်ဗျာ"

"ပဋိသန္ဓေ ဘယ်လောက်ရှိနေပြီဆိုတာကိုရော၊ ထည့်ရေးလိုက်ပါသေးသလား"

ဆရာဝန်က စိတ်ဆိုးလာသလို လေသံဖြင့် "ရေးတာပေါ့"

"ကျုပ်တို့ အလုပ်တာဝန်ဆောင်ရွက်ရာမှာ ဘယ်လိုပဲ ကွဲလွဲကွဲလွဲ ဒေါက်တာရဲ့သိက္ခာသမာဓိကိုတော့ ကျွန်တော် အကြွင်းမဲ့ယုံကြည်ပါတယ်။ သေသူ အမျိုးသမီးမှာ ကိုယ်ဝန် ဘယ်နှစ်လများ ရှိနေပါသလဲခင်ဗျား"

"သုံးလ"

"သေချာတယ်နော်"

"သိပ်သေချာတာပေါ့ ခင်ဗျာ။ ကျုပ် ဆေးစာထဲမှာ ဒီအမျိုးသမီးမှာ ကိုယ်ဝန်သုံးလရှိပြီ။ တစ်ရက်နှစ်ရက်တောင် လွန်ချင် လွန်ပါလိမ့်မယ်လို့ ထည့်ရေးလိုက်တာပဲ"

"ဒေါက်တာ ဆေးစာကို အစိုးရရှေ့နေကြီးဆီ ပို့လိုက်တာနော်၊ ဟုတ်လား"

"ဒါပေါ့"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဒါပါပဲ"

ဂရေဟမ်သည် ချိုရွှင်စွာပြုံးလျက် ဆရာဝန်အား နှုတ်ဆက်လိုက်ပြီး တရားခွင်ဘက်သို့ လှည့်လိုက်ပြန်လေသည်။

"တရားမင်းများခင်ဗျား။ ရုံးတော်ရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ရဲ့ စတုတ္ထသက်သေကို ခေါ်ပါတော့မယ်"

ပိန်ခြောက်နေသော ကိုယ်လုံးနှင့် ခပ်ချောင်ချောင်ဖြစ်နေသော အကွက်ဆင်ဝတ်စုံကို ဆင်လျက် အသက်မကြီးလှသေးဘဲ အရွယ်ကျနေသည့် မျက်နှာသွယ်သွယ် ထိပ်ပြောင်ပြောင် လူအိုကလေးတစ်ယောက် ထွက်လာသည်။

"ခင်ဗျား့ နာမည်"

"မယ်ရီရော်ကာ"

"အခု လက်ရှိအလုပ်အကိုင်"

"မြင်းထိန်း၊ နော့တင်ဟမ် မြင်းပြိုင်ကွင်း"

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က မက်ထရီက ဒီအမှုဖြစ်ပွားချိန်မှာ သူ တခြားတစ်နေရာရောက်နေတယ်လို့ လိမ်လည်ပြီး အထောက်အထားပြဖို့အားထုတ်တာကို ပုလိပ်ဆီ သွားသတင်းပို့ခဲ့တာ ခင်ဗျားနော်"

"ဟုတ်ပါတယ်"

"ခင်ဗျား မက်ထရီကို ကောင်းကောင်းသိတယ်နော်"

"သွားဖော်လာဖက်ပါခင်ဗျာ"

"ဘယ်မှာ စပြီး တွေ့သလဲ"

"ရှားဝုဘိလိယက်ခုံတွေမှာပါ။ ၁၉၂၁ ခု ဒီဇင်ဘာလောက်ဆီကပါ"

"နောက်တော့ ခင်ဗျားက သူ့ကို မိုနာစပါးလိန်းနဲ့ မိတ်ဆက်ပေးလိုက်တယ် ဆိုပါတော့"

"မှန်ပါတယ်ခင်ဗျာ"

"အဲသလို မိတ်ဆက်ပေးတာ ဘယ်တော့လောက်ကလဲဆိုတာ အတိအကျ မှတ်မိပါသလား"

"ဟုတ်ကဲ့။ ဂျူလိုင်လ ကက်တားရစ်မြင်းပြိုင်ပွဲကြီး လုပ်တဲ့နေကပဲခင်ဗျ။ ကျွန်တော် အဲဒီနေ့က နိုင်မြင်းဖြစ်တဲ့ ဝါမင်စတာကို ငါးပေါင်ထိုးလိုက်တာမို့ ကျွန်တော်ကောင်းကောင်း မှတ်မိတာပေါ့"

"ဂျူလိုင် ဟင်းဒီးကက် မြင်းပွဲနော်"

"ဟုတ်ကဲ့ခင်ဗျာ။ ဂျူလိုင် ဆယ့်လေးရက်နေ့မှာ ပြေးတဲ့ပွဲပါ"

"ခင်ဗျား အဲဒီရက်စွဲအတိအကျကို အာဏာပိုင်တွေဆီမှာ ပြောပြခဲ့သလား"

ခေတ္တမျှ တိတ်ဆိတ်သွားပြီး ရော်ကာလည်း ခေါင်းကိုငုံ့လိုက်သည်။

"ကျွန်တော် မမှတ်မိဘူးခင်ဗျာ"

"အဲဒီရက်ကမှ ဆိုရင် မိုနာစပါးလိန်းသေတဲ့အချိန်မှာ မက်ထရီဟာ စပါးလိန်းကို သိတာ ခုနစ်ပတ်ပဲ ရှိသေးတာပဲ။ ဆေးစာအရဆိုရင် အဲဒီရက်စွဲဟာ သိပ်ကို အရေးကြီးနေပါတယ်။ ပုလိပ်ဌာနချုပ်မှာ ဒီအချက်ကို မေးကြပါသေးသလား"

"ကျွန်တော် မမှတ်မိပါဘူး"

"ပြန်စဉ်းစားစမ်းပါဦးလေ"

ရော်ကာက ခေါင်းကိုသာ အတွင်ယမ်းပြီး "မမေးဘူးထင်ပါတယ်ဗျာ၊ သူတို့ ဒါကို သိပ်စိတ်မဝင်စားပါဘူး။ အရေးကြီးတယ်လဲ ထင်ကြဟန် မတူပါဘူး" ဟု ပြောလိုက်သည်။

"ဩ ဒီလိုကိုး။ မက်ထရီကို အပြစ်ကျအောင် အထောက်အထားပြရာမှာ အရေးပါအရာရောက်ဆုံး ကွင်းဆက်ဖြစ်တဲ့ အချိန်ကာလ အပိုင်းအခြားကို အရေးမကြီးဘူးလို့ ဆိုတာကတော့ အတော့်ကို အရုပ်ဆိုးတဲ့ လျစ်လျူရှုမှုကြီးပဲ၊ ကဲ ကဲ တော်လောက်ပါပြီ။ ကျေးဇူးတင်ပါတယ်"

သက်သေခုံပေါ်က ဆင်းသွားတော့ ဂရေဟမ်က တရားခွင်ဆီသို့ သိမ့်မွေ့စွာလှမ်းကြည့်လိုက်သည်။

"တရားမင်းများ ခင်ဗျာ။ ကျွန်တော်ရဲ့ နောက်သက်သေတစ်ယောက်ကတော့ လူစီဇာဘတ် ဖြစ်ပါတယ်"

ရုံးတော် ခွင့်ပြုချက်ရရှိသောအခါ ရုံးလုလင်တစ်ယောက်က တရားခွင်နှင့်တွဲလျက် အခန်းထဲသို့သွားကာ တစ်ခဏကြာသောအခါ လူစီဇာဘတ်နှင့်အတူ ပြန်ဝင်လာခဲ့သည်။

လူစီဇာသည် စိတ်ထဲက ကသိကအောက်ဖြစ်နေသည်ကို သူ့မျက်လုံးများတွင် အရိပ်အရောင်ပြလျက် ရှိသော်လည်း ရုံးခန်းထဲသို့ ခပ်မော့်မော့် ခပ်ကြော့ကြော့ပင် လျှောက်၍ဝင်လာခဲ့သည်။ သက်သေအစစ်ခံရာသို့ ရောက်သောအခါ သူ့ကိုယ်သူ သပ်ရပ်လိုက်ပြီး ပေါလ်အားလည်း မမြင်။ သူဝင်လာကတည်းက သူ့အား မီးထွက်မတတ်မုန်းတီးသည့် မျက်လုံးများဖြင့် စိုက်ကြည့်နေသော မက်ထရီ၏ဘက်သို့လည်း တစ်ချက်မျှ လှည့်မကြည့်မိချေ။

လူစီဇာ ကျမ်းကျိန်ဆိုပြီးသောအခါဂရေဟမ်က "ခင်ဗျားက လူစီဇာဘတ်နော်" ဟု အယဉ်ကျေး အသိမ်မွေ့ဆုံး အမူအရာဖြင့် နှုတ်ဆက်လိုက်သည်။

"ဟုတ်ပါတယ်ရှင်။ အဲဒါက ကျွန်မရဲ့ နာမည်ဟောင်းပေါ့"ဟု ဆိုကာ ခေါင်းကို တမင် ခပ်ကြွားကြွားကလေး မော့်လိုက်ပြီး "ကျွန်မ မကြာခင်က လက်ထပ်လိုက်ပြီဆိုတာ ရှင်တို့ သိပါလိမ့်မယ်" ဟု ပြောလိုက်၏။

"အဲ့ ဝမ်းသာသဗျာ။ ခင်ဗျား အခုလိုလာပြီး သက်သေခံတာ ကျေးဇူးတင်ရပါတယ် ခင်ဗျာ။ အထူးသဖြင့် အခုလို အချိန်မျိုးမှာပေါ့"

"ကျွန်မတို့ကို သဘော်ာတက်ခါနီးမှ လာတားတာကိုတော့ အံ့အားသင့် သွားတာပေါ့ရှင်။ ဒါပေမယ့် ကျွန်မတတ်နိုင်တာကိုတော့ လုပ်ပေးချင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ရုံးတော်က ဆင့်ခေါ်တာဟာ အကြောင်းမဲ့ မဟုတ်ဘူးဆိုတာတော့ ကျွန်တော် ပြောနိုင်ပါတယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က အမှုစစ်ဆေးရာမှာ ခင်ဗျားရဲ့ သက်သေခံချက်များက တရားခံကို အပြစ်ပေးရာမှာ အရေးကြီးဆုံး အထောက်အထားများ ဖြစ်ခဲ့တာကိုတော့ ခင်ဗျားသိမယ်လို့ ထင်ပါတယ်"

"ကျွန်မကတော့ ကျွန်မတတ်နိုင်တာ လုပ်ပေးတာပါပဲရှင်" ဟု လူစီဇာက သိမ်မွေ့စွာပင် ပြောလိုက်ပြီး "ကျွန်မ ဒီထက်တော့ ပိုပြီး မပြောနိုင်ဘူး" ဟု ဆိုလိုက်၏။

"ကဲ၊ အဲဒီ လူသတ်မှု ဖြစ်ပွားတဲ့ညက မှောင်လည်း မှောင်၊ မိုးလည်း ရွာနေတယ်ထင်တယ်နော်"

"ဟုတ်ပါတယ်ရှင်။ ဒါကို ကျွန်မ မနေ့တစ်နေ့က ဖြစ်တာလို့ပဲ မှတ်မိနေပါတယ်"

"ဥရောကုန်း အမှတ် ၅၂ က ထွက်ပြေးလာတဲ့လူဟာ အတော့်ကို မြန်မြန်ပြေးလာတယ်နော်"

"ဟုတ်ပါတယ်ရှင်"

"ခင်ဗျာ့ အနားရောက်တော့ တစက္ကန့်လောက်အတွင်းမှာ ရိပ်ခနဲလွန်သွားတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါလိမ့်မယ်ရှင်"ဟု လူဝီဇာက စဉ်းစဉ်းစားစား ပြောလိုက်သည်။

"ဒါနဲ့တောင် ခင်ဗျားက ဒီလူကို အပြည့်အစုံ ရှင်းရှင်းလင်းလင်း မြင်လိုက်ရတယ်နော်။ အဲဒီလူဟာ အညိုနုရောင် မိုးကာအင်္ကျီနဲ့ အကွက်ဆင် ဦးထုပ်ကို ဆောင်းထားပြီး ဖိနပ်အညိုရောင် စီးထားတယ်လို့ ခင်ဗျားပြောခဲ့တယ်။ ကဲ၊ အဲသလိုအမှောင်ကြီး ထဲကို ရိပ်ခနဲသာ မြင်လိုက်ရတဲ့လူကို ခင်ဗျား ဘယ်လိုလုပ်ပြီး ဒါလောက် ပြည့်ပြည့်စုံစုံ မြင်လိုက်ရသလဲ ပြောပြပါဦး ခင်ဗျာ"

ဘတ်က သူ့ကိုယ်သူ စိတ်ချစွာပင် "ဒီလိုပါရှင်၊ အဲဒီလူက လမ်းမီးတိုင်အောက်က ဖြတ်ပြေးလို့ မီးရောင်က သူ့အပေါ်မှာ လင်းနေပါတယ်" ဟု ဖြေလေသည်။

"အချိန်က ရှစ်နာရီထိုးဖို့ မိနစ်နှစ်ဆယ် အလိုမှာနော်"

"မှန်ပါတယ်ရှင်၊ ကျွန်မ ပင်မင်းဆိုင်က ကျွန်မသူငယ်ချင်းနဲ့ ခုနှစ်နာရီခွဲမှာ ထွက်ခဲ့ပါတယ်။ နံပါတ် ၅၂ ကိုရောက်ဖို့ ဆယ်မိနစ်လောက်တောင် မလျှောက်ရပါဘူး"

"အချိန်နဲ့ ပတ်သက်လို့ ခင်ဗျားသေချာတယ်ပေါ့၊ ဟုတ်လား"

"ကျွန်မ ကျမ်းကျိန်ပြီးပြောနိုင်ပါတယ်။ အခုလဲ ကျွန်မ ကျမ်းကျိန်ထားပြီးပါပြီ"

"အဲသလိုဆိုရင် ထွက်ပြေးသွားတဲ့ လူကို ခင်ဗျား ဘယ်လိုလုပ်ပြီး လမ်းမီးရောင်နဲ့ မြင်နိုင်မလဲ။ အယ်လဒန်ရပ်ကွက်မှာ ၁၀၂၁ ခုနှစ်က အတည်ဖြစ်နေတဲ့ မြူနီစပယ်ဥပဒေများအရ လမ်းမီးများကို ညရှစ်နာရီမထိုးခင်မှ မထွန်းရတာပဲ"

လူဝီဇာသည် ပထမဆုံးအကြိမ် မျက်နှာတစ်ချက် ပျက်သွားပြီး သူ့မျက်လုံးများက တိတ်တခိုး အမူအရာဖြင့် ဒေးအား လှမ်းကြည့်လိုက်သော်လည်း အလယ်ခေါင်ထဲတွင်ထိုင်နေသည့် ဒေးသည် သက်သေခုံဆီသို့ မကြည့်ပဲ တမင်မျက်နှာလွှဲထားလေသည်။

နောက်ဆုံး၌ လူဝီဇာက "မီးရောင်တော့ ရှိနေတယ် ထင်ပါတယ်ရှင်" ဟု ထပ်ပြောလိုက်ပြီး "အားလုံးကို ရုတ်တရက် တပြိုင်ထဲမြင်လိုက်ရတာဆိုတော့ ကျွန်မဦးနှောက်ထဲမှာ စွဲထင်ပြီး ကျန်ရစ်တာပဲရှင့်" ဟု ဆိုလိုက်သည်။

"ဒါဖြင့် အဲသလို စွဲထင်ပြီး ကျန်ရစ်တဲ့ဟာက ဘာဖြစ်လို့များ ပုလိပ်ဆီမှာ အထပ်ထပ်စစ်မေးလို့ ထွက်ဆိုပြီး ခင်ဗျားလက်မှတ်ထိုးထားတဲ့ ထွက်ချက်နဲ့ ကွဲလွဲနေရပါသလဲ ခင်ဗျာ"

လူဝီဇာမျက်နှာညိုလျက် ခေါင်းငုံ့သွားကာ လုံးဝတိတ်ဆိတ်နေလေ၏။

"အာဏာရှိသူများက သင်ပေးထားကာများ ရှိနေလို့လား"

ရှေ့နေချုပ်ကြီးက ဒေါသတကြီး ထလိုက်ပြီး "အခုလို မတော်မတရား ခွင့်မလွှတ်နိုင်အောင် စော်ကားစွပ်စွဲတာမျိုးကို ကျွန်တော် ကန့်ကွက်ပါတယ် တရားမင်းကြီးခင်ဗျာ"ဟု ဆိုလိုက်လေ၏။

ဂရေဟမ်က အေးအေးဆေးဆေးပင် လက်ခံလိုက်ပြီး "ကဲ ထားပါတော့လေ။ ကျွန်တော် သိရတာကတော့ အဲဒီထွက်ပြေးသွားသူက မှတ်ဆိတ်ကြင်စွယ်များကို ပြောင်နေအောင် ရိတ်ထားသူဖြစ်တယ်တဲ့၊ ဟုတ်ကဲ့လား"ဟု ဆက်မေးလိုက်၏။

လူဝီဇာက ခေတ္တမျှ ဆိုင်းနေပြီး "ဟုတ်ပါတယ်"ဟု ဖြေလိုက်သည်။

"ခင်ဗျား ဒါကို အပြတ်ပြောပြီးသားနော်၊ သတင်းစာတွေ ဘာတွေထဲမှာလဲ ပါပြီးသား။ ဒီစကားကို ခင်ဗျား ပြင်ပြောရင် ခင်ဗျားစကားကို လုံးဝ မယုံကြည်ရဘူးလို့ ဆိုရတော့မှာပဲ"ဟု ဆိုကာ ဂရေဟမ်က ခေတ္တရပ်ထားလိုက်ပြီးမှ "ဒါပေမယ့်လစ်ဘာပူးမှာ လူတန်းစီပြတော့ အဲဒီတုန်းက ထွက်ပြေးသွားတာ ဒီလူပါပဲလို့ ခင်ဗျားဆွဲပြလိုက်တဲ့ မက်ထရီဟာ နှုတ်ခမ်းမွေးနဲ့ခင်ဗျ။ အဲဒီ နှုတ်ခမ်းမွေးကို ထားခဲ့တာ ခြောက်နှစ်တောင် ရှိနေမှပဲ"ဟု ပြောလိုက်၏။

လူဝီဇာ စိတ်ဆိုးသွားသလို "ဒါတော့ ကျွန်မ မတတ်နိုင်ဘူး။ ပြန်စဉ်းစားကြည့်တော့ သူ့မှာ နှုတ်ခမ်းမွေးပါသလိုလို ထင်မိတာပဲ။ ကျွန်မကတော့ ကျွန်မတတ်နိုင်တာ လုပ်ပေးတာပဲ" ဟု ပြောလိုက်၏။

ဂရေဟမ်က အလိုက်သင့် ချိုသာစွာပင် "ဟုတ်တာပေါ့လေ။ ဒါဟာ ထင်ရှားသထက် ထင်ရှားလာပါပြီလေ။ ကဲ ကဲ၊ ထားပါတော့။ လမ်းမီးတိုင် မထွန်းသေးတာတို့၊ နှုတ်ခမ်းမွေးတို့၊ အဝတ်အစား ပြောင်းလဲသွားတာတို့ ဆိုတဲ့ အသေးအဖွဲကလေးတွေကို ထားခဲ့ပြီး အင်မတန်ထူးခြားတဲ့ ကိစ္စကလေးတစ်ခုကို ပြောရအောင်" ဟု ဆိုလိုက်၏။

မတင်မကျနှင့်ပင် တိတ်ဆိတ်သွားပြန်သည်။ လူဝီဇာမှာ ဣန္ဒြေဆောင်၍ မထားနိုင်တော့။ သူသည် စပရောက်ထံမှ အားပေးမှုရလိုရငြား လှမ်း၍ကြည့်လိုက်သည်။ ထို့နောက် ပုလိပ်မင်းကြီးအား ကြည့်ပြန်သည်။ ထိုနှစ်ယောက်စလုံးက သူ့ဘက်သို့ လှည့်မကြည့်ကြဘဲ မျက်နှာထားတင်းတင်းနေကြသောအခါ ရုံးတော်တဝိုက်တွင် မျက်လုံးအဝိုင်းသားနှင့် အားကိုးအားထား ရှာမိပြန်သည်။ ရုတ်တရက် သူ ပေါလ်အား မြင်သွားတော့ ဖျပ်ခနဲတုန်သွားသည်။ သူ့ မျက်လုံးများ ပြူးကျယ်သွားကာ သူ၏ ပါးဖောင်းဖောင်းနှစ်ဖက်မှာလည်း ညိုပုပ်၍ သွားလေ၏။

ဂရေဟမ်သည် ဆက်လက်၍ "အဲဒါတော့ ခင်ဗျာနဲ့အက်ဒဝပ်ကောလင်းတို့ရဲ့ ပေါင်းသင်းဆက်ဆံရေး ကိစ္စပါ။ အက်ဒဝပ်နဲ့ ခင်ဗျားနဲ့ သိပ်ခင်ကြသလား" ဟု မေးလိုက်သည်။

လူဝီဇာ ငိုလေတော့သည်။ သူသည် သူ့ရှေ့ရှိ သက်သေခံအစွန်းကို ဆုပ်ကိုင်ထားရသည်။

ငိုငိုယိုယိုနှင့်ပင် "ကျွန်မ နေမကောင်းပါဘူးရှင်။ ကျွန်မ ဆက်ပြီး မပြောနိုင်ပါဘူး။ ကျွန်မ လက်ထပ်ပြီးတာလဲ မကြာသေးပါဘူး" ဟု ပြောလိုက်သည်။

ရုံးခန်းအတွင်း တင်းမာနေရာမှ တီးတိုးသံများကို တရားသူကြီးက အုပ်လိုက်ပြီး မျက်မှောင်ကြုတ်ကာ လူဝီဇာအား "မယ်မင်း၊ နေမကောင်းဘူးလား" ဟု မေးလိုက်၏။

"ဟုတ်ပါတယ် ရုံးမင်းရှင့်။ ကျွန်မ နားနေချင်ပါတယ်"

ဂရေဟမ်က လိုက်လိုက်လျောလျောပင် "တရားမင်းများခင်ဗျာ၊ ရုံးတော်က ခွင့်ပြုမယ်ဆိုရင် ဒီသက်သေကို နားခွင့်ပေးဖို့ ကျွန်တော်ကလဲ သဘောတူပါတယ်။ ဒါပေမယ့် နားနေပြီးတဲ့အခါမှာတော့ ကျွန်တော် တင်ပြမယ့် အထောက်အထားများဦးတည်ရာ အရေးကြီးဆုံးဖြစ်တဲ့ နောက်ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး သူ့ကို ပြန်ခေါ်ရပါဦးမယ်" ဟု ပြောလိုက်သည်။

တရားသူကြီးများလည်း အချင်းချင်း တီးတိုးတိုင်ပင်ကာ သဘောတူလိုက်ကြသည်။ လူဝီဇာဘတ်အား သက်သေ အစစ်ခံနေရာမှ တွဲ၍ ခေါ်ထုတ်သွားသောအခါ တရားသူကြီးချုပ်က ရုံးခန်းအတွင်းမှ နာရီကြီးကို လှမ်းကြည့်လိုက်ရာ လေးနာရီထိုးရန် ငါးမိနစ်သာလိုတော့သည်ကို တွေ့ရလေ၏။ သို့နှင့် သူက အသံခပ်ပြတ်ပြတ်နှင့်ပင် စုံစမ်းစစ်ဆေးမှုကို နောက်တစ်ရက် နံနက်ကို ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာလိုက်သည်။

*

## အခန်း – ၁၆

တစ်ချိန်လုံး စိတ်မငြိမ်မသက်ဖြစ်ကာ ရုံးဆင်းချိန်ကိုသာ မျှော်နေခဲ့သော စပရောက်သည် တရားသူကြီးများ ထသွားလျှင်သွားခြင်း ရုံးခန်းထဲမှ လျင်မြန်စွာထွက်၍ ဘယ်သူမှမရှိတော့သော ဝတ်ရုံခန်းကိုဖြတ်ကာ ဘေးတံခါးမှ အပြင်သို့ ထွက်လာခဲ့လေ၏။ သူ့အား သတင်းထောက်များက ဝိုင်း၍ နောက်ယှက်ကြမည်ကိုလည်းကောင်း၊ လမ်း၌တွေ့သူများက အလာပသလာပ ပြောနေမည်ကိုလည်းကောင်း ရှောင်ရှားရန် ဆုံးဖြတ်ပြီး သူ့ကားကို လေးနာရီတိတိတွင် အရောက်လာရန် မှာထားပြီးဖြစ်၏။ ယခု ကားရောက်နေပြီဖြစ်၍ သူသည် လူသွားစင်္ကြံကို ခပ်သုတ်သုတ်လျှောက်ခဲ့သည်တွင် ကားနောက်ခုံ၌ ထိုင်နေသော ဇနီးကို မြင်လိုက်ရသဖြင့် စိတ်ချမ်းသာသွားကာ စောစောက တရိပ်ရိပ်တက်နေသော စိတ်ညစ်စိတ်နွမ်းတို့သည်လည်း လျော့နည်း၍သွားလေသည်။ သူ့ကိုယ်သူ ကားထဲသို့ ပစ်ဝင်လိုက်ပြီး အိမ်သို့ မောင်းရန် အမိန့်ပေးလိုက်၏။ ထိုနောက်မှ ရှေ့ခန်းခြားထားသည့် မှန်ကိုလှည့်၍တင်လိုက်ပြီး မီးခိုးရောင်ကား နောက်ခုံဆိုဖာပေါ်သို့ ပစ်မှီရင်း သူ့ဇနီးလက်ကို ကိုင်ထားလိုက်လေ၏။

စပရောက်မှာ တလျှောက်လုံး အထက်စီးကနေခဲ့လေသမျှ ထိုနေ့ကတော့ တစ်နေ့လုံး စိတ်ဆင်းရဲခဲ့ရလေသည်။ အထူးသဖြင့် ဂရေဟမ်၏လျှောက်ချက်များက သူ့အား ညှဉ်းဆဲခဲ့သည်။ အတွေ့အကြုံကပေးသော အသိဖြင့် ပိုဆိုးတာတွေလာဦးမည် ဆိုသည်ကိုလည်း အလိုလိုသိနေသည်။ လူဝီဇာဘတ်အကြောင်းနှင့် နက်ဖြန် ဂရေဟမ်က သူ့ဆီက ဘာတွေများ ညှစ်ထုတ်ဦးမည်ကို တွေးမိတော့ သူ ထိတ်လန့်တုန်လှုပ်သွားသည်။ သူသည် မျက်စိကို မှိတ်ထားပြီး အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်စွာ နေလိုက်၏။ ပြီးမှ

"ကက်သရိန်းရယ်၊ မင်းမို့ လိုက်လာတတ်တယ်၊ မင့်ကို အားထားရမယ်ဆိုတာ ကိုယ်သိပါတယ်"

သူ့ဇနီးက ဘာမျှ ပြန်မပြောချေ။

သူ၏ နွမ်းနယ်လျက်ရှိသော မျက်လုံးများကို မပွင့်တပွင့် ဖွင့်ကြည့်လိုက်သည်တွင် သူ့ဇနီးမှာ ခါတိုင်းထက် ညှိုးရော်နေပြီး ခါတိုင်းလို ညနေဝတ်နေကျ ပိုးအင်္ကျီပါးပါးနှင့် မဟုတ်ဘဲ သက္ကလပ် အပေါ်အင်္ကျီကို ဝတ်ကာ ဦးထုပ်ပျော့ကလေးကို ဆောင်းထားသည်ကို သတိထားလိုက်မိ၏။ ကက်သရိန်း ရုတ်တရက် သူ့လက်ကို သူ ပြန်ရုတ်လိုက်သည်။

စပရောက်လည်း ကိုယ်ကိုမတ်၍ ထိုင်လိုက်၏။

"စဉ်းစားကြည့်ရင် သိပ်တော့ မဆိုးလှပါဘူး" ဟု သူ့ကိုယ်သူရော၊ သူ့ဇနီးကိုပါ အားပေးလိုက်သလို ပြောလိုက်၏။ "ဂရေဟမ်ဆိုတဲ့ကောင်ကတော့ ထင်တဲ့အတိုင်းပဲ သူ့ကိုယ်သူ လူကြိုက်များအောင်လုပ်တာပဲလေ။ ရွံ့ပုပ်နှိုက်ပြီး ဒို့ကို ပက်တာပေါ့။ ခွေးမျိုး အပေါစား" ဟုလည်း ဆိုလိုက်သည်။ ဤတွင် သူ့ဇနီးက

"ဒီလို မပြောပါနဲ့" ဟု ဆိုလိုက်၍ စပရောက်လည်း အံ့အားသင့်သလို သူ့ဇနီးကို ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ"

ကက်သရိန်းက မျက်နှာလွှဲထားပြီး သူ၏ လည်တိုင်သွယ်သွယ်ကလေးကို အလင်းရောင်၌ ကွေးကာ ကားမှန်တံခါးမှ အပြင်သို့ ငေးကြည့်နေလိုက်ပြီး အတော်ကြာမှ

“မစ္စတာဂရေဟမ်ကို အပေါ်စားလို့ ကျွန်မ မထင်ပါဘူး”ဟု ပြောလိုက်၏။

“ဘာ”

“သူဟာ ရိုးသား ဖြောင့်မတ်တယ်လို့ ကျွန်မ ထင်ပါတယ်”

စပရောက်၏ လန်းရွှင်လာစ မျက်နှာတစ်ခုလုံးမှာ နီရဲသွားသည်။

“ဒီကနေ့ သူပြောသွားတာတွေကို မင်းကြားရင် ဒီလို ပြောမှာ မဟုတ်ဘူး”

“ကျွန်မ ကြားခဲ့ရပါပြီလားရှင်”ဟု ဆိုကာ သူ့မျက်နှာကို ကားပြူတင်းမှခွာ၍ သေးသွယ်သော လက်ချောင်းကလေးများဖြင့် ပါးကိုထောက်ထားကာ ပထမဆုံးအကြိမ် စပရောက်အား သူ၏ ဝေဒနာဖြင့် ရီဝေနေသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ပြီး “ကျွန်မ အပေါ်ထပ်က ခုံတန်းတွေနောက်ဆုံးမှာ ထိုင်ပြီး နားထောင်နေတာ။ ကျွန်မ မလာဘဲ မနေနိုင်လို့ လာခဲ့တာ။ လာခဲ့တုန်းကတော့ ရှင့်ကို အားပေးဖို့၊ ကျွန်မရဲ့မေတ္တာနဲ့ ရှင့်ကို အားသစ်အင်သစ် ဖြည့်ပေးဖို့ပါပဲ။ ရှင့်အပေါ် သူများက မတော်မတရား စွပ်စွဲပြောဆိုကြတာတွေကို ရှင်က ရှင်းလင်းပစ်လိုက်တာ ကြည့်ဖို့ပါပဲ။ အခုတော့ ဒီလိုမှမဟုတ်ဘဲ” ဟု ပြောလိုက်သည့်အတွက် စပရောက်မှာ ထိတ်လန့်သွားကာ သူ့ဇနီးအား အမှုစစ်ရာလိုက်လာပြီး အားလုံးကို ကြားသိသွားသည်ဆိုသည့်အဖြစ်မှာ သူ မလိုလားဆုံး အဖြစ်ပေတည်း။

“မင်း ဒီကို လာဖို့ မကောင်းဘူး”ဟု သူက စိတ်ဆိုးမာန်ဆိုး ဆိုလိုက်ပြီး “မင့်ကို မလာပါနဲ့ ပြောထားသားနဲ့။ တရားရုံးဆိုတာ မိန်းကလေးတွေရဲ့နေရာ မဟုတ်ဘူး။ ကျုပ် မင့်ကို ရှင်းလင်းပြမထားဘူးလား။ လူအများနဲ့ ဆက်ဆံရတဲ့ အစိုးရအရာရှိဆိုရင် ဘယ်သူမဆို တစ်သက်မှာတစ်ခါတော့ ဆေးခါးကြီး မျိုကြရတာပဲ။ ဒါပေမယ့် ဒါကို သူ့ဇနီးက လိုက်ပြီး စောင့်ကြည့်စရာမလိုပါဘူး”ဟု ပြောလိုက်၏။

“ကျွန်မ မသွားပဲ မနေနိုင်လို့ သွားတာ” ဟု ကက်သရိန်းက ထပ်ပြောပြီး “တစ်ခုခုက အတင်းနှိုးဆော်နေသလို့မို့ သွားတာ”ဟု ဆိုပြန်သည်။

ခေတ္တမျှ တိတ်ဆိတ်နေ၏။ စပရောက်လည်း ဒေါသကို ထိန်းသိမ်းလိုက်၏။ သူချစ်ရသည့် ဇနီးပေကိုး။

“ကဲ ထားလိုက်ပါတော့လေ” ဟု ဆိုကာ ကက်သရိန်းလက်ကို ပြန်၍ဆုပ်မိရန် အားထုတ်ရင်း “ဒါ မကြာခင် ပြီးသွားမှာပဲ။ အခုတော့ လူတွေက မက်ထရီကောင်ကို ဝိုင်းမြှောက်ပေးနေကြဦးမှာပေါ့။ ပြီးတော့လည်း ပြီးသွားပြီး မေ့ပစ်လိုက်ကြမှာပါပဲ” ဟု ပြောလိုက်၏။

ကက်သရိန်းက ထူးထူးဆန်းဆန်းပင် စိတ်မပါသလို လေသံဖြင့် “မေ့ပါ့မလား”ဟု မေးသလို ဆိုလိုက်ပြန်သည်။

သူ့အမူအရာ သူ့လေသံတို့သည် စပရောက်အား ရင်ဝကို ဆောင့်လိုက်သလို အောင့်သွားစေလေသည်။ သူ့ပါးစပ်က ပစ်ခတ်ဆဲရေးလိုက်ချင်သော်လည်း ထိုအခိုက်တွင် သူတို့ကားသည် ဥယျာဉ်ကုန်းကိုကွေ့ပတ်ကာ အိမ်ဘက်သို့တက်လာခဲ့ပြီး မျှားမကြာမီပင် သူတို့၏အိမ် ဆင်ဝင်အောက်၌ ထိုးဆိုက်လေတော့သည်။ ကက်သရိန်းသည် ကားတံခါးကိုဖွင့်၍ အိမ်ထဲသို့ ခပ်မြန်မြန်ဝင်လိုက်သည်။

စပရောက် ကားထဲမှထွက်၍ လိုက်လာတော့ ကားမောင်းသမားက “ဒီနေ့ည ကားသုံးဖို့ လိုပါသေးသလားခင်ဗျာ”ဟု မေးသည်။

စပရောက်က စိတ်တိုစွာပင် “မလိုပါဘူးကွာ၊ တကတဲမှပဲ”ဟု ဖြေလိုက်၏။

အစဉ် ရိုသေကျိုးနွံသော သူ့ဒရိုင်ဘာ၏မျက်လုံးများတွင် ထူးဆန်းသော အရောင်တစ်မျိုး လက်လိုက်သလားတော့ သူမပြောတတ်နိုင်ပြီ။ ဘယ်လိုမဆို သူ ဂရုမစိုက်ပါ။ သူ့မိန်းမ ဝင်ပြေးသွားရာကိုသာ ခပ်သွက်သွက် လိုက်၍လာခဲ့ရာ အတွင်းဘက် အဝင်ခန်းမတွင်မီလေသည်။

"ကက်သရိန်းရယ် နေပါဦး။ ကိုယ် စကားပြောစရာ ရှိလို့ပါ"

ကက်သရိန်းသည် စိတ်လက်မပါဘဲ ရပ်နေလိုက်ပြီး ခေါင်းကိုလည်း သူ၏သိမ်မွေ့သွယ်လျသော ရင်အုံပေါ်သို့ ငုံ့ထားလိုက်သည်။ ကက်သရိန်း၏ သဘောထားနှင့် ထူးထူးခြားခြား ညှိုးနွမ်းနေပုံတို့ကြောင့် စပရောက်မှာ စိတ်ဆင်းရဲကာ ဆုတ်ဆုတ်ဆိုင်းဆိုင်းဖြစ်လျက် သူ မပြောချင်သည်ကို အတင်း မမေးသေးဘဲ "ခလေးတွေကော"ဟု သာ မေးလိုက်သည်။

"အမေ့အိမ် ပို့ထားတယ်။ ဒီလို စိတ်မချမ်းသာစရာမျိုး သူတို့ သိစေချင်မယ် မဟုတ်ဘူးထင်လို့"

ကက်သရိန်းလုပ်တာ မှန်သည်ဟု သတိပြုမိသည်။ သူကိုယ်တိုင်ကလည်း ဤသို့ ပြုသည်ကို ခွင့်ပြုပါသည်။ သို့သော် သမီးကလေးများ၏ အချစ်အခင်နှင့်ချို့ရွှင်သော ဆီးကြိုမှုကလေးများကိုတော့ သူ တောင့်တမိသည်။ ခဏမျှ တိတ်ဆိတ်နေပြီး စပရောက်လည်း သူ့ဇနီးအား တစ်ချက်လှမ်း၍ ကြည့်လိုက်၏။

"တစ်နေ့လုံး ရုံးမှာ အထုအထောင်း ခံလာရတဲ့ လူတစ်ယောက်အဖို့ အိမ်ပြန်ရောက်တော့လည်း ဒီလိုဖြစ်နေတာကတော့ တယ်မကောင်းလှဘူး။ နည်းနည်းရွှင်ရွှင်ပြပြဖြစ်လာအောင် လုပ်လို့ မရဘူးလားကွယ်။ ကက်သရိန်းရယ်၊ ညနေစာ အတူတူစားကြရအောင် ဖြစ်ဖြစ်ပေါ့"

"ရှင့်အတွက် ညနေစာ အပြင်ခိုင်းထားပြီးပြီ"

သူ၏ စိတ်ပျက်အားငယ်သောမျက်လုံးများဖြင့် သူ့ဇနီးအား လှမ်းကြည့်ပြန်သည်။

"မင့်မှာက ဘာများ ဖြစ်နေရပြန်တာလဲ"

ကက်သရိန်းက ခပ်ဆတ်ဆတ်ပင် "ရှင် စဉ်းစားမကြည့်တတ်ဘူးလား" ဟု ဖြေလိုက်၏။

"မကြည့်တတ်ဘူး။ ကိုယ့်အိမ်မှာကိုယ် အနူလိုသဘောထားတာမျိုး ခံရဖို့အကြောင်း ဘာမှ မမြင်ပါဘူး"

ကက်သရိန်းက လှေကားလက်ရမ်းတိုင်ကို လက်တစ်ဖက်လှမ်းတင်ကာ ကိုယ်တစောင်းလှည့်လိုက်ပြီး "ကျွန်မကို ခွင့်လွှတ်ပါ။ ကျွန်မ အိပ်ရာထဲသွားပြီး လှဲနေချင်လို့ပါ" ဟုပြောလိုက်သည်။

စပရောက်က ဒေါသဖြင့် "နေဦး၊ မင်းမသွားရသေးဘူး။ ကိုယ့်ကို နားလည်အောင် ပြောခဲ့ဦး"ဟု ခပ်ကျယ်ကျယ် ပြောလိုက်၏။

အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ ကက်သရိန်းလည်း လှေကားလက်ရန်းတိုင်ကို အားပြု၍ တစ်ထစ်လှမ်းတက်ရင်းက ခေါင်းကိုမော့၍ စပရောက်အား ဒဏ်ရာရသည့် သားကောင်မျက်လုံးများဖြင့် လှမ်းကြည့်လိုက်၏။

"ကျွန်မက ရှင် နားလည်လိမ့်မယ်ထင်တာ။ ကျွန်မအဖို့ ဘယ်လောက် အထိနာသလဲ။ တစ်ချိန်လုံး လူတွေက ရှင့်ကို တိုက်ခိုက်လာကြတာ။ ရှင့်ကို မကောင်းပြောလာကြတာ။ ကျွန်မ ဂရုမစိုက်ခဲ့ပါဘူး။ ကျွန်မ မယုံခဲ့ပါဘူး။ ကျွန်မဟာ ရှင့်မိန်းမပါ။ ကျွန်မ ရှင့်ကို ယုံကြည်အားထားခဲ့ပါတယ်။ ဒါပေမယ့် အခု၊ အခု သူတို့ ဘာကြောင့် ရှင့်ကို ဒီလို လုပ်ခဲ့ကြတယ်ဆိုတာ ကျွန်မ သိခဲ့ရပြီ။ ဒီနေ့ရုံးတော်မှာ ဂရေဟမ်က ရှင့်ကို ရွံ့ပုပ်နဲ့ ပက်နေတာ မဟုတ်ဘူး။ သူ အမှန်တွေကို ပြောနေတာ။ ရှင့်ဟာရှင် ကြီးပွားချင်တာ၊ ရာထူးတက်ချင်တာ တစ်ခုထဲနဲ့

လူတစ်ယောက်ကို သေဒဏ်ကျအောင် သေဒဏ်ထက်ဆိုးဝါးတဲ့ လောကငရဲကိုရောက်အောင် ရှင်ပို့ခဲ့တယ်” ဟု ဆိုကာ သူ၏သေးသွယ်သော လက်ကလေးဖြင့် နဖူးပေါ်သို့ သပ်လိုက်ပြီး “ရက်စက်ပါပေ့ရှင်၊ ရက်စက်ပါပေရဲ့။ ကြောက်စရာပါပဲ။ ဟိုလူခမြာ ကြည့်လိုက်ပါဦး။ ဘယ်လောက်များ ခံခဲ့ရရှာသလဲ” ဟု ဆိုလိုက်၏။

စပရောက်လည်း သူ့ဇနီးနားသို့ “ကက်သရိန်း၊ မင်းဘာတွေ ပြောနေသလဲဆိုတာ မင်း မသိဘူး။ လူတစ်ယောက် အပြစ်ကျအောင် ဆောင်ရွက်ဖို့က ကိုယ် ဝတ္တရား” ဟု အော်လိုက်၏။

ကက်သရိန်းက “မဟုတ်ဘူး၊ မဟုတ်ဘူး။ တရားနည်းလမ်းမှန်အောင် လုပ်ဖို့က ရှင့်ဝတ္တရား”ဟု ပြန်အောင်လိုက်သည်။

စပရောက်က “ဒါပေမယ့် မိန်းမရယ်၊ တရားနည်းလမ်းမှန်ကန်ရေးမှာ ကိုယ်က အမှုထမ်းပဲ။ ရာဇဝတ်ကောင် တစ်ယောက်ဟာ အပြစ်ထင်ရှားလာပြီဆိုရင် သူ့ကို အပြစ်ဒဏ်ရအောင် ကိုယ်က မလုပ်ချင်လို့ မနေရဘူးကွယ်”ဟု ဗလုံးဗထွေး ပြောလိုက်သည်။

“သက်သေအထောက်အထားတွေ ဘာတွေကိုတောင် ဖျောက်ဖျက်ပြီးလုပ်ရမတဲ့လား”

“တရားခံတစ်ယောက်ရဲ့ အမှုတင်ပြပုံဟာ သူ့ဘက်ကလိုက်တဲ့ရှေ့နေအပေါ်မှာတည်တယ်”

“ရှင်က နည်းမျိုးစုံနဲ့ ဒီလူကို လေးဘက်လေးတန်ပိတ်ဆို့ပြီး အပြစ်ဒဏ်ကျအောင်လုပ်လိုက်တော့ ရှင်ဟာ သူတို့ ပြောကြတဲ့ ယမမင်းရဲ့ရှေ့နေဆိုတာမျိုး ဖြစ်နေတာပေါ့”

“ကက်သရိန်းရယ်၊ မင်း ပင်ပန်းလာတာနဲ့ ဒီလို အရမ်းလျှောက်ပြောနေတာတော့ မကောင်းပါဘူး။ မက်ထရီဟာ ဘယ်လိုလူလဲဆိုတာ ဒီကနေ့ မင်းမြင်ခဲ့သားပဲ”

“သူ့မှာ ဘယ်လိုဖြစ်လာသလဲဆိုတာကို မြင်ခဲ့ပါတယ်၊ ဒီလောက် ဖြစ်လာတာတောင် သူ့ကြည့်ရတာ ရာဇဝတ်ကောင်နဲ့တော့ မတူပါဘူး။ သူ့ကို တစ်ယောက်ယောက်က သတ်ထားတာနဲ့ပဲတူတယ်”

ဤတွင် စပရောက်က “အရမ်း လျှောက်ဟစ်မနေနဲ့ကွ။ သူ အပြစ်က လွတ်သေးတာမဟုတ်ဘူး”ဟု ခပ်ထန်ထန် ပြောလိုက်သည်။

“ဒါပေမယ့် လွတ်မှာပါပဲ”ဟု ကက်သရိန်းက တိုးတိုး ဆိုလိုက်၏။

“ဒါက စောင့်ကြည့်ရဦးမှာပေါ့လေ”

ကက်သရိန်းမှာ နှုတ်ခမ်းများတဆတ်ဆတ်တုန်လျက်ရှိရာက စပရောက်အားစူးစိုက်ကြည့်နေလိုက်သည်။

“ဒါကို ရှင်သိတယ် မဟုတ်လား။ ရှင် တစ်လျှောက်လုံး သိနေခဲ့တယ် မဟုတ်လား ဟင်။ သူ့မှာ အပြစ်မရှိဘူး ဆိုတာလေ”

တရားခွင်တွင် ‘မပြစ်မရှိဘူး’ ဆိုသည့် စကားကို သူ မကြာခဏ ကြားဖူးလုပြီဖြစ်၍ မဆန်းသော်လည်း ယခု သူ၏ဇနီးက ပြောလိုက်သောအခါတွင်မူ ဤစကားသည်ပင် ထိတ်လန့်စရာကောင်းလောက်အောင် ထူးခြား ထင်ရှားလာလေရာ သူ့တွင် ဒေါသစိတ်၊ ရိုက်ချင် နှက်ချင်စိတ်၊ ဇနီးကို နှစ်သိမ့်ချင်စိတ်၊ ဇနီး၏ ရင်ခွင်၌ ခေါင်းထားပြီး ဝမ်းပန်းတနည်း ရှိုက်ကြီးတငယ် ငိုပစ်လိုက်ချင်စိတ်တို့ ထူးဆန်းစွာရောနှောလျက် ဒီတက်သလို တက်ကာ ဖုံးလွှမ်းသွားလေသည်။ ထို့နောက် သူသည် သူ့ ဇနီး၏ အနီးသို့ တိုးသွားကာ ခါးကို လှမ်း၍ ဖက်ရန် အားထုတ်လိုက်သည်။ သို့သော် ကက်သရိန်းက ဆတ်ခနဲတွန့်၍ ရှောင်လိုက်သည်။

“ကျွန်မကို မထိနဲ့”

ကက်သရိန်းက အထိတ်တလန့်အော်လိုက်သောအခါ သူ့မှာ တွန့်သွားသည်။ စိတ်ညစ်ညူးခြင်း၊ ဝေဒနာဖိစီးခြင်းတို့ကြောင့် ညှိုးချုံးနေသော သူ့ဇနီး၏မျက်နှာတွင် ယခင်က သူ တစ်ခါမျှ မမြင်ဖူးသည့် ရုပ်သွင်၊ မုန်းတီးသည့်အသွင်၊ ထို့ထက် ပို၍ဆိုးသော ကြောက်ရွံ့ရွံ့ရှာသည့် အသွင်တို့ ပေါ်လွင်လျက်ရှိသည်။ စပရောက်လည်း သူ့ထံမှ မျက်နှာလွှဲကာ လှေကားကို တစ်ထစ်ချင်းနင်းလျက် ဖြည်းညင်းစွာ တက်သွားနေသော သူ့ဇနီးအား လိုက်ကြည့်နေမိလေ၏။

ညနေစာ ပြင်ပြီးကြောင်း မောင်းတီးသံ ကြားရ၏။

သူသည် တစ်ယောက်စာ ညနေစာပြင်ထားသည့် စားပွဲရှိရာ စားသောက်ခန်းထဲသို့ တစ်ကိုယ်တည်း ဝင်ခဲ့သည်။ ညနေစာမှာ သူ့အကြိုက် ဟင်းအမယ်စုံပါသည်။ သို့သော် သူ့မှာ ဘာအရသာမျှမရှိ။ ပါးစပ်က ဝါးရင်း သူ့အာရုံက တစ်စုံတစ်ခုတွင် နစ်မြုပ်လျက် သူ၏ ညစ်ကျုလျက်ရှိသော စိတ်ဝိညာဉ်တွင် ဒေါသငွေ့ဝင်၍ သန္ဓေတည်လျက်ရှိသည်။ မီးဖိုဘက်က တံခါး တစ်ကြိမ် နှစ်ကြိမ် ပွင့်လာသည်တွင် မီးဖိုခန်းထဲမှ သတင်းစာလှန်လှောသံ၊ တီးတိုးစကားသံများ ကြားလိုက်ရသည်။ သူ့ဒေါသ ဟုန်းခနဲထ၍လောင်သည်။ အသက်ခပ်ကြီးကြီး အစေခံမကြီးအား သူ့ကို ညစာကျွေးပုံ ညံ့ဖျင်းသည်ဆိုကာ ဆဲဆိုကြိမ်းမောင်းလိုက်သည်။

စားသောက်ပြီးသောအခါ စားပွဲမှ ကုလားထိုင်ကို တွန်းဖယ်၍ထခဲ့ပြီး စာကြည့်ခန်းထဲသို့ ဝင်ခဲ့သည်။ သူ့မှာ စိတ်သောက ဖြစ်ရလျက်ရှိသောကြောင့် လိုအပ်နေသည့်အတိုင်း သူကိုယ်တိုင် ချမှတ်ထားသည့် စည်းကမ်းကို ဖောက်ဖျက်ကာ ဖန်ခွက်ထဲသို့ ဝီစကီခပ်များများ ထည့်၍ ရေစွက်လိုက်ပြီး ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ယခု သူ့စိတ်ထဲ၌ ယောက်ယက်ခပ်နေပုံမျိုး ယခင်က တစ်ခါမှ မဖြစ်ဘူးခဲ့ချေ။ သို့တစေလည်း သူ့မှာ ဘာမျှမရှိသော လေဟာနယ်ထဲတွင် ဝဲလည်လှည့်ကာ ဘာလုပ်ရမှန်းပင် မသိအောင် ဖြစ်နေသည်။ နောက်တစ်ရက် ဘာဖြစ်မည်နည်းဆိုသည်ကို သူလည်း မစဉ်းစားတတ်အောင် ဖြစ်နေ၏။ သူ့မှာ ရုတ်တရက် လေဖြတ်ခံလိုက်ရသူလို ခေါင်းထဲတွင် ရှုပ်ထွေးကာ သူ့ဟာသူလည်း ဘာဖြစ်သွားမှန်းမသိအောင် ဖြစ်ဟန်တူ၏။ သူ ကြိုးပမ်းခဲ့ အောင်မြင်ခဲ့သမျှ သူ၏ပတ်လည်က သူပိုင် အဖိုးတန်ပစ္စည်းများ၊ လှလှပပ ဖုံးထားသည့် စာအုပ်များ၊ ပန်းချီကားအလှများ ဤပစ္စည်းများသည် ရုတ်တရက် အဓိပ္ပာယ်ကင်းမဲ့သွားသကဲ့သို့ရှိသည်။ သူ့မှာ ကက်သရိန်းကလွဲ၍ ဘာကိုမျှ စဉ်းစား၍ မရနိုင်။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည့် အိမ်ကြီးထဲတွင် အပေါ်ထပ်ဆီမှ သူ့ဇနီး၏အသံကိုများ ကြားရလေမည်လားဟု သူ နားစွင့်၍ထားသည်။

သူ ဝီစကီနောက်တစ်ခွက် ငှဲ့၍သောက်လိုက်ပြန်သည်။ ဤတွင် သူ၏အာရုံများ တဖြည်းဖြည်း လှုပ်ရှားလာသည်။ အရာရာတွင် ယခင်ကလောက် မှောင်၍မနေတော့။ ကက်သရိန်းကတော့ အမျိုးကောင်းသမီး ပီသသူ၊ စိတ်ဆတ်သူ၊ သို့သော် ကံမကောင်းအကြောင်းမလှသည့် ဤကိစ္စ။ အချိန်ကျတော့ ပြီးသွားပါလိမ့်မည်။ တကယ်ဆိုလျှင် သူ ကြီးပွားတိုးတက်ခဲ့စဉ်က အောင်မြင်မှုများကို အတူတကွ စံစားခဲ့ကြပြီ မဟုတ်လား။ ယခုပင် သူ့ဆီသို့သွားမည်။ မှန်ပါသည်။ ယခုမှပင် သူ့ကို ခါတိုင်းထက် ပိုပြီးလိုအပ်နေသည်။ သူ့အပေါ်တွင် ကက်သရိန်းသိမ်မွေ့စွာ အလိုလိုက်အကြိုက်ဆောင်ခဲ့ပုံ၊ စိတ်ဆိုးလွယ်တတ်ပုံများနှင့် သူ့အပေါ်တွင် အကြင်နာတရား အမြစ်တွယ်လျက်ရှိပုံများကို ပြန်ပြောင်းအောက်မေ့လိုက်မိသောအခါ မက်သယူးစပရောက်မှာ ရင်ခုန်သံ ပို၍မြန်လာခဲ့သည်။

ဆယ့်တစ်နာရီထိုးပြီ။ အစေခံများလည်း အိပ်ကြပြီ။ အိမ်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လှ၏။ စပရောက်သည် ထိုင်ရာမှထကာ မီးများကို ပိတ်၍ တိတ်ဆိတ်စွာပင် ခြေဖျားထောက်လျက် အပေါ်ထပ်သို့ တက်လာခဲ့လေ၏။

သူ့ဇနီး၏ အိပ်ခန်းဝတွင် သူ့ရင် တဒိတ်ဒိတ်ခုန်လျက် ခေတ္တမျှရပ်နေမိသည်။ သူ့ရင်တွင်း၌ကား စာနာစိတ်ကလေးများကို မျှော်လင့်ကာ အကြင်နာတရားတွေ ပွားလျက်ရှိ၏။ သူ၏လက်ကို တံခါးလက်ကိုင်ပေါ်သို့ အသာအယာတင်၍ လှည့်ကြည့်လိုက်သောအခါ တံခါးကို အတွင်းမှ သော့ချထားသည်ကို တွေ့လိုက်ရသည်။ သူ စိတ်ပျက်အားငယ်သွားကာ ကက်သရိန်းအား ခပ်တိုးတိုး အသံပြုကြည့်သည်။ ထို့နောက် ခပ်ကျယ်ကျယ် ခေါ်ကြည့်သည်။ အထဲမှ ထူးသံမကြား။ တံခါးက ခိုင်လုံလှသည်။ တစ်ခဏကြာသော် တံခါးကို အတင်းတွန်းဆောင့်၍ ဖွင့်တော့မည်ကဲ့သို့ သူ၏ တုတ်ခိုင်သော ခန္ဓာကိုယ်တစ်ခုလုံး အကြောတွေစုရုံး၍ တင်းလိုက်သည်။ နောက် တဖြည်းဖြည်းပြန်၍ လျော့ကျသွားသည်။ အစိုးရရှေ့နေကြီးလည်း ချာကနဲလှည့်ကာ မသာမယာမျက်နှာဖြင့် မှောင်ထဲတွင်စမ်းရင်း သူ့အိပ်ခန်းဆီသို့ လာခဲ့လေ၏။

*

## အခန်း – ၁၇

ထိုညနေမှာပင် ပေါလ်မှာ အချိန်တရွေ့ရွေ့ကုန်နေသည်နှင့်အမျှ သူ၏စိတ်ထဲတွင် ထူးထူးခြားခြား ဝတ္ထုရားတစ်ခုရှိနေသလို လေးလံ၍နေခဲ့လေသည်။ သူ့အမေနှင့် ဘုန်းကြီးဖလဲမင်းတို့သည် အနီးအနားရှိ ဝတ်ကျောင်းတွင် စိတ်သက်သာရာရမှုအတွက် ဘုရားဆုတောင်းရန် သွားကြသည်။ ပေါလ်အား အတင်းခေါ်နေကြသေးသော်လည်း ပေါလ်က မလိုက်လိုဟု ပြောင်ငြင်းလိုက်ရသည်။ အယ်လာမှာ စိတ်ကောက်ပြီး သူ့အခန်းထဲ သူဝင်နေသည်။ မက်ထရီမှာမူ ဒန်းနှင့် မက်အီဗိုင်တို့က တင်းတင်းကြပ်ကြပ် ညွှန်ကြားထားသဖြင့် စောစောပင် အိပ်ရာဝင်လျက်ရှိသည်။ ပေါလ်တစ်ယောက်တည်း ဧည့်ခန်းထဲတွင်ထိုင်လျက် တစ်ကိုယ်တည်း ထိုနေ့က စိတ်လှုပ်ရှားမှု မုန်တိုင်းအစဲတွင် ဖရိုဖရဲဖြစ်၍ကျန်ရစ်ပြီး ထူးခြားရှုပ်ထွေးလေးလံလျက်ရှိသော စိတ်ဖြင့် ဖျောက်ဖျက်၍ မရနိုင်သည့် အာရုံတစ်ခုတွင် ဝင်စား၍နေမိလေသည်။

သူ၏ခြေရင်းတွင် သတင်းစာများ ပြန့်ကျဲလျက်ရှိ၏။ ဤအမှုတွင် အော့စဝေါ ပါဝင်ပတ်သက်နေသည် ဆိုသည့် ကောလာဟလသတင်းများသည် လျင်မြန်စွာ ပျံ့နှံ့ခဲ့လေရာ သတင်းစာများတွင်လည်း ဤမက်ထရီအမှု၏ သတင်းဦး သတင်းထူးအဖြစ် ခေါင်းစည်းစာလုံးမဲကြီးများဖြင့် ပါလာခဲ့လေသည်။ သူသည် ကုလားထိုင်ပေါ်တွင် ထိုင်ရင်းက ဤခေါင်းစည်းစာလုံးမဲကြီးများကို မြင်နေရသည်။

**အီနော့ အော့စဝေါ ဘယ်မှာလဲ။**

**ငွေဘုရင်ကြီး ပျောက်ချက်ဆန်း။**

နောက်တစ်ကြိမ် ဤစာတန်းများကို ပြန်ဖတ်မိသောအခါ သူ့မှာ စိတ်ဆန္ဒက ကြီးမားပြင်းထန်လာသည်နှင့်အမျှ လုပ်စရာကိစ္စက ပုံသဏ္ဍာန်ပိုမို၍ ပီသထင်ရှားလာခဲ့သည်။ နောက်ဆုံးတွင် သူ မလုပ်ဘဲ မနေနိုင်တော့လောက်အောင် ဖြစ်လာသည်။ ယခု ကိုးနာရီပင် မထိုးသေး။ သူသည် ကုလားထိုင်ပေါ်မှထကာ

ကုတ်အင်္ကျီကိုဝတ်၊ ဦးထုပ်ကိုဆောင်းကာ ဟိုတယ်မှ ထွက်လာခဲ့သည်။ သူ့ စိတ်အာရုံ၌ ထင်ရှားထင်နေခဲ့သည့် အတွေးနိမိတ်တို့သည် တဖြည်းဖြည်း သိပ်သည်းလာကာ သေချာသလောက်ဖြစ်လာသည်။

ကောင်းစွာ မမှောင်သေးသော်လည်း ခပ်စောစောက ဆီးနှင်းများဖြင့် စိုစွတ်သော လူသွားစင်္ကြံလမ်းများက အငွေ့တစ်ဖန်ပြန်၍ မြူခိုးများသမ်းကာ လမ်းများကိုရစ်ပတ်လွှမ်းခြုံလျက် ရှိလေသည်။ ပေါလ်သည်။ အယ်လဒန်ဘက်သို့ ခြေဦးလှည့်ခဲ့၏။ သို့ဖြစ်၍ သူ ဥရောကုန်းသို့ သွားမည်မှာ သိသာပေသည်။ သူသည် အိမ်အမှတ် ၅၂ သို့ ဝင်လိုက်သည်။ သူသည် မှောင်ရိပ်ခိုကာ လှေကားအတိုင်းတက်ခဲ့ပြီး ပရပ်စတီ၏အခန်းကို ကျော်ခဲ့စဉ်တွင်ကား အားလုံးတိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။ သူသည် နှလုံးအခုန်မြန်သလောက် ခေါင်းအေးအေးထားကာ အပေါ်ထပ် လှေကားခုံအထိ တက်ခဲ့ပြီး ခေတ္တရပ်နားကာ ကြမ္မာငင်ခဲ့သည့် အိပ်ခန်း၏ တံခါးဝကို ခေါက်လိုက်လေ၏။

ထူးသံ မကြားရ။ သူ့ တွက်ကိန်းများ မှားခဲ့လေသလား။ အင်္ကျီအိတ်ထဲမှ သူ့အား ပရပ်စတီပေးထားသည့် သော့ကို အလိုအလျောက်ပင် ထုတ်ယူကာ သော့ပေါက်ထဲသို့ထည့်၍ လှည့်လိုက်ရာ တံခါးသည် အလွယ်တကူပင် ပွင့်သွားလေသည်။ ထို့နောက် သူသည် အထဲသို့ ဝင်လိုက်ပြီး တံခါးကို ပြန်၍ ပိတ်ထားခဲ့လေသည်။

သူက တည်ငြိမ်စွာပင် “တစ်ယောက်ယောက် ရှိသလား” ဟု အသံပြုလိုက်၏။

အဖြေကား ပေါ်မလာ။

မီးရောင်လည်း မမြင်ရ။ သူသည် မှောင်နေသည့် ခန်းမတွင် မလှုပ်မယှက်ရပ်ကာ ပတ်ဝန်းကျင်၏ တိတ်ဆိတ်မှု၊ မြူပိတ်သည်ထက် ပိတ်လာသည့် တိတ်ဆိတ်မှုတို့က လူမနေ၍ အေးစက်နေသည့် အခန်း၏ ငြိမ်သက်မှုကို အားဖြည့်ပေးနေသကဲ့သို့ ရှိသည်ကို သတိပြုမိသည်။ သို့ရာတွင် ဤနေရာသည် ပစ်ထားသည့် နေရာနှင့်တော့မတူ။ မှိုစော် အောက်စော်နံ၍မနေ။ သူ့အင်္ကျီအိတ်ထဲမှ မီးခြစ်ကို ထုတ်ယူကာ မီးခြစ်တစ်ဆံ ခြစ်လိုက်၏။ ကြမ်းပေါ်က လင်နိုလီယံအခင်းမှာ ပြောင်စင်နေ၏။ မဟော်ဂနီသား ဦးထုပ်ချိတ်မှာလည်း ဖုံတစ်မှုန်မျှ မရှိ။ မီးခြစ်ဆံ၏ အလင်းရောင်တွင် ပွင့်နေသည့် ဧည့်ခန်းတံခါးကို မြင်ရသည်။ သူသည် ရှေ့သို့ ခြေသုံးလှမ်းမျှ လှမ်းကာ ဧည့်ခန်းထဲသို့ ဝင်လိုက်သည်။

သူ ထပ်ခေါ်ပြန်သည်။

“လူရှိလား”

ဤ တစ်ကြိမ်တွင်လည်း အဖြေမရ။ အိမ်ထဲတွင် သူတစ်ယောက်တည်း ပေလော။

ပန်းရောင် ဖန်အုပ်ဆောင်းအလုံးနှင့် ဓာတ်ငွေ့မီးကို သူ ထွန်းလိုက်သည်။ ယခုအထိတော့ သူ အတော်ကလေး ငြိမ်သက်ပါသေးသည်။ ဤ နေရာသို့ လာခဲ့ကတည်းက သူ့စိတ်ကိုသူ တင်း၍လာခဲ့သည်။ သို့ရာတွင် ဘဝပေါင်းများစွာကို ထိခိုက်ပျက်စီးစေသည့် ကြမ္မာဆိုးကြီး ကျရောက်ခဲ့သော ထိတ်လန့်စရာအခန်းကို မြင်လိုက်ရသောအခါ သူ့မှာ ကျောထဲက စိမ့်သွားသည်။ မလင်းတလင်း ဓာတ်ငွေ့မီးရောင်တွင် အခန်း၏ကြောက်လန့်ဖွယ် သဘာဝသည် ပီပြင်ပေါ်လွင်လျက် ရှိလေ၏။ အခန်းတွင်း၌ကား ဝက်သစ်ချသား စားပွဲဝိုင်းကြီးနှင့် ယင်း၏အထက် မျက်နှာကြက်မှ ကြေးမီးပဒေသာကြီးဆွဲလျက် စက္ကူယပ်နှစ်ခု၏နောက်တွင် သေသပ်စွာ ထည့်ထားသည့် မီးလင်းဖိုမီးနှင့် ဘေးတစ်ဖက်တစ်ချက်ရှိ ကတ္တီပါမွေးနုဖုံး ပက်လက်ကုလားထိုင်ကြီးနှစ်လုံးအပြင် မီးလင်းဖို၏သံချောင်း၊ ကြေးချောင်းနှင့် မှန်အပါအဝင် မီးဖိုနဖူးစည်း အဆင်တန်ဆာအားလုံးကို ပြောင်စင်နေအောင် တိုက်ချွတ်ထားသည်။ နာရီကလည်း အချိန်မှန်ကို ပြလျက်ရှိသည်။

ရုတ်တရက် ဧည့်ခန်းတစ်ဖက်ရှိ အိပ်ခန်းဆီမှ သဲ့သဲ့ကလေးမျှသာ ဖြစ်သော်လည်း တိတ်ဆိတ်လျက်ရှိသည့် အိမ်ထဲတွင်မူ အမြောက်ပစ်သံလောက် ကျယ်လောင်သည်ထင်ရသော ကျွီခနဲ ကြမ်းမြည်သံတစ်ခုကို ကြားလိုက်ရသည်တွင် ပေါလ်မှာ အသက်ရှူများ မှားသွားအောင်ပင် လန့်ဖျပ်သွားလေ၏။ သူ တုန်သွားပြီး မျက်လုံးများက အိပ်ခန်းတံခါးဆီသို့ဖျပ်ခနဲ လှမ်းကြည့်လိုက်မိသည်။ တစ်ခဏအကြာတွင် ကြမ်းပေါ်၌ လေးလံစွာနင်း၍ ခပ်ဆွဲဆွဲလျှောက်လာသည့် ခြေသံများကို ကြားလိုက်ရသဖြင့် သူ့မှာ ဆတ်ခနဲ လှည့်မပြေးမိအောင် စိတ်ကို မနည်းတင်းထားလိုက်ရ၏။ ယောက်ျားပဲ၊ ဘာကြောက်ရမလဲ။ ဒါကို မျှော်လင့်ပြီး လာခဲ့သည်မဟုတ်လား။ ဒီကိုလာခဲ့တာဟာ ဒါအတွက်ပဲ မဟုတ်ဘူးလား။ သို့သော် အိပ်ခန်းတံခါး ရုတ်တရက်ပွင့်လာပြီး အခန်းထဲမှ အော့စဝေါသည် ခါတိုင်းကဲ့သို့ပင် ခပ်မှိုင်းမှိုင်း ဝတ်စုံအနက်ကို ဖရိုဖရဲဆင်လျက် လည်စည်းလည်း ပြေလျော့ကာ မျက်နှာဖြူရော်စွာပင် ဆံပင်များ နဖူးပေါ်ဝဲကျပြီး မျက်တွင်းဟောက်ကြီးများဖြင့် အိပ်ရာထဲက ထလာသူပမာ လေးလေးလံလံကြည့်လျက် ထွက်လာသောအခါ ပေါလ်မှာ ကြမ်းပြင်တွင် သံမှိုဖြင့်စွဲထားသလို မတုန်မလှုပ် ကျောက်ရုပ်ဖြစ်၍ နေလေ၏။ အော့စဝေါလည်း တစ္ဆေကဲ့သို့ ဖြည်းညင်းစွာပင် ပေါလ်ထံသို့ လျှောက်လာကာ မျက်နှာကို စူးစိုက်ကြည့်နေလေ၏။

အတန်ကြာမှ "ဩ မင်းကိုး" ဟု ဆိုလိုက်သည်။ သူ၏အသံမှာ ငြီးငွေ့ဖွယ်ရာ ဩဩလေးလေးရှိလှသည်။ ပိန်ချုံးနေသော သူ၏ ကလန့်ကလားခန္ဓာကိုယ်ကြီးနှင့် လိုက်လျောလှ၏။

"မင်းလာမယ်ဆိုတာ ကျုပ်စိတ်ထဲက သိနေတယ်။ မင့်ဆီမှာ သော့ရှိနေတာကိုလည်း ကျုပ်သိတယ်"

သူသည် ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်၍ထိုင်ချလိုက်ကာ ခပ်ဖြည်းဖြည်းပင် အနီးရှိ နေရာတစ်ခုကို ပေါလ်အား ညွှန်ပြလိုက်၏။

"ဘာမှ တိုက်စရာ ကျွေးစရာတော့ မရှိဘူးကွာ။ ကျုပ် ဒီကို မနေ့ကမှ ပြောင်းလာတာ။ ပြောင်းချင်စိတ်ပေါ်လာလို့ပဲ ဆိုပါတော့။ စိတ်ရူးပေါက်တာပေါ့ကွာ။ အခုထိတော့ စားဖို့သောက်ဖို့ ဘာမှ မလုပ်ရသေးဘူး" ဟု ပြောနေစဉ် အော့စဝေါ၏ မျက်လုံးများသည် အခန်းထဲ၌ အလကားလျှောက်ကြည့်သလို လည်နေရာမှ ပေါလ်၏အပေါ်တွင် စူးစိုက်၍ ရပ်ထားလိုက်သည်။

"ကဲ ပြောပါဦး။ မင်း ဘာဖြစ်လို့ လာခဲ့တာလဲ"

ပေါလ်မှာ အာခေါင်များ ခြောက်သွားသလို တွေ့လိုက်ရ၏။ သူ့စိတ်ထဲမှာ ဘာတွေ ရှိနေသည်ကို ဘယ်လိုပြောရပါလိမ့်။ သူသည် အသံကို ထွက်အောင်မနည်းကြိုးစားကာ တည်ငြိမ်အောင် ကြိုးစား၍ထိန်းရင်း ပြောလိုက်၏။

"ခင်ဗျား ဒီမှာရှိမယ်လို့ ကျွန်တော် မှန်းကြည့်မိပါတယ်။ ကျွန်တော် လာခဲ့တာက ခင်ဗျားကို ထွက်သွားဖို့၊ ချက်ချင်းထွက်သွားပါလို့ ပြောဖို့ပဲ"

ထူးထူးဆန်းဆန်း ငြိမ်သက်နေသည်။ အိပ်ချင်မူးတူးနဲ့ လေးလေးလံလံဖြစ်လျက်က အော့စဝေါ၏မျက်နှာမှာ တစ်ချက်မျှ ပြုံးယောင်သမ်းလာကာ ပေါလ်အားလှမ်းကြည့်လိုက်သည်။

"မင်းကို ကျုပ် အံ့အားသင့်ရတယ်။ သိပ်ကို အံ့အားသင့်မိတယ်။ ပြီးခဲ့တဲ့လတွေမှာ မင်းဘာတွေလုပ်နေတယ်ဆိုတာ ကျုပ် မသိဘဲနေတာ မဟုတ်ပါဘူးကွယ်။ မင်းဟာ ကျုပ်အပေါ်မှာတော့ စိတ်ကောင်းမထားနိုင်ပေဘူးလို့ ကျုပ်ထင်တယ်လေ"

"အခု ကျွန်တော် စိတ်တစ်မျိုးဖြစ်သွားတယ်" ဟု ပေါလ်က အသံကို နှိမ့်၍ပြောလိုက်သည်။ "ကျွန်တော်တွေ့ကြုံခဲ့ရတဲ့အဖြစ်ကို ဒီကနေ့တရားရုံးမှာ မြင်ခဲ့ရတာတို့၊ ဥပဒေစက်ယန္တရားအကြောင်း

သိခဲ့ရတာတို့က ကျွန်တော့်စိတ်ကို ပြောင်းပေးလိုက်တယ်။ ဒီအမှုနဲ့ပတ်သက်လို့ စိတ်နောက်စရာတွေ များလှပါပြီဗျာ။ သူတို့ ကျွန်တော့်အဖေကိုလည်း ဆယ့်ငါးနှစ်လုံးလုံး လောကကရဲကို ပို့ခဲ့ပြီ။ အခုဒါကို အသစ်ပြန်စပြီး တစ်ခါ ခင်ဗျာ့ကို အဲသလို လုပ်ကြဦးမယ်ဆိုရင် ဘယ်ကောင်းတော့မှာလဲ။ ဒီတော့ ခင်ဗျားလည်း ပြေးသာတုန်း ပြေးတော့ပေါ့။ ခင်ဗျာ့ကို ဖမ်းဖို့ဆိုရင် အစောဆုံး နက်ဖြန်ညလောက်မှ ဝရမ်းထုတ်နိုင်မယ်။ ခင်ဗျား ဒီတိုင်းပြည်ကထွက်ဖို့ နှစ်ဆယ့်လေးနာရီ ရတယ်။ အနည်းဆုံး ခင်ဗျာ့မှာ အခွင့်အလမ်းတော့ ရသေးတာပေါ့"

"အခွင့်အလမ်း"။ အော့စဝေါ့သည် မယုံကြည်နိုင်သလို သံယောင်လိုက်၍ ဆိုလိုက်၏။ "အခွင့်အလမ်း"။ သူ့မှာ အကြီးအကျယ် ပျော်ရွှင်သလို ဖြစ်ကာ အထက်နှုတ်ခမ်းက တဆတ်ဆတ်တုန်လျက် သူ၏ ဖြူဝါဝါအသားအရည်တွင် သွေးရောင်များ လွှမ်းလာသည်။ သူ၏ မျက်ခုံးမွေးဖြူဖြူအောက်မှ မျက်လုံးဝိုင်းကြီးများတွင် မျက်ရည်များလည်လာသည်။ "လူကလေးရယ်" ဟု သူက အသံခပ်ကျယ်ကျယ်ဖြင့် ဆိုလိုက်ပြီး "လူတွေမှာ ဂရုဏာတရားဆိုတာ ဘယ်အခါမှမခန်းပါဘဲလား။ အို၊ အခု ကယ်တင်ရှင် ထင်ရှားရှိတယ်ဆိုတာ ကျုပ် ယုံရပြီပေါ့ကွယ်" ဟု ပြောလိုက်သည်။

သူ့ကိုယ်သူ ထိန်းချုပ်၍ မရနိုင်သည့်အလား သူသည် ထိုင်ရာမှထကာ အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်ရင်း သူ၏လက်ဆစ်များကို တဖျောက်ဖျောက်ချိုးလျက် အထက်သို့ မော့်ကာမော့်ကာ ဘုရားသခင်အား ကျေးဇူးတင်နေသကဲ့သို့ ရှိလေ၏။ နောက်ဆုံးတွင် သူ၏စိတ်လှုပ်ရှားမှုကို ကြိုးစား၍ ထိန်းသိမ်းလိုက်ပြီး သူ့နေရာတွင် ပြန်ထိုင်ကာ ပေါလ်၏လက်မောင်းကို ကိုင်၍ တင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။

"ကိုယ့်လူကလေးရယ်။ မင့်ကို ကျုပ်ကျေးဇူးတင်ရုံတင်မကပါဘူး၊ ကျုပ်မှာ မင့်ကို ရှင်းလင်းပြစရာတွေ ရှိပါသေးတယ်။ ဒီလောက် စိတ်မချမ်းသာစရာကောင်းတဲ့ ကြမ္မာဆိုးရဲ့ အဖြစ်သနစ်စုံကို မင်းကြားထိုက်လို့ ကြားရတယ်လို့သာ မှတ်လိုက်ပါတော့"

ပေါလ်အား သန်မာတင်းကြပ်စွာ ဆုပ်ကိုင်လျက်ပင် မျက်နှာကို စိုက်ကြည့်၍ အတန်ကြာအောင် ငြိမ်သက်နေပြီးမှ အက်ကွဲသောအသံဖြင့် သူ့စိတ်များ ဖောက်ပြန်သွားလေသလားဟု ထင်မှားစရာဖြစ်အောင် ရှေးစကားပြောနေသလို၊ တရားစာတွေရွတ်နေသလို လေသံမျိုးဖြင့် စကားစ၍ ပြောလေသည်။

"လူကလေး၊ ကျုပ်ဟာ တစ်သက်လုံး စိတ်သောကတစ်ခုကို ခံစားနေရတဲ့သူ ဖြစ်ပါတယ်။ ငယ်ငယ်ကတည်းက စပြီး ကျုပ်မှာ ဝက်ရူးပြန်တဲ့ရောဂါရှိခဲ့တယ်" ဟု ပြောရင်း အသက်ကို ဝအောင်ရှုကာ ဆက်ပြောသည်။ "ကျုပ်မိဘနှစ်ပါးဟာလည်း အိုကြပြီ။ ကျုပ်ဟာ တစ်ဦးတည်းသော သား။ အဲဒီလို အကြောင်းတွေကြောင့် ကျုပ်ဟာ အကာအကွယ်နဲ့ ကြီးပြင်းခဲ့ရတယ်။ ဒေသန္တရကျောင်းကနုတ်ပြီး အိမ်မှာဆရာငှားပြီး သင်ခဲ့ရတယ်။ အရာရာမှာ အလိုလိုက် ခံခဲ့ရပါတယ်။

"ကြီးထွားလာတာလည်း နောက်ကျတယ်၊ ဒါပေမယ့် ကျုပ်က ဆရာဝန်လုပ်ချင်တဲ့ ဆန္ဒရှိတဲ့အတွက် အသက်ဆယ့်ကိုးနှစ်သားအရွယ်မှာ ကျုပ်ကို တက္ကသိုလ်ပို့ပြီး အဲဒီကတဆင့် ဆေးပညာသင်ဖို့ စိန့်မေရီဆေးရုံကြီးကို ပို့ခဲ့ပါတယ်။ သို့ပေမယ့် ကျုပ်ရဲ့ရောဂါက ဖောက်ပြန်လာတော့ ဆေးပညာကို ဆက်မသင်ခဲ့ရပါဘူး။ အိမ်ကိုပြန်လာခဲ့ရပါတယ်။ ဒါပေမယ့် တဖြည်းဖြည်းဆိုသလိုပဲ ကျုပ်အသက်နှစ်ဆယ့်ငါးနှစ်ကျော်လာတော့ ကျုပ်ရောဂါဟာ သက်သာလာပြီး ပျောက်ကင်းသလောက်ဖြစ်လာတာနဲ့ ကျုပ်လည်း များပြားလှတဲ့ အဖေ့အလုပ်တွေကို ဝင်လုပ်၊ ကျုပ်အမွေဆက်ခံရမည့် ပစ္စည်းပစ္စယအားလုံးရဲ့ အထွေထွေအရပ်ရပ် တာဝန်တွေကို လွှဲပြောင်းယူခဲ့ရပါတယ်။ ကျုပ် အသက်သုံးဆယ်ရောက်တော့ ကျုပ်တို့နဲ့အဆင့်အတန်းတူ လူကုံထံထံက အမျိုးကောင်းသမီးတစ်ယောက်နဲ့ စေ့စပ်ကြောင်းလမ်းလိုက်ကြပါတယ်။ ကာလအပိုင်းအခြား သတ်မှတ်ချက် တစ်ခုရဲ့အတွင်းမှာ ကျုပ်ရဲ့ ရောဂါပြန်ပေါ်မလာတော့ဘူး၊ တစ်ခါတည်း ပျောက်ကင်းသွားပြီဆိုရင် လက်ထပ်ကြဖို့ပါပဲ"

အော့စဝေါသည် ခေတ္တရပ်နားကာ သက်ပြင်းကြီးတစ်ချက် ရှိုက်၍ချလိုက်ပြန်သည်။

"စိတ်ညစ်စရာပါပဲ၊ အဲဒီကာလမှာ ကျုပ်နဲ့ မိနာစပါးလိန်းနဲ့ တွေ့ခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကျုပ်က ရည်းစားအတွက် ပန်း သွားသွားမှာတဲ့ ပန်းဆိုင်မှာ မင်းသိတဲ့အတိုင်းပဲ မိနာစပါးလိန်းက အလုပ်လုပ်တယ်။ ဘယ်လိုစပြီး တွေ့ကြတယ်၊ ဘယ်လို လျှို့ဝှက်ပြီး စခန်းသွားကြတယ်ဆိုတာကို ကျုပ် အကျယ်ချဲ့ပြီး မပြောတော့ဘူး။ ဒီလိုဖြစ်ကြတာဟာ ကျုပ်ရဲ့ ပျော့ညံ့မှု၊ ယုတ်မာမှုပဲဆိုတာ ကျုပ် လုံးဝ ဝန်ခံပါတယ်။ သို့ပေမယ့် ကျုပ် နိမ့်ကျသွားတဲ့အခါမှာတော့ စပါးလိန်းဟာ ကျုပ်ကို ကူညီရှာပါတယ်လေ။ ကိုယ့်လူကလေးရယ်၊ အနှစ်မရှိတဲ့မိန်းမ၊ အလိုဆန္ဒ ကြီးမားတဲ့မိန်းမများရဲ့ ညွှတ်ကွင်းကိုတော့ လွတ်အောင်ရှောင်လေကွယ့်။ မိနာဟာ ကျုပ်ဆီက အဝတ်အထည်၊ ရွှေငွေပစ္စည်း၊ အိမ်ခန်းကအစ အားလုံးရအောင် ယူတဲ့အပြင် နောက်ဆုံး ကလေးမျက်နှာမြင်ပြီးတော့ စားဖို့သောက်ဖို့ပါ ကျုပ်က တာဝန်ယူပေမယ့် သူကလက်မခံဘူး။ ကျုပ်ကို ရန်လုပ်တယ်။ သူ့ကို လက်ထပ်မှပဲ ကျေနပ်နိုင်မယ်လို့ ဆိုတယ်။

အဲဒီအချိန်မှာပဲ ကျုပ်အဖေဆုံးသွားတယ်။ ကျုပ်လည်း စိတ်သောကဖြစ်ရာက ရောဂါပြန်ထလာတယ်။ တစ်ခါတော့ အတော်ပဲ ပြင်းပြင်းထန်ထန်ဖြစ်လိုက်လို့ အပြီးမှာ ကျုပ် စပါးလိန်းနဲ့ ချိန်ပြီး တွေ့လိုက်တယ်။ လူကလေးရယ်၊ အဲသလို ဝက်ရူးပြန်လို့အပြီးမှာ ဘယ်လိုဝေဒနာမျိုးကို ဘယ်လောက် ကြောက်စရာကောင်းအောင် ခံရတယ်ဆိုတာကို မင်းကတော့ မသိပေဘူး၊ လဲကျသွားရာကအထမှာ ဖြူဖပ်ဖြူရော်နဲ့ အသားအရေတွေ ညစ်မွဲမွဲဖြစ်ပြီး လျှာကို ကိုက်ခဲထားလို့ နာတာကတစ်မျိုး၊ ပါးစပ်ကလည်း အမြှုပ်တစီစီ၊ ခေါင်းထဲကလည်း မူးတီမူးဝေ မကြည်မလင်နဲ့ သတိမရတစ်ချက် ရတစ်ချက်၊ သွေးသားကလည်း မငြိမ်မသက် ကျီးတီကျက်တက်နဲ့။ အဲသလို အခြေအနေမျိုးမှာ သည်းမခံနိုင်အောင် စိတ်ကို ဒုက္ခပေးနေတော့ ကျုပ် သူ့ကိုသတ်လိုက်မိတာပဲ"

ထိုနောက် အတော်ကြီးကြာအောင် ငြိမ်သက်နေစဉ်၌ မဲ့မဲ့ရွဲ့ရွဲ့ဖြစ်လျက်ရှိသော အော့စဝေါမျက်နှာပေါ်တွင် ဖျော့တော့သော အပြုံးရိပ် ဝင်လာလေရာ၊ သူ၏အတွင်းသဏ္ဌာန်က ဖောက်ပြန်၍ မမှန်ကန်သော စိတ်အခြေအနေလက္ခဏာပေါ်လာသဖြင့် ပေါလ်လည်း သူ၏ကုလားထိုင် ဘေးတစ်ဖက်တစ်ချက်ကို တင်းကြပ်စွာ ဖမ်းဆုပ်ထားလိုက်ရ၏။

"ကျုပ် စိတ်ထဲမှာ ရုတ်တရက်ဖြစ်လာတာကတော့ ကျုပ်ကိုယ်ကျုပ် တစ်ခါထဲ ပုလိပ်ဆီသွားပြီး အပ်လိုက်ဖို့ပါပဲ။ ဒါပေမယ့် အဲဒီတုန်းက ပထမဆုံးအကြိမ် ကျုပ်ရဲ့အတွင်းစိတ်ဝိညဉ်ထဲက ကျုပ်ကို စကားပြောတာ ကြားရတယ်။ တစ်ခွန်းထဲပဲ။ 'ဆိုင်းပါဦး' တဲ့။ ကျုပ်ပြုခဲ့တဲ့ ပြစ်မှုအတွက် အပြစ်ဒဏ်ကို ကျုပ်ကြောက်လို့ မဟုတ်ပါဘူး။ ဒါပေမယ့် ကျုပ်သာ လွတ်မြောက်ခဲ့ရင်၊ ကျုပ် ဒီအပြစ်ကို ကျေအောင်လုပ်ရာမှာ ဘာတွေကို ဘယ်လောက် ကျေးဇူးပြုနိုင်တယ်ဆိုတာကို မြင်မိတာနဲ့ပါဘဲ" ဟု ဆိုကာ အော့စဝေါ့၏အမူအရာ ရုတ်တရက် ခပ်ခန့်ခန့်ခပ်ကြွားကြွား ဖြစ်လာသည်။ "အဲဒါနဲ့ပဲ ကျုပ် အသက်ရှင်နေသမျှကာလပတ်လုံး လူသားတစ်ရပ်လုံးကို အလုပ်အကျွေးပြုပြီး နေပါတော့မယ်လို့ ဆုံးဖြတ်လိုက်ရတယ်။ ပြီးတော့ ဆင်းရဲသားများ၊ အို နာ ကျိုး ကန်း မစွမ်းမသန်များကို စောင့်ရှောက်ပါ့မယ်။ ပြုခဲ့တဲ့ အပြစ်များကို ကျေပြီး ကောင်းရာသုဂတိရောက်ပါရစေ' လို့ ဝန်ခံပြီး ဆုတောင်းခဲ့ပါတယ်"

ပေါလ်က ကြားဖြတ်၍ "ဒါပေမယ့် သေဒဏ်ခံသွားရတဲ့လူအတွက်တော့ ကောဗျာ" ဟု မေးလိုက်၏။

အော့စဝေါက လွန်စွာနောင်တရဟန်ဖြင့် "အေး အေး၊ ကျုပ်ရဲ့ အကုသိုလ်ကြွေးဆပ်တဲ့ လုပ်ငန်းစဉ်မှာ အဲဒီအပြစ်ကတော့ ရှိနေပေတယ်။ ဒါပေမယ့် ကောင်းမှုပြုဖို့က အဓိဋ္ဌာန်ပြုပြီးသား ဖြစ်နေပြန်တယ်။ ဒါလည်း အကြိမ်ကြိမ် အခါခါပဲ။ ကျုပ်ကိုကျုပ် ပုလိပ်လက်အပ်ဖို့ အကြံဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျုပ်ရဲ့အတွင်းဝိညဉ်က တိတ်ဆိတ်မှောင်မည်းတဲ့ ညအချိန်မှာ ကျုပ် မလိုက်နာချင်လို့ မနေသာအောင် ပြောနေပြန်တယ်။ 'အသင်ဟာ အိမ်ကို စ,ဆောက်ပေမယ့်၊ အပြီးမသတ်တတ်သူလိုပါပဲလား၊ သင့်ကိုသင် ပုလိပ်လက်ကို အပ်လိုက်ရင် ဥပဒေအရာ သင်ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးဟာ အစိုးရဘဏ္ဍာဖြစ်သွားတော့မယ်။

ဆိုင်းလိုက်ပါဦး’ ဆိုတဲ့အသံကိုပဲ ကြားနေရတယ်။ ဟုတ်တယ်၊ လူကလေးရယ်၊ ကျုပ် အကြီးအကျယ် နောင်တရပါတယ်။ ဒါပေမယ့် ကျုပ် ဘာလုပ်နိုင်မှာလဲ။ ကျုပ်တို့မှာ ကံစီမံရာကို ခံနေကြရတဲ့လူတွေပါ။ လူ့ဘဝဆိုတာ ဒုက္ခအတိနဲ့ပဲ။ အကျိုးကောင်းရင် အကြောင်းမှန်ပဲ” အော့စဝေါ၏ကျောက်ဆစ်ရုပ်လို မျက်နှာပေါ်တွင် ဖျော့တော့သော အပြုံးရိပ်က ပျံ့နှံ့လာပြန်သည်။ “ကျုပ်ရဲ့ အတွင်းသန္တာန်က ကျုပ်ရဲ့လုပ်ငန်းစဉ်ကြီး အောင်မြင်ဖို့အတွက် ကျုပ်ရဲ့ လုံခြုံမှုရအောင် ဘာတွေကို ဘယ်လိုသတိရှိရမယ်၊ ဘာတွေလုပ်ရမယ် ဆိုတာတောင် အကြံဉာဏ်ပေးခဲ့ပါတယ်။ ကျုပ်မှာ အပြစ်ရှိတာကို ဝိုးတဝါး မသင်္ကာဖြစ်ခဲ့တဲ့ လူတွေကလည်း ဒါကလေးနဲ့ အမြတ်ထုတ်ချင်ကြသေးတယ်ဆိုတာကို မင်းသိပါတယ်။ သူတို့အပေါ်မှာလည်း စိတ်ကောင်းကောင်းထားပြီး အိမ်ထဲခေါ်သိမ်းသွင်း၊ ကိုယ့်အလိုအတိုင်းဖြစ်အောင် လုပ်ထားပေမယ့်၊ သူတို့နဲ့ပတ်သက်လို့ကတော့ စိုးရိမ်နေရတာပါပဲ။ အင်း၊ ကျုပ်ဘဝ စည်းစိမ်ရှိလှတယ်လို့ မထင်လိုက်ပါနဲ့ကွယ်။ မရှိလိုက်သမှ ကျုပ်ကိုကျုပ်ဟာ အင်မတန်ပြင်းထန် တင်းကြပ်တဲ့အဆုံးအမနဲ့ နေနေခဲ့ရပါတယ်။ ကျုပ်ရဲ့ရောဂါကလည်း ငယ်စဉ်ကတည်းကစပြီး ခံစားလာခဲ့ရတာ အခုလို အမြဲနှိပ်စက်နေတော့တာပါပဲ။ တစ်ပတ်ကို နှစ်ခါ၊ တစ်ခါတစ်လေ သုံးခါတောင် ဝေဒနာကို အလူးအလဲခံရလျက်ပါပဲ ဒါတွေအားလုံးထက် ကျုပ်နေရသမျှ အခက်တကာ့အခက်ဆုံးကတော့ ဘေးဆီကလူတွေ ကျုပ်ရဲ့လျှို့ဝှက်ချက်ကို မရိပ်မိအောင် လူအများအတွက် လူမှုရေးလုပ်ငန်းတွေကို စိတ်ပါဝင်စား လုပ်ပြနေရတဲ့ အလုပ်ပါပဲကွယ်”

အော့စဝေါလည်း သူ့စကားများနှင့်သူ စိတ်လှုပ်ရှားလာပြီး ထိုင်ရာမှထ၍ စိတ်မငြိမ်မသက်ပင် ပခုံးများကုပ်၊ သူ၏ဖြူရော်သော လက်များကိုလည်း တွဲလျားလွဲရင်း ကြမ်းပြင်ပေါ်တွင်လျှောက်ကာ အသံခပ်ကျယ်ကျယ်ဖြင့် မငြိမ်မသက်ပင် သူ့ကိုယ်သူ တရားချ၍နေပြန်လေတော့၏။

အော့စဝေါ စိတ်လှုပ်ရှားနေပုံကိုကြည့်ကာ ကြက်သီးများပင် ထမိလေ၏။ မိနစ်တိုင်း စက္ကန့်တိုင်း စက္ကန့်တိုင်း မှောင်ပိတ်၍ စိတ်ညစ်စရာများက များပြားအားကောင်းလျက် သူ့အား နှိပ်စက်ညှင်းပန်းလျက် ရှိဟန်တကား။ သူ ဖြစ်ပျက်နေပုံကို ကြည့်ရသည်ပင်လျှင် ကြောက်မက်ဖွယ် ကောင်းနေပေသည်။ သို့သော် ဤစိတ်ညစ်စရာမြင်ကွင်းကြောင့်ပင် ပေါလ်မှာ ဂရုဏာစိတ်များ ပိုမိုကြီးထွား၍ လာခဲ့သည်။ ဤသူသည် စိတ်ဖောက်ပြန်လျက်ရှိသည်မှာ ထင်ရှားသိသာပါသည်။

ရုတ်တရက် ခပ်လှမ်းလှမ်းရှိ တူးမြောင်းဆီမှ ဖြစ်ဟန်တူသော သင်္ဘောမြူပိုက်ဥဩသံတစ်ခုသည် အုပ်ဆိုင်းပိတ်ဆို့လျက်ရှိသော မြူထုကိုဖောက်ထွင်း၍ ပေါ်ထွက်လာသည်။ ဤအသံဆိုးအသံနက်ကြီးသည် သောကဖြစ်ရလျက်ရှိသော ဝိဉာဉ်၏ ငိုညည်းသံအလား အော့စဝေါ၏ နှလုံးသားအတွင်းသို့ ထိုးဖောက်ဝင်ရောက် သွားဟန်တူ၏။ သူသည် စိတ်မချမ်းမြေ့ဖွယ် ညည်းညူလိုက်ပြီး တောင့်တောင့်ကြီးရပ်ကာ ဦးခေါင်းကို နောက်သို့ပစ်လျက် မျက်လုံးများက ရှေ့တည့်တည့်သို့ စိုက်ကြည့်ရင်း “အချိန် နီးကပ်လာပါပြီ၊ သခင့်ကျွန်အား အပြစ်များမှ စင်ကြယ်ပါစေလော”ဟု မြည်တမ်းလိုက်၏။

နောက်ဆုံးစကားလုံးများ၌ အော့စဝေါ၏အသံ တိမ်သွားသည်။ သူ၏မျက်နှာမှာ မည်းပုပ်သွားပြီး ဆန့်တန်းထားသည့် သူ့လက်များလည်း တောင့်တင်းလျက် ဖုတ်ဝင်နေသူပမာ ငြိမ်သက်စွာရပ်နေလေ၏။ သို့ရာတွင် မိနစ်အနည်းငယ်ကြာသောအခါ တဖြည်းဖြည်းလျှော့ကာ သူ၏ပတ်ပတ်လည်သို့ လှည့်ကြည့်ရင်း သတိပြန်လည်လာသည်။ သူ့ကိုယ်သူ စားပွဲကိုမှီ၍ ထိန်းထားလိုက်ပြီး သူ့အိတ်ထဲမှ လက်ကိုင်ပုဝါတစ်ထည် ထုတ်ယူကာ သူ၏နဖူးကို သုတ်လိုက်၏။ ထိုနောက် ဖျော့တော့အားနည်းစွာပင် ပေါလ်အား ပြုံးပြလိုက်သည်။

“ကိုယ့်လူကလေးရယ်။ ထပ်ပြောပါရစေဦး၊ မင်းကျုပ်ကို ခုလို ဂရုတစိုက် လာပြောတာကို ကျေးဇူးတင်ပါတယ်။ ကျုပ်လည်း အခုပဲ နေကောင်းသွားတော့မှာမို့ မင်းသွားချင်ရင် သွားနိုင်ပါပြီ”

“ခင်ဗျား ထွက်သွားပါ့မယ်ဆိုတာ ကျွန်တော့်ကို ကတိပေးတယ်နော်”

"သွားပါ့မယ်ကွယ် သွားမှာပါ" အော့စဝေါက နောက်တစ်ချက် ပြုံးပြပြီး ခေါင်းညိတ်ရင်း ပေါလ်၏ ပခုံးပေါ်သို့ လက်လှမ်း၍ တင်လိုက်သည်။ "ဒါကို ကျုပ် မတွေးမိဘဲနေတာ မဟုတ်ပါဘူးလေ။ ကျုပ်မှာ ဘာမဆို အလွယ်နဲ့ဖြစ်နိုင်အောင် လုပ်ထားပါတယ်။ ကဲ သွားပေတော့။ မင့်ကို ဘုရားသခင် စောင့်ရှောက်ပါစေကွယ်"

ပေါလ်အား ဆွဲ၍နှုတ်ဆက်လိုက်သည့် အော့စဝေါ၏လက်များမှာ အေးစက်နေသည်။ ထို့နောက် သူသည် ပေါလ်ထွက်သွားရန်အတွက် တံခါးရွက်ကို တွန်း၍ဖွင့်ပေးလိုက်လေ၏။

*

## အခန်း – ၁၈

နောက်တစ်ရက် နံနက်ရုံးဖွင့်ချိန်တွင်ကား ရုံးခန်းတစ်ခုလုံး လှုပ်လှုပ်ရွရွရှိလေ၏။ ယခင်ကထက် ပိုမိုများပြား သိပ်သည်းလာခဲ့သော လူအုပ်ကြီးကား နဂိုကမှ ပူအိုက်လှောင်ကြပ်လျက်ရှိသည့် ရုံးခန်းထဲတွင် တီးတိုးတီးတိုး စကားပြောသံများဖြင့် ပြည့်လျှံလျက်ရှိလေသည်။ ထူးဆန်းသောတီးတိုးသံများကိုလည်း ကြားနေရသည်။ ဆာမက်သယူး သူ့နေရာသူ မရောက်လာသောအခါ ဘာကြောင့်ပါလိမ့်ဟု သိချင်နေကြသည်နှင့်အမျှ ကောလဟာလသတင်းများကလည်း ပျံ့နှံ့လျက်ရှိ၏။ ပင်ပန်းနွမ်းနယ်လျက် အိပ်ရေးပျက်ထားသည့်အသွင်တွင် ပါးပေါ်၌ မှတ်ဆိတ်ရိတ်ရင်း ဓားရှခဲ့ဟန်တူသည့်အရာဖြင့် အတော်နောက်ကျမှ သူရောက်လာပြီး သူ့နေရာသူ ရေးကြီးသုတ်ပျာ ဝင်ထိုင်လိုက်သည်အထိပင် ထိုကောလဟာလများက မငြိမ်သေး။

တရားသူကြီးများ တရားခွင်၌ထိုင်မိကြသောအခါ နီဂယ်ဂရေဟမ်သည် ထိုင်ရာမှထ၍ ရှေးနည်းအတိုင်း ထိန်းထိန်းသိမ်းသိမ်း အမူအရာတွင် အေးဆေးတည်ငြိမ်လာသည့်အသွင် ထပ်ဆင့်ကာ "တရားမင်းများခင်ဗျာ၊ ရုံးတော်ရဲ့ ခွင့်ပြုချက်နဲ့ သက်သေလူဝီဇာဘတ်ကို ဆက်လက်စစ်ဆေးလိုပါတယ်"ဟု ကျေညာလိုက်လေသည်။

ထုံးစံရှိသည့်အတိုင်း ရုံးတော်မှ ဆောင်ရွက်ဖွယ်တို့ကို လုပ်ဆောင်နေစဉ် ခေတ္တငြိမ်သက်နေပြီးနောက် လူဝီဇာဘတ်ဝင်လာကာ သက်သေခုံတွင် နေရာယူလိုက်သည်။

ဂရေဟမ်က ယဉ်ကျေးသိမ်မွေ့သော်လည်း ခပ်တည်တည်လေသံဖြင့် "ညက ကောင်းကောင်း အိပ်လိုက်ရလို့ နေကောင်းသွားပြီထင်ပါတယ်"ဟု နှုတ်ဆက်လိုက်၏။

လူဝီဇာဘတ်က ခါတိုင်းလို ရှက်ကိုးရှက်ကန်း အမူအရာမပါတော့ဘဲ ခပ်ပြတ်ပြတ်ပင် "ကျွန်မ နေကောင်းပါတယ်"ဟု ဖြေလိုက်၏။ လူဝီဇာဘတ်မှာ ဤအတောအတွင်း တစ်ယောက်ယောက်က ဆုံးမလိုက် အားပေးလိုက်သည့်အလား မနေ့ကလို ဆုတ်ဆိုင်းဆိုင်း အမူအရာမျိုး မရှိတော့။ သူသည် သက်သေအစစ်ခံရာခုံဆီမှ ဂရေဟမ်၏ဘက်သို့ ခပ်တင်းတင်းပင် ပြန်စိုက်ကြည့်နေလိုက်သည်။

"မနေ့က ကျုပ်တို့ သေသူမိန်းမဆီကို ပင်းမင်းဆိုင်က အဝတ်တွေလာပို့တဲ့ အက်ဒဝပ်ကောလင်းနဲ့ မင်းရဲ့ဆက်ဆံရေးအကြောင်း ပြောနေကြတယ်နော်။ ဒီအမှုမစစ်ခင်နဲ့ စစ်နေတုန်းမှာ မင်းနဲ့ ခဏခဏ တွေ့ကြသလား"

"မတွေ့ဘဲ နေနိုင်မလား။ ကျွန်မတို့ဟာ တစ်ချိန်လုံးလိုလို အတူတူရှိနေခဲ့ကြတာပဲဟာ"

"သြော်၊ မင်းတို့ အတူတူရှိခဲ့ကြတယ်ဆိုတော့ ဒီအမှုအကြောင်းကိုလည်း မကြာခဏ ပြောခဲ့မိကြမှာပဲပေါ့နော်"

လူဝီဇာက "မပြောပါဘူး၊ ကျွန်မတို့ တစ်ခါမှ ဒါကို စပ်မပြောမိကြပါဘူး"ဟု လျင်မြန်စွာဖြေသည်။

ဂရေဟမ်က မျက်ခုံးများကို အသာအယာပင့်လိုက်ပြီး၊ တရားသူကြီးချုပ်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ကာ "ဒါဟာ အင်မတန် အံ့အားသင့်စရာကောင်းတဲ့ ထွက်ချက်ပါပဲ။ ကဲကဲ ဒါ ထားပါတော့လေ၊ အမှုပြီးတော့ကော၊ မင်းနဲ့ ကောလင်းနဲ့ ဒီအမှုအကြောင်း ဆွေးနွေးမိကြသေးလား"ဟု ဆက်လက်၍ မေးလိုက်၏။

"မဆွေးနွေးဘူး"ဟု လူဝီဇာက တုံးတိတိဖြေသည်။

ဂရေဟမ်က တည်ငြိမ်စွာပင် "မင်းဟာ မှန်ရာကို အစစ်ခံပါမယ်လို့ ကျမ်းကျိန်ထားတယ် ဆိုတာရယ်၊ မမှန်မကန် အစစ်ခံရင် 'မတရားသက်သေခံမှု'အတွက် အပြစ်ဒဏ်ဟာလဲ အထူးကြီးလေးတယ်ဆိုတာရယ်၊ ကျုပ် သတိပေးပါရစေ"ဟု ဆိုလိုက်၏။

ရှေ့နေချုပ်ကြီးက ခပ်ကုန်းကုန်းထကာ "တရားသူကြီးမင်း ခင်ဗျား။ အခုလို နိမိတ်ပြပြောဆိုခြင်းကို ကျွန်တော် ကန့်ကွက်ပါတယ်။ ဒါဟာ သက်သေကို ခြိမ်းချောက်ဖို့ ရည်ရွယ်ပြီးပြောတဲ့စကားပါ"ဟု ဆိုလိုက်သည်။

ဂရေဟမ်က "မင်းနဲ့ ကောလင်းနဲ့ အဲဒီအမှုအကြောင်းကို တစ်ခါမှ မပြောခဲ့ကြဘူးလား"ဟု အထပ်ထပ်မေးနေသည်။

လူဝီဇာလည်း ပထမဆုံးအကြိမ် မျက်လွှာကိုချလိုက်ပြီး

"ဒါတော့ ကျွန်မ အသေအချာ မမှတ်မိပါဘူး၊ ပြောမိချင်လည်း ပြောမိမှာပဲပေါ့"ဟု ပြောလိုက်၏။

"ပြောတယ်ဆိုပါတော့"

"ထားပါတော့"

"ခဏ ခဏပဲလား"

"ဟုတ်ပါတယ်"

ဂရေဟမ် ပင့်သက်ရှည်ရှည် ရှိုက်လိုက်၏။

"လူသတ်မှုဖြစ်တဲ့ညက လူသတ်သမားက အက်ဒဝပ်ကောလင်းအနားက အတင်းတိုးပြီး ဖြတ်သွားတာကို သူက အဲဒီလူကို ဝိုးတိုးဝါးတားတောင် မမှတ်မိဘူးဆို၊ ဟုတ်သလား"

"မမှတ်မိဘူး" လူဝီဇာက ကျယ်လောင်စွာ ဖြေလိုက်သည်။

"မင်းကတော့ကော။ အဲဒီလူဟာ မင်းနဲ့ သူစိမ်းပြင်ပြင်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီလူကို မင်း အရင်က မြင်ဖူးတယ် ထင်တယ်လို့ ကောလင်းကို တစ်ခါမှ ပြောမပြဘူးလား"

"တစ်ခါမှ ပြောမပြဖူးဘူး'

"နှစ်ကိုယ်ကြားလေး တိုးတိုးလေးတောင် နာမည်တစ်ခုကို မပြောမိဘူးလား"

"မပြောမိပါဘူး"

အတန်ကြာအောင် တိတ်ဆိတ်သွားသည်။

"အဲဒီ အခင်းဖြစ်တဲ့ညနေက မင်းတွေ့ခဲ့မြင်ခဲ့တဲ့ဟာကို ပြန်မေးပါဦးမယ်။ လမ်းမီးတိုင်တွေ ထွန်းမထားဘဲနဲ့ ထွက်ပြေးသွားတဲ့လူရဲ့ ပုံပန်းသဏ္ဌာန်ကို သဲသဲကွဲကွဲ မမြင်ရဘဲနဲ့လဲ အနည်းဆုံး သူ ဘာလုပ်တယ်ဆိုတာကိုတော့ မြင်လိုက်ရတယ် မဟုတ်လား။ သူ ပြေးတယ်မဟုတ်လား"

"ဟုတ်တယ်။ ကျွန်မ ဒါကိုပြောရလွန်းလို့ မောနေပါပြီ"

"မလိုအပ်ဘဲနဲ့ မင့်ကို စိတ်ပင်ပန်းအောင် လုပ်မိတယ်ဆိုရင် ခွင့်လွှတ်ပါ။ အဲဒီလူဟာ တလျှောက်လုံး ပြေးသွားတာပဲလား"

"တလျှောက်လုံးပဲ"

"လမ်းအဆုံးအထိပဲ ပြေးသွားသလား"

"ဟုတ်တယ်။ ပြေးတယ်လို့ ထင်မိတယ်"

"ထင်တယ်လား။ ဘိုင်စကယ်တို့ ဘာတို့ စီးပြေးတာကော၊ ဝင်းထရံမှာ ထောင်ထားခဲ့တဲ့ ဘိုင်စကယ်အစိမ်းရောင်တို့ဘာတို့ စီးပြီး နင်းထွက်ပြေးတယ်လို့ကော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး"

ဂရေဟမ်က သက်သေလူဝီဇာအား လေးနက်စွာကြည့်လိုက်သည်။

"မင်းသိထားတဲ့ အချက်အလက်တွေကို အကြောင်းပြုပြီးတော့ မင့်ကို သတိထားပြီးဖြေပါလို့ ကျုပ် သတိပေးရပါလိမ့်မယ်။ အဲဒီလူဟာ ဘိုင်စကယ်အစိမ်းတစ်စီးကို တက်စီးပြီး အတင်းနင်းထွက်ပြေးသွားတယ် မဟုတ်လား"

လူဝီဇာ အနည်းငယ်လန့်သွားသည်။

"မဟုတ်ဘူးလို့ ပြောပြီးပါပကော၊ ကျွန်မ ဒီထက်တော့ မတတ်နိုင်တော့ဘူး"ဟုဆိုကာ လက်ကိုင်ပုဝါဖြင့် နှပ်ညှစ်စပြုလေတော့သည်။

ရှေ့နေချုပ်ကြီးက ကန့်ကွက်ပြန်သည်။

"တရားသူကြီးများခင်ဗျာ၊ သက်သေကို ခြိမ်းခြောက်ပြီးစစ်တဲ့နည်းသုံးတာကို ကျွန်တော် အပြင်းအထန် ကန့်ကွက်ပါတယ်"

ဂရေဟမ်မျက်နှာ အနည်းငယ် နီမြန်းလာသည်။ ထိုနောက် သူက စိတ်နှင့်မာန်နှင့် ချေပသည်။

“ရှေ့နေချုပ်ကြီးက ကျွန်တော်ဟာ သူရဲ့ တဦးတည်းလုပ်ပိုင်ခွင့်ကို လုယူနေတယ်လို့ ထင်ဟန်တူပါတယ်။ ဒီရုံးတော်ထဲမှာပဲ ကြွက်ကလေးကို ခွေးဆွဲပြီးခါသလို ဘုရင့်ကိုယ်စားလှယ်တော် ရှေ့နေကြီးတစ်ယောက်က သက်သေများကို မညှာမတာ နှိပ်နှိပ်စက်စက်မေးတဲ့အတွက် သူတို့ခမြာများမှာ ဘာပြောလို့ ပြောမိမှန်းမသိအောင် ဂယောင်ချောက်ချား အလွဲလွဲအမှားမှားဖြစ်ကုန်တာမျိုး ကျွန်တော်ကိုယ်တိုင်ပဲ ကြားခဲ့ရဘူးပါပြီ။ အဲသလို အကြောင်းမျိုးနဲ့ပဲဖြစ်ဦးတော့ ကျွန်တော်ဟာ ဒီသက်သေကို သက်သက်ညှာညှာ စစ်မေးနေပါတယ်။ ဒီသက်သေကိုလဲ ဒီလိုစစ်မေးဖို့ လိုတယ်ဆိုတာ တရားမင်းများကို ကျွန်တော် အသေအချာပြောနိုင်ပါတယ်ခင်ဗျား”

တစ်ရုံးလုံး အပ်ကျသံပင် ကြားရမတတ် တိတ်ဆိတ်သွားသည်။ ဆာမက်သယူးသည် တရားခွင်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်၏။ သို့သော် တရားသူကြီးချုပ်သည် ဤတစ်ကြိမ်တွင် ဘာမျှဝင်မပြောဘဲ နေလိုက်လေသည်။

ဂရေဟာမ်သည် လူဝီဇာ မျက်ရည်သုတ်ပြီးသည်အထိ စောင့်နေလိုက်သည်။ ပြီးမှ

“အမှုပြီးဆုံးသွားတဲ့အခါမှာ မင်းနဲ့ကောလင်းတို့ဟာ မင်းတို့နှစ်ယောက် ခွဲဝေယူရမယ့် ဆုငွေ ပေါင်ငါးရာကိုထုတ်ဖို့ ပုလိပ်ဌာနချုပ်ကို လာခဲ့ကြတယ်။ ဟုတ်သလား”

“ဟုတ်တယ်။ အဲဒါ ဘာဖြစ်လဲ”

“မဖြစ်ပါဘူး၊ မဖြစ်ပါဘူး။ ပုလိပ်ဌာနချုပ်ကို ရောက်တော့ ရုံးကိစ္စလုပ်ဖွယ်ရှိတာကလေးတွေ လုပ်နေတုန်း မင်းတို့ကို အစောင့်ခိုင်းထားတယ် မဟုတ်လား”

“မှန်ပါတယ်။ ပုလိပ်ကတော့ ကျွန်မတို့အပေါ် အမြဲပဲ ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်။ ရှင်တို့လိုတော့ မဟုတ်ပါဘူး”

“စိတ်ရှည်ရှည်ထားပါ လူဝီဇာဘတ်။ မင်း အဲသလို ပုလိပ်ဌာနချုပ်က အခန်းကလေးတစ်ခုထဲမှာ ကောလင်းနဲ့ နှစ်ယောက်ထဲ ထိုင်စောင့်နေရတဲ့ နာရီဝက်အချိန်ကလေးကို ပြန်ပြီး စဉ်းစားကြည့်လိုက်စမ်းပါ။ အမှုစစ်နေတုန်းကလဲ မင်းတို့နှစ်ယောက်စလုံး စိတ်ပင်ပန်းခဲ့ကြမှာပါပဲ။ မင်းကဆို နည်းနည်းတောင် စိတ်တိုနေမယ်။ ချောက်ချားပြီး မရေမရာဖြစ်နေမယ်။ ဒါကြောင့်လဲပဲ မင်းတို့အချင်းချင်း ပြောမိကြတာ ဖြစ်ပါလိမ့်မယ်”

“ဘာ စကားကိုလဲ”

“မင်း မမှတ်မိဘူးလား”

“ဟင့်အင်း မမှတ်မိဘူး”

“ဒီလိုဆိုရင် မင့်ကို ကျုပ်က သတိဖော်ပေးဦးမှ ထင်တယ်”ဟု ဆိုကာ ဂရေဟာမ်သည် သူ့ရှေ့၌ရှိသည့်စာရွက်ယယ်ကို ကောက်ယူလိုက်ပြီး “မင်းနဲ့ကောလင်းနဲ့ ပြောကြတဲ့စကားတွေကတော့ ဟောသလိုတဲ့။

**ကောလင်း** ။ အားလုံး ပြီးတော့မှာပါပဲ၊ ငါတော့ ဝမ်းမနည်းဘူး။ ငါဖြင့် တကယ်ကို စိတ်ညစ်သွားတာပဲ။

**ဘတ်** ။ မပူပါနဲ့ဟဲ့။ တို့လုပ်တာမှန်ပါတယ်။ ကောင်းပါတယ်။

**ကောလင်း** ။ အေးပါ။ ဟုတ်မှာပါပဲ။ ဒါပေမယ့်

**ဘတ်** ။ ဒါပေမယ့် ဘာဖြစ်လဲဟဲ့

**ကောလင်း** ။ ဘာဖြစ်လို့လဲဆို လူဝီဇာရယ်၊ နင် ဟိုဥစ္စာကို ဘာဖြစ်လို့ မပြောလိုက်တာလဲ။ ဟိုဥစ္စာဆိုတာ နင် သိပါတယ်။

**ဘတ်** ။ ငါ့ကို မေးမှ မမေးတာပဲဟဲ့၊ နင် အရူးလား။

**ကောလင်း** ။ အေးလေ၊ မရူးပါဘူး။ ဒါနဲ့ တို့ ဆုငွေကော ရမှာလား။

**ဘတ်** ။ ရမှာပေါ့ဟဲ့။ မပူပါနဲ့။ ဒါတွင် ဘယ်ကလိမ့်ဦးမလဲဟယ်။

**ကောလင်း** ဘာလဲဟ။

**ဘတ်** ။ နင်ကြည့်နေပေါ့။ ငါ့မှာ ဖဲ့ဖဲ့တစ်ချပ် ရှိသေးတယ်။

**ကောလင်း** ။ သတ်တာ မက်ထရီတော့ ဟုတ်ပါတယ်နော် လူဝီဇာ။

**ဘတ်** ။ တိတ်စမ်း၊ နင် အခုမှ ပြန်နှုတ်ချင်လို့ မရတော့ဘူး။ ဒါ တို့က လုပ်ရတာ မဟုတ်ဘူးဟဲ့။ သက်သေ အထောက်အထားတွေ ဘာတွေနဲ့။ ဘယ်လိုမဆို မက်ထရီကတော့ သူ့အလိုလို သွားမှာပဲ။ ပြီးတော့ သူ အခု ကြိုးဒဏ်လဲ မခံရပါဘူးဟယ်။ ပုလိပ်ကို ကလန်ကဆန်လုပ်လို့ ကောင်းကျိုးမပေးဘူးဆိုတာ နင်နားမလည်ဘူးလား။ ဒါတွင်မကဘူးဟဲ့။ ဒီကိစ္စကနေပြီး နင်ထင်ထားတာထက်တောင် ကောင်းတာတွေ ဖြစ်လာနိုင်သေးတယ်။ နင် ကြည့်နေ။ ငါ မသေခင်တော့ စတိုင်နဲ့ကို နေပြလိုက်ဦးမယ်"

ဂရေဟမ်က ဤစာရွက်ကို ဖတ်ပြီး အစိုးရဘက်မှ တစုံတရာ ကြားဖြတ်မဝင်နိုင်မီ လူဝီဇာဘတ်၏ဘက်သို့ မျက်နှာထားတင်းတင်းဖြင့် လှည့်လိုက်၏။

"ကြားရတဲ့လူက ရေးမှတ်ထားတဲ့ ဒီစကားတွေကို မင်းတို့ တကယ်ပြောခဲ့ကြတယ်ဆိုတာ မင်း ငြင်းမလား"

ဣန္ဒြေပျက်လျက် "ကျွန်မ မသိဘူး။ မမှတ်မိဘူး။ အက်ဒဝပ်ကောလင်းပြောတာ ကျွန်မနဲ့ ဘာမှ မဆိုင်ပါဘူး" ဟု တုန်တုန်ယင်ယင်အသံဖြင့် ဖြေလိုက်သည်။

"မင်းတို့ ပုလိပ်ဆီက ဆုငွေထုတ်ပြီးတော့ ဘာလုပ်သလဲ"

"ကျွန်မ မေ့သွားပါပြီ"

"မင်း ကောလင်းနဲ့အတူ မားဂိတ်ကို အပျော်ခရီး ထွက်သွားခဲ့တယ် မဟုတ်လား"

"ဟုတ် ထင်ပါရဲ့"

"မင်းနဲ့သူနဲ့ ကမ်းခြေဟိုတယ်မှာ တခန်းထဲ အတူနေကြတယ် မဟုတ်လား"

"ဘယ်က ဟုတ်ရမှာလဲ။ ကျွန်မ ဒီရုံးတော်ကိုလာတာ ဒီလို အစော်ကားခံဖို့ မဟုတ်ဘူး"

"ဒီလိုဆိုရင် ရုံးတော်ကို အဲဒီနေ့က ဟိုတယ် မှတ်ပုံတင်စာအုပ်တင်ပြတာကိုတော့ မင်း သဘောကျမယ် မထင်ဘူး"

ရှေ့နေချုပ်ကြီးက ကြားဝင်၍ "တရားမင်းများ ခင်ဗျား။ သက်သေရဲ့ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး အခုလို မဆီမဆိုင် စွပ်စွဲပြောဆိုနေတာကို ကျွန်တော် ကန့်ကွက်ပါတယ်"ဟု ဆိုလိုက်၏။

"ဒါပေမယ့် လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ကျွန်တော့ အမှုသည်ရဲ့ ကိုယ်ကျင့်တရားကို ဒီလောက်မှ မမှန်ကန်တဲ့ စွပ်စွဲချက်တွေနဲ့ ဒီထက် နစ်နာအောင် လုပ်ခဲ့စဉ်ကတောင် ဘုရင့်ကိုယ်စားလှယ်တော် ရှေ့နေကြီးများ မကန့်ကွက်ခဲ့ကြပါပဲလား"

တစ်ရုံးလုံး တိတ်ဆိတ်သွား၏။ ဂရေဟာမ်လည်း ဘတ်၏ဘက်သို့ လှည့်လိုက်သည်။

"အပျော်ခရီးထွက်ရက်တွေ ကုန်တော့ မင်း ဝေါ့တလေကို ပြန်လာတယ်။ အခြေအနေတွေ ပြောင်းလဲပြီးငြိမ်သက်သွားတာကို မင်းတွေ့ရတယ်။ မင်းဟာ မင်းထင်ထားသလို လူကြိုက်များတဲ့ ဇာတ်လိုက်မင်းသမီးကလေး မဟုတ်တော့သလောက် ဖြစ်သွားတယ်။ အလုပ်အကိုင်ကလဲ ရဖို့ ခက်ခဲတယ်။ ဒါပေမယ့် အဲဒီအချိန်ကလေးမှာပဲ ဝေါ့တလေမြို့တော်က အထက်တန်းစားအိမ်ကြီးတစ်အိမ်က မင်းရော ကောလင်းပါ အလုပ်ခေါ်ပေးလို့ မင်းတို့ လက်ခံခဲ့ကြတယ်။ ဒါဟုတ်သလား"

"ဟုတ်တယ်"

"အဲဒီ အိမ်ကြီးရဲ့ပိုင်ရှင်ဟာ ဘယ်သူလဲ"

လူဝီဇာဘတ်တွင် ပမာမခန့် အမူအရာများ မရှိတော့။ သူသည် ပေါလ်အား ဆတ်ခနဲ တစ်ချက် လှမ်း၍ ကြည့်လိုက်သည်။ အတော်ကြီးကြာအောင်ပင် သူ လည်ချောင်းထဲ၌ တစ်ဆို့ဟန် ရှိ၏။ ထိုနောက် တိတ်ဆိတ်ငြိမ်သက်လျက်ရှိစဉ်မှာပင် ထိုအမည်ကို သူထုတ်ပြောလိုက်သည်။

"မစ္စတာ အီနော့အော့စဝေါပါ"

"မစ္စတာ အော့စဝေါဟာ အင်မတန်ထူးခြားတဲ့မေတ္တာဂရုဏာတရားနဲ့ ကောလင်းကို ဆက်ဆံပြီး သူ့အိမ်က ဧည့်ခန်းဦးစီးအိမ်ဖော်နဲ့လက်ထပ်ပေးလိုက်တယ်လို့ဆိုရင် မှန်သလား"

လူဝီဇာဘတ်က "သူ ကောလင်းအပေါ်မှာတော့ ကောင်းပါတယ်" ဟု မပွင့်တပွင့် ဆိုသည်

ဂရေဟာမ်က ချိုသာစွာပင် "မင့်ကိုကော။ မင်းကိုလည်း အလားတူသဘောထားပေမယ့် မင်းအပေါ်မှာတော့ ခပ်တင်းတင်းကလေး ဆက်ဆံဟန်တူတယ်။ အိမ်မှာ အလုပ်ကောင်းကောင်းပေးထားတယ်။ ပြီးတော့ အချိန်စေ့တော့ မင့်ကိုလဲ လက်ထပ်ပေးပြီး အဲဒီအဝေး တကျွန်းတမြေကို ပို့တော့မယ့် ဆဲဆဲပဲ ဆိုပါတော့"

လူဝီဇာဘတ်က ကျိုးနွံသွားဟန်ဖြင့် ခပ်တိုးတိုးဝန်ခံလိုက်သောအခါ ရုံးခန်းတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားပြန်သည်။ စိတ်အာရုံစူးစိုက်မှုများ ပိုမိုတင်းလာကာ ဂရေဟာမ်က နောက်မေးခွန်းတစ်ခု မေးလိုက်သောအခါတွင် အားလုံးက သူ့ကိုယ်သာ စူးစိုက်ကြည့်နေကြလေသည်။

"အဲသလို မစ္စတာအော့စဝေါက မက်ထရီအမှုမှာ အရေးအကြီးဆုံး သက်သေများဖြစ်ကြတဲ့ မင်းနဲ့ ကောလင်းတို့ကို ဘာကြောင့်များ ထူးထူးခြားခြား စိတ်ဝင်စားနေရသလဲဆိုတာကို မင်းပြောပြနိုင်သလား"

လူဝီဇာ အသံမထွက်ဘဲ ခေါင်းကိုသာ ယမ်း၍ပြလိုက်သည်။

ဂရေဟာမ်က ခပ်အေးအေးပင် "အီနော့အော့စဝေါဟာ အသတ်ခံရသူ အမျိုးသမီး မိုနာစပါးလိန်းနေတဲ့ အိမ်ခန်းရဲ့ ပိုင်ရှင်ဖြစ်လို့များလား"ဟု မေးလိုက်သည်။

ဤမေးခွန်းကိုလည်း လူဝီဇာဘတ်က မဖြေ။ ရုံးခန်းအတွင်းမှာကား ခေတ္တမျှ လုံးဝတိတ်ဆိတ်သွားလေသည်။

"မစ္စတာအီနောအော့စဝေါဟာ အဲဒီအိမ်ကို အိမ်ခန်းခတောင်းဖို့တို့၊ အိမ်ငှားများနေရတာ အဆင်ပြေအောင် လုပ်စရာရှိတာ လုပ်ပေးဖို့တို့ဆိုတဲ့ အလုပ်သဘောနဲ့ ခပ်မှန်မှန်ကလေး လာလေ့ရှိတယ်နော်။ လာရင်လဲ ညနေဘက်မှာ လာတတ်တယ်ဆိုတော့ကာ အဲဒီအချိန်တွေမှာ လမ်းဘက်ကိုရောက်ရောက်နေတတ်တဲ့ ကောလင်းကတော့ ဝိုးတဝါးဖြစ်ဖြစ်တော့ သတိပြုမိမှာပဲနော်"

"ဟုတ်ပါလိမ့်မယ်"

ထိုနောက် ရုတ်တရက် ဓားဖြင့်ထိုးလိုက်သလို "အဲသလို လာတဲ့အခါမှာ အော့စဝေါ ဘိုင်စကယ်နဲ့လာသလား" ဟု မေးချလိုက်၏။

"လာတော့ ဘာဖြစ်လဲ။ လာသမှ ဘိုင်စကယ်အစိမ်းရောင်ကို စီးလာတာရှင့်။ ကဲ"ဟု ဆိုကာ လူဝီဇာဘတ်က ညည်းညူလိုက်ပြီး "အဲဒါ ကျွန်မနဲ့ ဘာမှ မဆိုင်ပါဘူး"ဟု ပြောလိုက်၏။

ရုံးခန်းတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွား၏။

ဂရေဟမ်က နောက်မှ အကြံရလာသလို အမှတ်မထင် လေသံဖြင့် "နောက်ဆုံးအနေနဲ့ တခု မေးပါရစေဦးကွယ်။ တို့ မနေ့ကရော ဒီနေ့ရော ရုံးတော်မှာ ဘယ်သန် ဘယ်သန်နဲ့ ပြောပြောနေကြတာ အတော်များများကြားခဲ့ကြရတယ်။ မစ္စတာအော့စဝေါဟာ ဘယ်သန်လား"ဟု မေးလိုက်၏။

ရုံးခန်းတစ်ခုလုံး အသံများ တိတ်သွားသည်။ လူဝီဇာဘတ်မှာ ဘာလုပ်ရမှန်းမသိအောင် အကြံတုံး ဉာဏ်တုံးဖြစ်ကာ ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်ပြီး ပါးစပ်ကို အထိတ်တလန့်ဟ၍ ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။ ထိုနောက်

"ဟုတ်တယ်၊ ဘယ်သန်။ ကဲ ဘယ်သူသိတော့ ဘာဂရုစိုက်ရဦးမှာလဲ"ဟု အော်ဟစ်ပြောရင်း ထိန်းမနိုင်သိမ်းမရ ငိုချလိုက်လေ၏။ ထိုဇာတ်ဝင် ရုံးခန်းတစ်ခုလုံး စိတ်လှုပ်ရှားမှုဖြင့် ရှုစိရှုစိဖြစ်လာသည်။ သတင်းထောက်များအနက်မှ အတော်များများသည် သူတို့၏စာရွက်များကို ဆွဲယူကာ အပြင်ဘက်ရှိ တယ်လီဖုန်းများဆီသို့ ခပ်သုတ်သုတ် ထွက်သွားကြလေ၏။

လူဝီဇာဘတ်အား သက်သေခုံမှ တွဲချသွားကြသောအခါ ရုံးခန်းထဲတွင် ရုတ်တရက် ငြိမ်သက်သွားသည်။ ဂရေဟမ်သည် သူ၏ နိဂုံးချုပ် လျှောက်လဲချက်ကိုပေးရန် တရားခွင်ဆီသို့ လှည့်လိုက်သည်။ တစ်ချိန်လုံး အေးဆေးငြိမ်သက်လှသော သူ၏အသံသည် ယခုအခါတွင် စိတ်အားထက်သန်မှုအပြည့်ဖြင့် တက်ကြွလျက် ရှိလေတော့သည်။

"ဒီအမှုမှာ ကျွန်တော် အခုလို အချိန်ကြာမြင့်စွာ စစ်ဆေးနေတာကို သည်းခံခွင့်ပြုထားတဲ့ ဒီရုံးတော် တရားမင်းများကို ကျွန်တော် ကျေးဇူးတင်ရပါမယ်။ အခု ကျွန်တော် တိုတိုနဲ့လိုရင်းကိုပဲ တင်ပြပါ့မယ်။ တရားမင်းများ ခင်ဗျား။ ကျွန်တော်တို့ဟာ လူတစ်ယောက်ကို အပြစ်ရှိတယ်လို့ မတွေ့ရှိရမချင်း အပြစ်ကင်းသူ လို့ပဲ ယူဆထားရမယ်ဆိုတဲ့မူနဲ့စီရင်တဲ့ ကျွန်တော်တို့ရဲ့ တရားစီရင်ရေးစနစ်နဲ့ပတ်သက်ပြီး များစွာဂုဏ်ယူခဲ့ကြပါတယ်။ လူတယောက်ဟာ မသင်္ကာဘွယ်ရာဖြစ်ချင် ဖြစ်နေပါလိမ့်မယ်။ ဒါပေမယ့် သူ့မှာ အပြစ် ရှိပါတယ်လို့ အထောက်အထားနဲ့ အခိုင်အမာပြဆိုဖို့ကတော့ အစိုးရရဲ့တာဝန်ပဲ ဖြစ်ပါတယ်။

"သို့ပေမယ့် တရားမင်းများ ခင်ဗျား။ အစိုးရဘက်က အလုပ်တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ဖို့ ပျက်ကွက်တယ်ဆိုရင်ကော။ ဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ အရာရှိများက မသင်္ကာသူကို

ဖမ်းဆီးချုပ်နှောင်ပြီးတဲ့နောက်မှာ သူတို့ မှန်ကန်တယ်၊ သူတို့ဟာ တကယ်အပြစ်ရှိသူကို မိထားပါပြီဆိုတာကို ပြဖို့အတွက် တည်ဆဲဥပဒေများရဲ့ နည်းပရိယာယ်မျိုးစုံ၊ ဟောနည်းပြောနည်းမျိုးစုံ၊ အားနဲ့အင်နဲ့ဖိပြီး ညှင်းပန်းတဲ့နည်းမျိုးစုံကို သုံးကြတယ်ဆိုရင်ကော။

တရားမင်းများခင်ဗျား။ အစိုးရဆိုတာမှာ ဉာဏ်ပညာအရာမှာဖြစ်စေ၊ ငွေကြေးအရာမှာဖြစ်စေ၊ တန်ခိုးအာဏာအရာဖြစ်စေ ဘာမဆို လိုတရနိုင်သူဖြစ်ပါတယ်။ လူသားများဖြစ်ကြတဲ့ အစိုးရမင်းရဲ့ ကိုယ်စားလှယ်တော် ဝန်ထမ်းများဟာ သူတို့က လုံလောက်တဲ့အကြောင်းနဲ့ သက်ာမကင်းဖြစ်ရပါတယ်ဆိုတာကို ခိုင်လုံစေရုံတင်မကဘဲ သူတို့ရဲ့ ကြီးပွားတိုးတက်ရေး၊ လူအများရဲ့အလယ်မှာ တင့်တင့်တယ်တယ်ဖြစ်ဖို့ အရေးတို့ကိုပါ အာရုံပြုကြရပါတယ်။ အစိုးရကခန့်ထားတဲ့ ကျွမ်းကျင်သူလို့ဆိုတဲ့ ပုဂ္ဂိုလ်ကြီးများက အမြင်မားဆုံးအရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါတယ်။ သို့ပေမယ့်လည်း သူတို့မှာ ကာလံဒေသံ အဂ္ဂခန်ဆိုသလို အခြေအနေအရ လုပ်ဆောင်ကြရတာတွေ ရှိပါလိမ့်မယ်။ ပုလိပ်မင်းကြီးဆိုတာဟာလဲ သူဖမ်းမိထားတာဟာ အပြစ်ရှိသူပဲဆိုတာယုံကြည်ပြီး အဲဒီတရားခံ အပြစ်မကျကျအောင် မိုးအဆုံး မြေအဆုံးလိုက်မှာပဲ။ မှုခင်းဆိုင်ရာဆရာဝန်ကို အစိုးရဘက်က ဓားတို့ တူတို့ တင်းပုတ်တို့ဆိုတဲ့ လက်နက်များကို အစစ်ဆေးခိုင်းတဲ့အခါမှာ 'ဤလက်နက်ပေါ်တွင် သွေးစသွေးနမရှိ' ဆိုတာမျိုး တစ်ခါတည်း ပြောလိုက်တာ အင်မတန်ရှားပါတယ်။ အဲဒီလိုပြောမယ့်အစား 'ဤပစ္စည်းသည် စစ်ဆေးကြည့်ရှု၍ အန္တိမအဖြေပေးနိုင်ရန် မပြည့်စုံမလုံလောက်ပါ' ဆိုတာမျိုး 'သွေးဖြစ်ကောင်းဖြစ်မည့် အရာဝတ္ထုများ တွေ့ရှိရသည်' ဆိုတာမျိုးကိုသာ ပြောလေ့ရှိကြပါတယ်။ တိုတိုပြောရရင် တရားမင်းများ ခင်ဗျား။ ကံမကောင်း အကြောင်းမသင့်လို့ လူတစ်ယောက်ဟာ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခဲ့တယ်လို့ အထင်ခံရသူကို အလိုလိုနေရင်း တဖက်သတ် မုန်းတီးတဲ့စိတ်က ကြီးထွားလာတတ်ပါတယ်ခင်ဗျား။

"အခု ရုံးတော်ရှေ့မှာရှိတဲ့ သာမန်လူတစ်ယောက်ရဲ့အမှုကို စဉ်းစားကြည့်ပါ ခင်ဗျား။ သူဟာ စိတ်ဓာတ်ပြင်းထန်သူတစ်ယောက် မဟုတ်ပါဘူး။ နည်းနည်း ပေါ့ပေါ့ဆဆနိုင်တယ်၊ မဟုတ်တဲ့နေရာမှာ လူစွမ်းပြချင်တယ်။ ဒါပေမယ့် သူဟာ တခြားသူတွေထက် ဘာမှ ပိုပြီး ကောင်းလဲမကောင်း၊ ဆိုးလဲမဆိုးတဲ့ လူတစ်ယောက်ပါပဲ။ အိမ်မှာက ပျော်စရာမရှိ။ အိမ်သူဇနီးကလည်း စည်းကမ်းတင်းကြပ်လွန်းတော့ သူ့ကို ကိုယ်ချင်းစာတတ်သူများ ရှိလေမလားဆိုပြီး အပြင်ဘက်ကို လှည့်ရှာမိတာဟာ ဓမ္မတာပါပဲ။ အဲဒီအချိန်ကာလမှာ သူ့မိတ်ဆွေတစ်ယောက်က ဆက်ပေးတာနဲ့ နှစ်လိုဖွယ်မိန်းမချောကလေးတစ်ယောက်နဲ့တွေ့လို့ နည်းနည်းပါးပါး ချစ်ရေးငင်ခဲ့ပြီးနောက် သီတင်းပတ်အနည်းငယ်မှာ သူဟာ တောနယ်က ဟိုတယ် ခပ်စုတ်စုတ်ကလေးတစ်ခုမှာ ရောက်နေတုန်း တစ်ယောက်ထဲပျင်းပျင်းရှိတာနဲ့ အဲဒီမိန်းမချောကလေးဆီကို ပို့စကတ်ကလေးတစ်ခု ပို့ခဲ့ပါတယ်။ သူဟာ ပုံဆွဲလဲကောင်းသူဖြစ်လေတော့ အဲဒီ ပို့စကတ်ပေါ်မှာ သူ့လက်ရာ တောသဘာဝရှုခင်းပုံကလေး ရေးဆွဲထည့်လိုက်တယ်။ ညနေစာစားဖို့လဲ ချိန်းလိုက်တယ်။ အဲဒီနောက် ရက်အနည်းငယ်လောက်မှာပဲ အဲဒီ မိန်းမချောကလေး ရက်စက်စွာအသတ်ခံရတယ်ဆိုတဲ့သတင်းနဲ့ သူပို့လိုက်တဲ့ပို့စကတ်ပုံကို ဖော်ပြပြီး ပုလိပ်က အဲဒီပို့စကတ်ပို့တဲ့လူကို နေရာအနှံ့အပြား လိုက်ရှာနေတယ်ဆိုတဲ့ သတင်းပါလာတော့မှ သူ့မှာ အထိတ်တလန့် ဖြစ်ရပါတော့တယ်။

ကဲ။ သူ ဘာလုပ်ရမှာလဲ။ ဒီပို့စကတ်ကို ပို့တဲ့သူဟာ သူပါဆိုပြီး ပုလိပ်ဆီမှာ သူ့ဘာသာသူ သွားဝန်ခံသင့်တယ်ဆိုတာကိုတော့ သူ သိတယ်။ ဒါပေမယ့် မလိုအပ်ဘဲနဲ့ လူသိရှင်ကြား ဖြစ်ရမယ့်ကိစ္စ၊ အမှုနဲ့ ပတ်သက်ရမယ့်ကိစ္စတွေကို သူကြောက်တော့ အသာ လျှိုနေလိုက်တယ်။ ဒါတွင်မကသေးဘူး။ သူ့ကို မုချမေးမယ့် မေးခွန်းတစ်ခု ရှိသေးတယ်။ အခင်းဖြစ်တဲ့ စက်တင်ဘာလ ရှစ်ရက်နေ့ညနေက သူဘယ်ရောက်နေသလဲဆိုတဲ့ မေးခွန်း။ သူ ပြန်စဉ်းစားကြည့်လိုက်တော့ အဲဒီညနေက သူတစ်ယောက်ထဲ ရုပ်ရှင်သွားကြည့်နေခဲ့တယ်။ ရုပ်ရှင်ပြနေတုန်းမှာ သူအိပ်ပျော်နေခဲ့တယ်။ ဒါကို ပြောပြရင် အလကားပဲ။ သူ့ကို ဘယ်သူက ယုံမှာလဲ။ မှောင်နဲ့မဲမဲ ရုပ်ရှင်ရုံထဲမှာ သူထိုင်နေတာကို ဘယ်သူမြင်ခဲ့မှာလဲ။ ဒါတွင်မက သူ ဝင်ခဲ့စဉ်က လက်မှတ်ရောင်းတဲ့

မိန်းကလေးကတောင် သူ့ကို မော့်ကြည့်လိုက်တာမဟုတ်လေတော့ အဲဒီကြမ္မာဆိုးကျရောက်တဲ့အချိန်မှာ သူက တခြားတစ်နေရာမှာရှိနေတယ်ဆိုတာကို ဘယ်သူက သက်သေခံနိုင်တော့မှာလဲ။

"အဲဒီမှာ သူဟာ အကြီးအကျယ်ထိတ်လန့်ပြီး ဂယောင်ချောက်ချားဖြစ်သွားတယ်။ အဲသလို ဂယောင်ချောက်ချားဖြစ်နေတဲ့အချိန်မှာ သူ့မိတ်ဆွေနဲ့သူ အခင်းဖြစ်တဲ့အချိန်က သူဟာ တခြားတစ်နေရာ ရောက်နေတယ်ဆိုတာကို သက်သေပြဖို့ လုပ်ဇာတ်ကလေးတစ်ခု ဆင်လိုက်မိတယ်။ မကြာခင်မှာပဲ ပို့စကတ်ပေါ်မှာ စာရေးတဲ့လူဟာ သူပဲဆိုတာ သိသွားကြတယ်။ သူ့ကိုစစ်ဆေးတဲ့အခါ သူက ပေးလိုက်တဲ့ဆင်ခြေဟာ အလိမ်အညာသာဖြစ်တယ်ဆိုတာကို တွေ့သွားပြန်တယ်။ အဲဒီအချိန်ကစပြီး သူပြောသမျှစကားတွေဟာ တစ်ခါမယုံ ဆယ်ခါဆိုသလို အားလုံးအမှားတွေချည့်ပဲလို့ ဖြစ်ကုန်တော့တာပဲ။ သူ့ကိုဆွဲချမယ့် သက်သေခံ အထောက်အထားတွေကလဲ အဆောက်အအုံ ကြီးမားဖွဲ့စည်းလာခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအဆောက်အအုံကို တည်ဆောက်တဲ့အခါမှာ အလောင်းနားမှာတွေ့ရတဲ့ ပိုက်ဆံအိတ်ကလေးတို့၊ လူသတ်သမား စီးပြေးတယ်ဆိုတဲ့ ဘိုင်စကယ်အစိမ်းရောင်တို့ ဆိုတာတွေဟာ တရားခံနဲ့ ဘယ်လိုနည်းနဲ့မှ ဆက်စပ်တွေးတောလို့မရဘူး ဆိုတဲ့အချက်ကို ချန်လှပ်ထားခဲ့တဲ့ ချို့ယွင်းချက်ကို တွေ့ရှိရပါတယ်။ ဒီအချက်အလက်တွေကို အမှုနဲ့မပတ်သက်ဘူးလို့ သဘောထားပြီး တခြားအကြောင်းအချက်တွေရဲ့အားနဲ့ဖိပြီး စွဲချက်ထဲက ထုတ်ပစ်တဲ့အထိ လျစ်လျူရှုထားခဲ့ပါတယ်။ အဲဒီအချက်အလက်တွေဟာ စွဲချက်ရဲ့ပုံသဏ္ဍာန်ထဲမှာ အံဝင်ခွင်ကျမဟုတ်တဲ့အတွက် ပစ်ပယ်ထားခဲ့ပါတယ်။ တရားမျှတမှုကို အင်မတန်လိုလားတပ်မက်တဲ့ဟန်နဲ့ အစိုးရရှေ့နေကြီးက ရုံးတော်ကို တင်ပြတဲ့အခါမှာတော့ အဲဒီအချက်အလက်တွေကို စကားထဲတောင် ထည့်မပြောခဲ့တော့ပါဘူး။

"တရားမင်းများခင်ဗျာ။ ရီးမက်ထရီရဲ့အမှုကို ကြားနာစစ်ဆေးစဉ်က အစိုးရဘက်က အပြေအမှုမှာ တရားမျှတတဲ့ ကြားနာစစ်ဆေးမှုမရှိနိုင်အောင် တားဆီးပိတ်ဆို့ဖို့ ရည်ရွယ်ချက်ရှိခဲ့ပါတယ်။ ပိတ်လဲပိတ်ဆို့ခဲ့တယ်ဆိုတဲ့ အကြောင်း ကျွန်တော် စောဒကဝင်လိုပါတယ်ခင်ဗျား။ ကျွန်တော် တင်ပြတဲ့ အထောက်အထားအချက်အလက် အကြမ်းမျဉ်းဟာ မလုံလောက်နိုင်သေးဘူးဆိုရသည့်တိုင်အောင် ရှိသမျှနဲ့ပဲ ဒီအမှုမှာ အရေးကြီးတဲ့သက်သေအထောက်အထား ထိန်ချန်မှုများရှိခဲ့တယ် ဆိုတာကိုတော့ တရားမင်းများ သိနိုင်မြင်နိုင်ကြပါပြီ။ ပြီးတော့လဲ အမှုကို ကြားနာစစ်ဆေးစဉ်က အစိုးရရှေ့နေကြီးဟာ အထူးသဖြင့် ဂျူရီလူကြီးများကိုပြောတဲ့ သူ့တင်ပြချက်တွေထဲမှာ အင်မတန်ဝန်လေးတဲ့ တစ်ဖက်သတ်အမြင်နဲ့ အကြံပေးတင်ပြမှုမျိုးတွေကို ပြုလုပ်ခဲ့ပါတယ်။

"သူရဲ့ တင်ပြချက်တစ်ခုလုံးဟာ တစ်ဖက်စောင်းနင်းအမြင်မျိုးကို အရိပ်အခြည်ပေးထားတဲ့ စကားလုံးတွေနဲ့ ပြည့်နေပြီး ဂျူရီလူကြီးများဆီက 'တရားခံမှာ အပြစ်ရှိပါတယ်' ဆိုတဲ့ အဆုံးအဖြတ်မျိုးကို မပေးပေးအောင် အင်မတန်သိမ်မွေ့စွာ သွေးဆောင်တဲ့နည်းမျိုးကို တမင်သုံးစွဲခဲ့ပါတယ်။

"တရားမင်းများ ခင်ဗျား၊ လူတစ်ယောက်ရဲ့အသက်ဟာ အဲသလိုသေရေးရှင်ရေး မတင်မကျ ဖြစ်နေတဲ့အချိန်မျိုးမှာ ဂျူရီလူကြီးများကို ဆင်ခြင်တုံတရား တည်ငြိမ်ကြည်လင်စွာထားနိုင်ဖို့ဆိုတဲ့ စိတ်အာရုံကို ဖြစ်စေဖို့ထက် ဒေါသစိတ် မုန်းတီးစိတ်၊ ရွံ့ရှာစိတ်၊ လက်စားချေချင်စိတ်ဆိုတဲ့ ဆန္ဒများကိုသာ လှုံ့ဆော်ပေးတဲ့ အဲသလို ဟောပြောနည်းများကို ပယ်ဖို့အချိန်အခါ မဟုတ်ပါလားခင်ဗျား။ ဒီလိုဟောပြောတဲ့နည်းမှာလဲ ရှေ့နေကြီးဟာ ဇာတ်ဆန်ဆန်အမူအရာလုပ်ပြီး လူသတ်လက်နက်ကိုထုတ်၊ ကြမ်းပေါ် ပစ်ချလို ချ၊ တရားခံက ထိုးလိုက်သတ်လိုက်ပုံကို ဟန်ပါပါ လုပ်ပြလိုပြ ဆိုတဲ့ စိတ်မချမ်းသာစရာ သရုပ်ဆောင်မှုတွေဟာ လေးနက်တဲ့ တရားရုံးတော်ကို လမ်းဘေးက နှစ်ပြားတပဲတန်ပြဇာတ်မျိုးဖြစ်သွားအောင် လုပ်လိုက်ပါသေးတယ်။ အစိုးရဘက်က ရီးစ်မက်ထရီကို အပြစ်ကျအောင် တင်ပြတဲ့ လျှောက်ချက်များကို တင်ပြပုံတင်ပြနည်းဟာဖြင့် ကျွန်တော်တို့ရဲ့ ရာဇဝတ်တရားစီရင်ရေး ရေသောက်မြစ်များကို တိုက်ရိုက်ထိုးနှက်ချက်များပေပဲလို့ ကျွန်တော် ထင်မြင်ပါတယ်။ ရုံးတော်ကလည်း အဲသလို ထင်မြင်ယူဆဖို့ နှောင့်နှေးမယ် မဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်"

ဂရေဟမ်က ခေတ္တရပ်နားလိုက်စဉ်တွင် ပေါလ်မှာ စိတ်လှုပ်ရှားမှုများဖြင့် တောင့်ထားလျက်ရှိရာက စပရောက်၏ဘက်သို့ တစ်ချက် လှမ်း၍ကြည့်လိုက်မိသည်။ အစိုးရရှေ့နေကြီး၏ မျက်နှာနီနီမှာ ယခုအခါ လူသေမျက်နှာလို ဖြူဖတ်ဖြူရော်ဖြစ်လျက် နှုတ်ခမ်းများကိုလည်း တင်းနေအောင် စေ့ထားသည်ကို တွေ့ရ၏။ သူ ဘာတွေကိုများ တွေးနေပါလိမ့်။ လောလောဆယ် လူပုံထဲ၌ အရှက်ခွဲခံနေရသည့် အဖြစ်ကိုလား၊ သူ့ဘဝသူ့တက်လမ်း အစိတ်စိတ်အမွှာမွှာ ရုတ်တရက် ကွဲပျက်သွားပြီး နိုင်ငံရေးနှင့် ပတ်သက်သည့် သူ့ဆန္ဒသူ့အလားအလာအားလုံး ပေါက်ကွဲလွင့်စဉ်သွားသည့် အဖြစ်ကိုလား။

"ပြီးတော့ ကျွန်တော်တင်ပြလိုတာက ကြားနာစစ်ဆေးမှုမှာ ဥက္ကဋ္ဌတရားသူကြီးဟာ ဂျူရီလူကြီးများကို တာဝန်အပ်နှင်းတဲ့အခါမှာ ဥပဒေကြောင်းအရ လွဲမှားတဲ့ညွှန်ကြားမှုကို ပြုလုပ်ခဲ့ပါတယ်။ သူ တာဝန်ပေးအပ်ပုံဟာ တိကျမှုမရှိ၊ ပြည့်စုံမှုမရှိ တလွဲတချော်တွေးစရာတွေ ဖြစ်ခဲ့ပါတယ်။ သူဟာ တရားခံရဲ့ အကျင့်စာရိတ္တနဲ့ပတ်သက်လို့ ပြောပြရာမှာလဲ အစိုးရရှေ့နေကြီးဆီကရတဲ့ လေသံအတိုင်းပဲ တစ်ဖက်စောင်းနင်း အမြင်နဲ့ ပြောပြခဲ့တယ်။ လူ တန်းစီပြီး ရွေးထုတ်တဲ့ကိစ္စမှာ နည်းလမ်းမကျမှုများ ရှိခဲ့တယ်ဆိုတာကို ထုတ်ဖော်ပြောပြခြင်းမရှိခဲ့ပါဘူး။ ပုလိပ်ဟာ စိတ်စေတနာ မှန်မှန်နဲ့လုပ်တယ်ဆိုတာကို သံသယဖြစ်စရာမရှိပေမယ့်၊ အဲဒီ အင်မတန်အရေးကြီးလှတဲ့ လူတန်းစီ ရွေးထုတ်ခြင်းမှာတော့ သူတို့ဟာ မမှန်မကန်ဖြစ်အောင် လုပ်ခဲ့ကြတယ်ဆိုတာကို သူတို့ရဲ့ အထောက်အထားတွေထဲမှာပဲ ပေါ်လွင်နေပါတယ်။ ပြီးတော့ သူတို့လက်ထဲမှာသာရှိပြီး တရားမင်းများရဲ့ အယူခံတရားလိုနဲ့ သူ့ဘက်က ရှေ့နေများ မသိကြတဲ့ အယူခံတရားလိုအဖို့ အခြေအနေကောင်းစေမယ့် အချက်အလက်အားလုံးကို တမင်ထိန်ချန်ထားကြတဲ့အတွက် တရားခံမှာ တဖက်သတ် ကြားနာ စစ်ဆေးစီရင်ခြင်းကို ခံခဲ့ရပါတယ်ဆိုတဲ့ အချက်များပဲ ဖြစ်ပါတယ်"

ဂရေဟမ်သည် တစ်ချိန်လုံး ငြိမ်သက်စွာပြောနေရာမှ ထိုနေအဖို့ တစ်ခုတည်းသောလှုပ်ရှားမှုအဖြစ် သူ၏လက်ျာလက်မောင်းကို ရုတ်တရက် တရားခွင်ဆီသို့ ဆန့်တန်းလိုက်သည်။

"တရားမင်းများခင်ဗျား။ မက်ထရီဟာ ဒီလူသတ်မှုကို မကျူးလွန်ခဲ့ပါဘူး။ ကျွန်တော်တို့ စုံစမ်းသိရှိရချက်များနဲ့ အမှုသွားမှုလာကို ခွဲခြမ်းစိတ်ဖြာပြီး ကြည့်လို့ တွေ့ရချက်များအရဆိုရင် သူ့မှာ အပြစ်မရှိဘူး။ သူဟာ တရားဥပဒေကို ပုံပျက်ပန်းပျက် ရက်ရက်စက်စက် ဖျက်လိုဖျက်ဆီးပြုမှုများရဲ့ ဒဏ်ကို ခံရသူသာဖြစ်တယ်ဆိုတာ လယ်ပြင်မှာဆင်သွားသလို ထင်ရှားနေပါတယ်။ အခုရုံးတော်ရှေ့မှာ သက်သေလူဝီဇာဘတ်ဟာ သူ့အလိုအလျောက်ဝန်ခံသွားရတဲ့ မုသားသက်သေဖြစ်နေပြီး သူ့ရဲ့ရှုပ်ပွနေတဲ့ မုသားတွေဗလပွေထဲမှာ ဒီပြစ်မှုကို တကယ်ကျူးလွန်ခဲ့သူရဲ့အမည်ကိုလည်း အတော်ကလေး ပွင့်ပွင့်လင်းလင်း ဖော်ထုတ်သွားပါတယ်။

"တရားမင်းများ ခင်ဗျား၊ ကျွန်တော်ဟာ ပုလိပ်ရဲ့ကိုယ်စားလှယ်မဟုတ်ပါဘူး။ ဒီရုံးတော်ရှေ့မှာ အပြစ်ရှိသူများကို ဖော်ထုတ်ဖို့တာဝန်ရှိသူလဲ မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီလူကို ဖော်ထုတ်ဖို့အတွက် လုံလောက်တဲ့သက်သေအထောက်အထားများကိုတော့ ညွှန်ပြခဲ့ပါပြီ။ သက်ဆိုင်ရာအာဏာပိုင်များက အဲဒီလူကို ရှာဖွေဖမ်းဆီးလိုက်တဲ့အခါမှာ နောက်ဆုံးကျန်ရှိနေတဲ့ သံသယအရိပ်အရောင်ကလေးများဟာ တခါတည်း ပျောက်ကွယ်သွားပါလိမ့်မယ်။ တရားမင်းများခင်ဗျား၊ တရားမျှတမှုဆိုတဲ့ အလွန်တရာမှ အလေးအမြတ်ထားအပ်တဲ့ စည်းစနစ်များကို ဦးထိပ်ထားလို့ အစိုးရဘက်ကလဲ မှားယွင်းနိုင်တာပဲဆိုတာကို ဝန်ခံပြီး အလွန်မဖွယ်ရာလှတဲ့ ဒီအမှားအယွင်းကြီးကို ပြင်ဆင်ပေးတဲ့အနေနဲ့ ရီးမက်ထရီမှာ အပြစ်ကင်းစင်ပါတယ်ဆိုတာ တလောကလုံး သိရှိအောင် ကြေညာပေးပါလို့ ကျွန်တော် လေးမြတ်စွာတောင်းပန်အပ်ပါတယ် ခင်ဗျား"

တစ်ရုံးလုံး လုံးဝတိတ်ဆိတ်ငြိမ်သက်နေစဉ်မှာပင် ဂရေဟမ် ထိုင်ချလိုက်သည်။ ထိုနောက်တွင် တခဲနက်လက်ခုပ်သြဘာသံကြီးသည် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းပေါ်ထွက်လာလေသည်။ တရားသူကြီးချုပ်က ရုံးတော်ကို ရပ်ဆိုင်းရှင်းလင်းပစ်ရလိမ့်မည်ဟု ခြိမ်းခြောက်တော့မှ သြဘာသံများ ငြိမ်သက်သွားသည်။ ပေါလ်မှာ

ဂရေဟမ်၏လျှောက်လဲချက်လောက် စိတ်ဘဝင်ကိုထိခိုက်စေသည့်အရာ ယခင်က တစ်ခါမျှ မကြားနာခဲ့ရဘူးသဖြင့် သူ၏မျက်လုံးများတွင် မျက်ရည်များပင် လည်လျက်ရှိလေသည်။ သူသည် ပျိုမျစ်သေးသည့် ရှေ့နေကြီး၏ တည်ငြိမ်သောရုပ်အသွင်ကို မင်သက်မိသလို ငေးစိုက်ကြည့်နေရာမှသူ့အဖေ၏ဘက်သို့ လှည့်၍ကြည့်လိုက်မိသည်။ သူ့အဖေမှာ လွန်ခဲ့သည့် ဆယ့်ငါးနှစ်က သူ့အား အော်ဟစ်ဆဲရေးခဲ့ကြသည့် ဤပရိသတ်သည်ပင်လျှင် ယခု သူ့အား ပွဲတင်ထပ်မျှ အော်ဟစ်အားပေးနေကြသည်ကို နားမလည်နိုင်သလို စိတ်ရှုပ်ထွေးနေသည့်မျက်နှာဖြင့် ထိုင်လျက်ရှိလေသည်။

အားလုံးငြိမ်သက်သွားသောအခါတွင် ရှေ့နေချုပ်ကြီးသည် သူ၏လုပ်ဖော်ကိုင်ဖက်များနှင့် ကြာမြင့်စွာ တိုင်ပင်ပြီးနောက် အစိုးရဘက်မှ လျှောက်လဲချက်ပေးရန် မထချင် ထချင်နှင့် ထလေ၏။ သူ၏စကားမှာ တည်ငြိမ်၍ ဣန္ဒြေသိက္ခာရှိလှသော်လည်း သူသည် သူ၏အလုပ်တာဝန်ကို နှစ်နှစ်သက်သက်ထမ်းဆောင်နေရခြင်း မဟုတ်သည်မှာတော့ ထင်ရှားပေါ်လွင်နေသည်။ သို့တိုင်အောင် သူ တတ်နိုင်သမျှတော့ မျက်နှာပန်းအလှဆုံး ဖြစ်အောင်လုပ်ရန် စိတ်ပိုင်းဖြတ်ထားဟန်တူ၏။ သူပြောသည်မှာ တစ်နာရီပင် မပြည့်တတ်။ ပြောသွားသည်မှာလည်း တော်ရုံသင့်ရုံစကားလုံးများသာဖြစ်သည်။ ဂရေဟမ်၏ ရှည်လျား၍ပညာသားပါလှသော လျှောက်လဲချက်များနှင့်ယှဉ်သော် သူ့လျှောက်လဲချက်မှာ တက်တက်ကြွကြွမရှိအောင် တမင်များ လုပ်ထားလေသလားဟု ထင်စရာဖြစ်နေသည်။ သူထိုင်လိုက်သောအခါ တရားသူကြီးက တရားသူကြီးများ ဆုံးဖြတ်ချက်မပေးမီ စဉ်းစားခန်းဝင်၍တိုင်ပင်ကြရန် ရုံးတော်ကို ခေတ္တရုပ်ဆိုင်းကြောင်း ကြေငြာလေသည်။

နှစ်နာရီထိုးပြီးမှ တရားသူကြီးများ တရားခွင်သို့ ပြန်ရောက်လာကြသည်။ ထိုအခါ ရုံးခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပြီး ဣန္ဒြေသိက္ခာကြီးစွာဖြင့် အတိုင်းမသိ လေးနက်တည်ငြိမ်လှသော တရားသူကြီးချုပ်က ရုံးတော်၏ အဆုံးအဖြတ်ကို ကြေငြာလေသည်။

“ဒီအမှုဟာ ဖြောင့်မှန်စွာတရားစီရင်မှုကို သြဇာလွှမ်းမိုးသွားနိုင်တဲ့ အကြောင်းအချက်များစွာနဲ့ ရှုပ်ထွေးနေတဲ့အတွက် အင်မတန်ခက်ခဲတဲ့ အမှုမျိုးဖြစ်ပါတယ်”

အတော်ကြီးကြာအောင် ငြိမ်သက်တိတ်ဆိတ်သွားသည်။ ပေါလ်၏ ရင်ထဲတွင်ကား တဒိန်းဒိန်းခုန်လျက်ရှိ၏။ သူ့အဖေအား လှမ်းကြည့်လိုက်သောအခါ သူ့အဖေမှာလည်း အသက်ပင်မရှူနိုင်အောင် စိတ်ပင်ပန်းစွာ သူ့နားရွက်များကို လက်ခုပ်ဖြင့်ကာ၍ နားစွင့်လျက်ရှိ၏။ တရားသူကြီးက ဆက်လက်၍ ပြောပြန်သည်။

“သို့ပင်သော်လည်း ဒီအမှုကို ကြားနာစစ်ဆေးခဲ့စဉ်က အစိုးရရှေ့နေကြီးနဲ့ တရားခံရုံးဥက္ကဋ္ဌတို့ရဲ့ ညွှန်ကြားမှုများဟာ တရားလမ်းကြောင်း တိမ်းစောင်းလွဲမှားအောင် ဆောင်ရွက်ခဲ့တယ်လို့ ရုံးတော်က ထင်မြင်ယူဆတယ်။ အသစ်တွေ့ရှိရတဲ့ အချက်အလက်တွေဟာလည်း ဒီအမှုမှာ တရားဝင်တယ်လို့ ဒီရုံးတော်က ယုံကြည်တယ်”

ထို့နောက်တွင် ယခင်တစ်ကြိမ်ကထက်ပင် ပိုမို၍ကြာမြင့်အောင် တိတ်ဆိတ်ငြိမ်သက်၍ သွားပြန်သည်တွင် ပေါလ်မှာ အသက်ပင် အရှူရပ်သွားမတတ်ဖြစ်သွား၏။

“ဒါကြောင့် အခု အယူခံတရားလိုအား အပြစ်ပေးခဲ့တဲ့ ရုံးတော်ရဲ့ စီရင်ချက်ကို ကျွန်ုပ်တို့က ပယ်လိုက်တယ်”

ရုံးခန်းတစ်ခုလုံး အုတ်အော်သောင်းတင်းဖြစ်သွားကာ လေထဲသို့ ဦးထုပ်များ ပစ်မြှောက်၍အားရပါးရ လွတ်လပ်စွာ အော်ဟစ်ချီးကျူးကြသည့်အသံများဖြင့် ဆူညံသွားလေသည်။ ဒန်နှင့်မက်အီဗွိုင်တို့လည်း ပြုံးရွှင်သောမျက်နှာဖြင့် အချင်းချင်းလက်ဆွဲလှုပ်ယမ်းကြသည်။ နီဂယ် ဂရေဟမ်နှင့် ပေါလ်တို့အားလည်း ထိုနည်းတူ လှုပ်ယမ်းချီးကျူးကြသည်။ ပေါလ်အား ကျောကိုပုတ်၍ ချီးမွမ်းကြရန် လူအုပ်ကြီးက ဝိုင်းလျက်ရှိ၏။

အလို၊ ပရပ်စတီကြီးကလည်း ပေါလ်ကိုလာပြီး မွေ့ယမ်းနူတ်ဆက်လို့ပါလား။ အယ်လာဖလဲမင်းနှင့် ပေါလ်၏အမေတို့ နှစ်ယောက်သားပူးကပ်ထိုင်ကာ ဘာလုပ်ရမှန်းမသိဖြစ်လျက်၊ ရှက်လည်း ရှက်နေဆဲ။ ဘုန်းကြီးဖလဲမင်းမှာ မျက်စိများကို ဘုရားဆုတောင်းနေသလို မှိတ်ထားသည်။ ဒေး၏မျက်နှာမှာ ခါတိုင်းထက် မာကျောလျက်ရှိ၏။ စပရောက်သည် အထိနာပြီး ကယောင်ကတမ်းဖြစ်ကာ ထွက်ပေါက်ဆီသို့သာ တိုးဝှေ့ထွက်သွားလေတော့သည်။ အပေါ်ထပ်ခုံတန်းများဆီမှ လှမ်း၍လက်ပြနေသော ခပ်သေးသေးသဏ္ဍာန်တစ်ခု။ မာ့ခ်ဗူလျာများ ဖြစ်လေမည်လား။

ထို့နောက် သူသည် ချာခနဲလှည့်၍ လူအုပ်ထဲမှတိုးကာ အခြေအနေကို နားမလည်နိုင်သေးသလို ခေါင်းငုံ့လျက်ထိုင်နေသူ၊ ဒုက္ခဆင်းရဲများကို လူရုပ်မပီအောင် ခံခဲ့ရသူ၊ နောင်တွင် သူ့ကို လူသတ်သမားဟု မည်သည့်အခါမှ မခေါ်ခံရတော့သူရှိရာသို့ တရွေ့ရွေ့လာခဲ့လေ၏။

*

## အခန်း – ၁၉

ပေါလ်သည် လေးနာရီခန့်တွင် ဝင်ဆာသို့ ပြန်ရောက်လာသည်။ သူတို့ နိုင်ပြီ။ ဥပဒေစကားတွေ ဝေဝေဆာဆာဖြင့် တရားရုံးအဆုံးအဖြတ်က ဘယ်လိုဆိုထားထား၊ တရားသူကြီးများ၏ ဣန္ဒြေက ဘယ်လိုကြီးကြီး၊ ရုံးတော်ကြီး၏မြင့်မားသော တရားနည်းလမ်းတိကျမှန်ကန်မှုက ဘယ်လိုရှိရှိ သူတို့၏အောင်ပွဲကတော့ တစ်ကယ့်အောင်ပွဲကြီးပေတည်း။ သို့တိုင်အောင် ပေါလ်မှာ တစ်ကိုယ်လုံး တင်းမာလျက်ပင် ဘဝင်က မကျနိုင်သေး။ အိမ်မက် မက်နေသူပမာ မရေရာသေးသည့် ရှေ့ရေးကို တွေးလျက်ရှိသည်။

ဟိုတယ်အစွန်ဘက်သို့သွားသည့် စင်္ကြံလမ်းအတိုင်း သူ လျှောက်၍ဝင်ခဲ့သောအခါ အယ်လာ၏ပစ္စည်းများ ချည်ပြီးတုပ်ပြီး ထုပ်ပြီးပိုးပြီးချထားသည်ကို တွေ့လိုက်ရသည်။ တစ်ဝက်ပွင့်နေသော တံခါးမှနေ၍ အခန်းထဲ၌ သူ့အမေ အထုပ်အပိုးပြင်ဆင်နေသည်ကို မြင်နေရသည်။ ဒါကို သူမြင်လိုက်ရသောအခါ တစ်နည်းအားဖြင့် သူ ဘာလုပ်ရမည်ကို ကြိုတွေးထားနိုင်သည်။ သူ ဧည့်ခန်းထဲသို့ ဝင်ခဲ့သောအခါ ဦးထုပ်ဆောင်းပြီး လက်အိတ်များစွပ်ပြီးသား ထိုင်နေသည့်အယ်လာအား တွေ့လိုက်ရသည်။ ယခင်အခါများကတော့ အယ်လာ ဤမျက်နှာမျိုးနှင့်ဖြစ်နေလျှင် သူတို့နှစ်ယောက်အကြား တစ်ခုခုကတော့ မုချ အချင်းများကြရမြဲဖြစ်သည်။

ပေါလ်မှာ စောစောကမရေမရာဖြစ်သမျှ အယ်လာအား မြင်လိုက်မှ ရှင်းလင်းကြည်လင်သွားဟန် တူပေသည်။ သူက ဘေးနံရံကပ်စားပွဲကလေးဆီသို့လျှောက်သွားကာ ရေတကောင်းထဲမှ ရေတစ်ခွက် ငှဲ့သောက်နေသည်။ အယ်လာ သူ့အားတစ်ချိန်လုံး လိုက်ကြည့်နေသည်ကို သူ သိနေ၏။

“ကဲ အားလုံး ပြီးသွားပြီ”

"ပြီးပါမှပဲ" အယ်လာသည် မရွှင်သောမျက်နှာဖြင့် တောင့်တောင့်ကြီးထိုင်လျက်ရှိရာက ခေါင်းကို ဆတ်ခနဲမော့လိုက်ပြီး "ပြီးချိန်လဲ တော်နေပါပြီ"ဟု ဆိုလိုက်သည်။

ပေါလ်က "စိတ်တော့ မကောင်းစရာပေါ့ အယ်လာ၊ ဒါပေမယ့် ကြုံလာမှတော့ ရင်ဆိုင်ကြရမှာပဲပေါ့"ဟု အကျိုးသင့်အကြောင်းသင့်ပြောလိုက်သည်။

"သြ ဟုတ်လား၊ ဒါက ရှင်ထင်တာပဲ။ ကျွန်မကတော့ အဲသလို မထင်နိုင်ပါဘူး။ ဒါတွေအားလုံးဟာ အလကား အပိုဒုက္ခတွေပဲ။ ဒါတွင် ဘယ်ကမလဲ၊ ဒါဟာ အလကား ဘာမှ အသုံးမကျတဲ့ကိစ္စ။ ဒါတွေအားလုံးဟာ ရှင့်ကြောင့် ဖြစ်ရတာ။ ရှင် စလုပ်တာ။ ရှင် ဆက်လုပ်ခဲ့တာ။ တစ်ခြားလူတွေရဲ့ ဆန္ဒကို ပစ်ပယ်ပြီး လုပ်ခဲ့တာ။ ဒီလိုလုပ်တော့ ဘာရသလဲ။ ဘာမှ မရဘူး။ ဘာအမြတ်မှ မထွက်ဘူး"

"အမှုနိုင်တာပေါ့ အယ်လာ။ အဲဒါ အမြတ်ပေါ့"

"အမှုနိုင်တော့ ရှင့်မှာ ဘာအကျိုးရှိလဲ။ ရှေ့နေတွေဆိုတာ ဒီပုတ်ထဲက ဒီပဲချည့်ပဲ။ သူတို့ဟာ သူတို့တော့ လုံးနေတာပဲ။ ဒီငွေကို ရဖို့ဆိုရင် ပါလီမန်ထိအောင် တက်ရမတဲ့။ ငွေက ရလာတာတောင် ရှင် တစ်ပြားမှလည်း ကိုင်ရမှာ မဟုတ်ပါဘူး။ အလကား"

ပေါလ်မှာ ဒေါသဖြင့် မျက်နှာ နီမြန်းသွားသည်။ သို့သော် သူ ဒေါသသံမပါအောင် စိတ်ကို ထိန်းချုပ်၍ ပြောလိုက်ရသည်။

"ကိုယ် ငွေကို စိတ်ဝင်စားလို့ မဟုတ်ဘူး အယ်လာ။ ဒါကို ထည့်တောင် မစဉ်းစားဖူးဘူး။ ကိုယ်လိုချင်တာ ကိုယ့်အဖေနာမည်ကို အဖတ်ဆယ်ဖို့ပဲ။ အခု အဲဒါကို ကိုယ်လုပ်လိုက်တာပဲ"

"တယ်ကောင်း၊ တယ်ကောင်း။ သူ အခုလုပ်နေပုံကို ကြည့်ပါဦး။ သူ့နာမည်ကို အဖတ်ဆယ်ချင်တာဆိုရင် သူ့ကို ထောင်ထဲမှာ ထားလိုက်တာကမှတော်ဦးမယ်။ အခု သူ့ဇာတိရုပ် ပေါ်ရုံပဲရှိတယ်၊ မုန်းစရာ အရက်သမားကြီး"

"အယ်လာရယ်၊ သူ့ကို ဒီလိုဖြစ်အောင် ထောင်က လုပ်လိုက်တာပါ။ သူဟာ အမြဲ အဲသလို ဖြစ်နေတာ မဟုတ်ပါဘူး"

"အခု အဲသလို ဖြစ်နေတာပဲ။ ကျွန်မတော့ တော်ပြီ။ သူဟာ ထောင်သားကြီးဆိုတာကိုကပဲ ဆိုးလှပြီ။ ဒါပေမယ့် ထောင်သားဆိုတော့ လွတ်လွတ်ကင်းကင်းနေလို့ ရသေးတာပေါ့။ လူတွေက သူ့ကို မတွေ့ကြဘူး။ ရှိမှန်းတောင် မသိကြဘူး။ အခုတော့ သူက ရုံးခန်းထဲမှာတောင် လူလယ်ခေါင်ထင်ပေါ်အောင် လုပ်ပြနေလိုက်သေးတယ်။ တရားသူကြီးတွေက ဒါကြောင့် ကျွန်မတို့ကို မထီလေးစားလုပ်တာပေါ့။ လူကောင်းသူကောင်းတွေက ကျွန်မကို အဲသလိုလူမျိုးနဲ့ တော်ကာနံစပ်ပတ်သက်တယ်လို့ သိသွားတယ်ဆိုတာ တွေးမိတာနဲ့ပဲ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ ဒါလောက် မရှက်ရဖူးဘူး။ မျက်နှာမငယ်ရဖူးဘူး။ ကျွန်မ ရှင်းရှင်းပဲ ပြောမယ်။ ရှင်မျက်နှာနာကြောင့် မဟုတ်ရင် ကျွန်မ ထုပ်ပိုးပြီးပြန်သွားတာ ကြာလှပြီ"

တကယ့်အခြေအနေကို အယ်လာ မရိပ်စားမိရုံမျှမက သူ ဤမျှ သက်စွန့်ကြိုးပမ်းလုပ်ဆောင်ခဲ့သည် တို့ကိုလည်း နည်းနည်းမျှ ထည့်မစဉ်းစားတော့သည်ကို ပေါလ် သိသွားသည်။ အယ်လာကမူ သူ အစဉ်ထာဝရ အထင်ကြီးလှသည့် အထက်တန်းစား အမျိုးကောင်းသားသမီးသိက္ခာမျိုးကို ထိပါးသွားသည်ကိုသာသိသည်။ သူ့ဂုဏ်သူ့မာနဆိုသည်တို့ ယုတ်လျော့သွားရသည်ကိုသာ သိသည်။ ထို့ကြောင့် သူ မကျေမချမ်းနိုင်။ ပေါလ်အား ကက်ကက်လန်အောင် ရန်တွေ့နေပြန်သည်မှာ သူ့ကိုယ်သူ ပိုမိုသိမ်ဖျင်းအောင် လုပ်နေသည်သို့သာ ရှိလေ၏။ သီလရှင်လိုစိတ်ထားမျိုးနှင့် ဤမျက်နှာလှလှကလေးအား သူ ဘာကြောင့် နှစ်သက်သလိုလို ဖြစ်သည်အထိ ရူးခဲ့မိပါလိမ့်။

တိတ်ဆိတ်ငြိမ်သက်သွားသည်။ ယခင်ကဆိုလျှင် တိတ်ဆိတ်ခြင်းသည် ပေါလ်က အလျှော့ပေးလိုက်သည့် လက္ခဏာဟု အယ်လာက နားလည်သည်။ ထို့ကြောင့် သူ စိတ်ပြေသွားသည်။ ပေါလ်ကလည်း ဘာတစ်ခွန်းမျှ ပြန်ပြောမနေတော့၍ အယ်လာ၏လေသံ အနည်းငယ်ပျော့ပြောင်းလာကာ ဘယ်လောက်ပင် နာကျည်းရ နာကျည်းရ သူတော်စင်သဘာဝဖြင့် ခွင့်လွှတ်နိုင်ရန် ကြိုးစား၍ ပြင်ဆင်ထားလိုက်ဟန်တူ၏။

"ကဲ ဒါဖြင့် လုပ်။ အထုပ်အပိုး ပြင်တော့"

"ဘာလုပ်ဖို့လဲ"

"ဩော် ဘာလုပ်ဖို့ရမလဲ၊ ပြန်ကြဖို့ပေါ့။ ဘာမှ စောင့်နေစရာ မရှိတော့ဘူး။ ဟိုတယ်ခတွေကိုလည်း မစ္စတာဒန်းက ရှင်းပေးပြီးပြီ။ ပေးမှာပေါ့လေ။ သူ့သတင်းစာက ကျွန်မတို့နဲ့ပတ်သက်ပြီး အမြတ်ထွက်သွားတာကိုး။ ကဲ လုပ်၊ ဟိုးလီဟင်c ခုနစ်နာရီထွက်တဲ့ သင်္ဘောအမီ သွားကြမယ်"

"အဖေ့ကို ပစ်မထားခဲ့နိုင်ဘူး အယ်လာ"

အယ်လာက သူ့အား အံ့အားသင့်စွာ လှမ်းကြည့်လိုက်ပြီး အထိတ်တလန့်ဖြစ်သွားသလို ပါးစပ်ကို ဟလိုက်မိသည်။

"တသက်နဲ့တကိုယ် ဒါလောက် အဓိပ္ပာယ်မရှိတာမျိုး တစ်ခါမှ မကြားဖူးဘူး။ ရှင်လဲ သူ့ကို မလိုဘူး။ သူကလဲ ရှင့်ကို မလိုဘူး။ ရုံးထဲက ထွက်ထွက်ချင်း အပေါစား အရက်ဆိုင်ထဲ ဝင်သွားတာပဲ။ သူ့ဖာသာသူ အဲဒီမှာ နေပေစေပေါ့။ သူ ပြန်လာရင် ကျွန်မတို့အားလုံး မရှိတော့တာကို တွေ့ပေစေပေါ့"

ပေါလ်က ခေါင်းယမ်းလိုက်၏။

"ကိုယ် မလိုက်ဘူး"

အယ်လာ မျက်နှာတစ်ခုလုံး နီရဲသွားသည်။ သူ့မျက်လုံးများ အရောင်ထွက်လာသည်။

"ရှင် မလိုက်ရင်၊ ဒါပဲနော် ပြောလိုက်ပါပေရဲ့။ ရှင် နောင်တရလိမ့်မယ် သိလား။ ကျွန်မကတော့ မေတ္တာနဲ့ ရှင့်မျက်နှာကိုထောက်ပြီး သည်းခံခဲ့ရတာတွေများလှပြီ။ ဒီလောက်ပဲ တော်ပြီ၊ ဒီထက်တော့ သည်းမခံနိုင်ဘူး"

အယ်လာက ပေါလ်အား ရန်တွေ့လျက်ရှိစဉ်မှာပင် အခန်းတံခါးပွင့်လာကာ မစ္စတာဖလဲမင်းနှင့် ပေါလ်၏အမေတို့ ဝင်လာကြသည်။ နှစ်ယောက်စလုံးမှာ ခရီးသွားရန်အတွက် ဝတ်စားပြင်ဆင်ပြီးကြပြီဖြစ်၏။ မစ္စတာဖလဲမင်းက ပေါလ်အား ကြည့်နေရာမှ သူ့သမီးဘက်သို့ မျက်နှာမူလိုက်၏။

"ဘာဖြစ်လို့လဲ သမီး"

အယ်လာက ငိုယိုရင်း "ဘာဖြစ်ရမလဲ။ ဘာမှ မကောင်းတော့ဘူး။ သူ့အတွက် ကျွန်မတို့ ဒီမှာ ဘာမဆို လုပ်ပေးခဲ့ရတဲ့ ကျေးဇူးကို မထောက်ဘူး။ အခု ကျွန်မတို့နဲ့ ပြန်မလိုက်နိုင်ဘူးတဲ့။ သူမို့လို့ ပြောလို့ထွက်တယ်"ဟု ဆိုလိုက်သည်။

မစ္စတာဖလဲမင်း၏ မျက်လုံးများတွင် စိတ်ရှုပ်သွားသည့်အသွင်များ ပေါ်လာသည်။ ဤသတင်းပတ်များတွင် သူ၏အတွင်းသန္တာန်၌ အပြန်အလှန်စစ်ခင်းနေခဲ့သည့်ဒဏ်ကို အတော်ကလေး ခံထားရသဖြင့် ပင်ပန်းနွမ်းနယ်လျက်ရှိ၏။ သူက မက်ထရီအား စာရိတ္တမဏ္ဍိုင် ပြန်လည်ခိုင်ခံ့လာအောင် လုပ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သူတတ်စွမ်းသမျှ ကြိုးစားပြီး ဘုရားသခင်ထံလည်း ဆုတောင်းခဲ့ပါလျက်

ပျက်ခဲ့၏။ ဤအရှုံးသည် သူ၏ ယုံကြည်မှုအခြေက ရေသောက်မြစ်အထိ သူ့အပေါ်တွင်ပိခဲ့သည်။ ဤအခြေအနေတွင် သူ့သမီးနှင့် ပေါလ်တို့၏ကိစ္စ။ သူ ဘာလုပ်ရမှန်းမသိအောင် သောကဖြစ်ရပြန်သည်။ နောက်ဆုံး သူ မုန်းနေအောင်ပြောခဲ့ရသည့် ပြောနေကျစကားများဖြင့်ပင် အခြေအနေကို ရှောင်ကွင်းရှေ့ဆိုင်းရန် စိတ်ကူးလိုက်ရလေတော့၏။

"မင်းတာဝန်ကျေပြီလို့ မထင်ဘူးလား လူကလေးရယ်။ မင်းလုပ်ခဲ့တာဟာ အင်မတန် မြင့်မြတ်တဲ့ အလုပ်မျိုးပါပဲ"

ဤတွင် သူ့အမေက လေသံခပ်ပျော့ပျော့ဖြင့် 'ဟုတ်ပါတယ်သားရယ် အမေတို့နဲ့ ပြန်လိုက်ခဲ့ပါတော့" ဟု တောင်းပန်သလို ပြောလိုက်သည်။

ဖလဲမင်းက 'လူ့ဝတ္တရားအနေနဲ့ကြည့်ရင်တော့ မင့်မှာ နေရစ်ဖို့ တာဝန် မရှိပါဘူးကွယ်" ဟု ပြောလိုက်မှ နှစ်ဖက် ညှိနှိုင်းစေ့စပ်သည့်အနေဖြင့် "ဒါမှမဟုတ် တို့က အခုသွားနှင့်ပြီး နောက်မှ မင်းလိုက်လာရင်လဲ ဖြစ်ပါရဲ့"ဟု ဝင်ပြောလိုက်၏။

ဤတွင် အယ်လာက "သူ အခုလိုက်မလာရင် နောက်တော့ အကြီးအကျယ် နောင်တ ရ,ရမှာပေါ့" ဟု ဝင်ပြောလိုက်၏။

ဖလဲမင်းက အနည်းငယ် စိတ်ဆိုးလာသလို "တိတ်တိတ်နေစမ်း အယ်လာ။ သမီးမှာ တကိုယ်ကောင်းဆန်တဲ့စိတ်တွေက မကုန်နိုင်တော့ဘူးလား"ဟု အပြစ်တင်လိုက်သည်။

သို့သော် အယ်လာကတော့ ပြောမရတော့ချေ။ သူသည် ဒေါသဖြင့် ငိုရှိုက်ရင်း 'ကျွန်မဘက်ကတော့ ဒါစာ အပြတ်ပဲ။ သူက ကျွန်မတို့ထက် ဟို လူယုတ်မာကြီးကို ပိုဂရုစိုက်တာ။ ကျွန်မ သူ့ကို ဘယ်တော့ဆို ဘယ်တော့မှ စကားမပြောတော့ဘူး"ဟု ပြောလိုက်၏။

ဖလဲမင်းလည်း မျက်နှာဖြူဖပ်ဖြူရော်ဖြင့် မျက်မှောင်ကြုတ်လျက် သူ့သမီးအား နှစ်သိမ့်ရန်အတွက် သူ၏အတွေးများကို တစ်စစီ လိုက်ကောက်ရန် အားထုတ်နေလေသည်။ သို့သော် အကြောင်းမထူးတော့။ အယ်လာမှာ ဒေါသမိုးမွှန်နေသဖြင့် သူ၏စကားများကို နားမဝင်တော့။ ဤရက်များအတွင်း စိတ်ပင်ပန်းခဲ့ခြင်းများခဲ့သောကြောင့် နွမ်းနယ်နေသည့် ပေါလ်၏အမေလည်း ဖလဲမင်း၏ဘက်က ဝင်မထောက်နိုင်တော့။ သူကတော့ ဤနေရာမှ အမြန်ဆုံး ထွက်ခွာသွားဖို့သာ အာရုံရှိတော့သည်။

ဖလဲမင်းလည်း ဘာမှ ဆက်ပြောမနေတော့ပဲ တစ်ဖက်က သူ၏ ဣန္ဒြေသိက္ခာကို ထိန်းသိမ်းကာ တစ်ဖက်ကလည်း သူ၏စိတ်ကို သက်သာရာရစေရန်အတွက် ပေါလ်ထံသို့ ချဉ်းကပ်သွားပြီး သူ့လက်ကိုဆွဲဆုပ်ပြီး အကြာကြီး ကိုင်ထားလိုက်လေ၏။

ထိုနောက် မိနစ်အနည်းငယ်တွင်ကား သူတို့အားလုံး ထွက်ခွာသွားကြပြီဖြစ်လေသည်။

ပေါလ်မှာ မယုံကြည်နိုင်သေးသလိုဖြစ်နေ၏။ သူ့စိတ်ထဲတွင် လေးလံနေသမျှ ဝန်ထုပ်ကြီး ကျသွားသလို ထင်မိ၏။ အခန်းထဲတွင် သူတစ်ယောက်တည်း ကျန်ရစ်သောအခါ သူသည် ပင်ပန်းနွမ်းလျစွာ သက်ပြင်းတစ်ချက် ချလိုက်ပြီး ကုလားထိုင်တစ်လုံး၌ ဝင်၍ထိုင်ချလိုက်၏။ သူ နေရစ်ရန်ဆုံးဖြတ်လိုက်ခြင်းမှာ ကြိုတင်ဆုံးဖြတ်ချက် မဟုတ်။ သို့သော် ဤသို့ ဆုံးဖြတ်လိုက်သည့်အတွက် အယ်လာနှင့်ကတော့ ပြတ်သွားကြပြီဟု သိလိုက်၏။ သူ့စိတ်ထဲတွင်လည်း ရှင်းသွားသည်။

သူ ထိုနေရာ၌ မလှုပ်မယှက် ထိုင်လျက်ရှိစဉ်မှာပင် အပြင်ဘက်စကြံဆီမှ လေးလံသောခြေသံများ ကြားလိုက်ရသည်။ ထိုနောက် ခဏမျှ ငြိမ်သက်သွားပြီး တံခါးပွင့်လာကာ မက်ထရီသည် အခန်းထဲသို့ ဝင်လာလေသည်။

ပေါလ်သည် သူ့အဖေအား တအံ့တသြငေးကြည့်နေမိ၏။ ခါတိုင်းဆိုလျှင် သူ့အဖေသည် သန်းခေါင်ကျော်မှ ဟိုတယ်သို့ ဒယိမ်းဒယိုင်နှင့် ပြန်လာမြဲ။ ယခုမူ သူ့မှာ အရက်ပင်သောက်လာဟန်မတူ။ သို့ရာတွင် သူ့မှာ ပင်ပန်းနွမ်းနယ်လျက် ကိုယ်လက်မအီမသာ ဖြစ်နေဟန် တူပေသည်။ သူ၏ လှုပ်ရှားမှုများမှာ လေးလံလျက် သူ့မှာ အပြစ်ဒဏ်မှ လွတ်မြောက်ခဲ့ပြီဆိုသည့် အခြေအနေမှာပင် သူ့မျက်နှာမှာ ထူးထူးဆန်းဆန်း ညှိုးငယ်စိတ်ပျက်သည့်အသွင် ပေါ်လျက်ရှိ၏။ သူ၏ဝတ်စုံမှာလည်းကောင်းစွာပင် မဟောင်းနွမ်းခင် ချိုင်းအောက်မှ ချုပ်ရိုးများ ပြဲထွက်လျက် ကော်လာရင်စင်းပေါ်တွင်လည်း အစွန်းအကွက်များနှင့်၊ သူ့ဒူးပေါ်တွင်လည်း တစ်ခါမက လဲကျ၍ ပေခဲ့ပြီး စင်အောင် မပွတ်မခါရသေးသည့် ရွှံ့စက်များနှင့် နေးကွေးလေးလံစွာပင် ကုလားထိုင်တစ်လုံးဆီသို့ သွား၍ ထိုင်ကာ သူ၏မျက်ခုံးမွေးကျိုးတိုးကျဲတဲအောက်မှ ပေါလ်အား တစ်ချက်လှမ်းကြည့်လိုက်၏။ ပေါလ်က သူ့ကို နှုတ်ဆက်လိမ့်မည်လားဟု စောင့်နေဟန်တူ၏။ သို့သော် ပေါလ်က ဘာမျှမပြောသဖြင့် သူက လေးလံစွာပင်

"သူတို့ သွားကြပြီလား" ဟု မေးလိုက်၏။

"ဟုတ်ကဲ့"

"ရှင်းသွားတာပေါ့ကွာ"ဟု ဆိုလိုက်ပြီး သူ့စရိုက်အတိုင်း ခပ်ရိုင်းရိုင်းပင် "မင်းကော၊ ဘာဖြစ်လို့ နေရစ်လဲ။ ငါငွေတွေထုတ်ရတဲ့အခါ နည်းနည်းပါးပါး လိုချင်လို့ထင်တယ်။ ဟုတ်လား"ဟု မေးလိုက်သည်။

ပေါလ်က ငြိမ်သက်စွာပင် "ဒါပေါ့"ဟု ဖြေလိုက်သည်။ သူ့အဖေ၏ ခါးခါးသီးသီးထိုးနှက်ချက်များကို တုန့်ပြန်ရန်မှာ ဤနည်း အကောင်းဆုံးဖြစ်သည်ကို တွေ့ရှိထားသည်။ အမှန်ပင် သူက ဤသို့ ဖြေလိုက်သောအခါ မက်ထရီလည်း ငြိမ်သွားသည်။ သို့ရာတွင် ပေါလ်က သူ့အား စကားများပြောလေမည်လားဟု မျှော်လင့်နေသည့်အလား ဆတ်ခနဲလှမ်းကြည့်ကာ သူ၏ အက်ကွဲနေသော အပေါ်နှုတ်ခမ်းကိုကိုက်ရင်း စောင့်စားလျက်ရှိလေ၏။

နောက်ဆုံးတွင် သူ မစောင့်နိုင်တော့သလို "မင့်မှာ အသံဝင်နေသလားကွ" ဟု မေးလိုက်၏။

"မဟုတ်ပါဘူး"

"ညစာ စားပြီးပြီလား"

"အခုပဲ မှာစားတော့မယ်လို့ပဲ"

"ဒါဖြင့် ငါ့ဖို့လဲ မှာလိုက်ကွာ"

ပေါလ်သည် အခန်းထဲရှိ တယ်လီဖုန်းဆီသို့သွား၍ ဟိုတယ်၌ရှိသည့် ညစာနှစ်ယောက်တွက် မှာလိုက်၏။ သူသည် သူ့အဖေအား ဘာမှမပြောဘဲ တမင်နေလိုက်ကာ ညစာပြင်ဆင်နေသည်ကို စောင့်ရင်း စာအုပ်တစ်အုပ်ကို ကောက်၍ ဖတ်နေလိုက်လေ၏။

မကြာမီ ပူပူနွေးနွေးလုပ်ထားသည့် ဟင်းချို၊ အာလူးနှင့်ပဲစိမ်းများရံထားသည့် သိုးသားကြော်၊ ပန်းသီးပေါင်း စသည့် စားစရာများ ရောက်လာသဖြင့် သူတို့သားအဖ ငြိမ်သက်စွာပင် စားကြသည်။ မက်ထရီမှာ ခါတိုင်းလောက် မြိန်ရေယှက်ရေရှိပုံမရ။ တစ်ခဏမျှကြာသော် သူ့မှာ စားချင်စိတ်ကုန်သွားဟန်တူ၏။ သူသည် အချိုကိုပင် ကုန်အောင်မစားတော့ဘဲ ထိုင်ရာမှထကာ ပက်လက်ကုလားထိုင်ဆီသို့ သွား၍ မကြာမီကမှ စ,ကျင့်သည့်

သူ၏ဆေးတံအိုးထဲသို့ ဆေးများဖြည်းညင်းစွာဖြည့်နေလေ၏။ သူ၏ အိတွဲသော ခန္ဓာကိုယ်ကြီးသည် ကုလားထိုင်၏ပျော့အိနေသော ဆိုဖာထဲသို့ မြုပ်ဝင်သွားသည်။ သူသည် အားအင်ကုန်ခန်းနေသော အဖိုးအိုရုပ်ပေါက်၍နေလေ၏။

အတန်ကြာမှ သူက“ဒီနေ့ည ငါ ဘာဖြစ်လို့ အစောကြီးပြန်လာသလဲ၊ မသိချင်ဘူးလား”ဟု မေးလိုက်ပြီး “ငါ့အဖို့တော့ ပွဲပြီး မထျှာပ်ပဲကွ”ဟု ဆိုလိုက်လေ၏။

ပေါလ်က “အဖေ ဘာလုပ်လုပ်၊ ကျွန်တော် မအံ့သြပါဘူး”ဟု ပြောလိုက်သည်။

ပေါလ်က သူ့အဖေ၏စိတ်ကို မချင့်မရဲဖြစ်စေသည့် သူ၏ အမှုမဲ့အမှတ်မဲ့ အမူအရာဖြင့်ပင် စားပွဲမှထကာ မီးလင်းဖိုရှေ့က ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်၏။

လူရာမဝင်တဲ့အကောင်၊ ဘယ်တော့မှ ဘာမှ အသုံးမကျတဲ့ အကောင်။ ငါ့ဘဝ ဆုံးပြီကွ။ ငါဟာ ဘယ်သူ့ကိုမှ မသတ်ခဲ့ပါဘူးကွာ။ တကယ်က ငါ့ကို သတ်လိုက်တာက သူတို့ကွ"

သူ့ဆေးတံအိုးထဲမှ မီးသေသွားသည်။ သူ၏မျက်နှာမှာ မှုန်မှိုင်းနေသည်။ သူ့တစ်ကိုယ်လုံးမှာ နာကျည်းမှုဖြင့် တဆတ်ဆတ်တုန်နေ၏။

ပေါလ်မှာ သူ့အဖေအတွက် ရင်ထုမနာဖြစ်မိ၏။ သို့သော် သူ့အဖေတွင် ဤသို့ စိတ်အားငယ်လာသည်ကို သူက ဝမ်းနည်း၍ချည်း မနေနိုင်။ သူ့အဖေတွင်ဝင်လာသည့် ဤညံ့စိတ်ကလေးသည်ပင်လျှင် သူ့အဖို့ မျှော်လင့်ချက်ရောင်ခြည်ကလေးဖြစ်ရကား ဒါကို သူကတစ်ဖန် ပျော့ညံ့စိတ်ဖြင့် တုန့်ပြန်ပြီး အချည်းနှီးအဖြစ်မခံနိုင်။ သူ့ရင်ထဲတွင် တဒိန်းဒိန်းခုန်လျက်ကပင် သူ့စိတ်ကိုသူတင်း၍ "အဖေ့ဘဝ မဆုံးသေးပါဘူး အဖေ" ဟု ပြောလိုက်ပြီး သူ့အဖေ နားဝင်လောက်ပြီဆိုမှ ဆက်လက်၍ "အဖေကြုံခဲ့ရတဲ့ ဒုက္ခတွေက အဖေ့ဘဝကို အတော့်ကို ပြောင်းလဲပစ်လိုက်တာပဲ။ ဒါပေမယ့် အဖေ့အသက်နဲ့တွက်ရင် အဖေဟာ အဖိုးအိုကြီးမဟုတ်သေးပါဘူး။ အဖေနဲ့ သင့်တော်မယ့်ဘဝမျိုးကို အဖေစိတ်ကူးပြီး ပြန်ပြုပြင်ယူရင် ရပါသေးတယ်" ဟု ပြောလိုက်၏။

မက်ထရီက "ငါနဲ့က ဘာမှ မသင့်တော်တော့ပါဘူးကွာ" ဟု ဆိုလိုက်ပြီး "ငါ့ကို ငါ ဇာတ်သိမ်းပစ်လိုက်ချင်မိတယ်ကွ။ ညနေက တူးမြောင်းတံတားပေါ်ကဖြတ်လာရင်း ရပ်ကြည့်နေပြီး ရေထဲတောင် ခုန်ချလိုက်တော့မယ့်လို့ပဲ"ဟု ပြောလေသည်။

"အဖေ့အတွက် ကျွန်တော်လုပ်ပေးခဲ့ရသမျှတွေကို အဖေက လုလုပပကျေးဇူးဆပ်တော့မယ်လို့ပေါ့လေ"

မက်ထရီသည် သူ၏ ရင်အုပ်ပေါ်သို့ ငုံ့ထားသည့် သူ၏ခေါင်းဖြူကြီးကို မော့ကာ သူ့သားအား တစ်ချက်လှမ်းကြည့်လိုက်သည်။

"အေးကွာ၊ မင်းကတော့ ငါ့အပေါ်မှာ ကောင်းခဲ့ပါတယ်၊ တကယ်ပါ"

ပေါလ်က ခပ်ပြတ်ပြတ်လေသံဖြင့် "အဖေ ရေထဲဆင်းပြီး သေချင်တယ်ဆိုလဲ သေပေါ့။ ဒုက္ခတွေထဲကထွက်တဲ့ အလွယ်လမ်းပဲ လိုက်ချင်လဲ လိုက်ပေါ့။ ဒါပေမယ့် ဒီထက် နည်းနည်းပိုပြီးအဓိပ္ပာယ်ရှိတဲ့ စိတ်ကူးရှိတယ်ထင်ပါတယ် အဖေ။ မကြာခင်ပဲ အဖေ ငွေ တော်တော်များများ ရစရာရှိတယ်။ ဟုတ်ပါတယ်၊ အဖေ ဘယ်လိုပဲ ထင်နေ ထင်နေ၊ ငွေကတော့ ရမှာပါပဲ။ ငွေတွေရရင် အဖေ တောပိုင်းမှာ လယ်ကွင်းကလေး ဘာကလေးဝယ်ပြီး လေကောင်းလေသန့်နဲ့ ကိုယ်နေရာကလေး ကိုယ်လုပ်၊ ကိုယ့်ကြက်ကလေး ကိုယ်မွေး အေးအေးဆေးဆေးနေပြီး လူတွေကိုမုန်းတဲ့စိတ်ကို ဖျောက်ဖျက်နိုင်တာပဲ။ တောပိုင်းမှာဆိုရင် အဖေလဲ ကျန်းမာလာမှာပဲ။ စိတ်ပျို့ကိုယ်နု ဆိုတာလို ဖြစ်လာမှာပေါ့ အဖေ"ဟု ဆိုကာ ပေါလ်သည် ရုတ်တရက် အသံကိုမြှင့်ကာ "ဟုတ်တယ်အဖေ ကျွန်တော်အဖေ့ကို ထောင်ထဲက ဆွဲထုတ်ပေးခဲ့ပြီမဟုတ်လား။ ကျွန်တော်ပေးတဲ့ဘဝကလေးကိုတော့ အဖေ ပျော်ပျော်နေစေချင်ပါတယ်"ဟု ပြောလိုက်၏။

မက်ထရီက အက်ကွဲသောအသံဖြင့် "မဖြစ်ပါဘူးကွာ"ဟု ဆိုလိုက်သည်။

ပေါလ်က "ဖြစ်ပါတယ် အဖေရဲ့"ဟု ဖြတ်ပြောလိုက်ပြီး "ကျွန်တော်လဲ အဖေ့ကို ကူမှာပေါ့။ ကျွန်တော် အဖေနဲ့ နီးနီးနေရာတခုက ကျောင်းမှာ အလုပ်ရအောင်ရှာပြီး အဖေလိုတဲ့အခါ ချက်ချင်းလာလို့ရအောင် အနီးအနားမှာပဲနေမယ်"ဟု ဆက်ပြောလိုက်၏။

"မနေပါနဲ့ကွာ။ မနေ ၊ မင်းက နေချင်လို့လား"

"နေမှာပေါ့ အဖေ"

မက်ထရီသည် သူ့သားအား တစ်ချက် ခိုးကြည့်လိုက်ပြန်သည်။ သူ၏ အက်ကွဲနေသော နှုတ်ခမ်းများမှာ တုန်လှုပ်လျက် ရှိကြ၏။

"ငါလဲ ပင်ပန်းပြီကွာ။ အိပ်မှပဲ ထင်တယ်"

ပေါလ်၏ရင်တွင်း၌ အောင်ပွဲကြီးရလိုက်သလို ပေါ့ပါးသွားသည်။ သူ့အဖေ ဘာကြောင့် ဤသို့စိတ်လည်လာသည်ကို သူ မမှန်းဆတတ်။ ဤအခြေအနေမျိုးကို သူ မမျှော်လင့်ရဲခဲ့။ သို့ရာတွင် ဤမျှ ဦးကျိုးသွားပြီဖြစ်သော စစ်မျက်နှာ၌ သူတို့သားအဖ နှစ်ယောက်စလုံးအတွက် အားတက်ဖွယ်အနာဂတ်ကို လှမ်းမြင်လိုက်ရသည်။ အရှုံးထဲမှ လုယူလိုက်ရသည့် အပြီးသတ်အမြတ်။ သူ စောင့်နေခဲ့မိသည်ကို ဝမ်းသာရပြန်သည်။

ပေါလ်သည် သူ့အဖေအား စေ့စေ့ကြည့်ရင်း သူ၏အသံကိုထိန်းကာ "အဖေ အိပ်လိုက်ရင် နေကောင်းသွားမှာပါ"ဟု ပြောလိုက်၏။

မက်ထရီသည် ထိုင်ရာမှ ထလိုက်သည်။

"တောပိုင်းဆိုတာ ကြက်ကလေးတွေနဲ့ နို့စားနွားမကလေးတစ်ကောင်မွေး၊ ကောင်းတာပေါ့ကွာ။ ဒါ၊ ဒါပေမယ့် ငါ ဖြစ် ဖြစ်နိုင်ပါ့မလားကွ"

ပေါလ်က "ဖြစ်နိုင်ပါတယ် အဖေရဲ့"ဟု ပိုမိုခိုင်မာစွာ ဆိုလိုက်သည်။

ခေတ္တမျှ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေ၏။

"အေးလေ"ဟု မက်ထရီက ထူးဆန်းသည့်လေသံဖြင့် ဆိုလိုက်သည်။

ထိုနောက် ပါးစပ်ကို ဟလိုက်ပြီးမှ ပြန်ပိတ်ထားလိုက်၏။ "အခု ငါ အိပ်တော့မယ်"ဟု ပြောပြီး တစ်စုံတစ်ခုကို သတိရလာသလို ခေါင်းကိုမော့်၍ အဝေးသို့ ငေးနေပြန်သည်။ သူ၏အသံသည် စောစောကလို မဟုတ်တော့ဘဲ တစ်မျိုးဖြစ်လာသည်။ နူးညံ့လာသည်။ ထူးထူးခြားခြား မရွံ့မရဲဖြစ်လာသည်။

"ပေါလ်၊ မင်း မှတ်မိလား။ တို့များ ဂျက်စမွန်ချောက်ထဲသွားပြီး စက္ကူလှေကလေးတွေ လွှတ်ကြတာလေ"

သူ့သားအား ရှက်သလိုရွံ့သလို ပြုံးတော့မလို လှမ်းကြည့်ကာ မျက်ရည်ဝိုင်းနေသော သူ၏မျက်လုံးနီကြီးများကို လက်ဖြင့်ပွတ်သပ်ရင် အခန်းတွင်းမှ ခပ်သုတ်သုတ်ထွက်သွားလေ၏။

*

## အခန်း – ၂၁

ပေါလ်သည် ဧည့်ခန်းအတွင်း၌ပင် ကြာမြင့်စွာ ထိုင်နေလိုက်လေသည်။ ယခုဆိုလျှင် သူ့စိတ်ကူးများကို အကောင်အထည်ဖော်နိုင်ပြီ ဖြစ်၏။ သူ၏ စိတ်ကူးများမှာ တစ်ခါက သူ ကဗျာဆန်ဆန် တွေးခဲ့ဖူးသည့် အောက်ဘက်တွင် မြက်ခင်းပြင်နှင့်စိမ်းစိမ်းများနှင့် တောင်ကုန်းကလေးပေါ်က ပန်းရုံပန်းနွယ်များဖြင့် တန်ဆာဆင်ထားသော တဲလုလုကလေးဆိုတာမျိုး မဟုတ်တော့။ ယခု သူ ရင့်ကျက်လာခဲ့ပြီဖြစ်၍ စိတ်ကူးယဉ် လူပျိုပေါက်အတွေးမျိုး ကောက်ရိုးမီးလို တောက်လွယ်ငြိမ်းလွယ်စိတ်ဓာတ်မျိုး မဖြစ်ရအောင် သတိထားနိုင်ပြီဖြစ်၏။ သူ၏ ဆရာဖြစ်သင်တန်းကို ပြီးဆုံးအောင် ဆက်၍လုပ်ရမည်။ ဘဲလ်ဖတ်မှာတော့ မဟုတ်။ ဒါကတော့ မဖြစ်နိုင်တော့။ အင်္ဂလန်ဘက်မှ နယ်တက္ကသိုလ်ကလေးတစ်ခုခုမှာ ဆက်တက်ရမည်။ ဒါဟမ်တက္ကသိုလ်ဆိုလျှင် သိပ်မဆိုးလှ။ အသင်အပြအလွန်ကောင်းသည်။ သင်တန်းကြေးသက်သာသည်။ ဤမြောက်ပိုင်းမြို့တော်၏ အစွန်အဖျားဆီတွင် သူ့အဖေအတွက် စိတ်ပြေလက်ပျောက် အသီးအနှံကလေးဘာလေး စိုက်ပျိုးလုပ်ကိုင်နိုင်အောင် မြေကွက်လပ်ကလေးဘာလေးပါသည့်နေအိမ်ကလေးတစ်လုံး ဘယ်လောက် ရှေးကျကျ၊ သူတို့သားအဖ နေလောက်ရုံဆိုလျှင် ရနိုင်ပါလိမ့်မည်။ ဤပြန်လည်ထူထောင်ရေးလုပ်ငန်း အောင်မြင်နိုင်မည်လား။ အသေအချာတော့ မပြောတတ်သေး။ ထောင်ထဲတွင် နှစ်ပေါင်းများစွာ ဆယ့်ငါးနှစ်၊ အနှစ်နှစ်ဆယ်၊ အချို့သုံးဆယ်ပင် နေခဲ့ပြီးမှ လွတ်လာသူများ ပုံမှန်လူ့ဘဝထဲသို့ ပြန်ဝင်ကာ သာမန်လူများနှင့်ရောနှော၍ အသက်ထက်ဆုံးအေးချမ်းစွာနေထိုင်သွားကြသည့်အကြောင်းများကို ပေါလ်ကြားဖူးထားသည်။ သို့ရာတွင် ထိုသူများမှာ သူ့အဖေလို မတရားသဖြင့် ထောင်ကျခံထားရသူများ တော့ မဟုတ်ကြ။

မတရားမှုကို ခံပြင်းသည့်စိတ်က ပြင်းထန်၍မလာမီ ပေါလ်သည် ထိုင်ရာမှ ထလိုက်သည်။ ဥပဒေအဖွဲ့ကို သူ တိုက်ခိုက်ခဲ့စဉ်က ပြင်းထန်ခဲ့သည့် ဒေါသစိတ်မျိုးကို ဖယ်ထုတ်ကာ ဝင်ရောက်လာသည့် ဤငြိမ်းချမ်းသာယာသော အတွေးကလေးကို အပျက်မခံနိုင်။ အိပ်ရာဝင်ရန် စောသေးသည်ဖြစ်၍ သူ လမ်းလျှောက်ထွက်ရန် ဆုံးဖြတ်လိုက်၏။ မီးများကိုပိတ်ကာ သူ့အဖေအား အနှောက်အယှက်မဖြစ်စေရန် ခြေကို အသာဖော့နင်းရင်း စင်္ကြံအတိုင်း ထွက်လာခဲ့ပြီး အောက်ထပ်သို့ ဆင်းလာခဲ့လေ၏။

နေ့တာသည် ရှည်သည်ထက်ရှည်လာပြီး အပြင်ဘက်တွင် နေ့၏အလင်းရောင်ကလေးများ မပျောက်ချင်သေး။ လေကလည်း နွေးနွေးထွေးထွေးရှိပြီး ကြည်လင်ငြိမ်သက်သည်။ သူသည် ဆည်းဆာရောင်ကလေး၏ သာယာသောအလှဖြင့် မြူးကြွစွာပင် အပြင်ဘက်သို့ ထွက်လာခဲ့၏။

သူ ထွက်ခဲ့စဉ်ကတော့ ကြံ့သလို လျှောက်မည် စိတ်ကူးခဲ့သော်လည်း နာရီဝက်ခန့် ကွေ့ကွေ့ကောက်ကောက်လျှောက်ခဲ့ပြီးသည့်နောက် သူ သွားနေကျ နေရာများဖြစ်သည့် ကုန်ဈေးတန်းသို့ ရောက်သောအခါ သူ့မှာ အံ့အားတော့မသင့်မိ။ လီနာနေသွားသည့် အိမ်ရှေ့သို့ရောက်လျှင် သူ ရပ်တန့်သွားပြီး လမ်းတစ်ဖက်ကမ်းမှ သံပိုက်လုံးဝင်းတားများကိုမှီကာ လူငှားမနေတော့၍ မီးရောင်မလင်းတော့သည့် အပေါ်ထပ်မှ ပြူတင်းပေါက်များဆီသို့ မော့်ကြည့်နေလိုက်မိလေသည်။

တစ်ဆို့မွန်းကြပ်လျက် မတင်မကျ ရင်တမမနေခဲ့ရသည့် ရက်များလွန်မြောက်ခဲ့ပြီ။ သူ့မှာ စိတ်သောကများလည်းမရှိတော့။ ဤဝေဒနာတွေ ကင်းရှင်းသွားတော့မှပင် လီနာ သူ့အတွက် ဆောင်ရွက်ပေးခဲ့သည်များကို ကျေးဇူးတင်ရကောင်းမှန်းသိလာသည်။ လီနာသာ မကူခဲ့လျှင် သူ့အဖေသည်

စတုန်းဟိသ်ထောင်ကြီးထဲမှာပင် ရှိချင်ရှိနေဦးမည်။ သူလည်း အသက်ရှင်ချင်မှရှင်မည်။ ရုတ်တရက် သူ၏ မသိတတ်မှု၊ ကျေးဇူးကန်းမှုတို့ကို ရင်ထဲက နင့်အောင် နောင်တရလိုက်မိသည်နှင့် တစ်ချိန်တည်းမှာပင် လီနာအား တွေ့ချင်သည့်စိတ်ဆန္ဒတို့က ထိန်းသိမ်း၍မရနိုင်လောက်အောင် ပြင်းပြ၍လာခဲ့သည်။ အခုနေများ ဦးထုပ်မပါ မိုးကာအင်္ကျီ လည်ပင်းသီးတပ်လျက်သား ပါးခွက်ကလေးများပေါ်လွင်၍ ချိုရွှင်တည်ငြိမ်သော မြောက်ပိုင်းသူတို့၏ အပြုံးကလေးနှင့် သူ့အတွက် သူတော့ ဘာမျှ အမှုမထားဘဲ ရိုးရိုးအေးအေးကလေးနေတတ်သော လီနာတစ်ယောက် မှောင်ရိပ်အောက်က ဘွားခနဲထွက်လာလိုက်စမ်းပါတော့။

သူ့သဘောထားက လီနာ့အပေါ် ဘယ်လောက်များ ကလေးဆံလိုက်ပါသလဲ။ လီနာ အပျိုရည်ပျက်ရသည်ဆိုတော့ သူက စိတ်တွေများဆိုးပြီး နောက်တွန့်သွားခဲ့ရသေးသည်။ ဘယ်လောက်များ နုတဲ့စိတ်လဲ။ ယခင်က သူ ဤအဖြစ်အပျက်ကို အသေးစိတ်ကြားရစဉ်တွင် စိတ်ထဲတွင် နာကျည်းကာ အဓိပ္ပာယ်မရှိ ဒေါသထွက်ခဲ့မိသော်လည်း ယခုမူ သူ ဒါကို တည်တည်ငြိမ်ငြိမ်စဉ်းစားတတ်ပါပြီ။ ယခုတော့ ဤသို့သော အဖြစ်ဆိုးနှင့် ကြုံခဲ့ရသောကြောင့် လီနာ၏အပေါ်တွင် အကြင်နာပိုရပြီ။

ကုန်ဈေးတန်းဘုရားဝတ်ကျောင်းနာရီစင်မှ နာရီထိုးသံ လေးလေးမှန်မှန် ဆယ့်တစ်ချက်ကြားလိုက်ရ၏။ လခြမ်းကလေးလည်း တဖြည်းဖြည်းကျလျက်ရှိသည်။ ပေါလ်သည် ထိုနေရာက မရွေ့သေးဘဲ အပေါ်ထပ် ပြူတင်းပေါက်သုံးပေါက်ဆီသို့သာ ငေးစိုက်ကြည့်လျက်။ သူ၏ စိတ်အာရုံမြင်ကွင်းထဲတွင်ကား ပုံသဏ္ဍာန်တစ်ခုပြီးတစ်ခု ရုပ်ရှင်ပြသလို ဖြတ်သန်းသွားလျက်ရှိ၏။ ထိုနေရာတွင် လီနာမရှိတော့သော်လည်း လီနာအား သူ ထိုအချိန်ကလောက် ဘယ်အခါမှ ကြည်လင်ပြတ်သားစွာ မမြင်ဘူးခဲ့ကြချေ။ သူ မကြာမီ လီနာနှင့် ပြန်လည်တွေ့ဆုံရတော့မည်ဟူသော အာရုံနိမိတ်က သူ့စိတ်ထဲတွင် တစ်စထက်တစ်စပွားများ၍ လာခဲ့သည်။ မစ္စက်ဟန်လေကတော့ လီနာအကြောင်းဆိုလျှင် ပြောချင်လွန်းနေမည်ဖြစ်၍ သူ့ထံတက်မေးရန် စိတ်ကူးမိသေးသော်လည်း ထိုစိတ်ကူးကို ဖျောက်ဖျက်ကာ နက်ဖြန်မှ ဒန်းထံသို့သွားပြီး လီနာ၏လိပ်စာကို တောင်းတော့မည်ဟု အောက်မေ့လိုက်၏။ သူ လီနာအား လိုက်ရှာပြီး တွေ့ရမည့် အခြေအနေမျိုးကို တစ်ချက်မျှ ကြိုတင်မှန်းဆ၍ ထင်မြင်ကြည့်လိုက်မိသည်တွင် တကယ်ပင် တွေ့လိုက်ရပြီကဲ့သို့ ဖြစ်ပြီး သူ့စိတ်ထဲတွင် ပျော်ရွှင်သွားလေသည်။

ထိုနောက် သူ နေးကွေးစွာပင် ပြန်လှည့်ထွက်ခဲ့သည်။ လမ်းမကြီးများပေါ်တွင် ယာဉ်အသွားအလာ တိတ်ဆိတ်လျက်။ ဆိုင်များ ပိတ်ကြသည်မှာလည်း ကြာလေပြီ။ သို့သော် လမ်းထောင့်များတွင်ကား ထိုနေ့ညနေ နောက်ဆုံးသတင်းများမှ သတင်းများကို အော်ဟစ်ရောင်းချနေသော သတင်းစာရောင်းသမားကလေးများတော့ ရှိသေး၏။ သူတို့အော်ဟစ်နေကြသံများကို တစ်ညနေလုံး မသဲမကွဲကြားနေခဲ့သည်။ သို့သော် ပေါလ်မှာ ဤသတင်းထူးဆိုသည်များကို ငြီးငွေ့လှပြီဖြစ်၍ အမှတ်မဲ့ပင် နေခဲ့သည်။ သို့သော် ယခု သူ လမ်းဖြတ်သွားရင်း သတင်းစာ ရောင်းသမားကလေးတစ်ယောက်က ဇွတ်ယမ်းပြသွားကာ ပိုစတာတစ်ခုကို လမ်းဖြင့် မြင်လိုက်သည်တွင် ဖျတ်ခနဲစိတ်ဝင်စားကာ နောက်သို့တစ်လှမ်းနှစ်လှမ်းဆုတ်လိုက်ပြီး ခရော်နီကယ်သတင်းစာတစ်စောင်ဝယ်ကာ မလင်းတလင်းလမ်းမီးရောင်တွင် ထောင်၍ဖတ်လိုက်သည်။ ထိုသတင်းစာတွင် စက်ရုပ်သတင်းတစ်ခုကား ပုံနှိပ်စလုံးခပ်ဝါးဝါးဖြင့် စာသုံးကြောင်းမျှသာဖြစ်သည်။ အရှောကုန်းက အိမ်ထဲသို့ ပုလိပ်များ ချိုးဖျက်ဝင်ကြသည်တွင် အီနော့အော့စဝေါအား တွေ့ကြရသည်။ သူသည် မျက်နှာကြက် မီးဆွဲပဒေသာမှ ကြိုးဆွဲချ သေဆုံးနေသည် ဟူ၍ဖြစ်၏။

ပေါလ်သည် တဖြည်းဖြည်းချင်းမှ သူ့ကိုယ်သူ သတိထားလိုက်နိုင်သည်။

အတန်ကြာမှ "ဖြစ်မှ ဖြစ်ရလေတယ်"ဟု ဆိုလိုက်ပြီး "ထွက်ခွာသွားပါမယ်လို့ ကတိပေးလိုက်ပေမယ့်၊ သူလုပ်ချင်နေရှာတာက ဒါကိုး"ဟု ရေရွတ်လိုက်မိ၏။

ဤသို့ စိတ်မကောင်းရာက ကရုဏာများဖြစ်ရသည့်လေသံဖြင့် လွှတ်ခနဲဆိုလိုက်မိပြီးသည့်နောက်တွင် သူ့၌ ရှိနေသမျှနာကျည်းစိတ်နှင့် နောက်ဆုံးကြွင်းကျန်နေသည့် မုန်းတီးစိတ်အစအနလေးများသည် လျှော့ကျ ပျောက်ကွယ်သွားကြသကဲ့သို့ ရှိလေ၏။ သူသည် သက်ပြင်းရှည်ကြီးတစ်ချက် ဆွဲ၍ချလိုက်၏။ ညဥ့်လေကလေးသည် သိပ်သည်းအေးမြလှသည်။ အလုပ်သမားများအလုပ်လုပ်နေကြပြီဖြစ်သော အနီးအနား ပေါင်မုန့်ဖိုတစ်ခုမှ လတ်ဆတ်သော ပေါင်မုန့်နံ့သင်းသင်းကလေး ပျံ့ထွက်လာသည်။ လရောင်ကား မရှိတော့။ သို့သော်လည်း အပြီးသတ် တိတ်ဆိတ်လျက် အိပ်မောကျသွားပြီဖြစ်သော မြို့တော်ကြီးအား တလက်လက်တောက်ပဆဲဖြစ်သည့် ကြယ်ကလေးများက စောင့်ရှောက်လျက်ရှိကြ၏။ အမှတ်မထင်ပင် ပေါလ်၏ရင်ထဲ၌ ပေါ့ပါးသွားသည်။ ဟိုတယ်ဘက်သို့ သူ ပြန်လျှောက်ခဲ့သောအခါ သူ၏ခြေလှမ်းများမှာ သွက်နေသည်။ လပေါင်းများစွာပင် ပထမဆုံးအကြိမ် သူသည် ဘဝ၏အရသာကို တွေ့ထိခံစားရင်း နံနက်လင်းလာမည့်အချိန်ကို ဝမ်းပန်းတသာ ကြိုဆို၍နေမိလေ၏။

ထင်လင်း